# မြို့ပိုင် မောင်ပြုံးချို



မန်းတင်

ဒုတိယအကြိမ်

မြို့ပိုင်မောင်ပြုံးချို
ဒုတိယအကြိမ်၊ ၂၀၀၁ ခုနှစ် ဇူလိုင်လ၊ အုပ်ရေ ၁၀၀၀

**အဖုံးပန်းချီ  စံတိုး**

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၉၁၃/ ၂၀၀၀(၁၂)နှင့် စာမူခွင့်ပြုချက်အမှတ် ၇၃၆/ ၂၀၀၀(၁၀)တို့အရ ဦးတင်ရှိန်(၀၃၇၆၃)စန်းရောင်ရှိန်စာပေ၊ ၄/ ၁၇၇၊ မေခ လမ်း၊ ဝေဘာဂီမြို့သစ်၊ မြောက်ဥက္ကလာ က ထုတ်ဝေ၍ မျက်နှာဖုံးနှင့်အတွင်းစာသားကို ဦးရှိန်ဘိုး(၀၆၇၅၉)၊ ဝင်းလိုက်မိတ်အော့ဖ်ဆက်၊ ၃၅၂၊ စရည်းပင်လမ်း၊ သုဝဏ္ဏ က ပုံနှိပ်သည်။

**ကန့်ဖိုး ၂၀၀၀ ကျပ်**

**ပါရမီစာပေ**
၂၃၀၊ ၂၉ လမ်း(အထက်လမ်း)၊ ရန်ကုန်(ဖုံး ၂၅၃၂၄၆)
၂ / ၄၊ ကမ္ဘာအေးစေတီတော်မုခ်ဦးစောင်းတန်း၊ ရန်ကုန်
၂၉၅၊ ဈေးအရှေ့လမ်း၊ ထားဝယ်

## ကန်တော့ပန်း

ရွှေဘိုအညာ
ထန်းကုန်းရွာဝယ်
တဲအိမ်ငယ်၌
အရွယ်ပျိုမျစ်
သုံးသုံးနှစ်တွင်
စွန့်ပစ်ခန္ဓာ
ဖဲလေရှာသည့်
မာတာမိခင်
ကျေးဇူးရှင်အား
ဦးတင်ကြာမှဒ်
ဤစာအုပ်ဖြင့်
ကျွန်ုပ်ကော်ရော်
ရှိခိုးဖော်၏။ ။

မန်းတင်

# မာတိကာ


| | | |
|---|---|---|
| | ပါရမီစာပေ၏အမှာ | ၇ |
| | မောင်ထင်၏မိတ်ဆက်စကား | ၈ |
| | ဒဂုန်တာရာ၏အမှာ | ၁၀ |
| | မန်းတင်၏မိတ်ဆက် | ၁၅ |
| ၁။ | ဤဘဝသို့ | ၁၉ |
| ၂။ | မောင်ပြုံးချို | ၂၉ |
| ၃။ | အင်းပုံပြင် | ၃၁ |
| ၄။ | တရားပွဲ | ၃၈ |
| ၅။ | သတိပေးခဲ့သူ | ၄၆ |
| ၆။ | မြန်မာ့တော်လှန်ရေး | ၅၅ |
| ၇။ | သမိုင်း | ၇၀ |
| ၈။ | သကြိန် | ၇၄ |
| ၉။ | ငိုသူရယ်သူ | ၈၄ |
| ၁၀။ | ဝါးရင်းတုတ် | ၉၂ |
| ၁၁။ | ရွေးကောက်ပွဲ | ၁၀၀ |
| ၁၂။ | လကဆုန် | ၁၀၉ |
| ၁၃။ | သူတို့အစွဲ | ၁၁၇ |
| ၁၄။ | လျှောက်လဲချက် | ၁၂၄ |
| ၁၅။ | တောလား | ၁၃၂ |
| ၁၆။ | သတင်းဆိုး | ၁၄၀ |

| | | |
|---|---|---|
| ၁၇။ | အဘမီးထွန်းပွဲ | ၁၄၈ |
| ၁၈။ | ရေဘေး | ၁၅၇ |
| ၁၉။ | ကယ်ဆယ်ရေး | ၁၆၅ |
| ၂၀။ | စစ်ပွဲ | ၁၇၂ |
| ၂၁။ | လူထုသူကြီး | ၁၈၀ |
| ၂၂။ | အဖြိုးလောက | ၁၈၈ |
| ၂၃။ | နှေဦး | ၁၉၈ |
| ၂၄။ | အိမ်သာ | ၂၀၆ |
| ၂၅။ | တထိတ်ထိတ် | ၂၁၆ |
| ၂၆။ | တို့ကျေးရွာ | ၂၂၂ |
| ၂၇။ | ဘယ်ကျောင်း မောင်နေမတုံး | ၂၃၀ |
| ၂၈။ | ကျွန်းကလေးတံတား | ၂၄၃ |
| ၂၉။ | မစလ | ၂၅၁ |
| ၃၀။ | အစွမ်းကုန်ခေတ် | ၂၅၆ |
| ၃၁။ | အစွာ | ၂၆၂ |
| ၃၂။ | အရှောင် | ၂၇၀ |
| ၃၃။ | အပုန်း | ၂၇၇ |
| ၃၄။ | အစွန့် | ၂၈၄ |
| ၃၅။ | အနှာ | ၂၉၁ |
| ၃၆။ | အပြန် | ၂၉၉ |
| ၃၇။ | ကျေးတိုင်းစားသော် | ၃၀၆ |
| ၃၈။ | မြေနှ | ၃၁၈ |
| ၃၉။ | မိုးဦး | ၃၃၆ |
| ၄၀။ | ညီညွတ်ရေး | ၃၅၁ |
| ၄၁။ | အမဲသား | ၃၇၁ |
| ၄၂။ | သကြားလုံးနဲ့ ကြိမ်လုံး | ၃၈၉ |


## ပါရမီစာပေ၏အမှာ

ဆရာမန်းတင်သည် 'မောင်ပြုံးချို'ကို ဇာတ်ကောင်ပြု၍ မိမိ၏ဘဝ အတွေ့အကြုံ အသိအမြင် ခံစားချက်များဖြင့် ဆောင်းပါးဝတ္ထုများ ဖွဲ့နွဲ့ခဲ့သည်။ ထိုစာများသည် စာဖတ်သူများအား ရယ်ဖွယ်၊ ပြုံးဖွယ်၊ အားတက်ဖွယ်၊ ဝမ်းနည်းဖွယ်၊ ကြောက်ရွံ့တုန်လှုပ်ဖွယ်စသည့် ရသမျိုးစုံကို ခံစားရစေပါသည်။

မောင်ပြုံးချိုကို ဇာတ်ကောင်ပြုထားသော မြို့ပိုင်ဘဝ အတွေ့အကြုံ စာစုများကို 'မြို့ပိုင်မောင်ပြုံးချိုပေါင်းချုပ်'အဖြစ် ထုတ်ဝေရန် စီစဉ်သောအခါ ထုတ်ဝေပြီးလုံးချင်းစာအုပ်ဖြစ်ကြသော ထိုသုံးနှစ် (၁၉၄၅)၊ ပြုံးတမဲ့မဲ့ (၁၉၄၉)၊ မြို့ပိုင်မောင်ပြုံးချို (၁၉၆၁၊ ၁၉၆၈)၊ မောင်ပြုံးချို၏ ဘဝအတွေ့တွေ့ (၁၉၇၄) စာအုပ်များမှ ရှာဖွေစုစည်းခဲ့ရာ ဤစာအုပ်၌ စုစုပေါင်း ၄၂ ပုဒ်အထိ တိုးချဲ့ ဖော်ပြနိုင်ပါသည်။ ထို့အပြင် 'ပြုံးတမဲ့မဲ့'တွင် ပါရှိခဲ့သော မြို့ပိုင်မောင်ပြုံးချိုအပေါ် ဆရာမောင်ထင်နှင့် ဆရာဒဂုန်တာရာတို့၏ အမြင်များကိုလည်း ဖော်ပြထားပါသည်။

'မြို့ပိုင်မောင်ပြုံးချို'စာစုများကို ရှေ့နောက်စဉ်ရာ၌ စာပြီးနှစ်ကို အဓိကမထားဘဲ မောင်ပြုံးချို မြို့ပိုင်အလုပ်လျှောက်ထားသည်မှစ၍ မြို့ပိုင်ဘဝ နောက်ဆုံးအဖြစ်အပျက်အထိ အစီအစဉ်တကျဖြစ်အောင် ဆရာမန်းတင်၏မိသားစုနှင့် ညှိနှိုင်းပါသည်။ ထို့ကြောင့် ဤစာအုပ်ကို ဖတ်ရှုရသူအဖို့ ဆရာမန်းတင်၏ ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိသဖွယ်၊ ဖြစ်ရပ်မှန် ရသမြောက်ဝတ္ထုရှည်ကြီးသဖွယ် တောက်လျှောက်တစ်ဆက်တည်း ခံစားရစေရန် ရည်ရွယ်ပါသည်။

ယခုအကြိမ် ပြန်လည်ထုတ်ဝေရန် စီစဉ်ရာ၌ အထူးအကူအညီပေးခဲ့ကြသူများ ဖြစ်ကြသော ပန်းချီဦးစံတိုး၊ ဆရာမန်းတင်၏ သမီး ဒေါ်ချိုချိုတင် (မစန္ဒာ)နှင့် ၁၉၇၉ ခုနှစ်၊ စာကြည့်တိုက်ဒီပလိုမာအတွက် 'မန်းတင်စာစုစာရင်း'ကို ပြုစုခဲ့သော 'မခင်ဝင်းရီ'တို့အား များစွာ ကျေးဇူးတင်ပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

**ပါရမီစာပေ**

## မောင်ထင်၏ မိတ်ဆက်စကား

ဤခေတ်သည် လူထုခေတ်ဖြစ်၏။ လူထုတည်းဟူသောဂါထာသည် အဆောင်ကောင်းတစ်ခု ဖြစ်သည်။ ဘေးဆီးရန်ကာ အင်း အိုင် ခါးလှည့်လက်ဖွဲ့ဖြစ်သည်။ မဟုတ်တာကို လုပ်မိ၍ မဟုတ်တာဖြစ်လျှင် သူနှင့် ယတြာချေကပြေနိုင်သည်။ သူ့ကို ကိုးနိုင်လျှင် ဓေယျတု သဗ္ဗမင်္ဂလံ မည်သည်။

သို့သော် လူထုအကြိုက်ကို မလိုက်၊ အကျိုးကို လိုက်မည်ဆို၍ စည်းကမ်းသေဝပ်စွာဖြင့် တရားနည်းလမ်းကျပြီး မျှတအောင်လုပ်သည်ဆိုလျှင် 'ဖြုလိုကလက်'ဟူသော ကျိန်ဆဲခြင်းကို ခံရတတ်သည်။

ဤသို့သော ခေတ်ထဲတွင် မန်းတင်ဟု အမည်ရှိသော ဖြူရိုကရက်ပေါက်စကလေးသည် မြို့အုပ်လောက ပတ်ဝန်းကျင်ကို မခံချိမခံသာ ဖြစ်အောင် ဤစာအုပ်ငယ်ဖြင့် ဝေဖန်ထားသည်။

လူထုခေတ်အတွင်း ဗြူရိုကရက်က လူထုကို ဝေဖန်ထားသည်မှာ အတော်ပင် မိုက်သားဝလှပေသည်။

သို့သော် အမှန်မှာ ဤခေတ်၌ လူမိုက်တွေ အတော်လိုနေသည် မဟုတ်ပါလော။

ကမ္ဘာကို လုံးသည်ဟု ဆိုဝံ့သောကြောင့် ထိုသို့ဆိုသူမှာ လူလူ၏ အငြိုးအငြင် အနိုပ်အစက်ကို ခံခဲ့ရသည်။ သူကဲ့သို့ အလားတူ မြေကြီး၌ ဆွဲငင်တတ်သော သတ္တိရှိသည်။ နေကို ကမ္ဘာကြီးက ပတ်သွားရသည်ဟု မိုက်မဲစွာ ထုတ်ဖော်ပြောဆိုမိသူတို့မှာ ခဲပေါက်ခံခဲ့ရသည်။ အချုပ်ခံခဲ့ရသည်။ လူသတ်စင်ပေါ် တက်ခဲ့ရသည်။



သို့သော် သူတို့၏ကျေးဇူးကြောင့် လောကမှာ တိုးတက်နေသည်။

ထို့ကြောင့် ဤစာဖတ်သူတို့ စဉ်းစားရန်မှာ အများက ဟုတ်လှပါသည်၊ မှန်လှပါသည်ဟု ဆိုတိုင်း ဟုတ်မှန်နိုင်ပါမည်လော။ အများက ကြိုက်မှ ကောင်းသည်ဟု ဆိုရအံ့လော။ ပြဇာတ်ဆရာကြီး ဣဗဆင်က အများကြိုက်ဆိုသည်မှာ မှား၏ဟု ပြောဖူးသည်။ ထို့ကြောင့် အများကြိုက်ကို သာလျှင် ပေါပင်လိုက်နေရုံနှင့် ကျွန်ုပ်တို့ တိုးတက်နိုင် မတိုးတက်နိုင်တို့ကို စာရှုသူတို့ပင်ကိုဉာဏ်ဖြင့် စဉ်းစားခွင့်ရရန် ဤစာရေးသူ 'မန်းတင်'က ဤစာအုပ်ငယ်ဖြင့် ဆွပေးသည်ဟု ကျွန်ုပ်ဆိုချင်ပါသည်။

မန်းတင်သည် လူထုကို ခနဲ့ထားသည်မှန်၏။ ထို့ကြောင့် လူထုကလည်း မန်းတင်ကို ခဲနှင့်ပေါက်ချင်မည်မှာလည်း ဒိဋ္ဌပင်ဖြစ်၏။ သို့သော် သူခနဲ့ထားသော စကားလုံးတိုင်း၌ လူထုအတွက် စေတနာကောင်းများ ကိန်းဝပ်နေသည်ကိုလည်း လူထုက မိမိ၏ မျက်ချေးတို့ကို ပွတ်ကြည့်လျှင် မြင်နိုင်ပေသည်။

သို့သော် 'မန်းတင်'၏ ထေ့လုံးများမှာ ပိသာလေးနှင့် ဘေးပစ်သကဲ့သို့ မဟုတ်ပါ။ ယဉ်ယဉ်ကလေးနှင့် ထိလှပါသည်။

'မန်းတင်'အတွက်မူ ကျွန်ုပ် ဆောင်ပုဒ်တစ်ခု ပေးချင်ပါသည်။ ယင်းမှာ...

မှန်ရာပြော သစ္စာ။
မှန်ရာလုပ် အလုပ်ပြုတ်။

မောင်ထင်
၁၇–၆–၄၈
[ပြုံးတမံမံ ၁၉၄၉]

# ဒဂုန်တာရာ၏အမှာ

(၁)

၁၉၄၅ ခုနှစ်က ထုတ်ဝေသော မန်းတင်၏ 'ထိုသုံးနှစ်' စာအုပ်တွင် အမှာကို ကျွန်တော် ရေးခဲ့သည်။ ယခု ၁၉၄၉ ခုနှစ်ဦးထုတ် 'ပြုံးတမဲ့မဲ့'တွင်လည်း အမှာကို ရေးသားပေးရန် မန်းတင်က ပြော၍ ဒုတိယအကြိမ် ရေးရပြန်ပေပြီ။

'ထိုသုံးနှစ်'မှာ ဖက်ဆစ်ဂျပန်တို့ လွှမ်းမိုးခဲ့သော အမှောင်ခေတ်၊ ဖက်ဆစ်တို့၏ ရိုင်းစိုင်းမှုကို သိမြင်၍ လူထု စည်းရုံးသော ပြည်သူ့ခေတ်၊ နောက်ဆုံး ဖက်ဆစ်ကို ထောင်ထားခြားနားသော တော်လှန်ရေးခေတ်တို့ကို ခြယ်ရေးတင်ပြသော မှန်တစ်ချပ်ဖြစ်ပေသည်။ မောင်ပြုံးချိုသည် ထိုခေတ်က မြို့ပိုင် ဖြစ်သည်။

ယခု 'ပြုံးတမဲ့မဲ့'၏ မောင်ပြုံးချိုကား မြန်မာပြည် ဖက်ဆစ်လက်မှ 'လွတ်မြောက်'ပြီးနောက် တိုရီနယ်ချဲ့ဝါဒ၏ သံခွာစိုက်ရာမှ တွန်းလှန်ရုန်းကန်သော ဖ ဆ ပ လ အလံအောက်ရှိ အမျိုးသား လှုပ်ရှားမှု၏ အထွတ်အထိပ်နှ-အက်တလီစာချုပ်ခေတ် (၁၉၄၅–၄၇)ရှိ မြို့ပိုင်ဖြစ်သည်။

ထိုအခါက ဖ ဆ ပ လအဖွဲ့သည် အမျိုးသားညီညွတ်ရေးတပ်ပေါင်းချုပ်အဖြစ် လူထုလှုပ်ရှားမှုကို ရှေ့ဆောင်ခဲ့သည်။ ထိုခေတ်တွင် လူထုအုံကြွမှုကြောင့် အရှေ့တစ်လွှားရှိ ဗြိတိသျှကိုလိုနီ သံခြေကျင်းမှ ကြိုးတို့သည် လျော့ကာ ပြေကျလေပြီ။ ထိုခေတ်ကား ပြည်သူ့ခေတ်၏ လင်းအရုဏ်မရန်းရောင်ဖြစ်ပေသည်။

ထိုလူထုလှုပ်ရှားမှုခေတ်ဝယ် မောင်ပြုံးချိုသည် မြို့ပိုင် ဖြစ်နေလေသည်။ သူသည် လှုပ်ရှားနေသော လူထုကို အသေအချာ တွေ့မြင်လေသည်။ သူသည် လူထုကို လျစ်လျူမရှုဘဲ စိတ်ဝင်စားသည်။



သူသည် လူထုကို ကြည့်ရှုကြုံတွေ့ရာ၌ ဘယ်နေရာက မြင်သလဲ။ လူထုကို အပေါ်လှမ်းလှမ်းမှ ဆီး၍ ကြည့်သလား။ လူထုဝယ် ရောနှောဆက်ဆံကာ ရင်းနှီးစွာကြည့်သလား။ လူထုကို တွေ့မြင်ပြီးနောက် လူထုကို လေးစားသလား။ မထီမဲ့မြင်ပြုသလား။ သို့မဟုတ် လူထုကို သရော်သလား။

စာဖတ်သူတို့သည် ဒါကို လေ့လာကာ ဆင်ခြင်ဖို့ကောင်းပေသည်။

(၂)

ခေတ်ပြကြေးမုံ။

မန်းတင်၏ 'ထိုသုံးနှစ်' ကို ခေတ်ပြကြေးမုံဟု ရေးခဲ့သည်။ 'ထိုသုံးနှစ်'က ရာဇဝင်အားဖြင့်လည်းကောင်း၊ နိုင်ငံရေးရာအားဖြင့်လည်းကောင်း အရေးကြီးသော ဖက်ဆစ်ဆန့်ကျင်မှု အရေးတော်ပုံ၏နောက်ခံကားကို ခြယ်ရေးပြခဲ့လေသည်။ နောက်ဆုံးဝယ် မြို့ပိုင်မောင်ပြုံးချိုသည် အနီထဲမှ ကြယ်ဖြူပွင့်အလံကို လွင့်ထူချီတက်သွားသော မျိုးချစ်မြန်မာ့တပ်မတော်ကို ဦးညွှတ်ခဲ့သည်။

ဖက်ဆစ်ကြမ်းကြုတ်မှုအောက်ဝယ် ဒုက္ခခံရသော တောသူ တောင်သားလူထုအား မောင်ပြုံးချိုသည် ကြင်နာခဲ့သည်။ ချွေးတပ်သားများ၏ ဘဝကို ကြေကွဲသည်။ ထိုအခါက မောင်ပြုံးချိုသည် တောသူ တောင်သား လယ်သမားများနှင့်အတူ ဖက်ဆစ်၏ဒဏ်ကို ခံခဲ့ရသည့်အတူ ဖက်ဆစ်ကို ခုခံခဲ့သည်။

ယခု 'ပြုံးတမဲ့မဲ့'ရှိ မောင်ပြုံးချိုသည် လှုပ်ရှားထကြွနေသော လူထုနှင့် ဆက်ဆံရလေသည်။ ထိုအခါ သူသည် မဲ့သွားရာမှ ပြုံးလေသည်။ ဘာကို မြင်၍ ပြုံးသလဲ၊ မဲ့သလဲ။

စာပေသည် ခေတ်၏ကြေးမုံ ဖြစ်ရပေမည်။ စာပေသည် ခေတ်၏သရုပ်၊ လူ့ဘဝ၏သရုပ်ကို ဖော်ကျူးရပေမည်။

ပုဂံခေတ်ကျောက်စာတို့ကား ပုဂံခေတ်ရှိ မင်းတို့၏ အုပ်စိုးပုံ၊ ကျေးကျွန်တို့၏ နေရာကို ဖော်ပြထားသည်။ အင်းဝခေတ် ပျို့ကဗျာ၊ လင်္ကာတို့ကား ဗုဒ္ဓသာသနာ၏ ထွန်းကားပုံအထွေထွေနှင့် မင်းတို့၏ အဖြစ်သနစ်ကို ဖော်ထားသည်။ တောင်ငူခေတ်ကား ပဒေသရာဇ်မင်းအချင်းချင်းတို့၏စစ်ပွဲကို တခေ

တစောင်းပြထားသည်။ ကုန်းဘောင်ခေတ်စာပေမှာလည်း နန်းရိပ်ထီးရိပ်၏ အရောင်များကိုသာ ရက်ဖြာထားပေသည်။

ခေတ်သည် အစဉ်ပြောင်းလဲလျက် ရှိလေသည်။ အဟောင်းတို့သည် ရင့်ရော်ကာ ကြွေကျ၍ အဖူးသစ်သည် ငုံပွင့်၍ လာပေသည်။ ထိုအဖူးသစ်တို့ ပင် တစ်ဖန်ကြွေညှောင်းကာ အညွန့်သစ် ထွက်၍လာပေပြီ။ ဤသို့လျှင် အဖြစ်နှင့်အပျက်တို့သည် ဆက်ကာ ပြောင်းလဲ၍ နေပေသည်။

ကျေးကျွန်ခေတ်၊ ပဒေသရာဇ်မြေပိုင်ရှင်ခေတ်၊ အရင်းရှင်စနစ်ခေတ်၊ ဆိုရှယ်လစ်ခေတ်စသည်ဖြင့် ပြောင်းလဲ၍ လာခဲ့ပေပြီ။

ယနေ့တွင် ပြည်သူလူထု၏ လှုပ်ရှားမှုကို မတွေ့မြင်ဘဲ မနေရတော့ ပြီ။ ပြည်သူလူထုသည် ရာဇဝင်ကို ပြုသူများ ဖြစ်ပေသည်။ လူထုသစ်။

တချို့စာတို့သည် လူထုကို ပြက်ရယ်ပြုလေ့ရှိသည်။ ဝေဖန်ကာ သရော်လေ့ရှိသည်။ ဝေဖန်ရာတွင် နှစ်မျိုးရှိပေသည်။ အပြစ်သက်သက်ကိုသာ ထောက်ပြသော အဖျက်ဝေဖန်မှုနှင့် အပြစ်ကိုညွှန်ပြကာ အပြစ်ကို အဘယ်ပုံ ပြင်ဆင်ရမည်၊ အသစ်တစ်ရပ် အဘယ်ပုံ တည်ဆောက်ရမည်ကို ရှေ့ဆောင် သော အပြုဝေဖန်မှုဟူ၍ ရှိပေသည်။

အပြုဝေဖန်မှုသည် တန်ဖိုးရှိပေသည်။ တန်ဖိုးသစ်။

လူထုကို ပြောင်လှောင်ချင်သူကလည်း 'လွတ်လပ်စွာ မဝေဖန်ရဘူး တဲ့လား'ဟု မေးချင်ပေမည်။ ဝေဖန်လိုက ဝေဖန်၊ ပြောင်လှောင်လိုက ပြောင်လှောင်။

သို့သော် လူထုကို သရော်သည့်အတွက် ဘာအကျိုးရမလဲ။ လူထုမှာ တိုးတက်လာမလား။

လူထုကို အကျိုးဆောင်သည့်စာပေ၊ လူထုကို ရှေ့ဆောင် ရှေ့ရှုက် ပြုမည့်စာကိုကား တိုးတက်စာပေ နန်းတော်ဝယ် တင်ထားရပေမည်။

(၃)

မန်းတင်က 'ပြုံးတမဲ့မဲ့'စာအုပ်အတွက် လက်ရေးမူများကို ပေးအပ်သောအခါ 'ခင်ဗျားပဲ ကြည့်ပြီး တည်းဖြတ်ပေးပါ။ မထည့်သင့်ဘူးဆိုတာတွေကို မရိုက် ပါနဲ့'ဟု မှာကြားသည်။



ကျွန်တော်က ခေါင်းညိတ်သည်။

သို့သော် စာအုပ်ရိုက်သောအခါမူကား ပြန်၍ ဖတ်ရှုကာ တည်းဖြတ်ရန် အချိန်မရသဖြင့် သူပေးသော မူအတိုင်းသာ စာပုံနှိပ်စက်ပေါ်သို့ ပစ်ပေးလိုက်ရ လေသည်။

ယခုစာအုပ်ထဲရှိ 'လူထုသူကြီး'ကို ဖတ်ကြည့်ပါ။ ယခုခေတ်ဝယ် 'လူထု'ဟူသောဝေါဟာရသည် အတော်ခေတ်စားလျက်ရှိရာ လူထု၏အဓိပ္ပာယ် ကို ဖော်ပြဖို့ လိုလာပေပြီ။ လူထုဆိုသော စကားထဲ၌ပင် လူများစု၊ ညီညွတ် ခြင်း၊ အင်အား စသော အနက်များ အကျုံးဝင်လျက်ရှိသည်။ ထို့ကြောင့် လူနောက်က ထုကို ထည့်ထားခြင်း ဖြစ်ပေသည်။ ကွဲပြား၍ မညီညွတ် သော လူစုကို လူထုဟု မဆိုနိုင်ပေ။ ထိုအင်အားမရှိသောသူအစု၌ ထုထည် မရှိပေ။

'လူထုသူကြီး'ရှိလူထုကား ပြည်သူလူထု မဟုတ်ပေ။ အဆိုး အကောင်း တို့ဖြင့် ရောပြွမ်းလျက်ရှိသော လူ့ဘောင်ရှိ လူတစ်စုသာ ဖြစ်ပေသည်။

'ဗြူရိုကရက်'ဆိုသော စကားတစ်လုံး ရှိသေးသည်။ ပြည်သူလူထု ၏ လိုအင်ဆန္ဒကို အရေးမစိုက်ဘဲ မိမိတစ်ဦးတည်းသဘောနှင့် ထင်ရာစိုင်း ကာ အကျင့်ပျက်ပြားသော အရာရှိဆိုး စနစ်ကို ဆိုပေသည်။ ဗြူရိုကရက် သည် မြန်မာပြည်ရှိ ဗြိတိသျှ အရင်းရှင်စနစ်၏ အကြွင်းအကျန် လက်ငုတ် တစ်ခု ဖြစ်သည်။

အနိုင်ကျင့်ခံရသော ပြည်သူလူထုက ထိုအရာရှိဆိုးကို တွေ့မြင်သိရှိ၍ 'ဗြူရိုကရက်'ဟု ဆိုသောအခါ အဆိုခံရသူ အရာရှိက 'အောင်မယ် မင်းတို့ က ဘာနားလည်လို့လဲ။ ငါက စည်းကမ်းကျနအောင် လုပ်ပေးတာ။ စေတနာ ကောင်းနဲ့ လုပ်တာ။ မင်းတို့အကျိုးအတွက် လုပ်တာ'ဟု ပြန်ပြောပေမည်။

ပြောတိုင်း ယုံရမှာလား။ ဗြူရိုကရက်ဆိုသည်မှာ နိုင်ငံရေးသမားများက ခေါ်ဝေါ်အမည်ပေးလိုက်သော နာမဖြစ်သည်။ တောသား လူထုက အင်္ဂလိပ်စာ မတတ်သဖြင့် ဗြူရိုကရက်ကိုပင် ပြီသအောင် အသံမထွက်တတ်။ အဓိပ္ပာယ်ကို မသိသော်လည်း လူထုကို နိုင်ထက်စီးနင်းလုပ်ကာ ထင်ရာစိုင်း မတရားကျင့်

သော အရာရှိဆိုးကိုသာ အရာရှိဆိုးအဖြစ် သိမြင်ပေသည်။ ဖြူလိုကလက် ခေါ်ခေါ်၊ ဖြူလိုကလနက် ခေါ်ခေါ် အရာရှိဆိုးကိုတော့ လူထုက မြင်သည်။

(၄)

ယခုစာအုပ်ရှိ မောင်ပြုံးချိုကား အရာရှိဆိုး မဟုတ်ပေ။

သူသည် ကျေးရွာတောလက်သို့ လှည့်လည်သည်။ တောသား လယ်သမားများ၏ လှုပ်ရှားမှုကို မြင်သည်။ တောသားလူထုကို စိတ်ဝင်စားသည်။ ပြုပြင်ချင်တာတွေကိုလည်း ပြောပြသည်။ သူသည် ပြုပြင်ရေးသမားဖြစ်သည်။

အရာရှိသည် အရင်းရှင်စနစ်၏ ယန္တရားကြီး အောက်တွင် ဒါထက်ပို၍ ဘာလုပ်နိုင်ဦးမည်လဲ။ စနစ်ဟောင်းကြီးကို ဖျက်၍ စနစ်သစ်ကို ရှေ့ရှုသည့် မောင်ပြုံးချိုသည် တော်လှန်ရေးသမား ဖြစ်လာပေသည်။

မန်းတင်၏ ဟာသကား တစ်မျိုးလေး ဖြစ်သည်။

ဟက်ဟက်ပက်ပက် ရယ်မောတာမျိုးလည်း မဟုတ်၊ ကလိထိုးပြီး ရယ်ခိုင်းတာမျိုးလည်း မဟုတ်၊ ရယ်မောသော်လည်း သူ့မှာ ကရုဏာရှိသည်။ မေတ္တာရှိသည်။ ရယ်မောပြီး ထွက်သွားတာမျိုးလည်း မဟုတ်။ ပြင်ဆင်ပေးချင်သေးသည်။

တောလား၊ သမိုင်း၊ ထိုသင်္ကြန်၊ အဘမီးထွန်းပွဲစသည်တို့မှာ တောသူတောင်သားနှင့် ပတ်ဝန်းကျင်ဒေသကို လေ့လာရှုမြင်ထားသည်။ ထင်ချက်ကို ဖော်ပြထားသောပန်းချီကားချပ်နှင့် တူသည်။ ဝါးရင်းတုတ်၊ အိမ်သာ စသည်တို့တွင်မူ ခပ်သောသောကလေး ရယ်မောရပေသည်။

စာဖတ်သူသည် မန်းတင်၏ ပြုံးတမဲ့မဲ့ဟာသကို အရသာခံစားရန် ရှေ့ဆက်၍ ဖတ်ပါရန် မှာကြားရပါမည်။

ဒဂုန်တာရာ

၁၈-၁၂-၄၈

တာရာမဂ္ဂဇင်း

[ပြုံးတမဲ့မဲ့ ၁၉၄၉]

## မိတ်ဆက်

ကျွန်တော်သည် 'မောင်ပြုံးချို'ကို ၁၉၃၇ ခုနှစ် ရန်ကုန်တက္ကသိုလ်သို့ ရောက်စအချိန်က စတင်ဖန်တီးခဲ့ပါသည်။

မောင်ပြုံးချိုအား ဇာတ်ဆောင်ပြု၍ ပထမဆုံးရေးသားခဲ့သည့် စာများမှာ ၁၉၃၇ ခုနှစ်ထုတ် ဒဂုန်မဂ္ဂဇင်း၊ တက္ကသိုလ်ကဏ္ဍများတွင် ပါဝင်သည့် 'ထီ'နှင့် 'ကုလားဆန်ပြုတ်'တို့ ဖြစ်လေသည်။ ထိုစာများကို ဆောင်းပါးဟု ခေါ်မည်လော၊ ဝတ္ထုဟုခေါ်မည်လော။ မည်သို့ခေါ်ရမည် မသိပါ။ အချို့က ဆောင်းပါးလည်း မမည်၊ ဝတ္ထုလည်း မဟုတ်ဟု ဆိုကြသည်။ အချို့ကလည်း ဆောင်းပါးဝတ္ထုဟု ဆိုကြပြန်သည်။

မောင်ပြုံးချိုကို ရေးခြယ်တင်ပြရာတွင် သဘာဝပန်းချီကားအဖြစ် တင်ပြခြင်း ရှိသလို တစ်ခါတစ်ရံ ကာတွန်းရုပ်ပြောင်များကို ရေးဆွဲတင်ပြခြင်းများလည်း ရှိပါသည်။ ရုပ်ပြောင်ကို ရေးဆွဲရာတွင် လွန်ကဲမှုများ ရှိတတ်ပါသည်။ အရပ်ရှည်သူသည် ရုပ်ပြောင်တွင် ပို၍ရှည်သည်။ ဝသူလည်း ပို၍ဝပြီး ပိန်သူလည်း လွန်လွန်ကဲကဲ ပိန်နေမည် ဖြစ်သည်။ ထို့အတူ မောင်ပြုံးချိုအား မှတ်ကိုင်ပြုထားသည့် စာပန်းချီကားတွင်လည်း လွန်ကဲမှုများကို မကြာခဏ တွေ့ကြရပေလိမ့်မည်။ ထိုအခါ ပြုံးသူများရှိသလို မဲ့သူများလည်း ရှိလေသည်။ ဥပမာ 'ထီ'တွင် ဆွေမျိုးတစ်စု အစ်ကို၊ အစ်မ၊ ကြီးဒေါ်တို့ ထီထိုးပြီး စိတ်ကူးယဉ်ကြပုံ၊ အိပ်မက်မက်ပြီး အတိတ်ကောက်ကြပုံများကို အလွန်အကဲ သရော်လိုက်မိသည်။ ထိုအခါ "ဒီကောင်လေးက လူကြီးသူမတွေကို မရိုမသေ ရေးသားလိုက်ရပါမည်လား"ဟု ရိုက်မောင်း

ပုတ်မောင်းလုပ်သည်ကို ခံခဲ့ရသည်။ 'ကုလားဆန်ပြုတ်'တွင်မူ တက္ကသိုလ်ကျောင်းသားဘဝ၊ ကျောင်းပိတ်၍ အပြန်တွင် မိမိအိမ်ကိုအိမ်မှ မော်တော်ကားမောင်းသမား ဆာမိအတွက် မိန်းမတောင်းပေးရန် လိုက်သွားရပုံကို ဟာသကဲ၍ ရေးလိုက်သည်။ ထိုအခါ သတို့သား မဖြစ်လိုက်ရဘဲ ဆုတ်ပြန်ခဲ့ရသော ဆာမိသည် သူ့ကို ဟိုးလေးတကျော် အရှက်ခွဲရပါမည်လောဟု ထိုးမည်ကြိတ်မည် တကဲကဲ လုပ်လေတော့သည်။ ထို့နောက် ၁၉၄၀ ပြည့်နှစ်လောက်တွင် ဂန္ထလောကမဂ္ဂဇင်း၌ 'စစ်သားစာဆို မောင်ပြုံးချို'ကို ရေးသားခဲ့သည်။ တက္ကသိုလ် အပျော်ထမ်းတပ်သားများနှင့် ဗြိတိသျှ စစ်သင်တန်းဆရာများကို သရော်ထားသည့်စာဖြစ်သည်။ သည်အခါကျတော့ စိတ်မဆိုးကြဘဲ ပြုံးကြရယ်ကြသည်။

မောင်ပြုံးချို၏ ပတ်ဝန်းကျင်သည် အပြုံးအရယ်တွေနှင့်သာ ပြီးနေသလော။ သည်လိုလည်း မဟုတ်သေးပါ။ လူ့လောကဓမ္မတာ ကြုံရမြဲ ဖြစ်သော ထိတ်လန့်ခြင်း၊ တုန်လှုပ်ခြင်း၊ လွမ်းဆွေးခြင်း၊ အားငယ်ခြင်း၊ အားတက်ခြင်း၊ ချစ်ခြင်း၊ မုန်းခြင်း၊ လျစ်လျူရှုခြင်း၊ ချီးမွမ်းခြင်း၊ ကဲ့ရဲ့ခြင်း အစရှိသည့် ဖြစ်ရပ်များကိုလည်း အခါအားလျော်စွာ တွေ့ရကြုံရပေမည်။

၁၉၄၁ ခုနှစ်တွင် ဝိဇ္ဇာဘွဲ့ရ၍ ယုဒသန်ကောလိပ်တွင် အချိန်ပိုင်းနည်းပြဆရာ လုပ်သည်။ ထိုအခါ မောင်ပြုံးချိုသည် 'ကျူတာပေါက်စ'ဖြစ်လာပြန်သည်။ ထို'ကျူတာပေါက်စ'ကို မန္တလေးဥပစာကောလိပ်မှ ထုတ်ဝေသည့် နှစ်ပတ်လည်စာစောင်တွင်ထည့်ရန် ပေးပို့ခဲ့သည်။ သို့သော် များမကြာမီ စစ်မီးတောက်လောင်လာသဖြင့် ပုံနှိပ်ထုတ်ဝေဖြစ်သည်၊ မဖြစ်သည်ကို မသိရတော့ပေ။ ကျွန်တော်သာ ကျောင်းဆရာဖြစ်လာလျှင် မောင်ပြုံးချိုလည်း ကျောင်းဆရာမောင်ပြုံးချို ဖြစ်လာရပေမည်။ သို့သော် ကြံစည်တိုင်းလည်း ဖြစ်မလာ။

အရှေ့တောင်အာရှတွင် စတင်လောင်ကျွမ်းခဲ့သော စစ်မီးသည် မြန်မာပြည်သို့ လျင်မြန်စွာ ကူးစက်လာသည်။ ကျွန်တော်တို့ မိသားစုသည် မြစ်ဝကျွန်းပေါ်ဒေသသို့ စစ်ပြေးအဖြစ် ရောက်သွားကြသည်။ ထိုဒေသတွင်



ဗမာ့လွတ်လပ်ရေးတပ်မတော်နှင့် ပူးတွဲလျက် ကျရာတာဝန်ကို ဆောင်ရွက်နေရာမှ ရန်ကုန်မြို့ရှိ ဗဟိုစစ်ရုံးချုပ်သို့ ရောက်လာသည်။ ထိုမှတစ်ဖန် ဗမာ့လွတ်လပ်ရေးတပ်မတော်ကို ဗမာ့ကာကွယ်ရေးတပ်မတော်အဖြစ် ပြန်လည်ဖွဲ့စည်းသောအခါ ကျွန်တော်သည် အုပ်ချုပ်ရေးဘက်သို့ ကူးပြောင်း၍ မြို့ပိုင်ဖြစ်လာသည်။ ထို့ကြောင့် မောင်ပြုံးချိုလည်း မြို့ပိုင်ဖြစ်လာရပြန်ပါသည်။

စစ်အတွင်းတွင် ထုတ်ဝေသော စာရေးဆရာမဂ္ဂဇင်းတွင် မောင်ပြုံးချိုကို ဇာတ်ဆောင်ပြု၍ ဆောင်းပါးဝတ္ထု နှစ်ပုဒ်ရေးသားခဲ့ပါသည်။ အုပ်ချုပ်ရေးတွင် အသေးငယ်ဆုံးသော မြို့အုပ်ဆိုသူသည် လူထုနှင့်အများဆုံး ထိတွေ့ရသူဖြစ်သည်။ ရာထူးငယ်သလောက် သူ၏ တာဝန်ဝတ္တရားများကား များလှဘိသည်။ ထိုထိုသော တာဝန်များကို ဆောင်ရွက်ရင်း မြန်မာပြည်တွင် လူဦးရေအများဆုံးဖြစ်သော တောင်သူလယ်သမားများနှင့် ရင်းနှီးစွာ ဆက်ဆံရသည်။ သည်တော့မှပင် 'တို့တိုင်းပြည်ဟာ ဒါပါကလား'ဟု သိလာသည်။ ကျေးရွာလူထု၏ ဘဝအခြေအနေအရပ်ရပ်ကိုလည်း လေ့လာခွင့် ရသည်။ သူတို့၏ ရိုးသားမှု၊ မသိနားမလည်မှုများကိုလည်း တွေ့မြင်သည်။ စစ်အတွင်းတွင် သူတို့တစ်တွေ စစ်ဒဏ်ကို ခံရပုံ၊ ဖက်ဆစ်၏ သံဖနောင့်အောက်တွင် နင်းချေခြင်း ခံကြရပုံ စသည်တို့ကို ကိုယ်တိုင် သိရမြင်ရသည်။ သူတို့၏ ကြီးမားသောအင်အားကို ဖက်ဆစ်ဂျပန်အား တော်လှန်ကြသောအခါ မျက်ဝါးထင်ထင် တွေ့မြင်ရပြန်ပါသည်။ ဤဘဝအသိကို အခြေပြု၍ မောင်ပြုံးချိုကိုပင် မဏ္ဍိုင်ပြုကာ 'ထိုသုံးနှစ်'စာအုပ်ကို စစ်ပြီးစ ၁၉၄၅ ခုနှစ်တွင် ရေးသားထုတ်ဝေခဲ့ပါသည်။

ထို့နောက် စစ်ပြီးကာလ ဗိုလ်ချုပ်အောင်ဆန်း၏ ခေါင်းဆောင်မှုဖြင့် ပြည်သူလူထုတစ်ရပ်လုံး လွတ်လပ်ရေး ကြိုးပမ်းနေချိန် ၁၉၄၇ ခုနှစ်တွင် မြို့ပိုင်မောင်ပြုံးချိုကို ဂျာနယ်ကျော်၌ စတင်ရေးသားပါသည်။

၁၉၄၈ ခုနှစ်အကုန်တွင် ဂျာနယ်ကျော် ရပ်ဆိုင်းသွားသောအခါ မောင်ပြုံးချိုလည်း စာပေနယ်မှ အတန်ကြာအောင် ပျောက်ကွယ်နေပါသည်။ ထို့နောက် ၁၉၄၉ ခုနှစ်လယ်လောက်တွင် ရှောင်ခြည်သစ်ဂျာနယ်၌ မြို့ပိုင်မောင်ပြုံးချိုသည် သေနတ်သံ တဒိန်းဒိန်းကြားတွင် ပေါ်လာပြန်သည်။

ရောင်ခြည်သစ် ရုပ်ဆိုင်းသော် မောင်ပြုံးချိုလည်း ပျောက်သွားပြန်၍ ၁၉၅၀ ပြည့်နှစ် ဇွန်လမှ အစပြု၍ ရှုမဝတွင် တွေ့မြင်ကြရပြန်ပါသည်။

ယခင်က ဤသို့ မဂ္ဂဇင်း၊ ဂျာနယ်များတွင် ပါဝင်ပြီး ဆောင်းပါး၊ ဝတ္ထုတိုတို့ကို စုပေါင်း၍ 'ပြုံးတမဲ့မဲ့'နှင့် 'မြို့ပိုင် မောင်ပြုံးချို'ဟူသော စာအုပ်များကို ထုတ်ဝေခဲ့ပြီးဖြစ်သည်။ ဤစာအုပ်တွင်ကား စစ်မီး တောက်လောင်ချိန်မှအစ လွတ်လပ်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်အဖြစ် ပေါ်ထွန်းလာစအချိန်အထိ တွေ့ကြုံခံစားရချက်များကို ဖြစ်စဉ်အလိုက် စုပေါင်းထုတ်ဝေလိုက်ခြင်း ဖြစ်ပါသည်။

မန်းတင်

၁၉၆၈ ခု ဩဂုတ်လ ၁၅ ရက်

ရန်ကုန်မြို့

## ဤဘဝသို့

၁၉၄၂ ခု ဇူလိုင်လ။

မြန်မာပြည်တွင် စစ်မီးတောက်လောင်နေချိန်။

ရန်ကုန်မြို့ အတွင်းဝန်များရုံးဝင်းအတွင်းဝယ် တောဘုရားပွဲ တမျှ စည်ကားနေလေသည်။ အရာရှိဟောင်းတွေလည်း အများ၊ မြန်မာ့ တပ်မတော်မှ ထွက်လာသူတွေလည်း မနည်း၊ သခင်တွေလည်း အနန္တ၊ ဓားမတွေလည်း မရေနိုင်။ ရာသီအလိုက် အရောင်ပြောင်းတတ်သည့် သာပေါင်းညာစား ပုတ်သင်ညိုတွေလည်း ဒုနှင့်ဒေး။ တက္ကသိုလ်ကျောင်းသားတွေကိုလည်း တွေ့ရလေသည်။

"ဘယ့်နှယ်လဲ ဟန်ရဲ့လား"

"သခင်သာမောင်ကတော့ စိတ်ချပါလို့ ပြောတာပဲ"

"မမကြီးကတော့ သူ့ကို လာတွေ့ဦးလို့ မှာလိုက်တယ်"

"ဒါလောက် အနစ်နာခံရပြီး ဒီရာထူးလောက် ပေးလို့တော့ မလွမ်းပါဘူး"

"ကျုပ်တို့များ သူတို့ရွေးကောက်ပွဲတုန်းက အားတက်သရော ဆောင်ရွက်လိုက်ရတာ၊ အခုတော့ အရေးတောင် မလုပ်ချင်ဘူး"

"ဟိုတုန်းက အတူတူ လည်ပင်းဖက်ပြီး ငတ်လာရတဲ့သူတွေပါဗျာ။ အခုမှပဲ သူတို့ဆီဝင်ရင် အခွင့်တောင်းဝင်ရမယ်ဆိုတော့ အသည်းနာသဗျာ"

ဤသို့သော အသံများသည် နှစ်ယောက်တွဲ သုံးယောက်တွဲ ဝိုင်းဖွဲ့ စကားပြောနေကြရာမှ စီရရီထွက်ပေါ်လာလေသည်။

မောင်ပြုံးချိုသည် တစ်ခုသောလှေကားထစ်တွင် ဆောင့်ကြောင့်ထိုင်ရင်း တစ်မုဟုတ်ချင်း အပြောင်းအလဲမြန်လှသောလောကကြီးကို ဆင်ခြင်သုံးသပ်နေလေသည်။ အချို့သော အရာရှိဟောင်းများသည် ရွှင်ပျသောမျက်နှာထားကို ဆောင်လျက် နိုင်ငံရေးသမားအခေါ်ခံရသူများနှင့် ဝင်ထွက်သွားလာနေကြကုန်၏။ အချို့သော အရာရှိဟောင်းများသည် မျက်လွှာချကာညှိုးငယ်သောအသွင်ဖြင့် အလုပ်ရှာ ကြွတော်မူလာကြကုန်၏။ ယခင်က အင်္ဂလိပ်ဝတ်စုံကို ဝတ်ဆင်ကာ မော်တော်ကားကြီးကို အခန့်သားစီးလျက် မော်ချင်တိုင်း မော်ခဲ့သူများလည်း ယခုအခါတွင် ခေါင်းပေါင်းကို မပေါင်းတတ်ပေါင်းတတ် ပေါင်းကာ မြန်မာအဝတ်အစားကို ဖိုသီဖတ်သီ ဝတ်ဆင်လျက် ဆိုက်ကားနှင့်တစ်မျိုး၊ ခြေလျင်တစ်သွယ် အလျှိုလျှို ရောက်လာကြလေကုန်၏။

မောင်ပြုံးချိုသည် ထိုင်ရာမှထ၍ ယောင်လည်လည်နှင့် လမ်းသလားနေပြန်လေသည်။ အောက်လွှတ်တော် အဆောက်အအုံဆင်ဝင်နားသို့ ရောက်သွားလေသည်။ အတွင်းခန်းထဲတွင် အရေးပါ အရာရောက်သော လူကြီးတစ်စုတို့သည် မိမိတို့ဆိုင်ရာပါတီဝင်များ အလုပ်ရရေးအတွက် အပတ်တကုတ်ကြိုးစားအားထုတ်နေကြကုန်၏။ မိမိဆိုင်ရာအဆက်များကို တွေ့ရန် ဆင်ဝင်အောက်တွင် လူပေါင်းငါးဆယ်ခန့်လည်း တမော့မော့နှင့် စောင့်မျှော်နေကြလေသည်။

ခဏမျှကြာသောအခါ ကာကီရောင် မှန်ကားကြီးတစ်စင်းသည် ကျယ်လောင်စွာ အသံပြုလျက် မနေးမမြန် မောင်းနှင်လာလေသည်။

"ဖယ်ကြပါ၊ ဖယ်ကြပါ" ပြောပြောဆိုဆို ဆင်ဝင်အောက်တွင် ရပ်နေသော ပုလိပ်အရာရှိတစ်ယောက်သည် လက်တွင်ကိုင်ထားသော ကြိမ်လုံးနှင့် ယမ်းကာ စုပြုံရပ်နေကြသော လူများကို မောင်းနှင်လေသည်။ လူများတို့သည် မော်တော်ကားတိုက်မည်ထက် ပုလိပ်ကြီး၏ ကြိမ်လုံးစကြာကို ရွံ့သောကြောင့် အရေးတကြီး ရှောင်ဖယ်ပေးကြရာ အချို့လူများသည် တစ်ယောက်နှင့်တစ်ယောက် တိုက်၍ လဲကြလေသည်။ လူကြီးတစ်ယောက်သည် အနီးတွင်ရှိသော ယွန်းအိုးကို နောက်ပြန်တိုက်၍ လဲကျသွားလေရာ "ငါ့လခွေး"ဟု ရေရွတ်ရင်း ပြေကျသွားသော ခေါင်းပေါင်းကိုကောက်ယူ၍ အားယူထကာ မိမိဦးခေါင်းကို ပြန်ရစ်နေလေသည်။



မောင်းလာသော မော်တော်ကားကြီးသည် ဆင်ဝင်အောက်တွင် ထိုး၍ရပ်လိုက်လေသည်။ ကြိမ်လုံးနှင့်ယမ်းသော ပုလိပ်ကြီးက တံခါးဖွင့်ပေးလေသည်။ ဒေါက်တာဗမော်သည် ပွင့်နေသောတံခါးမှ ထွက်ကြွလာကာ တည်ငြိမ်သောဣန္ဒြေနှင့် အတွင်းခန်းသို့ ကြွလှမ်းတော်မူလေသည်။ သူ့နောက်မှ ဂျပန်စစ်ဗိုလ်ကလေးတစ်ယောက်သည် 'သက်တော်စောင့်'အဖြစ် ပါသွားလေသည်။ အနီးတွင်ရှိသောပရိသတ်သည် ရှေ့သို့တိုးသူတိုး၊ ကိုယ်ကို ယိမ်းသူယိမ်း၊ ခြေဖျားထောက်သူထောက်နှင့် ခေါင်းဆောင်ကြီး၏ မျက်နှာတော်ကို မှူးမြော်ကြကုန်၏။ ခေါင်းဆောင်ကြီးကား ထိုနေ့တွင် တစ်ကိုယ်လုံး အဖြူဆင်လာသည်။ ခါးမဦးထုပ်လည်း ပိုးအဖြူ၊ ခါးအချွန်၊ လက်ကျပ်အင်္ကျီ၊ အတွင်းခံအင်္ကျီ၊ ပုဆိုး၊ ဖိနပ်၊ ခြေအိတ်၊ အားလုံးအဖြူများဖြစ်သည့်ပြင် သူ့အသားကလည်း ဖြူသောကြောင့် ကျောက်ရုပ်ကို အသက်သွင်းထားသည်နှင့် တူလှပေသည်။

"သိပ်ကျက်သရေရှိတာ"

"သူကတော့ ဘယ်လိုဝတ်ဝတ် ကြည့်ကောင်းတာပဲ"

"သူလိုလူမျိုးတစ်ယောက်ရှိတာပဲ မြန်မာတွေ ဂုဏ်ယူစရာကြီးပေါ့"

"ခင်ဗျား သူ့ အင်္ဂလိပ်လို တရားဟောတာ နားထောင်ဖူးလား၊ အိုသိပ်ကောင်းတယ်"

အလုပ်လျှောက်ရန်လာသူများသည် အမျိုးမျိုး ချီးကျူး ထောမနာ၍ သြဘာပေးနေကြလေသည်။

မောင်ပြုံးချိုသည် ထိုနေရာမှထွက်ခဲ့ပြီး အခန်းကြီးတစ်ခု အတွင်းမှ ဆူညံသောအသံကို ကြား၍ ဝင်သွားလေရာ လူပေါင်းတစ်ရာခန့်သည် လျှောက်လွှာစက္ကူများကို ကိုယ်စီကိုယ်ငကိုင်ကာ အခန်းငယ်တစ်ခုကို ဦးတိုက်လျက် နှစ်ယောက်တစ်တွဲ စီတန်းနေကြသည်ကို တွေ့ရလေသည်။

ထိုလူတန်းရှည်ကြီးထဲမှ မောင်ပြုံးချို၏ မိတ်ဆွေတွေ၊ ကျောင်းနေဖက်တွေ အများပါရှိလေရာ သူ့ကို မြင်သောအခါ "လာဗျို့ ကိုပြုံးချို၊ ရပ်ကြည့်လို့ အမြတ်မရှိဘူး။ တိုးကြည့်မှ တန်ခိုးရှိမယ်"ဟု ခေါ်သူကခေါ်၊ "ကိုကြီးပြုံး၊ ကျွန်တော်တို့ဖြစ်ပုံကို စာတစ်ပုဒ်လောက် စပ်လိုက်စမ်းပါ"ဟု နောက်သူက နောက်၊ "ကိုပြုံးချိုက ဒီအလုပ်လောက်တော့ ဘာဂရုစိုက်မလဲ။

သူက အဆက်ကောင်း၊ ပလဲဘာဆရာကွ။ အရိုးကျိုးတာတောင် ဆက်နိုင်တယ်"ဟု ပြောင်သူက ပြောင်ကြလေသည်။

မောင်ပြုံးချိုက သူငယ်ချင်းများ နောက်ပြောင်ကြသည်ကို ဂရုစိုက်မနေဘဲ "ဘာလုပ်ကြတာလဲ"ဟု မေးလေသည်။

"ဟိုမှာ မမြင်ဘူးလား" သူငယ်ချင်းတစ်ယောက်က နံရံတွင် ချိတ်ထားသော 'အတွင်းဝန်ရုံးများတွင် လုပ်ကိုင်ရန်အတွက် ပညာတတ်များ အလိုရှိသည်။ ယနေ့ နံနက် ၁၀ နာရီတွင် ဤအခန်း၌ လျှောက်ထားနိုင်သည်' ဟူသော ကြော်ငြာစာကို ညွှန်ပြလေသည်။

မောင်ပြုံးချိုသည် တစ်ဖက်ခန်းရှိ ပြန့်ကြဲနေသော စက္ကူပုံထဲမှ စာရွက်တစ်ရွက်ကို ကောက်ယူကာ လျှောက်လွှာတစ်စောင်ကို ကပျာကသီ ရေး၍ ထိုလူတန်းရှည်ကြီးကို အလယ်မှ ဖြတ်ဝင်လိုက်သည်။

"ဟေ့ မတရားမလုပ်နဲ့"

"မောင်ပြုံးချို အလိုမရှိ"

"မနေ့ရှင်စနစ် ပျက်စီးပါစေ"ဟူသော အသံများနှင့် ဆူညံ တိုးဝှေ့လျက်ရှိစဉ် ပုဆိုးတောင်ရှည် ပိတ်ရင်ဖုံး ခေါင်းပေါင်းစ တထောင်ထောင်နှင့် လူကြီးတစ်ယောက် ဝင်လာမှ မီးကိုရေနှင့် သတ်လိုက်သကဲ့သို့ တိတ်သွားသည်။

ထိုလူကြီးသည် ဆင်နားရွက်တံခါးတိုလေးကို တွန်းကာ အခန်းငယ်ကလေးအတွင်းသို့ ဝင်သွားလေသည်။ တံခါးဝတွင် မျက်နှာ ရှုသိုးသိုးနှင့် လူတစ်ယောက်လာရပ်ကာ "ညာ"ဟုအော်၍ တံခါးကို ဖွင့်ပေးရာ လက်ယာဘက်မှလူသည် အခန်းကလေးတွင်းသို့ ဝင်သွားလေသည်။ ထိုလူပြန်ထွက်လာသောအခါ အပေါက်စောင့်က "ဘယ်"ဟု အော်လိုက်ပြန်ရာ လက်ဝဲဘက်မှလူသည် အတွင်းခန်းသို့ ဝင်သွားပြန်သည်။ ဤနည်းဖြင့် အပေါက်စောင့်သည် "ဘယ်၊ ညာ၊ ဘယ်၊ ညာ"နှင့် သီကျူးနေလေရာ အလုပ်လျှောက်သူများလည်း တစ်ယောက်ပြီးတစ်ယောက် ဝင်၍ မိမိတို့လျှောက်လွှာများကို ဆက်သကြကုန်သည်။

မောင်ပြုံးချိုအလှည့်သို့ ရောက်သောအခါ အခန်းတွင်းသို့ ခြေဖျားထောက်ကာ ဝင်သွား၍ လျှောက်လွှာကို လက်နှစ်ဖက်နှင့်ကိုင်ပြီး ရိုသေစွာ ဆက်ကပ်လိုက်လေသည်။



ထိုလူကြီးသည် လျှောက်လွှာကို သေသေချာချာ ဖတ်ရှုပြီးလျှင် "မောင်ရင် ဘာလုပ်ချင်သလဲ"ဟု မေးလေသည်။

"ဦးမင်း ကြည့်ပြီး မစပါခင်ဗျား"

"မောင်ရင် ဘီအေအောင်ပြီးသားနော်"

"ဟုတ်ပါတယ် ခင်ဗျာ"

"နိုင်ငံရေးအတွက် ဘာများဆောင်ရွက်ခဲ့သတုံး"

"ဟာ နိုင်ငံရေးအတွက် အများကြီး ဆောင်ရွက်ခဲ့ပါတယ်"

"အင်း ပြောစမ်းပါဦး"

"ကျွန်တော် သပိတ်မှောက် ကျောင်းသားဟောင်းပါ။ ၁၉၃၈ ခု ဒီဇင်ဘာလ ၂၀ ရက်နေ့ ဒီရုံးကြီးဝိုင်းတုန်းက ကျွန်တော်ပါတာပေါ့။ ပုလိပ်ရိုက်လို့ ဗိုလ်အောင်ကျော် ကျဆုံးသွားတယ်လေ။ ဦးမင်းသတိရမှာပေါ့။ ကွဲတဲ့သူကွဲ၊ လဲတဲ့သူလဲနဲ့ ကျွန်တော်တောင် အပြေးကောင်းလို့ လွတ်တာ။ ကျွန်တော့လေယာဉ်ပျံဖိနပ်တစ်ရန်လဲ ဆုံးရော"

ထိုလူကြီးသည် မောင်ပြုံးချိုအား ပြုံးပြုံးကြီး စိုက်ကြည့်နေလေသည်။ မောင်ပြုံးချိုက စကားဆက်ပြန်သည်။

"ပြီးတော့ မန္တလေးမယ် မြို့သူမြို့သား၊ ကျောင်းသားတွေ၊ ဘုန်းကြီးတွေ နယ်ချဲ့အစိုးရ ထုတ်ထားတဲ့ ပုဒ်မတစ်ရာလေးဆယ့်လေးကို ဖီဆန်ပြီး စီတန်းလမ်းလျှောက်တာကို သေနတ်နဲ့ပစ်တုန်းကလည်း အဲဒီ စီတန်းလမ်းလျှောက်တဲ့အထဲ ကျွန်တော်ပါတာပေါ့။ အာဇာနည် ၁၇ ဦး အနိစ္စရောက်တာ ဦးမင်း မှတ်မိပါလိမ့်မယ်။ ပြီးတော့ မြို့ထဲမှာ သပိတ်တရားပွဲတွေလုပ်တုန်းကလည်း ဟောတဲ့ပြောတဲ့နေရာမယ် ကျွန်တော်ဟာ အရေးပါ အရာရောက်တဲ့ လူတစ်ယောက်ပါပဲ" မောင်ပြုံးချိုသည် မိမိ၏ နိုင်ငံရေးရာဇဝင်ကို ငြိကာချဲ့ အမွှမ်းတင်နေလေရာ အလုပ်ပေးနိုင်လိမ့်မည်ဟု ထင်ရသော လူကြီးသည် မရှိုမချဉ် ကင်ပွန်းရွက်ဟင်းရည်ကဲ့သို့သော မျက်နှာမျိုးနှင့် "ဗမော်၊ ဘဦးတို့က ရှုပ်သနော်ဆိုတဲ့ သီချင်းကလေးများကော မဆိုခဲ့ဘူးလား" ဟု ရုတ်တရက် မေးလိုက်လေသည်။

"ဟာ ဆိုခဲ့ဖူးတာပေါ့။ ဒီသီချင်းက အဲလိုက်လည်းကောင်း၊ ဆိုလို့လည်းလွယ်၊ အတော်ဆိုလို့ အရသာရှိတယ်။ အို အဲဒီသီချင်းများ အသံကုန်ဟစ်ပြီး ဆိုလိုက်ရရင် မပြောပါနဲ့တော့" မောင်ပြုံးချို စကားမဆုံးမီ ထိုလူကြီးက

ကြားဖြတ်၍ "အေး အေး မပြောပါနဲ့တော့ကွယ်။ မောင့်လျှောက်လွှာထားခဲ့ပေါ့။ ဦး ကြည့်လုပ်လိုက်မယ်"ဟုပြောပြီး "ဟော့ တစ်ယောက်ခေါ်ဟေ့"ဟု အပေါက်စောင့်ကို အမိန့်ပေးလိုက်လေသည်။ မောင်ပြုံးချိုလည်း မချင့်မရဲနှင့် ထွက်ခဲ့ရာ "ကိုပြုံးချို ကွန်ဂရက်ကျူလေးရှင်း"

"သေချာပြီဟေ့"

"ထမင်းကျွေးရမယ်ဟေ့"ဟု အပြင်တွင်ရပ်နေသူများက ဝမ်းမြောက်စကား ပြောကြားကြကုန်သည်။

မောင်ပြုံးချိုသည် ထိုအခန်းထဲမှ ထွက်လာခဲ့ပြီးနောက် အောက်လွှတ်တော် အဆောက်အအုံအနီးသို့ ရောက်သောအခါ သူ၏ ချစ်လှစွာသော သူငယ်ချင်းမောင်ပေါက်ကြိုင်းနှင့် ပက်ပင်းပါ တွေ့လေတော့သည်။ သူတို့နှစ်ယောက်သည် တစ်ဦးနှင့်တစ်ဦး ဝမ်းသာအားရ နှုတ်ဆက်ကြပြီးနောက် အလုပ်အကြောင်း စကားစကြပြန်လေသည်။

"ဘယ့်နှယ်လဲ။ ခင်ဗျား ဘာကိစ္စလာတာလဲ"ဟု မောင်ပြုံးချိုက မေးလေသည်။

"အလုပ်အတွက် လာတာပဲ၊ တောင်ငူမှာ ပြန်ရလိမ့်မယ်"

"သေချာပြီလား"

"သေချာသလောက်ပါပဲ၊ ခင်ဗျားကော"

"သေချာသလောက်ပါပဲ"

"ဘယ်လို သေချာတာလဲ၊ ပြောစမ်းပါဦး"

"အခုပဲ လျှောက်လွှာတင်ခဲ့တယ်။ နိုင်ငံရေးဆောင်ရွက်ချက်တွေ မေးတော့ ဒီရုံးကြီးဝိုင်းတာတွေ၊ မန္တလေးမှာ စီတန်းလှည့်တာတွေ ပြောခဲ့တယ်"

"နေပါဦး၊ ခင်ဗျားလျှောက်လွှာက ဘယ်သူ့ဆီမှာ တင်ခဲ့တာတုံး"

"ဟိုဘက်အခန်းထဲကပါဗျာ၊ ပိန်ပိန် နားထဲမှာ အမွေးခပ်ရှည်ရှည် ပေါက်နေတဲ့လူကြီးဟာ"

"အမယ်လေး ကိုယ့်လူရဲ့။ အဲဒါ ဓားမကြီးဗျ၊ ခင်ဗျား ဒါတွေသွားပြောလို့ ဘယ်ရမလဲ"

"မသိပါဘူးဗျာ၊ သူက ဗမော်၊ ဘဦးတို့ ရှုပ်သနော်ဆိုတဲ့ သီချင်းများ မဆိုခဲ့ဘူးလားမေးလို့ ဆိုခဲ့တဲ့အကြောင်း ပြောခဲ့ရသေးတယ်"



"အမယ်လေး လေး၊ ခင်ဗျား လျှောက်လွှာတော့ အခုနေ အိမ်သာထဲ ရောက်နေရော့မယ်"

သူတို့သည် တစ်ယောက်မျက်နှာကိုတစ်ယောက် ကြည့်နေကြလေသည်။ အတန်ကြာမှ မောင်ပေါက်ကြိုင်းက "ခင်ဗျားမယ် သားနဲ့ မယားနဲ့ အလုပ်ရမှဖြစ်မယ်။ ကျုပ်တို့အတွင်းဝန် ကိုကျော်သိန်းကို သွားကြည့်ကြမယ်"ဟု ပြောလေသည်။

"ဟန်ပါ့မလားဗျ" မောင်ပြုံးချိုက အားငယ်သောအသံနှင့် ပြောလေသည်။

"ဟန်လိုဟန်ငြားပေါ့ဗျာ၊ ခင်ဗျားလဲ သိတယ်မဟုတ်လား"

"သိတော့ သိတာပဲ၊ ကျောင်းနေတုန်းကတော့ အင်းယားသွားပြီး နောက်ပိုးသွားချင်တာ ဖိနပ်ကောင်းကောင်းမရှိလို့ ကျွန်တော့ဆီက ငှားစီးသေးတယ်။ အခုတော့ အတွင်းဝန်တို့ အပြင်ဝန်တို့ ဖြစ်နေတော့ သိချင်မှ သိတော့မှာ"

"ဟန်ကြီးပန်ကြီးလုပ်ရင် ဆဲပြီး ပြန်ထွက်လာတာပေါ့ဗျာ"

သူတို့နှစ်ယောက်သည် ရုံးခန်းအနီးသို့ ရောက်သောအခါ ရုံးလုလင်အား သူတို့နာမည်များကို စာရွက်လေးတစ်ရွက်ပေါ်တွင် ရေး၍ ပေးလိုက်လေသည်။

ရုံးလုလင်သည် အထဲဝင်သွားပြီးနောက် ပြန်ထွက်လာပြီးလျှင် "ဝင်ခဲ့ပါတဲ့"ဟု အကြောင်းပြန်မှ နှစ်ယောက်သား အခန်းတွင်းသို့ ဝင်သွားကြလေသည်။

အတွင်းဝန်မင်းကား ဆံပင်လည်း ခပ်ဖွာဖွာ၊ အသားခပ်ညိုညို၊ သေးသွယ်သောမျက်နှာတွင် မျက်မှန်ကြီးနှစ်ကွင်းသည် တလက်လက် တောက်ပလျက် ပိန်လျှသောခန္ဓာကိုယ်ကြောင့် ဝါးခြမ်းပြားကို အင်္ကျီဝတ်ပေးထားသည်နှင့် ခပ်ဆင်ဆင်။

သူသည် ဧည့်သည်နှစ်ယောက်အား သွားကိုဖြဲ၍ နှုတ်ဆက်ပြီးလျှင် ပခုံးကို အညောင်းဆန့်သကဲ့သို့ ရှေ့တိုးနောက်ငင် လုပ်လိုက်လေသည်။

"ကဲ ထိုင်ကြဗျာ"မောင်ပြုံးချိုတို့ ထိုင်မိသောအခါ သူသည် စာရေးခြင်းကို ရပ်ဆိုင်း၍ "ဘာကိစ္စလဲဗျ၊ ဆိုစမ်းပါဦး"ဟု ကိုယ်ကိုရှေ့သို့ကိုင်း၍ မေးလေသည်။

"ကိစ္စကတော့ အလုပ်လိုချင်လို့ပဲ" မောင်ပေါက်ကြိုင်းက တဲ့တိုး ပြောလိုက်သည်။

"ဘယ်လို အလုပ်မျိုးလဲ၊ ခင်ဗျားအတွက်လား"

"ကျွန်တော့အတွက်ကတော့ သေချာပြီးပါပြီ။ ဟောဒီက မောင်ပြုံးချို အတွက်ပါ"

"ခင်ဗျား ဘီအေအောင်ပြီးသားနော်" မောင်ပြုံးချိုဘက်သို့ လှည့်၍ မေးလေ၏။

"ဟုတ်ပါတယ်"

"ဘယ်အလုပ် လုပ်ချင်တာလဲ"

မောင်ပြုံးချိုက စဉ်းစား၍နေစဉ် "အုပ်ချုပ်ရေးဘက်ပေါ့ဗျာ"ဟု မောင်ပေါက်ကြိုင်းက ဝင်၍ပြေလေ၏။

"အေးဗျာ၊ လျှောက်လွှာနှစ်စောင်ရေးပြီး ထားခဲ့လေ၊ ရနိုင်စရာ အကြောင်း ရှိပါတယ်"

မောင်ပြုံးချိုသည် ပြောသည့်အတိုင်း လျှောက်လွှာနှစ်စောင် ရေး၍ အတွင်းဝန်မင်းလက်သို့ ဆက်ကပ်ပြီးနောက် မောင်ပေါက်ကြိုင်းနှင့်အတူ ပြန်ထွက်လာခဲ့လေသည်။

*

မောင်ပြုံးချိုတို့ ခေတ္တနေထိုင်သောအိမ်သည် အတွင်းဝန်ရုံးနှင့် အလွန် နီးကပ်လျက်ရှိသည်။ ထို့ကြောင့် ရန်ကုန်မြို့သို့ အလုပ်အတွက်ရောက်ရှိနေသူ များနှင့် အလည်အပတ် ရောက်ရှိနေကြသော မိတ်ဆွေသူငယ်ချင်းအပေါင်း တို့သည် နေ့ခင်းအခါတွင် ထိုအိမ်မှာပင် ဆုံစည်း၍ တိုင်ပင်နှီးနှော ရေး ဟောင်း နှောင်းဖြစ်များကို ပြောဆိုနေတတ်ကြလေသည်။

ထိုနေ့တွင် မောင်ပြုံးချိုတို့အိမ်၌ အထူးလူစည်ကားလျက် ရှိတော့ သည်။ အချို့လူငယ်များမှာ ကျောင်းထွက်စ အရာရှိဟောင်းများ ဖြစ်ကြ၍ အချို့မှာလည်း တိုက်ပွဲဝင်ခဲ့ဖူးသော ဘီအိုင်အေစစ်ဗိုလ်ဟောင်းများ ဖြစ်ကြ သည့်ပြင် အချို့မှာ တက္ကသိုလ်စာရေးဆရာများ ဖြစ်ကြသည်။ သူတို့သည် မောင်ပြုံးချို၏ ဇနီးတည်သော လက်ဖက်ရည်ကြမ်းကို နွက်လှည့်သောက်နေ ကြကုန်သည်။



သူတို့သည် တစ်ခါတစ်ရံ၌ စာအုပ်တစ်အုပ်ကို ဝေဖန်နေတတ်ကြ ၏။ တစ်ခါတစ်ရံ မိမိတို့သာ အစိုးရအရာရှိ ဖြစ်ခဲ့လျှင် တိုင်းသူပြည်သားတို့ အတွက် မည်ကဲ့သို့ ဆောင်ရွက်လိုက်မည်။ အချို့ကလည်း အစိုးရအလုပ် ဝါသနာမပါကြောင်း အစရှိသည်ဖြင့် ရောက်တတ်ရာရာ ပြောဆိုနေကြရာမှ ငြင်းသူငြင်း၊ စောဒကတက်သူတက်၊ ပြောင်သူပြောင်၊ လှောင်သူလှောင်နှင့် ပျော်စရာလောကကြီးကို ဖန်တီးလျက်ရှိစဉ်တွင် လှေကားက တဒိုင်းဒိုင်းနှင့် ပြေးတက်လာသောအသံကို ကြားရပြီးနောက် ချစ်တီးဘုရားကြီး ကိုယ်ထင် ပြသကဲ့သို့ ထွန်းဝင်းကြီးသည် အခန်းတွင်းသို့ ဝင်လာလေ၏။ သူသည် သပိတ်လုံးကဲ့သို့ မည်းနက်သောမျက်နှာမှ ချွေးများကို ပဝါဖြူနှင့်သုတ်ရင်း "ကိုပြုံးချိုအတွက် ဝမ်းသာစရာပဲဗျို့"ဟုဆိုကာ မောင်ပြုံးချို၏လက်ကို ဆွဲ၍ ခါလေသည်။ မောင်ပြုံးချိုသည် အကြောင်းမသိသောကြောင့် ကြောင် တက်တက်ဖြစ်နေပြီးလျှင် "ဘာလဲဗျ"ဟု မေးလေသည်။ အခြားသူများလည်း သူ့ကိုသာ စိုက်၍ ကြည့်နေကြလေသည်။

"ခင်ဗျားနာမည် ဂေဇက်ထဲမှာ ပါတယ်။ အလုပ်သင် မြို့အုပ်၊ သာယာဝတီတဲ့"

"ဘယ်မှာတွေ့ခဲ့သလဲ" အားလုံးက ဝိုင်း၍ မေးကြလေသည်။

"ဟိုရုံးမှာ ဂေဇက်ကပ်ထားတယ်"

"ခင်ဗျားကော"

"ကျွန်တော် မပါဘူး"

"ကျွန်တော်ကော" မောင်ပေါက်ကြိုင်းက မေးလေသည်။

"ခင်ဗျားနာမည်လည်း မတွေ့ဘူး"

"ကိုနီကော" မောင်ပေါက်ကြိုင်းက မေးပြန်သည်။

"သူ့နာမည်လည်း မမြင်ဘူး"

"ဟာ ခင်ဗျားဟာ မဟုတ်သေးပါဘူး။ လာ သွားကြည့်ကြမယ်" ဆို၍ ထွက်သွားကြလေသည်။ အတန်ကြာသောအခါ သူတို့ပြန်လာကြသည်။ သူတို့လည်း လမ်းမကတည်းက ဆူညံလာသည်။ သူတို့ အလုပ်မရသည်ကို ဝမ်းမနည်းနိုင်။ မောင်ပြုံးချိုအတွက် ဝမ်းမြောက်နေကြသည်။

"မင်းကတော် ခင်ဗျာ၊ ကျွန်တော့အမှုလွတ်အောင် မြို့ပိုင်မင်းကို ပြောပေးပါခင်ဗျား"ဟု အော်သူအော် "မြို့အုပ်မင်း ကျောင်းဒကာ မာပါစေ

ဟောနှူ၊ သာပါစေ ဟောနှူ၊ တစ်အိမ်လုံးတစ်ရပ်လုံး အားလုံးကုန် ဟောနှူ၊" ဟု ဦးပုညု မေတ္တာစာကို ရွတ်သူရွတ်နှင့် ဆူညံနေတော့သည်။

ထို့နောက် မောင်ပေါက်ကြိုင်းက နေရာမှထတဲ့၍ "တိတ်စေ"ဟု အော်လိုက်ရာ အားလုံးငြိမ်သွားလေ၏။

သူသည် ဗယာကြော်ထုပ်ကြီးကို သင်ဖြူးပေါ်တွင်ချ၍ ပြောကာ "ကဲ မြို့ပိုင်မင်း ဘိုင်ကျနေသောကြောင့် ပစောက်နဲ့ မပိုင်ဘဲ ဘကုန်းနဲ့ ဘိုင်ရမယ့် မြို့ဘိုင်မင်းနဲ့တကွ မင်းကတော်ခင်ဗျား။ ကျွန်တော်တို့ အလုပ်မရလိုက်သော သူငယ်ချင်းအပေါင်း ကြမ်းပိုးလောင်းတို့က နှုတ်ဆက်ပွဲ ဗယာကြော် ပါတီပေးပါတယ်။ ဤ ဗယာကြော်၏ အကျိုးအာနိသင်ကြောင့် ဘေးဘယာ ဝေးကွာတော်မူကြပါစေဗျား"ဟု ဆုမွန်ကောင်းတောင်းလိုက်ရာ အားလုံး လက်ခုပ်တီး၍ သြဘာပေးကြလေသည်။

[ထိုသုံးနှစ် ၁၉၄၅ ဒီဇင်ဘာ၌ ပါရှိသော ဗမော်၊ ဘဦးတို့က ရုပ်သနော်နှင့် မမျှော်လင့်ဘဲလျက် တို့ကို ပေါင်း၍ ဖော်ပြထားခြင်း ဖြစ်သည်။]

## မောင်ပြုံးချို

သူသည် မြို့ပိုင်တစ်ယောက် ဖြစ်ပါသည်။ သူသည် မြန်မာ့ဓာတ်ခုံကြီးကို အထင်အရှား မြင်ရသောနေရာတွင် ရောက်ရှိနေလေသည်။ သူ့နေရာကား သဲဖြူခင်း ရာဇမတ်ကာထားသည့် ကြီးကျယ်ခမ်းနားသည့်နေရာ မဟုတ်ပါ။ ဆိုင်းနောက်နားတွင် ခင်းထားသည့် ဖျာစုတ်ကလေး ဖြစ်ပါသည်။ ဤနေရာသည်သာလျှင် မြို့ပိုင်တစ်ယောက်၏နေရာ ဖြစ်ပါတော့သည်။ ထိုနေရာမှ နေ၍ကြည့်သော် ကပြနေသည့် ဓာတ်သူဓာတ်သားများကို အထင်အရှား မြင်ရပါသည်။

တစ်ခါတစ်ရံ သူသည် ဓာတ်သူဓာတ်သားတို့နှင့် ရောနှောကာ ကားကြားထဲမှနေ၍ပင် ချောင်းမြောင်းကြည့်ရှုလိုက်မိရာ ပြောသံ၊ ဆိုသံများနှင့်တကွ ဟန်အမူအရာများကို အတိအကျ မြင်လိုက်၊ ကြားလိုက်ရလေသည်။

သူမြင်ရသည့်ဓာတ်ခုံပေါ်တွင် အရေးပါ အရာရောက်သည့်နေရာက ကပြနေသူများသည် သူနှင့် နေ့တိုင်းလိုလို တွေ့ဆုံနေရသည့် တောသူတောင်သား လယ်သမား ဆင်းရဲသားများ ဖြစ်ကြပါသည်။ သူတို့မပါလျှင် မြန်မာ့ဓာတ်ခုံပေါ်တွင် ကပြမည့်မြန်မာ့ဓာတ်ကွက်သည် ခြောက်သွေ့လျက် ရှိလေသည်။

မြန်မာ့ဓာတ်ဆရာကြီးတို့သည် သူတို့ကို ချေ့ကြသည်။ သူတို့ကို မြှောက်ကြသည်။ သူတို့ကို အသုံးချကြသည်။ ဓာတ်ဆရာကြီးတို့သည် သူတို့ အလိုရှိသလို လိုရာကိုဆွဲ၍ အကာနိုင်းနေကြလေသည်။ တစ်ခါတစ်ရံအတင်းဓားကြိမ်းကြိမ်းနိုင်းလေသည်။ တစ်ခါတစ်ရံ ငိုချင်းရှည်ကြီးကို အတင်းအဓမ္မ ဆိုနိုင်းသည်။ ဓာတ်ကသူများကား သူတို့ ဘာကို ရွတ်နေမိသည်ဟုပင် သိ

ကြဟန်မတူ။ လေပြည်ထိုးချင်လျက်နှင့်လည်း ဓားကြိမ်းကြိမ်းနေကြရသည်။ သစ္စာထားကို ဆိုချင်လျက်နှင့်လည်း ငိုချင်းရှည်ကြီးကို ဆွဲဆွဲငင်ငင် ဟစ်နေကြရရှာသည်။

အသနားခံသော မျက်နှာထားကလေးနှင့် ပါးစပ်မှ ဓားကြိမ်းကြိမ်းနေသူကိုလည်း မြင်ရသည်။ ပြုံးယောင်ယောင်မျက်နှာထားနှင့် ငိုချင်းသီဆိုနေသူကိုလည်း တွေ့ရသည်။

မောင်ပြုံးချိုသည် သူတို့အမူအရာတွေကိုကြည့်ရင်း ပြုံးမိလေသည်။ နောက်မှ ဖြစ်မှဖြစ်ရပလေဟု ညည်းညူရင်း ဝမ်းနည်းပက်လက်နှင့် မဲ့မိလေတော့သတည်း။

[ပြုံးတမဲ့မဲ့ ၁၉၄၉]

## အင်းပုံပြင်

လွန်လေပြီးသောအခါက အကြောင်းချင်းတ အဖြစ်အပျက်များသည် ကြားနာသူ၏စိတ်ကို ဆွဲဆောင်နိုင်သည်။ 'ရှေးရှေးတုန်းက' ဟု အစချီလျက် အိပ်ရာထဲတွင် ဘွားဘွားပြောဖူးသောပုံပြင်များသည် မောင်ပြုံးချို၏စိတ်ကို တည်ငြိမ်စေ၍ အိပ်ပျော်စေခဲ့သည်။ ဖခင်ပြောဖူးသည့် လွန်လေပြီးသောအခါက တပင်ရွှေထီး၊ ဘုရင့်နောင်၊ အလောင်းဘုရားတို့၏ စစ်တိုက်ခန်းများသည် မောင်ပြုံးချို၏ ဝမ်းတွင်း၌ ကိန်းအောင်းလျက်ရှိသော ခြောက်ကပ်လုနီးနီး မြန်မာ့သွေးကို ဆူပွက်စေခဲ့သည်။ ဘုန်းတော်ကြီး ဦးဝါယမ ဟောဖူးသော ငါးရာ့ငါးဆယ်၊ ဇာတ်တော်ကြီးဆယ်ဘွဲ့တို့သည် ရှင်တော်ဘုရား၏ လွန်လေပြီးသောအခါက ဖြစ်စဉ်တော်များဖြစ်သည့်အလျောက် မောင်ပြုံးချို၏သဒ္ဓါစိတ်ကို ဖွံ့ဖြိုးစေခဲ့သည်။ ယခု ဦးဖိုးရှင်း အတိတ်ဆောင်မည့် လွန်လေပြီးသောအခါက အင်းသမိုင်းပုံပြင်သည် မြို့ပိုင်ကလေးမောင်ပြုံးချို၏ စိတ်ကို မည်ကဲ့သို့ ဖြစ်စေဦးမည်နည်း။

***

အင်းလေလံပွဲတွင် အင်းများကို မရအရ ဆွဲဝယ်ပြီးသော အင်းသူကြီးများသည် အင်းဖိုးငွေများကို မပျက်မကွက်ပေးဆောင်ကြရမည် ဖြစ်သည်။ သတ်မှတ်သောနေ့ရက်တွင် အင်းဖိုးငွေများကို မပေးဆောင်လျှင် မည်သို့ အရေးယူမည်နည်း။ သူတို့ အာမခံအဖြစ် တင်ပြချုပ်ဆိုထားသော ပစ္စည်းများကိုရောင်းချ၍ အင်းဖိုးငွေအဖြစ် ကောက်ယူမည်ဖြစ်သည်။

မြို့ပိုင် မောင်ပြုံးချိုသည် ထိုပစ္စည်းများကိုစစ်ဆေး၍ အင်းခံဝန်စာချုပ်များကို ချုပ်ဆိုရန် ဇီးဖြူကုန်းရွာကလေးသို့ ရောက်ရှိလာလေသည်။

အနည်းငယ် စောသေးသောကြောင့် အင်းသူကြီးများ မလာရောက်ကြသေးသဖြင့် သူတို့ကို စောင့်မျှော်ရင်း မိမိ၏ ရွာသူကြီးများအပြင် သူကြီးဟောင်း ဦးဖိုးရှင်း၊ ရဲအုပ် ဦးသာရင်တို့နှင့်အတူ ထွေရာလေးပါးစကားပြောနေ လေသည်။ ထိုသို့စကားပြောနေရင်း အင်းအကြောင်းသို့ ရောက်ရှိသွားလေရာ သူကြီးဟောင်း ဦးဖိုးရှင်းက "မြို့အုပ်မင်းနှယ်၊ အခုလို အင်းခံဝန်လုပ်တဲ့နေ့များကျတော့ မြို့အုပ်တို့၊ နယ်ပိုင်တို့၊ အင်းအခွန်ဝန်တို့ရဲ့အိတ်တွေဟာ ဖောင်းသွားတာပေါ့"ဟု နိဒါန်းသွယ်လိုက်လေသည်။

"ဟိုခေတ်တုန်းကလို့ ပြောပါဗျာ၊ အခု ဒီလိုဟာတွေ မရှိတော့ပါဘူး"

ခေတ်သစ်ရဲအုပ် ဦးသာရင်က ခေတ်သစ်ကို အထိမခံနိုင်သဖြင့် ဝင်၍ ကာလေသည်။

"ကျွန်တော်ကလည်း ဟိုတုန်းက ပြောတာပါပဲ။ အခုတော့ ဒါမျိုးတွေ ရှိတယ် မရှိတယ်လည်း မသိပါဘူး"

"ကဲ ကဲ ဦးဖိုးရှင်း၊ ဟိုတုန်းက အိတ်ဖောင်းပုံတွေ ပြောစမ်းပါဦး" မောင်ပြုံးချိုသည် လွန်လေပြီးသောအခါက အင်းသမိုင်းကို နားဆင်လိုသောကြောင့် ဦးဖိုးရှင်းအား တောင်းပန်လိုက်လေသည်။

"ဖောင်းဆို မြို့အုပ်မင်းနှယ်"ဟု အစချီလိုက်ပြီးနောက် ဦးခေါင်းကို သုံးလေးခါမျှ ဘယ်ပြန်ညာပြန် ချိုးလိုက်ပြီးလျှင် လက်ထဲမှ ပြောင်းဖူးဖက် ဆေးလိပ်ကြီးကို ဘေးတွင် အသာချကာ ခေတ်ဟောင်းကအင်းသမိုင်းကို ပြန်ပြောင်း၍ အစီရင်ခံရလေသတည်း။

"ဟိုတုန်းက အင်းဆွဲတဲ့ အင်းဖိုးငွေတစ်ရာကို တစ်ဆယ်နှုန်းနဲ့ ခံဝန်လုပ်တဲ့အရာရှိကို ပေးရတယ်။ အဲဒါ ထုံးစံကြီး ဖြစ်နေတာပဲ။ အင်းကို တစ်ထောင်နဲ့ဆွဲရင် အရာရှိကို တစ်ရာပူဇော်ရတယ်"

"မပူဇော်ရင်ကော ဗျာ"

"မပူဇော်ရင် ဖမ်းစားမှာပေါ့"

"ဘာလို့ ဖမ်းစားရမှာလဲဗျ၊ ဖမ်းစားတဲ့လူကို ပရိတ်ရွတ်လွှတ်လိုက်တာပေါ့"

"မြို့အုပ်မင်း ဒီလိုလည်း မပြောနဲ့လေ။ ဟိုခေတ်က မြို့အုပ်မင်း ဒီအလုပ်မျိုးနဲ့ဆိုရင်လည်း လွတ်ချင်မှ လွတ်မှာ"



မောင်ပြုံးချိုသည် ဦးဖိုးရှင်း၏ နောက်ဆုံးစကားကို အောင့်သက်သက်နှင့်မကျေမနပ်ဖြစ်သွားလေသည်။ သို့သော်လည်း ပြန်လည်ချေပရန် စကားစ ရှာမတွေ့မီ ဦးဖိုးရှင်းက စကားဆက်ပြန်သည်။ "ဒီဟာ ထုံးစံဖြစ်နေတာပဲ။ မကောင်းဘူး၊ မကောင်းဘူးလို့တော့ ပြောကြပါရဲ့။ ဘယ်သူမှ ဒီမကောင်းတဲ့ ထုံးစံကြီးကို ဖျက်မပစ်ဘူး။ ဖျက်လည်း ရမယ် မထင်ပါဘူး။ သူ့အရှိန်နဲ့ သူသွားနေတာပဲ"

"အင်း တယ်ဆိုးဗျာ နော်"

"ဟုတ်ကဲ့၊ ပြီးတော့ အင်းသူကြီးဆိုတဲ့လူမျိုးကလည်း ကလိမ်ကျနေတာက များနေတာကိုး။ အဲဒီလို ကယိမ်ကျနေတော့ ကလိမ်လို့ရအောင် ငွေထိုးကြတာပေါ့။ ဥပမာ ခံဝန်ပစ္စည်းစာရင်းထဲမှာ သစ်လေးပင်၊ ပျဉ်ထောင်ပျဉ်ခင်း၊ သွပ်မိုးအိမ် တစ်၊ တန်ဖိုး ငါးထောင်လို့ ထည့်ထားပေမဲ့ သွားစစ်ဆေးတော့ နော်နီ နော်နဲ့နဲ့၊ လေတိုက်ရင် လဲတော့မယ့်အိမ်မျိုး ဖြစ်နေ။ အဖိုးငွေ ငါးဆယ်စီတန်တဲ့ နွားထီးဆယ်ကောင်လို့ စာရင်းပြထားပြီး သွားစစ်တော့ နှစ်ကောင် တွေ့လိုတွေ့၊ တစ်ကောင်မှမတွေ့ဘဲ နေလိုနေ၊ သူများနွားတွေ ဆွဲပြလိုပြ၊ လယ်ကွက်ထဲက သူများနွားတွေ လက်ညှိုးထိုးလိုထိုး လုပ်ကြတာပဲ။ အဲဒီတော့ ခံဝန်လုပ်ရအောင် လာတဲ့အရာရှိက ခံဝန်လုံလောက်အောင် မပေးနိုင်တဲ့အတွက် အင်းကို လေလံပြန်ပစ်ရလိမ့်မယ်လို့ မျက်နှာတင်းတင်းနဲ့ အသံမာမာထားပြီး ပြောလိုက်ရင်ပဲ အင်းသူကြီးဟာ ပျာပျာသလဲ ကုန်းရှိုး တော့မလို ခြေသလုံးဖက်တော့မလိုနဲ့ ဖြစ်နေပြီး အင်းသူကြီးအိတ်ထဲက ငွေစက္ကူထပ်ကြီးဟာ အရာရှိအိတ်ထဲရောက်သွားတာပေါ့။ ရောက်လည်း သွားရော တဲသာသာရှိတဲ့အိမ်ကလေးဟာ ငါးထောင်တန်တဲ့အိမ်ကြီးဖြစ်သွားပြီး နွားတစ်ကောင်မှ မရှိတဲ့ ကိုယ်တော်မြတ်ကြီးဟာလည်း နွားထီးဆယ်ကောင် ပိုင်ရှင်ကြီး ဖြစ်သွားတော့တာပဲ"

"အင်း အင်း၊ တယ်ဆိုးဗျာနော်"

"ပြီးတော့ ဒီအထဲက ရွာသူကြီးကလည်း စားလိုက်သေးတယ်"

"အင်း ပြောစမ်းပါဦး၊ ခင်ဗျား သူကြီးလုပ်တုန်းကလည်း စားတာပဲလား"

"ဟာ ရှင်းရှင်းပြောရရင် ဘာလွတ်မလဲ။ သို့ပေမယ့် သူများလို အဆမတန် မလုပ်ပါဘူး။ ကျွန်တော့အရင်လုပ်တဲ့ သူကြီးများ လက်မှတ်ကလေးထိုးပေးဖို့ကို ဦး နှစ်ကျပ်ခွဲ၊ ခါ နှစ်ကျပ်ခွဲ ယူတယ်"

"ဘယ့်နှယ် ဦး နှစ်ကျပ်ခွဲ၊ ခါ နှစ်ကျပ်ခွဲလဲ"

"အဲဒီသူကြီးနာမည်က ဦးခါတဲ့။ အင်းမဆွဲခင် အင်းဆွဲဝယ်ခွင့် လက်မှတ်လျှောက်ရသေးတယ် မဟုတ်လား။ အဲဒီလိုလျှောက်တဲ့အခါ ရွာသူကြီးရဲ့ ထောက်ခံတဲ့ လက်မှတ်ပါရတော့ ဦးခါက ငွေငါးကျပ်မရဘဲ ဘယ်တော့မှ လက်မှတ်ထိုး မပေးဘူး။ ဒါကြောင့် သူ့လက်မှတ်ရဖို့ ငွေငါးကျပ် ကုန်ရလို့ ဦးခါဆိုတဲ့ စာလုံးနှစ်လုံးဟာ တစ်လုံးကို နှစ်ကျပ်ခွဲစီ တန်တယ်။ ဦးနှစ်ကျပ်ခွဲ၊ ခါနှစ်ကျပ်ခွဲပေးမှ ဦးခါ လက်မှတ်ရတယ်ဟေ့လို့ လူတိုင်း ပြောနေကြပါတယ်"

"သြော် သြော် ဒီလိုလား"

"ပြီးတော့ ရှိသေးတယ်။ အင်းခံဝန်လုပ်တဲ့အခါမှာလည်း စာရင်းထဲမှာ ပြထားတဲ့အိမ်တို့၊ နွားတို့၊ လှည်းတို့ရှိမရှိ သူကြီးက ကျမ်းကျိန်ပြီး အစစ်ခံရသေးတော့ အင်းသူကြီးက ငွေမပေးရင် တို့တော့ ကျမ်းစူးမခံနိုင်ဘူးမောင်လို့ ပြောလိုက်တာပဲ။ အဲဒီတော့ သူကြီးလက်ထဲ ငွေအစိတ်သုံးဆယ်ဆိုသလို ရောက်လာပြန်တာပေါ့။ ဦးခါတို့များ ဒီလိုအခွင့်အခါမျိုးကျတော့ ဘယ်လက်နှေးမလဲ။ အဲဒီ သူကြီးပြုတ်ပြီး ကျွန်တော် သူကြီးဖြစ်တဲ့နှစ်ကျတော့ ကျွန်တော်နဲ့ သူနဲ့ကို တွေ့ရတော့တာပဲ"

"အင်း အင်း၊ ပြောစမ်းပါဦး"

"သူက အဲဒီနှစ်မှာ အင်းတစ်ခုကို လေလံဆွဲထားတော့ အင်းအခွန်ဝန်က ခံဝန်စာချုပ်လုပ်ဖို့ ရောက်လာပါရော။ အင်းအခွန်ဝန်ကိုတော့ သူတို့ ခံဝန်ပစ္စည်းစာရင်းတွေ လိမ်ပြပြီး ငွေတစ်ရာ့ငါးဆယ်ပေးထားပြီးပြီဆိုတာ ကျွန်တော်သိတယ်။ ကျွန်တော့ကိုတော့ ဦးခါက လက်ဖက်ရည်ဖိုးဆိုပြီး ပိုက်ဆံတစ်မတ် လာပေးတယ်။ ဒါနဲ့ ကျွန်တော်တို့လည်း အင်းအခွန်ဝန်က ဆင့်ထားတော့ ဇိုလ်ရုံကို သွားကြရတာပေါ့လေ။ ဟိုရောက်တော့ လားလား။ အင်းသူကြီးတွေဟာ အခွန်ဝန်ရှေ့မှာ အမြီးလေးတွေ ကုပ်ပြီး ထိုင်နေလိုက်ကြတာ နားရွက်တောင် မခတ်ရဲဘူး။ အင်းအခွန်ဝန်ကလည်း



ပိုက်ဆံမရသေးတဲ့လူကိုဖြင့် အော်လိုက်ငေါက်လိုက်၊ မာန်လိုက်မဲလိုက်နဲ့ လုပ်နေလိုက်တာ ရပြီးသားလူကျတော့ မျက်နှာချိုလေးသွေးလို့။ ဒါနဲ့ ဦးခါ ဆွဲထားတဲ့ အင်းကျတော့ ကျွန်တော့ကို ခေါ်ပါလေရော။ ကျမ်းတွေဘာတွေ တိုက်ပြပြီးတော့ အင်းအခွန်ဝန်မင်းက 'ဦးခါမယ် သစ်လေးပင်၊ ပျဉ်ထောင်ပျဉ်ခင်း သွပ်မိုး ငါးထောင်တန်အိမ်ရှိတယ်ဆိုတာ မှန်သလား'လို့ စာရေးနေရင်းက မေးလိုက်တော့ 'ဦးခါမယ် ငါးထောင်တန် အိမ် ရှိတယ် မရှိဘူးတော့မသိဘူး။ အခု ဦးခါနေတဲ့အိမ်ကိုဖျက်ပြီး ထင်းလုပ်ရောင်းရင် ဆယ့်ငါးကျပ် နှစ်ဆယ်လောက်တော့ ရကောင်းစရာ ရှိပါတယ်' လို့ မှန်တဲ့အတိုင်း အဖြေပေးလိုက်တော့ အင်းအခွန်ဝန်က 'ဘာ' ဆိုပြီး ကျွန်တော့ကို တော်တော်ကြာအောင် စိုက်ကြည့်နေရင်းက 'ခင်ဗျား ဘယ့်နှယ် ပြောတာလဲ' တဲ့။ ကျွန်တော်က 'မှန်တာ ပြောတာပါ'လို့ ဖြေလိုက်ပြန်တော့ "ဦးခါမယ် အဖိုးငွေ တစ်ကောင်လျှင် ငါးဆယ်စီလောက်တန်တဲ့ နွားထီး ခုနစ်ကောင် ရှိတယ်ဆိုတာ သူကြီးမင်း သိသလား'လို့မေးပြန်တာနဲ့ 'ဦးခါမယ် နွားမလေး တစ်ကောင်နဲ့ နွားထီးပိန်လေးတစ်ကောင်ရှိတာပဲသိတယ်'လို့လည်း ဖြေလိုက်ရော အင်းအခွန်ဝန်ဟာ ရေးနေတဲ့ ကလောင်ကို ပစ်ချလိုက်ပြီး 'ခင်ဗျား ဘာတွေ လျှောက်ပြောနေတာလဲ'လို့ ငေါက်ဆတ်ဆတ်ကြီး ပြောပြီး စိုက်ကြည့်နေတော့တာပဲ။ ဒါနဲ့ ကျွန်တော်က လေအေးလေးနဲ့ 'မှန်တာပြောနေတာပဲ အခွန်ဝန်မင်းဘုရား။ ကျွန်တော်မျိုးမယ် အသက်ကလည်း ငယ်ငယ်၊ သားတွေ၊ သမီးတွေနဲ့ ကျမ်းစူး မခံရဲပါဘုရား။ ဒါကြောင့် မှန်တာကို ထွက်ဆိုရတာပါ။ ဝန်မင်း ငွေတစ်ရာ့ငါးဆယ်ယူထားတာကိုလဲ ကျွန်တော်မျိုး မနာလိုစိတ်မရှိပါဘုရား' လို့ ချိုချိုနဲ့ နှံချလိုက်တာပေါ့"

"အင်း အင်း နောက် ဘာဖြစ်ကြတုံး"

"ဒီတော့ ဦးခါကြီးလည်း မျက်နှာပျက်ပျက်နဲ့ ကျွန်တော့နား ကပ်လာတယ်။ ပြီးတော့ 'ကျွန်တော်မျိုးတို့ရဲ့ အမှုတွဲ ခေတ္တဆိုင်းထားပါဦး။ မောင်ဖိုးရှင်းနဲ့ တိုင်ပင်စရာလေး ရှိသေးလို့ပါ'လို့ အင်းအခွန်ဝန်ကို လျှောက်ရင်း ကျွန်တော့ကို လက်ကုတ်ခေါ်သွားပါလေရော။ အခွန်ဝန်ကလည်း 'မင်းတို့ အချင်းချင်း ကျေနပ်အောင်ကြည့်လုပ်'ဆိုတဲ့ မျက်နှာထားမျိုးနဲ့ ဦးခါကို လှမ်းကြည့်လိုက်တယ်။ ဦးခါကြီးလည်း ကျွန်တော့ကို ခေါ်သွားရင်း တော်

တော်လေးလှမ်းတော့ 'ဘယ့်နှယ်လုပ်တာလဲ မောင်ဖိုးရှင်းရဲ့'တဲ့။ ကျွန်တော်က 'ဖိုးရှင်းတဲ့၊ ရှင်းရှင်းပဲလုပ်တတ်တယ်'လို့ ခပ်တည်တည် ပြောလိုက်တော့ 'ရော့ပါကွယ်'ဆိုပြီး ငါးကျပ်တန်တစ်ချပ် လက်ထဲထည့်လိုက်တယ်။ ဒါနဲ့ ကျွန်တော်က 'ဘာရမလဲ ဦးကြီးခါရယ်။ ခင်ဗျားတုန်းကတော့ လက်မှတ်ကလေးထိုးပေးရုံနဲ့ ဦးနှစ်ကျပ်ခွဲ ခါနှစ်ကျပ်ခွဲ ယူတယ်။ ကျွန်တော့ကျတော့ ကျမ်းစူးခံရမယ့်ကိစ္စကြီးကို ငါးကျပ် ပေးတယ်။ တယ် တရားတယ်'လို့ ခပ်ကျယ်ကျယ်လေး ပွက်လိုက်တော့မှ 'ကဲ ကဲ မောင်ဖိုးရှင်း၊ မောင်မင်းကြီးသား ကျမ်းလည်း မကိုင်ရပါဘူး။ အခု ဒါပဲ ယူထားပါဦး။ နောက်တော့လည်း ကြည့်ပါဦးမယ်။ စစ်ချက်ထဲမှာသာ လက်မှတ်ကလေးထိုးရုံ ထိုးပါတော့' လို့ဆိုပြီး နောက်ထပ် ငါးကျပ်တန်သုံးချပ် ထပ်ပေးသွားတယ်"

"ဒါနဲ့ ခင်ဗျားကလည်း ငြိမ်နေလိုက်ရောလား"

" ဟာ ငြိမ်နေလိုက်တာပေါ့။ အချောင်ရတာပဲ။ ကျွန်တော် ကျမ်းလည်း မကိုင်ရတော့ဘူး။ အင်းအခွန်ဝန်ဘာသာ လက်နှိပ်စက်နဲ့ ရိုက်ထားတဲ့ စစ်ချက်မှာသာ လက်မှတ်ထိုးရတော့တယ်။ သူ့ဟာသူ ဘာတွေ ရိုက်ထားမှန်းလည်း မသိပါဘူး။ တကယ်လို့ အင်းဖိုးမကျေလို့များ ခံဝန်ပစ္စည်းတွေ ဘာတွေ ဝရမ်းဖမ်းမယ်ဆိုရင် ဒုက္ခပဲ။ ဒီလိုဆိုရင်လည်း ကျွန်တော်မသိဘူး။ အခွန်ဝန်က လက်မှတ်ထိုးဆိုလို့ထိုးတာ၊ ဘာရေးထားမှန်းမသိဘူးလို့ ပြောမှာပဲ။ အမယ် ဒါပေမဲ့လို့ အင်းသူကြီးတွေဟာ နာမည်ပျက်ပြီး ရှေ့နှစ်တွေမှာ အင်းမဆွဲရမှာများတော့ အဝီစိမှာ ကမ္ဘာတစ်သိန်းခံရမှာထက် ကြောက် ပါသေးတယ်"

"အင်း တယ်ရှုပ်ကြတာကိုးဗျနော်"

ပျဉ်းကတိုးကုန်းသူကြီးဦးဘတင် ရောက်လာသည်နှင့် အင်းအကြောင်း စကားစပြတ်သွားပြီးလျှင် မကြာသေးမီက ဖမ်းဆီးခံရသော ဓားပြစိန်အေး တို့၊ ဆရာလှတို့အကြောင်းကို ဆက်လက် ဆွေးနွေးကြလေသည်။

***

ခေတ်ဟောင်းမှ အင်းသမိုင်းသည် ရှုပ်လည်းရှုပ်၏။ ပွေလည်း ပွေ၏။ လိမ်လည်း လိမ်၏။ ကောက်လည်း ကောက်၏။ ဇာတ်လိုက်ဖြစ်သော အင်းသူကြီးသည် ရှုပ်၏။ ဒုတိယဇာတ်လိုက်ဖြစ်သော အရာရှိသည် ပွေ



၏။ ဇာတ်ဖြည့်ဖြစ်သော ရွာသူကြီးသည် လိမ်၏။ နောက် ဒုတိယဇာတ်ဖြည့် ဖြစ်သောအင်းသားတို့သည် ကောက်၏။ ဇာတ်ထုပ်တစ်ခုလုံးသည် 'အမယ် ဘုတ်ကဲ့ သူ့ချည်ခင်' ဖြစ်နေလေသည်။

သို့သော် ခေတ်သစ် အင်းသမိုင်းသည် ရှင်းပါမည်လော။ ခေတ်သစ် အင်းဇာတ်ထုပ်သည် ပြတ်သားပါမည်လော။ ခေတ်သစ် အင်းဇာတ်လိုက်နှင့် ဇာတ်ဖြည့်များသည် တော်မှန်ပါမည်လော။

မြို့ပိုင်မောင်ပြုံးချိုသည် အဖန်အဖန် သုံးသပ်ဆင်ခြင်ရင်း အဝေးမှ လာနေကြသော အင်းသူကြီးတစ်စုကို စူးစိုက်ကြည့်နေလေသတည်း။

[စာရေးဆရာမဂ္ဂဇင်း ၁၉၄၃ အောက်တိုဘာလ၌ လွန်လေပြီးသောအခါ အမည်ဖြင့် ပါရှိခဲ့သည်။]

# တရားပွဲ

"မြန်မာ့ကာကွယ်ရေးတပ်မတော် စစ်သားစုဆောင်းရေးအတွက် မြို့ပိုင်နှင့် မြို့နယ်မှူးတို့ နက်ဖြန်နံနက် ၈ နာရီအချိန် ရွာဦးကျောင်းတွင် တရားဟောမည်ဖြစ်၍ တစ်အိမ်တစ်ယောက် လာကြရမည်။ ပျက်ကွက်က ဒဏ်ငွေ ၅ ကျပ်၊ သို့မဟုတ် ထောင်ဒဏ်အပြစ်ပေးခြင်း ခံရလိမ့်မည်"ဟူသော အထူးအာဏာရ သူကြီးမင်းဦးဖိုးဝ၏အမိန့်တော်ကို ယမန်နေ့ ညနေစောင်းကတည်းက ရွာဆော်ကြီးဦးလှဘော်သည် တစ်ရွာလုံး နှံ့စပ်အောင် ကြေညာထားပြီးဖြစ်သည်။ ထို့ကြောင့် ရွာဦးကျောင်း ဓမ္မာရုံအတွင်းဝယ် ဆူးပုပ်ကုန်း ရွာသူရွာသားတို့နှင့် ပြည့်နှက်လျက် ရှိလေသည်။

အချို့လူငယ်များလည်း မြန်မာ့တပ်မတော်ဟူသော အသံကို ကြားရုံမျှနှင့် ရဲစိတ်ရဲမာန် တက်ကြွပြီး ဝင်ရောက်အမှုထမ်းမည်ဟူသော စိတ်ဓာတ်နှင့် ဘာတွေများ ပြောဟောမည်နည်းဟု နားထောင်ရန် လာရောက်ကြလေသည်။ အချို့လည်း ဝတ်ကျေဝတ်ကုန် တစ်အိမ်တစ်ယောက်ဟူသော သူကြီးမင်း၏ အမိန့်ကြောင့်သာ လာရသည်။ စိတ်ဝင်စားခြင်း မရှိ။ ထို့ကြောင့် တရားနာပရိသတ်ထဲတွင် ခေါင်းဖြူစွယ်ကျိုး အဘိုးကြီး၊ အမယ်ကြီးအပြင် ကလေးနီတာရဲနှင့် သားသည်အမေများလည်း ပါလေသည်။ သူတို့သည် မြို့ပိုင်ကလေးနှင့် မြို့နယ်မှူးလာမည့်လမ်းဆီသို့ မကြာခဏကြည့်ရင်း စောင့်နေကြလေ၏။ မိန်းမလေးငါးယောက်မှာကား အချိန်ကို အလဟဿ မဖြုန်းဟူသောစိတ်ဓာတ်ဖြင့် သရက်ပင်ကြီးအရိပ်အောက်တွင် တစ်ယောက်နောက် တစ်ယောက်စီ၍ မြေကြီးပေါ်တွင် ထိုင်ချကာ ဆံပင်ဖြေချပြီးလျှင် သန်းရှာနေကြလေသည်။

မြို့ပိုင်နှင့် မြို့နယ်မှူးတို့ စီးလာကြသော လှည်းယဉ်ကလေးသည် နှင်းဆမ်းထားသည့် ရိုးဖြတ်များအကြားမှ လယ်ကွက်များကို ဖြတ်ကျော်ကာ



ကျောင်းဆီသို့ မောင်းနှင်လာလေသည်။ လှည်းမောင်းသူ ဦးဖိုးပြန့်သည် မိမိနွားအစွမ်းကို ပြလိုသောကြောင့် တံဖျာကို ဝေ့ကာဝေ့ကာ နွားကို တို့ကာ တို့ကာနှင့် အပြင်းနှင်လျက်ရှိရာ လှည်းပေါ်မှ လူနှစ်ယောက်မှာ လှည်းဆောင့်တိုင်း မြောက်၍မြောက်၍ သွားလေသည်။ လှည်းကလေးသည် ခဏမျှကြာသောအခါ ကျောင်းပေါက်ဝတွင် လာ၍ ရပ်လေသည်။

မောင်ပြုံးချိုသည် အကြောင်းမညီညွတ်သဖြင့် ဘောင်းဘီဝတ်၍ လာခဲ့ရာ ဘုန်းကြီးကျောင်းပေါက်ဝတွင် သုံးရာတန်ရှူးဖိနပ်ကို ချွတ်နေရပြန်သောကြောင့် အတော်ဟန်ပျက်နေလေသည်။ သူကြီးမင်းသည် တရားဟောမည့် ပုဂ္ဂိုလ်များအား ဓမ္မာရုံအတွင်းသို့ ရှေ့ဆောင်၍ ခေါ်သွားလေသည်။ မြို့ပိုင်သည် သူ့ရှူးဖိနပ်ကို ဓမ္မာရုံအပေါက်ဝ လှေကားထိပ်တွင် ထားခဲ့ပြီး သူကြီးခေါ်ရာသို့ လိုက်သွားလေသည်။

တရားဟောရန်အတွက် သူကြီးမင်း ပြင်ဆင်ထားသောနေရာ ဓမ္မာရုံသည် ခြောက်ခန်းပတ်လည် သမံတလင်းခင်းလျက် အတော်ကျယ်ပြန့်သည်။ ဥဏ်တော်ခြောက်တောင်ခန့်ရှိ၍ ဗုဒ္ဓဘုရားရှင်၏ ရုပ်ပွားတော်ကြီးသည်လည်း သပ္ပာယ်လှပါပေသည်။ ထိုရုပ်ပွားတော်ကြီး၏ ရှေ့တည့်တည့်တွင် တစ်ပေခန့်မြင့်သော တရားဟောပလ္လင်ကလေးတစ်ခု ရှိသည်။ တရားဟောပုဂ္ဂိုလ်များနှင့် ရပ်ရွာပေါ်ရှိ သူကြီးမင်းနှင့်တကွ ရာဉက္ကဋ္ဌမင်း၊ ဆယ်ဉက္ကဋ္ဌမင်း၊ ဆယ်အိမ်ခေါင်းမင်း၊ ရွာဆော်မင်း အစရှိသော မင်းအပေါင်းတို့ ထိုင်ရန်အတွက် တရားဟောပလ္လင်၏ ရှေ့နားတွင် သင်ဖြူးအချောစားလေးချပ်ခင်းထားလေသည်။ မင်းမဟုတ်သည့် ရွာသူ ရွာသားရိုးရိုးများကိုကား ထိုမွန်မြတ်လှသော ဖျာများပေါ်တွင် ထိုင်ခွင့်မပြု။

တရားဟော ပုဂ္ဂိုလ်များသည် မိမိတို့အား ပေးအပ်သည့်နေရာတွင် အခန့်သား တင်ပျဉ်ခွေထိုင်လျက် ဓမ္မာရုံတစ်ခုလုံးပြည့်နှက်လျက်ရှိသော ပရိသတ်ကြီးကို ကြည့်ရင်း ပီတိဖြစ်နေစဉ် ကျောင်းထိုင်ဘုန်းတော်ကြီးကြွလာရာ တရားပလ္လင်ပေါ်တွင် တင်ပျဉ်ခွေ ထိုင်နေတော်မူပြန်ရာ တရားဟောဆရာတို့သည် မိမိတို့ တင်ပျဉ်ခွေများကို ဖြုတ်ပြီးလျှင် ဘုန်းတော်ကြီးဘက်သို့ လှည့်ကာ လက်အုပ်မိုး၍ ရှိခိုးရပြန်လေသည်။

"ကဲ လူစုံပြီ ထင်ပါရဲ့"ဟု သူကြီးမင်းက ပြောလိုက်ရာ

"စုံပါပြီ"ဟု ရာဇဝတ္တဌမင်းက အဖြေပေး၍

"ကဲ စုံရင် ငါးပါးသီလ ယူရအောင်"ဟု ဆိုလိုက်လျှင် ပရိသတ်အပေါင်း သူတော်ကောင်းတို့သည် ဦးချ၍ 'ဩကာသ၊ ဩကာသ'ဟု ကန်တော့ပန်းဆင်ကြလေတော့ရကား ဘောင်းဘီတိုနှင့် အထိုင်ရခက်နေသော မြို့ပိုင်ကလေးမှာ သီလခံ၍ မပြီးမချင်း အကြပ်အတည်းနှင့် တွေ့နေလေ၏။ သူသည် ဘုန်းတော်ကြီး ရွတ်နေသည်ကိုလည်း မကြား။ သူကိုယ်တိုင် ဘာဆိုနေသည်ကိုလည်း သတိမရ။

'တို့က ဒီရွာက စစ်သားစုဆောင်းရေးအတွက် တရားဟောရအောင် လာတာ၊ တို့မဟောရဘဲ တို့ကိုများ အဘိဓမ္မာတရား ပြန်ဟောလွှတ်မလို့လား၊ သူကြီးဆီ အမိန့်စာရေးတာများ မှားသလား။ တရားဟောလာမည်ဟု ရေးရမည့်နေရာ တရားနာလာရမည်ဟုများ မှားရေးမိလေသလား။ ဒီလိုလည်း မဖြစ်နိုင်ပါဘူး' မောင်ပြုံးချိုသည် တွေးချင်တိုင်းတွေး၍ နေလေသည်။

ဘုန်းတော်ကြီးသည် 'အပ္ပမာဒေန သမ္ပာဒေထ'နှင့် နိဂုံးချုပ်လိုက်ရာ ပရိသတ်ကလည်း 'အာမဘန္တေ ပါ အရှင်ဘုရား'ဟု ပါဠိမြန်မာ ရောစပ်ထားသော စကားဖြင့် အဆုံးသတ်လိုက်ကြမှ မောင်ပြုံးချိုသည် အတွေးရပ်သွားလေသည်။

ပရိသတ်သည် အညောင်းဖြေရင်း နေရာပြင်ထိုင်ကြသည်။ ဘုန်းတော်ကြီးသည် "အဟမ်း၊ အဟမ်း"နှင့် အာခေါင်ရှင်းနေပြန်သောကြောင့် "တရားများ ဆက်ဟောနေရင်တော့ ခက်တာပဲ"ဟု စိတ်ရှုပ်နေစဉ် 'မြို့ပိုင်ဆိုတာ ဘယ်သူလဲကွဲ့"ဟု မေးလေသည်။

"အရှင်ဘုရားရှေ့ကပါ ဘုရား"ဟု သူကြီးမင်းက ဖြေသည်။

ဘုန်းတော်ကြီးသည် ကိုယ်ကိုရှေ့သို့ကိုင်း၍ ကြည့်သည်။

"ငါ့ရှေ့က ကုလားလို ဝတ်ထားတဲ့ လူလား"

မည်သူမှ အဖြေမပေးကြ။ မောင်ပြုံးချိုက ပြုံး၍ ဘုန်းတော်ကြီးကို ကြည့်သည်။

"နာမည်က ဘယ်သူတဲ့တုံး"

"မောင်ပြုံးချိုပါ ဘုရား"

"အသက် ဘယ်လောက်ရှိပြီလဲ"



"အစိတ်ပါ ဘုရာ့"

"ဩော် ဩော် ငယ်ငယ်ရှိပါသေးသလား။ ဘယ်အရပ်ဇာတိလဲ"

"မန္တလေးကပါ ဘုရား"

"ဩော် ဩော် မန္တလေးကကိုး။ မန္တလေးမယ် ဘုန်းကြီးတွေ သိပ်များတာပဲပေါ့။ တချို့ဘုန်းကြီးတွေ တယ်ဆိုးဆိုပါကလား"

"အကောင်းလည်းရှိ၊ အဆိုးလည်း ရှိပါတယ် ဘုရား"

"အေး အေး၊ မင်း လူတွေ သိပ်ထောင်မချနဲ့နော်"

"မှန်ပါ ဘုရား"

"ဟိုတစ်ယောက်က မြို့နယ်မှူးဆိုတာလား"

"မှန်ပါတယ် ဘုရား" မြို့နယ်မှူးက ဖြေလေ၏။

"မြို့နယ်မှူးနဲ့ မြို့ပိုင်နဲ့ ဘယ်သူက ကြီးသတုံး"

"ဌာနတစ်ခုစီပါ ဘုရား။ မြို့ပိုင်ဆိုတာ အစိုးရက ခန့်တဲ့ပုဂ္ဂိုလ်ဖြစ်ပါတယ်။ မြို့နယ်မှူးဆိုတာ မြို့နယ်အတွက် ဒို့ဗမာ ဆင်းရဲသားအစည်းအရုံးဆိုတဲ့ နိုင်ငံရေးအဖွဲ့အစည်းက ခန့်တာပါဘုရား" မြို့နယ်မှူးက ရှင်းပြ လေသည်။

"တို့ရွာက ဘယ်သူဟဲ့၊ ဟို ကျေးရွာမှူး ဟုတ်လား။ သူက ပြောတော့ မြို့နယ်မှူးဟာ မြို့ပိုင်တို့ သူကြီးတို့ကို ဖြုတ်ပစ်နိုင်တယ် ဆိုပါကလား"

"တိုက်ရိုက်ဖြုတ်နိုင်တယ်လို့ မဆိုပါဘုရား။ အစိုးရဘက်က လူတွေ မဟုတ်မတရားလုပ်ရင် ဆိုင်ရာက အရေးယူအောင် တိုင်ကြားနိုင်ပါတယ် ဘုရား"

"ဒါဖြင့် ဒကာကြီးတို့က စုံထောက်တွေပေါ့"

"ဆိုပါတော့ ဘုရား"ဟု မြို့နယ်မှူးက ဖြေသည်။

မြို့ပိုင်ကလေး မောင်ပြုံးချိုကား ဘယ်လိုမျှ ဝင်၍ မပြော။ စကားရှည်မည်စိုး၍ ဆိတ်ဆိတ်သာ နေလိုက်လေသည်။

"ကဲ ကဲ ဟောကြပါတော့ မင်းတို့တရားတွေ၊ ငါလည်း နားထောင်ရဦးမယ်"

မြို့နယ်မှူးသည် မတ်တတ်ရပ်လိုက်လေသည်။ ထောင့်တစ်ထောင့်မှ ကလေးတစ်ယောက် စူးရှသောအသံနှင့် အော်လိုက်၍ မိခင် စုတ်သပ်ရင်းချော့သံကို ကြားရသည်။

"အရင်တုန်းကဆိုရင် အခုလိုမြို့ပိုင်တွေ အစိုးရအရာရှိတွေနဲ့ ကျုပ်တို့လို နိုင်ငံရေးသမားတွေ ယှဉ်တွဲလာတာကို ခင်ဗျားတို့တွေ့ရမယ် မဟုတ်ဘူး။ အခုခေတ်ဟောင်းပျောက်လို့ ခေတ်သစ်ရောက်လာတဲ့အခါမယ် အစိုးရအရာရှိတွေရော နိုင်ငံရေးသမားရော တစ်ဦးနဲ့တစ်ဦး တိုင်တိုင်ပင်ပင် စခန်းသွားနေကြတာကို ခင်ဗျားတို့ မြင်ကြရပြီ"အစရှိသည်ဖြင့် နိဒါန်းစပျိုးပြီးလျှင် အင်္ဂလန်ပြည်အကြောင်း၊ အမေရိကန်နှင့် ရုရှားအကြောင်းပါ မကျန် မကောင်းတာတွေကို ထုတ်နုတ်ပြီး တတ်သရွေ့ မှတ်သရွေ့ ပြောဟောပြီးနောက် ဂျပန်ကို အမွှမ်းတင်ကာ ဦးကာချဲ့၍ ဟောသည်။ ပရိသတ်အပေါင်းတို့သည် လိုက်လိုက်လှဲလှဲ စိတ်ဝင်စားလှကြသောကြောင့် တိုင်ကိုမှီ၍ ငိုက်သူငိုက်၊ ဆေးပေါ့လိပ်ကြီးနှင့် မှိန်းသူမှိန်း၊ နောက်ပိုင်းမှ အချင်းချင်း တီးတိုးပြောသူပြောလျက်ရှိကြကုန်၏။ တရားပလ္လင်ပေါ်မှ ဘုန်းတော်ကြီးမှာလည်း နောက်မှီကို မှီပြီးလျှင် စက္ကူတော်အစုံကို ပိတ်၍ တစ်ချက်တစ်ချက် 'ဂေါ ဟော ဂေါ'ဟူသော ဟောက်သံထွက်ပေါ်လာသောကြောင့် တက္ကသိုလ် ကျောင်းထွက် မောင်ပြုံးချိုသည် ဘုန်းတော်ကြီး ကျိန်းစက်တော်မူနေပြီကို အလွယ်ကလေးနှင့် ကောင်းစွာရိပ်မိလေ၏။ တစ်နာရီခန့်ကြာသောအခါ မြို့နယ်မှူးသည် တရားဟောပြီးသွားလေ၏။ မည်သူမျှ လက်ခုပ်မတီးကြ။

မောင်ပြုံးချိုသည် တရားဟောရန် မတ်တတ်ရပ်လိုက်လေသည်။

"ဖတ် ဖတ် ဖတ် ဖတ်"ဟူသော အသံကို ကြားရသောကြောင့် မိမိအား ပွဲတောင်းသော လက်ခုပ်သံလေလောဟု သံသယမကင်း ဖြစ်မိသဖြင့် အသံလာရာသို့ ကြည့်လိုက်ရာ မိန်းမ ခပ်ရွယ်ရွယ် တစ်ယောက်သည် မိမိသားငယ်ကို နို့တိုက်နေရင်း ချစ်စနိုးသောကြောင့် တင်ပါးကို မနာအောင် ရိုက်နေသည်ကို တွေ့ရလေသည်။ သူသည် မြို့နယ်မှူး၏ တရားကိုလည်း မနာလိုက်။ မြို့ပိုင်၏ တရားကိုလည်း နာမည်မဟုတ်။ ပရိသတ်ကိုလည်း သူ သတိမထား။ ပတ်ဝန်းကျင်ကိုလည်း သူမမြင်။ သူ့သားငယ်မျက်နှာကိုသာ ကြည့်၍ ကြည်နူးနေသည်။ စင်စစ်အားဖြင့် ထိုအချိန်တွင် သူသည် ကမ္ဘာလောကကြီးတစ်ခုလုံးကို သတိမေ့နေလေသည်။

မောင်ပြုံးချိုက တပ်မတော်ကြီး၏ အရေးပါ အရာရောက်ပုံ၊ စစ်တပ်မရှိသောလူမျိုးသည် အလွန်အောက်တန်းကျသည့်အကြောင်း၊ မြန်မာ့တပ်မ



တော်သည် မြန်မာ့ရန်သူဟူသမျှကို ဖြိုဖျက်မည့် အင်အားစုကြီး ဖြစ်ကြောင်း အစရှိသည်ဖြင့် ဟောပြောလျက်ရှိစဉ် "ခင်ဗျားတို့မြန်မာ့ရန်သူဟာ ဘယ်သူလဲ သိလား"ဟု မေးလိုက်လေ၏။ မည်သူမျှ မဖြေကြ။

"မြန်မာ့ရန်သူဟာ ဘယ်သူလဲ" ထပ်၍ မေးပြန်သည်။

စကားပြန်မရ။

"မြန်မာဖြစ်ပြီး မြန်မာ့ရန်သူ မသိဘူးလား။ မြန်မာ့ရန်သူဟာ ဘယ်သူလဲ" ခပ်ကျယ်ကျယ် အော်လိုက်ရာ

"ချစ်တီး"ဟု နောက်နားမှ လူတစ်ယောက်က ဖြေသောကြောင့် "ဟုတ်တယ်၊ ဟုတ်တယ်" ဝိုင်း၍ ထောက်ခံကြသဖြင့် ဆူညံသွားလေသည်။ ငိုက်နေသူများလည်း မျက်လုံးကျယ်လာလေသည်။ စိတ်မဝင်စားသောသူများလည်း "ဘာပါလိမ့်မလဲ"ဟု နားစိုက်ထောင်လာလေသည်။

တရားပလ္လင်ပေါ်မှ ဘုန်းတော်ကြီးလည်း ကျိန်းစက်ရာမှ နိုးလာ၍ "အဟမ်း၊ အဟမ်း"ဟု အာခေါင်ရှင်းပြီးလျှင် တောင်မြောက်လေးပါးကို ကြည့်နေလေသည်။

မောင်ပြုံးချိုလည်း အားတက်လာကာ "တပ်မတော်ကြီး အင်အားကောင်းရင် တိုင်းပြည်အင်အားကောင်းမယ်။ တိုင်းပြည်အင်အားကောင်းရင် ခင်ဗျားတို့ ခုနင်ကပြောတဲ့ ချစ်တီးလို ရန်သူမျိုးကို မပြောနဲ့ ဒီထက်ကြီးမားတဲ့ ရန်သူကြီးတွေတောင် ဖြိုခွင်းနိုင်တယ်။ ခင်ဗျားတို့ ချစ်တီးထက် ကြီးမားတဲ့ ရန်သူတွေ ခင်ဗျားတို့ မသိကြဘူးထင်တယ်"

"သိပါတယ်" အသံတစ်သံ။

"ဘယ်သူလဲ"

"ချွေးတပ်ဂျပန်" အသံတစ်သံ။

"နွားဂျပန်" နောက်တစ်သံ။

"လေယာဉ်ပျံကွင်း ဂျပန်" နောက်ထပ်တစ်သံ။

"ဟေး ဟေး၊ ဟိုး ဟိုး ဟိုး။ ဒါတွေမပြောနဲ့ ဒါတွေပြောရင် မကောင်းဘူး။ ခင်ဗျားတို့ ဂျပန်စစ်ပုလိပ်သိသွားရင် အဖမ်းခံရလိမ့်မယ်။ ကျုပ်တို့ကို ဗုံးတွေချ၊ စက်သေနတ်တွေနဲ့ပစ်၊ လုပ်နေတဲ့ အင်္ဂလိပ်၊ အမေရိကန်တွေကော ကျုပ်တို့ရန်သူ မဟုတ်ဘူးလား"

"အဲဒါက ရှောင်နေရင် လွတ်သေးတယ်။ ဒီချွေးတပ် ဂျပန်တို့၊ နွား ဂျပန်တို့၊ လေယာဉ်ပျံကွင်း ဂျပန်တို့က ပြေးလို့ မလွတ်ဘူး"

"အင်း၊ ဒါဖြင့် ချွေးတပ်တွေစု၊ နွားတွေစု၊ လေယာဉ်ပျံ ကူလီတွေ အတင်းဆင့်လုပ်နေတဲ့ ကျုပ်တို့လို အရာရှိတွေကော ရန်သူ မဟုတ်ဘူး လား"

"ဒါတော့ ဘယ်ရန်သူ ဟုတ်မလဲ။ ဂျပန်ခိုင်းတာ လုပ်နေတာကိုး။ ပါးရိုက်မှာလည်း ကြောက်ရသေးတယ်။ ဒါပေမဲ့ ဝတ္တရားထက် ပိုလုပ်ပြီး မြန်မာတွေကို ညှဉ်း၊ ဂျပန်ကို မျက်နှာရအောင် လုပ်တဲ့လူတော့ ကျွန်တော်တို့ ရန်သူ ခေါ်ရမယ်"

မောင်ပြုံးချိုသည် ကျေးရွာရှိ တောင်သူလယ်သမားတို့ အသိအမြင် ကျယ်ပြန့်လာပုံကို နှစ်သိမ့်လျက် ရှိလေသည်။

"ကဲ ကဲ ဒါတွေကိုပြောနေရင် ပြီးမှာ မဟုတ်ဘူး။ ကျွန်တော် အတိ အလင်း ပြောခဲ့မယ်။ မြန်မာ့တပ်မတော်ဟာ မြန်မာတွေအားလုံးရဲ့ တပ်၊ ခင်ဗျားတို့တပ်၊ ကျွန်တော်တို့ တပ်၊ ဘုန်းတော်ကြီးတွေရဲ့ တပ်။ အမျိုးသား အားလုံးရဲ့ တပ်။ ခင်ဗျားတို့ ခုနင်ကပြောသလို မြန်မာ့အကျိုး ယုတ်အောင် လုပ်တဲ့လူ၊ မြန်မာတွေကို နှိပ်စက်တဲ့လူတွေဟာ မြန်မာ့ရန်သူချည်းပဲ။ အဲဒီ ရန်သူတွေကို တိုက်ခိုက်ဖို့၊ မြန်မာတပ်မတော်အင်အားကြီးမားအောင် လုပ်ဖို့က ခင်ဗျားတို့၊ ကျွန်တော်တို့ မြန်မာတွေ တစ်မျိုးသားလုံးရဲ့ တာဝန်ပဲ"အစရှိသည် ဖြင့် လက်ညှိုးကလေးတငေါက်ငေါက်၊ ခြေဖျားကလေး တထောက်ထောက်နှင့် စိတ်ပါလက် ပါ ဟောပြောပြီးလျှင် နာရီဝက်ခန့်ကြာသောအခါ "ဒါကြောင့်မို့လို့ ခင်ဗျားတို့တစ်တွေ တပ်မတော်ထဲဝင်ကြပါ။ ခင်ဗျားတို့ကိုယ်တိုင် မဝင်နိုင်ရင် သားတွေမြေးတွေ၊ တူတွေ၊ အမျိုးတွေ၊ ရည်းစားတွေကို ဝင်ဖို့ တိုက်တွန်း ကြပါ" ဟုပြောပြီး ထိုင်လိုက်ရာ လက်ခုပ်သံ ဆူညံသွားလေ၏။

ပရိသတ်များလည်း ပြန်ကြကုန်ပြီ။ တရားဟောပုဂ္ဂိုလ်များလည်း ပြန်ရန် ဟန်ပြင်နေကြသည်။ သူကြီးသည် မြို့ပိုင်အနားကပ်လာ၍ "ဒီရွာက ငါး ယောက်လောက်တော့ ဝင်ကြပါလိမ့်မယ် ဘုရား"ဟု ပြောလေသည်။

"ခင်ဗျား ဘုရားမထူးရဘူးလို့ ကျွန်တော်တို့အာဏာရှင်ကြီး အမိန့် ထုတ်ထားတာ မသိဘူးလား" မြို့နယ်မှူးက ခပ်ထန်ထန်ပြောလိုက်လေသည်။



"သိပါတယ် ခင်ဗျာ။ ယောင်သွားလို့ပါ"

"ဟုတ်တယ်။ နောက် ဘုရား ထည့်မပြောနဲ့နော်"ဟု မောင်ပြုံးချိုက ပြောလေသည်။

"မှန်ပါ ဘုရား"

"ပြောရင်းဆိုရင်း ခင်ဗျားတို့ကျွန်စိတ်တွေ မပျောက်ပါဘူး" မြို့နယ် မှူးက ကြိမ်းပြန်သည်။

"ဒကာလေး ဟောသွားတာ အတော်အားရစရာပဲ"ဟု ဘုန်းတော် ကြီးက ပလ္လင်မှဆင်း၍ ကေသီကိုယမ်းရင်း မိန့်ကြားပြီး ကျန်ရှိနေသေး သူတို့၏ ရှိခိုးခြင်းကို ခံယူပြီးနောက် ပြန်ကြွသွားလေ၏။

မြို့ပိုင်နှင့် မြို့နယ်မှူးတို့သည် သူကြီးမင်း၊ ဆယ်အိမ်ခေါင်းမင်း အစ ရှိသော ကျေးရွာမင်းအပေါင်း ခြံရံလျက် မွှောရုံမှ ထွက်လာခဲ့ကြလေသည်။

လှေကားသို့ရောက်သောအခါ မြို့ပိုင်မောင်ပြုံးချို၏ ဂျပန်ငွေ သုံးရာ ပေး၍ မကြာသေးမီကဝယ်ထားလိုက်သော ရှူးဖိနပ်ကို ငါးဆယ်တန်ခြေအိတ် နှင့်တကွ ရှာမတွေ့တော့ချေ။

[ထိုသုံးနှစ် ၁၉၄၅ ဒီဇင်ဘာ၌
လူထုနှင့် အစိုးရအရာရှိ အမည်ဖြင့် ပါရှိသည်။]

# သတိပေးခဲ့သူ

၁

'ဂျပန်သူလျှို'

ထိုစာအုပ်ကို ထိုခေတ်က စာဖတ်ဝါသနာပါသူတိုင်း ဖတ်ဖူးကြပေလိမ့်မည်။ ထိုစာအုပ်သည် အီတလီလူမျိုး 'Amleto Vaspa' ရေးသားသော 'Secret Agent of Japan'ကို အနက်ပြန်ထားခြင်းဖြစ်သည်။ ထိုဂျပန်သူလျှို စာအုပ်သည် မြန်မာဘာသာဖြင့် နှစ်မျိုးနှစ်စားထွက်ပေါ်လာခဲ့သည်။ တစ်မျိုးမှာ စာအုပ်အရွယ်ကြီး၍ နောက်တစ်မျိုးမှာ အရွယ်ငယ်သည်။ စာအုပ်အကြီးတွင် မူလစာရေးဆရာ ရေးသားသည့်အတိုင်း စာဖြတ်စာတောက် မရှိဘဲ မြန်မာဘာသာပြန်ထားသည်။ စာအုပ်အငယ်တွင်ကား အချို့နေရာများကို ချန်လှပ်ထားခဲ့လေသည်။ စာအုပ်ထွက်ပေါ်လာစတွင် အချို့သော စာဖတ်ပရိသတ်တို့က 'အင်္ဂလိပ်ဝါဒဖြန့်သော စာအုပ်တစ်အုပ်'ဟူ၍ အသိအမှတ်ပြုခဲ့ကြသည်။

'ဂျပန်သူလျှို'တွင် ဂျပန်စစ်ဝါဒီတို့ စိတ်ထားကောက်ကျစ်ပုံ၊ တိုင်းသူပြည်သားတို့အား အမျိုးမျိုးသောနည်းဖြင့် နှိပ်စက်ညှဉ်းပန်းပြုပုံတို့ကို ဖော်ပြထားလေသည်။ ဂျပန်သူလျှိုအဖြစ် အမှုထမ်းခဲ့ရသော စာရေးဆရာသည် မိမိတွေ့ကြုံခံစားခဲ့ရသမျှ အကြောင်းစုံကို ကွက်ကွက်ကွင်းကွင်း အသက်ပါပါ ရေးသားထားခြင်းဖြစ်သည်။

'ဂျပန်သူလျှို'ကို ဖတ်ပြီးသော မြန်မာတစ်ယောက်သည် တိုကျိုရေဒီယိုမှ ချိုအေးသာယာသော လေသံဖြင့် အလွန်ယဉ်ကျေးသည့် စကားလုံးများကို သုံးနေသော ဂျပန်လူမျိုးတို့သည် 'ဤမျှလောက် ယုတ်မာညစ်ညမ်း



အလွန်သရမ်းသည်မှာ ဟုတ်မှဟုတ်နိုင်ပါမည်လော' ဟု သံသယမကင်းဖြစ်မိပေလိမ့်မည်။

၁၉၄၂ ခုနှစ်တွင် နေမျိုးနွယ်တို့ မြန်မာတစ်ပြည်လုံးကို လွှမ်းမိုးသွားသောအခါ၌ သူတို့၏ ယုတ်မာညစ်ညမ်း လက်သရမ်းပုံတွေကို တို့မြန်မာများ ကိုယ်တွေ့ တွေ့ကြုံခံစားကြရလေရာ "စာအုပ်ကြီးအတိုင်း ပါပဲလားကရို့"ဟု မှတ်ချက်ချကြကုန်သည်။

ထိုအချိန်အခါသည် နေမျိုးနွယ်လက်ဝါးနှင့် တို့မြန်မာ့ပါးပြင် အစဉ်လိုလိုတွေ့ကြုံရ၍ တဖတ်ဖတ်မြည်နေသော သမယတည်း။

၂

မြို့ပိုင်မောင်ပြုံးချိုသည် ကပျာကသီနှင့်လျှောက်လာပြီးလျှင် လက်ပံတန်းမြို့ ၂ လမ်းရှိ 'ဦးဘတင်၊ ဘီအေ ဘီအယ်လ်၊ လွှတ်တော်ရှေ့နေကြီး'ဟု ကမ္ပည်းဆွဲထားသည့် ဆင်ဝင်အိမ်တစ်အိမ်အောက်သို့ ဝင်သွားလေသည်။

လက်ယာဘက် အလုပ်ခန်းအတွင်းရှိ စားပွဲတစ်လုံး၌ ထိုင်နေသည့် အသက်အရွယ်အားဖြင့် လေးဆယ်ကျော်ခန့်ရှိပြီဟု ထင်ရသော ပုဂ္ဂိုလ်ကြီးသည် မပြုံးမရွှင် ပကတိမျက်နှာထားနှင့်ပင် ဝင်လာသူအား မော်ကြည့်ပြီးလျှင် "လာ၊ မြို့အုပ်မင်း ထိုင်"ဟု ဆီးကြိုနှုတ်ဆက်လေသည်။

သူသည် အရွယ်ကျသလောက် အသက်မကြီးသေးချေ။ မိမိခံရမည့်ဝဋ်၊ သေရမည့်နေ့ကို သိနေသူကဲ့သို့ စိတ်နှလုံး မတည်ငြိမ်နိုင်ဘဲ တစ်နှစ်အတွင်း ဆယ်နှစ်ခန့် ရင့်ရော်သွားခဲ့သည်။ ယခုနှစ်ရက်အတွင်း သူသည် ပို၍ အိုမင်းခဲ့ပြန်သည်။ ထိုပုဂ္ဂိုလ်ကြီးကား 'ဆိုရှယ်လစ်ဝါဒနှင့် နိသျည်း' စာအုပ်ကို ရေးသားခဲ့သူဖြစ်သည်။ သူသည် 'ဂျပန်သူလျှိုစာအုပ်ကြီး'ကို ရည်ရွယ်ချက်ကြီးစွာနှင့် ဘာသာပြန်ခဲ့သူ လွှတ်တော်ရှေ့နေကြီး ဦးဘတင်ဖြစ်လေသည်။

မောင်ပြုံးချိုသည် သူညွှန်သည့် ကုလားထိုင်တွင် ထိုင်လိုက်သည်။ သူတို့နှစ်ယောက်စလုံး စကားမပြောကြ။ တစ်ယောက်ကို တစ်ယောက်ကြည့်နေကြသည်။ ယှက်ကျုံမရ သောကတွေလှိုင်လျက် ရှိကြသည်။ နှစ်ယောက်စလုံး စိတ်တင်း၍သာ မျက်ရည်မကျမိရန် စွမ်းအားရှိသမျှ ထိန်းနေကြသည်။

"ဘယ်လိုဖြစ်ကြတာတုံး ဆရာ" မောင်ပြုံးချိုသည် အက်ကွဲသော အသံဖြင့် မေးလေသည်။ မောင်ပြုံးချိုသည် သူ့ကို ဆရာဟု ခေါ်သည်။

အမှန်စင်စစ် သူသည် လက်ပံတန်းတစ်မြို့လုံး၏ ဆရာဖြစ်သည်။ သူသည် မြို့၏ ဗိုင်ကတ်တိုက်ကြီး ဖြစ်၏။ အဘိဓာန်ကြီးဟူ၍လည်း ခေါ်နိုင်သည်။ စာပေဗဟုသုတ ကြွယ်ဝသူ ပညာစွယ်စုံကျမ်းကြီးလည်း မည်၏။

"ကျုပ် စာအုပ်ကြီးအတိုင်းပေါ့ဗျာ"

သူသည် အေးအေးနှင့် လေးလေးကြီး ဖြေလေသည်။

သူတို့နှစ်ယောက်သည် အတန်ကြာအောင် ငြိမ်သက်နေကြပြန်သည်။

မောင်ပြုံးချိုသည် သူ့မျက်နှာကို မသိမသာ ကြည့်လိုက်သည်။ သူ့နဖူးတွင် ချွေးများစို့နေသည်။

"ကျုပ်တော့ ဘာမှ မသိဘူး။ တစ်နေ့က သာယာဝတီက လမ်းဝန်ထောက်ကို ဖမ်းတယ်။ နောက်တစ်နေ့ ကျုပ်တို့ မြို့နယ်မှူးကို ခေါ်သွားတယ်။ နောက်တစ်နေ့မနေ့က ကျုပ်တို့မြို့ပိုင်ကို ဆွဲသွားပြန်တယ်" ခဏမျှ ငေးပြီးမှ "အင်း၊ ကျုပ်ကိုလည်း ဘယ်တော့ဆွဲမလဲပဲ"ဟု အသည်းနှလုံးမှ ထွက်ပေါ်လာသောအသံဖြင့် တစ်လုံးချင်း ညည်းညူလိုက်လေသည်။

သူသည် ဆေးပြင်းလိပ်ကိုမီးညှိကာ ရှုရှိုက်၍ အခိုးတွေကို မှုတ်ထုတ်လိုက်လေသည်။

"အခု မြို့အုပ်မင်းက သာယာဝတီက လာတာလား"

"ဟုတ်ပါတယ်၊ တစ်နေ့က ဆရာ့ကို လာနှုတ်ဆက်ပြီး ကျွန်တော် သာယာဝတီကို ပြောင်းရတာပဲ။ အခု ဟိုရောက်လို့ ငါးရက်ပဲရှိသေးတယ်။ ဒီက မြို့ပိုင်ကြီးကို ခေါ်သွားပြန်တယ်ဆိုတော့ ခရိုင်ဝန်က အရေးတကြီး ကျွန်တော့ကို ပြန်ပို့လိုက်တယ်"

သူသည် ဆေးလိပ်မီးခိုးတွေကို မှုတ်ထုတ်လိုက်ပြန်သည်။

"သတိဝီရိယနဲ့ လုပ်လေ" ဟု အသံသဲ့သဲ့နှင့် သတိပေးလေသည်။

သူသည် အတော်စိတ်အိုက်နေဟန်တူသည်။ လက်ကိုင်ပဝါဖြင့် နဖူးမှ ချွေးများကို သုတ်လိုက်လေသည်။

"အခု ဘယ်ကလာသလဲ"ဟု မေးပြန်လေသည်။

"ကျွန်တော် စစ်ပုလိပ်ရုံးက ပြန်လာခဲ့တယ်"

'စစ်ပုလိပ် (ကင်ပေတိုင်)'ဟူသော အသံသည် သူ့အား တုန်လှုပ်ချောက်ချားစေသည်။ ထိုအသံကို ကြားလိုက်ရသောခဏ၌ သူသည် မျက်နှာ



ပျက်သွားလေ၏။ မောင်ပြုံးချိုက သူ့အကြောက်ပြေစေခြင်းငှာ စကားဆက်ပြောလေသည်။

"အခုခေါ်တာလည်း ဘာမှထူးတဲ့ ကိစ္စမဟုတ်ပါဘူးဆရာ။ မြို့ထဲမှာရှိတဲ့ခွေးတွေကို အားလုံးလိုက်သတ်ရမတဲ့။ ညကျရင် အူကြလွန်းလို့ ကောင်းကောင်း မအိပ်ရဘူးဆိုပဲ။ ပြီးတော့ ဒီခွေးတွေ ရူးပြီး လူတွေလိုက်ကိုက်လို့ရှိရင် ခွေးရူးပြန်တဲ့ရောဂါ ဖြစ်မှာစိုးရိမ်တော်မူသတဲ့။ သတ်ရမှာကလည်း လမ်းမှာလိုက်ပြီး တုတ်နဲ့ရိုက်သတ်ရမယ်။ ဒီတာဝန်ကို ပုလိပ်အဖွဲ့၊ မီးသတ်အဖွဲ့နဲ့ ကာကွယ်ရေးအဖွဲ့တွေကို ပေးရမယ်လို့ ပြောတယ်"

သူသည် ဘာမှမပြော တစ်ဖက်သို့ ငေး၍ ဆေးလိပ်မီးခိုးတွေကိုသာ မှုတ်ထုတ်နေသည်။ ရက်စက်ကြမ်းကြုတ်သော သွေးထွက်သံယိုမှုများကို ကြားလိုဟန် မတူ။ သူ့နားတွင် မဝင်ဆန့်။

ထိုစဉ်တွင် သူ့ဇနီးသည် ဧည့်သည်အတွက် ဆေးလိပ်ခွက်ချလာသည်။ အိမ်ရှေ့ဆင်ဝင်အောက်တွင် သူ့ကလေးတွေ ပြေးလွှားခုန်ပေါက်အော်ဟစ်ကာ ကစားနေကြသည်။ သူသည် မြင်လည်း မမြင်။ ကြားလည်း မကြား ဧည့်သည်ကိုလည်း သတိမရ။ သူ့စိတ်သည် မှောင်အတိ ပြည့်နေလေသည်။

ဦးဘတင်သည် ဂျပန်ကိုမြင်တိုင်း ဦးထုပ်ချွတ်၍ ဦးညွှတ်ခဲ့သည်။ ဂျပန်တွေ ကျေနပ်အောင် ခိုင်းသမျှကို အလိုက်သင့် ဆောင်ရွက်ခဲ့ရသည်။ ဂျပန်တွေ ကြိုက်အောင်နေ၍ ဂျပန်အကြိုက် ပြောခဲ့ရသည်။ ဂျပန်အကြိုက် ဟောခဲ့ရသည်။ ဂျပန် ဝါဒဖြန့်ခိုင်းသလို ဝါဒဖြန့်ရသည်။ တရားပွဲများတွင် 'အရှေ့အာရှ သာတူညီမျှစနစ်ကြီး'အကြောင်း အကောင်းရှာ၍ ချီးကျူးခဲ့ရသည်။ တို့ဗမာဆင်းရဲသားအစည်းအရုံးဖွဲ့စည်းသောအခါ မြို့နယ်ခေါင်းဆောင်အဖြစ် ခန့်ထားခြင်းခံရပြီးမှ အခြားတစ်ယောက်ကို ခန့်ပြန်သောကြောင့် သူ့ခမျာ ဝမ်းမြောက်စွာနှင့် ထိုရာထူးကို စွန့်ခွာခဲ့သည်။ သူ့ကို ဆက်လက်၍ 'အာဏာရှင်ကြီး'က ခန့်ထားလျှင်လည်း သူသည် မညည်း မညူဆောင်ရွက်ပေလိမ့်မည်။ သူ့ကို မခန့်ပြန်သောအခါလည်း သူ ဝမ်းမနည်း။

ယခု မြို့ပိုင်နှင့်မြို့နယ်မှူးတို့ကို 'ကင်ပေတိုင်' ဆွဲသွားလေပြီ။ သူသည် ဂျပန်ကို ပို၍ကြောက်လာ၏။ ထို့ကြောင့် ဂျပန်ကို ပို၍ ညာရလေတော့သည်။ စာတွေ့ မဟုတ်။ ငါတွေ့ တွေ့နေပြီတကား။

၃

ဦးဘတင်သည် နံနက်လမ်းလျှောက်ထွက်သွားကတည်းက ပြန်မလာတော့ချေ။

တရုတ်လို၀တ်ဆင်ထားသူ နှစ်ယောက်က ဦးဘတင်ကို မီးရထားလမ်းတစ်လျှောက် မြောက်ဘက်သို့ ခေါ်သွားသည်ဟု မြင်လိုက်ရသူများက ပြောကြသည်။

သူသည် ဖလေဇာအနက်အင်္ကျီ၊ ပိုးလုံချည်တစ်ပတ်နွမ်းကို ၀တ်ဆင်ကာ ဖော့ဦးထုပ် ဆောင်းလျက် ပါသွားလေသည်။ မည်သူမှလည်း နောက်မှ လိုက်၍ မကြည့်ဝံ့ကြ။

မြို့သူမြို့သားတို့သည်လည်း တမော့မော့နှင့် သူပြန်လာမည်ထင်သော လမ်းဆီသို့ မျှော်မှန်းလျက် ရှိကြသည်။

သူ့ဇနီးသည် နေမထိထိုင်မသာဖြစ်လျက် ကြောင့်ကြမကင်း ပူဆွေးခြင်း ဖြစ်နေလေပြီ။

မွန်းတိမ်းပြီ။ ဦးဘတင်ကား ပြန်မလာသေး။ သူသည် နံနက်စာပင် စားမသွားရ။ ယခုအချိန်ကျလျှင် ဆာနေပေတော့မည်။ သူ့ဇနီးသည် ထမင်းပွဲကို ကြည့်ရင်း လှိုက်လှိုက်လှဲလှဲ ဝမ်းနည်းကြေကွဲ ဖြစ်နေလေသည်။

ညနေစောင်းပြီ။ ဦးဘတင်ကား ပေါ်မလာသေး။ သူ့ဇနီးနှင့်တကွ မိတ်ဆွေသင်္ဂဟအပေါင်းတို့သည် နေနှင့်အတူလိုက်၍ ပူဆွေးကြောင့်ကြခြင်း အရှိန်သည် ပြင်း၍ပြင်း၍လာသည်။

ထမင်းစားချိန်ရောက်ပြီ။ ဦးဘတင်ကား ပြန်မလာသေး။

နေလုံးကွယ်ပျောက်ညဦးအချိန်ရောက်ပြီ။ ဦးဘတင်ကိုကား မမြင်ကြရ။

စာတွေ့မဟုတ်။ ငါတွေ့တွေ့နေရပြီတကား။

၄

ဂျပန်ကင်ပေတိုင် ဝါ၊ စစ်ပုလိပ်တို့သည် တစ်မြို့လုံး၏နှလုံးအိမ်ကို သိမ်းကျုံးဆုပ်ကိုင်ထားလေပြီ။ မည်သူမျှ ခေါင်းမဖော်ရဲ၊ လမ်းကိုပင် ခေါင်းမော်၍ မလျှောက်ဝံ့ကြ။ တစ်မြို့လုံး ဇက်ကျိုးရောဂါ စွဲကပ်လျက် ရှိလေပြီ။ စကားကိုပင် ကျယ်ကျယ်မပြောဝံ့ကြ။ အိမ်ရှေ့တွင် စစ်ပုလိပ်လျှောက်လျှင် အသာကုပ်၍ နေကြကုန်၏။ မိမိအိမ်များ ဝင်လာမည်လောဟု ရင်တထိတ်ထိတ် အသည်းတခုန်ခုန်နှင့် နေစရာမရှိအောင် ကြောက်ကြရလေသည်။



ထိုအချိန်အခါတွင် ဂျပန်စကားကို ခပ်သွက်သွက်ပြောတတ်သောကြောင့် စကားပြန်ရာထူးကို အပ်နှင်းခြင်းခံရသူများနှင့် မိမိခန္ဓာကိုယ်ကို အရင်းပြုကြကုန်သော မဂ္ဂတို့မှာကား ကြော့ကြော့မော့မော့နှင့် ပျော်တပြုံးပြုံး မော်မဆုံးဘဲ ရှိကြကုန်၏။

ဂျပန်စစ်ပုလိပ်ရုံးကား လက်ပံတန်းမြို့ဗိုလ်ရုံတွင် အခြေစိုက်လျက်ရှိသည်။ အစေခံတန်းလျားကို အချုပ်ခန်းအဖြစ် ပြုပြင်လိုက်သည်။ ထိုအချုပ်ခန်းထဲသို့ တရုတ်၊ ကုလား၊ မြန်မာ၊ ကရင်လူမျိုးမရွေး ဖမ်းဆီးချုပ်နှောင်ထားပြီးလျှင် လက်ပြန်ကြိုးတုပ်၍ ထုတ်ကိုဆွဲလိုဆွဲ၊ လက်သည်းခွံကို ခွာလိုခွာ၊ ရေနွေးပူကို နှာခေါင်းထဲ လောင်းလိုလောင်း၊ ကျာပွတ်ကြီးနှင့်ရိုက်လိုရိုက်၊ ဝါးရင်းတုတ်ကြီးနှင့် နှက်လိုနှက်နှင့်အမျိုးမျိုး နှိပ်စက်ညှဉ်းပန်းလျက် ရှိသည်။ ငွေစက္ကူလုပ်သည်ဆို၍ဖမ်း၊ သေနတ်ရှိသည်ဆို၍ဆွဲ၊ အင်္ဂလိပ်လူဆို၍ချုပ်၊ မိမိဆွေမျိုးသားချင်းတစ်ယောက် အိန္ဒိယရောက်နေသည်ဆို၍ နှောင်။ တိုင်းရင်းသားတို့မှာ သူတို့ပြုသမျှ ပုနေကြလေတော့သည်။ ဂျပန်တို့မှာကား ချုပ်၍မဆုံး တပြုံးပြုံး၊ ရိုက်၍မဆုံး တဝုန်းဝုန်း၊ နှက်၍မဆုံး တဖုံးဖုံး။

၅

မြို့ပေါ်မှ ပျောက်ခြင်းကြီးမလှ ပျောက်ကွယ်သွားကြကုန်သော မြို့ပိုင်၊ မြို့နယ်မှူးနှင့် ဦးဘတင်တို့၏ သတင်းကိုကား သဲ့သဲ့မျှ မကြားကြရ။ အကြောင်းရင်း ဇစ်မြစ်ကိုလည်း မည်သူမျှ အသေအချာမသိ။ ယခုအခါတွင် ဘယ်ဆီဘယ်ဌာနသို့ ရောက်နေကြ၍ အဘယ်ကဲ့သို့သော ကံကြမ္မာနှင့် တွေ့ကြုံနေကြရသည်ကိုလည်း မည်သူမျှ မပြောနိုင်။ မြန်မာအတွေးဟူသော စကားအရ တတွေးတည်းတွေးနေကြပြီး တစ်မှိုင်တည်းမှိုင်နေကြ၏။ ရက်တွေကုန်၍ နေ့တွေ ပြောင်းခဲ့လေ၏။

ဦးဘတင် ပျောက်ကွယ်သွားပြီးနောက် သုံးလခန့်ကြာသောအခါ သတင်းထူးတစ်ခု ကြားရလေ၏။ ဦးဘတင်အား လွှတ်တော့မည် ဖြစ်သဖြင့် သူ့ဇနီးအား လာကြိုရန် ရန်ကုန်မှစစ်ပုလိပ်တစ်ယောက် လာရောက်ခေါ်ဆောင်သွားပြီဖြစ်ကြောင်း သိရှိရသော သူ့မိတ်ဆွေ အပေါင်းတို့သည် ရွှင်လန်းဝမ်းမြောက်ကြကုန်၏။

ရန်ကုန်မြို့ပုလိပ်ရုံးကြီးအပေါက်ဝတွင် ဦးဘတင်၏ဇနီးသည် မောင်ဝမ်းကွဲတော်သူ အဖော်တစ်ယောက်နှင့် ရပ်လျက်ရှိသည်။ ဂျပန်စစ်ဗိုလ်ကလေး

က သူ့အား အပေါက်ဝတွင် ရပ်နေရစ်ခဲ့စေ၍ သူ့မောင်ကိုသာ အတွင်းသို့ ဂျပန်စစ်သားနှစ်ယောက် ဝဲယာညှပ်လျက် ခေါ်ဆောင်သွားလေ၏။ "ဘေးကို မကြည့်နဲ့။ ရှေ့တည့်တည့်သွား"ဟု အမိန့်ပေးလိုက်လေ၏။

သူသည် အမိန့်ကိုမလွန်ဆန်ဝံ့။ ရှေ့တည့်တည့်ကိုသာ ကြည့်သွားလေ၏။ အဆောက်အအုံကြီးအတွင်းသို့ ရောက်သောအခါ မှောင်နှင့်မည်းမည်း။ ဝဲယာတွင် သံတိုင်များ ခြံရံလျက်ရှိသည့်အချုပ်ခန်းတွေနှင့် ပြည့်နှက်လျက်ရှိသည်။ ထိုသံတိုင်များနောက်ကွယ်မှ အသက်ရှူသံ၊ ရွေ့လျားသံ၊ သက်ပြင်းချသံ၊ ဝေဒနာခံစားရသဖြင့် ညည်းညူသံများကို သဲ့သဲ့မျှ ကြားရလေသည်။ အရှင်လတ်လတ် ငရဲပြည်ရောက်နေသည်ဟု ထင်မှတ်မိလေသည်။

သူ၏စိတ်တို့သည် တုန်လှုပ်ချောက်ချားကုန်၏။ အတန်ကြာ သွားရပြီးနောက် ရုတ်တရက်ရပ်လိုက်ရလေသည်။ သော့ဖွင့်သံ၊ သံကြိုးဆွဲသံများ ကြားရသည်ခဏ၌ "ဒီမယ်"ဟူသော အသံကြားရ၍ လှည့်အကြည့်လိုက် အချုပ်ခန်း သံတိုင်တံခါးဖွင့်ပြီး ဖြစ်နေသည်ကို တွေ့ရလေသည်။ အခန်းတွင်းသို့ လှမ်းကြည့်လိုက်ရာ မူးမိုက်၍ လဲမသွားရန် အတော်သတိထားလိုက်ရလေသည်။

နေပြောက်မထိုး၊ လေသန့်မရ၊ မှောင်ကျလျက် အေးမြသော သမံတလင်းပေါ်တွင် သူလမ်းလျှောက်ထွက်သွားစဉ်က ဝတ်ဆင်ထားသောအဝတ်များနှင့်ပင် ခွေခွေကလေးကွေးလျက်ရှိလေသည်။ သူ၏မျက်တွင်းတို့သည် ချိုင့်ဝှမ်းလျက်ရှိလေသည်။ ပါးတို့သည် အတွင်းသို့ ခွက်ဝင်ကုန်ပြီ။ ဆံပင်တို့သည် ဖြူဖွေးရှည်လျားလျက် ဖားလျားကျကာ နားရွက်ကို ဖုံးအုပ်လျက်ရှိကုန်၏။ နဖူးကို လွှမ်းလျက် ရှိကုန်၏။ ဖြူဖွေးသော နှုတ်ခမ်းမွေးတို့သည်လည်း ကားကားစွင့်လျက် ချိုင့်ဝှမ်းသော ပါးပြင်ကို ရစ်ဝဲကုန်၏။ တစ်ထွာကျော်မျှ ရှည်နေသည့် ဖြူဖွေးသော မုတ်ဆိတ်တို့သည်လည်း သမံတလင်းပေါ်တွင် တံမြက်လှည်းသကဲ့သို့ ရှိကုန်၏။ ဦးဘတင်ကား ယခင်သုံးလက ဦးဘတင် မဟုတ်တော့ချေ။ သူတို့သည် ဦးဘတင်အား လူနာတင်ကပ်နှင့် ထုတ်လာပြီးလျှင် မော်တော်ကားနှင့် ဘူတာရုံသို့ ယူဆောင်၍ မီးရထားဖြင့် ပြန်ခဲ့ကြလေ၏။ မီးရထားသည် တစ်ညလုံး ခုတ်မောင်းလျက်ရှိသည်။ သူသည် အိပ်မပျော်။ သူ၏ဇနီးကိုသာ ပြူးကြောင်သောမျက်လုံးအစုံဖြင့် ကြည့်လျက် လိုက်ပါလာလေသည်။



"အိမ်မရောက်သေးဘူးလား"ဟူ၍သာ မကြာခဏမေးလျက် ရှိလေသည်။

နံနက်လင်းလျှင်လင်းချင်း လက်ပံတန်းဘူတာရုံသို့ မီးရထားဆိုက်သည်။ သူ့မိတ်ဆွေတို့သည် သူ့ကို လူနာတင်ကပ်နှင့် တင်ကာ သူ့အိမ်သို့ ထမ်း၍ ယူလာကြလေသည်။ သူ့အား ဆင်ဝင်ခန်းတွင် ပြင်ဆင်ထားသည့် မွေ့ရာကြီးပေါ်တွင် နေစေပြီး ဇနီး သားသမီး ဆွေမျိုး သင်္ဂဟတို့သည် ဝိုင်းအုံ၍ ပြုစုကြသည်။ သူသည် သူ့အဖြစ်အပျက်ကို ပြောချင်လှဟန်တူသည်။ "ကိုဘတင်စကားမပြောနဲ့။ မောမယ်။ ငြိမ်ငြိမ်နေ။ နောက်မှ စကားပြောတာပေါ့"ဟုသူ့မိတ်ဆွေများက ဟန့်တားသည်။ သူ့အဖြစ်အပျက်ကို ယခုနားမထောင်လျှင် ဘယ်သောအခါမှ နားထောင်ရတော့မည်မဟုတ်ဟု ဟန့်တားသူများ သတိမထားကြ။ ဦးဘတင်သည် ထိုနေ့ညဦးယံတွင် ကွယ်လွန်သွားလေသည်။

စာတွေ့မဟုတ်၊ ငါတွေ့ တွေ့ကြုံခံစားခဲ့ရရှာသည်တကား။

## ၆

နေမင်းက ညိုညို။

တူရိယာသံသည် လွမ်းစဖွယ်တေးကို ကျူးရင့်လျက် သံဃာတော်အရှင်မြတ်တို့သည် တည်ငြိမ်သောဣန္ဒြေကို ဆောင်ကာ ယပ်ကြီးတွေကို ထမ်း၍ စီတန်းကြွလှမ်းလာကြကုန်သည်။ ထို့နောက်မှ ဦးဘတင်၏ အလောင်းစင်သည် ဖြည်းဖြည်းလေးလေးလိုက်ပါလာသည်။ အလောင်းစင်၏ နောက်မှ သူ၏ဇနီးသားသမီး ဆွေမျိုးဉာတိ မိတ်သင်္ဂဟအပေါင်းတို့သည် မျက်ရည်စမ်းစမ်းဖြင့် ကြေကွဲသောနှလုံး၊ မသာယာသောမျက်နှာကို ဆောင်လျက် 'ဆရာ'၏ နောက်ဆုံးခရီးကို လိုက်ပို့ကြကုန်သည်။

ထိုအချိန်အခါနှင့် တိုက်ဆိုင်လျက် စစ်ပုလိပ်ရုံးကလည်း မြို့ပေါ်ရှိ လူကြီးများကို အစည်းအဝေးဖိတ်ထားပြန်သောကြောင့် အချို့ပုဂ္ဂိုလ်များသည် သွားလေသူကို လိုက်မပို့နိုင်ကြဘဲ အဝေးမှသာငေး၍ ကျန်ရစ်ခဲ့ကြရလေသည်။ အသုဘအခမ်းအနားသည် စစ်ပုလိပ်ရုံးအနီး ပေနှစ်ရာခန့်ဝေးကွာသော လမ်းပေါ်သို့ ရောက်သောအခါ စစ်ပုလိပ်တစ်ဦးသည် မှန်ပြောင်းနှင့် အခမ်းအနားကို ကြည့်နေသည်ကို မြင်ကြရသည်။

တူရိယာသမားတို့သည် တစ်လမ်းလုံး လွမ်းစဖွယ်တေးကိုသာ သီကျူး တီးမှုတ်လာကြကုန်၏။ စိတ်နုသူတို့သည် ငိုကြွေးကုန်သည်။ စိတ်ရင့်သူတို့ သည် မိမိ၏ ရင်ဝယ်ကိန်းအောင်းလျက်ရှိသော တော်လှန်ရေး စိတ်ဓာတ်တို့ကို အားခဲမျိုသိပ်ကာ အံကြိတ်ကုန်သည်။

အသုဘအခမ်းအနားသည် ပျောက်ဆုံးနေသော မြို့ပိုင်ကြီး၏ အိမ် ရှေ့သို့ ရောက်လာလေသည်။ လောကဓာတ်ကြီးသည် ညိုနေရာမှ အုံ့မှိုင်း မည်းမှောင်လာလေသည်။ မိုးဖွဲကလေးများလည်း အနည်းငယ်ပက်ဖျန်းနေ လေသည်။ လောကဓာတ်ကြီးတစ်ခုလုံးသည် လွမ်းယောင်ဆောင်လျက် ရှိ သည်။

မြို့ပိုင်ကတော်ကြီးသည် ပျောက်ဆုံးနေသော ခင်ပွန်းသည်၏ မိတ်ဆွေ ရင်းချာတစ်ယောက်ဖြစ်သူ သွားလေသူ ဦးဘတင်၏အခမ်းအနားကို ထွက်၍ ကြည့်မိလေသည်။ သူသည် ဖြေမဆည်နိုင်တော့ချေ။ သွားလေသူ အတွက် ကြေကွဲခြင်း ဖြစ်ရသည်သာမက ကာလကြာမြင့်စွာ ပျောက်ကွယ်နေသော မိမိ၏ခင်ပွန်းသည်ကိုပါ တွေးတောမိသည်အလျောက် သည်းကြွေပြတ်မျှ ပရိဒေဝမီး တောက်လောင်ပြီးလျှင် မတ်တတ်မှလဲကျကာ သတိမေ့မြော သွားလေသတည်း။

***

ဦးဘတင်၏ရုပ်အလောင်းကို လက်ပံတန်းမြို့ လောကမာန်အောင် ဘုရား ကြီး၏ အနောက်တောင်ထောင့်အရပ်ရှိ တစ်ခုသော သစ်ပင်ရိပ်အောက်တွင် ဂူသွင်းထားလေသည်။

စာတွေ့မဟုတ်၊ ငါတွေ့ ခံစားသွားရှာလေသည်တကား။

[ထိုသုံးနှစ် ၁၉၄၅ ဒီဇင်ဘာ၌ ပါရှိခဲ့သော ဇာက်စပါးဂျပန်သူလျှို၊ ကင်ပေတိုင်၏အစွယ်များ၊ ဦးဘတင် တို့ကို ပေါင်း၍ ဖော်ပြထားခြင်း ဖြစ်သည်။]

# မြန်မာ့တော်လှန်ရေး

၁

မောင်ပြုံးချိုသည် မြို့ပိုင်မဟုတ်တော့ချေ။ တော်လှန်ရေးတပ်သား မောင်ပြုံးချို ဖြစ်နေလေပြီ။ မတ်လ ၂၇ ရက်နေ့ညကတည်းက နေအိမ်မှ ပျောက်သွားသော မောင်ပြုံးချိုအား ရာထူးမှ ထုတ်ပယ်လိုက်ပြီဖြစ်ကြောင်း ခရိုင်ဝန်က အမိန့်ထုတ်ပြန်ထားပြီဖြစ်သည်။ သူသည် ဆင်တဲကုန်းရွာ၏ အနောက်ဘက် ကိုင်းတဲတစ်ခုတွင် ရောက်ရှိနေသည်။ မြို့ကို ကပ်၍မဖြစ်ပြီ။ ဂျပန်တို့သည် သူ့ကို အနံ့ခံလျက် လိုက်နေကြသည်။ လမင်းသည် ထိန်ထိန်ပဝင်းနေလေ သည်။ လေသည် တဟူးဟူးတိုက်ခတ်လျက် ရှိသည်။ မောင်ပြုံးချိုသည် သူ့အဖော်များနှင့်အတူ ကြမ်းပေါ်တွင်လျောင်းလျက် တွေရာလေးပါးစကားများ ကို ပြောဆိုနေကြလေ၏။ ကိုင်းသမားတို့သည် သူတို့ ခြေရင်းတွင် ရေနံ ချေး မီးတုတ်ကြီးများနှင့် နေ့ခင်းက လှမ်းပြီးရုပ်ထားသော ဆေးရွက်များကို စီနေကြသည်။ သူတို့လည်း သူတို့နှင့် ပတ်သက်သော ‘ကိုင်း’စကားများကို ကျယ်လောင်ကျယ်လောင်နှင့် ပြောနေကြသည်။ မောင်ပြုံးချိုတို့ လူစုလည်း မိမိတို့နှင့် ပတ်သက်သည့် ‘တော်လှန်ရေး’စကားများကို တိုးတိုး ပြောနေကြ သည်။ အတန်ကြာသော် အခြားသူများ အိပ်ပျော်သွားကြလေသည်။ ဆေးရွက် စီနေသူများလည်း မပြီးကြသေး။ မောင်ပြုံးချိုလည်း အိပ်၍ မပျော်နိုင်။ မိမိတို့ဆင်နွှဲခဲ့သော အရေးတော်ပုံ လမ်းစဉ်ကို ပြန်လည်စဉ်းစားမိလေသည်။

၂

လွန်ခဲ့သည့် ရှစ်လလောက်က တစ်ညသည၌ မောင်ပြုံးချိုတို့သည် တော်လှန်ရေး အတွက် လျှို့ဝှက်သော အစည်းအဝေးပွဲလေးတစ်ခု ကျင်းပခဲ့ကြလေ၏။ ဗဟိုမှရောက်ရှိလာသော ပုဂ္ဂိုလ်၏ရှေ့တွင် တော်လှန်ရေးတာဝန်ကို အသီးသီး ခွဲဝေယူကြလေသည်။

ထို့နောက် တိတ်တဆိတ်စည်းရုံးခြင်း၊ ဂျပန်တို့၏အသွားအလာကို မှတ်သားခြင်း၊ မြေပုံရေးကူးခြင်း၊ လက်နက်စာရင်းကောက်ခြင်း၊ တောရွာများ၌အဖွဲ့ငယ်များဖွဲ့စည်းခြင်း အစရှိသည့် ကိစ္စအဝဝတို့ကို ဆောင်ရွက်ကြသည်။ တပ်မတော်မှ စစ်ဗိုလ်စစ်သား အပေါင်းတို့သည်လည်း ကိုင်းသမားလိုလို နွားဝယ်လိုလိုနှင့် တောကြိုတောင်ကြားမကျန် လှည့်၍ နေရာမှတ်ကြသည်။ ဗိုလ်ကျော်ခေါင်၏ တပ်စခန်းချရာ ကန္နလီရွာတွင်လည်း ခရိုင်အတွင်း မြို့နယ်အသီးသီးမှ တော်လှန်ရေး ခေါင်းဆောင်တို့သည် တွေ့ဆုံဆွေးနွေးကြ၍ တော်လှန်ရေးအတွက် ပြင်ဆင်မှုများကို ပြုလုပ်ကြလေသည်။

ထိုအတောအတွင်း ဂျပန်ကလည်း ချွေးတပ်၊ ဟေးဟိုးတပ်၊ နွားတပ်၊ လှည်းတပ်တို့သည် တစ်ခုပြီးတစ်ခု ဆက်ကာဆက်ကာ မနေမနား စုဆောင်းလျက် ရှိလေတော့သည်။ တောသူတောင်သားတို့မှာလည်း ငွေထည့်၍ မလောက်နိုင်ပြီ။

မောင်ပြုံးချိုသည် အရေးတော်ပုံ မြန်မြန်စပါစေတော့ဟု ဆုတောင်းမိသည်။ ဂျပန်အမျိုးမျိုးလည်း ခဏခဏရောက်လာကြသည်။ ဝါဒဖြန့်ဖြူးရေး ဆိုင်ရာ ဂျပန်လည်း မောင်ပြုံးချိုတို့မြို့သို့ တရားဟော ရောက်ခဲ့သည်။ ချွေးတပ်ဂျပန်၊ နွားဂျပန်၊ ထင်းဂျပန်၊ ကင်ပေတိုင်ဂျပန်၊ ဖျာအိတ်ဂျပန်၊ ဂျပန်တွေ စုံလို့။ သူတို့သည် တစ်ယောက်တစ်မျိုးစီ မြို့ပိုင်မှတစ်ဆင့် မြန်မာလူထုကြီး၏အသားအသွေးအဆီတို့ကို သောက်စားဝါးမျိုကြကုန်၏။ မြို့ပိုင် နယ်ပိုင် အစရှိသော နယ်ဘက်အရာရှိတို့သည် ဂျပန်ကောင်တွေ နှိပ်စက်သဖြင့် ဆင်းရဲကြီးစွာ ဒုက္ခဝေဒနာခံစားနေကြရသော မြန်မာလူထုကြီးကို မြင်ကြရသောအခါ ဝမ်းနည်းပက်လက် ဖြစ်သူဖြစ်ကြကုန်သည်။ မလွဲသာ မရှောင်သာ၍ သူတို့ခိုင်းသည့်အတိုင်း ဆောင်ရွက်ရသောအခါများ၌လည်း မီးများ၊ နေများကို ကြည့်ရသကဲ့သို့ မျက်နှာပူကြကုန်၏။ အချို့ တစ်ပါးကျွန်အရာရှိများမှာကား မြန်မာအချင်းချင်း မိမိတို့လက်တွင်းရှိ အာဏာများကို အလွဲသုံးစားပြု၍နှိပ်စက်ကြကုန်၏။ ထိုကပ္ပလီများသည် ချွေးတပ် ဟေးဟိုးတပ်တို့ကိုမှီ၍ 'ရှားပါးစရိတ်'ထုတ်ကြကုန်၏။

မတ်လ ၂၆ ရက်နေ့ နံနက်စောစော သုံးနာရီခန့်တွင် ဗိုလ်ကျော်ခေါင် ရောက်လာလေသည်။ "ဒီနေ့ညပဲ စကြရလိမ့်မယ်။ ခင်ဗျား အိမ်သူအိမ်သား



တွေကို အခု ပို့ပေတော့။ အစတုန်းကတော့ လဆန်း ၂ ရက်နေ့မှစဖို့ပဲ။ အခုတော့ ရက်ဆွဲနေလို့ မဖြစ်တော့တဲ့အကြောင်းကြောင့် ဒီကနေ့ညပဲ စရလိမ့်မယ်။ ကဲ သွားလိုက်ဦးမယ်။ တခြားမြို့တွေ အကြောင်းကြားဖို့ ရှိသေးတယ်။ ခင်ဗျားဆုတောင်းတဲ့အတိုင်း စောစောပဲ စဖြစ်ပါပြီ" ဗိုလ်ကျော်ခေါင်သည် ခပ်သုတ်သုတ် ပြန်သွားလေတော့သည်။

မောင်ပြုံးချိုသည် အရေးတော်ပုံကို မြန်မြန်စစေလို၏။ သို့သော် ဤမျှလောက် မမြန်စေလို။ သူသည် ချက်ချင်း ဘာလုပ်ရမှန်းမသိ။ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်သွားလေသည်။ သူသည် တောမှ လှည်းနှစ်စီးကို ခေါ်ကာ လှည်းကူးရွာသို့ ပစ္စည်းများနှင့် အိမ်သားများကို ပို့လိုက်လေသည်။

သူသည် ထိုနေ့တစ်နေ့လုံး ထမင်းမစားနိုင်၊ မောရပန်းရမှန်းမသိ ပြေးရလွှားရစီစဉ်ရနှင့် မအားအောင် ရှိတော့သည်။ စစ်တာဝန်ခံလည်း သူ၏ရဲဘော်များ မစုံလင်သဖြင့် အတော်အကြံအိုက်သည်။ ရဲဘော်များအား နှစ်ယောက် သုံးယောက်စီခွဲ၍ တောနယ်များသို့ သွားလမ်းလာလမ်း အခြေအနေများကို စုံစမ်းရန် လွှတ်ထားခဲ့သည်။ ယနေ့မှ သွားခေါ်နေလျှင်လည်း မီတော့မည် မဟုတ်။ ရွာမှ ဘက်တော်သားများနှင့်ပင် ဂျပန်တို့စခန်းကို ဖြစ်သလို စီးရပေတော့မည်။

အချိန်သည် တရွေ့ရွေ့ ကုန်ဆုံးခဲ့လေ၏။ မတ်လ ၂၇ ရက်နေ့သည် တန်ခူးလပြည့်နေ့ဖြစ်သည်။ လမင်းသည် တော်လှန်ရေးသမားတွေကို အားပေးအားမြှောက်လုပ်နေသကဲ့သို့ ဆီးနှင်းမြူတိမ်သူရိန်မီးခိုးများ ကင်းစင်လျက် အဆီးအတားမရှိ သာချင်တိုင်းသာနေလေသည်။ ဝါးချွန်တပ်သားတို့သည် 'ဒို့မြန်မာ' သီချင်းကို သီဆိုကာ မြို့ထဲတွင် ဘင်တီး၍ လှည့်လည်နေသေးသည်။ သူတို့အတွက် တော်လှန်ရေးသမားတွေမှာ အသွားအလာ အကူးအသန်း မလွယ်ကူလှ။ မောင်ပြုံးချိုသည် တစ်ယောက်တည်း မြို့ထဲသို့ လျှောက်လာလေရာ မြန်မာလို ဝတ်ဆင်ထားသော ဂျပန်နှစ်ယောက်နှင့် ကုက္ကိုပင်ကြီးအောက်တွင် တွေ့ကြလေသည်။ သူတို့နှစ်ယောက်သည် ဟေးဟိုးတပ် စုဆောင်းရန်အတွက် ရောက်နေကြသော ဂျပန်များ ဖြစ်သည်။ မောင်ပြုံးချိုကို မြင်သောအခါ "ကျော်ကျော်ဆန်ကား"ဟု မေးလေသည်။ အခြားတစ်ယောက်က တစ်ဖန် "မြို့ပိုင်ကား"ဟု မေးပြန်သည်။ မောင်ပြုံးချိုသည် ပြုံးပြုံးရွှင်ရွှင်

နှင့်ပင် သူတို့နှင့်ရပ်၍ စကားပြောနေရသည်။ သူတို့သည် မြန်မာစကားကိုလည်း အနည်းငယ်စီ ပြောဆိုနိုင်ကြသည်။

"မြို့ပိုင် ဂျီကေတာန်(ကာကွယ်ရေး) ဘင်းဘူး(ဝါးချွန်)စစ်သား အားကြီးပျော်တယ်။ အင်္ဂလိပ် အမေရိကန် ရှိတယ်နော်။ ဒီလို ဒီလို လုပ်မယ်"ဟု ပြောကာ ဖမ်းဆီးဟန်၊ ဝါးချွန်နှင့် ထိုးသတ်ဟန်ကို ပြလေသည်။

"ဟဲ ဟဲ ဟဲ" မောင်ပြုံးချိုသည် ရယ်နေလေသည်။

"ယော့ မြို့ပိုင် ဟေးဟိုးစစ်သား (ထပ်စန်) အများကြီး ရှိမယ်ကား"

"လာမယ် များကြီးလာမယ်" မောင်ပြုံးချိုသည် လက်နှစ်ဖက်နှင့် အကျယ်ကြီး ဝိုင်းပြလေသည်။

"ကောင်းတယ် ကောင်းတယ်၊ မြို့ပိုင်များကြီး ကောင်းတယ်။ မြို့ပိုင်ကို (ဌွန်ချို)နယ်ပိုင်ဖြစ်အောင် ဗမော်ကို ပြောမယ်"

မောင်ပြုံးချိုသည် "ဟဲ ဟဲ ဟဲ"နှင့်ရယ်ရင်း ထွက်ခွာခဲ့လေသည်။

မောင်ပြုံးချိုသည် အိမ်သို့ ပြန်ရောက်သောအခါ အနီးအနားရွာများမှ လူပေါင်းနှစ်ဆယ်ခန့်တို့သည် ဓားလှံများကိုင်စွဲလျက် ရောက်နေကြလေပြီ။

ခြံအတွင်း ငှက်ပျောပင်ရိပ်များတွင် စုဝေးလျက်ရှိကြကုန်၏။ သူတို့သည် ဂျပန်အား စိတ်နာစကားကိုသာ ပြောဆိုနေကြသည်။ လက်နက်ကလည်း နည်းသည်။ ရဲဘော်ကလည်း မများလှ။ ရဲသားသုံးလေးယောက်လည်း အရေးတော်ပုံကို ဝင်နွှဲရန် မတ်စကက်နှင့် နှစ်လုံးပြူး သေနတ်များကို စွဲကိုင်လျက် ရောက်လာကြသည်။ တိုက်ပိုင် အင်စပိတ်တော်လည်း အချိန်မီ ရောက်လာပြီးလျှင် ဌာနာမှ သေနတ်တွေကို ထုတ်ရန် တာဝန်ယူသည်။ အာရှလူငယ်များလည်း ရဲဘော်များနှင့်အတူ ဂျပန်ကို 'နှိမ်'ရန် တက်ကြွသော စိတ်ဓာတ်ဖြင့် ရောက်လာကြလေသည်။

မြို့ထဲရှိ ဂျပန်တို့သည် လေးနေရာတွင် ခွဲ၍ နေကြသည်။ လေးနေရာစလုံးကို တစ်ပြိုင်တည်းစီးနိုင်လျှင် ဟန်ကျပေမည်။ သို့သော် လေးနေရာစလုံး စီးရန် အင်အားမရှိ။ နောက်ဆုံးတွင် အများဆုံးနေရာကိုသာ စီး၍ အခြားနေရာများမှ အကူအညီ မရောက်နိုင်ရန်ကိုသာ စီစဉ်ကြလေသည်။

သန်းခေါင်ကျော်အချိန်တွင် တိုက်ပွဲစလေ၏။ ဖြူးစားကြီး စီစဉ်ရသည့် အတွက် ရည်ရွယ်ရင်း ရှိသည့်အတိုင်း မအောင်မြင်ချေ။ သို့သော် ဂျပန်သုံးယောက် အသေအချာ ကျဆုံးသည်။ အချို့ဒဏ်ရာရကြသည်။ တော်လှန်



ရေးသမားများဘက်မှ အထိအခိုက်မရှိခြင်းသည်လည်း ကောင်းသောနိမိတ်ဟူ၍ ယူဆကြကုန်သည်။

၃

နံနက်လင်းအားကြီးချိန်၌ တောရွာများတွင် မောင်ပြုံးချိုတို့ ကိုယ်ဖျောက်ကြကုန်သည်။

ဂျပန်တို့သည် မြို့နားနီးသောရွာများကို မကြာခဏ လာရောက်ဒုက္ခပေးကြကုန်သည်။ ဖမ်းသူဖမ်း၊ ရိုက်သူရိုက်၊ သတ်သူသတ်၊ တောရွာများမှ သေနတ်များကိုလည်း သိမ်းဆည်းကြကုန်သည်။

အုပ်ချုပ်ရေးကား ပျက်ပြားလျက် ရှိလေပြီ။ ရဲအဖွဲ့လည်း မရှိတော့ပြီ။ မြို့ပိုင်ကိုလည်း ရှာမတွေ့။ တရားသူကြီးလည်း ပျောက်ခြင်းမလှ ပျောက်နေလေပြီ။ တော်လှန်ရေးသမားများကား မြို့ရွာ ဒုတိယအကြိမ်စီးရန်အတွက် စိုင်းပြင်းလျက် ရှိကြကုန်သည်။ သို့သော် လွယ်ကူသောကိစ္စမဟုတ်။ ဂျပန်တို့သည် ဗိုလ်ရုံတွင် ဆန်အိတ်များကို အခိုင်အမာ ခံတပ်လုပ်ကာ အစဉ်သဖြင့် သတိနှင့် ရှိကြကုန်သည်။ တော်လှန်ရေးသမားများသည် အနယ်နယ်မှတပ်များကိုစုကာ မြို့တွင်းမှ ဂျပန်များကို တစ်ကြိမ်တည်း အပြတ်ဖြတ်ရန် နည်းလမ်းအမျိုးမျိုးကို ကြံဆလျက် ရှိကြကုန်သည်။

ရန်ကုန်ဘက်မှ တောခိုကာ ပြောက်ကျားစစ်ဆင်ရင်း ရောက်ရှိကြသော တော်လှန်ရေးတပ်ပေါင်းစုံများနှင့် မောင်ပြုံးချိုတို့လူစု ဆုံကြလေသည်။ စစ်ခေါင်းဆောင် ဗိုလ်ကျော်ညွန့်သည် ရောက်ရှိလာကြသော စစ်ဗိုလ်များနှင့် ဆွေးနွေးပြီးနောက် မြို့ကို ဒုတိယအကြိမ်စီးရန် ဆုံးဖြတ်ကြလေသည်။

တိုက်ပွဲကို ညနေ ၄ နာရီအချိန် စကြသည်။ ဂျပန်တွေ နေလျက်ရှိသော ဗိုလ်ရုံကို လေးဖက်လေးတန်မှ ဝိုင်း၍ တိုက်ကြသည်။ မီးရထားလမ်းဘက်မှတက်သော တပ်မတော်သားများသည် စပါးစက်ပေါက်ဝတွင် ရပ်လာသည့် စုတ်ဖွားအမည်ရှိသော ဂျပန်နှင့် တွေ့ကြရသည်။ စုတ်ဖွားသည် တက်လာသော တပ်မတော်သားများကို သေနတ်နှင့်ဆီး၍ ပစ်သည်။ တပ်မတော်သားတို့သည် ဗိုလ်ရုံမရောက်မီ သေနတ်မဖောက်လိုကြ။ သို့သော် မလွဲသာတော့ပြီ။ ရဲဘော်နှစ်ယောက်သည် ရိုင်ဖယ်နှင့် တစ်ချက်စီ ပစ်လိုက်ရာ စုတ်ဖွားသည် ခွေလဲ၍ သေပွဲဝင်လေသည်။

စုတ်ဖွားသည် သူ့အသက်နှင့်လဲ၍ သူ့လူတွေကို ကယ်သွားလေပြီ။ သူ့အသက်ကို နုတ်ယူလိုက်သော သေနတ်သံများသည် ဗိုလ်ရုံမှ ကတုံးပြောင်များကို သတိပေးသလို ဖြစ်သွားလေသည်။ သူတို့သည် အရန်သင့်ပြင်ဆင်ပြီး ဖြစ်နေကြသည်။

နှစ်ဦးနှစ်ဖက် ပစ်ခတ်ကြသော သေနတ်သံများကား ဆူညံလျက်ရှိသည်။ တစ်ချက်တစ်ချက် စက်သေနတ်ဆွဲသံ၊ လက်ပစ်ဗုံး ပေါက်ကွဲသံတို့လည်း သေနတ်သံများအကြားမှ ထွက်ပေါ်လာသည်။ တစ်ခါတစ်ရံ ဆယ့်ငါးမိနစ်ခန့် ရပ်နေကြပြီး တစ်ဖန်လောကြပြန်သည်။ သန်းခေါင်ကျော်တွင် တော်လှန်ရေးသမားတို့သည် ဗိုလ်ရုံနား ကပ်မိကြလေသည်။ သူတို့သည် လုံ့ခွပ်ထိုးရန် ဟန်ပြင်နေကြလေသည်။ တစ်ချက်တစ်ချက် 'ကျား ဟား ဟား'ဟု သံပြိုင်အော်လိုက်ကြသည်။

ထိုအချိန်တွင် ဂျပန်စစ်ကားကြီးတစ်စင်းသည် မီးအပြင်းထိုးလျက် ဝင်လာလေသည်။ ဗိုလ်ရုံကို မဲနေသူတို့သည် ထိုထူးဆန်းစွာ ဝင်လာသော စစ်ကားကို ဂရုစိုက်နေကြသည်။ လမ်းဆုံမှ ကင်းကို ကျော်၍လာနိုင်ခြင်းသည် မထွေးတတ်အောင် ဖြစ်နေကြသည်။ ထိုကားသည် ဗိုလ်ရုံဝင်းထဲသို့ ဝင်မိသည်နှင့် တစ်ပြိုင်နက် စက်သေနတ်နှင့် စတင်ပစ်ခတ်လေတော့သည်။ တော်လှန်ရေး ရဲဘော်များသည် ရန်သူနှစ်ဖက်ကြားတွင် ညှပ်မိနေလေပြီ။ သူတို့သည် စစ်ကားကို ပြန်လှန်ပစ်ခတ်ရင်း တဖြည်းဖြည်း ဆုတ်ခွာခဲ့ကြရလေသည်။

တော်လှန်ရေးရဲဘော်တို့သည် ထိုအချိန်မှစ၍ တစ်ဆုတ်တည်းဆုတ်နေကြရသည်။ ဂျပန်တို့သည် အနီးအနားရွာများကို ပိုက်စိပ်တိုက်ကာ တော်လှန်ရေးရဲဘော်များကို ရှာကြကုန်သည်။ အချို့ရွာများကို ကောက်ရိုးပုံနှင့် အိမ်သာများပါမကျန် မီးတင်ရှို့ကြလေသည်။ ရွာသားအချို့ကို လုံ့ခွပ်နှင့် ထိုး၍ သတ်ဖြတ်ကြသည်။ အချို့ မီးနှင့်ရှို့၍ သတ်၏။ အချို့ လုံ့ခွပ်နှင့်ထိုး၍ ချောင်းထဲသို့ ကန်ချလိုက်၏။

မောင်ပြုံးချိုလည်း အခြားသော တော်လှန်ရေးရဲဘော်များနှင့် အတူ တောခိုရလေသည်။ တစ်နေရာမှ တစ်နေရာ၊ တစ်ရွာမှတစ်ရွာသို့ အမြဲသဖြင့် ရွှေ့ပြောင်းလျက် ဂျပန်မျက်ခြည်ပြတ်အောင် ကြံဆောင်နေရသည်။ မြို့ပိုင်



မောင်ပြုံးချို၏ဩဇာခံသူကြီးများအထဲမှ အချို့သူကြီးတို့သည် တော်လှန်ရေးသမား မောင်ပြုံးချို၏ ဩဇာကိုလည်း ဆက်လက်ခံယူလျက် ရှိကြသည်။ အချို့သူကြီးများမှာကား မြို့ပိုင်မောင်ပြုံးချို၏စကားကိုကား မြေဝယ်မကျ နားထောင်ခဲ့သော်လည်း တော်လှန်ရေးသမားမောင်ပြုံးချို၏စကားကို နားမထောင်လိုတော့ချေ။ သူတို့သည် မြို့ပိုင်ကိုသာ ရိုသေနိုင်မည်။ မောင်ပြုံးချိုကိုကား မလေးစားနိုင်။ သူတို့သည် မြို့ပိုင်မောင်ပြုံးချို ရွာသို့ လာလျှင် ခရီးဦးကြိုပြုခဲ့ကြသည်။ ခဲဘွယ်ဘောဇဉ် ချိုချဉ်ရသာတို့ဖြင့် တည်ခင်းဧည့်ခံခဲ့ကြသည်။ သွားလိုရာခရီးသို့ လှည်းကို နွားကောင်းကောင်းတပ်ကာ လိုက်၍ ပို့ခဲ့ကြသည်။ တော်လှန်ရေးသမား မောင်ပြုံးချိုကိုကား သူတို့ မတွေ့လိုပြီ။ အိမ်ရှေ့ကလာလျှင် အိမ်နောက်ဖေးမှ လှည့်ထွက်သွားပြီး ခရီးလွန်နေသည်ဟု ပြောလိမ့်မည်။ ဧည့်ခံဖို့ မဆိုထားနှင့်၊ ရေတစ်ခွက်ကိုပင် စေတနာရှိရှိနှင့် တိုက်ချင်ပုံမပေါ်။ လှည်းနှင့်လိုက်ပို့ဖို့ ဝေးလေစွ။ မကူညီသည်ကို ထားပါဦး။ ဂျပန်ကို မျက်နှာလိုအားရသွား၍ သတင်းပေးသည်။ ခက်ချေမည်။ ထို့ကြောင့် သာရာစီးလူကြီးများကို အဝေးက ရှောင်ကြရလေသည်။

မောင်ပြုံးချိုသည် နှစ်လအတွင်း သာယာစီးလူထုကြီး၏ ပြောင်းလဲပုံကို အစဉ်အတိုင်း စဉ်းစားနေလေရာ ညဉ့်နက်မှန်းမသိ နက်လာလေ၏။ ဆေးစီသမားများလည်း အလုပ်ပြီးပြီဖြစ်၍ မီးခွက်များကို ငြိမ်း၍ အိပ်ရာဝင်ကြကုန်လေပြီ။ မောင်ပြုံးချိုလည်း နံနက်ခရီးထွက်ရဦးမည်ဖြစ်၍ အတွေးကိုဖြတ်၍ အိပ်ပျော်အောင် အိပ်လိုက်လေသည်။

၄

မောင်ပြုံးချိုစိတ်သည် နွမ်းလျှညှိုးခွေနေသည်။ စစ်ဘက်ခေါင်းဆောင် ဗိုလ်ကျော်ညွန့်လည်း အားငယ်နေသည်။ နှစ်ကြိမ်တိုင်တိုင် မြို့ကို စီးခဲ့သည်။ စီးပြီးသောအခါတိုင်း ဂျပန်တွေ တောရွာတွေကို ထွက်၍ ရမ်းသည်။ မိမိတို့ဘက်တွင် လက်နက်အင်အားလည်း ဆုတ်ယုတ်နေသည်။ ထိုအတောအတွင်း ဗိုလ်ကျော်ခေါင်၏ တပ်ခွဲများသည် ဂျပန်ပို့ဆောင်ရေးကားများကို လမ်းမှဆီး၍ တိုက်ခိုက်ကြသည်။ လေယာဉ်ပျံကွင်းကို ဝင်စီး၍ လက်နက်ရုံများကို မီးရှို့ပစ်သည်။ ထိုသတင်းများကိုကြားရသောအခါ၌လည်း အားတက်လာပြန်သည်။

မြို့နယ်စစ်ခေါင်းဆောင် ဗိုလ်ကျော်ညွန့်သည် မင်းလှကြီးဘက်သို့ ထွက်ခွာသွားပြီး ရုတ်တရက် မောင်ပြုံးချိုထံသို့ ပေါက်လာလေသည်။ သူသည် ပြုံးရွှင်လာလေသည်။ "ကဲ ကိုပြုံးချို၊ ပြင်ပေတော့။ ခရီးထွက်ကြရလိမ့်မယ်"ဟု အိမ်ပေါ်ရောက်၍ မထိုင်သေးမီ စကားစလိုက်လေ၏။

"ဘယ်လိုအကြောင်းလဲ"မောင်ပြုံးချိုသည် အေးအေးပင် မေးလိုက်လေ၏။ သူသည် စာရွက်တစ်ရွက်ကို မောင်ပြုံးချိုအား လှမ်း၍ပေးလိုက်လေ၏။ မောင်ပြုံးချိုသည် စာကိုဖတ်ရင်း သူ၏ မျက်နှာသည် အသွင်တစ်မျိုးပြောင်းသွားလေ၏။ နှမ်းနေရာမှ လန်းလာသည်။

"အခု ဗိုလ်ကျော်ခေါင်း ဘယ်မလဲ" မောင်ပြုံးချိုက မေး၏။

"လိုက်သာလိုက်ခဲ့ပါလေ"ဟု ဗိုလ်ကျော်ညွန့်က ပြောလေ၏။

"လက်နက်တွေက ရောက်နေပြီတဲ့လား"

"စာထဲမှာတော့ ရောက်နေပြီလို့ မပါဘူး။ စာလာပေးတဲ့ ဆက်သားအပြောတော့ လေထီးသမားဆယ်ယောက် ရောက်နေတာ နှစ်ရက်ရှိပြီတဲ့။ ဒီနေ့ည လေထီးနဲ့ လက်နက်တွေ ချလိမ့်မယ် ပြောတာပဲ"

"လေထီးသမားက အင်္ဂလိပ်တွေလား၊ မြန်မာတွေလား"

"မျက်နှာဖြူတွေတော့ ပါသတဲ့။ သူ့အပြောတော့ မျက်နှာဖြူခြောက်ယောက်၊ မြန်မာလေးယောက်လို့ပြောတာပဲ။ ကဲပါဗျာ သွားရအောင်သာ ပြင်ပါ။ ဟိုကျတော့ တွေ့ရလိမ့်မပေါ့"

မောင်ပြုံးချို၊ ဗိုလ်ကျော်ညွန့်နှင့် အခြားရဲဘော် ငါးယောက်တို့သည် လှည်းနှစ်စီးနှင့် ညနေစောင်းတွင် ခရီးထွက်ကြလေသည်။

အားလုံးသော တော်လှန်ရေးသမားများသည် ရိုးရိုးမြန်မာအဝတ်အစားများကို ဝတ်ဆင်လျက် မိမိတို့လက်နက်များကို အရန်သင့် ကိုင်ဆောင်ကာ လိုက်ပါလာကြလေသည်။ သစ်တောကြိုးဝိုင်းအတွင်းသို့ ရောက်လာကြသောအခါ၌ ပို၍ သတိထားကြရသည်။ ဂျပန်တို့သည် ဤတောတန်းမှနေ၍ ညအသွားအလာများကို အလစ်ချောင်းဖမ်းတတ်သည်။

ရဲဘော်နှစ်ယောက်သည် ရိုင်ဖယ်သေနတ်များကို အရေးရှိက လက်ဦးစေရန် ယမ်းတောင့်များ ထိုးထားကြသည်။ လမင်းသည် ဝင်းဝင်းပနေ



သော်လည်း သစ်ပင်ကြီးများ အုံ့ဆိုင်းနေသောကြောင့် အေးမြကြည်လင်သော လရောင်၏ အရသာကို မခံစားကြရ။ လှည်းနှစ်စီးသည် ကြွေကျလျက်ရှိသော သစ်ရွက်ခြောက်များပေါ်တွင် မောင်းနှင်သွားရသောကြောင့် 'ဂျွမ်းဂျွမ်း' မည်သောအသံသည် တိတ်ဆိတ်သော ညဥ့်အချိန်တွင် ကျယ်လောင်လှသည်။ စစ်ဗိုလ်ကလေးနှစ်ယောက်သည် ဗိုလ်သင်တန်းတက်စဉ်အခါက ဆင်းဆင်းရဲရဲနှင့် ဂျပန်ဆရာတို့၏ နှိပ်စက်ညှဥ်းပန်းပုံတွေကို ပြန်ပြောင်းပြောဆိုရင်း လိုက်ပါလာကြသည်။ သူတို့သည် နေကုန်နေခန်း ပင်ပန်းကြီးစွာနှင့် အအားမရှိ ဒုက္ခခံကာ သင်ကြားခဲ့ရသော စစ်ပညာအကြောင်းကိုလည်း နှစ်ယောက်သား တစ်ယောက်တစ်မျိုးစီ ပြောဆိုလာကြရာ မောင်ပြုံးချိုသည် စိတ်ဝင်စားစွာ နားထောင်လာလေသည်။

"အဲဒီလို မအားရတဲ့အထဲမှာ တစ်နေ့ကို ယင်ကောင်တစ်ရာ ရိုက်ရသေးတယ်"ဟု ဗိုလ်ကျော်ညွန့်က ပြောလေသည်။

"ဘယ်လို ယင်တစ်ရာ ရိုက်ရတာလဲ"မောင်ပြုံးချိုက နားမလည်သဖြင့် မေးသည်။

"စစ်ကျောင်းသားတစ်ယောက်ကို တစ်နေ့ယင်ကောင်တစ်ရာ သတ်ရမယ်လို့ အမိန့်ရှိတယ်။ တစ်ရာသတ်မပြီးတဲ့လူကို ဒဏ်ပေးတယ်။ အဲဒီတော့ အလုပ်ကလည်း များ၊ ပန်းကလည်း ပန်းတာနဲ့ ယင်ကောင်တစ်ရာပြည့်အောင် မရိုက်နိုင်တဲ့ ကျောင်းသားတွေက အကောင်ငါးဆယ်ကို တစ်ကျပ်နဲ့ ဝယ်ရတယ်"

"အမယ် ယင်ကောင်သေရောင်းတဲ့လူကလည်း ရှိသေးသကိုး"

"ရှိဆို မီးဖိုချောင်က ဂျပန်တွေက လာသမျှယင်ကောင်တွေကို ဖမ်းပြီး ယင်ကောင်ကုန်ကူးနေကြတာပေါ့"

"အမယ် ဟန်ဟန်သေးတော့"

လှည်းသည် တောစပ်မှ ကျော်လွန်၍ ပြည်လမ်းကြီးကို ဖြတ်ကျော်ရတော့မည် ဖြစ်သည်။ တောက်ပသော မော်တော်ကား မီးအစုံသည် လမ်းတစ်လျှောက်တွင် ထိန်လင်းစွာ ထွက်ပေါ်လာလေ၏။

လှည်းနှစ်စီးကို သစ်ပင်ကွယ်တွင် ရပ်၍ ပါလာသော လူများသည် လှည်းပေါ်မှဆင်းကာ လက်နက်များကို အရန်သင့် ပြင်ဆင်ထားကြသည်။

မော်တော်ကားသံသည် တဖြည်းဖြည်းကျယ်လောင်လာပြီးနောက် မီးအစုံသည်လည်း လင်းသည်ထက် လင်းလာပြီးလျှင် တောစပ်အဝင်တွင် စက်သေနတ်ဆွဲသံကို ကြားလိုက်ပြီးနောက် ဂျပန်ကုန်တင်ကားကြီးသည် အရှိန်ပြင်းစွာ မောင်းသွားလေသည်။ ကားပေါ်မှာ ဂျပန်တို့သည် တောစပ်မှစို၍ ပြောက်ကျားတပ်သားများ တိုက်ခိုက်မည်စိုးသောကြောင့် တောစပ်အဝင် စက်သေနတ်နှင့် ခြောက်သွားဟန်တူသည်။ ဤနေရာမှာပင် လွန်ခဲ့သော တစ်ပတ်လောက်က ဂျပန်ပို့ဆောင်ရေးကားဆယ်စီးကို ပြောက်ကျား တပ်သားတို့ အောင်မြင်စွာ တိုက်ခိုက်ဖူးလေသည်။

လှည်းနှစ်စီးသည် ကားသံပျောက်သွားမှ ပြည်လမ်းမကြီးကို ဖြတ်ကျော်ပြီးနောက် တောစပ်သို့ တစ်ဖန်ဝင်ကြပြန်သည်။ တောသည် တဖြည်းဖြည်း နက်လာသည်။

လဆန်း ၁၀ ရက်နေ့ ဖြစ်သောကြောင့် သန်းခေါင်ကျော်ခန့်တွင် လရောင်သည် တဖြည်းဖြည်း မှေးမှိန်လာပြီးလျှင် နောက်ဆုံးတွင် လုံးလုံး ကွယ်ပျောက်သွားလေသည်။ တောနက်ရာမှတစ်ဖန် သစ်ပင်၊ ဝါးပင်များ သည် ပါး၍ ပါး၍ လာသည်။ လှည်းနှစ်စီးသည် တောစပ်မှ ထွက်ကာ လယ်ကွင်းထဲသို့ ရောက်လာလေသည်။ လှည်းပေါ်မှ လူများလည်း ငိုက်စပြု သည်။ သို့သော် ရဲရဲမငိုက်ရဲကြ။ သတိနှင့် ရှိနေကြရသည်။ တစ်ခါတစ်ရံ လှည်းလမ်းစပျောက်၍ ရိုးပြတ်ထဲတွင် တလည်လည်နှင့် လမ်းဆင်းရှာကြ ရသည်။ မိုးမလင်းမီ လှည်းလမ်းပျောက်သော ပုဂ္ဂနှင့် သုံးလေးခါမျှ တွေ့ ကြရလေသည်။

နံနက်လင်းချိန်တွင် ကိုင်းကြီးရွာသို့ ရောက်ကြလေသည်။ ထိုရွာမှ တစ်ဖန် လှည်းပြောင်းစီး၍ ခရီးဆက်ထွက်ကြပြန်ရာ ကြို့ကိုးပင်ရွာသို့ နေ ထန်းတစ်ဖျားခန့်အချိန်တွင် ရောက်ကြလေသည်။ ထိုရွာမှ သူကြီးသည် တော်လှန်ရေး ရဲဘော်များအား သုံးတန်သောစေတနာဖြင့် နံနက်စာ တည်ခင်း လေသည်။ ကိုင်းကြီးမှ လှည်းကို ထိုရွာသို့ ရောက်သောအခါ ပြန်လွှတ် လိုက်လေသည်။

ရွာတွင် တရေးတမော အိပ်ကြပြီးနောက် သူကြီးစီစဉ်ပေးသော လှည်းများနှင့် ညနေသုံးနာရီခွဲခန့်၌ ထွက်ခဲ့ပြန်ရာ ဝိုင်းရွာသို့ ညနေလေးနာရီ



ခွဲတွင် ရောက်ကြသည်။ လှည်းများကို ပြန်လွှတ်လိုက်၍ ခြေလျင်ခရီးဖြင့် ဆက်လက်သွားကြပြန်ရာ နာရီဝက်ခန့်မျှ ကြာသောအခါ တောင်ခြေတွင် တည်ရှိသော ချောင်းစောက်ရွာသို့ ဝင်မိကြလေသည်။ ထိုရွာတွင် စခန်းချလျက် ရှိကြကုန်သော ရဲဘော်တို့သည် ရောက်လာကြသော တော်လှန်ရေးသမားများ အား အားရဝမ်းသာ ဆီးကြိုနှုတ်ဆက်ကြကုန်သည်။ တပ်ရင်းတစ်ခုတည်းမှ ရဲဘော်များဖြစ်၍ တော်လှန်ရေးစကတည်းက ကွဲကွာနေကြရပြီးလျှင် ယခု ပြန်လည်တွေ့ရှိရသောကြောင့် အထူးဝမ်းမြောက် ရွှင်လန်းလျက် ရှိကြကုန် သည်။ ချောင်းစောက်တွင် ခေတ္တနားနေပြီးနောက် တောင်ကြားလမ်းများ၊ ရှိုများအကြားမှ တောင်ပေါ်သို့ တက်ကြလေသည်။ ဆယ့်ငါးမိနစ်ခန့် သွားမိသောအခါ စတင်းဂန်းများကို လေထီးကြိုးများနှင့် သိုင်းကာ ပခုံးတွင် လွယ်၍ ယမ်းတောင့်ကပ်များကို ခါးတွင်ထိုးပြီး သစ်ပင်အုပ်ဆိုင်းလျက်ရှိ သည့် ရှိအသွယ်သွယ်မှဆင်းလာကြသော ရဲဘော်များကို တွေ့ရသော မောင်ပြုံးချိုတို့ လူစုသည် တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်ရင်း လှိုက်လှိုက်လှဲလှဲကြီး ပြုံးလိုက်ကြလေသည်။ သူတို့၏ ခြေထောက်များသည် တောင်အတက်ပင် ဖြစ်လင့်ကစား ပို၍ သွက်လာလေသည်။

ညနေ ၅ နာရီခန့်ဝွင် စခန်းသို့ ရောက်ကြလေသည်။ သူတို့သည် ပင်ပန်းလာသည်ကိုလည်း သတိမရ။ အိပ်ရေးပျက်လာသည်ကိုလည်း အမှု မထား။ မိမိတို့ ပြောက်ကျားတပ်ကြီးကို ဖြည့်တင်းတော့မည့် အင်အားအမျိုးမျိုး ကိုကြည့်၍ စိတ်အား တက်ကြွနေကြကုန်သည်။ စခန်းချထားရာ တောင်ပူစာ ကလေး၏အောက် ကြည်လင်အေးမြသော စမ်းရေယဉ်သည် တသွင်သွင် စီးဆင်းလျက် ရှိလေသည်။ လေးဖက်လေးတန်မှ တောကြီး တောင်ကြီးတို့ သည်လည်း တော်လှန်ရေးစခန်းကို ကာကွယ်ထားကြကုန်သည်။ ဝိုင်ယာ လက်စက်အတွက် စီစဉ်ထားသည့် ဒိုင်နမိုအငယ်စားကလေး၏ အသံသည် လည်း တော်လှန်ရေးရဲဘော်တို့၏ စိတ်တွင် 'အောင်မြင်ရေး' တေးသံကို သီကျူးနေသကဲ့သို့ နားဝင်ချိုလှသည်။

ယမန်နေ့ကပင် လေထီးအစင်းနှစ်ဆယ်ကျော်တို့နှင့် လက်နက် ကိရိယာအစုံ၊ အဝတ်အထည်အစားအစာများကို ချပေးသွားသည်။ စာရင်းလုပ် နေသူများလည်း ချွေးတလုံးလုံးနှင့် လေထီးကြီးများကို ဖြတ်တောက်ကာ

တော်လှန်ရေးရဲဘော်များအတွက် အကျီအဝတ်အစား စီစဉ်နေသူတွေလည်း မအားအောင် ရှိနေတော့သည်။ တပ်ရင်းမှူး ဗိုလ်ကျော်ခေါင်သည် မိမိ၏ တပ်ခွဲမှူးများနှင့် ခရိုင်မြေပုံကြီးကို ရှေ့တွင်ဖြန့်ခင်းကာ လက်နက်အရေးနှင့် စစ်ပရိယာယ်များကို ဆွေးနွေးတိုင်ပင်နေလေသည်။

ရှည်လျားနီကျင်သော ဆံပင်၊ မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးတို့ဖြင့် တစ်ကိုယ်လုံး အမွေးဖုံးလွှမ်းလျက်ရှိသည့် အသားနီစပ်စပ် မိုးကျရွှေကိုယ်ကြီးခြောက်ယောက်သည်လည်း အိမ်ငယ်တစ်ဆောင်အတွင်းဝယ် အိပ်သူအိပ်၊ စာဖတ်သူဖတ်၊ စီးကရက်မှိန်းသူမှိန်းနှင့် စိတ်အေးလက်အေး ရှိလှတော့သည်။ ခေါင်းဆောင်ဖြစ်သူများကား မြန်မာလေထီးသမားများနှင့်အတူ တော်လှန်ရေး အထောက်တော်များထံမှ ရရှိသောသတင်းမျိုးစုံကို ဝိုင်ယာလက်နှင့်ပို့ရန် စိုင်းပြင်းနေကြသည်။ သူသည် အကျီမပါ ဗလာကိုယ်တီး ပလေကတ်လုံချည်ကြီးကိုဝတ်ကာ ချွေးတလုံးလုံးနှင့် အလုပ်များနေလေသည်။ သူတို့သည် မြန်မာလူစိမ်းတစ်ယောက်ဝင်လာတိုင်း မျက်လုံးပြာကြီးတွေ ကလယ်ကလယ်နှင့် ပြုံးပြုံးရယ်ရယ် စိုက်ကြည့်ပြီး ဖော်ရွေစွာ နှုတ်ဆက်ကြလေသည်။

၅

လက်နက်မျိုးစုံကို ကျွဲလှည်းတစ်စီးပေါ်တင်လျက် ဗိုလ်ကျော်ညွှန့်နှင့် မောင်ပြုံးချိုတို့လူစုသည် ချောင်းစောက်စခန်းမှ ညနေစောင်းတွင် ထွက်ခွာခဲ့ကြလေသည်။ လက်နက်ခဲယမ်းမီးကျောက်များသည် အလွန် လေးလံသော ပစ္စည်းများဖြစ်သည့်ပြင် လှည်းတစ်စီးအပြည့် မို့မောက်အောင် တင်ထားသောကြောင့် ကျွဲနှစ်ကောင်သည် အတော်ပင် အားစိုက်၍ဆွဲကြရသည်။ ကုန်းမြင့်အထက်သို့ ရောက်သောအခါတိုင်း ရဲဘော်တွေ ဝိုင်း၍ တွန်းကြရသည်။ ဝိုင်းရွာ၌ ကျွဲလှည်းမှ ပစ္စည်းအားလုံးတို့ကို နွားလှည်းသုံးစီးတွင် မျှ၍တင်ကြပြီးနောက် ကိုင်းကြီးရွာသို့ ညနေစာအမီ အရောက်နှင်ခဲ့ကြသည်။ ထိုရွာတွင် ရွာသားများ ကျွေးမွေးသည့်ထမင်း ဟင်းများနှင့် စည်သွတ်အစားအချို့ကို မှီဝဲကြပြီးနောက် ခရီးဆက်ကြပြန်ရာ ဖုံးဆိုးကြီးရွာသို့ လထွက်ချိန်တွင် ရောက်ရှိကြလေသည်။ ထိုရွာတွင် လှည်းများလဲကြပြီးနောက် ထွက်ခဲ့ကြပြန်ရာ လွှစင်ရွာအနားသို့ ရောက်သောအခါ အုတ်ဖိုမှ တိမ်မြုပ်သို့ သွားရာ



လမ်းတစ်လျှောက်တွင် မော်တော်ကား မီးအစုံများစွာတို့သည် တိမ်မြုပ်ထန်းပင်ကုန်းဘက်သို့ ရှေ့ရှုရွေ့လျားနေသည်ကို မြင်ရလေသည်။ ဗိုလ်ကျော်ညွှန့်သည် လှည်းများကို အရပ်ခိုင်းလေသည်။

"ကိုပြုံးချို ဟိုမှာကြည့်စမ်းဗျို့"ဟု ပြောလေ၏။

"ဟုတ်တယ်ဗျို့၊ ဒီကောင်တွေ တောင်ခြေကပ်တော့မယ် ထင်တယ်"

မောင်ပြုံးချိုက ဆိုသည်။

"ဒီအတိုင်းဆိုရင် ဒီကောင်တွေ ဆုတ်ကုန်ပြီထင်တယ်"

"ဒီလိုဆိုရင် တောင်ခြေကရွာတွေ နာဦးတော့မှာပဲ"

ဗိုလ်ကျော်ညွှန့်သည် အတန်ကြာအောင် စဉ်းစားနေလေသည်။

"ကဲ ကိုပြုံးချို၊ ကျွန်တော်တို့ ဒီကပဲ ခွဲကြရလိမ့်မယ်။ ခင်ဗျားဟောဒီက ဗိုလ်မှင်နဲ့ လိုက်သွားပေတော့။ ကျွန်တော်တော့ လှည်းတစ်စီးနဲ့ လိုသလောက် လက်နက်တွေယူပြီး မင်းလှကြီးဘက် တက်ဦးမှဖြစ်မယ်။ သို့ပေမယ့် ဒီနေ့ည ဒီလမ်းကို အမှတ်တမဲ့ ကျော်လို့ မဖြစ်ဘူး။ ငပုတွေက အလစ်အုပ်ချင်အုပ်မှာ"

သူတို့လည်း လှည်းပေါ်မှ ပစ္စည်းများကို ချတန်ချ၊ တင်တန်တင်နှင့် အစီအစဉ် ပြုလုပ်ကြပြီးနောက် ဗိုလ်ကျော်ညွှန့်သည် သူ့လှည်းကို အရှေ့ဘက်သို့ လှည့်ခိုင်းလေသည်။

"ကိုပြုံးချို၊ ကျွန်တော်တို့မယ် အခုလက်နက်တွေလည်း စုံပြီ။ ငပုတွေကို အပြုတ်နှံဖို့ပဲ ရှိတော့တယ်။ ကျွန်တော့အစီအစဉ်ကတော့ အခုမင်းလှကြီးဘက်ကို သွားမယ်။ ဟိုမှာ ကျန်ရစ်ခဲ့တဲ့ ရဲဘော်တွေကို အခု ယူလာခဲ့တဲ့ လက်နက်တွေကို သုံးတတ်အောင် ချက်ချင်းသင်ပြပြီး ဒီကောင်တွေကို တွေ့ရာသချိုင်း မားမဆိုင်းတော့ဘူး"

"ဒီလမ်းကိုကျော်ရင် သတိထားကျော်ပါဗျာ။ လက်နက်တွေကလည်း ပါတော့ စိုးရိမ်စရာပဲ"

မောင်ပြုံးချိုက သတိပေးလေသည်။

"ကိစ္စမရှိပါဘူးဗျာ။ ရင်ဆိုင်တွေ့လည်း ဆော်ရုံပေါ့။ ကဲ ကိုမှင် သွားမယ်။ ကိုပြုံးချို သွားမယ်"

"ဟုတ်ကဲ့" မောင်ပြုံးချိုနှင့် ဗိုလ်မှင်တို့က ပြိုင်တူဆိုလိုက်သည်။

ဗိုလ်ကျော်ညွန့်၏ လှည်းသည် အရှေ့ဘက်သို့ ယွန်းလေသည်။ မောင်ပြုံးချိုတို့ လှည်းများသည်လည်း အနောက်ဘက်သို့ ထွက်လေသည်။

နောက် များမကြာမီပင် ဗိုလ်ကျော်ခေါင်၏ တပ်ခွဲများသည် သာယာဝတီခရိုင်တွင် ဂျပန်လူရိုင်းတို့အား မည်ကဲ့သို့တွေ့၍ မည်ကဲ့သို့ သုတ်သင်ပုံတို့ကို နေ့စဉ်လိုလို တစ်မျိုးပြီးတစ်မျိုး ကြားကြရလေသည်။ မဟာမိတ်လေတပ်များသည်လည်း ရန်သူတို့နေရာများနှင့် ရိက္ခာဂိုဒေါင်များကို အတိအကျ ဗုံးချဖျက်ဆီးကြကုန်သည်။ ဂျပန်တို့သည် အစုလိုက် အဖွဲ့လိုက် တောင်ခြေသို့ တရကြမ်းဆုတ်ခွါရင်း ကရင်၊ မြန်မာ အစရှိသော တိုင်းရင်းသားတို့အား နှိပ်စက်ညှဉ်းပန်း သတ်ဖြတ်ခြင်းအားဖြင့် 'နောက်ဆုံး' နှုတ်ဆက်သွားကြကုန်သည်။

မဟာမိတ်တပ်ကြီးသည်လည်း အလွယ်တကူနှင့် ခရိုင်အတွင်းသို့ ချဉ်းနင်း ဝင်ရောက်လာလေသည်။

၆

"ကိုပြုံးချို ခင်ဗျားတော့ အေးနေပြီပေါ့လေ" ဗိုလ်ကျော်ညွန့်သည် အိမ်အပေါက်ဝမှ ဝင်လာ၍ သတင်းစာတစ်စောင်ကို ဖတ်နေသော မောင်ပြုံးချိုအား လှမ်း၍ နှုတ်ဆက်လိုက်လေသည်။

"အေးတယ်လို့လည်း ဘယ်ဟုတ်မလဲဗျာ။ ကျွန်တော်လည်း ဒီနေ့မှ တောက ပြန်ပြောင်းလာခဲ့တာပဲ" မောင်ပြုံးချိုက ဖြေလေသည်။

ဗိုလ်ကျော်ညွန့်သည် အနားရှိ ကုလားထိုင်တွင် ဝင်ထိုင်လိုက်သည်။ ပခုံးတွင် လွယ်ထားသော စတင်းဂန်းကိုလည်း စားပွဲပေါ်တွင် တင်လိုက်သည်။

"ခင်ဗျား အလုပ်ပြန်ဝင်တော့မယ် ကြားရတယ်"ဟု ဗိုလ်ကျော်ညွန့်က စကားစပြန်လေသည်။

"ဟုတ်တယ်။ လဆန်းတစ်ရက်နေ့ကစပြီး ဝင်ရမယ်"

"ဝမ်းသာပါတယ်ဗျာ။ ဘယ်အလုပ်ပဲလုပ်လုပ် စိတ်ကောင်းစေတနာကောင်းနဲ့လုပ်ရင် တိုင်းသူပြည်သားအကျိုးကို အများကြီး ဆောင်ရွက်နိုင်ပါတယ်။ တစ်ခုအရေးကြီးတာက မြန်မာဟာ မြန်မာဖြစ်ဖို့ အရေးကြီးတာပါပဲ။ ဂျပန်လက်ထက်က မြန်မာကို ဂျပန်ဖြစ်အောင် အမျိုးမျိုး သူတို့ကြိုးစားတာပေါ့။ သူတို့လုပ်တာ သူတို့ထင်သလောက် မအောင်မြင်ဘူး။ မြန်မာဟာ မြန်မာအဖြစ်နဲ့ပဲ တည်နေတယ်။ ကျွန်တော်တို့ တပ်မတော်ကြီးဟာလည်း မြန်မာ့တပ်မတော်ကြီး၊ မြန်မာ့လူထုကြီးရဲ့တပ်မတော်ကြီး၊ လူထုကြီး အတိဒုက္ခရောက်ပြီး ဆင်းရဲနေတာကို မကြည့်နိုင်ဘူး။ ဒါကြောင့်မို့ မြန်မာလူထုကြီးရဲ့ရန်သူကို အလဲထိုးလိုက်ပြီ"



ခပ်လှမ်းလှမ်းမှ ထွက်ပေါ်လာသော ညီညာသည့် ဖိနပ်သံများကို ကြားရလေသည်။ သူသည် နားစွင့်လိုက်လေ၏။

"ဟော ကျွန်တော့်ရဲဘော်တွေ လာကုန်ကြပြီ"

"ဘယ်သွားကြမလို့လဲ"

"တောင်ခြေကိုလေ၊ မြို့တွေမှာအေးနေပေမယ့် တောတွေမှာ မအေးသေးဘူး။ တောင်ခြေလူတွေကို ငပုတွေ အများကြီး ဒုက္ခပေးနေတယ်" သူသည် နေရာမှထ၍ သွားရန်ဟန်ပြင်လေသည်။ မောင်ပြုံးချိုလည်း သူနှင့်အတူ ခြံပေါက်သို့ လျှောက်လာလေသည်။ "အေးဗျာ၊ ခင်ဗျားဟာ စစ်သားမဟုတ်သော်လည်း အရေးတော်ပုံမှာ ဝင်နွှဲတဲ့ ရဲဘော်တစ်ဦးဆိုတော့ ကျွန်တော် လေးစားပါတယ်။ ချီးကျူးပါတယ်" ဟု ဗိုလ်ကျော်ညွန့်က လှိုက်လှိုက်လှဲလှဲ ပြောလေသည်။ သူတို့နှစ်ယောက်သည် ဝင်းပေါက်တွင် ရပ်နေကြလေသည်။

လက်မောင်းသည် အနီခံကြယ်ဖြူတံဆိပ်ပါသော လက်ပတ်များကို ဆင်မြန်းလျက် လက်နက်မျိုးစုံကိုင်စွဲကာ စည်းကမ်းသေဝပ်စွာ လေးယောက်တစ်တွဲစီ ချီတက်လာကြသော တပ်မတော်သားများကို တွေ့ရလေသည်။ သူတို့၏ စိတ်ဓာတ်သည် တက်ကြွလျက်၊ သူတို့၏ မျက်နှာသည် ရွှင်လန်းလျက်၊ သူတို့၏ အင်အားသည် ပြည့်တင်းလျက်၊ သူတို့၏ ခြေလှမ်းသည် သွက်လက်လျက် အနီးသို့ ရောက်လာကြကုန်သည်။

"ကဲ ကိုပြုံးချို၊ သွားလိုက်ဦးမယ်။ မသေလို့ရှိလည်း နောက် တွေ့ကြသေးတာပေါ့" ဗိုလ်ကျော်ညွန့်သည် မောင်ပြုံးချိုအား နှုတ်ဆက်လေသည်။ ချီတက်လာသော တပ်မတော်သားတို့သည် မောင်ပြုံးချိုတို့ရှေ့သို့ ရောက်လာလေသည်။ ဗိုလ်ကျော်ညွန့်သည် ရှေ့ဆုံးမှ ချီတက်သွားလေသည်။

မောင်ပြုံးချိုသည် စစ်ထွက်ကြသည့် တပ်မတော်သားတို့အား ဦးညွှတ်၍ အရိုအသေပြုလိုက်လေသတည်း။

[ထိုသုံးနှစ်၊ ၁၉၄၅ ဒီဇင်ဘာ၌ ပါရှိခဲ့သော မြန်မာ့ခုခံရေး၊ ကိုယ်ပျောက်တပ်သား၊ ပြောက်ကျားစစ်၊ လွတ်မြောက်ရေး တို့ကို ပေါင်း၍ ဖော်ပြထားခြင်း ဖြစ်သည်။]

# သမိုင်း

မြို့ပိုင် မောင်ပြုံးချိုသည် အလျားဆယ့်ငါးတောင်ခန့်ရှိသော ကျွန်းသား လှေယာဉ်ဖြင့် ချောင်းငယ်တစ်ခုကို စုန်ဆင်းလာလေသည်။ လှေလှော်သူများ အပြင် သူကြီးဦးဘိုးဝသည် ပဲ့ပိုင်းမှထိုင်လျက်၊ ဦးဘိုးပိန်သည် ဦးပိုင်းမှ ထိုင်လျက် လိုက်ပါလာကြလေသည်။ လှေဝမ်းအတွင်းမှာကား မောင်ပြုံးချိုနှင့် သူ၏ တောလိုက်စာရေး ဖြစ်လေသည်။

ရှေးပဝေသဏီက ပုလိပ်ဟောင်းကြီးများ (ဝါ) လူထုပုလိပ် မဟုတ်သော ပုလိပ်များ ရောက်ရာနေရာတွင် အရက်ရှာသကဲ့သို့ မောင်ပြုံးချိုသည် ရောက် ရာဒေသတွင် ဗဟုသုတ ရှာမှီးတတ်သတည်း။ ထို့ကြောင့် ယခုလည်း သူသည် သူကြီးများထံမှ ရတတ်သမျှသောဒေသန္တ ရဗဟုသုတများကို အပတ် တကုတ် ခြစ်ခြုတ်ယူရန်အလို့ငှာ ဤသို့ စကားစလိုက်လေ၏။

"သူကြီးမင်းရဲ့၊ ရှေ့ကရွာဟာ ဘာရွာပါလိမ့်"

"တိုက်ကြီးကုန်းပါ" ဦးဘိုးပိန်က ပြောလေသည်။

"ဘာကြောင့် တိုက်ကြီးကုန်းလို့ ခေါ်ပါသလဲ"

"ဒီအရပ်က ရေမြုပ်တဲ့အရပ်ဆိုတော့ ရွာများကို ကုန်းကျတဲ့နေရာ မယ် တည်ရပါတယ်။ ဒီရွာဟာလည်း ရှေးက တိုက်အိုကြီးရှိတဲ့ကုန်းမှာ တည်လို့ တိုက်ကြီးကုန်းလို့ ခေါ်ပါတယ်"

"ဟောဟိုရှေ့က ရွာကောဗျ"

"အဲဒီရွာက ထိန်ကုန်းပါတဲ့"

"အင်း ဒီရွာလဲ ထိန်ပင်ရှိတဲ့ကုန်းမှာတည်လို့ ထိန်ကုန်းလို့ ခေါ်တာပေါ့ ဟုတ်လား"

"ဟုတ်ပါတယ်"

သူကြီးနှစ်ယောက်က ပြိုင်တူဖြေကြလေသည်။

"အင်း ဒီနေရာကရွာတွေက သူ့သမိုင်းနဲ့ သူကိုးဗျ။ ဒါနဲ့ နေပါဦး။ ဟိုခပ်လှမ်းလှမ်းက မြင်ရတဲ့ဘုရားလေးနဲ့ ရွာကကော ဘာရွာတဲ့ လဲ"



"ဒွတ် ပါတဲ့" ဦးဘိုးဝက ပြုံးစေ့စေ့နှင့် ဖြေလေသည်။

"ဘာဗျ"မောင်ပြုံးချိုက နားမလည်သဖြင့် ပြန်မေးလေသည်။

"ဒွတ် ရွာပါ"သူကြီးနှစ်ယောက်စလုံးက ဖြေပြန်၏။

"အင်း နာမည်က တယ်ဆန်း၊ ဘာပြုလို့ ဒွတ်ရွာလို့ ခေါ်သလဲဗျ။ သမိုင်းပြောစမ်းပါဦး"

နှစ်ယောက်သော သူကြီးမင်းတို့သည် တုဏှိဘာဝေ ဆိတ်ဆိတ်နေ ကြလေသည်။

"ကဲ ဦးဘိုးဝ၊ ဒွတ်ရွာဟာ ခင်ဗျားကျေးရွာအုပ်စုထဲမှာ မဟုတ်လား ပြောစမ်းပါဦး။ မှတ်ရသားရအောင်" မောင်ပြုံးချိုက တိုက်တွန်းပြန်ရာ တံတွေးကို သုံးလေးခါလောက်မျိုလိုက်ပြီးသော် ဒွတ်ရွာသမိုင်းကို မဆိုင်းဘဲ ပြောကြားလေ၏။

"ရှေးတုန်းက မဏိစည်သူမင်းတရားကြီး ဖောင်စကြာနဲ့ လှည့်လည် တော့ ဒီအရပ်ဒီဒေသရောက်တော်မူလာတာကိုး။ ဒီတော့ ခေတ္တခဏ ဖောင် တော်ကို အခုရွာတည်တဲ့ နေရာမယ် ဆိုက်ထားပြီး ဖောင်ဦးမယ် ဘုရားတစ်ဆူ၊ ဖောင်ပဲ့မယ် ဘုရားတစ်ဆူ တည်ပါတယ်။ ဟောဟိုက အခုမြင်ရတဲ့ဘုရား ဟာ ဖောင်တော်ဦး ဘုရားပါ။ ရွာဟိုဘက်မယ် ဒီကကြည့်တော့ မမြင်ရပါ ဘူး။ အဲဒီဘုရားက ဖောင်တော်ပဲ့ဘုရားပါ"

"ဘုရားတစ်ဆူနဲ့တစ်ဆူ ဘယ်လောက်ဝေးသလဲ"မောင်ပြုံးချိုက မေးလိုက်၏။

"တစ်မိုင်လောက်တော့ ဝေးပါလိမ့်မယ်"

"ဒါဖြင့် ဖောင်ကြီးက အကြီးကြီးပေါ့။ ဒီချောင်းလေးထဲ ဝင်နိုင်ပါ့ မလား"

"ဟာ အဲဒီမင်းက လက်ညှိုးညွှန်ရာ ရေဖြစ်နေတာပဲ။ ချောင်းကျဉ်း နေရင် လက်ညှိုးညွှန်ပြီး ချဲ့လိုက်မှာပေါ့"

"အင်း အင်း ပြောပါဦး"

"ဒါနဲ့ အဲဒီမင်းကြီးဟာ ဘုရားနှစ်ဆူတည်ပြီးတဲ့နောက် ဖောင်စကြာ နဲ့ ထွက်ခါနီးမယ် ဒီဘုရားနှစ်ဆူရဲ့စပ်ကြားမှာ ရှိတဲ့နေရာဒေသဟာ အထွတ် အမြတ်ဖြစ်တယ်။ ဒီနေရာမယ် ရွာတည်ပြီး အထွဋ်ရွာလို့တွင်စေလို့ ဗျာဒိတ် တော် ချခဲ့တယ်။ အခုကာလရွှေ့လျောလို့ အထွဋ်ရွာက ဒွတ်ရွာ ဖြစ်လာပါ

တယ်" ဟု သမိုင်းကိုအဆုံးသတ်ပြီးလျှင် ရှေ့တွင်ရှိသော ကွမ်းအစ်ကြီးထဲမှ ကွမ်းကိုနိူက်၍ ထုံးသုတ်နေလေ၏။

ဦးဘိုးဝ၏ သမိုင်းဆုံးသည်နှင့်တစ်ပြိုင်နက် ငြိမ်ချက်သား မကောင်းလှသော ဦးဘိုးပိန်က "အဟိ ဟိ ဟိ"ဟု ဆိုကာ စခန်းထပြန်လေ၏။

"ကျွန်တော်ကြားဖူးတဲ့ ဒွတ်သမိုင်းက ဒီလို မဟုတ်ပါဘူး" ဦးဘိုးပိန်က နိဒါန်းပျိုး၏။

"အင်း ဆိုစမ်းပါဦး"

မှုကွဲကို မှတ်သားလိုသော မောင်ပြုံးချိုက အားပေး၏။

"ကိုဘိုးပိန် မဟုတ်တာတွေ မပြောနဲ့နော်" ဦးဘိုးဝက ဟန့်တား၏။

"ဘယ့်နှယ် သူကြားဖူးတာ ပြောပါစေ"ဟု မောင်ပြုံးချိုက ဦးဘိုးဝကို ကန့်ကွက်၏။

"ကျွန်တော် ကြားဖူးတာက ဒီလိုပါ။ အင်္ဂလိပ်မင်း အောက်မြန်မာပြည်ကိုသိမ်းတော့ စစ်ဗိုလ်ကြီးတစ်ယောက် မျက်စိလည်လမ်းမှားပြီး ဒီနေရာ ရောက်လာပါရော။ အဲဒီတုန်းက အခုဒွတ်ရွာနေရာမယ် အိမ်ကလေး လေးငါး အိမ်လောက်ပဲ ရှိတယ်တဲ့။ အိမ်တောင်မဟုတ်ပါဘူးလေ တဲစုတ်ကလေးတွေပါ။ ဒါနဲ့ စစ်ဗိုလ်ကြီးကလည်း ခရီးပန်းပြီး စစ်သားလေးငါးဆယ်ယောက်နဲ့ ဝင်လာတော့ အဲဒီတဲထဲက လူတွေက ထွက်ကြည့်ပါရော။ ထွက်ကြည့်တဲ့ လူတွေထဲကလည်း တစ်ယောက်မှ အနားကပ်ချင်စရာမကောင်းဘူးတဲ့။ တချို့က မျက်ခမ်းစပ်တွေ၊ တချို့ကလည်း တစ်ကိုယ်လုံး အနာတွေပေါက်လို့ ပြည်တရွှဲရွှဲနဲ့၊ တချို့ကလည်း ကိုယ်မကောင်းကြဘူးတဲ့။ အဲဒါတွေမြင်တော့ အင်္ဂလိပ် စစ်ဗိုလ်ကြီးဟာ ရွံလည်းရွံ၊ ကြောက်လည်းကြောက်ဖြစ်ပြီး ဒွတ် ဒွတ်တရိ မာရိဒွတ် ဒွတ် ဒွတ်ဆိုပြီး ရွာထဲက ထွက်ပြေးပါရော။ ဒါကြောင့် ဒီရွာကို ဒွတ် လို့ခေါ်ပါသတဲ့"

ဦးဘိုးဝရှေ့တွင်ရှိသော ကွမ်းအစ်ကြီးသည် ဦးဘိုးပိန်၏ခေါင်းကို ဖြောင်ခနဲ ထိကာ ရေထဲသို့ ကျသွားလေသည်။ ဦးဘိုးပိန်ကလည်း ခေါင်းကိုပွတ်ရင်း အနီးရှိ ထိုးဝါးကြီးကို ဆွဲ၍ နေရာမှထလေ၏။

"ဟင်ခွေးမသား၊ သူများရွာကို မတရားပြောတယ်"ဟုဆိုကာ ဦးဘိုးဝသည် အနီးရှိလှေသမားထံမှ တက်ကို လုနေလေ၏။ ရေကူးကောင်းစွာ



မတတ်သော တောလိုက်စာရေးနှင့် မောင်ပြုံးချိုမှာကား မည်သို့မှ မကြံနိုင်ဘဲ ဘယ်ညာသွက်သွက်ခါအောင် လူးနေသောလှေနံနှစ်ဖက်ကို စွဲမြဲစွာ ကိုင်ရာက "ဟေး ဟိုး မလုပ်နဲ့လေ။ ဟေး သူကြီးထိုင်ပါ ဟော ဟော"ဟု မျက်လုံးပြူး မျက်ဆံပြူးနှင့် အော်ရင်း လှေစောင်း၍ မှောက်သွားလေရာ မောင်ပြုံးချိုသည် ဇနကမင်းကို ဂုဏ်ပြိုင်လျက် နှစ်လံမျှဝေးကွာသည့်ကမ်းသို့ ယောက်ျားတို့၏ လုံ့လဖြင့် ကူးသွားလေရာ မခလာနတ်သမီး မကယ်သော်လည်း ကမ်းစပ်သို့ ရောက်သွားလေ၏။ တောလိုက်စာရေးလည်း သူနှင့် မရှေးမနှောင်း ကမ်းသို့ ရောက်လာလေသည်။ လှေသမားနှစ်ယောက်သည် လှေကိုကမ်းစပ်သို့ ဆွဲယူနေကြလေသည်။ သူကြီးနှစ်ယောက်မှာ ရေစပ်တွင် ထွေးလုံးရစ်ပတ် ဖြစ်နေကြလေသည်။ ပူးလိုက်၊ ခွာလိုက်၊ လုံးလိုက်၊ ဖက်လိုက်နှင့် ပါးစပ်ကလည်း ဆဲဆိုကြိမ်းမောင်းနေလျက် ရေထဲတွင် တဝုန်းဝုန်း ဖြစ်နေကြပြီး နောက်မှကမ်းပေါ်သို့ တက်လာကြလေသည်။ သို့သော် ဒေါသ ရှိန်ကား မပြေသေး။

"ကိုရင် ကျုပ်တို့ရွာကို မတရားပြောတယ်"

"ခင်ဗျား ကျုပ်ကို မတရား ကွမ်းအစ်နဲ့ပေါက်တယ်"

မောင်ပြုံးချိုနှင့်တောလိုက်စာရေးကား သူတို့နှစ်ယောက်ကို ကြည့်ရင်း ငိုအားထက် ရယ်အားသန်နေကြလေသည်။ သူတို့ဆရာတပည့်နှစ်ယောက်သည် တဟားဟားရယ်နေရသည်နှင့် စကားမပြောနိုင်ကြဘဲ သူကြီးနှစ်ယောက်၏ ခန္ဓာကိုယ်အောက်ပိုင်းများကို လက်ညှိုးထိုး၍ ပြနေကြရလေသည်။ ထိုအခါကျမှ သူကြီးနှစ်ယောက်သည် အောက်သို့ ငုံ့ကြည့်မိကြလေတော့သည်။ ငုံ့ကြည့်မိမှပင် နှစ်ယောက်စလုံးပုဆိုးမပါ။ ဗလာကိုယ်ချည်း ဖြစ်နေသည်ကို တွေ့မြင်ကြရလေတော့သည်။

"ဟင်" နှစ်ယောက်စလုံး၏ ပြိုင်တူအာမေဍိတ်သံ ထွက်ပေါ်လာပြီးနောက် လက်ဝါးနှင့်အုပ်ကာ ကိုင်းတောသို့ ဝင်ပြေးကြလေသတည်း။

[ပြုံးတမဲ့မဲ့ ၁၉၄၉ ထိုသုံးနှစ် ၁၉၄၅ ဒီဇင်ဘာနှင့်
စာပဒေသာ(အထူးထုတ်) အမှတ် ၈ တို့၌ ဒွတ် အမည်ဖြင့်
ပါရှိခဲ့သည်။]

# သကြိန်

နှစ်အကူးသစ်ထူးသည့်ချိန်ခါကို

ကောင်းကင်တစ်ခုလုံးသည် မိုးသားတို့ဖြင့် အုံ့ဆိုင်းလျက် အေးမြသော သဘာဝဓာတ်ကို ဖြန့်ဖြူးလျက်ရှိလေသည်။ လူအပေါင်းတို့သည်လည်း သကြိန်ရိပ်၊ သကြိန်ငွေ့ဖြင့် လှုပ်လှုပ်ရွရွ ဖြစ်နေကြလေသည်။ အိမ်ရှေ့လမ်းမကြီးသည်လည်း လူသွားလူလာတို့ဖြင့် ရှုပ်ယှက်ခတ်လျက်ရှိသည်။

မောင်ပြုံးချိုသည် အိမ်ရှေ့ပက်လက်ကုလားထိုင်ပေါ်တွင် ထိုင်ကာ သာယာသည့် လောကဓာတ်ကို ရှုစားလျက်ရှိလေသည်။ တင်မကြီးသည် ဘုရားညောင်ရေအိုးလဲရန် ပိတောက်ခိုင် ဝါဝါဝင်းများကို ဆေးကြောသုတ်သင်လျက် ရှိလေသည်။

မောင်ပြုံးချိုသည် သူငယ်ငယ်က သီကျူးဖူးသည့် တေးကဗျာကို သတိရမိလေသည်။

ရွှေပိတောက်တို့ဝင်းထိန်ပြီ
မေဆံတောက် ပျို့ဆင်းသီဂီ
အခါမီ ရာသီပွဲပေမို့
သွေးမဖည် ဆွေညီတွဲပါလို့
နွဲ့ဖို့စိတ်ရည်။
ကြိုင်ရနံ့ရယ်နဲ့
လှိုင်ပျံ့တဲ့ရေကြည်
ဆုရည်လို့ပက်ဖျန်း
နှစ်ကူးအခါ လှစ်ကျူးသံသာသာနဲ့
ပဏ္ဍာရွှေ မာစေကြောင်းသာပ
ချစ်ကြည်ကြည် နှစ်လည်ပြောင်းချိန်မို့
လောင်းကြရေချမ်း။



သူသည် ခပ်တိုးတိုး သီကျူးနေလေသည်။

ခပ်လှမ်းလှမ်းမှ အိုးစည်သံသည် နီး၍နီး၍လာလေသည်။ ဝါးလက်ခုပ်သံ၊ လင်းကွင်းသံတို့သည်လည်း ကျယ်၍ကျယ်၍ လာလေသည်။ သီချင်းသံတို့သည်လည်း ပီ၍ပီ၍လာလေသည်။ ခဏမျှကြာသောအခါ မောင်ပြုံးချိုတို့အိမ်ရှေ့သို့ ရောက်လာလေသည်။ သူတို့သည် ဤမြို့သားများ မဟုတ်။ အခြားအရပ်မှလာ၍အလှူခံကြဟန်တူသည်။ သုံးယောက်က ဝါးလုံးကြီးတစ်လုံးကို တုတ်နှင့် စည်းချက်ကျကျ ရိုက်နေကြသည်။ တစ်ယောက်က လင်းကွင်းတီး၍ အခြားတစ်ယောက်က အိုးစည်ကို အားရပါးရကြီး တီးနေလေသည်။ သူတို့နောက်မှလည်း ကလေးတွေ တပြုံကြီး ရေဖလားတွေ မြှောက်တွေကို ကိုင်လျက် လိုက်နေကြလေသည်။

ထိုလူအုပ်တွင် တီးသူများသာ မဟုတ်၊ ကသူများလည်း ပါသေးသည်။ တစ်ယောက်သောသူမှာကား ခေါင်းပေါင်းစရှည်ရှည်ချကာ သက္ကလပ်အင်္ကျီအနက်ကြီးကို ဝတ်လျက် မဲပုဆိုးကို ဒူးပေါ်ဝတ်ပြီးလျှင် ခါးပုံစရှည်ရှည်နှင့် အဝတ်ဖိနပ်ကို စီးထားလေသည်။ သူ၏ အငှားနှုတ်ခမ်းမွေးကြီးကလည်း တလှုပ်လှုပ်နှင့် အသည်းယားစရာကောင်းလှသည်။ မျက်နှာချေတွေကို ဖွေးနေအောင် လိမ်းထားသော မျက်နှာနှင့် မှန်မပါသည့် နှစ်ကွင်းမျက်မှန်ကြီးသည် ရယ်စရာသဏ္ဌာန်ကို ဖန်တီးလျက်ရှိလေသည်။

သူနှင့်အတွဲ တစ်ယောက်ကား အင်္ကလိပ်ဆံတောက်ကို ကြက်တောင်စည်းလျက် ပိတောက်ပန်းတွေပန်ကာ ဘော်လီအင်္ကျီကို ပြောင်းပြန်ဝတ်ဆင်ထားလေသည်။ ဖြူဖွေးသော မျက်နှာနှင့် မည်းနက်သောကုပ်သည် အထူးပဏာရလှသည့်ပြင် ဓာတ်ရိုက် မိန်းမဝတ်လုံချည်ကို ဆီးထားသဖြင့်လည်း ကျက်သရေအပေါင်းကို ဆောင်လျက်ရှိလေသည်။ အိုးစည်၊ လင်းကွင်း၊ ဝါးလုံးသံတို့ဖြင့် ပြီးသည့်ဆိုင်းချက်ဖြင့် ထိုစုံတွဲသည် ပုသိမ်ထီးကလေးများကိုကိုင်ကာ အမဲခြောက်ဖုတ်ကဲ့သို့ ကွေးနေအောင် ကကြလေတော့သည်။

ထိုလူသိုက်သည် မောင်ပြုံးချိုတို့အိမ်ရှေ့ကျမှ အထူးကြိုးစား ကနေကြပြန်လေသည်။ မောင်ပြုံးချိုအဖို့တွင်ကား ထိုအကမျိုးသည် ရိုးနေလေပြီ။ မိမိသိတတ်သောအရွယ်မှစ၍ ဦးရွှေရိုး ဒေါ်မိုးအက ပေါ်လာခဲ့သည်။ ထိုအကမျိုးတွေကို မြင်ဖူးတွေ့ဖူးကြုံဖူးနေသည်မှာ မရေမတွက်နိုင်တော့ချေ။ မန္တလေး၊

မော်လမြိုင်၊ ရန်ကုန်၊ မြောင်းမြ၊ ဘယ်နေရာမဆို ဤအကမျိုးချည့် ကနေကြသည်။ အလှူရှင်လောင်းလှည့်ရာမှာလည်း သည်အက၊ ပဒေသာပင်လှည့်ရာမှာလည်း သည်အက၊ ဘုန်းကြီးပျံမှာလည်း သည်အက၊ စွယ်တော်လှည့်ရာမှာလည်း သည်အက၊ ဘုရားရေသပ္ပာယ်သွားရာမှာလည်း သည်အက၊ ဟိုနေရာမှာလည်း သည်အက၊ သည်နေရာမှာလည်း သည်အက၊ သာရေးမှာလည်း သည်အက၊ နာရေးမှာလည်း သည်အက၊ တို့မြန်မာတို့သည် သည်အကမျိုးနှင့် သည်ဟန်မျိုးကို အတော်နှစ်သက်ကြလေသလား။

"ကြည့်စမ်းပါဦး ကိုရဲ့၊ လုပ်လာပုံက ကျက်သရေမရှိလိုက်တာ" တင်မကြီးက မှတ်ချက်ချလိုက်ရာ "ငါ့သဘောနဲ့ တူလေခြင်း"ဟု အောက်မေ့ကာ မောင်ပြုံးချိုသည် ပြုံးပြုံးကြီးလုပ်နေလေသည်။

"ကိုတို့များ ဒီဗိုသိဖတ်သီအကမျိုးကို ဟိုဘုန်းကြီးကျောင်းသားဘဝကတည်းက မြင်ဖူးနေတာ" မောင်ပြုံးချိုက ဆိုလေသည်။

"တင်တို့များ ဒီလိုဗိုသိဖတ်သီအကမျိုးကို အင်္ဂလိပ်ကျောင်း ရောက်စကတည်းက မြင်ဖူးနေတာ"

"အမယ် သူက အင်္ဂလိပ်ကျောင်းနေဖူးတာ ကြွားချင်လိုက်တာ"

"အမယ် သူ ဘုန်းကြီးကျောင်းနေတာ ကြွားချင်လိုက်တာ" မောင်ပြုံးချိုသည် တစ်ချက်တည်း ငြိမ်ကျသွားလေ၏။

"ကြည့်စမ်းပါဦး၊ မျက်နှာကတော့ ဖွေးလို့၊ ကုပ်ကြီးကတော့ မည်းလို့၊ ဘော်လီအကျႌကြီး ပြောင်းပြန်ဝတ်ထားတာက ဘာသဘောလဲ။ က ပုံကလည်း ပြက်တီးပြက်ချော်နဲ့"

တင်မကြီးသည် တသီတတန်းကြီး ကဲ့ရဲ့နေပြန်လေသည်။

"အမယ် ကိုက သီချင်းတွေဘာတွေ ဆိုလို့ပါလား" တင်မကြီးသည် ဘုရားညောင်ရေအိုးလဲနေရာမှ မှတ်ချက်ချလိုက်လေသည်။

မောင်ပြုံးချိုသည် မည်သို့မျှပြန်မပြောဘဲ ပြုံး၍သာ ကြည့်လိုက်လေသည်။

"ကို ဒီနေ့ ဥပုသ်စောင့်မယ်နော်"တင်မကြီးက ထပ်၍ လောလိုက်ပြန်သည်။

"အေး အင်း အေး စောင့်တာပေါ့" မောင်ပြုံးချို၏ ထစ်ထစ်ငေါ့ငေါ့ထွက်ပေါ်လာသည့်အဖြေကို ကြားရလေ၏။



"ဟင် ဒါပဲနော်။ ဒီနေ့ အခါကြီးရက်ကြီး သီလမြဲအောင် စောင့်ရမယ်။ တော်တော်ကြာ ထမင်းဆာတယ် မလုပ်နဲ့"

"ဒါလောက်လည်း အထင်မသေးပါနဲ့ ရှင်မရာ။ ကိုလည်း စစ်ကိုင်းတောင်ရိုးက မဟာဂန္ဓာရုံဆရာတော်ဘုရားကြီးတပည့်ရင်းပါ"

မောင်ပြုံးချိုက သူ့ကိုယ်သူ ထောက်ခံချက်တွေ ပေးနေပြန်လေ၏။

"ဒါဖြင့် ဒီနေ့ အသေအချာ ဥပုသ်စောင့်မယ်ပေါ့" တင်မကြီးက မယုံသလို ထပ်၍ မေးပြန်လေ၏။

"ဪ စောင့်ပါ့မယ်လို့ ဆိုနေ"

"ကဲ ဒါဖြင့် သာစုတစ်ကြိမ် ခေါ်ထားမယ်။ သီလခံပြီးတော့တစ်ကြိမ်၊ မနက်တော့ တစ်ကြိမ်ခေါ်မယ်"

"အမယ်လေးဟဲ့ သာစုတောင် အင်စတောလ်မင့်နဲ့ ဖြစ်နေပြန်ပြီ"

"ဟုတ်တယ်လေ ကို့ ယုံမှမယုံဘဲ။ သီလယူခါနီးကျတော့ ပျောက်လိုပျောက်သွား၊ ညနေကျတော့ ခေါက်ဆွဲဆိုင်သွားလိုသွားနဲ့"

"ကဲဗျာ ဒါဖြင့်လည်း ရှင်မ သဘောပါပဲ"

ဝိုင်းတော်သားတို့သည် ကရုံနှင့် မပြီး။ ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံသောသီချင်းကို သီဆိုနေကြပြန်သည်။ သူတို့သီချင်းကို နားထောင်ကြပါဦး။

"ကျိုက္ကမီရေစပ်က၊
တစ်ခုလပ် မိုကြညာ
ညောင်ဦးက လူပျိုလာရင်
မင်းလုံချည် ဘယ်ဈေး
လံချားနဲ့ မိုးပေါ်ပျံမယ်
ဆရာစံရောင်းတဲ့ တေဆေး။ ။

သီချင်းဆုံးလျှင် ဝိုင်းတော်သားတို့သည် အိုးစည်ပေါက်မတတ် လင်းကွင်းဝါးလုံးကွဲမတတ် တအားကျုံးလျက် အသုံးတော်ခံလေရာ ကျက်သရေ ရှိလှသော အကသမားနှစ်ယောက်သည်လည်း အမျိုးမျိုးသော အမူအရာကို ဆောင်လျက် ချွေးဒီးဒီးယိုစီးအောင် ကကြလေသတည်း။

ထိုစဉ်တွင် သူတို့အထဲမှ လူငယ်တစ်ယောက်သည် ငွေဖလားကြီး လှုပ်ရင်း အပေါက်တွင် ရပ်လာလေသည်။ တင်မကြီးသည် မတ်စေ့တစ်စေ့ကို

ထည့်လိုက်ပြီးလျှင် "နိဗ္ဗာန ပစ္စယော"ဟု ရေရွတ်လိုက်လေသည်။ သူတို့သံညီလည်း ခုန်ဆွခုန်ဆွကရင်း ထွက်သွားကြလေရာ အိုးစည်သံလည်း တဖြည်းဖြည်း ဝေး၍ဝေး၍ သွားလေ၏။

"ကဲ ရှင်မ၊ သူတို့ဆိုသွားတဲ့ သီချင်းကို ရလိုက်ရဲ့လား" မောင်ပြုံးချိုက သူ့ဇနီးကို မေးလိုက်လေသည်။

"ရသားပဲ"

"အမယ် တယ်အရမြန်ပါလား၊ ဘုရားရှိခိုးဆိုရင် အတော်ကျက်ရမှာ"

"တိုတိုလေးပဲဟာ ရတာပေါ့"

"ကဲ အဲဒီသီချင်းကို အဓိပ္ပာယ်ပြန်စမ်း"

"ဘယ်ပြန်တတ်မလဲ၊ တွေ့ကရာတွေ လျှောက်ဆိုတဲ့ဟာပဲ" တင်မကြီးသည် သူ့အနားမှ ဖယ်သွားလေ၏။

မောင်ပြုံးချိုလည်း တစ်ယောက်တည်း သူ့နားထဲတွင် စွဲကျန်ရစ်ခဲ့သည့်တေးသီချင်းကို စိတ်ထဲတွင် ပိဋကတ္တပြန်နေလေသည်။ မည်မျှကြာသွားသည်မသိ၊ ဆေးရုံမှလူတစ်ယောက် ဆရာဝန်ထံမှ စာလာပေးမှ အတွေးရပ်သွားလေသည်။ ဆရာဝန်စာကို ဖတ်လိုက်ရသောအခါ ပို၍ စိတ်ရှုပ်သွားလေသည်။ ထိုစာကား ဆေးရုံတွင် လူနာတစ်ယောက်ထံမှ သေတမ်းစစ်ချက်ယူရန် ဖိတ်ခေါ်သောစာ ဖြစ်လေသည်။ မောင်ပြုံးချိုသည် ကတိုက်ကရိုက်အဝတ်အစားလဲပြီးသော် ဆေးရုံသို့သွားရန် ဟန်ပြင်လေ၏။

"ကို ဘယ်သွားဦးမလို့လဲ။ ဘုန်းကြီးလာခါနီးပြီ။ သီလယူရအောင်" တင်မကြီးထွက်လာ၍ မသက်သာသောမျက်လုံးဖြင့် မောင်ပြုံးချိုကို ကြည့်လေသည်။

"ခဏလေးပါ၊ ဆေးရုံကို သွားမလို့၊ သေတမ်းစစ်ချက်ယူရအောင်လို့"

"အမယ်လေးလေး အခါကြီးရက်ကြီး ဘာဖြစ်ပြန်ပါလိမ့်နော်" တင်မကြီးက ညည်းညူလိုက်လေသည်။

ဆေးရုံသို့ရောက်သောအခါ ဆရာဝန်က လူနာကို လိုက်၍ပြလေသည်။ လူနာမှာ ဆေးရုံအဝတ်အစားများ ဝတ်ဆင်ထားပြီးဖြစ်၍ ခေါင်းတွင်လည်း ပတ်တီးစည်းထားပြီးဖြစ်လေသည်။ လူနာသည် ခုတင်ပေါ်တွင်



မှိန်းနေလေသည်။ မောင်ပြုံးချိုသည် မိမိမျှော်လင့်သလို အနိဋ္ဌာရုံကြီးကို မမြင်ရသဖြင့် စိတ်သက်သာရာရသွားလေ၏။

"ကဲ မောင်ဘိုးထွန်း၊ တရားသူကြီးလာတယ်။ မင်းတို့ အဖြစ်အပျက်ကို ပြောစမ်းပါဦး" ဆရာဝန်က အသံပေးလိုက်လေသည်။

လူနာသည် "ကျွတ် ကျွတ် ကျွတ်"ဟု ညည်းညူရင်း မျက်စိပွင့်လာလေ၏။

"ဘယ့်နှယ်နေသေးသလဲ"မောင်ပြုံးချိုက မေးလေသည်။

"ခေါင်းထဲက မူးတယ်"

လူနာအား ကျမ်းတိုက်ပြီးနောက် မောင်ပြုံးချိုက ဤသို့ ဆိုပြန်၏။

"အေး အေး မင်းတို့အဖြစ်အပျက် ပြောစမ်းပါဦးကွဲ့။ အဲ ဒါနဲ့ မင်းနာမည် ဘယ်သူ"

"ဘိုးထွန်း"

"အသက် ဘယ်လောက်ရှိပြီလဲ"

"ရှစ်ဆယ်သုံးခုဖွား"

"ကဲ ဗေဒင်ဆရာတို့ တွက်ကြည့်စမ်းပါဦး"

"နှစ်ဆယ့်ခုနစ်နှစ်" အနားမှလူတစ်ယောက် လျှင်မြန်စွာ တွက်လိုက်လေသည်။

"ဘာလုပ်စားသလဲ"

"ဂျပန်ခေတ်ကတော့ ဈေးတပ်လိုက်ပါတယ်။ အခုတော့ တိုလီမိုလီလုပ်တာပဲ"

"အဲဒါ ခက်တာပဲ။ ဘာလဲကွ တိုလီမိုလီဆိုတာ"

"လယ်လည်းထွန်တယ်။ မြက်လည်း ရိတ်တယ်။ ထန်းလည်း တက်တယ်။ တစ်ခါတလေ အရက်လည်း ရောင်းတယ်။ လူပြက်လည်း လုပ်တယ်"

"အင်း မင်းဟာက အဋ္ဌရသဆယ့်ရှစ်ရပ် ကုန်ရောကိုကွ"

"အဖေနာမည် ဘယ်သူလဲ"

လူနာသည် အဖြေမပေး၊ ငြိမ်နေလေသည်။ "မင်းအဖေ ဘယ်သူလဲ" မောင်ပြုံးချိုက ထပ်မေးပြန်သည်။

"ကျွန်တော့အဖေလား၊ ကျွန်တော့အဖေ မသိဘူး ခင်ဗျ"

"အဲဒါ ခက်တာပဲ။ ကိုယ့်အဖေတောင် ကိုယ်မသိပြန်ဘူး"

"ဘယ်သိမလဲဗျ၊ ငယ်ငယ်ကလေးက သေသွားတာကိုး"

"အေး အေး ထားပါတော့၊ မင်းအမေနာမည် ဘယ်သူလဲ"

"မအေးဖြူတဲ့။ နောက်ယောကျ်ားနဲ့ သူက"

"နာမည်"

"ကျုပ်အဖေမှ မဟုတ်ဘဲ၊ ပြောဖို့လိုသေးသလား"

"မေးနေတာကို ဖြေရမယ်"

"ကိုဘိုးရွှဲ့ တဲ့"

"ကိုင်း မင်းအကြောင်း ပြောပြစမ်းပါဦး"

ထိုအခါ လူမမာသည် အနည်းငယ် စုတ်သပ်ပြီး

"ကျုပ်အမေက ကျုပ်အဖေသေတော့ အဲဒီကိုဘိုးရွှဲ့ကို ယူတယ်။ ဒီတုန်းက ကျုပ် လေးဖက်ထောက်သွားတဲ့ အရွယ်ပဲ ရှိသေးတယ်"

"ဟေ့ မောင်ဘိုးထွန်းရ၊ မင့်ရာဇဝင်ကို မေးနေတာ မဟုတ်ဘူး။ မင်းကို ဘယ်သူက ဘယ့်နှယ်လုပ်လို့ ဒီဆေးရုံရောက်နေသလဲလို့ မေးတာ"

"သြော်ဒီလိုလား။ သကြိန်မကျခင် ဆယ်ရက်လောက်က ပေါက်တူးရယ် ကျွန်တော့ဆီလာပြီးတော့ သကြိန်နီးပြီတဲ့" သူသည် ရပ်နေပြန်လေသည်။

"အင်း ပြောစမ်းပါဦး။ နီးတော့ ဘာဖြစ်သလဲ"

"အင်း သကြိန်နီးပြီ။ ဒီတော့ တို့အလှူခံ ထွက်ရအောင်လို့ ပြောပါတယ်။ ကျွန်တော်က ဘယ်သူပါဦးမလဲလို့မေးတော့ ထွန်းမောင်က အိုးစည်တီးမယ်။ သာလှက လင်းကွင်း၊ ဘကျော်ရယ်၊ ဘိုးမိုရယ်၊ မြမောင်ရယ်က ဝါးလုံးနဲ့ စည်းလိုက်ဖို့ ပြောပြီးပြီတဲ့"

"နေပါဦး အလှူခံမှာက ဘာလုပ်ဖို့လဲ"

"တိုလီမိုလီလေး သုံးဖို့ပေါ့ဗျာ"

"လာပြန်ပလားကွယ့် တိုလီမိုလီ။ ဒီနေရာမယ် တိုလီမိုလီဆိုတာက ဘာလဲ"

"တိုလီမိုလီဆိုတာ အစုံပေါ့ဗျာ"

"ဘယ်လိုအစုံလဲကွ။ ရှင်းရှင်းပြောစမ်းပါဦး"



"ကဲ ဒါဖြင့်မထူးတော့ပါဘူး။ အကုန်လုံးပဲ ပြောပါတော့မယ်။ ဒီလိုဗျ ဒီလို။ ကျွန်တော်တို့အားလုံး ခုနစ်ယောက် အိုးစည်ဝိုင်းနဲ့ အလှူခံ ထွက်ကြဖို့ အစီအစဉ် ရှိပါတယ်။ ကတဲ့ငွေထဲက စရိတ်လွတ်နေ့တွက် တစ်ယောက်ကို နှစ်ကျပ်စီယူပြီး ကျန်တာကို ရွာဦးဘုရားရေသပ္ပာယ်ဖို့ သဘောတူထားကြပါတယ်။ ဒါနဲ့ ကျွန်တော်တို့ လွန်ခဲ့တဲ့ ခုနစ်ရက်လောက်ကတည်းက ရွာစဉ်လျှောက်ပြီး အလှူခံခဲ့ကြပါတယ်။ စားစရိတ်သောက်စရိတ်ကလည်း ဒီထဲကပဲ သုံးတော့။ ညနေတိုင်း စာရင်းရှင်းလိုက်ရင် ဘယ်တော့မှ ဘုရားအတွက် ပိုတယ်မရှိဘူး။ လူတစ်ယောက်ကို တစ်ကျပ်ငါးမတ်ပဲ ရပါတယ်။ ဒီနေ့လည်း ကျွန်တော်တို့ ရွာကထွက်ပြီး ဇရပ်လှရွာကို ဝင်ပြီး အလှူခံတော့ ငွေလေးကျပ်ကျော်ကျော်ရတယ်။ အဲဒီရွာကထွက်တော့ သာလှက မြို့ကျရင် ကြိုးစားကကြရမှာမို့ အမောခံ အရက်တစ်လုံးဝယ်ဖို့ ပြောတယ်။ အားလုံးကပဲ သဘောတူကြတယ်။ ကျွန်တော်တစ်ယောက်ကပဲ စောစောစီးစီးကြီး မလုပ်ဖို့ ပြောတော့ မရဘူး။ သူတို့ အရက်ဝယ်သောက်ကြတော့ ကျွန်တော်လည်း စိတ်ညစ်ညစ်ရှိတာနဲ့ ဝင်သောက်လိုက်တာပေါ့။ နောက်မြို့ထဲမယ် လျှောက်အလှူခံတော့ ကျွန်တော်တို့ မျှော်လင့်သလောက် မရဘူး။ ငွေရှစ်ကျပ်လောက်ပဲ ရတယ်။ မြို့ပြင်သရက်တောလေးရောက်တော့ သာလှကပဲ အကုန်လုံး အရက်ဝယ်သောက်ဖို့ ပြောပြန်တယ်။ ကျွန်တော်ကတော့ တယ်သဘောမတူပါဘူး။ ဒါပေမဲ့ အများနဲ့ဆိုတော့ ဘာမှမပြောဘဲ ဝယ်လာတော့ ကျွန်တော်ပါ ဝိုင်းသောက်တာပေါ့။ နောက်အရက်ကုန်သွားတော့ ပေါက်တူးက ငွေဖလားကြီးကို ပေါင်ပြီး သောက်ကြဦးစို့လို့ ပြောပြန်တယ်။ ဒီငွေဖလားကြီးက ကျွန်တော် ဘုန်းကြီးကျောင်းက ငှားလာတာဖြစ်တော့ ဒါတော့မလုပ်ပါနဲ့ကွာ၊ ဘုန်းကြီးကျောင်းကဟာပါ။ ငါ့ကို ဘုန်းကြီးကြိမ်းပါလိမ့်မယ်ဆိုတာ မရဘူး။ ငွေဖလားကို ကျွန်တော့လက်ထဲက လုတယ်။ ကျွန်တော်ကလည်း ပြန်လုတာပဲ။ ဒါပေမဲ့ သူတို့ကလည်း လူများတော့ သူတို့လက်ထဲ ပါသွားပါရော။ ကျွန်တော်ကလည်း အားမလျှော့သေးဘဲ လိုက်လုတာ ငွေဖလားစောင်းနဲ့ ခေါင်းကိုခုတ်ချလိုက်တာ မူးပြီးမေ့သွားတာပဲ။ နောက် ကျွန်တော့ကို ဘယ်သူ ဒီပို့မှန်းတောင် မသိပါဘူး"

"ဘယ်သူလဲ မင်းကို ဖလားနဲ့ခုတ်တာ"

"ဘယ်သူမှန်းတော့ သေသေချာချာ မသိပါဘူး။ သူတို့ထဲက တစ်ယောက် ပါပဲ။ သူ လဲနေတုန်း အဲဒီနား လှည်းတစ်စီး မောင်းလာတာနဲ့ တွေ့လို့ ဆေးရုံယူလာခဲ့တာပါပဲ"

ဆရာဝန်က ထောက်ခံ ပြောဆိုလေသည်။

"ဒါနဲ့ နေပါဦး၊ မင်းက ဒီဝိုင်းထဲမှာ ဘာလုပ်နေတာလဲ"

"ကျွန်တော်က က ရပါတယ်။ ဦးရွှေရိုးလို က ရပါတယ်။ ပေါက်တူး က မိန်းမလိုဝတ်ပြီး ကပါတယ်။ မြို့ပိုင်မင်းအိမ်ကတောင် တစ်မတ်ထည့်လိုက် ပါသေးတယ်"

"ဟုတ်တယ်လေ။ သူ့ကို ဒီယူလာတော့။ အဲဒီအဝတ်အစားတွေနဲ့ပေါ့" ဆရာဝန်က ပြောလေသည်။ ထိုအခါကျမှ မောင်ပြုံးချိုသည် ခေါင်းပေါင်းစ ရှည်ရှည် နှုတ်ခမ်းမွေးကားကားနဲ့ရုပ်ကို ထင်မြင်လာလေ၏။

"ဒါဖြင့် တို့အိမ်က ထည့်လိုက်တဲ့ တစ်မတ်လည်း အရက်ဖိုးထဲ ပါသွားပြီပေါ့"

သူသည် ဘယ်လွတ်မလဲ ဟူသော သဘောဖြင့် ပြုံးလိုက်လေသည်။

မောင်ပြုံးချိုသည် သူ့ထွက်ချက်ကို ဖတ်ပြောပြီးသော် လက်မှတ်ထိုး နိုင်းပြီးနောက် ဆေးရုံမှ ဆင်းခဲ့လေသည်။

"ဆရာ သူ့အသက် စိုးရိမ်ရသေးလား" မောင်ပြုံးချိုက မေးလေသည်။

"ခေါင်းဆိုတော့ သိပ်စိတ်မချရဘူး။ လိုလိုမယ်မယ်ဆိုပြီး ယူထား ရတာပဲ။ ဦးနှောက်ထဲသွေး ရောက်သွားရင် ချက်ချင်းသေသွားနိုင်တယ်"

မောင်ပြုံးချိုသည် အိမ်သို့ သုတ်ခြေတင်ခဲ့လေသည်။

"ရှင်မရေ၊ တို့အလှူခံပုဂ္ဂိုလ်ကြီးတစ်ဦးတော့ ဆေးရုံရောက်နေပြီ"

သူသည် အိမ်ပေါက်ဝမှ မျှော်နေသော တင်မကြီးကို လှမ်း၍ မျက်နှာ ချိုသွေးလိုက်လေသည်။

"အမယ် ညာမနေပါနဲ့။ ကိုယ် ဉပုသ်မစောင့်ချင်လို့ လည်နေတာ ပါ"

"မဟုတ်ပါဘူးကွဲ့၊ ဟို တို့တစ်မတ်ထည့်လိုက်ရတဲ့ ဦးရွှေရိုးကြီး ဆေးရုံရောက်နေပြီ" ဟုဆိုကာ သူ့ထွက်ချက်ကို ပြန်ပြောပြလေ၏။ ဆုံးသည်နှင့် တစ်ပြိုင်နက်



"အင်း သနားစရာနော်။ ဒါထက် ကို ဒီနေ့ ဉပုသ်မစောင့်ရတော့ဘူး"

"စောင့်မယ်လေ အခု"

"အမယ်လေး မွန်းလွဲပြီရှင့်"

"ဒါဖြင့် နက်ဖြန်ပေါ့ကွာ"

တင်မကြီးသည် နှုတ်ခမ်းစူရင်း အိမ်ထဲသို့ ဝင်သွားလေသတည်း။

"ထိုသကြိန် ထိုသကြိန်" လူအပေါင်းတို့ "ထို"ကြသော သကြိန် ပါတကား။ ။

[ပြုံးတမဲ့မဲ့ ၁၉၄၉၊ ထိုသုံးနှစ် ၁၉၄၅ ဒီဇင်ဘာနှင့် ဂျာနယ်ကျော်(အထူးထုတ်) ၁၃၀၉ တန်ခူးလ တို့၌ ထိုသကြိန်အမည်ဖြင့် ပါရှိခဲ့သည်။]

## ငိုသူ ရယ်သူ

တန်ခူးလအတွင်း နေမင်းက ပူပြင်းသနဲ့။

ဦးလူကြီးတို့လူသိုက်သည် -အင်းလေလံဆွဲရာမှ ပြန်လာကြသည်။ သူတို့သည် လေလံပွဲသို့ မသွားခင်ကတည်းက ရွာထဲမှ တိတ်တိတ်ပုန်း ချက်ထားသော အရက်သုံးလုံးကို အကုန်လုံး မော့သွားကြပြီးဖြစ်သည်။ မြို့သို့ ရောက်သောအခါတွင်လည်း တရုတ်အလုံကွမ်းဆိုင်ဝင်ကာ ချက်အရက်ငါးလုံးကုန်အောင် စားပွဲထိုင်ကြသည်။ လေလံပွဲပြီးသောအခါ၌လည်း ငါးခူအင်းကို မနှစ်ကလုပ်စားသူ ဦးဖိုးဝတို့လက်ထဲမှ အတင်းလုယူ ရရှိသဖြင့် ဝမ်းသာသော အထိမ်းအမှတ်ဖြင့် တတိယမွှ ချက်အရက်တွေကို မော့ကြပြန်ရာ ရွာသို့ပြန်လာကြသောအချိန်တွင် လူမှန်းသူမှန်း မသိအောင် နတ်၏စည်းစိမ်ကို ခံစားလာကြကုန်သည်။

သူတို့သည် မနှစ်က ဦးဖိုးဝ ငါးရာနှင့် ဆွဲယူရရှိသောအင်းကို သုံးထောင့်ငါးရာပေးကာ လုယူရရှိသဖြင့် မိုးမမြင် လေမမြင် ဝမ်းသာနေကြလေသည်။ သူတို့အဖွဲ့ဝင် ငါးယောက်တို့သည် မြို့မှအပြန် တစ်လမ်းလုံး မြူးထူးကခုန်လာကြလေသည်။

"ဟေ့ လူကြီးတဲ့နော်။ တကယ်ကြီးတဲ့ လူကြီး။ ဟား ဟား ဟား" ဦးလူကြီးက ရယ်လိုက်သည်။ "ဟုတ်တယ်၊ ဟုတ်တယ်၊ ဒီလူကြီးမှ ကျုပ်တို့လူကြီး"ဟု နောက်ပါ ငမူးများက သံပြိုင်လိုက်ပေးကြလေသည်။ လမ်းတွင်တွေ့သောသူများသည် ဦးလူကြီးတို့လူသိုက်ကို အဝေးမှ ရှောင်ကွင်းကြကုန်၏။ အချို့လည်း ပြုံးသွားကြသည်။ အချို့လည်း ရှုံ့မဲ့သွားကြသည်။

ရွာအဝင်ဝသို့ ရောက်သောအခါ အသိုင်းအဝိုင်းနှင့်ဝင်ရန် တိုင်ပင်ကြသည်။



"ဟေ့ ဖိုးတုတ်။ ရွာထဲကို သံချပ်ထိုးပြီး ဝင်မယ်ကွ" ဦးလူကြီးက အဆိုဖော်သွင်းရာ "အေး ဟုတ်ပြီ၊ ကျုပ်က ကမယ်"ဟု ဖိုးတုတ်က ဖြည့်စွက် ထောက်ခံသဖြင့် "ကျုပ်တို့က ပါးစပ်ဆိုင်းတီးမယ်"ဟု ကျန်လူများ ကပါ သဘောတူကြလေသည်။ သံချပ်ကို ဦးလူကြီးက တိုင်ပေးလေရာ ကျန်လူများက အအုပ်ကာရန်ကို အားရပါးရ ဟစ်ကြွေး၍ လက်ခုပ်တီးပေးသည်။ ဖိုးတုတ်က ဒယီးဒယိုင်နှင့်ကရင်း ရွာတွင်းသို့ ဝင်လာကြလေသည်။

"ပိုးစိမ်းဖြူက လက်ပြိုင်ဗျ"
"ဒီကမ္ဘာတွင် နိုင်နိုင်ရိုးလား"
"အုတ်ကြားပေါက်တဲ့ မြက်သစ်ပင်ဗျ"
"ဂေါသဇင်နှင့် နှိုင်းရလေခြင်း"
"ဖန်ပြာခွက်နဲ့ ကျောက်စက်ရေဗျ"
"အမောပြေအောင် တိုက်ပါ့မလေး"
"ဟေးလားမောင်ရို့ဝါး"

ဦးလူကြီးတို့လူစု ကခုန်မြူးထူးလျက် ဝင်လာကြသောအခါ ရွာတွင်းရှိ လူကြီးများနှင့်တကွ ပုပုရွရွ မြင်သမျှသော ကလေးများ ခွေးများပါမကျန် ထွက်၍ ခရီးဦး ကြိုဆိုကြသည်။ အချို့ခွေးများလည်း အူခြင်း၊ ဟောင်ခြင်းဖြင့် ထောမနာပြုကြလေရာ ဦးလူကြီးတို့အဖို့ ပန်းကုံးစွပ်ခံရသော အမတ်မင်း ထက်ပင် စိတ်ကြီးဝင်စရာ ဖြစ်နေပေတော့သည်။

ငါးရာတန်အင်းကို သုံးထောင့်ငါးရာပေး၍ ဝယ်ရဲသော ဦးလူကြီး ၏ မျက်နှာကား ကြီးမားလှပါပေ၏။ သူတို့လူစုကို ရွာလယ်ရှိ စိန်ပန်းပင် ကြီးအောက်တွင် ခင်းကျင်းထားအပ်သော ကွပ်ပျစ်ပေါ်သို့ ပင့်ဆောင်ကာ အင်းလက်တက်ဝယ်လိုသူ၊ တိုင်ထောင်ချလိုသူ၊ ကွန်ပစ်လိုသူ၊ တံငါသည် အသေးစားအပေါင်းတို့သည် မိမိတို့အိမ်တွင် နေ့ဖို့ညစာ မြိုးမြိုးမြက်မြက် သိုမှီးထား အပ်သော အရက်ပုလင်းတို့ကို အသီးသီးဆောင်ယူလာကုန်လျက် သူ့ထက်ငါ ပသ တင်မြှောက်ကြသည်။ ဦးလူကြီးသည် အရက်တစ်ခွက်ကို မော့ချလိုက်ပြီး နောက် တံတွေးကို ပျစ်ခနဲထွေးလိုက်ပြီးလျှင် ငါးခြောက်ရိုးကို ကိုက်ရင်း လျှာလေးအာလေးကြီးနှင့် ဤငါးခူအင်းကြီး မည်သို့မည်ပုံ အရဆွဲယူခဲ့ရသည့် အကြောင်းကို ကိုယ်ရည်သွေးနေလေသည်။

"ကျုပ်က မဆွဲဘူးလို့ နေတာပါပဲ။ ဒီကောင် ဖိုးဝ၊ လူဝါးဝလို့ ဘာဖြစ်ဖြစ်ဆိုပြီး ဆွဲတာပဲ။ မနှစ်က ဒီအင်းလေးလုပ်ရတာနဲ့ မိုးမမြင်လေမမြင်နဲ့ ဟန်ကြီးပန်ကြီး လုပ်လိုက်တာ။ ဒီနှစ်တော့ ခွေးမသား ပြေးရော မဟုတ်လား" အရက်တစ်ခွက်ကိုမော့၍ တံတွေးကို ပျစ်ခနဲထွေးလိုက်ပြန်သည်။

"အင်း ဒါနဲ့ ကျုပ်က မဆွဲစေချင်ရင် ငါးရာပေးလို့ တောင်းသေးတယ်။ သူက မပေးဘူးတဲ့။ ခင်ဗျားသတ္တိရှိရင် ဝင်ဆွဲတဲ့။ ဆွဲတယ်လေ ဆွဲတယ်။ အခုတော့ ငါ့သတ္တိ သိပြီမဟုတ်လား ဖိုးဝရ။ ခွေးမသား ငတ်ကရော။ ဟား ဟား ဟား "

အရက်တစ်ခွက်ကိုမော့၍ တံတွေးကို တစ်ချက် ပျစ်ခနဲ ထွေးလိုက်ပြန်သည်။

"သူက ကျုပ်မယ် ခံဝန်ပေးစရာမရှိဘူးဆိုပြီး မခန့်လေးစားလုပ်တာ။ ကျုပ်မှာ ကျွဲခြောက်ကောင်၊ အိမ်တစ်လုံးရှိတယ်။ ကျုပ်မိတ်ဆွေတွေကလည်း လူကုံထံတွေပဲ။ ကျုပ်မှာ မပြည့်စုံရင်လည်း သူတို့ကို အားကိုးရမှာပဲ။ ဟုတ်တယ် မဟုတ်လား။ ခင်ဗျားအိမ်ကြီး ခံဝန်ပေးမယ် မဟုတ်လား ကိုဖိုးတုတ်"

"ပေးမှာပေါ့။ သူများရွာကကောင်က ဇော်ကားတာတော့ မခံဘူး။ အိမ်ပြုတ်ပြုတ် နွားပြုတ်ပြုတ် ချသာချ" ဦးဖိုးတုတ်ကလည်း အရက်ရှိန်ကြောင့် စစ်အတွင်းက တရားဟောဆရာလေသံဖြင့် ရဲရဲကြီး အာမခံလိုက်လေသည်။

"အမယ် မပြည့်ရင် ကျုပ်တို့ကျွဲတွေလည်း ထည့်ပါ"အနားမှ အင်းလက်တက်ဝယ်ရန် စောင့်နေကြသောသူများကလည်း ကတိပေးကြလေသည်။

"အဲဒါမျိုးမှ ကြိုက်တာ၊ လူကြီးတဲ့နော်၊ တစ်လူကြီးတည်းရှိတယ်။ ငဖိုးဝအိမ်ရှေ့ သွားရောက်ဆဲချေဦးမယ်။ ဟား ဟား ဟား"

ဦးလူကြီးသည် နေရာမှထလိုက်ရာ မိမိကိုယ်ကိုပင် မိမိမဟန်နိုင်တော့ဘဲ လဲကျသွားသဖြင့် တွဲ၍ အိမ်သို့ ပို့လိုက်ရလေသည်။

***

အင်းခံဝန်လုပ်သည့်နေ့တွင် ဦးဖိုးတုတ်က အိမ်တစ်လုံးနှင့် နွားတစ်ရှဉ်း၊ ဖိုးဆယ်က ဆန်အိတ်တစ်ရာ့ငါးဆယ်ပါ သမ္ဗန်ကြီးတစ်စင်း၊ လှမောင်က



လှည်းတစ်စီးနှင့် နွားနှစ်ရှဉ်း အသီးသီး ခံဝန်ပေးကြသည်။ သူတို့ ခံဝန်ပေးထားသည့်အတွက်လည်း အင်းထဲတွင် အစုစပ်ပါဝင်ရန် ဦးလူကြီးက သဘောတူပြီး ဖြစ်သည်။

ဦးလူကြီးသည် အင်းလက်တက်တွေကို အသီးသီး ရောင်းချလိုက်ရာ ငွေတစ်ထောင်ကျော်ရသည်ဟု စာရင်းတွင် မှတ်သားထားသည်ကို တွေ့ရသော်လည်း အစုရှင်တို့ ငွေကို မမြင်ကြရချေ။ ပထမအရစ် အခွန်ဆောင်ရန် သိမ်းထားပါသည်ဟု ဦးလူကြီးက ပြောပြလေသည်။ အင်းစ၍ လုပ်ကြသောအခါ အင်းသူကြီးက အင်းအတွက် ကုန်ကျမည့်ငွေမှာ ငါးထောင်ဖြစ်သည်ဟု စာရင်းတင်လေသည်။ ဦးဖိုးတုတ် မကျေမနပ်ဖြစ်သွားလေသည်။

"ဟင်း မင်းဟာက အင်းဖိုးကျတာက သုံးထောင့်ငါးရာ၊ ဘယ့်နှယ်ကြောင့် ငါးထောင်ကုန်နေရသတုံး" ဦးဖိုးတုတ်က မေးလိုက်ရာ ဦးလူကြီး မျက်နှာပျက်သွားလေ၏။

"ခင်ဗျား အင်းအကြောင်းကို နားမလည်ပါဘူး။ အင်းဆိုတာ တစ်ယောက်တည်း လောဘကြီးလို့ မဖြစ်ဘူး။ ဒီလိုပဲ ဝေစားကြရတာပဲ" ဦးလူကြီးက မှတ်လိုက်လေသည်။

"ဘယ်သူတွေနဲ့များ ဝေစားနေရသလဲ"

"အဲဒါကြောင့် ခက်တာ၊ ဒါတွေ လျှောက်ပြောနေလို့ မဆုံးဘူး။ အင်းဆွဲတယ်ဆိုတာ အင်းလက်မှတ်စယူကတည်းက စကုန်တာပဲ။ ခင်ဗျား ဘာမှ နားမလည်ဘူး။ အသာအေးအေးနေပါ။ အမြတ်ရတော့ အိမ်ကိုလာပို့မယ်"

ဦးလူကြီးက ပိတ်ပြောလိုက်ရာ ဦးဖိုးတုတ်သည် မကျေမနပ်ဖြစ်ကာ ပြန်သွားလေသည်။ အခြားသူများကိုလည်း ဦးလူကြီးသည် ဤအတိုင်းပင် ပြော၍ လွှတ်လေသည်။

***

မှဆိုးဖို အင်းသူကြီးဦးလူကြီး၏ အင်းထဲတွင် အထူးစည်ကားလျက်ရှိသည်။ ရွာနီးချုပ်စပ်မှ တစ်ခုလပ်၊ တစ်လင်ကွာတို့သည်လည်း ဦးလူကြီးနှင့် အကြောင်းဆက် ပေါင်းဖက်ရန် စကားကမ်းလှမ်းကြကုန်သည်။ အချို့လည်း ငါးဝယ်လိုလိုနှင့် ဦးလူကြီးရှိရာသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာကြကုန်

သည်။ သမီးရှင်တို့ပင်လျှင် ဦးလူကြီးအား မသိမသာ မျက်နှာပေး ချိုနေကြလေသည်။ ဦးလူကြီးက အရက်ကလေးတမြမြနှင့် မိမိထံမှောက်သို့ ရောက်လာကြကုန်သော ပန်းကုံးစွပ်ခံမည့်သူများကို တစ်ယောက်စီ ရွေးချယ်လျက် ရှိလေသည်။ အရပ်လေးမျက်နှာမှ ရောက်ရှိလာကြကုန်သော မိတ်ဆွေသင်္ဂဟအပေါင်းတို့ကိုလည်း ဧည့်ဝတ်ကျေအောင် ဧည့်ခံလျက်ရှိလေသည်။ သူ့အင်းထဲတွင်ကား ပုလင်းတွေနှင့် တဝုန်းဝုန်း၊ မိန်းမတွေနှင့် တပြုံးပြုံး ဖြစ်နေလေသည်။

အစုရှင်များကိုကား တွေ့တိုင်းတွေ့တိုင်း ငါး မရသည့်အကြောင်း စိတ်ညစ်သည့်အကြောင်းကိုသာ ချုသံပါအောင် ညည်းပြနေလေသည်။

"ဒီလိုဆိုရင် တို့ ခံဝန်ပစ္စည်းတွေများ လေလံပစ်ခံနေရဦးမှာလား" ဟု ဦးဖိုးတုတ်က မေးရာ "ဒီလိုတော့ မဖြစ်စေရပါဘူး"ဟု တာဝန်ခံလိုက်သော်လည်း ဦးဖိုးတုတ်တို့လူစုမှာကား စိတ်လေးလှလေပြီ။

တစ်နေ့သော် ဦးလူကြီးသည် အင်းခွန်ဆောင်ရန်ဟုဆိုကာ ရွာမှ လွယ်အိတ်တစ်လုံးကိုလွယ်၍ ထွက်သွားလေသည်။

"အင်း ဒီလိုတော့ ကိုယ့်လူက တော်သားပဲ"ဟု ဦးဖိုးတုတ်တို့ လူစုက ကျိတ်၍ ချီးမွမ်းကြလေသည်။

"အေးဗျာ၊ အမြတ်မရရင် နေပါစေတော့။ ကျုပ်တို့ ပစ္စည်းလေးတွေ လေလံပစ်မခံရရင် တော်ပါပြီ"ဟု ဦးဖိုးဆယ်က ဆို၏။

ညနေစောင်းသော် ဦးလူကြီးမူး၍ ပြန်လာလေသည်။ ဦးဖိုးတုတ်အိမ်သို့ တိုက်ရိုက်ပေါက်လာလေသည်။

"ကိုဖိုးတုတ်၊ ကျုပ် အင်းခွန်ဆောင်ဖို့သွားတာ ငွေတစ်ထောင်ကျော် လမ်းက လူလုယူလိုက်တယ်။ ကိုင်းတောထဲကထွက်ပြီး လုတယ်။ မျက်နှာတွေ အဝတ်နဲ့ ဖုံးထားတယ်။ အဲဒါ ခင်ဗျားတို့လူစုထဲက နေမှာပဲ။ ဓာတ်သိပဲ။ တခြားလူ မရှိဘူး"

လေ့ကားရင်းတွင်ထိုင်ကာ တံတွေးတပျစ်ပျစ်နှင့် စွပ်စွဲတော့သည်။

ဦးဖိုးတုတ်သည် ကြက်သေကြီးသေနေလေသည်။ ဦးဖိုးတုတ်၏ ဇနီးက ဦးဖိုးဆယ်ကို သွားခေါ်သည်။ သမီးက လှမောင်ကို အကြောင်းကြားသည်။ သူတို့လည်း အူယားဖားယားနှင့် ရောက်လာကြကုန်သည်။



"ဦးလူကြီး၊ ဒီလို မစွပ်စွဲပါနဲ့ဗျာ။ ဦးဖိုးတုတ် တစ်နေ့လုံး ရွာမှာ ရှိပါတယ်"ဟု လှမောင်က ဝင်ပြောလေသည်။

"ဦးဖိုးတုတ် မဟုတ်ရင် မင်းပဲ" လှမောင်ဘက်သို့ လှည့်လာပြန်သည်။

"ခင်ဗျား ရဲဌာနတိုင်ပြီးပလား"ဟု ဖိုးဆယ်က မေးရာ

"မတိုင်ရသေးဘူး"ဟု ပြောလေသည်။

"ခင်ဗျားဟာခင်ဗျား မူးမူးရူးရူးနဲ့ ဘယ်လိုဖြစ်မှန်းမသိဘဲနဲ့ သူများကို လာပြီး မစွပ်စွဲပါနဲ့" ဖိုးဆယ်က ဒေါသနှင့် ပြောလိုက်သည်။

ဦးလူကြီးသည် တံတွေးတပျစ်ပျစ်ထွေးရင်း "မင်းတို့ထဲက တစ်ယောက်ယောက် နေမှာပဲ"ဟု ပြောပြောဆိုဆို ထသွားလေသည်။

နောက်တစ်နေ့မှ သတင်းမှန်ကို ကြားရလေသည်။ အင်းခွန်ဆောင်သွားရင်း လမ်းတွင် ဖဲဝင်ရိုက်ရာ ငွေတစ်ထောင်ကျော် ရှုံးခဲ့သတတ်။

ဦးလူကြီးလည်း အိမ်ထဲမှ အိမ်ပြင်မထွက်တော့ချေ။ ရက်များမကြာမီ ဆိုင်ရာသူကြီးက အင်းကို လာပိတ်လေ၏။ သမ္မန် ပြာတာ ရောက်လာ၍ ပစ္စည်းများကို စရမ်းဖမ်းကာ သူကြီးလက်သို့ အပ်လေ၏။ "ဩော် အပျက် အပျက်နဲ့ နှာခေါင်းသွေးထွက်ပါပေါ့လား"ဟု ဦးဖိုးတုတ်တို့တစ်တွေ တွေးမိကြလေသည်။

တစ်လခန့်ကြာသောအခါ မြို့ပိုင်မောင်ပြုံးချို၊ ဦးလူကြီးတို့ရွာသို့ ရောက်လာလေသည်။ အင်းလေလံပွဲနေ့က ဦးလူကြီးအား ဝိုင်းဝန်းပသကြသည့် နေရာ စိန်ပန်းပင်အောက်တွင် ထိုင်၍ မောင်းကြီးကို ထုစေလေသည်။ မောင်းကွဲကြီးဖြစ်သဖြင့် အသံမှာ သာယာနာပျော်ဖွယ် မရှိချေ။ ဦးလူကြီးတို့ လူစုအဖို့ ထိုအသံသည် အမင်္ဂလာအပေါင်းနှင့် ပြည့်စုံနေလေသည်။ ယမမင်း ခေါ်သံနှင့် မခြားနားချေ။ ကျွဲတွေ၊ နွားတွေ၊ လှည်းတွေကို မြို့ပိုင်ရှေ့သို့ ဆွဲယူလာကြလေသည်။

"ကဲ ဦးလူကြီး လာပါဦး" မောင်ပြုံးချိုက ခေါ်လိုက်ရာ မရွှင်မပျသောနလုံး၊ မသာယာသောမျက်နှာနှင့် ရှေ့နားသို့ ကျုံ့ကျုံ့ကလေး ရောက်လာလေ၏။

"ခင်ဗျား နည်းနည်းမှ မဆောင်နိုင်တော့ဘူးလား"

"မဆောင်နိုင်ဘူး ဘုရား" ငိုသံပါကြီးနှင့် ပြောလေ၏။

"ဘယ်ဆောင်နိုင်ပါ့မလဲ။ ရတဲ့ငွေတွေ အကုန်ဖြုန်း အရက်သောက်၊ ဖဲရိုက်။ လုပ်ချင်တာ လုပ်ပစ်တာကို" ဦးဖိုးတုတ်က ဒေါသသံနှင့် ဝင်၍ ပြောလေသည်။

လေလံဆွဲမည့်သူတွေလည်း ရောက်လာကြလေပြီ။ တစ်နေရာတွင် ဟောင်ဖွာဟောင်ဖွာနှင့် စကားပြောနေသံကို ကြားသဖြင့် မောင်ပြုံးချို လှည့်ကြည့်လိုက်ရာ ယမန်နှစ်က အင်းသူကြီး ဦးဖိုးဝကို တွေ့ရလေသည်။ "ဒီပစ္စည်းတွေ ကျုပ်အကုန်ဆွဲယူမယ်။ ဒီလိုဖြစ်မယ်ဆိုတာသိလို့ သက်သက်မဲ့ လွှတ်ပေးလိုက်တာဗျ။ ကျုပ်က ငွေသုံးထောင်ငါးရာလောက် ရေထဲလွှင့်ပစ်ရဲတယ်"ဟု ဦးဖိုးဝကလည်း မခံချိမခံသာ ကြွားလုံးထုတ်လိုက်လေသည်။ ဖိုးဆယ်၏ဇနီး မချောသည် ခြံပေါက်ကျွဲကလေးကို ကျောသပ်ရင်း မျက်ရည် ဖြိုင်ဖြိုင်ကျနေသည်။ လှမောင်၏သားကလေးတာတူးသည် "ဖေဖေ အနော့ နွားပေး၊ အနော့နွားပေး"ဟုအော်ဟစ်နေသည်။ ဦးဖိုးတုတ်၏ သမီးပျိုလှမေ သည် တဘက်ကလေးကိုခြုံလျက် သူ့အဖေနားကပ်ကာ"အဖေ ဒီအိမ် လေလံပစ်ရောင်းလိုက်ရင် ကျွန်မတို့ ဘယ်သွားနေကြမလဲ"ဟု မေးနေလေရာ ဦးဖိုးတုတ်သည် အဖြေမပေး။ ငေး၍သာနေသည်။ တံတွေးကိုသာ မျိုချ နေသည်။ မောင်ပြုံးချိုသည် သူတို့ဖြစ်အင်ကိုကြည့်ရင်း ကြေကွဲလှတော့သည်။ သို့သော် မိမိလည်း မည်သို့မျှမတတ်နိုင်။ ဤနေရာမှ မြန်မြန်ထွက်ခွါသွားလျှင် ကောင်းလိမ့်မည်။ ထို့ကြောင့် လေလံပွဲကို မဆိုင်းမတွ စလေသည်။

"ကဲ ကဲ ဦးလူကြီး ပစ္စည်းတွေ အရင်ပစ်မယ်။ ယူခဲ့ ယူခဲ့"

"ကျွဲမကြီး ၁၊ အညိုရောင်၊ အသက် ၆ နှစ်၊ ဂျိုစိုင် " ကျွဲမကြီး တစ်ကောင်ကို ဆယ်အိမ်ခေါင်းက ဆွဲလာလေသည်။ မောင်ပြုံးချိုက စာရွက်ပေါ်တွင် ရေးပြီးနောက် "ကဲ ဆွဲမယ့်လူ လာ"ဟု ခေါ်လိုက်ရာ ဦးဖိုးဝကြီး ရှေ့ဆုံးမှ ရောက်လာလေသည်။ နောက်ထပ်နှစ်ယောက် ထလိုက် ပြန်သည်။

"နာမည်ပြော"

"ဖိုးဝ၊ သာလှ၊ ကတုံး"

"ကဲ ဦးဖိုးဝ ဘယ်လောက်ပေးမလဲ" မောင်ပြုံးချိုက မေးလိုက်သည်။

"သုံးဆယ်"



"ကျွန်တော်က လေးဆယ်" ကိုသာလှက တက်၏။

"ကျွန်တော်က ခြောက်ဆယ်" ကိုကတုံးက တိုး၏။

"ကျွန်တော်က ရှစ်ဆယ်" ဦးဖိုးဝက ခပ်ပြင်းပြင်း တွန့်လိုက်ရာ ကိုသာလှနှင့် ကိုကတုံး ထိုင်သွားလေသည်။

"ဦးဖိုးဝ ရှစ်ဆယ် တစ်ခါ"

"ရှစ်ဆယ် နှစ်ခါ"

"ရှစ်ဆယ် သုံးခါ"

အင်းသူကြီးဟောင်းဦးဖိုးဝသည် ငွေချေပြီးလျှင် ကျွဲမကြီးကို ပြုံးပြုံး ကြီး ဆွဲသွားလေသည်။

ဤနည်းဖြင့် ပစ္စည်းအားလုံးကို လေလံပစ်ပြီးသော် ရရှိသူတို့သည် ရွှင်ပျသော မျက်နှာထားနှင့် စကားကို ကျယ်လောင်စွာ ပြောဆိုကာ ထွက် သွားကြစဉ် ပစ္စည်းရှင်တို့သည် ဝမ်းနည်းပက်လက်နှင့် ဟစ်ကြွေးကြလေသည်။

"မောင်လူကြီးရေ၊ မင်း တို့ကို နိပ်စက်ရက်တယ်ကွယ့်"

ဦးဖိုတုတ်ဇနီးက မြည်တမ်း၏။ "ကိုလူကြီးရေ၊ ခင်ဗျား မင်းဘဏ္ဍာ ကို ဘာမှတ်လို့ဖြုန်းတီးရသတုံး"ဖိုးဆယ်သည် ငိုသံကြီးနှင့် ရန်ထောင်သည်။

မောင်ပြုံးချိုတို့သည် ထိုရွာမှ လေးကန်သော ခြေလှမ်းဖြင့် ဖဲခဲ့ ကြလေတော့သတည်း။

[ဂျာနယ်ကျော်၊ ၁၉၄၇ ဇန်နဝါရီ၌
ကိုယ့်ဟာမှတ်လို့ အမည်ဖြင့် ပါရှိခဲ့သည်။]

# ဝါးရင်းတုတ်

အတန်ငယ် မိုးချုပ်မှ မောင်ပြုံးချို ရုံးမှ ပြန်လာလေသည်။

"ဒီနေ့ တယ်မိုးချုပ်ပါလား။ ဒါလောက်တောင် အလုပ်တွေလုပ်လို့ ဘွဲ့ထူးဂုဏ်ထူးတွေလည်း ရမှာမဟုတ်ပါဘူး"

သူ့ဇနီးက အိမ်ဝမှ ကြို၍ နှုတ်ဆက်လေသည်။

"ရတာမရတာ အပထား၊ ဝတ္တရားကျေအောင်တော့ လုပ်ရတာပဲ ရှင်မရဲ့။ ဒီနေ့တော့ အမတော်ကြေးတွေ ထုတ်ပေးရတာက တစ်မျိုး၊ ရာဇဝတ်မှုတွေ ချိန်းထားတာကများတော့ နည်းနည်း မိုးချုပ်သွားတယ်ကွဲ့"

မောင်ပြုံးချိုက လေပြည်လေး မှုတ်လိုက်သည်။

"အလကားပါ၊ ဒီအလုပ်လည်း မမက်မောပါနဲ့တော့၊ အိမ်နေရတယ် မရှိဘူး။ ပင်ပန်းလိုက်တာလည်းလွန်ရော၊ အလုပ်သာထွက်လိုက်ပါ မောင်ရယ်။ အခုနေအခါ ဝါးရင်းတုတ် ရောင်းစားတာက ဟန်ပါလိမ့်မယ်"

"ဟင် ဘယ့်နှယ် ဝါးရင်းတုတ် ရောင်းစားရမလဲ။ ပြောစမ်းပါဦး အလုပ်ထွက်တန်လည်း ထွက်ရတာပေါ့"

"အခု ဝါးရင်းတုတ်တွေ သိပ်ခေတ်စားနေတယ်။ ဟောဒီ သတင်းစာတွေ ဖတ်ကြည့်"

သူ့ဇနီးသည် သတင်းစာများကို လှမ်းပေး၍ အတွင်းခန်းသို့ ဝင်သွားလေသည်။

မောင်ပြုံးချိုသည် သူ့ဇနီးလှမ်းပေးလိုက်သော သတင်းစာများကို လှန်လှောကြည့်ရှုနေစဉ် ဝါးရင်းတုတ်ဈေးကောင်းမည့် အရိပ်အရောင် အတိတ်နိမိတ်များကို တွေ့ရလေ၏။

'အလံနီနှင့် အလံဖြူကွဲပြီ'

'အလံနီက ပုလိပ်ကို ရိုက်ခြင်း'



'အလံနီကို ပုလိပ်က ရိုက်ခြင်း"

'ပြည့်သူ့ရဲဘော်နှင့် အလံနီရိုက်ပွဲ'

'အလုပ်သမား အချင်းချင်း ဝါးရင်းတုတ်ပွဲ ဆင်ခြင်း'

'ဂျွန်ဦးစော၏ ဝါးရင်းတုတ်တပ် ဖွဲ့စည်းပြီးစီးခြင်း'

မောင်ပြုံးချိုသည် သတင်းစာအသီးသီးတို့မှ ဝါးရင်းတုတ်သံများကို ကြားနာရင်း လာဘ်မြင်လှသည့် သူ့ဇနီးသည်အား ချီးကျူးမိလေသည်။ စီးပွားရေးဆိုသည်မှာ နိုင်ငံရေးကို အယောင်ပြ၍ ရှာကြရသည်ကိုလည်း သတိမူမိသည်။ အမျိုးသားအောင်ပွဲနေ့များတွင် အလံရောင်းသူများ စီးပွားဖြစ်ပုံ၊ ဗိုလ်ချုပ်ဆေးပြင်းလိပ်၊ လွတ်လပ်ရေး မုန့်ထုပ်ကြီးတို့ကိုလည်း သတိရမိလေသည်။

ဟုတ်သည် မှန်သည်။ ဝါးရင်းတုတ်တွေ ယခုတလော အလွန်အသုံးဝင်နေသည်။ ဝါးရင်းတုတ်သည် တို့မြန်မာတို့ဓွဲကိုင်အပ်သော လက်နက်ပေတကား။ အလောင်းဘုရားလက်ထက်က ဝါးရင်းတုတ်နှင့် အနိုင်ယူခဲ့သည် မဟုတ်ပါလား။ ဦးစောလည်း ဝါးရင်းတုတ်နှင့်ပင် တန်ခိုးထွားခဲ့သည်တကား။

ယခုလည်း နေ့စဉ်သတင်းစာတွေထဲတွင် ဝါးရင်းတုတ်တွေ အစွမ်းပြနေပုံကို မကြာခဏ တွေ့ရသည်။ မိမိဇနီး ပြောသကဲ့သို့ ဝါးရင်းတုတ်ဆိုင်ကြီး တည်ရသော် ကောင်းလေစွ။ အရင်းလည်း နည်းသည်။ ငွေဝင်လမ်းလည်း ဖြောင့်မည်။ မောင်ပြုံးချို၏ အတွင်းသန္တာန်တွင် ဝါးရင်တုတ်ဆိုင် ဖွင့်လိုစိတ်တို့ဖြင့် ပြည့်လျှမ်းနေလေသည်။

***

ရန်ကုန် ကုန်သည်လမ်းရှိ ခမ်းနားသည့်အဆောက်အအုံကြီးရှေ့တွင် 'ဝါးရင်းတုတ်ကုမ္ပဏီ'ဟူသော ထည်ဝါသည့်ဆိုင်းဘုတ်ကြီးကို တွေ့နိုင်ပါသည်။ ဆိုင်ရှေ့တွင်လည်း ထန်းလုံးလောက်ရှိသည့် ဝါးရင်းတုတ်ကြီးကို ကြော်ငြာအဖြစ်ဖြင့် ထောင်ထားသည်ကို တွေ့မြင်ရသည်။ 'ဝါးရင်းတုတ် အမျိုးမျိုး လက်လီလက်ကား ရနိုင်ပါသည်'ဟူသော ဆိုင်းဘုတ်ကလေးတစ်ခု ကိုလည်း တွေ့ရသည်။ အတွင်းသို့ဝင်သွားလျှင် ဝါးရင်းတုတ်အစားစားကို သူ့အခန်းနှင့်သူ စီရရီ လှပစွာဆင်ပြင်ထားသည်ကိုလည်း တွေ့ရလေသည်။ ဝါးရင်းတုတ် အမျိုးအစားတွေကလည်း စုံလှပါသည်။ အချို့ဝါးရင်းတုတ်များမှာ

ဝါးရင်းတုတ်အစစ်များဖြစ်သည်။ အချို့မှာကား အင်သားကို သုံးတောင်ခန့် ဖြတ်၍ အဖျားရှူးသည့် ချောမွေ့သောတုတ်များ ဖြစ်လေသည်။ အချို့ ကျွန်းသား၊ အချို့ ပျဉ်းကတိုးသားများနှင့် ပြုလုပ်ထားလေသည်။

အခန်းတစ်ခုအတွင်း၌ စားပွဲတစ်ခုတွင် ထိုင်နေသူကား ကုမ္ပဏီပိုင်ရှင် ဦးပြုံးချိုဖြစ်လေသည်။ အခြားစားပွဲတွင် လက်နှိပ်စက် ရိုက်နေသူကား သူ့ဇနီး ဒေါ်တင်မကြီး ဖြစ်လေသည်။

"တင်ရဲ့၊ တို့သာယာဝတီက သခင်နီ့ဆီ စာရေးလိုက်ပါဦး။ အခေါင်းမပါတဲ့ ကြခတ်ဝါး နှစ်တွဲလောက် ဒီလမကုန်မီ အရောက်ပို့ပါလို့"

ဦးပြုံးချိုက သူ့ဇနီးကို လှမ်း၍ ပြောလိုက်လေသည်။

"အမယ်လေး ရေးလိုက်ရတဲ့ စာကလည်း လွန်ပါရော။ ကျောအောင့်လှပြီ။ နက်ဖြန်ခါမှ ရေးတော့မယ်။ အခု ကျွန်းသားတုတ်မှာစာတောင် ရေးမပြီးသေးဘူး"

သူ့ဇနီးက ကျောကိုကော့ရင်း ပြန်ပြောလေသည်။

"သည်းခံပါ ရှင်မရာ၊ အခုလည်း လက်နှိပ်စက် စာရေးမလေးတွေ ရှာနေတုန်းမို့ပါ"

"အမယ်၊ ဒီတိုက်မယ် လက်နှိပ်စက်စာရေးမတွေ မထားရဘူးဆရာ။ ကိုယ် ပင်ပန်းရင် ပင်ပန်းပါစေ။ ကြည့်စမ်း သူ သိပ်ဉာဏ်များတာပဲ။ စာရေးမလေးတွေ နောက်ပိုးချင်ပြီထင်တယ်။ မရဘူး။ ဟင်း ဒါပဲ"

တင်မကြီးသည် နှုတ်ခမ်းစူ၍ မျက်စောင်းခဲလိုက်လေသည်။

'ဝါးရင်းတုတ်၊ ဝါးရင်းတုတ်'

'တိုင်းလုံးကျော်တဲ့ ဝါးရင်းတုတ်'

'ယိုးဒယားကို နိုင်ခဲ့တဲ့ ဝါးရင်းတုတ်'

'တစ်ချက်ထိရုံနှင့် မဏိကွဲမည့် ဝါးရင်းတုတ်'

'ကျွန်တော်တို့တိုက်မှ အထူးစီမံ လုပ်ကိုင်ထားသော ဝါးရင်းတုတ်များကို သုံးကြည့်စမ်းပါ။ မည်မျှ လက်ဆကောင်း၍ လူတစ်ဦးခေါင်းကို ဖြောင်းခနဲမြည်အောင် ခွဲနိုင်ကြောင်း သိရှိရပါလိမ့်မည်။'

အထက်ပါကြော်ငြာများကို နေ့စဉ်သတင်းစာများတွင် မကြာခဏ တွေ့ရှိနိုင်ပါသည်။ မြန်မာသတင်းစာများကလည်း မြန်မာကုမ္ပဏီကြီးတစ်ခု



ဖြစ်ထွန်းကြီးပွားလာသည်ကို တွေ့ချင်မြင်ချင်ကြသော အာသာဆန္ဒ ပြင်းပြလှသောကြောင့် မောင်ပြုံးချိုတို့ ကုမ္ပဏီအား အထူးအရေးပေး မြှောက်စားကြသည်။

'ယမန်နေ့ညက သာယာဝတီခရိုင် ပေါက်တောစုကျေးရွာတွင် အရှေ့ကျောင်း ဘုန်းတော်ကြီး၏ ဒကာများနှင့် အနောက်ကျောင်း ဘုန်းတော်ကြီး ဒကာများ ရိုက်ကြရာ၊ အရှေ့ကျောင်းဘက်မှ လူပေါင်းငါးဆယ်ခန့် ဒဏ်ရာရရှိ၍ အနောက်ကျောင်းဘက်မှ သူငယ်တစ်ယောက်သာ ပွန်းပဲ့သွားသည်ဟု သိရှိရကြောင်း။ အနောက်ကျောင်းဘက်မှ ပါဝင်ရိုက်နှက်သူများသည် မြန်မာအမျိုးသား ဦးပြုံးချိုပိုင် ဝါးရင်းတုတ်ကုမ္ပဏီမှ ရှားနှစ်တုတ်များကို အသုံးပြုကြသည်ဟု သိရှိရကြောင်း။'

ထိုကဲ့သို့ သတင်းမျိုးကို သတင်းစာများက ထည့်သွင်းဖော်ပြပေးရာ ဝါးရင်းတုတ် ကုမ္ပဏီကြီးသည် တဖြည်းဖြည်း နာမည်ကြီးလာလေသည်။ နာမည်ကြီးလာသည့်အားလျော်စွာ ဝါးရင်းတုတ်ဆိုင်ကြီးတွင်လည်း ဝယ်သူတွေနှင့် တိုးမပေါက်အောင် စည်ကားလာလေရာ ဦးပြုံးချိုသည် အလုပ်သမားပေါင်း မြောက်မြားစွာနှင့် အလုပ်ကို တိုးချဲ့လုပ်ကိုင်ရလေသည်။

ဦးပြုံးချိုသည် သူ့အခန်းကလေးတွင် အထူးအလုပ်များလျက်ရှိသည်။ အပြင်တွင်လည်း ဝါးရင်းတုတ်ဝယ်ယူသူတွေနှင့် ပြည့်နှက်လျက်ရှိသည်။ သူတို့ စကားပြောသံတွေကလည်း ဆူညံလျက်ရှိသည်။

လူငယ်တစ်ယောက်သည် ဖိနပ်သံပြင်းပြင်းနှင့် ဦးပြုံးချို အခန်းတွင်းသို့ ဝင်လာလေသည်။

"ဦးပြုံးချိုဆိုတာ ခင်ဗျားလား"လူငယ်က ခပ်ဆတ်ဆတ် မေးလေ၏။

"ဟုတ်ပါတယ်" ဦးပြုံးချိုက ခပ်အေးအေးဖြေ၏။

"ကျုပ်တို့တပ်ဖွဲ့အတွက် ဝါးရင်းတုတ် ငါးရာ လိုချင်တယ်"

"ရပါစေမယ်"

"ဘယ်ဈေးလဲ"

"တစ်ချောင်းနှစ်ကျပ်၊ ငါးရာဆိုတော့ တစ်ထောင်"

"ကောင်းပါပြီ၊ ဒီလမကုန်ခင် လိုချင်တယ်"

"ရပါစေမယ်"

လူငယ်သည် စရန်ပေးပြီးနောက် ထွက်သွားလေ၏။

သူငယ်မတစ်ယောက် လုံချည်တိုတို အင်္ကျီလက်မောင်းပင့်လျက် ဝင်လာပြန်သည်။

"ခုတင်က ဟိုလူ ဝါးရင်းတုတ် ဘယ်လောက်မှာသွားသလဲ"

"ငါးရာ"ဦးပြုံးချိုက ဖြေ၏။

"ကျွန်မတို့ အမျိုးသမီးတပ်ဖွဲ့အတွက် ထောင့်ငါးရာ မှာချင်တယ်။ ရှားနှစ်တုတ်၊ အရင်းတုတ်တုတ် လိုချင်တယ်"

"ကောင်းပါပြီ၊ ရပါစေမယ်။ တစ်ချောင်းကို သုံးကျပ်ကျမယ်"

"ကိစ္စမရှိပါဘူး၊ လုပ်ထားပါ၊ ရော့ စရန်ငွေတစ်ထောင်"

မိန်းမပျိုထွက်သွားပြီးနောက် ပုလိပ်အရာရှိတစ်ယောက် ဝင်လာပြန်လေ၏။

"ဦးပြုံးချိုဆိုတာ ဦးလား"

"မှန်ပါတယ်"

"ကျွန်တော်တို့ ပုလိပ်အဖွဲ့ကြီးအတွက် အနံ့နှစ်တောင်၊ အရင်းနှစ်လက်မ၊ အဖျား တစ်လက်မခွဲရှိတဲ့ ပျဉ်းကတိုးသားတုတ် လိုချင်ပါတယ်"

"ဘယ်လောက်ယူမလဲ"

"သုံးထောင်"

"ပျဉ်းကတိုးသားက ရှားတယ်၊ ဒီတော့ ဈေးနည်းနည်းကြီးလိမ့်မယ်"

"အမိန့်ရှိပါဦး"

"တစ်ချောင်း ငါးကျပ်"

"လုပ်သာလုပ်ပါ၊ ကျွန်တော်တို့မယ် ရန်ပုံငွေ တောင့်ပါတယ်"

"မောင်တို့မယ် နံပါတ်တုတ်တွေ ရှိသားပဲ"

"အဲဒါတွေက တိုတယ်။ လက်ဆမကောင်းဘူး။ ကျွန်တော်တို့ဟာ တကယ့်လွတ်လပ်ရေးကို အမိအရတိုက်နေတဲ့လူထုပုလိပ်တွေပါ။ ဒီလို လွတ်လပ်ရေးလမ်းကြောင်းမယ် အနှောင့်အရှက်လုပ်တဲ့လူတွေ အဲဒီ ပျဉ်းကတိုး သား တုတ်နဲ့ နက်ရမှာပဲ"

သူ ထွက်သွားပြီးနောက် လူငယ်တစ်ယောက်ဝင်လာကာ အလျား လေးတောင်ရှိ ဝါးရင်းတုတ်စစ်စစ်များကို လာမှာပြန်သည်။ ထိပ်တွင် သံချွန်များ တပ်ပေးရန်ကိုလည်း တိုးတိုးညွှန်ကြားလေသည်။



ဦးပြုံးချိုသည် အထူးဝမ်းသာလျက် ရှိတော့သည်။ မှာထားသော ဝါးရင်းတုတ်များကိုလည်း ရက်ချိန်းတွင် အဆင်သင့်ဖြစ်ရန် အထူးကြိုးပမ်း လျက် တပည့်လက်သား စုံလင်စွာနှင့် လုပ်ကိုင်လျက်ရှိသည်။ ချိန်းရက်တွင် ဝါးရင်းတုတ်အသီးသီးကို သက်ဆိုင်ရာ အသင်းအဖွဲ့များသို့ အပ်လိုက်ပြီးသော် ရရှိသောငွေပေါင်း မြောက်မြားစွာတို့ကို ဘဏ်တိုက်သို့အပ်နှံရန် ကားကြီးကို ကိုယ်တိုင်မောင်း၍ ထွက်လာစဉ် အတွင်းဝန်ရုံးအနီးသို့ ရောက်လာသောအခါ ဆူညံသောအသံများကို ကြားရလေသည်။ သူသည် လမ်းထောင့်တစ်ခုတွင် ကားကိုရပ်၍ အရိပ်အခြည်ကို ကြည့်နေစဉ် လက်ဝဲဘက်မှ အလံပေါင်း မြောက်မြားစွာကို လွှင့်ထူ၍ ချီတက်လာသော လူထုကြီးကို တွေ့ရလေသည်။ သူတို့သည် ကြွေးကြော်သံအမျိုးမျိုးကို အော်ဟစ်လာကြလေသည်။

ထိုစဉ်တွင် လက်ယာဘက်မှ ချီတက်လာသော အလားတူ လူထုကြီး ကို တွေ့မြင်ရပြန်သည်။ သူတို့လည်း အလံအမျိုးမျိုးကိုလွှင့်ထူ၍ ကြွေးကြော် သံအမျိုးမျိုးကို ဟစ်ကြွေးလာကြလေသည်။ ကြည့်နေစဉ်ပင် တပ်ဦးနှစ်ခု ဆုံမိကြရာ နှစ်ဖက်သောလူထုသည် ဆူညံသောအသံများကို ပြုကာ တစ်ဖက် နှင့်တစ်ဖက် ရိုက်ကြလေတော့သည်။ သူတို့လက်ထဲတွင် ပါလာသောဝါးရင်း တုတ်အမျိုးမျိုးတို့နှင့် တစ်ဦးကိုတစ်ဦး အသနားအညှာတာကင်းမဲ့စွာ ဦးခေါင်း များကို ရိုက်ခွဲကြကုန်သည်။ မောင်ပြုံးချိုသည် မိမိဆိုင်မှ ဝါးရင်းတုတ်တို့၏ စွမ်းရည်ကို အကဲခပ်ကြည့်ရှုနေစဉ် ဖြောင်ဖြောင်မြည်သောအသံတို့သည် ပွဲတင်ထပ်လျက် မြေပေါ်တွင် သွေးရဲရဲ သံရဲရဲနှင့် အတုံးအရုံး လဲကြကုန်သည်။

"ဟင် ဘယ့်နှယ်ပါလိမ့်။ နှစ်ဖက်စလုံးက 'လွတ်လပ်ရေး၊ လွတ်လပ် ရေး'နဲ့ အော်နေတယ်။ အော်နေတာချင်းတူလျက်နဲ့ ဘာပြုလို့ ရိုက်နေကြပါ လိမ့်"

သူ့အနားတွင် ရပ်နေသော အမယ်အိုကြီးတစ်ယောက်က ညည်းညူ လေသည်။

ဦးပြုံးချိုသည် သူ့ကိုလှည့်ကြည့်၍ မျက်နှာလွှဲလိုက်ကာ ရိုက်ပွဲကို ပင် ကြည့်မြဲ ကြည့်နေပြန်လေသည်။ ထိုကဲ့သို့ တဖြောင်းဖြောင်း ရိုက်နေကြ စဉ် မြောက်မြားသော ပုလိပ်တို့သည် အလျှိုလျှို ထွက်ပေါ်လာကြပြန်ကာ နှစ်ဖက်သောလူထုကြီးကို ပျဉ်းကတိုးတုတ်နှင့် ရိုက်ခွဲကြပြန်လေသည်။

လူထုကြီးကလည်း ပြန်လှန်ခုခံကြရာ ပုလိပ်ရော လူထုပါ ထွေးလုံးရစ်ပတ်လျက် အတုံးအရုံး လဲကုန်ကြလေသည်။ မောင်ပြုံးချိုလည်း အထိတ်တလန့်ဖြစ်ကာ ကားပေါ်မှဆင်း၍ အနီးမှ အမယ်အိုကြီးကို သတိရသဖြင့် လှည့်ကြည့်လိုက်ရာ သူသည် ထိပ်ကွဲ၍ လဲနေသည်ကို တွေ့ရလေသည်။ သူသာမက မောင်ပြုံးချိုအနားရှိ လူအပေါင်းတို့သည် တစ်ယောက်မကျန် ထိပ်အက်လျက် ပက်လက်တစ်မျိုး မှောက်လျက်တစ်ဖုံ သွေးအိုင်ထဲတွင် လဲနေကြသည်ကို တွေ့ရလေ၏။ မောင်ပြုံးချိုသည် အနီးအနား ပတ်ဝန်းကျင်ကို လှည့်ကြည့်လိုက်ရာ အထူးတုန်လှုပ်ချောက်ချားသွားလေသည်။ မကြာသေးမီက အသံကုန်အော်ဟစ်နေသူအပေါင်းသည် ဝါးရင်းတုတ်ကိုယ်စီနှင့် အတုံးအရုံး လဲနေကြလေသည်။ ပတ်ဝန်းကျင်တစ်ခုလုံးသည် လူသေတို့ စွန့်ပစ်ရာ သုသာန်တစပြင်ကြီးနှင့် တူနေလေသည်။ ထိုအရပ်တွင် သူတစ်ယောက်သာလျှင် မားမားမတ်မတ် ကျန်ရှိလေတော့သည်။ သူသည် ငွေထုပ်ကြီးကိုပိုက်ကာ တွေဝေလျက်ရှိစဉ် လေယာဉ်အုပ်ကြီး ပျံသန်းလာသကဲ့သို့ အသံများကို ခပ်သဲ့သဲ့မျှ ကြားရလေရာ ငွေထုပ်ကြီးကို ပစ်ချကာ မြောင်းထဲသို့ ဆင်း၍ ဝပ်နေလေသည်။ သူကြားနေရသောအသံများသည် တစ်စတစ်စ နီးကပ်လာလေရာ ကျယ်၍ကျယ်၍ လာလေသည်။ နောက်ဆုံး၌ မောင်ပြုံးချို၏ဦးခေါင်းထက်သို့ ရောက်ရှိလာလျက် 'ဝုန်း ဝုန်း'ဟူသော အသံများကို ကြားရလေရာ ဗုံးချနေပြီဟု အောက်မေ့ကာ မျက်နှာမဖော်ရဲအောင် ရှိလေသည်။ အတန်ကြာသောအခါ အသံငြိမ်သွား၍ အမှတ်တမဲ့ ကြည့်လိုက်ရာ လေယာဉ်ပျံများကိုကား မမြင်ရ။ သိန်းသန်းမက မရေမတွက်နိုင်သော လင်းတအပေါင်းတို့သည် အတုံးအရုံး လဲနေကြသည့် ခန္ဓာကိုယ်တို့ပေါ်တွင် ရပ်နားထိုးဆိတ်နေကြသည်ကို တွေ့မြင်ရလေသည်။ ထိုအခါကျမှ သူကြားရသောအသံကား လင်းတတို့၏ အတောင်ပံသံဖြစ်၍ 'ဝုန်း ဝုန်း'ဟူသော အသံကား မြေသို့ ထိုးဆင်းချသော အသံ ဖြစ်ကြောင်းကို သိရှိရလေသည်။

သူသည် ထိုနေရာမှ "ကမ္ဘာကြီး ပျက်စီးတော့မည်။ ကမ္ဘာကြီး ပျက်စီးတော့မည်"ဟု လောကဗြဟ္မာ နတ်သားကဲ့သို့ အသံကုန်ကြွေးကြော်ရင်း တစ်ဟုန်တည်း ပြေးလေတော့သည်။ တစ်လမ်းလုံး ဝါးရင်းတုတ်ဒဏ်ရာ



နှင့် ဟက်တက်ပြဲကာ ခန္ဓာကြွေနေကြကုန်သော အာဇာနည်အပေါင်းကိုပင် ဦးညွှတ်ကာ အရိုအသေ မပြုနိုင်တော့ဘဲ ခုန်ကျော်ပြေးလွှားနေလေသည်။ သူသည် အမောဆိုက်မတတ် မရပ်မနား ပြေးလွှားနေသော်လည်း လမ်းပေါ်တွင် အဖော်ဟူ၍ တစ်ယောက်မျှ မတွေ့ရကား စိတ်အားငယ်လာလေသည်။ ဝါးရင်းတုတ်ဒဏ်ရာဖြင့် တစ်မျိုးလုံးပင် ပြုတ်ပြုတ်ပြုန်းကုန်ပြီလော။ တစ်မျိုးလုံးပင် လင်းတတို့၏အစာ ဖြစ်ကုန်ပြီလော။ သူသည် သည်းတုန်အူတုန် ယူကျုံးမရ ဖြစ်လာလေသည်။ ထိုအချိန်တွင် လမ်းဘေးတိုက်ကြားထဲမှ လူတစ်ယောက်သည် အလံကြီးကိုကိုင်၍ ထွက်လာကာ မောင်ပြုံးချိုအား အလံတိုင် ဝါးရင်းတုတ်နှင့် တအားလွှဲရိုက်လိုက်ရာ ရှောင်ကောင်းသဖြင့်သာ ထိပ်မကွဲဘဲ ပခုံးကို ထိလေသည်။

***

"အမယ်လေးဗျ" မောင်ပြုံးချိုသည် အလန့်တကြား အော်မိလေသည်။

"ဘယ့်နှယ်ဖြစ်နေတာလဲ။ ညနေကြီး အိပ်နေလိုက်တာ ထပါ။ ရေချိုးပြီးရင် ထမင်းစားကြမယ်"

မောင်ပြုံးချို၏ ဇနီးသည် ပခုံးကိုပုတ်၍ နိုးလေသည်။ ထိုအခါကျမှ မောင်ပြုံးချိုသည် သတင်းစာတွေ တစ်ပုံကြီး ပေါင်ပေါ်တင်လျက် အိပ်ပျော်နေရာမှ ကယောင်ကတမ်း ထကာ ရေချိုးခန်းရှိရာသို့ လှမ်းလေသည်။

သူသည် ခပ်သွက်သွက် ရေချိုးပြီးလျှင် ထမင်းပွဲရှိရာသို့ ရောက်လာလေသည်။

ထမင်းပွဲတွင်ကား ခဲဖွယ်ဘောဇဉ်တို့ကို သူ မမြင်နိုင်။ အိပ်မက်ထဲမှ ဝါးရင်းတုတ်များ၊ ထိပ်ဟက်တက်ကွဲများနှင့် လင်းတများကိုသာ မြင်ယောင်နေတော့သည်။

စင်စစ်အားဖြင့် မောင်ပြုံးချိုသည် အလုပ်မှထွက်၍ ဝါးရင်းတုတ်ဆိုင်လည်း မတည်ထောင်ရသေးပါ။ အချင်းချင်းလည်း အိပ်မက်ထဲမှာကဲ့သို့ အကြီးအကျယ် မရိုက်သတ်ကြသေးပါ။ ဂိရိကုတ်တောင်မှ သိန်းသန်းမက မြားမြောင်လှစွာသော လင်းတအပေါင်းတို့လည်း တို့မြန်မာများ၏ အသားအသွေး အသည်းအစုံတို့ စားသုံးသောက်မျိုရန် မရောက်လာကြသေးပါ။

[ဂျာနယ်ကျော် ၁၉၄၇ ဖေဖော်ဝါရီ]

## ရွှေးကောက်ပွဲ

မောင်ပြုံးချိုတို့ မြို့နယ်တွင် အမှတ်ရွေးကောက်ပွဲ ကျင်းပရန်မလိုတော့ပေ။ ဖ ဆ ပ လအမတ်လောင်းနှစ်ဦးနှင့် ယှဉ်ပြိုင်အရွေးခံကြမည့်သူများ အကြောင်းကြောင်းတို့ကြောင့် တစ်ဦးပြီးတစ်ဦး နုတ်ထွက်သွားကြလေပြီ။

ဖ ဆ ပ လ အမတ်လောင်းတွေ ဝမ်းသာကြသည်။ သူတို့သာမဟုတ်၊ မောင်ပြုံးချိုလည်း ဝမ်းသာသည်။ စာရေးတွေလည်းဝမ်းသာ၊ လူအများလည်း ဝမ်းသာကြသည်။ မဲရုံဆောက်ကြမည့်ကန်ထရိုက်တစ်ဦးသာလျှင် ဝမ်းနည်းနေလေသည်။

ဝမ်းသာနေသည့်အတောအတွင်း ရွှေးကောက်ပွဲကျင်းပမည့်အကြောင်း နယ်ပိုင်ထံမှ စာတစ်စောင် ရောက်လာလေသည်။ အဘယ်မည်သော ရွေးကောက်ပွဲနည်း။ ဆူးပုပ်ကုန်းရွာသူကြီး ရွေးကောက်ပွဲဖြစ်ပါသည်။ သူကြီးလောင်းသုံးဦး ရှိသည်။

(၁) ဦးထွန်းလှ သူသည် သေဆုံးသွားသူ သူကြီးအိုကြီး၏တူ ဖြစ်သည်။ ထိုရွာတွင် သူသာလျှင် သူ၏ဦးရီးရိုက်ရာကို ဆက်ခံထိုက်ပါသည်။ အခြားသူများနှင့်ယှဉ်ပြိုင်အရွေးခံရန် ရွေးကောက်ပွဲမကျင်းပဘဲ သူ့ကိုသာလျှင် တိုက်ရိုက် ခန့်ထိုက်ပါသည်ဟု မင်းကြီးရုံးအထိ လျှောက်ထားသော်လည်း မရ။ ဤမည်သော ဒီမိုကရေစီခေတ်ကြီးတွင် အများသဘောတူမှ ဖြစ်နိုင်သည်ဟု ဆိုကာ သူ၏လျှောက်လွှာကို ပယ်လိုက်လေသည်။ သို့သော် သူသည် အားမငယ်၊ ကျေးရွာတစ်အုပ်စုလုံး မိမိအမျိုးတွေချည်းဖြစ်သည်။ အခြားသူများက တံစိုးလက်ဆောင်ပေးသည် ထားဦးတော့။ မဲထည့်သောအခါ မိမိမဲပုံးကို ထည့်လိမ့်မည်ဟု ယုံကြည်ပြီး ဖြစ်လေသည်။



(၂) ဦးဘိုးဝ သူသည် ကျေးရွာတွင် မျက်နှာကြီးတစ်ဦး ဖြစ်သည်။ ကိုယ်ပိုင်လယ်ဆယ်ဧက ရှိသည်။ ချစ်တီးဆီမှလယ်များကိုပါ အငှားယူ၍ တစ်နှစ်လျှင် လယ်သုံးတုံး လုပ်လေသည်။ ဤတွင်မကသေး၊ ကိုင်းလည်း လုပ်လိုက်သေးသည်။ ရွာထိပ်ကျောင်း ဦးကုမာရ၏ ပစ္စည်းလေးပါးဒါယကာ ဖြစ်သည်။ သူကြီးကတော်လောင်း ဒေါ်သေးဘောကလည်း ကျောင်းသို့ အရက်ဆွမ်းနေ့စဉ် ပို့သည်။ ဦးကုမာရကလည်း မိမိကျောင်းသို့ ရောက်လာသမျှကုန်သော ဒါယကာ ဒါယိကာမအပေါင်း သူတော်ကောင်းတို့အား သာသနာ့ဒါယကာ မောင်ဘိုးဝကိုသာ မဲပေးကြရန် တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးလျက် ရှိလေသည်။ ထိုထိုသောအကြောင်းတို့ကြောင့် မောင်ဘိုးဝကလည်း မိမိသာလျှင် မဲနိုင်ရမည်ဟု ယုံကြည်ပြီး ဖြစ်လေသည်။

(၃) သခင်ဘိုးမြိုင် သူသည် ထိုကျေးရွာလယ်သမားအသင်း၏ဥက္ကဋ္ဌ ဖြစ်သည်။ သူကြီးအိုကြီး ရှိစဉ်ကတည်းက ဆင်းရဲသားအကျိုးကို တစ်ဖက်တစ်လမ်း ဆောင်ရွက်ခဲ့သူဖြစ်သည်။ ဂျပန်ခေတ်ကလည်း တို့ဗမာ ဆင်းရဲသားအစည်းအရုံး၏ ကျေးရွာမှူး ဖြစ်သည်။

ဗြူရိုကရက်သူကြီးအိုကြီးကို အတိုက်အခံလုပ်ခဲ့သဖြင့်လည်း ဆင်းရဲသားတို့၏ အားကိုးအားထားရာကြီး ဖြစ်သည်။ ဤတွင်မကသေး၊ မိုးဦးကျအခါတွင် "အမတော်ကြေး ချက်ချင်းပေး" ဟူသော ကြွေးကြော်သံကို ခေါင်းဆောင် ခေါင်းရွက်ပြုကာ အသံကုန်ဟစ်ကြွေးလျက် စပါးများကို ရိတ်သိမ်းပြီးချိန်တွင် "အမတော်ကြေး မဆပ်နဲ့၊ မဆပ်နဲ့" ဟူသောဆောင်ပုဒ်ကို အထက်ဘဝဂ် အောက်အဝီစိတိုင်အောင် ဟစ်ကြွေးပေးသဖြင့် လယ်သမားတို့၏ အားကိုးအားထားကြီးလည်း မည်၏။ လယ်သမားတွေနှင့် ပြည့်နှက်လျက်ရှိသော ထိုကျေးရွာတွင် သူကလည်း သူသာလျှင် အရွေးခံရမည်ဟု တစ်ထစ်ချ ယုံကြည်ပြီး ဖြစ်လေသည်။

ချိန်းဆိုထားသည့်နေ့တွင် နယ်ပိုင်မင်း ကြွရောက်လာလေသည်။ နယ်ပိုင်မင်းနောက်မှ မြို့ပိုင်မောင်ပြုံးချိုသည်လည်း ထက်ကြပ်မကွာ ကောက်ကောက်ပါလာလေသည်။ ကျေးရွာအလယ်တွင် ဆောက်လုပ်ထားအပ်သော မဲရုံတွင် ပူးတွဲခံဝန်ချုပ်လက်မှတ်ထိုးကြရမည့် သူကြီးမင်းအပေါင်းလည်း ရောက်နှင့်ပြီး ဖြစ်လေသည်။

နယ်ပိုင်က သူကြီးတွေကို ပထမ စစ်ဆေးလေသည်။

"ကဲ သူကြီးမင်းတို့၊ အခုအရွေးခံကြမယ့် သူကြီးလောင်းသုံးယောက်နဲ့ ပတ်သက်လို့ ဘာများပြောစရာရှိသလဲ"

တစ်ဖက်ခုံတန်းလျားတွင် စီရရီထိုင်နေကြသော သူကြီးလောင်း သုံးယောက်ကို မေးငေါ့ပြရင်း မေးလေသည်။ သူကြီးတွေက သူတို့သုံးဦးကို လှမ်းကြည့်လိုက်သည်။

ဦးထွန်းလှသည် သူကြီးဟွေ၏ အင်အားကောင်းသောမျက်စိဒဏ်ကို မခံနိုင်သကဲ့သို့ လှုပ်လှုပ်ရွရွ ဖြစ်လေသည်။ သူသည် နှာခေါင်းကို ကုတ် လိုက်ပြီးနောက် ဆောင်းထားသော ဝါးဖတ်ဦးထုပ်ကို ချွတ်လိုက်လေသည်။ ဦးဘိုးဝကား ခေါင်းကို ဘယ်ပြန်ညာပြန်ခါလိုက်ရာ တစ်ထွာခန့် ရှည်လျား သော ခေါင်းပေါင်းစသည် လှုပ်ရှားသွားလေသည်။ သခင်ဘိုးမြိုင်သည် စုတ်ဖွားဖွားဆံပင်ကို သုံးလေးချက် ကုတ်လိုက်လေသည်။

"ကဲ ကဲ ပြောလေ"

နယ်ပိုင်က ထပ်မေးပြန်သည်။ မည်သူမှ မဖြေကြ။

"ကဲ ဦးထွန်းလှအကြောင်း ဘာများပြောစရာရှိသလဲ။ သူ သူကြီး ဖြစ်ရင် ခံဝန်ချုပ်လက်မှတ် ထိုးနိုင်ပါ့မလား"

"ထိုးနိုင်ပါတယ်၊ ပြောစရာမရှိပါ"

ပြိုင်တူဖြေကြလေသည်။ အားလုံးသူကြီးများကို ဦးထွန်းလှက ဝက် သားဟင်းနှင့် ထမင်းကျွေးထားပြီး ဖြစ်သည်။

"ဦးဘိုးဝကော"

"ထိုးနိုင်ပါတယ်"

ဦးကုမာရက သူကြီးအားလုံးကိုခေါ်၍ သာသနာ့ဒါယကာကို ကူညီရန် မှာထားပြီး ဖြစ်သည်။

"သခင်ဘိုးမြိုင်ကော"

"ပြောစရာမရှိပါ၊ လက်မှတ်ထိုးနိုင်ပါတယ်"

အမတ်လောင်းဦးဝှာ၏မိတ်ဆွေရင်း ကိုဝှါက သူ့တပည့် သခင် ဘိုးမြိုင်ကို ကူညီရန် တောင်းပန်ထားပြီး ဖြစ်သည်။

"ကဲ ကဲ သူကြီးလောင်းဟွေ့ မဲချရအောင်"



နယ်ပိုင်က မဲနှိုက်စေလေရာ ဦးထွန်းလှ အဝါ၊ ဦးဘိုးဝ အနီ၊ သခင်ဘိုးမြိုင် အစိမ်း အသီးသီးရကြသဖြင့် မိမိမဲပုံးများကို ကိုင်ဆောင်ကာ လူထုအား မြှောက်၍ ပြကြလေသည်။

ဦးထွန်းလှက သူ့မဲပုံးအဝါကို ပရိသတ်ဘက်သို့မြှောက်ပြရင်း တုန်တုန် ရီရီနှင့် မဲဆွယ်လေသည်။

"ဟော ကျွန်တော့မဲပုံးက အဝါဗျ။ သင်္ကန်းရောင်လေး၊ ကျွန်တော်သာ သူကြီးဖြစ်ရင် ကျွန်တော့ဘကြီးလက်ထက်ကလို ကောင်းကောင်းမွန်မွန် အုပ်ချုပ်မယ်"

"ဘယ်လိုလဲ အမတော်ကြေးချေးတဲ့လူတွေဆီက တစ်ယောက်ငါးမူး ကောက်ဦးမှာလား"လူအုပ်ထဲမှ အသံထွက်ပေါ်လာရာ ဦးထွန်းလှသည် မကြားချင်ယောင်ဆောင်၍ ထိုင်လေ၏။

ဦးဘိုးဝက ပုံးနီကို ပိုက်၍ ထပြန်လေ၏။

"ကဲ ကဲ မိတ်ဆွေတို့၊ ဘုန်းတော်ကြီး ဦးကုမာရ တရားတော်ကို မမေ့ကြနဲ့။ ကျွန်တော်ဟာ အမျိုးဘာသာ သာသနာအတွက် သူကြီးအရွေးခံ တာပါ။ သာသနာတော်ကြီး နေလိုလလို ထွန်းကားစေချင်ရင် ကျုပ်ကိုမဲပေးပါ"

ဦးဘိုးဝထိုင်လျှင် သခင်ဘိုးမြိုင်က ပုံးစိမ်းကို ပခုံးတွင်ထမ်းလျက် ထပြန်လေသည်။

"ရဲဘော်တို့၊ သင်တို့သည် ဤအရပ်သို့ အုပ်ချုပ်ရေး၏ ကျောရိုးကြီး ဖြစ်သော သူကြီးတစ်ယောက်ရွေးချယ်ရန် ရောက်လာကြခြင်း ဖြစ်ပါတယ်။ ဒါကြောင့်မို့ ဒီအရေးဟာ ရဲဘော်တို့အတွက် သေရေးရှင်ရေးတမျှ အရေးကြီး ပါတယ်။ ကျုပ်သာ သူကြီးဖြစ်ရင် ဘာတွေ လုပ်ပြမယ်ဆိုတာ အခု မပြော သေးဘူး"

သူသည် တရားကို ဤမျှနှင့် အဆုံးသတ်လိုက်လေ၏။

နယ်ပိုင်သည် ပုံးကို ရှေ့တွင် စီချစေ၍ ပိတ်ကာ ဝက်အူစုတ်ပြီး နောက် ချိပ်တံဆိပ် နှိပ်လိုက်လေသည်။

"ကဲ ကိုယ့်ပုံးကို ကိုယ်ယူခဲ့ကြ"

သူကြီးလောင်းတို့သည် မဲပုံးများကို ကိုယ်စီပိုက်ကာ နယ်ပိုင်နောက် သို့ လိုက်သွားကြလေသည်။

"ဝါ စိမ်း နီကွ။ ဝါ စိမ်း နီ"

လှငယ်တစ်သိုက် အော်လိုက်ရာ နယ်ပိုင်က ရှုသိုးသိုးနှင့် ကြည့်မှ ငြိမ်သွားလေ၏။

နယ်ပိုင်သည် သူကြီးလောင်းတို့အား လုံခြုံစွာ ကာရံထားသော အခန်းကလေးထဲတွင် မဲပုံးများကို စီချစေသည်။ နေရာမရွေ့စေရန် ကြိုးနှင့် စည်းချည်ပြီးနောက် စားပွဲတိုင်ကို တုပ်ထားလိုက်လေသည်။

ထို့နောက် သူတို့လေးယောက် ပြန်ထွက်လာကြလေသည်။

မဲ ရွေးကောက်ပွဲကြီးစတော့မည်။

"ကဲ ကဲ ဒီကနာမည်ခေါ်မယ်။ ကိုယ့်နာမည်ပါရင် အထဲကို ဝင်ခဲ့ပါ"

မောင်ပြုံးချိုက နိဒါန်းပျိုးလိုက်လေသည်။ "ဒီမဲစာရင်းဟာ အမတ်ရွေးကောက်ပွဲအတွက် ကောက်ထားတဲ့စာရင်းတွေပဲ။ ယောကျ်ား မိန်းမ ဘုန်းကြီး မယ်သီလရှင်အသက် ၂၁ နှစ်ကစပြီးအထက် အားလုံးပါတယ်"

မောင်ပြုံးချိုက ရှင်း၍ ပြနေလေသည်။

"ဒါဖြင့် ဒီအထဲမယ် ကျုန်တော့နာမည်လည်း ပါတာပေါ့" အသက်ခြောက်ဆယ်ကျော်အရွယ် နှုတ်ခမ်းမွေးကားကားနှင့် အဘိုးကြီးက ဝင်တောလိုက်သောကြောင့် ဝါးခနဲ ပွဲကျသွားလေ၏။

"ဝါ စိမ်း နီ ဆိုတော့ သခင်အလံကွ၊ အင်္ဂလိပ်စွာနည်းနဲ့ဆိုရင် ဒီမဲပွဲမယ် သခင်နိုင်မှာပဲ"

"ဘယ်ဟုတ်မလဲ၊ စားပွဲပေါ်က ပန်းအိုးမယ် နှင်းဆီပန်းအနီတွေ ထိုးထားတယ်။ ဒါကြောင့် ပုံးနီဦးဘိုးဝ နိုင်လိမ့်မယ်"

"ဟော ဟော ဟိုကလာတာ ဘယ်သူတုံး"

လူတစ်ယောက်က ခပ်လှမ်းလှမ်းတွင် သပိတ်ပိုက်သွားသော ကိုရင်တစ်ပါးကို ညွှန်ပြရင်း မေးသည်။

"ကိုရင် ဇင်္ဂီလလေ"

"သူဝတ်ထားတာ ဘာလဲ"

"သင်္ကန်း"

"သင်္ကန်းက မဝါလား"

"အင်း"

"ဒါကြောင့် အဝါနိုင်ရမယ်"



ဤကဲ့သို့သော စေတနာ့ဝန်ထမ်းဗေဒင်ဆရာတွေကလည်း ဟောကိန်းအမျိုးမျိုးထုတ်နေကြလေသည်။

သို့နှင့် မောင်ပြုံးချိုက နာမည်တွေကို တစ်ရွာပြီးတစ်ရွာ ခေါ်သွားလေသည်။ နယ်ပိုင်ကလည်း မဲပြားတွေပေါ်တွင် သူ့လက်မှတ်ရေးထိုး၍ပေးလေသည်။

သည်လိုနှင့် မပြီးသေး။

မဲဆန္ဒ ဘယ်လိုပေးရမှန်းမသိ၍ ယောင်ချာချာ ဖြစ်နေသူလည်း အများအပြားရှိလေသည်။ သူတို့ကိုရှင်းရ ပြောရအော်ရနှင့် အတော်ပင်ပန်းလေသည်။ အဖေနာမည်ကို မေးလျှင် ပထွေးနာမည်ကို ပြောသည်။ အချို့လည်း ကိုယ့်အဖေနာမည်ကိုပင် ကိုယ်အတော်စဉ်းစားနေရသည်။ အချို့က ငယ်ငယ်က သေ၍ မမှတ်မိတော့ ဟုဆိုသည်။ ပထွေးကိုပင် အရင်းအရာ ထားလိုက်ကြလေသည်။ အချို့ကလည်း အဖေနာမည်ကိုမေးလျှင် ယောက္ခမနာမည်ကို ပြောသည်။ စာရင်းတွင်ပါသောအမည်နှင့်မကိုက်၍ ပြန်မေးမှ ယောက္ခမမှန်း သိရတော့သည်။

"ယောက္ခမကို မိဘလို သဘောထားလို့ပါ"ဟု အချို့က အတွန့်တက်လိုက်သေးသည်။

အသက်ကိုမေးလျှင် မွေးသက္ကရာဇ်ကို ပြောနေ၍ တွက်ရသည်မှာလည်း အမော။

အတော်ကလေးနေမြင့်သော် သခင်ဘိုးမြိုင်မဲရုံပြင်ဘက်သို့ ထွက်သွားသည်။ လူတစ်ယောက်နှင့်တီးတိုးပြောပြီး ပြန်ဝင်လာကာ ဤသို့ဆိုပြန်လေသည်။

"ဝန်ထောက်မင်း၊ ဦးထွန်းလှရဲ့ညီတာတောက လူတွေကို အရက်တိုက်ပြီးတော့ ဦးထွန်းလှကို မဲပေးဖို့ ဆွယ်နေပါတယ်"

ဦးထွန်းလှသည် ဝေါက်ခနဲ နေရာက ထလိုက်လေသည်။

"အမယ် ဝန်ထောက်မင်း သူမဟုတ်တာ ပြောတာပါ။ သူ့လူတွေကသာ တောင်ရွာကလူတွေကို တစ်ယောက်နှစ်ကျပ်နဲ့ ခေါ်နေပါတယ်"

"ကဲ ကဲ ဒီကိစ္စတွေ မဲပုံးပိတ်တော့မှ စစ်ဆေးမယ်။ သက်သေတွေသာ ရှာထားကြပေတော့" နယ်ပိုင်ကဆို၍ မဲကိစ္စကိုသာ ဆက်လက်ဆောင်ရွက်သွားကြလေသည်။

သုံးနာရီထိုးသော် လူစဲသွားလေသည်။

"ကဲ ကဲ ဒီရောက်နေပြီး မဲမထည့်ရသေးတဲ့လူများရှိသေးသလား"

အသက်လေးဆယ်အရွယ်ခန့်လူတစ်ယောက် ထော့နင်းထော့နင်းနဲ့ ရောက်လာလေသည်။

"မင်းနာမည်ဘယ်သူလဲ"

"တလုပ်ကြီး"

မောင်ပြုံးချိုသည် သူ့နာမည်ကို စာရင်းထဲတွင် အပြန်အလှန် ရှာသည်။ မတွေ့။

"ဟာ သူ့နာမည် ဘယ်ပါမလဲ၊ မဲစာရင်းယူတုန်းက သူရွာမယ် မရှိဘူး" လူကြီးတစ်ယောက်က ဆို၏။

"ဘယ်သွားနေသလဲ" မောင်ပြုံးချိုက မေး၏။

"ထောင်ထဲမှာ"

ဝါးခနဲ ပွဲကျသွားပြန်လေသည်။

"ဟုတ်ပါတယ်၊ သူ နွားခိုးမှုနဲ့ ထောင်ကျနေပါတယ်" ရှင်းပြနေပြန်သောကြောင့် တလုပ်ကြီး ထွက်သွားလေ၏။

အချို့သူများ၏အမည်များမှာ ပါထိုက်လျက်နှင့် မပါဘဲ ကျန်ရစ်ခဲ့သည်။ သူတို့သည် စာရင်းကောက်ခံစဉ်ကလည်း သတိမထား၊ နောက်ထပ်စာရင်းကြေညာသောအခါ၌လည်း ဂရုမစိုက်သဖြင့် မဲပေးရန် အခွင့်အရေးကို မရရှိဘဲ ပြန်ကြရလေသည်။

"ကဲ ပိတ်ရတော့မလား" နယ်ပိုင်ဝန်ထောက်မင်းက သူကြီးလောင်းတွေကိုမေးနေစဉ် နေပူကျဲကျဲတွင် မိန်းမတစ်သိုက် လာနေသည်ကို တွေ့ရလေသည်။

"ခေတ္တဆိုင်းပါဦး"

ဦးထွန်းလှက သူ့ဇနီး ဒေါ်မဲတူကို ရှေ့ကမြင်သောကြောင့် တောင်းပန်ထားလေသည်။

မကြာမီ သူ့ဇနီးဒေါ်မဲတူသည် ချွေးတွေ သံတွေနှင့် ရောက်လာလေ၏။ သူခေါ်လာသော မိန်းမတစ်သင်း မဲပေးနေစဉ် မြေပေါ်တွင် ထိုင်ကာ ထဘီစနှင့် ချွေးသုတ်နေလေသည်။ အတော်ပင်ပင်ပန်းပန်း အမှုထမ်းရရှာသည်။



ပြီးသော် အများသဘောတူချက်အရ မဲပုံးပိတ်လေ၏။

"ကဲ ကဲ ခုတင်က စွပ်စွဲချက်တွေ စစ်ဆေးရအောင် သက်သေခေါ်ခဲ့" နယ်ပိုင်က ဆို၏။

"မပြောလိုတော့ပါဘူးဘုရား" အားလုံးက ပြိုင်တူ လျှောက်ထားကြလေသည်။ သူတို့အချင်းချင်း ကျေနပ်သွားကြလေပြီ။

မဲပုံးတွေကို ကိုယ်တိုင်ယူစေ၍ စားပွဲပေါ်တွင် ချထားလေသည်။ သူကြီးလောင်းသုံးယောက်ကို ရှေ့တွင် စီတန်းထိုင်စေလေသည်။ လူထုကြီးလည်း သီချင်းဖောနှင့် မဲရုံတွင် အုံနေလေသည်။

"နိုင်တဲ့လူက မင်းသား တလိုင်းစိန်ရဲ့ဇာတ်ကို အောင်ပွဲခံရလိမ့်မယ်ဗျ။ အဲဒီဇာတ်က လွမ်းခန်းကလည်း ကောင်းပါဘိသနဲ့။ မရှုံးတဲ့သူများတော့ သွား မကြည့်လေနဲ့။ တရှုံ့ရှုံ့ငိုရလိမ့်မဗျ"

ပျော်တတ်သော သူတစ်ယောက်က အော်ကျယ်အော်ကျယ်နှင့် ဟစ်နေပြန်ရာ တဝါးဝါးနှင့် ပွဲကျနေပေသည်။

နယ်ပိုင်နှင့်မြို့ပိုင်က မဲပုံးတွေကိုဖွင့်၍ ရေတွက်ကြလေသည်။ ရှင်းရှင်းမြင်စေရန် မဲပြားများကို စားပွဲပေါ်တွင် ဆယ်ခုစီ ဆယ်တန်း တန်းချလေသည်။ သူကြီးလောင်းတို့ရင်ထဲတွင်ကား တဒိတ်ဒိတ်

ပုံးဝါ ဦးထွန်းလှ ၁၉၅ မဲ

ဦးထွန်းလှကြီး ပျော်ရတော့မလိုလို၊ ငိုရတော့မလိုလို။ သို့သော် ရင်ထဲတွင်ကား ဒိတ်ဒိတ်သံမရပ်သေး။

ပုံးနီ ဦးဘိုးဝ ၁၈၇ မဲ။

ဦးဘိုးဝကြီး မှိုင်ကျသွားလေသည်။ ခေါင်းပေါင်းကြီးကို ချွတ်ပစ်လိုက်သည်။ သက်ပြင်းကြီးကို "ဟင်း"ခနဲချလိုက်လေသည်။

သခင်ဘိုးမြိုင်၏မဲပုံးစိမ်းကိုဖွင့်၍ ရေတွက်ကြပြန်သည်။ သူသည် သုံးယောက်ထဲတွင် ဂဏှာမငြိမ်ဆုံး ဖြစ်သည်။ ရေတွက်နေစဉ် သူ့ဆံပင်စုတ်ဖွားကြီးကိုကုတ်လိုက်၊ လည်ပင်းကြီးရှည်ထွက်လာ၍ မဲပြားပုံးကို ကြည့်ရင်းအကဲခတ်လိုက်၊ စက္ကူပေါ်တွင်ရေး၍ တွက်လိုက်နှင့် ဣန္ဒြေမရ ဖြစ်နေလေသည်။

ပုံးစိမ်း သခင်ဘိုးမြိုင် ၁၉၁ မဲ

သူသည် မကျေနပ်သေး။ ကိုယ်တိုင်ထ၍ စီချထားသောမဲများကို ရေတွက်လေသည်။ ပြီးသော် ခေါင်းကို သုံးလေးချက်ကုတ်လိုက်ပြန်သည်။

"ကျေနပ်ပလား"

မောင်ပြုံးချိုက မေး၏။

"ကျေနပ်ပါပြီ"

ငိုသံပါနှင့် ပြောလေသည်။

"လေးမဲတည်းနဲ့ ရှုံးရတာ နာတာပဲ"သူ့ဘက်သားတစ်ယောက်က ဆိုလေသည်။ သခင်ဘိုးမြိုင်ကား သူ့ဖိနပ်ကို ကောက်ယူ၍ မစီးတော့ဘဲ လစ်လေတော့သည်။

လူတွေလည်း ရှင်းသွားလေပြီ။ နယ်ပိုင်လည်း ဦးထွန်းလှကို ခန့်ရန် အစီရင်ခံစာ ရေးနေလေသည်။

ဦးထွန်းလှ၏ ဇနီး ဒေါ်မဲတူနှင့် ဆွေမျိုးတစ်စုကား သရက်ပင်အောက်တွင် ဟောင်ဖွာဟောင်ဖွာနှင့် စကားပြောနေကြလေသည်။ ဒေါ်မဲတူက သူ့ကြောင့် ဦးထွန်းလှ သူကြီးဖြစ်တာပါပဲဟု ဆို၏။ သူ့အမျိုးတွေကလည်း သူ့အဆိုကို ထောက်ခံကြလေသည်။

ဦးထွန်းလှကား နယ်ပိုင်အနီးရှိ ခုံတန်းလျားပေါ်တွင် လက်နှစ်ဖက်ယှက်၍ ဒူးနှစ်လုံးတွင် ညှပ်လျက် တည်ငြိမ်သော ဣန္ဒြေဖြင့် မျက်လွှာချကာ ထိုင်နေလေသည်။

မောင်ပြုံးချိုလည်း သူ့သူကြီးလောင်းကို အကြိမ်ကြိမ် အဖန်ဖန် သုံးသပ်လျက် ရှိလေသည်။ သူနှင့် စခန်းသွားရမည့်အရေးကို တွေးမိတိုင်း ရင်မအေးဘဲ ဖြစ်နေလေ၏။ စာမှ ကောင်းကောင်းမရေးတတ်လျှင်အခက်၊ အရက်တွေချည်းသောက်၍ မူးနေလျှင်လည်း ဒုက္ခ။

သို့သော် သူသည် ဒီမိုကရေစီစံနစ်အရ လူထုက တင်မြှောက်ခြင်းခံရသည့် ကမ္ဘာဦးအခါက သမ္မတမင်းနှင့် ဂုဏ်ပုဒ်ချင်း တူမျှသော ပုဂ္ဂိုလ်ကြီး ဖြစ်သည်။ အညတြမြို့ပိုင်မောင်ပြုံးချိုသည် ဘာတတ်နိုင်အံ့နည်း။

[ပြုံးတမဲ့မဲ့ ၁၉၄၉ နှင့် ဂျာနယ်ကျော် ၁၉၅၇ ဧပြီ ၁၉]

# လကာဆုန်

မိုးညိုသည် ချောင်ကျသော မြို့ကလေးဖြစ်ပါသည်။ သူ၏မြို့နယ်ကား ကျယ်ဝန်းလှပါသည်။ လက်ပံတန်းနယ်စပ်ဖြစ်သော ပျဉ်းကတိုးကုန်း၊ ထိန်တောမှ ကြခင်းမြို့တစ်ဖက်ကမ်း ပြည်ခရိုင်နယ်စပ်အထိ ရောက်သွားလေသည်။ မြို့နယ်သည် အနံတိုသလောက် အလျားရှည်လှသည်။ နယ်ပေါင်းစုံနှင့်လည်း ဆက်စပ်နေသည်။ သာယာဝတီခရိုင်တွင် လက်ပံတန်း၊ မင်းလှ၊ အုတ်ဖို၊ ကြို့ပင်ကောက်၊ ဇီးကုန်း၊ နတ္တလင်း အစရှိသော မြို့နယ်အပေါင်းနှင့် နယ်နိမိတ်ချင်း ဆက်စပ်လျက် ရှိသည်။ပြင်ခရိုင်နှင့်လည်း ဆက်စပ်သည်။ ဧရာဝတီမြစ်ခြားလျက် တစ်ဖက်တွင်ရှိသော ဟင်္သာတခရိုင်နှင့်လည်း စပ်နေလိုက်သေးသည်။

ထို့ကြောင့် မြို့နယ်အတွင်း အသွားအလာ မလွယ်ကူလှပေ။ နွေအခါဆိုလျှင် လှည်းနှင့် ခရီးသွားရသည်။ မိုးတွင်းအခါကျလျှင် မြစ်ကြောင်းတွင် လှေလောင်းကို အသုံးပြုကြရသည်။ ချောင်းကြိုချောင်းကြားကိုလည်း ကူး၍ ဖြတ်၍ သွားကြရသည်။ တစ်ခါတစ်ရံ ကိုင်းတောကို တိုးကြရသည်။ တစ်ဖက်သော အစွန်သို့ သွားလိုလျှင်ကား ဧရာဝတီသင်္ဘောကို စီးလျက် ကြခင်း၊ မြန်အောင်သို့ရောက်သော် သည်ဘက်ကမ်းသို့ လောင်းလှေဖြင့် ကူးကြရပြန်သည်။ မောင်ပြုံးချိုသည် ရောက်ကတည်းက နယ်ကျွမ်းအောင် မနေမနား ခရီးသွားနေရသည်။

မောင်ပြုံးချိုသည် မြို့နှင့် မိုင်နှစ်ဆယ်ခန့်ဝေးကွာသော ကျေးရွာဗိုလ်ရုံတစ်ခုတွင် တည်းခိုလျက် ရှိလေသည်။

တစ်ခေါ်လောက်ဝေးသော ရွာတစ်ရွာအတွင်းမှ ပလွေသံနှင့် ရောယှက်ထွက်ပေါ်လာသည့် အိုးစည်သံသည် အိပ်ရာမှနိုးစ မောင်ပြုံးချို၏ သောတအာရုံကြောများကို ကလိနေလေသည်။ ကောင်းသော မင်္ဂလာ နံနက်ခင်းပါ

တကား။ ယမန်နေ့ညက မိုးအတန်သည်းသည်းရွာထားသဖြင့် လောကဓာတ်တစ်ခုလုံး ကြည်လင်အေးမြနေပါသည်။ အေးမြသည့်နံနက်တွင် ကြည်လင်သောဂီတသံသည် အထူး သာယာလှပါပေ သည်။ ရွာဘက်သို့ လှမ်းမျှော်၍ ကြည့်လိုက်မိသည်။ သစ်ပင်ကြီးငယ်တို့ဖြင့် အုပ်ဆိုင်းနေသော ရွာကြီးသည် စိမ်းစိမ်းစိုစိုနှင့် ကျက်သရေရှိလှတော့သည်။

"ဟော့ ဒီနေ့ ရွာထဲမှာ အလှူရှိသလား"

မောင်ပြုံးချိုက လက်ဖက်ရည်လာပို့သော သူ၏တပည့်အား မေးလိုက်သည်။

"အလှူ မဟုတ်ဘူး ဆရာ၊ ညောင်ရေသွန်းပွဲ ရှိတယ်"

ခုမှပင် သူ သတိရတော့သည်။

ယနေ့သည်ကား ကဆုန်လပြည့်နေ့ပါတကား။ အိမ်မှ ထွက်ခွာလာခဲ့သည်မှာ ငါးရက်ခန့် ရှိပါပြီ။ အခါကြီးရက်ကြီးဖြစ်သည့် ဤ ကဆုန်လပြည့်နေ့ကိုပင် သတိမမူခဲ့မိ။ အရေးပိုင်ရုံးစစ်မည့်နေ့၊ ရာဇဝတ်မှုတွေ စီရင်ချက်ချမည့်နေ့၊ အမတော်ထုတ်ချေးရမည့်နေ့၊ ထို ထုတ်ချေးထားသောငွေကို အကြေအလည် တောင်းခံရမည့်နေ့။ သည်နေ့တွေကိုသာ သူ့နေ့စဉ်မှတ်တမ်းတွင် မှတ်တမ်းတင်ထားမိသည်။ ကဆုန်လပြည့်နေ့ကိုကား သတိမမူခဲ့မိပေ။ သတိလည်း မရ။

ခုမှပင် သူ သတိရတော့သည်။

ဗိုလ်ရုံခြံအတွင်းရှိ ဘသစ်ပင် ပန်းမန်တို့သည် နေ့မြတ်ကြီးကို ပူဇော်အံ့သောငှာ ယမန်နေ့ညကတည်းက မိမိတို့ ခက်လက်ထိုထိုများကို မိုးရေဖြင့် ဆေးကြောသန့်စင်ပြီးဖြစ်ကြလေသည်။ သစ်ပင်ကြီးငယ်တို့သည် မြနန်းဗိမာန်များကဲ့သို့ စိန်မြလျှံခြယ်အထူးတင့်တယ်လှပါပေသည်။ ဗိုလ်ရုံရှေ့ရှိ စကားဝါသုံးပင်သည်လည်း အဖူးအပွင့်တို့ဖြင့် ဝေဆာနေရကား နေ့မြတ်အားလက်အုပ်ချီ၍ နေသည်နှင့် တူတော့သည်။ အနီးတွင်ရှိသော စံပယ်ရုံနှစ်ရုံသည် ပုလဲဥသဏ္ဌာန် ဖြူလွလွအဖူးအပွင့်တွေနှင့် မြိုင်လျက် ရှိနေလေသည်။ ပတ်ပတ်လည် ဝိုင်းရံလျက်ရှိသော ပန်းမာလာတို့ အနံ့ဖြင့် ထုံသင်းကြိုင်မွှဲ့လျက်ရှိသောဒေသတွင် ရောက်ရှိနေသည့် မောင်ပြုံးချို၏ စိတ်သည် အထူးကြည်လင်နေလေသည်။



လမြတ်ကဆုန်
မြိုင်ရဂုံတွင်
ကြိုင်ထုံသင်းနံ့
တပျံ့ပျံ့နှင့်
ပန်းမင့်စကားဝါ
မာလာခရေ
စံပယ်ဝေသည်
ထွေထွေပန်းမန် ညွတ်တွား၏။

မောင်ပြုံးချိုသည် လက်ဖက်ရည်သောက်ရင်း အနီးတွင်ရှိသော စက္ကူလွတ်ပေါ်တွင် ကဗျာတိုကလေးကို ရေးလိုက်လေသည်။

ထိုအချိန်တွင် စနေထောင့်ဆီမှ မိုးသားများ တက်ကြွရစ်ဆိုင်းလာလေသည်။ ခဏမျှကြာသောအခါ မိုးကောင်းကင်တစ်ခုလုံး မိုးသားကွက်တို့ဖြင့် အုပ်ဆိုင်းရစ်သိုင်းပြီး ဖြစ်နေလေပြီ။ မိုးနတ်မင်းကလည်း မာန်တင်းကြိမ်းဝါး တန်ခိုးထွားနေသည်။ ဂြိုးဂြိုးဂျိမ်းဂျိမ်း မိုးလုံးဟိန်းလျက် လျှပ်စီးတွေကလည်း အဆက်မပြတ် ဝင်းဝင်းလက်နေလေသည်။

ဤကဲ့သို့သော သဘာဝလောကကြီး၏ ပြုပြင်ပြောင်းလဲမှုကို မြင်လို့ထင့် မြဝတီမင်းကြီး ဦးစက

မကာန်းငယ်ဆင်
ရစ်သိုင်း ဝဠာခွင်က မာန်ပင်ခုပျိုး။
ရွာတော့မည်လို
မညို့ရယ် တညိုနဲ့
ပြိုသလို ပစ္စုန်မင်းငယ်
တင်းတဲ့တန်ခိုး ဟု စပ်ဆိုခဲ့လေသည်။

လေပြင်းထန်လျက် မိုးဖွဲကျလာလေသည်။ လေပြင်းရိုက်ခတ်ခြင်းကိုခံရသော အနီးအနားရှိသစ်ပင်ကြီးတို့သည် တွန့်လိမ်ကောက်ကွေး ဆောင်းငုံ့ကာ ကျိုးပဲ့ပျက်စီး ဗုန်းဗုန်းလဲခြင်းဘေးမှ ကာကွယ်နေကြလေသည်။ လေပြင်းငြိမ်သက်သွားသောအခါ မိုးသည်းထန်စွာ ရွာသွန်းလေသည်။ သူတို့သာမဟုတ် သဘာဝမိုးနတ်မင်းသည်လည်း ညောင်ရေသွန်းပွဲတော် ဆင်နွှဲနေလေသည်။

ခုမှပင် မောင်ပြုံးချို သတိရမိတော့သည်။ သူ ငယ်စဉ်ကဆိုလျှင် ကဆုန်ညောင်ရေသွန်းပွဲတော်နေ့တွင် ပျော်၍မဆုံး ဖြစ်ခဲ့သည်။ မန်းမြို့တွင် အရပ်တိုင်းလိုလို ညောင်ရေသွန်းပွဲတော်များ ကျင်းပကြရာ မောင်ပြုံးချိုတို့ အရပ်မှလည်း သူ မသာအောင် အပြိုင်အဆိုင်ကျင်းပကြလေသည်။ လူကြီးတို့ ပြိုင်ကြသောအခါ ကျောင်းသားမောင်ပြုံးချိုတို့လည်း ပြိုင်ကြသည်။ သူ့အရပ်က အငြိမ့်ကရင် ငါ့အရပ်က ဇာတ်ပါတယ်ကွ ဟု ကြွားရသည်။ သူ့အရပ်က တစ်ထောင်ကုန်သည်ဆိုသော် ငါ့အရပ်က နှစ်ထောင် ကုန်တယ်ကွ ဟု ပြောလိုက်သည်။ ဤသို့ ကြွားလုံးထုတ်၍ ပြိုင်ရဆိုင်ရသည်မှာ အရသာတစ်မျိုး ရှိနေခဲ့ကြသည်။ မောင်ပြုံးချိုတို့ ကျောင်းသားဘဝက သည်လိုအားကျမခံ ပြိုင်ဆိုင်ဝါကြွားမှုတွေကြောင့် အချင်းချင်း ရန်ဖြစ်ကြသည်။ ရန်ဖြစ်သဖြင့်လည်း ဘုန်းကြီးအနှက် ခံကြရသည်။ ဆရာ အရိုက်ခံရသည်မှာလည်း မရေနိုင်။

မောင်ပြုံးချိုတို့ငယ်စဉ်က ညောင်ရေသွန်းပွဲတော်နီးလာလျှင် စားမဝင် အိပ်မပျော်အောင် အပျော်ကြီး ပျော်ကြလေသည်။ ပွဲဝင်သည့်နေ့တွင် ကား ထမင်းကို လုံးလုံးသတိမရနိုင်တော့ချေ။ မဏ္ဍပ်အတွင်းရှိ ဘုရားရုပ်ပွားတော်ရှေ့တွင် ရေပန်းတွေ ဝေဝေဖြာနေသည်ကိုကြည့်၍ ပီတိဖြစ်နေတော့သည်။ ရေပန်းပေါ်တွင် ရောင်စုံဘောလုံးကလေးများ နိမ့်ချည်မြင့်ချည် ဖြစ်နေသည်ကိုလည်း ကြည့်၍ မညည်းနိုင်။ လူကြီးတွေနှင့် ပွဲဈေးတန်းလျှောက်၍ ကောက်ညှင်းကျည်တောက်နှင့် ဘူးသီးကြော် စားရသည်မှာလည်း တစ်သက်တွင် မမေ့နိုင်။ အဒေါ်၊ အစ်မ အပျိုတွေနှင့် ပွဲလယ်ခေါင်တွင် အခန့်သားခင်းထားအပ်သော ခုတင်ပေါ်တွင်ထိုင်ကာ ပွဲကြည့်ရသည်မှာလည်း ပျော်စရာကောင်းလှတော့သည်။ ထိုစဉ်က မောင်ပြုံးချိုတို့ မျက်နှာကြီးပါဘိသည်။ သူ့အဒေါ်၊ သူ့အစ်မတွေကို လာပိုးကြသည့်ကာလသားတွေကလည်း မောင်ပြုံးချိုတို့ ဖူးဖူးမှုတ်ကြလေသည်။ မောင်ပြုံးချို၊ မောင်ပြုံးချိုနှင့် တစ်ချိုတည်းချိုနေကြလေသည်။ အချို့ကလည်း ပိုးပန်းရကျိုးနပ်၍ ယခုအခါတွင် သားသမီးများပင် ရကြကာ မောင်ပြုံးချိုတွင် ဦးတွေ၊ ဦးမတွေ၊ ညီတွေ၊ ညီမတွေ တိုးလာပေပြီ။ အချို့လည်း မစွံဘဲ ကျန်ရစ်ဖြစ်သူဖြစ်၊ အခြားသူနှင့် အိမ်ထောင်ပြုလိုပြု ဖြစ်ကုန်ကြလေသည်။



မောင်ပြုံးချိုသည် ရှေးဟောင်းနှောင်းဖြစ်ကို ပြန်ပြောင်း သတိရမိတော့သည်။ မိုးလည်း စဲသွားလေပြီ။ သို့သော် ကောင်းကင်ယံ ထစ်ချုန်းသံများကား မပျောက်သေး။ လျှပ်စီးများလည်း မပြယ်သေး။ ခပ်လှမ်းလှမ်း မီးလောင်ထားသော ကိုင်းတောကို မိုးရေပက်ဖျန်းလိုက်သောအခါ မြေသင်းနံ့များ ကြိုင်ကြိုင်သင်းလာလေသည်။ မြေသင်းနံ့သည် ပတ်ဝန်းကျင်ရှိ ပန်းမာလာတို့၏ ရနံ့ဖြင့် ရောထွေးယှက်လိမ်လျက် လေဟုန်စီးနေသည်။ သည်ကဲ့သို့သော သဘာဝဖန်တီးမှုတို့သည် မောင်ပြုံးချိုအား သူ့ဇာတိချက်ကြွေ ရွှေမန်းမြေကို ပို၍ သတိရတော့သည်။ သည်အချိန်အခါမျိုးတွင် သူ့ ဇာတိချက်ကြွေ ရွှေမန်းတွင် မည်ကဲ့သို့ ရှိလေလိမ့်မည်နည်း။ သူသည် အဝေးကသာ တမ်းတ ရော်ရမ်းနေရလေသည်။

ရွှေမန်းမြေ
ဌာနေဝေးကွာ
တမ်းတပါလည်း
ခုခါမရောက်
စိတ်နောက်ကိုယ်သည်
မပါသည်ကြောင့်
ရော်ရီမျှော်မှန်း
ဝေးကလွမ်းသည်
စခန်းမသင့်ပါသောကြောင့်။

မောင်ပြုံးချိုသည် ကဗျာတိုကလေးတစ်ပုဒ်ကို ရေးခြစ်လိုက်မိပြန်လေ၏။ သူသာလျှင် ဤကဲ့သို့ မှန်းမျှော်မိသည် မဟုတ်။ ရှေးအခါ စာဆိုတော် ဦးကြင်ဥသည်လည်း ဤကဲ့သို့သော သဘာဝဓာတ် ဆန်းကြယ်မှုတွေကို မြင်သဖြင့် အမရပူရ ရွှေမြို့တော်ကြီးကို အဝေးက တမ်းတခဲ့ပါသေးသည်။

သင်းမြေနံ့ တကြိုင်
စကားရွှေဝါနှင့်
ညောင်သီတာ ရေတော်သွန်းချိန်မို့
ရွှန်းဝေလို့လှိုင်၊
မြိုင်မြစ်စုံ ယမုံခပါတဲ့

ပြည်အမရမဏ္ဍိုင်
ခရိုင်နဲ့တစ်ဝိုင်း။
သို့ချိန်ဆိ
ရင့်ကျူးပဥ္စဂီနဲ့
တိမ်ပန်းချီ ပွေလို့ရေးပေလိမ့်
ဆေးရင့်ပြာလို္င်း။

***

မိုးလည်း စဲသွားလေပြီ။

စကားဝါပင်နံ့သည် သင်းမြသင်းလျက်။

မြေသင်းနံ့လည်း ကြိုင်မြကြိုင်လျက်။ ဗိုလ်ရုံနှင့်ကပ်လျက်ရှိသော လက်ပံပင်ထက်မှ ကြက်တူရွေးမောင်မယ်သည် သာယာသောအသံဖြင့် နေရောင်ခြည်ကို နှုတ်ခွန်းဆက်နေကြလေသည်။ တစ်ဖက်သော သစ်ကိုင်းထက်တွင်ကား ကျေးငယ်နှစ်စုံသည် အတောင်များကို မကြာခဏ ဖြန့်ဖြူးလျက် ပျံအံ့သောငှာ အားယူနေဟန်တူသည်။ ခဏမျှကြာသောအခါ ကျေးမောင်မယ်သည် သံသာကျူးရင့်ရင်း စကားဝါပင်သို့ ကူးလူးပျံသန်းလာလေသည်။ ကျေးငယ်အစုံသည် သစ်ကိုင်းပေါ်တွင် ခုန်ဆွခုန်ဆွ လုပ်နေကြပြီးနောက် ခရေပင်ပေါ်သို့ကူးပြောင်းလာကြလေသည်။ ထိုနေရာတွင် တစ်ထောက်နားနေပြီးမှ ကျေးဖိုမရှိရာ စကားပင်သို့အရောက် ပျံသန်းလာကြလေသည်။ ကျေးဖို၊ ကျေးမနှင့် ကျေးငယ်အစုံသည် ဟိုပင်သည်ပင် ကူးနေကြလေသည်။ ကျေးဖိုမတို့သည် သူ့ရင်သွေးအစုံအား မည်သို့ပျံ၍ မည်သို့ နားရသည်ကို လက်တွေ့သင်ကြားပေးနေလေသည်။ မောင်ပြုံးချိုသည် သူတို့ကိုကြည့်ရင်းက စာဆိုအကျော် ဖိုးသူတော်ဦးမင်း စပ်ဆိုခဲ့သော ကဆုန်လဘွဲ့ကို သတိရလျက် သီကျူးမိပြန်လေသည်။

စကားဝါ ငုံသင်းလို့
ကြယ်မင်းတဲ့ ဝိသာခါ။
တိမ်တွေမှာ ရောင်ခြည်ရှန်း
ထွန်းတဲ့ချိန်ခါ။
စုံကန္တာ ဟေမာမြိုင်ထဲ
ရွှေကျေးပျံသင်လို့



စံပျော်ရှင် သည်ဟိုပင် ကူးလို့ငယ်
မြူးကြစမြဲ။

မောင်ပြုံးချိုသည် ထိုနေ့တစ်နေ့လုံး ထိုနေ့အကြောင်းကိုသာ စဉ်းစားနေမိသည်။ နေ့ခင်းအချိန်တွင် ပြဲပွယ်ကိစ္စများဖြစ်သော မိမိ၏ အလုပ်ဝတ္တရားများကို ဆောင်ရွက်ပြီးစီးသည်နှင့်တစ်ပြိုင်နက် ထိုနေ့အကြောင်းကို ပြန်ကောက်စဉ်းစားမိပြန်လေသည်။

နေမင်းသည် ညိုလေပြီ။

နေမင်းကွယ်ပျောက် ညဥ့်အချိန်ရောက်လျှင် ပတ်ဝိုင်းသဏ္ဌာန် ရှိသော ဝိသာခါနက္ခတ်သည် စန္ဒာလမင်းကြီးနှင့် ယှဉ်ပြိုင်ထွန်းပပေလိမ့်မည်။ အမြို့မြို့ အနယ်နယ်တွင်လည်း ညောင်ရေသွန်းပွဲသံတို့ဖြင့် ခြိမ့်ခြိမ့် ညံနေပေလိမ့်မည်။

လေပြည်ကလေး သုတ်ဖြူးနေလေသည်။

မောင်ပြုံးချိုသည် မြောက်ဘက်အစွန်း၌ရှိသော တောတန်းကလေးကို လှမ်းမျှော်မိလေသည်။ သစ်ပင်၊ ပန်းပင်တို့သည် အကိုင်း၊ အစို့၊ အညွန့်၊ အညှောင့်တွေ ဝေဆာလျက် မြဗိမာန်ကြီးကဲ့သို့ လှပတင့်တယ်လှပါပေ၏။ ထိုစိမ်းဖန့်ဖန့်ရောင်စိုစိုတွင် အနည်းငယ်သော ရွက်ဟောင်း ရွက်ကြွင်းတို့သည် အချို့ရွှေအဆင်းကဲ့သို့ ဝါဝင်းလျက်၊ အချို့ သန္တာခဲကဲ့သို့ နီရဲလျက် ရှိလေသည်။ တောတန်းကလေးတစ်ခုလုံးသည် ပန်းချီကျော်တစ်ဦး၏ တောကားကြီးကဲ့သို့ လှပတင့်တယ် ရှုချင်စဖွယ် ကောင်းလှပေသည်။ ထို သက်မဲ့ ပန်းချီကားချပ်ကြီးဆီမှ သဘာဝအလျောက် ဖြစ်ပေါ်ပေါက်ပွားနေသည့် သက်ရှိသတ္တဝါတို့၏ အသံကိုလည်း ကြားရပြန်လေသည်။ ဘုတ်အီသံ၊ ဆက်ရက်မြည်သံ၊ ကျေးငှက်မျိုးစုံတို့၏ တွန်မြည်သံတို့သည် သဘာဝရောင်စုံကားကြီးကို အသက်သွင်းပေးလိုက်လေသည်။

မောင်ပြုံးချိုသည် ထိုကဲ့သို့ အသက်ဝင်လာသော တောတန်းဂနိုင်စုံရှုမြင်ကို ကြည့်ရှုငေးမောရင်း သူ့ဇာတိချက်ကြွေ ရွှေမန်းမြေကို အထူးအထူးသတိရ လွမ်းတမိပေတော့သည်။

ယောက်ျားကြီးတန်မဲ့နှင့် ဆွေးရမည်လော၊ လွမ်းရမည်လော။ သူ့ကိုယ်သူ အပြစ်တင်မိလေသည်။ မဆွေးပါဘူး။ အို မလွမ်းပါဘူး။ မတမ်းတပါဘူး။

ဤကဲ့သို့ အားတင်းရင်းပင် စာဆိုတော် ဦးကြော့၏ အလွမ်းကဗျာကို သီကျူးမိပြန်လေသည်။

ဟောမန် နွေလှန်လို့ တုန့်ပြန်တော့
ဘွေသဟံ ဝေယံအုံ့ဆီက
လေပြန်လှုံ့ဆော်ခဲ့ပြီ။
ပင်ပေါ်ထက် ရော်ရွက်ဝါထိန်ဝေနှင့်
ခါဂီမွေ့ သည့်တစ်ခေတ်တွင်မှ
ညာလိမ်ကြွေ တမည်သစ်မှာကြောင့်
အသစ်တွေ တွေကာစုပါလို့
ပုရစ်ခွေ တမာနုမှာကွယ်၊ ကျေးဥ စီစီ။
ခင်တန်းလျှို သပြေပင်က
ရွှေသဇင် သုတ်လေမွှောပြန်တော့
နေဝင်လျှင် ဘုတ်တွေရောပါလို့
အုတ်ရွှေသြရယ်က တွန်သံချို၊
ဌာနီနဲ့ ကွာဝေး။
ဖန်ခါခါ လမ္ဘရာ စည်ဦ္ခိုက်ဖို့ပေမို့
ဝသန်ဆည် ဖြေမချိုပြီဘု
ပူမိသည့် နော်ရဂုံက
တော်ကဆုန် ညောင်ရေသွန်းချိန်မို့
ဖော်မစုံ အောင်မြေကျွန်းဆီသို့
လွမ်းလိုက်လှလေး။

သူတစ်ယောက်တည်းသာ မဟုတ်။ ရှေးရှေးစာဆိုတော်အသီးသီးသည်လည်း သည်အချိန် သည်အခါတွင် အလွမ်းပိုခဲ့သည် မဟုတ်ပါလော။ လောကဓာတ်ကြီးသည်လည်း ညိုနေရာမှ တဖြည်းဖြည်း အမှောင်ဘက်သို့ ကူးလေပြီ။ လမင်းကြီးလည်း ဝိုင်းဝိုင်းစက်စက် အရှေ့ဘက်တောင်တန်းဆီမှ ထွက်ပြူလေပြီ။

မောင်ပြုံးချိုကား အေးမြကြည်လင်သော လပြည့်ဝန်းကြီးကိုကြည့်လျက် ငေးမြိုငေးနေလေသည်။

[ဂျာနယ်ကျော် ၁၉၄၇ မေ]

## သူတို့အစွဲ

မိုးဦးကျပြီဖြစ်၍ လယ်သမားလောကကြီးသည် လှုပ်လှုပ်ရွရွ ဖြစ်လာလေသည်။

မိုးသံလေသံတွေလည်း ဆူညံလာလေပြီ။

"ကဆုန်နယုန် မိုးသံကြားတော့ ပျိုးဆန်စပါးကိုတဲ့ ညည်းကရှာအေ" ဟူသော တေးသံကို မောင်ပြုံးချို သတိရမိလေသည်။

မိုးသံနှင့်အတူ လယ်မြေအရှုပ်တော်ပုံလည်း ပေါ်ပေါက်လာပြန်သည်။ လယ်ရှင်တွေကလည်း အကြောင်းအမျိုးမျိုးတို့ကြောင့် သီးစားဟောင်းကို လယ်ပြန်မချဟု ဆိုနေကြသည်။ လယ်သမားတွေကလည်း လယ်ရှင်တွေဟာ မတရားဘူး။ ကျုပ်တို့တော့ အတင်းဝင်လုပ်မှာပဲဟု ဆိုနေကြလေသည်။

လယ်သမားတွေ၏အသံသည် ဤသို့ ဆူညံဆူညံ ထွက်ပေါ်လာလေသည်။

"ဒီလယ်ရှင်တွေဟာ သိပ်လောဘကြီးတာပဲ။ ကျုပ်တို့များ သူတို့က ငွေဝယ်ကျွန်မှတ်နေထင်ပါရဲ့။ ကျုပ်တို့ကတော့ နေပူမရှောင် မိုးရွာမရှောင် ကျွဲနဲ့နွားနဲ့ဖက်ပြီး ရုန်းရတယ်။ အချိန်တန်တော့ သူတို့က ကျုပ်တို့ပစ္စည်းတွေကို အခန့်စားသိမ်းယူချင်တယ်။ သူတို့ဟာ အစွယ်ငေါငေါထွက်နေတဲ့ ဘီလူးကြီးတွေလိုပဲ။ ကျုပ်တို့သွေးတွေကို သူတို့စုပ်နေကြတာပဲ။ သူတို့ကို ကျုပ်တို့က လူထုတိုက်ပွဲနဲ့တိုက်ရမယ်။ သခင်ကိုဒါနပြောသလိုပဲ အတင်းဝင်လုပ်ရမယ်။ လယ်သမားတွေကို ဘာထင်သလဲ။ မီးဟုန်းဟုန်းတောက်သွားမယ်"ဟု တဖျစ်တောက်တောက် ပြောနေကြလေသည်။

လယ်ရှင်တွေကလည်း လယ်သမားတွေ ပြောသောစကားကို တုကို ဘာဝေ ဆိတ်ဆိတ်နေ၍ 'မှန်ပါပေတယ်'ဟု ဝန်မခံချေ။

လယ်ရှင်တွေကလည်း ဤသို့ ဆိုနေကြလေသည်။

"ဒီလယ်သမားတွေဟာ ရှေးကနဲ့ နည်းနည်းမှ မတူတော့ဘူး။ သိပ် စည်းကမ်းပျက်နေကုန်ပြီ။ ဟိုတုန်းကဆိုရင် ကျုပ်တို့ကို သိပ်ပြီး ရိုသေတယ်။ သြဇာညောင်းတယ်။ ပြောတဲ့အတိုင်း လုပ်တယ်။ အခုများဖြင့် သူတို့ကိုယ် သူတို့ ဘာထင်နေတယ် မသိဘူး။ ဒီလယ်တွေများ သူတို့က အလကား ရလိမ့်မယ်များ ထင်နေသလားပဲ။ ဟိုကောင်တွေမြှောက်ပေးတာနဲ့ ဒီလို ဖြစ်ကုန်တာ။ လူထု လူထု၊ တစ်ခါလာ လူထုတိုက်ပွဲ၊ သူများပစ္စည်းကို အလကားလိုချင်တဲ့ ကောင်တွေ၊ သူခိုးသူဝှက်တွေ၊ ဓားပြတွေ၊ သိပ်ယုတ်မာ တဲ့ကောင်တွေ။ ကပ်ကြီးသုံးပါးထဲ ပါသွားမယ့်ကောင်တွေ။ ဒီကောင်တွေကို အစိုးရက လျှော့ပေးလို့ မဖြစ်ဘူး။ သိပ်ဖိတက်လာမှာ။ နာနာဆော်ပေး။ သေကုန်ရင် အေးတာပဲ"

"ဒုက္ခ ဒုက္ခ"

မောင်ပြုံးချိုသည် ခပ်တိုးတိုး ညည်းညူမိလေသည်။ လယ်သမား လည်း မြန်မာ၊ လယ်ရှင်လည်း မြန်မာ၊ တစ်ယောက်နှင့် တစ်ယောက် ရန်သူကြီးတွေ ဖြစ်ကုန်ပါပကော။ လယ်ရှင်တွေကလည်း ညစ်သည့်နေရာ ညစ်တာပဲ။ ကောင်းသောလယ်ရှင်တွေလည်း ရှိပါသည်။ လယ်သမားတွေက လည်း ကလိမ်တာပဲ။ ကောင်းသောလယ်သမားတွေလည်း ရှိပါသေးသည်။ သူတို့နှစ်ဦး ဘယ်ကဲ့သို့ စေ့စပ်ရပါမည်နည်း။

"မလွယ်လှပါ မလွယ်လှပါ"

မောင်ပြုံးချိုသည် ညည်းညူမိပြန်သည်။

တစ်ဦးဦးက လျှော့မပေးဘဲ စည်းလုံးမိမည် မဟုတ်။

လျှော့၍လည်း ပေးပါမည်လော။

'သမုဒ္ဒရာကြီးရှစ်စင်းအတွင်းရှိ ရေများကို ငါးပြေမ သောက်၍ ကုန်သော်လည်း ကုန်ရာ၏။ လယ်သမားနှင့် လယ်ရှင်ကို စေ့စပ်၍ ရမည် မထင်။'

စစ်မဖြစ်မီက မြှားမကုန်ပါနှင့်ဦး။ စမ်းကြည့်ပါဦး။



ထို့ကြောင့် သရက်တောအုပ်တွင် လယ်သမားတို့၏ အစည်းအဝေးကြီး တစ်ရပ်ကိုကျင်းပရန် မောင်ပြုံးချိုက ချိန်းလိုက်လေသည်။ သည်အစည်း အဝေးပွဲကြီးမှာ လူများများလာမှ ဖြစ်မည်။ လူများများလာအောင် ဘယ်လို ခြေထိုးရမည်နည်း။ မောင်ပြုံးချိုသည် ဦးခေါင်းကို အဖန်ဖန်ကုတ်၍ စဉ်းစားပြီးသည်၏ အခြားမဲ့၌ ဉာဏ်ထွက်လာလေ၏။

'မြို့ပိုင်မောင်ပြုံးချိုသည် သရက်တောအုပ်တွင် ယခုနှစ် အမတော်ကြေး ထုတ်ချေးမည့်ကိစ္စကို လယ်သမားတို့အား ရှင်းလင်းပြသလိမ့်မည်'ဟူသော ကြေညာချက်ကို ရွာအသီးသီးတွင် မောင်းခတ်ကြေညာလိုက်ရာ အမတော် ကြေးကို အမျှော်ကြီးမျှော်နေကြသော လယ်သမားထုကြီးသည် ထိုနေရာသို့ ချိန်းထားသောနေ့တွင် စုဝေးရောက်လာကြကုန်၏။

ဤကဲ့သို့ ကြေညာထားသည်ကို အချို့က မယုံကြည်ကြသေး။ "ဒီမြို့ပိုင်ဟာ နယ်ချဲ့တရား၊ မနေရှင်တရား လာဟောမှာပါကွာ" ဆို၍ ကျန်ရစ်သူတွေလည်း အများပင် ရှိလေသည်။ နံနက် ၇ နာရီခန့်အချိန်တွင် မောင်ပြုံးချိုသည် လယ်သမားတို့ စုဝေးရာ သရက်တောအုပ်သို့ ရောက်လာ လေသည်။ များမြောင်လှသော လယ်သမား ပရိသတ်ကြီးကို တွေ့မြင်ရသော မောင်ပြုံးချိုသည် နိုင်ငံရေးသမားဆန်ဆန် အတော်ပီတိ ဖြစ်သွားလေသည်။

သရက်ပင်ခြေရင်း မြစ်ဆုံတွင် အိုးသစ်တစ်လုံးနှင့် ရေထည့်ထားသည်။ ထိုရေအိုးတွင် အဖုံးမရှိသဖြင့် နှီးရေခွက်တစ်လုံး ပေါလောမျောနေသည်ကို တွေ့မြင်ရလေသည်။ မောင်ပြုံးချိုသည် ရေအိုးထဲမှ ရေကိုသောက်ရင်း အာခေါင်ရှင်းလိုက်ပြီးနောက် ဟန်ပါပါနှင့် မတ်ရပ်ထကာ တရားဟော လေသည်။

"ကျွန်တော် အခုလာတဲ့ကိစ္စကတော့ ယခုနှစ်အတွက် အမတော်ကြေး ပေးမယ့်အကြောင်းကို ပြောဖို့ပါပဲ။ ယခုနှစ် ကျွန်တော် မြို့နယ်အတွက် အမတော်ကြေး တစ်သိန်း ထုတ်ချေးပါလိမ့်မယ်။ ဒီအမတော်ကြေးကို ကျွန်တော်က ကျေးရွာအလိုက် စိုက်ပျိုးတဲ့ လယ်မြေဧကကို မူတည်ပြီးခွဲဝေ ထုတ်ချေးရပါလိမ့်မယ်။ ဒီတော့ အမတော်ကြေး အလိုရှိတဲ့လူများဟာ သူကြီးထံမှာဖြစ်ဖြစ် မိမိတို့ဆိုင်ရာ လယ်သမားအဖွဲ့အစည်းအရုံးများဆီမှာ ဖြစ်ဖြစ် စာရင်းပေးထားနိုင်ပါတယ်"

မောင်ပြုံးချိုသည် တရားဟောကျင့် မရှိ၍ အတော်မောသွားပြီ ဖြစ်သောကြောင့် အဖုံးမရှိသော ရေအိုးထဲမှ ရေတစ်ခွက်ကို မော့လိုက်ပြန်လေသည်။ ထို့နောက် နှုတ်ခမ်းပါးနားသုတ်၍ တရားဆက်ပြန်လေ၏။

"ပြီးတော့ တစ်ခုသတိပေးချင်တာက အမတော်ကြေးနဲ့ပတ်သက်ပြီး ဘယ်သူ့ကိုမှ ပိုက်ဆံပေးဖို့မလိုဘူး။ သူကြီးတွေကလည်း စက္ကူဖိုး၊ ဘာဖိုး၊ ညာဖိုး၊ မြို့ပိုင်ဆီဖိုးဆိုပြီး ပိုက်ဆံမတောင်းကြပါနဲ့။ ခင်ဗျားတို့ လယ်သမားတွေကလည်း မပေးကြပါနဲ့။ လယ်သမားအဖွဲ့က လူတွေကလည်း စာရင်းယူရတဲ့အတွက် ပိုက်ဆံမယူဖို့ တောင်းပန်ပါတယ်"

မောင်ပြုံးချိုသည် သူ့တရားကို ဆက်ပြန်လေသည်။

"အဲဒီစာရင်းရတော့မှ ကျွန်တော်တို့က စစ်ဆေးပြီး အမတော်ကြေးကို အများဆုံး တစ်ဧက ကိုးကျပ်ထားပြီး ထုတ်ပေးပါ့မယ်"

"ဟာ တစ်ဧကကိုးကျပ်တည်း နည်းတာပေါ့"ဟူသော အသံများ ထွက် ပေါ်လာရာ မောင်ပြုံးချိုက မကြားချင်ယောင်ဆောင်၍ ဟောမြဲတိုင်း ဟော နေလေသည်။

"ပြီးတော့ ဒုတိယအချက်ပြောချင်တာကတော့ လယ်အရှုပ်အရှင်းကိစ္စတွေပဲ။ ကျွန်တော် သိသလောက်တော့ အချို့နေရာတွေမှာ လယ်သမားက ကလိမ်တယ်။ အဲဒီလို အချင်းချင်းမတည့်မှုတွေကို ကျွန်တော်တို့က သင့်သင့်မြတ်မြတ် ဖြစ်အောင် စေ့စပ်ပေးဖို့ပဲ။ လယ်သီးစား ဥပဒေအရ ဆုံးဖြတ်ဖို့ကလည်း အချိန်မရှိတော့ဘူး။ ဒီတော့ ခုနကပြောသလို ဖျန်ဖြေတဲ့သဘောနဲ့ စေ့စပ်ပေးဖို့ပါပဲ။ အခုဒီအစည်းအဝေးပွဲမယ် လယ်သမားဘက်က ၂ယောက်၊ လယ်ရှင်ဘက် က ၂ ယောက် ကျွန်တော်က ဥက္ကဋ္ဌအဖြစ်နဲ့ ဆောင်ရွက်ပြီး ခုံတစ်ခု ဖွဲ့မယ်။ * အဲဒီခုံက လယ်အရှုပ်အရှင်းတွေကို ဖျန်ဖြေစေ့စပ်ပေးပါ့မယ်။ အဲဒီလို မရှင်းတဲ့ကိစ္စတွေရှိရင် လျှောက်လွှာတင်ကြပါ။ ဒီလိုပြောထားလျက်နဲ့ ခုံအဖွဲ့ကိုလည်း အကြောင်းမကြား ထင်ရာမြင်ရာတွေ လျှောက်လုပ်မယ်၊ လယ်တွေကို အတင်း ဝင်ထွန်မယ်ဆိုတဲ့ ဆူပူမှုတွေ ဖြစ်မယ်ဆိုရင် ကျွန်တော် တာဝန်ရှိပါတယ်။ ဒီတော့ ကိုယ့်ဝတ္တရားရှိတဲ့အတိုင်း ဆောင်ရွက်ရပါလိမ့်မယ်"

* ထိုစဉ်က သီးစားချထားရေးအဖွဲ့များ မရှိသေးပါ။



"ဖြူလိုကလနက်"ဟူသောအသံတစ်သံသည် ထောင့်တစ်ထောင့်မှ ထွက်ပေါ်လာလေသည်။ မောင်ပြုံးချို၏မျက်နှာကြီးသည်လည်း ခရမ်းချဉ်သီးမှည့်ကြီးလို နီရဲလာလေသည်။ ထို့ကြောင့် အမျက်ပြေအံ့သောငှာ ရေတစ်ခွက်ကို ကျိုက်ခနဲ မော့ချလိုက်ပြန်လေသည်။ ရင်ထဲတွင် အေးခနဲ ဖြစ်သွားမှ ဒေါသတွေ လွင့်သွားလေသည်။

"ဟုတ်တယ်၊ ကျွန်တော်တော့ ငြိမ်ဝပ်ပိပြားရေးကို အထိမခံနိုင်ပါဘူး။ ပြီးတော့ အစိုးရအရာရှိဆိုတာ ဘယ်သူ့ဘက်ကမှ ဂတီလေးပါးလိုက်စားလို့ မဖြစ်ပါဘူး။ ဥပဒေအတိုင်း မှန်ရာကို လုပ်ရမှာပါပဲ။ ဒီတော့ ဥပဒေက ကျော်လွန်ပြီး မလုပ်ကြပါနဲ့ သတိပေးပါတယ်"

မောင်ပြုံးချိုသည် တရားကို အဆုံးသတ်၍ ထိုင်လိုက်ရာ "ဖြူလိုကလနက်" ဟူသော အသံတစ်သံ ထွက်ပေါ်လာသော်လည်း အရေထူသွားပြီဖြစ်၍ မတုန်လှုပ်တော့ချေ။

တစ်နေရာမှ လူငယ်တစ်ယောက် မတ်တတ်ထလိုက်လေသည်။ "လွန်ခဲ့တဲ့နှစ်က ထိုလယ်တွေကို ဆုအဖြစ် တစ်ဧကကိုးဆယ့်နှစ်ကျပ် ပေးမယ်လို့ ကြေညာခဲ့ပါတယ်။ အခုထက်ထိ အပြည့်မရသေးပါဘူး။ ဘယ်တော့ရမယ်ဆိုတာ သိပါရစေ" သူက ပုစ္ဆာထုတ်လိုက်လေသည်။ မောင်ပြုံးချိုနေရာမှထ၍အဖြေပေးမည်ကြံစဉ် "ကိုမျိုးနှစ်ခင်ဗျာ့ ကိုမျိုးနှစ်"ဟု အနီးမှ သူကြီးက သတိပေးလေသည်။ မောင်ပြုံးချိုကား နားမလည်။ "ကွန်မြူနစ်လို့ ပြောတာပါ"ဟု အနီးမ ၂ စာရေးကြီးက အနက်ပြန်ပြလေသည်။

"ဒီနယ်မယ် အဲဒီလယ်တွေအတွက် တစ်ဧကကို ရှစ်ကျပ်နှုန်းလောက် အဝတ်အထည်တွေ ပေးပြီးပါပြီ။ ကျန်တာကို ငွေသားပေးဖို့ စီစဉ်နေပါတယ်"

"အဲဒါ မြန်မြန်ရအောင် ကြိုးစားပေးပါ"

"ကောင်းပါပြီဗျာ ကောင်းပါပြီဗျာ"

ထို့နောက် လယ်သမားခုံအဖွဲ့ကို ဖွဲ့စည်းလေသည်။ အဆိုတင်သူက တင်၊ ထောက်ခံသူက ထောက်ခံ၊ ကန့်ကွက်သူက ကန့်ကွက်နှင့် ဆူဆူညံညံနှင့်ပင် ပြီးသွားလေသည်။

နိဂုံးချုပ်စကားပြောရန် မောင်ပြုံးချိုက ထပြန်လေသည်။ "ကျွန်တော် နောက်ဆုံးပြောချင်တာကတော့ အခု ကျွန်တော်တို့ မြန်မာပြည်ကြီးလည်း

လွတ်လပ်တော့မှာ မဝေးတော့ပါဘူး။ ဒီတော့ အခုကတည်းက လွတ်လပ်တဲ့ လူမျိုးနဲ့တူအောင် နေထိုင်ကြရမယ်။ တာဝန်ကိုလည်း မကြောက်ကြရဘူး။ ကိုယ့်အိမ်ထောင်နဲ့ကိုယ်၊ ခွဲပြီးဆင်းတဲ့ ဇနီးမောင်နှံသစ်လိုပဲ တာဝန်တွေ ပိုလာလိမ့်မယ်။ ဒီတာဝန်တွေကို ကျွန်တော်တို့ ကျေပွန်အောင် ဆောင်ရွက်ကြရလိမ့်မယ်။ ပြီးတော့ နိုင်ငံရေးသမားတွေကလည်း အစိုးရအရာရှိတွေကို အရင်တုန်းကလို အထင်သေးအမြင်သေးဖြစ်ဖို့ အချိန်မဟုတ်တော့ဘူး။ အစိုးရအရာရှိတွေထဲမှာလည်း မျိုးချစ်စိတ်နဲ့ တကယ်ဆောင်ရွက်နေတဲ့ လူတွေ အများကြီး ရှိပါတယ်။ တိုင်းပြည်အတွက်ဆိုရင် အသက်စွန့်ရဲတဲ့လူတွေ အများကြီး ရှိပါတယ်။ သို့ပေမယ့် ကျွန်တော်တို့တော့ ငုံးမင်းဘဝနဲ့ ရောင်ခြည်တော် မလွတ်ချင်သေးပါဘူး။ ကျွန်တော်တို့ဟာ တိုင်းပြည်ကငွေနဲ့ တိုင်းပြည်အတွက် ဆောင်ရွက်ဖို့ ခန့်ထားတဲ့လူတွေပဲ။ ပုလိပ်တွေက လူထု ပုလိပ်လို့အော်နေသလို ကျုပ်တို့လည်း လူထုမြို့ပိုင်၊ လူထုနယ်ပိုင်၊ လူထုသူကြီး တွေပါပဲ။ လူထုကောင်းစားဖို့ လူထုအကျိုးအတွက်ဆိုရင် ဘာမဆို လုပ်ပေးရမယ့် လူတွေပဲ။ ဒါကြောင့် အကြောင်းကြီးငယ်ရှိရင် လာပြောပါ။ ဆောင်ရွက်ပေးပါ့မယ်။ အစိုးရဆိုတာ အရင်တုန်းကလို ကြောက်စရာဆိုပြီး အဝေးကြီးက ကွင်းမနေကြပါနဲ့။ မင်းဆိုတာ ရန်သူမျိုးငါးပါးထဲ ပါတယ်ဆိုပြီး ကြောက်စရာ မဟုတ်ပါဘူး။ ရန်သူမျိုးငါးပါးထဲမှာပါနေတဲ့ မီးတို့ရေတို့ကို သူ့နေရာနဲ့သူ ခင်ဗျားတို့ အသုံးချသလို အစိုးရမှုထမ်းရာထမ်းတွေကိုလည်း အသုံးချနိုင်ပါတယ်"

မောင်ပြုံးချိုသည် ဤနည်းဖြင့် နိဂုံးချုပ်၍ ထိုင်လိုက်လေသည်။ ရောက်ရှိလာကြသော လယ်သမားများသည် အစုလိုက်အဝေးလိုက် ပြန်သွားကြလေသည်။

မောင်ပြုံးချိုသည် အားရပါးရကြီး ဖွင့်ချလိုက်ရသဖြင့် ရင်ထဲတွင် ရှင်းသွားလေသည်။

'လယ်သမားတွေတော့ တို့စေတနာတွေကို သိသွားပြီ'ဟု ယူဆကာ ဝမ်းမြောက်နေလေသည်။ ဖရဏာပီတိ ဝွမ်းဆီထိနေလေသည်။

တည်းအိမ်သို့ရောက်သောအခါ မိမိ၏ ဟောပြောချက်များကို အဖန်ဖန် သုံးသပ်လျက်ရှိနေစဉ် လမ်းပေါ်တွင် တရားပွဲပြန်ဆယ်ယောက်ခန့် လျှောက်



သွားသည်ကို မြင်ရလေသည်။ သူတို့သည် မှောင်ကွယ်တွင် ထိုင်နေသော မောင်ပြုံးချိုကို မြင်ဟန်မတူ။ ဟောင်ဖွာဟောင်ဖွာနှင့် စကားပြောလာကြသည်။

"ဒီမြို့ပိုင်က လျှာရှည်လိုက်တာကွာ"

"အလကား လျှောက်ဖြီးနေတာပါ"

"မဟုတ်ဘူးကွ၊ သူပြောတာတွေ ကောင်းသားပဲ။ နည်းလမ်းကျသားပဲ။ ဟုတ်တာမှန်တာ ပြောရှာတာပဲ"

"အလကား ဖြူလိုကလနက်တွေ ဘယ်တော့မှ မကောင်းဘူး။ အခု မင်း မဟုတ်တာ လုပ်စမ်းပါလား။ ချက်ချင်းဖမ်းချုပ်မှာပေါ့"

"ဟာ ဒါတော့ သူ့ဝတ္တရားကိုးကွ"

"အေး ဒါကြောင့် ပြောတာပေါ့၊ သူလည်း ဖြူလိုကလနက်ပဲ။ ပွဲထဲက ပြောသလိုပေါ့၊ ဟိုပုဏ္ဏား ဟိုပုဏ္ဏားတွေမှ မကောင်းဘဲ ဒီပုဏ္ဏားကော ကောင်းဦးမှာလား"

"ဘယ်အစိုးရ အရာရှိမှ မကောင်းဘဲ သူ့ကျမှ ကောင်းတယ်ဆိုတာ ယုံသလား" ထိုစကားမျိုးကို နားသောတပန်ဆင်ရသော မောင်ပြုံးချို၏ မျက်နှာတစ်ခုလုံးသည် ရေနွေးပူနှင့် အပက်ခံရသကဲ့သို့ ထူ၊ ပူ၊ ရှိန်း သွားလေသည်။

"သူတို့အစွဲ သူတို့အစွဲ"မောင်ပြုံးချိုသည် ခပ်တိုးတိုးညည်းညူမိလေသည်။ 'သည်အစွဲကိုချွတ်ကြပါဦးဗျာ' ဟု အသံကုန်ဟစ်ကြွေးလိုစိတ် ပေါက်လာလေသည်။

[ဂျာနယ်ကျော် ၁၉၄၇ မေ ၃၀]

## လျှောက်လဲချက်

မြို့ပိုင်တို့မည်သည် မိမိနယ်အတွင်း နံ့စပ်အောင် သွားရ လာရ နယ်လှည့်ရသည်။ သွားချည်းနေလို့လည်း မဖြစ်သေး။ ရုံးထိုင်ပြီးလျှင် ရုံးအလုပ်များကိုလည်း ပြီးအောင် လုပ်ရသေးသည်။ ရုံးချည်းထိုင်နေပြီး တောရွာများသို့ မသွားလျှင်လည်း မဖြစ်။ တောချည်းသွားနေပြီးရုံးအလုပ်တွေ ပစ်ထားလျှင်လည်း အထက်ကထုလိမ့်မည်။ ထို့ကြောင့် မောင်ပြုံးချို သည်တစ်လတွင် ဆယ့်ငါးရက်ခန့် တောသွားပြီး ဆယ့်ငါးရက်ခန့်ရုံးထိုင်ပါသည်။

ရုံးထိုင်သောနေ့များတွင် မြို့ပိုင်မောင်ပြုံးချိုသည် ရာဇဝတ်မှုများကို စစ်ဆေးရသည်။ အခွန်တော်မှုများကိုလည်း ပြီးပြတ်အောင် ဆောင်ရွက်ရသည်။ ငွေတိုက်အရာရှိအဖြစ်ဖြင့် အခွန်တော်ငွေများကို လက်ခံရသည်။ ဌာနအသီးသီးမှ မှုထမ်းရာထမ်းတို့၏ လခရိက္ခာများကိုလည်း ထုတ်ပေးရသည်။

မောင်ပြုံးချို၏ရုံးခန်းသည် ဟိန္ဒူကုလား၏ ဈွားတင်းကုပ်နှင့် ခပ်ဆင်ဆင်။ အမိုးက သက်ငယ်၊ အကာက ဝါးထရံကျဲ။ နေပူလျှင် နေပြောက်တွေ ဝဲနေလေသည်။ ဦးခေါင်းအထက်မှ ဝါးဖြင့်ပြုလုပ်ထားအပ်သော ဒိုင်းမြားတို့မှ ပိုးမွှားတို့၏ အလေးအမှုန်တို့သည် ထီးချက်စောင့် နတ်သမီးပန်းပေါက်ပေါက်ကြဲသကဲ့သို့ တဖွဲဖွဲကျဆင်းလျက်ရှိလေရာ မောင်ပြုံးချိုနှင့်တကွ စာရေးအသီးသီး ရုံးသားအပေါင်းတို့ အမြတ်တနိုးထားအပ်သော ဦးစွန်းဖျားတို့သည် အညစ်အကြေးတို့ဖြင့် အလိမ်းလိမ်းကပ်နေလေသည်။ တံခါးရွက်များတို့သည်လည်း သူတို့အား ချုပ်ချယ်ရန် သံချိပ်များနှင့် ကင်းဘိသောကြောင့် လေခလျှင် တဖြုန်းဖြုန်းနှင့် မောင်ပြုံးချိုအား ထောမနာ၍ ဩဘာပေးကြလေသည်။



ထိုရုံးအဆောက်အအုံသည်ကား နေမျိုးနွယ်တို့ကျေးဇူးကြောင့် ထွက်ပေါ်လာရခြင်း ဖြစ်ပေသည်။ နေမျိုးနွယ်တို့သည် ‘အနောက်တွင် နေမင်းဝင်သည့် ပမာပ’ဟူသကဲ့သို့ ဤမဟာ မြန်မာနိုင်ငံတော်ကြီးမှ မလွဲသာ၍ ခွဲခွာရအံ့ဆဲဆဲ “ဘန်ဖိုင်းဘန်ဖိုင်း” ဟု ကြွေးကြော်ရင်း ရှေးပဝေသဏီက ဆောက်လုပ်ထားသော ရုံးဟောင်းကြီးကို တဖောဖောတ်ဖြင့် မြိုက်ခဲ့ကြသည်။ ကျွန်ုပ်တို့၏ အလွန်တရာ ကျေးဇူးကြီးလှသော ဗြိတိသျှတို့ တစ်ခါတစ်ခေါက် ပြန်လည် ရောက်ရှိလာကြပြန်သောအခါ စိမ့်ကိန်းအရ ကတိုက်ကရိုက်နှင့် ဤနွားချေး လိမ်းကျံအပ်သော ရုံးတော်ကြီးကို ဖန်တီးရခြင်း ဖြစ်လေသည်။

ရုံးတော်ကြီးတွင် အခန်းလေးခန်း ရှိလေသည်။ လက်ယာအစွန်ဆုံး အခန်းသည် မောင်ပြုံးချို၏သီးသန့်ခန်း ဖြစ်လေသည်။ သို့သော် ထိုသီးသန့်ခန်းတွင် မောင်ပြုံးချို တစ်ခါမှဝင်၍ သီးသန့်မနေပါ။ ထိုအခန်းတွင် ဝင်၍ နေမည်ဆိုလျှင် ဦးနှောက်တွေ အရည်ပျော်ကျရန်သာ ရှိတော့သည်။ ထိုအခန်း တစ်ခုလုံး နေပြောက်တွေ ခနေလေသည်။ လေဝင်ရန် ပြတင်းလည်း မရှိ၊ ချွေးတလုံးလုံးနှင့် ပူအိုက်လှပါသည်။

ထိုအခန်းနှင့် ကပ်လျက် ဒုတိယအခန်းကား မောင်ပြုံးချို ရုံးထိုင်ရာ ခန်းမကြီး ဖြစ်လေသည်။ ထိုအခန်းသည် အခန်းလေးခန်းအနက် အကျယ်ဆုံးဖြစ်သည်။ အခန်းထောင့်တွင် ဗိုလ်ရုံမှငှားထားသော ဗီရိုကြီးနှစ်ခု ရှိလေသည်။ ထိုဗီရိုကြီးသည်လည်း တော်လှန်စဉ်က ရရှိလိုက်သော သေနတ်ဒဏ်ရာ အပေါက်အပြဲတွေနှင့် ပြည့်နှက်လျက်ရှိလေသောကြောင့် သူ့ကို မြင်တိုင်း တော်လှန်ရေးကို မကြာခဏ သတိရမိပေတော့သည်။

မောင်ပြုံးချို၏ ရုံးခန်းသည် ရှေးရုံးကြီးတွေလို ခမ်းနားကြီးကျယ်သည့် တရားခွင် မရှိ။ တရားခံတွေနေရန်ဝက်ခြံကိုလည်း မတွေ့ရ။ သက်သေခံရန် နေရာလည်း သပ်သပ်ရပ်ရပ် လုပ်ထားသည်မရှိ။ မောင်ပြုံးချို၏ တရားခွင်သည် သူတစ်ပါးထံမှ ငှားသည့် ကုလားထိုင်တစ်လုံးနှင့် စားပွဲတစ်လုံး ဖြစ်လေသည်။ တရားခံတို့သည် နွားချေးနှင့်ကောက်ရိုး စရနယ်၍ လိမ်းကျံထားအပ်သော မဟာပထဝီမြေကြီးပေါ်တွင် အလိုရှိသလို လွတ်လပ်စွာ ထိုင်လိုထိုင်၊ ရပ်လိုရပ်နေနိုင်ကြလေသည်။ ရှေ့နေ ရှေ့ရပ်တို့သည်လည်း ငှားထားအပ်သော ခုံတန်းရှည်တွင် ထိုင်ရလေသည်။ ကြမ်းပိုးကိုက်သဖြင့်လည်း လျှာရှည်သော

အမိန့်တော်ရမင်းတို့ ကြာကြာမထိုင်နိုင်ကြချေ။ ထိုအခန်းထဲမှာပင် အထွေထွေစာရေးနှင့် တရားဘက်ဆိုင်ရာ စာရေးလည်း စားပွဲတစ်လုံးစီနှင့် အလုပ်လုပ်နေကြလေသည်။

တတိယအခန်းသည်ကား ငွေတိုက်စာရေး၏အခန်း ဖြစ်လေသည်။ သူ၏တာဝန်သည် ကြီးလေးလှစွာ၏။ မဖြစ်စလောက်သော လခနှင့် ပေးထားသည့်တာဝန်မှာ မကာမိချေ။ နေ့စဉ်နေ့တိုင်း သည်ငွေတွေ သည်ဂဏန်းတွေ အပေါင်းအနုတ်အမြှောက်အစားတွေနှင့်သာ စခန်းသွားနေရရှာသည်။ ကာလအတန်ကြာသော် ဦးနှောက်ကိုထိခိုက်၍ အူကြောင်ကြောင် ဖြစ်သွားတတ်လေသည်။ သို့သော် ယခု မောင်ပြုံးချို၏ငွေတိုက်စာရေးကား အလုပ်ဝင်သည်မှာ မကြာသေး၍ တော်တော်နှင့်တော့ အူကြောင်ကြောင်ဘဝသို့ ကူးပြောင်းဦးမည်မဟုတ်သေး၍ စိတ်သက်သာရာရတော့သည်။

လက်ဝဲအစွန်ဆုံးအခန်းမှာကား စာရေးကြီး၏ အခန်းဖြစ်လေသည်။ သူသည် ဘီလစ်စာရေးကြီးလည်း ဖြစ်လေသည်။ မမူးလျှင်ကောင်းသလောက် မူးလျှင် စိတ်ပျက်စရာအကောင်းဆုံး လူတစ်ယောက် ဖြစ်လေသည်။ အမူးလွန်လျှင် နေမကောင်းဖြစ်ပြီး ရုံးမတက်နိုင်သည်မှာလည်း ခဏခဏ။ ယခု သူမသောက်တော့ဘူးဆို၍ သာခုတစ်ကြိမ်ခေါ်ထားလိုက်သည်။

သူ့တွင် သမ္ဗန်ပြာတာခေါ် ခရီးသွားလုလင်တွေ ဝိုင်းရံလျက် ရှိလေသည်။ သူတို့သည် တကယ်ချီးမွမ်းထိုက်သည့် ပုဂ္ဂိုလ်များ ဖြစ်လေသည်။ ခရီးမိုင် နှစ်ဆယ်သုံးဆယ်ကို နေ့ချင်းပေါက်သွားနိုင်ကြသည့်ပြင် သူတို့ထံမှလည်း တောရွာ၏အခြေအနေကို ကြားနိုင်လေသည်။ သူတို့အလုပ်ကလည်း သက်သာသော အလုပ်မဟုတ်။ နေပူမရှောင် မိုးရွာမရှောင် ခရီးကြမ်းသွားနေရသူများဖြစ်သည်။ ထို့ကြောင့်လည်း တကယ်အလုပ်လုပ်သူများမှာ တကယ်ကျန်းမာရေးနှင့် ပြည့်စုံကြလေသည်။ ‘ယောင်တောင်တောင် ကြောင်တက်တက် မောင်းကျောက်မှန်သည့် ကြက်ကဲ့သို့’ ခရီးလည်း မှန်မှန်မထွက်ချင်၊ ရုံးမှာပင် ညာနေသည့်သူများမှာကား ရိုးကပ်သားကပ်လိုက်၍ ပိန်ပိန်ညှော်ညှော် ဖြစ်နေသည်ကို တွေ့ရလေသည်။ သူတို့သည် မသွားဘဲနှင့် သွားပါသည်။ မတွေ့ဘဲနှင့် တွေ့ပါသည်ဟု ဘီလစ်စာရေးရှေ့တွင် ကျမ်းသစ္စာ ဆိုရလွန်းအားကြီး၍များ သည်လို ဖြစ်ကြသလားမသိ။ အမှန်စင်စစ်အားဖြင့် သူတို့သည်



ခြေလျင်ဦးအုံးခင် နာမည်မကြီးခင်ကတည်းက တစ်နေ့လျှင် ဆယ့်လေးမိုင်အနည်းဆုံး လမ်းလျှောက်နေကြသူများ ဖြစ်လေသည်။ ခြေလျင်ဆရာကြီး လမ်းမလျှောက်တော့ဘဲ ကားအမျိုးမျိုးစီးနေသည့်အချိန်တွင်လည်း သူတို့တစ်တွေသည် မနားတမ်း လမ်းလျှောက်နေကြဆဲ ဖြစ်သည်။

သူတို့အထဲတွင် ရှိသမျှသူကြီးတွေ၏လက်မှတ်ကိုတူအောင် အတုခိုးထိုးတတ်သူတစ်ယောက်လည်း ရှိလေသည်။ သူကြီးတွေပေးရန်ရှိသော စာဟူသမျှကို လူကြုံရှာပေးပြီး လက်ခံသူများ၏လက်မှတ်တွေကို မိမိဘာသာထိုး၍ပေးပြီးလေဟန် ညာတတ်လေသည်။ သူကြီးတွေလက်မှတ်ကို အတုခိုးထိုးလိုသော ခရီးသွားလုလင်အပေါင်းတို့သည် သူ့အကူအညီကို ဝပ်တွားခယတောင်းပန်ကြရလေသည်။

မောင်ပြုံးချိုသည် လက်ဝဲဘက်သို့ စောင်းငဲ့၍ ကြည့်လိုက်လေသည်။ သူ့ရုံးခန်းထက် သေးငယ်သည့် အဆောက်အအုံတစ်ခုအတွင်းဝယ် မြေတိုင်းစာရေးတွေ တကုပ်ကုပ်နှင့် အလုပ်လုပ်နေကြလေသည်။ ထို‘ပထဝီကရာနီ’များသည် နိုင်ငံတော် အခွန်အတုတ်ရရှိရေးအတွက် အထူးအရေးပါ အရာရောက်သောသူများ ဖြစ်လေသည်။ မိမိသက်ဆိုင်ရာ လယ်ကွင်း လယ်ကွက်များကို မျက်စိထဲတွင် မှန့်တီဟင်းကဲ့သို့ အကွင်းသား မြင်နေကြသူများဖြစ်ပေသည်။ ဘယ်နေရာတွင် ဘာစိုက်သည်၊ ဘယ်စားကျက်တွင် ဘာဖြစ်နေသည် အစရှိသည်တို့ကို သူတို့ မသိသည်မရှိ။ မကြာသေးမီက ပထဝီလောကကြီး အတော်သွက်သွက်ခါအောင် လှုပ်သွားလေသည်။ ပထဝီလှုပ်ခြင်းသည် ကောင်းသော အတိတ်နိမိတ်မဟုတ်။ လှုပ်သောသူများကလည်း အကြောင်းမဲ့ မလှုပ်သင့်။ အကြောင်းနှင့် လှုပ်လျှင်လည်း သက်ဆိုင်သူ အကြီးအကဲတို့က အမြန်ဆုံး ပြေပြစ်အောင် ဆောင်ရွက်ကြရပေမည်။ နောက်တစ်ခါ ပထဝီမလှုပ်ပါစေနှင့်ဟု ဆုတောင်းရပေတော့သည်။

မောင်ပြုံးချိုသည် လက်ယာဘက်သို့ စောင်းငဲ့၍ ကြည့်လိုက်ပြန်သော် ပုလိပ်ဌာနဝင်းကို တွေ့မြင်လေသည်။ အဆောက်အအုံများကို နေမိုးနှယ်တို့တေဇောဓာတ်မြိုက်သွားသဖြင့် အသစ်တစ်ဖန် ပြုပြင်ထားသည်ကို တွေ့ရလေသည်။ ပုလိပ်တန်းလျားတွေကိုပါ ပြာဖြစ်အောင် လုပ်မသွားသည်ကို ကျေးဇူးတင်ရဦးတော့မလိုလို။ သို့သော် ထိုတန်းလျားတွေကလည်း မက်မောစရာ

မကောင်းလှ။ ကျဉ်းမြောင်းလှသည်။ သွပ်ထရံကာ၍ သွပ်မိုးထားသောကြောင့် ပူအိုက်လှလေသည်။ တန်းလျားအောက် မြေကြီးပေါ်တွင် ဖျာစုတ်ကို ခင်းကာသာ ပုလိပ်တို့၏ ဇနီးသည်များ လဲလျောင်းနေကြသည်ကို တွေ့ရလေသည်။ တစ်ဦးကိုတစ်ဦး သန်းရှာပေးနေကြသည်။ သားငယ်၊ သမီးငယ်များလည်း အနီးတွင် ကစားနေကြလေသည်။

ဤမျှလောက် ကျဉ်းမြောင်းလှသော ရှည်လျားလျား အဆောက်အအုံအတွင်းဝယ် လင်စုံမယားဖက်မှလွဲ၍ သားသမီးများသူတို့အဖို့ အထူးစိတ်ဆင်းရဲစရာ ကောင်းတော့သည်။ ဤကဲ့သို့ လူချင်းတူတူ သူချင်းမျှမျှ မနေကြရသူတို့သည် သည်နေရာတွင်အိပ်၊ သည်နေရာတွင် ထမင်းချက်၊ သည်နေရာမှာပင် ထမင်းစားနှင့် ကျပ်တည်း ကျဉ်းမြောင်းသော သံသရာတွင် တဝဲလည်လည် ဖြစ်နေကြရလေသည်။ သားသမီးများသူများအဖို့ မည်ကဲ့သို့ နေထိုင်ကြရပါမည်နည်း။ သားဖို့ သမီးဖို့တွေရှိလျှင် ပို၍ မခက်ပါလော။ ပုလိပ်လုပ်လျှင် သားသမီး မရှိရတော့ဘူးလားဟူ၍များ ယူဆနေကြလေရော့ သလားမသိ။ စောင့်ကြပါဦး။ စောင့်ကြပါဦး။ ခေတ်ကောင်းလာတော့မည်။ လွတ်လပ်ရေးရလျှင် ပုလိပ်တွေရဲ့အဆင့်အတန်း၊ စာရေးတွေရဲ့အဆင့်အတန်း၊ မြို့အုပ်တွေရဲ့အဆင့်အတန်း၊ လယ်သမားတွေရဲ့အဆင့်အတန်း၊ အလုပ်သမားတွေ ရဲ့အဆင့်အတန်း၊ တစ်တိုင်းတစ်ပြည်လုံးရဲ့အဆင့်အတန်း၊ အားလုံးသော အဆင့်အတန်းတွေ တစ်မုဟုတ်ချင်းမြင့်ပါလိမ့်မည်။ နိုင်ငံရေးသမားတွေရဲ့ အဆင့်အတန်းလည်း မြင့်လာလိမ့် ထင်ပါရဲ့။

သည်အထဲ နှစ်ခြမ်းကွဲနေလိုက်သေးသည်။ ခေါင်းပုလိပ်နှင့် ကရောင်းပုလိပ်တဲ့။ တံဆိပ်တပ်ဆင်သည်မှလွဲ၍ တစ်ဦးနှင့်တစ်ဦး သင့်သင့်မြတ်မြတ်ရှိကြသဖြင့် ချီးကျူးရသေးတော့သည်။ အခြမ်းကွဲသည်မှာကား အဆန်းမဟုတ်ပေ။ လောကကြီးတစ်ခုလုံးပင် နှစ်ခြမ်းကွဲနေလေသည်။ သုဂတိလောကနှင့် ဒုဂ္ဂတိလောက နှစ်ခြမ်းကွဲ။ အရင်းရှင်လောကနှင့် အရင်းမဲ့လောက၊ အလုပ်ရှင်နှင့် အလုပ်သမားလောက၊ ဖိနှိပ်သူနှင့် ဖိနှိပ်ခံရသူ။ ဤသည်တို့ကား ဓမ္မတာသဘောတရားအရ မကွဲမဖြစ် ကွဲရမည့် အခြမ်းကွဲများ ဖြစ်လေသည်။ ဤကဲ့သို့ ဓမ္မတာမဟုတ်ဘဲလျက်ပင် ကွဲနေသော အခြမ်းကွဲများပင် ရှိနေပြီး မဟုတ်ပါလော။ ကွန်မြူနစ်နှင့် ကွန်မြူနစ်၊ သမဂ္ဂလယ်သမားနှင့် အစည်းအရုံး



လယ်သမား၊ သမဂ္ဂအလုပ်သမားနှင့် အစည်းအရုံးအလုပ်သမား၊ တပ်နီနှင့် ပြည်သူ့ရဲဘော်၊ ပုလိပ်နှင့် ပုလိပ်၊ အချို့မြို့များတွင် ဖဆပလနှင့်ဖဆပလ၊ ရဲဘော်နှင့်ရဲဘော် ဤသို့ဖြင့် တစ်ခြမ်းပြီးတစ်ခြမ်း တဖြန်းဖြန်းကွဲနေကြလေသည်။

မောင်ပြုံးချိုသည် ထွေရာလေးပါး တွေးတောနေရာက အမှုစစ်ဆေးရန် အချိန်ရောက်ပြီဖြစ်၍ တစ်မှုပြီးတစ်မှု စစ်ဆေးနေပြန်လေသည်။ အမှုပေါင်းကလည်း သည်နေ့ကျမှ စုံနေတော့သည်။ ရိုက်မှု၊ ဆဲမှု၊ ခုတ်မှု၊ အိမ်ပေါ်တက်မှု၊ ခြိမ်းခြောက်မှု၊ အရက်မှု၊ ယခုအတောအတွင်း ရာဇဝတ်မှုတွေလည်း တစ်နေ့တခြား ဒီရေလားသို့ တိုးတက်လာလေသည်။ ဘာမဟုတ်သည့်အသေးအဖွဲကိစ္စကလေးတွေနှင့်လည်း ခုတ်ကြ၊ ရိုက်ကြ၊ သတ်ကြလေသည်။ ငွေစတစ်မူးသားအတွက်နှင့်လည်း ဝါးရင်းတုတ်နှင့် ဦးခေါင်းကို ရိုက်ခွဲသည်။ ဘဲတစ်ကောင်အတွက်နှင့်လည်း ဓားနှင့်ခုတ်သည်။ မင်္ဂလာဆောင်ခဲဖိုးတောင်းရာမှ တစ်ယောက်နှင့်တစ်ယောက်သတ်ကြ ဖြတ်ကြလေသည်။ သတ္တိ၊ သတ္တိ၊ သူရသတ္တိ၊ မြန်မာ့သတ္တိပါတကား။ ဘယ့်အတွက်ကြောင့်တို့မြန်မာတွေ အလွဲတွင် ဆံပင်ကောင်းနေကြပါသနည်း။ အလွန်တရာလှပ တင့်တယ်ရှုချင့်စဖွယ် ကောင်းသည့် မှန်စီရွှေချ တံခါးပေါင်ကြီးကို အိမ်သာဝတွင် အသုံးချထားသည်နှင့် တူလှတော့သည်။ စင်စစ်တော့ ပညာအခြေခံနည်းရှာကြလို့ သည်လိုဖြစ်ကြရတာပါပဲ။ ပညာနည်း၍ စရိုက်ကြမ်းသည်။ စရိုက်ကြမ်း၍ ရာဇဝတ်မှုတွေကို သနားညှာတာကင်းမဲ့စွာ ထင်တိုင်းကျူးလွန်နေကြခြင်း ဖြစ်ပေသည်။ ဤကဲ့သို့ အလွဲတွင် သတ္တိ ပြနေကြသောတောသူတောင်သားညီအစ်ကိုများကို စာရေးစာဖတ်မှုစ၍ ယဉ်ကျေးမှုရှိလာအောင် မည်သည့်အသင်းအဖွဲ့သည် ရှေ့ဆုံးမှ မားမားမတ်မတ် ရပ်၍ ဆောင်ရွက်ပါမည်နည်း။ မည်သည့်အစိုးရသည် သူတို့အတွက် အကျိုးဖြစ်ထွန်းစေမည့်ပညာရေးကို တီထွင်ပါမည်နည်း။

မောင်ပြုံးချိုသည် အမှုတွေကို တစ်ပြုံတစ်ခေါင်းကြီး စစ်ဆေးနေရင်း ပြတ်တောင်းပြတ်တောင်း တွေးတောနေမိလေသည်။

ညနေလည်း စောင်းလေပြီ။ လက်နှိပ်စက်ရိုက်ရလွန်း၍ လက်အံလည်း သေလုနီးပြီ။ ရဲဌာနဝင်းအတွင်းမှ 'တန်းစီ'သံချောင်း ခေါက်သံကိုလည်း

ကြားနေရလေပြီ။ ခဏမျှကြာသောအခါ 'ကမ္ဘာမကြေ'ဟူသော အမျိုးသားသီချင်းသံလည်း ကမ္ဘဝါသံလိုလိုထွက်ပေါ်လာလေသည်။ ပုလိပ်တွေ တန်းစီရာတွင် အမျိုးသားသီချင်းကို တညီတညွတ်တည်း သီဆိုနေကြခြင်း ဖြစ်လေသည်။ ထိုအသံသည် ခေတ်သစ်၏ကျူးရင့်သံ ဖြစ်လေသည်။ အနောက်မှနေထွက်ရာ၏။ တောင်ထိပ်တွင် ကြာပေါက်ရာ၏။ ပုလိပ်တွေ ပါးစပ်မှ ဤကဲ့သို့သောအသံမျိုး ကြားရလိမ့်မည်ဟု မည်သူမှ မထင်ခဲ့။ ခေတ်ကြီးကား အပြောင်းမြန်လှချေကလား။ မောင်ပြူးချိုသည် ရုတ်တရက် ပြုံးမိတော့သည်။ ထို့နောက် ဝမ်းသာမိတော့သည်။ သူသည် ရိုးတွင်းခြင်ဆီ အထိ ချမ်းစိမ့်စိမ့်ဖြစ်သွားလေသတည်း။ ဖြစ်တောင့်ဖြစ်ခဲပါတကား။ ကြားတောင့်ကြားခဲကြားကြရသည်တကား။

မောင်ပြူးချိုကား အမှုစစ်၍မပြီးသေး။ နောက်ဆုံးအရက်ချက်မှုတစ်မှု ကျန်နေသေးသည်။ တရားလိုပြသက်သေများကို စစ်ဆေးပြီးနောက် တရားခံအား စွဲချက်တင်ရာ တရားခံက အပြစ်မရှိပါဟု ထုချေလေသည်။ သို့သော် သက်သေမပြတော့သည့်ပြင် မိမိကိုယ်တိုင်လည်း ကျမ်းဖြင့် သက်သေ မခံလိုတော့ဟုဆိုသဖြင့် တရားခံအဖြစ်ဖြင့် မေးခွန်းများထုတ်ပြီးလျှင် စီရင်ချက်ချမှတ်လေ၏။

"တရားခံ မောင်တုတ်ဖြိုးသည် ဇင်းချောင်းရွာရှိ မိမိ၏အိမ်နောက်ဖေးတွင် အရက်ချက်နေသည်ဟု သူကြီးနှင့် ဆယ်အိမ်ခေါင်းများက ကြားသိရသဖြင့် သွားရောက်ရှာဖွေရာ ရှာဖွေသူများကိုမြင်မှ ခြံစည်းရိုးကို ကျော်ထွက်ပြေးသွားလေသည်။ သူကြီးနှင့် ဆယ်အိမ်ခေါင်းတို့သည် အရက်ချက်သူ မောင်တုတ်ဖြိုးကို လက်ရမမိလိုက်သော်လည်း သက်သေခံ ပစ္စည်းများဖြစ်သည့် ပေါင်းချောင်၊ အောက်ခံအိုး၊ ဒယ်အိုး၊ အရက်ပုလင်း၊ စိမ်ဖတ်ရည်များကို သိမ်းဆည်းယူဆောင်လာခဲ့လေသည်။ တရားခံသည် ညနေစောင်းမှ သူကြီးထံသို့ လာရောက်၍ မိမိချက်မိကြောင်းကိုပြောဆို၍ အဖမ်းခံလေရာ သူကြီးက သက်သေခံပစ္စည်းများနှင့် တရားခံကို ပုလိပ်ဌာနသို့ ပို့အပ်လိုက်လေသည်။

"အထက်ပါအကြောင်းတို့ကြောင့် တရားခံအား ယစ်မျိုးပုဒ်မ ၃၁ အရ စွဲချက်တင်ရာ တရားခံက အပြစ်မရှိဟု ဆိုသော်လည်း သက်သေ မပြတော့ချေ။ မိမိကိုယ်တိုင်လည်း ကျမ်းနှင့် အစစ်မခံလိုတော့ကြောင်း လျှောက်



ထားလေသည်။ ထို့ကြောင့် တရားခံအဖြစ်ဖြင့် စစ်မေးရာ ရုံးရှေ့တွင်ရှိ သက်သေခံပစ္စည်းများနှင့် အရက်ချက်ကြောင်း၊ သူကြီးများ လာရောက်သောအခါ ရုတ်တရက်လန့်ထွက်ပြေးပြီးမှ အဖမ်းခံကြောင်းများကို ထွက်ဆိုလေသည်။ ထို့ကြောင့် တရားခံအား တင်ထားသောစွဲချက်အရ အပြစ်ပေးရန်သာ ရှိတော့လေရာ ငယ်ရွယ်သူ တစ်ကြိမ်တစ်ခါ မှားယွင်းမိသည့်အတွက် ဒဏ်ငွေငါးဆယ်၊ မဆောင်နိုင်က ထောင်တစ်လ ကျခံစေ"ဟု မောင်ပြူးချိုသည် စီရင်ချက်ကို ဖတ်ပြလေသည်။

တရားခံသည် ထိုင်နေရာမှ ငေါက်ခနဲ ထထိုင်လေသည်။

"ကျွန်တော့ကို မလွှတ်ဘူးလားဗျာ"ဟု မေးလိုက်လေသည်။

"ဟေ ဘယ်လွှတ်နိုင်ပါ့မလဲ။ မင်းကိုယ်တိုင်က ချက်ပါတယ်လို့ ဝန်ခံနေမှဟာ"

"ဟာ ဒီလိုဝန်ခံပြီး အဖမ်းခံလို့ လွှတ်ထိုက်ပါတယ်ဗျာ"

"ဟယ် တရားခံကိုယ်တိုင်က အပြစ်ကျူးလွန်မိပါတယ်လို့ ဝန်ခံထားရင် မလွှတ်နိုင်ဘူးကွဲ့။ ဥပဒေအတိုင်း အပြစ်ပေးရမှာပဲ"

"ဟာ ဒီလိုဆိုရင် အတော်မတရားတာပဲ"

"ဘာပြုလို့လဲ"

"မားပြမှုတို့၊ ဒီထက်ကြီးမားတဲ့အမှုတွေကျတော့ သေနတ်အကျိုးအပဲ့လေးတွေနဲ့ လက်နက်ချဝင်တယ်ဆိုရင် လွှတ်ပါတယ်။ ကျွန်တော့ကိုတော့ ဘာမဟုတ်တဲ့ အရက်ချက်မှုလေးနဲ့ချက်မိပါတယ်လို့ ဝန်ခံပြီး အဖမ်းခံတော့ မလွှတ်နိုင်တော့ဘူးလားခင်ဗျာ" အရက်သမားသည် ဘိန်းစားလေသံဖြင့် ကန့်ကလျပြောလိုက်လေသည်။

မောင်ပြူးချိုသည် အဖြေမပေးတတ်။ သူသည် တရားခံကို ပြူးကြောင်ကြောင် ကြည့်နေလေသည်။

အတန်ကြာမှ

"ဟေး ဟိုဟာက တစ်မျိုးပဲကွ"ဟုဆိုလျက် မောင်ပြူးချိုသည် မျက်နှာလွှဲကာ တစ်ဖက်ခန်းထဲသို့ ဝင်သွားလေသတည်း။

[ဂျာနယ်ကျော် ၁၉၄၇ ဇွန် ၁၄]

တစ်ညလုံး မိုးကြီးသည်းထန်စွာ ရွာသွန်းထားလေသည်။

နံနက်လင်းလျှင်လည်း ကောင်းကောင်းမစဲသေး။ တဖွဲဖွဲ ရွာသွန်းမြဲ ရွာသွန်းနေသည်။ တောသွားရမည့် မောင်ပြုံးချိုသည် သဘာဝကို ငြူစူမိလေသည်။

"ဒီမိုးနှယ်ဗျာ၊ တောသွားရမယ့်နေ့ကျမှ ရွာနိုင်ရန်ကော" မောင်ပြုံးချိုသည် ပြစ်တင်မိလေသည်။

"အင်း လူ့အလို နတ်မလိုက်နိုင်ဆိုတာ အဲဒါပဲ"တင်မကြီးက ဝင်၍ ပြောလေသည်။

"အင်း ရှင်းစမ်းပါဦးဗျာ" မောင်ပြုံးချိုက ဆိုလိုက်ပြန်လေသည်။

"အခုနှယ်အခါမယ် ကိုကတော့ တောသွားခါနီး မိုးရွာရမလားလို့ အပြစ်တင်နေတယ်။ တောက လယ်သမားတွေမတော့ အစက မိုးမရွာမရွာနဲ့ စောင့်နေလိုက်ရတာ၊ ဒီနေ့မှ မိုးကောင်းကောင်းရွာလိုက်လို့ ဝမ်းပန်းတသာနဲ့ လယ်ထွန်နေကြမှာပဲ" တင်မကြီးက ရှင်းပြလိုက်သောအခါ မောင်ပြုံးချို သဘောပေါက်သွားလေသည်။

"မိုးရွာထဲ သွားရမှာမို့ သိပ်တော့ စိတ်မကောင်းပါဘူး။ ဒါပေမဲ့ ဒီကိစ္စမှာတော့ တစ်ယောက်နဲ့အများ လယ်သမားတွေဘက်က လိုက်ပြီး တင်တို့တော့ မိုးရွာတာဝမ်းသာတာပဲ" တင်မကြီးက ဆက်၍ ပြောပြန်လေသည်။

"အေးအေးဟုတ်တယ်၊ ဝမ်းသာစရာကြီးပဲ" မောင်ပြုံးချိုက ထောက်ခံလိုက်ရလေသည်။

သို့နှင့် ဝန်စည်စလယ်ပစ္စည်းအဝဝတို့ကို သယ်ယူ၍ မြစ်ဆိပ်သို့ ဆင်းခဲ့လေသည်။ သည်အချိန်အခါတွင် ခရီးအသွားအလာ အခက်ဆုံး ဖြစ်



သည်။ မောင်ပြုံးချို၏ မြို့နယ်တွင် ကားလမ်းမပေါက်၊ မီးရထားမရှိ။ အတော် ချောင်ကျသည့်ဒေသ ဖြစ်သည်။ မီးသင်္ဘောနှင့်သွားမည်ဆိုပြန်လျှင်လည်း နေ့စဉ်မရှိသဖြင့် အခက်အခဲနှင့် တွေ့ကြုံရသည်။ နွေအခါတွင် လှည်းကို အသုံးပြု၍ မိုးတွင်းအခါတွင် လှေနှင့်သာ ခရီးသွားလာကြသည်။ မိုးဦးကျစနှင့် ဆောင်းဦးပေါက်တွင်ကား လှေမပေါက်၊ လှည်းမပေါက်နှင့် ခရီးသွားရာတွင် အတော်ဒုက္ခရောက်ကြရသည်။ ယခုလည်း မိုးဦးကျစဖြစ်သဖြင့် လှည်းကို အသုံးမပြုနိုင်။ ချောင်းရေလည်း မလျှံ။ ကန်ရေလည်း ကောင်းစွာ မတိုးသေးသဖြင့် လှေဖြင့် နေရာတိုင်း ခရီးမပေါက် ဖြစ်နေလေသည်။

သည်လိုအခက်အခဲ အကျဉ်းအကျပ် တွေ့နေသည့်အချိန်ကျမှ အလုပ်တွေကလည်း များပြားလှသည်။ ကိုင်းမြေနကိစ္စကလည်း သည်အချိန်တွင် စကားများစ ပြုလာလေပြီ။ အင်းကိစ္စတွေလည်း သည်အချိန်မှာပင် ရှုပ်ရှုပ်ရှက်ရှက်တွေ ဖြစ်လာတတ်သည်။ ရာဇဝတ်မှုတွေကို စစ်ရသည်မှာ လည်း မပြီးပြတ်နိုင်။ သည်အထဲသည်အချိန်တွင် အရေးအကြီးဆုံးကိစ္စမှာ လယ်အမတော်ကြေးပေးရေး ဖြစ်သည်။

လယ်သမားတွေ အမတော်ကြေးကို အချိန်မီရကြမှဖြစ်မည်။ သည်လို အသွားအလာအခက်အခဲတွေကြောင့် ရွှံ့ဗွက်နှင့် ရေကိုကြောက်ပြီး မိမိရုံးစိုက်ရာ အရပ်မှ မထွက်ခွာဘဲနေမည်။ ချောင်းရေတွေလျှံ၍ ကန်ရေတွေ တိုးမှ လှေလောင်းနှင့် ရေကြောင်းခရီးသွား၍ အမတော်ကြေးများကို ပေးတော့မည်ဆိုလျှင် သူတို့အဖို့ အများကြီး နောက်ကျသွားပေမည်။

သို့တည်းမဟုတ် မိမိရုံးစိုက်ရာဒေသသို့ လာရောက်ထုတ်ယူရမည်ဟု ဆင့်ဆိုလိုက်ပြန်လျှင်လည်း လယ်သမားခများများ လာရောက်ထုတ်ယူကြရပေမည်။ သို့သော် သူတို့အတွက် အညာတာကင်းမဲ့ရာ ရောက်ပေမည်။ လာရသည့်စရိတ်၊ စားစရိတ်အထွေထွေကုန်ကျပေတော့မည်။ ရွှံ့ထဲရေထဲတွင် ခြေလျင်လာကြရသည်ဆိုဦးတော့ စားစရိတ်တစ်ယောက်လျှင် တစ်ကျပ် နှစ်ကျပ်တော့ ကုန်ကျပေတော့မည်။ မိုးထဲရေထဲလာရသဖြင့် ချမ်းစိမ့်စိမ့်ရှိလျှင် တရုတ်ကြီးဆိုင်ဝင်ကာ နှစ်ခွက် သုံးခွက်လောက် မော့လိုက်လျှင် ကောက်စိုက်မ နှစ်ယောက် သုံးယောက်ခ လောက် အဟောသိကံ ဖြစ်သွားပေတော့မည်။ ဤကဲ့သို့ အကြောင်းကြောင်းတို့ကို တွေးတောမိသော မောင်ပြုံးချိုသည်

နှစ်ယောက်သုံးယောက်အပင်ပန်းခံလိုက်ရုံနှင့် လှူပေါင်း လေးငါးရာ အဘက် ဘက်က သက်သာသွားမည်ကို ရည်ရွယ်လျက် တပည့်လက်သား အစုံအလင်နှင့် ဆယ်မိုင်မျှဝေးကွာသော ကျေးရွာများသို့ အမတော်ကြေးပေးရန် ရေကြောင်းမှ လှေလောင်းဖြင့် ခရီးထွက်လာခဲ့လေသည်။

မိုးကလည်း ရွာလေ တဖွဲဖွဲ။

ညကတည်းက ပြောထားလျက် လှေသမားတို့သည် အရန်သင့် မရှိကြ။ မောင်ပြုံးချိုတို့ရောက်မှ လှေဝမ်းထဲမှ ပက်ခွက်ကို ရှာရသည်။ လှေဝမ်းထဲတွင် ထိုင်စရာကပ်များကို အပြေးအလွှားယူနေကြရသည်။ အတော်ပေါ့လျော့သောသူများပေတကား။

မြစ်ကမ်းပါးတွင် တစ်နာရီလောက် အချိန်ဖြုန်းပြီးနောက်မှ လှေထွက်နိုင်ကြလေသည်။ လှေသမား နှစ်ယောက်သာ ပါလာသည်။ မောင်ပြုံးချိုတို့လူသိုက်နှင့်ဆိုလျှင် အားလုံး လှေပေါ်တွင် ခြောက်ယောက်သာ ရှိသည်။ လှေသည် မြစ်ကိုဆန်ကာ ရှက်တိုက်တက်သွားလေသည်။

'ဝါဆို ဝါခေါင် ရေဖောင်ဖောင်'ဟု ဆိုငြားသော်လည်း ပြောပလောက်အောင် ရေတွေမဖောင်သေးချေ။ ရေတက်စပင် ရှိသေးသည်။ မြစ်ရေသည် နောက်ကျိလှသည်။ အထက်အညာအရပ်မှ ထင်းတို၊ ထင်းစ၊ ကိုင်းပင်၊ ဗေဒါပင် အစရှိသော အမှိုက်သရိုက်များသည်လည်း ကမ်းမမြင် လမ်းမမြင် မျောချင်တိုင်း မျောပါလာကြသည်။

လှေထွက်၍ တစ်နာရီခန့်ကြာသောအခါ မိုးစဲသွားလေသည်။ ဝဲယာကမ်းပါးများကို လှမ်းမျှော်ကြည့်လိုက်လျှင် စိမ်းစိုမှိုင်းညို့နေသော ရွာကြီးရွာငယ်အသွယ်သွယ်တို့ကို မိုးသားမိုးတိမ်တို့ဖြင့် အုံ့ဆိုင်းနေသော ကောင်းကင်ကို နောက်ကျောခံကာ တွေ့မြင်ရလေသည်။ အချို့သောနေရာများတွင်ကား ခါးတောင်းကို မြှောင်အောင်ကျိုက်ထားသော ဒို့မြန်မာလယ်သမားသည် ခမောက်ကိုဆောင်းကာ ဗလာကိုယ်တီးနှင့် နွားတစ်ရှဉ်းကို အဖော်ပြု၍ ကြိမ်ကလေးတမမနှင့် လယ်ထွန်နေသည်ကို တွေ့မြင်ရသည်။ သုံးမိုင်ခန့် သွားမိသောအခါတွင်ကား မတ်စောက်သောကမ်းပါးကြီးများသည် အခြေမှ စီးဆင်းတိုက်ခတ်နေသော ရေအရှိန်၏ဒဏ်ကို မခံရပ်နိုင်သဖြင့် တဝုန်းဝုန်းနှင့် အစိုင်လိုက် အခဲလိုက် ပြိုကျနေလေသည်။ ဤနေရာတွင် သံစောင်းထက်



ရေစောင်းထက်သည်ဟူသော ဥပမာကို လက်တွေ့မြင်ရခြင်း ဖြစ်ပေသည်။ ထိုနေရာက ကျော်လွန်၍ သွားမိလျှင်ကား လုလင်ပျိုကိုင်းသမားတစ်ယောက်သည် ခါးတောင်းကျိုက်နှင့်ပင် အရိုးရှည်ရှည်ကိုင်းခုတ်ဓားကြီးကို တအားလွှဲကာလွှဲကာ တစ်ရပ်ကျော်ကျော်မျှရှိသော ကိုင်းပင်များကို တရွှမ်းရွှမ်းနှင့် ခုတ်ဖြတ်နေသည်ကို တွေ့မြင်ရလေသည်။ ထိုနေရာမှ လွန်သွားပြန်သော် သဲသောင်စပ်တွင် အညာလှေကြီးတစ်စင်း ဆိုက်ကပ်ထားသည်ကို တွေ့ရလေသည်။ အနီးအနားရွာမှ ရွာသူရွာသားတို့သည် လှေကြီးဆီသို့ စုရုံးရောက်ရှိလာကာ အညာကုန်များကိုဝယ်ယူနေကြသည်မှာ တပျော်တပါးကြီး ဖြစ်နေလေသည်။ လှေကြီးပေါ်တွင် အညာချည်ကြမ်းထည်များ၊ ပုဂံပုန်းရည်ကြီး၊ ထန်းလျက်၊ ယွန်းထည်များအပြင် စဉ့်အိုးများလည်း ပါလာလေသည်။ အချို့ငွေကြေးမချောင်လည်သော ကိုင်းသမား၊ လယ်သမားများသည် မိမိတို့လယ်ထွက်ကိုင်းထွက်ပစ္စည်းများနှင့် အလိုရှိသော ပစ္စည်းများကို အဖိုးထားကာ လဲလှယ်ယူနေကြသည်မှာ ဆူညံနေလေတော့သည်။

မြစ်ကမ်းတစ်လျှောက်သည် လူနေအိမ်ခြေရွာတွေနှင့် ဆက်လျက်ရှိတော့သည်။

လွန်လေပြီးသောအခါကတည်းက ဤနေရာသည် ရေကြည်ရာမြက်နုရာဒေသ ဖြစ်ဟန်တူလေသည်။ အချို့သော ရွာဆိပ်ကမ်းများတွင်ကား အပျို၊ အအို၊ ကလေး၊ လူကြီးမြောက်မြားစွာတို့သည် တပျော်တပါးကြီး ရေချိုးနေကြသည်ကိုတွေ့မြင်ရသည်။ အချို့လုံမပျိုတို့သည် ထဘီရင်ရှားနှင့် သစ်တုံးများပေါ်တွင် အဝတ်လျှော်နေကြသည်။ အချို့လည်း တဝုန်းဝုန်းနှင့် ရေကူးနေကြသည်။ အချို့လည်း တစ်ယောက်နှင့်တစ်ယောက် ရေပက်ကစားနေကြသည်။

မောင်ပြုံးချိုတို့လှေသည် လေကောင်းစွာမရသဖြင့် ခပ်ဖြည်းဖြည်းပင် ဆန်တက်နေသည်။ ဦးမှထိုင်လိုက်လာသူ လှေသမားသည် မကြာခဏ လေချွန်၍ လေကိုခေါ်မြူသော်လည်း ထူးခြားသည် မရှိ။ ငြိမ်မြဲငြိမ်နေသည်။ သို့နှင့်လှေသည် တရွေ့ရွေ့ သွားနေလေသည်။

မောင်ပြုံးချိုသည် ပါလာသောသတင်းစာများကို ဖတ်လိုက်၊ ပတ်ဝန်းကျင် ရှုစားလိုက်နှင့် အချိန်ဖြုန်းရင်း လိုက်ပါလာလေသည်။

ရေပေါ်တွင် လှေငယ်သည် တရိပ်ရိပ်ရွေ့နေလေသည်။ ကောင်းကင်ယံတွင် မိုးသားတို့သည်လည်း တရိပ်ရိပ်ပြေးနေကြလေသည်။ မြစ်ပြင်တွင် တံငါသည်များသည်လည်း အမျိုးမျိုးသော ကိရိယာများနှင့် အနည်းနည်း ငါးဖမ်းနေကြလေသည်။ အချို့လည်း ရေလယ်တွင် ပိုက်ကြီးကို ရေချနေကြသည်။ အချို့ကမ်းစပ်များတွင်ကား 'ထိုင်တောင်'များနှင့် 'ပုရစ်တန်း'များကို မြင်ရလေသည်။

"ဒီ ထိုင်တောင်တို့ ပုရစ်တန်းတို့ကတော့ ညကျမှ ဖမ်းပါတယ်"ဟု အစချီကာ လှေသမားကြီးသည် မြန်မာတို့၏ငါးဖမ်းနည်းအမျိုးမျိုးကို ပြောပြနေလေသည်။ စိတ်ဝင်စားစရာ ကောင်းလှတော့သည်။ သူကိုယ်တိုင်လည်း တံငါသည်ကြီးဖြစ်သည့်အလျောက် တစ်ဖက်သားကို ရှင်းအောင် ပြောပြနိုင်လေသည်။ ငါးဖမ်းနည်းတွေကလည်း စုံပါပေသည်။ ယင်း၊ မြှုံး၊ ပိုက်ကွန်၊ ငါးမျှားချိတ်၊ ဆောင်းနှင့်တစ်မျိုး၊ စူးနှင့်တစ်သွယ် စုံ၍နေလေတော့သည်။

ကမ္ဘာကြီးပျက်အံ့အဲဆဲမှာပင် နောက်ဆုံးကျန်ရှိနေသော ရေအိုင်ငယ်အတွင်းမှ နောက်ဆုံးကျန်ရှိနေသော ငါးတစ်ကောင်ကို နောက်ဆုံးကျန်နေသည့် မောင်မြန်မာသည် နောက်ဆုံးပေါ် ငါးဖမ်းလက်နက်ဖြင့် ဖမ်းနေဦးမည်ကို မြင်ယောင်သေးတော့သည်။

သောင်ကမ်းပါးယံများတွင်လည်း စင်ရော်ငှက်တွေ မြူးထူးပျံ့ဝဲနေကြလေသည်။ တစ်ခါတစ်ရံ ပျံ့ဝဲနေရာမှ စင်ရော်ငှက်တစ်ကောင်သည် ရေထဲသို့ ထိုးစိုက်ချကာ ငါးငယ်ကို ထိုးသုတ်ချီယူသွားတတ်လေသည်။ တစ်နေရာတွင်ကား ဥဗျိုင်းနှစ်ကောင်တို့သည် လည်တံရှည်တမော့မော့နှင့် ငါးစောင့်နေသည်ကို တွေ့ရလေသည်။ တစ်ခုသော သောင်စွန်းမှာမူ ရွှေဟင်္သာအစုံသည် ရွှေလည်တွဲကာ ရေစပ်တွင် ပျော်မြူးနေကြလေသည်။

မောင်ပြုံးချိုသည် လှေပေါ်တွင် လိုက်ပါလာရင်း လှပတင့်တယ် ရှုချင်ဖွယ်ကောင်းသော ရှုမျှော်ခင်းအထွေထွေကို စိတ်ပါဝင်စားလာသဖြင့် ရောက်မှန်းမသိ မိမိလိုရာဆိပ်ကမ်းသို့ လှေဆိုက်ကပ်မိလေသည်။

လှေပေါ်မှဆင်းလိုက်လျှင်ပင် လည်တမော့မော့နှင့် အမျှော်ကြီး မျှော်နေကြသော လယ်သမားတွေကို တွေ့မြင်ရပေသည်။ အကယ်၍သာ အကြောင်းတစ်ခုခုကြောင့် မောင်ပြုံးချို ထိုအရပ်သို့ မလာဖြစ်လျှင် ဝမ်းနည်းပက်လက်နှင့် ပြန်သွားကြမည့်သူများ ဖြစ်လေသည်။



မောင်ပြုံးချိုသည် ကိုယ့်အတွဲနှင့်ကိုယ် ဆယ့်ငါးယောက် အယောက်နှစ်ဆယ်စီ တွဲစေလျက် ပုံစံများပေါ်တွင် လက်မှတ်များကို ထိုးခိုင်းနေလေသည်။ အချို့လူများမှာကား မိမိနာမည်ကိုပင် မိမိလက်မှတ် မထိုးတတ်ကြချေ။

အချို့လူများသည် လက်မှတ်မထိုးတတ်ပါဟု ပြောရမှာ ရှက်နေဟန်တူသည်။ စာရေးကိုသာ သူ၏နာမည်ကို ရေးလိုက်ပါဟု ခိုင်းနေကြလေသေးသည်။ မြန်မာပြည်တွင် အခြားတိုင်းပြည်များနှင့်စာလျှင် စာတတ်သူပေါများပါသည်ဟု ဆိုရငြားလည်း လူတစ်ရာလျှင် နှစ်ဆယ်ခန့် လက်မှတ်မထိုးတတ်သူတွေကို ထိုနေ့ကတွေ့ရလေတော့သည်။ အချို့လက်မှတ်ထိုးတတ်သည်ဟု ဆိုရရုံသာ မိမိနာမည်ကို ရေးတတ်လေသည်။ လှလှပပ မရေးတတ်။ သေသေသပ်သပ်မရှိ။ အချို့'ဝ'များမှာ ပိန်ရှည်ရှည် ဖြစ်နေလေသည်။ စာလုံးက ရောမကြီးနေ၍ စက္ကူနေရာ မဆန့်ရသည့်အထဲ 'ဦး'တွေ 'ကို' 'မောင်'တွေထည့်နေသဖြင့် အချိန်ကြာနေသည့်အပြင် ရေးစရာနေရာ မရှိ၍လည်း အခက်အခဲတွေ့နေရသေးသည်။ အတန်ကြာနေသဖြင့် စာရေးနှင့်သူကြီးက "မြန်မြန်လုပ်ကြစမ်းပါဗျာ။ ဦးတွေ မောင်တွေ ထည့်မနေစမ်းပါနဲ့"ဟု ပြောလိုက်ပြန်သောအခါ၌လည်း အတိုသုံးလွန်းအားကြီး၍ နားမလည်အောင် ဖြစ်ကြရပြန်လေသည်။ မောင်ခွေးကလည်း 'ခွေး'ဟူ၍ လက်မှတ်ထိုးတော့သည်။ မောင်ကြီးကလည်း 'ကြီး'တစ်လုံးတည်းသာ ရေးလေတော့သည်။ ဒီလိုဆိုတော့လည်း အဓိပ္ပာယ် မပေါ်ပြန်သဖြင့် 'မောင်' အထည့်ခိုင်းနေရပြန်လေသည်။ သူကြီးအိမ်တစ်ခုလုံး သူတို့နှင့် ကြိတ်ကြိတ်တိုးနေလေတော့သည်။ အချို့လည်း မောင်ပြုံးချိုအနီးတွင် ဝိုင်းထိုင်နေကြကာ စကားကို ဖောင်လောက်အောင် ပြောနေကြလေသည်။ မကြာမကြာ တံတွေးကို 'ပျစ်'ခနဲ ထွေးနေကြလေသည်။ သူတို့သည် မောင်ပြုံးချိုအား မရိုသေမခန့်ညား၍မဟုတ်။ ထိုအပြုအမူသည် ရိုင်းစိုင်းသော အပြုအမူဟု သူတို့မယူဆ။ သူတို့အဖို့ ဘာမျှအရေးကြီးသောကိစ္စ မဟုတ်ချေ။

အမတော်ကြေး ငွေသုံးသောင်းလည်း လေးငါးနာရီအတွင်း ပြောင်သွားလေသည်။ လယ်သမားတွေလည်း ငွေစက္ကူအသစ်ကလေးများကို ယုယုယယ သိမ်းဆည်းကာ ပြန်သွားကြလေ၏။ ပြန်ဆပ်ချိန်တွင် မည်မျှခက်ဦးမည်မသိ။

လူရှင်းသွားသောအခါ လယ်သမားခေါင်းဆောင်ကြီးများ ကြွရောက်လာကြလေသည်။ သည်လိုစောစောစီးစီး အမတော်ကြေးလာပေးသည့်အတွက် အလွန်ဝမ်းမြောက်ကြောင်း လာပြောကြလေသည်။ သူတို့အထဲတွင် ရန်ကုန်မြို့ ဖဆပလပဏာမညီလာခံကြီးမှ ပြန်လည်ရောက်ရှိလာသော ကိုယ်စားလှယ်တော်ကြီးတစ်ဦးလည်း ပါလာလေသည်။

အတော်ကုသိုလ်ထူးသည့် ပုဂ္ဂိုလ်ကြီးပေတကား။ မကြာသေးမီက ရန်ကုန်မြို့ဂျူဗလီဟောရုံကြီးတွင် ကျင်းပခဲ့သော ပဏာမပြင်ဆင်မှု ညီလာခံကြီးသို့ လူတိုင်းတက်ရသည်မဟုတ်။ ရာဇဝင်တွင်မည့် အခမ်းအနားကြီးသို့ တက်ရောက်ရခြင်းသည် အလွန်ရခဲသော လာဘ်ကြီးပေတကား။ မောင်ပြုံးချိုအဖို့မှာကား ထိုညီလာခံကြီးကို တက်ရောက်ချင်သောစိတ်များ ဖြစ်ပေါ်ခဲ့သော်လည်း ထိုအခွင့်အရေးကို မရနိုင်ရှာ။ အကယ်၍ 'တက်ပါရစေ ခင်ဗျ'ဟု ဝတ်တွားလေလျှင်လည်း 'မင်းနဲ့မဆိုင်ပါဘူးကွာ'ဟု ပြောလွှတ်မည် မုချ။ ထို့ကြောင့် လွတ်လပ်ရေးအတွက် စိုင်းပြင်းနေကြပုံများကို သတင်းစာထဲသာကြည့်၍ အာသာဖြေနေခဲ့ရသည်။ ယခုကိုယ်တိုင် တက်ရောက်ခဲ့သော ပုဂ္ဂိုလ်ထူးကြီးနှင့် တွေ့ရှိရသောအခါ အထူးဝမ်းသာမိလေသည်။ သူ့ထံမှ ညီလာခံသဘင်ကြီး၏ ဆောင်ရွက်ချက်တွေကို တစ်ဆင့်ဖောက်သည်ခံယူရတော့မှာပဲ။ သူ့အား အားရဝမ်းသာ အကြောင်းစုံကို မေးမြန်းရလေတော့သည်။

"ကဲ ပြောစမ်းပါဦးဗျ၊ ညီလာခံသဘင်ကြီးအကြောင်းတွေကို" မောင်ပြုံးချိုက စကားစလိုက်လေသည်။

"ဟာမြို့အုပ်မင်းရယ်၊ သိပ်ကြီးကျယ်တဲ့ညီလာခံကြီးပေါ့။ လက်မှတ်မပါတဲ့လူ မဝင်ရဘူး။ ကျွန်တော်တို့သာ လက်မှတ်ပါလို့ဝင်ရတာ။ ဟိုဝန်ကြီးပိန်ပိန်ရဲ့ ဝန်ကတော်ဂဝကြီးတောင် လက်မှတ်မပါလို့ အပေါက်မှာ အတော်ကြာအောင် စောင့်နေရတာပေါ့"

"အင်း အင်း"

"ဗိုလ်ချုပ်ဦးအောင်ဆန်းမိန့်ခွန်းကလည်း ကောင်းပါ့ဗျာ။ အတော်လည်း စုံပါရဲ့။ အရှည်ကြီးပဲ။ အဲဒါတော့ မြို့အုပ်မင်းသတင်းစာထဲ ဖတ်ပြီးရောပေါ့။ အမယ် ဒါနဲ့ လက်စသတ်တော့ ဥက္ကဋ္ဌမိန့်ခွန်းဆိုတာ စာဖတ်ပြတာကိုးဗျ"



"အင်း အင်း"

"ပြီးတော့ ထမင်းဆယ်နပ်ကျွေးတယ်။ ကျုပ်တော့ နှစ်နပ်ပဲစားခဲ့ပါတယ်။ ကျုပ်တို့ဆီက အမတ်မင်းလည်း တွေ့ခဲ့ပါရဲ့ဗျာ။ ပြုံးစိပြုံးစိနဲ့ လွယ်အိတ်ကြီး လွယ်လို့"

"အင်း အင်း"

"ဒါပါပဲဗျာ၊ ဒီ့ပြင်တော့ ဘာမှ မထူးပါဘူး။ ပြီးတော့ ထမင်းစားတော့လည်း လက်မှတ်နဲ့မှ စားရတယ်၊ ကျုပ်ဆီမှာတောင် အဲဒီလက်မှတ်တွေ ရှိသေးတယ်"

"နေပါဦးဗျ၊ အုပ်ချုပ်ရေး စည်းမျဉ်းတွေ ဘာတွေ ပြောစမ်းပါဦး"

"ဒါတွေတော့ ဘာတွေမှန်း မသိပါဘူးဗျာ၊ ဝန်ကြီးသခင်မြကတော့ ရှင်းပြပါရဲ့။ အတော်လည်း ကြိုးကြိုးစားစားနဲ့အဖင့်ပန်းခံပြီး နားလည်အောင် ရှင်းပြတာပဲ။ ဒါပေမဲ့ ကျုပ်တော့ နားမလည်ခဲ့ဘူး။ ကျုပ်ဆီမှာတော့ စာရွက်စာတမ်းတွေ ပါလာတယ်။ ဖတ်ချင်ရင် ပို့လိုက်မယ်ဗျာ"

သည်လိုနှင့် ပဏာမ ညီလာခံအကြောင်း ပြီးဆုံးသွားလေသည်။ ညနေစောင်းတွင် ထိုပုဂ္ဂိုလ်ကြီးထံမှ ပို့သည့် အင်္ကျီလိပ်လို ရိုက်နှိပ်ထားသော အခြေခံဥပဒေအကြမ်းကို ရရှိလေသည်။ ခပ်စောစော ညနေစာစားပြီးသောအခါ အိပ်ရာတွင် လဲလျောင်းရင်း ထိုစည်းမျဉ်းများကို ဖတ်ရှုနေမိသည်။

သူသည် လွတ်လပ်ရေးအောင်ပွဲအခမ်းအနားတွင် အိုးစည်ဗုံမောင်းတီးကာ ပျော်ပျော်ပါးပါးပါး ကခုန်နေကြသော ကျေးရွာသူ ကျေးရွာသားများအား မြင်ယောင်နေလေသည်။

[ဂျာနယ်ကျော် ၁၉၄၇ ဇူလိုင် ၅]

## သတင်းဆိုး

မိုးသည် တဖွဲဖွဲရွာသွန်းလျက် ရှိလေသည်။

၁၉၄၇ ခု၊ ဇူလိုင် ၁၉ ရက်နေ့ ညနေစောင်းအချိန်ဖြစ်သည်။

မောင်ပြုံးချို၏အိမ်တွင် ပြည်သူ့ဆက်ဆံရေးဌာနမှ ပေးထားသော ရေဒီယိုကို စတင်ဖွင့်လေပြီ။ နေ့တိုင်းဆိုလျှင် ရေဒီယိုနားထောင်သူတွေ အတော်များများရှိသော်လည်း ယနေ့မိုးရွာနေသဖြင့် လူပါးလှသည်။ အိမ်အတွင်းတွင် အိမ်သားမှအပ အမိန့်တော်ရ ရှေ့နေကြီး ဦးအုံးဖေတစ်ယောက်သာ ရှိသည်။ အိမ်ပြင်ဘက် ခုံတန်းလျားပေါ်တွင် သုံးလေးယောက်သာ ရှိသည်။ တစ်မြို့လုံးမှ ထိုရေဒီယိုတစ်လုံးသာ ရှိလေသည်။

ပဏာမ ဓာတ်ပြားဖွင့်ပြီးသည်နှင့်တစ်ပြိုင်နက် ရန်ကုန်ခရိုင် ရာဇဝတ်တရားသူကြီးဦးဘသွယ်၏နေဝင်မီးငြိမ်းအမိန့်ကို ဖတ်ကြားလေသည်။ မောင်ပြုံးချိုသည် ခေါင်းကြီးသွားလေသည်။

"အင်း ရန်ကုန်မယ်တော့ တစ်ခုခုဖြစ်ပြီ"ဟု မောင်ပြုံးချိုက ဆိုသည်။ ဦးအုံးဖေသည် မည်သို့မှ ပြန်မပြောဘဲ ခေါင်းညိတ်၍ နားထောင်နေလေသည်။

"အဓိကရုဏ်းများ ဖြစ်သလား မသိဘူး" မောင်ပြုံးချိုက ပြောပြန်လေသည်။

"အဓိကရုဏ်းတော့ ဟုတ်မယ်မထင်ပါဘူး" ဦးအုံးဖေက ဆိုသည်။

"ပုလိပ်တွေများ အကုန်လုံး သပိတ်မှောက်ကုန်သလားပဲ"

"ဒါလည်း ဟုတ်မယ်မထင်ဘူး"ပြောရင်း ဆိုရင်း ရေဒီယိုမှ အောက်ပါအတိုင်း ကြေညာပြန်လေသည်။



"သောတရှင်များကို အထူးအစီရင်ခံလိုတာကတော့ ယနေ့ညခုနစ်နာရီနှင့် ဆယ့်ငါးမိနစ်အချိန်တွင် ဤအသံလွှင့်ရုံမှနေ၍ အထူးအရေးကြီးသော သတင်းတစ်ရပ်ကို အသံလွှင့်ပါလိမ့်မယ်"

"ဟော မြို့အုပ်မင်း၊ ရန်ကုန်မယ် တစ်ခုခု ဖြစ်တာတော့ သေချာပြီ" ဦးအုံးဖေက မှတ်ချက်ချပြန်လေသည်။

မောင်ပြုံးချိုတို့သည် ခုနစ်နာရီနှင့်ဆယ့်ငါးမိနစ်ရှိရန် တိုင်ကပ်နာရီကြီးကို တမော့မော့နှင့် ကြည့်ရှုစောင့်နေကြလေသည်။ စာမေးပွဲဖြေဆိုသောအခါတွင် နာရီလက်တံသည် မြန်မြန်ကြီးသွားသလောက် အချိန်ကို ရောက်ချင်ဇောနှင့် စောင့်မျှော်သောအခါ ကြန့်ကြာလှသည်။ သည်အတောအတွင်း ရန်ကုန်အရေးပိုင်၏ နေဝင်မီးငြိမ်းအမိန့်သည်လည်း ထပ်တလဲလဲ ထွက်ပေါ်နေလေသည်။

ညခုနစ်နာရီနှင့် ဆယ့်ငါးမိနစ်အချိန် ဖြစ်လေသည်။

"အသံလွှင့်ရုံအတွင်းရှိနာရီအရ မြန်မာစံတော်ချိန်ခုနစ်နာရီနှင့် ဆယ့်ငါးမိနစ်ရှိပြီဖြစ်ပါ၍ မြန်မာပြည်ဘုရင်ခံမင်းကြီး ဆာဟူးဘတ်ရန့်က အရေးကြီးသော သတင်းတစ်ရပ်ကို ကြေညာပါလိမ့်မည်"ဟူသော အင်္ဂလိပ်ဘာသာဖြင့် နိဒါန်းစကား ထွက်ပေါ်လာလေသည်။

မောင်ပြုံးချိုတို့သည် အငြိမ်ကြီး ငြိမ်နေကြလေသည်။

"မြန်မာပြည် ဘုရင်ခံမင်းကြီး"

"တိုင်းသူပြည်သားတို့အား ဝမ်းနည်းစွာနှင့် ကျွန်ုပ်ကြေညာရမည်မှာ ယနေ့နံနက် ၁၀ နာရီအချိန်တွင် လက်နက်စွဲကိုင်သော လူတစ်စုက ဝန်ကြီးများ အစည်းအဝေးပြုလုပ်နေစဉ် ဝင်ရောက်တိုက်ခိုက်ရာ ဦးအောင်ဆန်းနှင့်တကွ အခြားဝန်ကြီးငါးဦး သေဆုံးသွားကြောင်း"

နောက်စကားတွေကို မကြားနိုင်တော့ချေ။ မောင်ပြုံးချိုရော ညည်းသည်ပါ "ဟင်"ဟူသော အာမေဍိတ်များကို ရွတ်ဆိုလျက်နေရာမှ ငေါက်ခနဲ ထလိုက်ကြလေသည်။ မောင်ပြုံးချိုသည် ထိုင်၍လည်းမနေနိုင်။ ရပ်၍လည်း မနေနိုင်။ အိမ်ထဲတွင် လူးလာခေါက်နေလေသည်။ အသည်းနှလုံးတို့သည် တဆတ်ဆတ်ခါနေလေသည်။ ဘုရင်ခံမင်းကြီး အင်္ဂလိပ်ဘာသာနှင့်ဆက်လက်ပြောဆိုသွားသည်ကိုမှ သူ မကြားလိုက်တော့ချေ။

နောက်မှ သတိရ၍ ညွှဲသည်ရော မောင်ပြုံးချိုပါ ရေဒီယိုခုံအောက်တွင် ဆောင့်ကြောင့်ထိုင်၍ နားထောင်ကြလေသည်။ စိတ်နှလုံးထိခိုက်လှသော သတင်းစကားများကို တိုတိုတုတ်တုတ် ကြေညာပြန်လေသည်။

"အခြားသေဆုံးသူများမှာ ဘဏ္ဍာရေးဝန်ကြီးသခင်မြ၊ အလုပ်သမားဝန်ကြီး မန်းဘခိုင်၊ သတင်းဖြန့်ချိရေးနှင့်ဝါဒဖြန့်ချိရေးဌာနဝန်ကြီး ဒီးဒုတ်ဦးဘချို၊ ပညာရေးဝန်ကြီး မစ္စတာအဗ္ဗဒူရာဇတ်၊ ကူးသန်းရောင်းဝယ်ရေးနှင့် ထောက်ပံ့ရေးဌာနဝန်ကြီး ဦးဘဝင်းတို့ ဖြစ်ကြောင်း"

မောင်ပြုံးချိုသည် ဆက်လက်၍ မကြားလိုတော့။ ထိုင်ရာမှ ထပြန်လေသည်။ ထရာမှလည်း ပြန်၍ထိုင်ပြန်လေသည်။ တင်မကြီးတို့ လူသိုက်လည်း အိမ်ပေါ်မှ အပြေးအလွှား ဆင်းလာကြပြန်လေသည်။

"ဘယ့်နှယ်ဘယ့်နှယ် ဗိုလ်ချုပ်အသတ်ခံရတယ်လို့ကြားလိုက်တယ်။ ဟုတ်ရဲ့လား" တင်မကြီးက မောကြီးပန်းကြီးနှင့် မေးလေသည်။ သူသည် အိမ်ပေါ်မှအသံကိုကြား၍ ဆင်းလာခဲ့ခြင်းဖြစ်သည်။ သူ့နားကို သူ မယုံ။ အဝေးက ကြားရသူကို မဆိုထားနှင့်၊ ဘုရင်ခံမင်းကြီး ကြေညာချက်ကို ရေဒီယိုမှ တပ်အပ်ကြားလိုက်ရသော မောင်ပြုံးချိုပင်လျှင် ဟုတ်မှဟုတ်ပါ့မည်လောဟု သံသယ ဖြစ်နေသေးသည်။ "မဟုတ်ပါစေနဲ့"ဟူ၍လည်းအတွင်းက ကျိတ်၍ ဆုတောင်းမိသည်။ မှား၍ကြေညာသောသတင်းဖြစ်ပါစေဟူ၍လည်း ဆုတောင်းမိသေးသည်။

"ဟုတ်တယ်ကွဲ့၊ ဗိုလ်ချုပ်နဲ့ ဝန်ကြီးငါးဦး အသတ်ခံရရှာပြီ"မောင်ပြုံးချိုသည် တုန်ယင်သောအသံဖြင့် ပြန်ဖြေလိုက်၏။

"အမယ်လေးရက်စက်ကြပါပေ့"ဟု တင်မကြီးက ငိုသံပါကြီးနှင့် ရေရွတ်လေသည်။

ထိုသတင်းပြီးသွားသောအခါ ဂီတသံကို ရေဒီယိုမှ ဆက်လက်ကြားနေရပြန်ရာ "ကဲ ပိတ်ထားလိုက်ပါတော့ဗျာ။ ဒါတွေ မကြားချင်ပါဘူး"ဟု ညွှဲသည်က ဆိုသည်။ မောင်ပြုံးချိုလည်း ချက်ချင်းထ၍ ပိတ်လိုက်လေသည်။ ပဒ္ဒုန်မိုးကလည်း သဲသဲကြီး ရွာသွန်းဖြိုးနေလေသည်။

ဤသတင်းသည် တောမီးကဲ့သို့ မြို့အလုံးကို ပျံ့နှံ့သွားလေ၏။ မောင်ပြုံးချို၏အိမ်သို့ လူအများအလျှိုလျှို ရောက်လာကြလေသည်။ ထိုသတင်း



သည် မှန်ပါ၏လောဟု လာရောက်စုံစမ်းကြလေသည်။ မှန်ကြောင်း အဖြေကို ရရှိသောအခါ စုတ်သပ်ကြကုန်၏။ "အကြံစုတ်ပုံပါပေရဲ့"ဟု မှတ်ချက်ချကုန်သည်။ "ရက်စက်ပါပေရဲ့"ဟုလည်း ဆိုကြကုန်သည်။ ဗိုလ်ချုပ်တစ်ဦးတည်း မဟုတ်သေး။ အခြားဝန်ကြီးများလည်း ဗိုလ်ချုပ်နှင့် တစ်ပါတည်း အသတ်ခံရကြောင်း ပြောသောအခါ "အလိုလေး မြန်မာပြည်ကြီးတော့ ဓာတ်မျောပါပြီ"ဟူ၍လည်းကောင်း၊ "ခေါင်းဆောင်ကြီးတွေ အကုန်ချောကုန်ပါပကော" ဟူ၍လည်းကောင်း ဝမ်းနည်းပက်လက်နှင့် မြည်တမ်းကြကုန်၏။

သည်အကြောင်းကိုပြောရင်း၊ သည်အကြောင်းကိုဆွေးနွေးရင်း၊ သည်အကြောင်းကို ထင်မြင်ချက်ပေးရင်းနှင့်ပင် ညဉ့်နက်ရလေတော့သည်။

နံနက်မိုးလင်းလျှင် မောင်ပြုံးချို၏စိတ်သည် ထိုင်းမှိုင်းတွေဝေလျက်ရှိသည်။ ညက ကောင်းကောင်းအိပ်မပျော်သဖြင့်လည်း ခေါင်းတစ်ခုလုံး အုံ၍ နေသည်။ တစ်ညလုံး သည်အကြောင်းတွေကိုသာ တွေးတောနေမိသည်။ အိပ်လည်းသည်စိတ်၊ စားလည်းသည်စိတ်၊ အိပ်ပျော်နေလျှင်လည်း အိပ်မက်ထဲတွင်သည်စိတ်၊ မည်သည့်အလုပ်ကိုမှလည်း လုပ်ကိုင်လိုစိတ်မရှိ။ တစ်ကိုယ်လုံးသည် လေးကန်လျက် ရှိလေတော့သည်။

သည်နေ့မှ ရွာတစ်ရွာသို့ အမတော်ကြေးပေးရန် ချိန်းဆိုထားပြီး ဖြစ်နေပြန်သည်။ လူပေါင်းနှစ်ရာခန့်ကို ချိန်းဆိုထားပြီးမှ သည်သတင်းဆိုးကြောင့် ပျက်ကွက်ရမည်ဆိုလျှင် အကြောင်းမဟုတ်သေး။

သို့နှင့် ရေဆိပ်သို့ ဆင်းခဲ့သည်။ မောင်ပြုံးချို၏ခေါင်းသည် ငိုက်စိုက်ကျလျက်ရှိသည်။ ပတ်ဝန်းကျင်ကိုလည်း သူမမြင်။ လေးကန်သော ခြေလှမ်းဖြင့်သာ တရွေ့ရွေ့လျှောက်လာလေသည်။ လမ်းတွင် တောရွာများမှ မြို့သို့တက်လာကြသော တောသူတောင်သားများနှင့် တွေ့ရလေသည်။ သူတို့မှာတော့ ပြုံးပြုံးရွှင်ရွှင် ရယ်လားမောလားနှင့် သွက်သွက်ကြီး သွားနေကြလေသည်။ မောင်ပြုံးချိုသည် သူတို့အား စိတ်ထဲမှ အပြစ်တင်မိလေသည်။ အို သူတို့ကို အပြစ်မတင်သာ။ သူတို့သည် ထိုသတင်းဆိုးကို မကြားသေး၍သာ ပြုံးနိုင်၊ ရွှင်နိုင်ကြခြင်းဖြစ်သည်။ မြို့သို့ရောက်လျှင် သူတို့သတင်းဆိုးကို ကြားရပေတော့သည်။ ကြားလျှင် သူတို့သည် ပူဆွေးကြရပေတော့သည်။

မောင်ပြုံးချို၏ မော်တော်သည် ရေပေါ်တွင် တရိပ်ရိပ် ပြေးနေလေသည်။ ထိုသတင်းဆိုးသာ မောင်ပြုံးချို မကြားရသေးပါမူ ပတ်ဝန်းကျင်၏ ဖန်တီးမှုကြောင့် စိတ်လက်ကြည်လင်ရွှင်လန်းလျက် ရှိပေမည်။ ယခုသော်ကား သူသည် ပတ်ဝန်းကျင်ကို မမြင်နိုင်။ မျက်စိထဲတွင် သူယုတ်မာတို့လက်ချက်ဖြင့် အတုံးအရုံး သွေးအလိမ်းလိမ်းကပ်လျက် အသက်ပျောက်နေကြသော ခေါင်းဆောင်ကြီးများ၏ ရုပ်အလောင်းများကိုသာ မြင်ယောင်နေလေသည်။

ကျောင်းသားဘဝတုန်းက ယခုဗိုလ်ချုပ်ဟူ၍လည်းကောင်း၊ ဦးအောင်ဆန်းဟူ၍လည်းကောင်း ထင်ပေါ်နေသော ခေါင်းဆောင်ကြီးအား မောင်ပြုံးချိုတို့က 'ကိုအောင်ဆန်း'ဟူ၍ပင် ခေါ်ပါသည်။ ကိုအောင်ဆန်းဘဝနှင့် သူစကားပြောပုံတွေ၊ သူရယ်မောပုံတွေ၊ သူမျက်မှောင်ကြုတ်ပုံတွေ၊ ကျောင်းသားသမဂ္ဂအစည်းအဝေးခန်းမကြီးထဲတွင် အမှုဆောင်ဟောင်းများကို ပုတ်ခတ်ပြောသော ကုလားကျောင်းသားတစ်ယောက်အား လက်သီးနှင့် ထိုးမည်လုပ်၍ ဆွဲထားရပုံတွေကို တရေးရေးမြင်ယောင်လျက် ရှိလေသည်။

အင်္ဂလိပ်များ ဆုတ်ခွာသွားပြီးနောက် ဗိုလ်ချုပ်ဘဝနှင့်ပြန်လည်ရောက်ရှိလာကာ လမ်းမတော်ဟိုတယ်တွင် အစည်းအဝေးတစ်ရပ် ကျင်းပနေသော မြန်မာ့လွတ်လပ်ရေးတပ်မတော်သားများရှေ့မှောက်သို့ မမျှော်လင့်ဘဲ ရုတ်တရက် ရောက်ရှိလာကာ ပြောဆိုသွားသည်ကို ယခုထက်တိုင် ကြားယောင်နေလေသည်။ ထို့နောက် အဓိပတိ အရှင်မင်းကြီးလက်ထက်တွင် လူထုအစည်းအဝေးပွဲများ၌ ဗိုလ်ချုပ်ပြောသွားသော စကားများကို တသီတတန်းကြီး သတိရနေမိလေသည်။

ဝန်ကြီး ဦးဘချိုနှင့်သခင်မြတို့၏ ပြောပုံဆိုပုံများကို မြင်ယောင်နေပြန်လေသည်။ တက္ကသိုလ် သမဂ္ဂအစည်းအဝေးပွဲများတွင် လာရောက်ပြောဆိုပုံ၊ အခြားသော လူထုအစည်းအဝေးပွဲများတွင် ပြောဟောပုံတွေကို ကြားယောင်မြင်ယောင်နေမိလေသည်။ အခြားဝန်ကြီးများ၏ ရုပ်လက္ခဏာများကိုလည်း မောင်ပြုံးချို မမြင်ဖူးစေကာမူ ရေဒီယိုမှနေ၍ စကားပြောသံများကို ကြားဖူးနေသဖြင့် သတင်းဆိုးကို ကြားရပြန်သောအခါ ပြန်လည်၍ သတိရမိပြန်လေသည်။ လွှတ်တော်အစည်းအဝေးတွင် ဝန်ကြီးမန်းဘခိုင်၏ "ဥက္ကဋ္ဌကြီးခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား"ဟု ရည်ညွှန်းလျက် အာဝဇ္ဇန်းရွှင်ရွှင်နှင့် ပြော



သွားပုံ၊ 'နသားပါရ'ဟူသော ကရင်စကားကို ရှင်းသွားပုံတွေကို မမေ့နိုင်အောင်ဖြစ်နေလေသည်။

မောင်ပြုံးချို၏မော်တော်သည် တရိပ်ရိပ်ဆန်တက်လျက်ရှိသည်။ စက်အရှိန်ကြောင့် မော်တော်တစ်ခုလုံး တုန်လှုပ်နေသကဲ့သို့ မောင်ပြုံးချို၏ နှလုံးသားတို့သည်လည်း ဆတ်ဆတ်ခါမျှ တုန်လှုပ်နေလေသည်။ ဝဲယာကမ်းပါးပေါ်တွင် ပေါက်ရောက်လျက်ရှိသော သစ်ပင်ကြီးငယ်တို့သည် မိုးရေကြောင့် စိမ်းလန်းဝေဆာနေသော်လည်း မောင်ပြုံးချို၏ စိတ်ဓာတ်သည် သတင်းဆိုးကြောင့် ခြောက်ကပ်လျက်ရှိသည်။

အမတော်ကြေးပေးရမည့်အတွက်လည်း ပြည်သူ့ရဲဘော်တွေ၊ ကျေးရွာလူကြီးတွေ၊ လယ်သမားတွေ မြစ်ကမ်းပါးတွင် စောင့်မျှော်နေကြသည်။ မော်တော်မှကမ်းကို မဆိုက်ရသေး "ဗိုလ်ချုပ် သေနတ်ပစ်ခံရတယ်ဆိုတာ ဟုတ်ပါသလား"ဟု မေးကြသည်။ မောင်ပြုံးချိုကား ချက်ချင်း ပြန်မဖြေနိုင်။ လည်ချောင်းတွင် တစ်ဆို့လျက် ရှိသည်။ ခေါင်းကိုသာ ညိတ်၍ ပြလိုက်သည်။ ကုန်းပေါ်သို့ရောက်မှ ဗိုလ်ချုပ်တစ်ဦးတည်းသာ မဟုတ်။ အခြားဝန်ကြီး ၅ ဦးလည်းကွယ်လွန်လေပြီဟု ပြောလိုက်သောအခါ စုတ်တသပ်သပ် ဖြစ်ကြကုန်သည်။ ရဲဘော်တစ်ဦး၏ ငိုရှိုက်သံကိုလည်း ကြားရလေသည်။ ဆုဆုညံညံနှင့် အမတော်ကြေးထုတ်ရန် ရောက်ရှိနေသော လယ်သမားများ ထိုသတင်းဆိုးကြောင့် အငြိမ်ကြီးငြိမ်သွားကြလေသည်။ သူတို့သည် စကားကိုမျှ ကျယ်ကျယ်မပြောကြတော့ချေ။ သူတို့သည် ဗိုလ်ချုပ်ကို ဓာတ်ပုံထဲတွင်သာ မြင်ဖူးကြသူများ ဖြစ်ကြသည်။ ဗိုလ်ချုပ်စကားပြောသည်ကိုလည်း သူတို့ မကြားဖူး။ သူတို့နားလည်သည်ကား လွတ်လပ်ရေးသည် မကြုံစဖူး ထူးကဲသောအရသာနှင့် ပြည့်စုံသည်။ ထိုလွတ်လပ်ရေးစခန်းသို့ ဗိုလ်ချုပ်အမှူးရှိသော ကွယ်လွန်သူဝန်ကြီးများသည် သူတို့အား ပို့ဆောင်လျက်ရှိသည်ဟု ယုံကြည်သည်။ ယခုသော် သူတို့ အားထားမှီခိုရာ ခေါင်းဆောင်ကြီးများ ရက်စက်စွာ အသတ်ခံရသည်ဟူသော သတင်းကြောင့် တုန်လှုပ်ချောက်ချားကုန်သည်။ ဝမ်းနည်းကြေကွဲကုန်သည်။ အားငယ်ကုန်သည်။

မောင်ပြုံးချိုသည် ပြုဖွယ်ကိစ္စများ ဆောင်ရွက်ပြီးနောက် ရုံးစိုက်ရာမြို့သို့ ချက်ချင်း ပြန်လာခဲ့လေသည်။ ထိုနေ့ည မောင်ပြုံးချို၏ အိမ်တွင်းရော

အိမ်ပြင်ပါ လူများပြည့်ကျပ်လျက် ရှိလေသည်။ သူတို့သည် မကြားလိုသော သတင်းကိုပင် ထပ်မံနားထောင်ရန် ရောက်ရှိနေကြပြန်လေသည်။

"ယမန်နေ့က ဒဏ်ရာရရှိသွားသော တောင်တန်းနယ်ဝန်ကြီး မိုင်းပွန်စော်ဘွားကြီးစပ်စံထွန်းသည် ဆေးရုံကြီးတွင် ရရှိသောဒဏ်ရာနှင့်ပင် ကွယ်လွန်ရှာပြီဖြစ်ကြောင်း"ဟူ၍ ရေဒီယိုမှ ကြေညာပြန်လေသည်။ သည်တွင်မကသေး အတွင်းဝန် ဦးအုန်းမောင်နှင့် သက်တော်စောင့်ကိုထွေးတို့ပါ သေဆုံးကြကြောင်း ကြားရပြန်လေသည်။

မောင်ပြုံးချို၏ ရင်တို့သည် ဆတ်ဆတ်ခါမျှ တုန်လှုပ်ပြန်လေသည်။

နောက်တစ်နေ့တွင် ဗိုလ်ချုပ်တို့ ကျဆုံးသည့်အတွက် ဝမ်းနည်းသော အထိမ်းအမှတ်အဖြစ်ဖြင့် လူထုအစည်းအဝေးပွဲကြီးတစ်ရပ် ကျင်းပကြပါသည်။ အစည်းအဝေး ကျင်းပသည့် နေရာမှာ ယာယီဇာတ်ရုံကြီး၏အတွင်းတွင် ဖြစ်သည်။ ဗိုလ်ချုပ်ရုပ်ပုံကြီးနှင့်တကွ ကျဆုံးသော အခြားခေါင်းဆောင်ကြီးများ၏ပုံကိုရနိုင်သလောက် စုဆောင်းရှာဖွေပြီးလျှင် စင်မြင့်ပေါ်တွင် ချိတ်ဆွဲထားကြသည်။ အဖွဲ့အသီးသီး၏ လွမ်းသူ့ပန်းခွေများကိုလည်း ပုံကြီးများ၏ ရှေ့တွင် ချထားကြလေသည်။

အစည်းအဝေးပွဲတွင် ဗိုလ်ချုပ်တို့အား အလေးပြုခြင်း ဝမ်းနည်းသော အထိမ်းအမှတ်နှင့် မိနစ်အနည်းငယ် ငြိမ်သက်စွာ ရပ်တည်ခြင်း အစရှိသည်များကို ပြုလုပ်ကြသည်။ ပြီးလျှင် မြို့ပေါ်ရှိ ခေါင်းဆောင်အသီးသီးက တစ်ယောက်တစ်လှည့် စကားဆပြောကြလေသည်။ ဗိုလ်ချုပ်နှင့်တကွ ကျဆုံးလေပြီးသော ခေါင်းဆောင်ကြီးများကို မိမိတို့သိသလောက် တိုင်းပြည်အတွက် ဆောင်ရွက်ခဲ့ပုံများကို ချီးကျူးပြောဆိုကြကုန်သည်။ ဂုဏ်ပြုကြသည်။ မောင်ပြုံးချိုကလည်း သူ့အလှည့်ရောက်သော် ထ၍စကားပြောသည်။ သူကလည်း သူသိသော ဗိုလ်ချုပ်အကြောင်းကို ပြောလေသည်။ သည်တွင် မကသေး သူက အနည်းငယ်အထွန့်တက်လိုက်သေးသည်။

"ကျွန်တော် နိဂုံးချုပ်အနေနဲ့ပြောချင်တာကတော့ ကျွန်တော်တို့ ဗိုလ်ချုပ်ကို ချစ်ရင် ဗိုလ်ချုပ်မြတ်နိုးတဲ့ လွတ်လပ်ရေးကြီးကို အရယူနိုင်အောင် ကြိုးစားကြဖို့ပဲ။ ကျွန်တော်တို့ ဗိုလ်ချုပ်ကို လေးစားရင် သူမြတ်နိုးတဲ့ လွတ်လပ်ရေးကြီး အခွန့်ရှည်စွာ ခိုင်မြဲအောင် ထိန်းသိမ်းဖို့ပဲ။ ဒီကိစ္စနှင့်



ပတ်သက်ပြီး ကျွန်တော်တို့မြတ်စွာဘုရား ပရိနိဗ္ဗာန် စံခါနီးမယ် ညီတော်အာနန္ဒာကို မိန့်ကြားပုံကလေး သတိရမိတယ်။ မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော့မယ်ဆိုတာ သိတော့ ညီတော်အာနန္ဒာက အလွန်ပူဆွေးပြီး ရှိုက်ကြီးတငင် ငိုကြွေးနေတာ မြင်တဲ့အခါ မြတ်စွာဘုရားက 'ချစ်သား အာနန္ဒာ၊ ငိုကြွေးမြည်တမ်းနေခြင်းဖြင့် ငါဘုရားကို ချစ်မြတ်နိုးသည် မမည်။ ငါဘုရားကို တကယ်ချစ်ခင်မြတ်နိုးပါလျှင် ငါဘုရား မရှိသည့်နောက် ငါဘုရား ဟောကြားတော်မူခဲ့သော တရားတော်အတိုင်း ကျင့်ကြံပါလေ'ဟု မိန့်ကြားတော်မူသတဲ့။ ဒီနေရာမလည်း ဗိုလ်ချုပ်ကို တမ်းတငိုကြွေးနေခြင်းထက် ဗိုလ်ချုပ်ကို တကယ်တမ်း ကျွန်တော်တို့ ချစ်ခင်ရင် သူ့လမ်းစဉ်အတိုင်း လိုက်ပြီး လုပ်ကိုင်ဆောင်ရွက် ကြဖို့ပဲ ရှိပါတော့တယ်"ဟု ပြောလိုက်လေသည်။

[ဂျာနယ်ကျော် ၁၉၄၇ ဩဂုတ် ၁၃]

# အဘာမီးထွန်းပွဲ

မီးထွန်းပွဲတွေ အပွဲပွဲ နွှဲဖူးခဲ့လေသည်။ သည်မီးထွန်းပွဲကိုဖြင့် မောင်ပြုံးချို ဘယ်တော့မှ မေ့မည်မဟုတ်။ ဂျပန်များလက်မှ မြန်မာပြည်ကြီးကို ကယ်တင်ပြီးသည်နောက် ပထမအကြိမ် ကျင်းပရသည့် ဝါကျွတ်ပွဲဖြစ်သည်။

ထိုမြို့သို့ မောင်ပြုံးချိုရောက်စ ဖြစ်သည်။ တစ်မြို့လုံး ဝါကျွတ်အတွက် အားခဲနေကြသည်။

ညနေစောင်းတွင် မောင်ပြုံးချိုသည် တစ်ယောက်တည်း မြို့ထဲသို့ ထွက်ခဲ့သည်။ လူရတတ်ရပ်ကွက်ရှိ အိမ်အသီးသီးတွင် စက္ကူရောင်စုံ အမျိုးမျိုးနှင့် မွမ်းမံခြယ်လှယ်ထားလေသည်။ ကလေး၊ လူကြီး၊ ယောကျာ်း၊ မိန်းမ၊ အပျို၊ အအိုတို့သည်လည်း မီးရှူးမီးတိုင်များကို ပြုပြင်နေကြလေသည်။ လုံမပျိုတို့သည်လည်း ဝါကျွတ်ပွဲအတွက် မှုန်နံ့သာ ခြယ်ကာ ဝတ်ကောင်းစားလှများကို ဝတ်ဆင်ထားကြသည်။ သုံးနှစ်သုံးမိုး အနားပေးထားခဲ့ရသော ဝါကျွတ်ပွဲကို တအားခဲ၍ ဆင်နွှဲရန် လုံးပမ်းနေကြလေသည်။

သူသည် တဖြည်းဖြည်း လျှောက်သွားလေရာ မြို့အစွန်အဖျားသို့ ရောက်သွားလေ၏။ သည်နေရာတွင်ကား မီးထွန်းပွဲကြောင့် လှုပ်လှုပ်ရှားရှား မရှိလှ။ များစွာထူးခြားခြင်း မရှိ။ အူမတောင့်သူများ မဟုတ်ရှာကြသဖြင့် သီလ မစောင့်နိုင်ကြ။ အချို့အိမ်များတွင်သာ မီးပုံးသုံးလေးလုံး ဆွဲထားသည်ကို တွေ့ရလေသည်။

အိမ်များမှာလည်း တင်းကုပ်သာသာမျှသာ ရှိသည်။ အချို့အိမ်များလည်း အကာအရံမရှိ။ အချို့ ယိမ်းထိုးကာ ယိုင်နေလေသည်။ ထိုအိမ်များတွင် နေထိုင်ကြကုန်သောသူများကို ကြည့်ပါဦး။ ယောကျာ်းတွေကို ကြည့်လိုက်လျှင် အကွက်မပေါ်သောလုံချည်များကို ဝတ်လျက် ထင်းပေါက်သူပေါက်၊ မြက်



ခင်းသူခင်း၊ တံမြက်စည်းလှည်းသူလှည်းနှင့် ဝေယျာဝစ္စအလုပ်များကို လုပ်ကိုင်နေကြလေသည်။ သူတို့၏အထက်ပိုင်းသည် ဗလာကိုယ်တီးချည်း ဖြစ်သည်။ သူတို့၏ကျောပြင်များသည် ကာလကြာမြင့်စွာ နေပူရှိန်ဒဏ်ကို ခံထားရသဖြင့် ပြောင်နေအောင် မည်းနက်နေလေသည်။

မိန်းမများကို ကြည့်ပါဦး။ ထမင်းချက်သူချက်၊ ပန်းကန်ဆေးသူဆေးနှင့် အလုပ်များနေကြသည်။ အချို့အမယ်အိုများသည် မီးထွန်းရန်အတွက် ဖယောင်းတိုင် သုံးလေးတိုင်ကို ပြုပြင်နေကြသည်။ အချို့ ဆီမီးခွက်များတွင် မီးစာထည့်နေကြသည်။ သားသယ်မအေများသည် ကလေးများကို နို့တိုက်နေကြသည်။ သူတို့တွင်လည်း အင်္ကျီမရှိ။ အချို့ ထဘီခါးချပ် ဝတ်ထားကြသည်။ အချို့လည်း သူတို့၏ထဘီများကို ရင်ရှားဝတ်ထားသော်လည်း ကလေးနို့တိုက်ရင်း အောက်သို့ လျှောချထားကြလေသည်။

ထိုအရပ်ရှိ သားသယ်မအေတိုင်းလိုလို သည်နည်းနှင်နှင်ချည်း ဖြစ်သည်။ သူတို့ရင်မြွာအစုံကိုကား မမြင်ချင်အဆုံး။ လွတ်လပ်ရေး ပေးထားကြလေသည်။ ကလေးငယ်များလည်း အိမ်ရှေ့တွင် ဆူညံစွာ ကစားနေကြလေသည်။

မောင်ပြုံးချိုသည် ဝဲယာကို ကြည့်ရှုရင်း လျှောက်လာခဲ့ရာ မြို့ပြင်သို့ ရောက်လာခဲ့လေသည်။ အစဉ်အတိုင်းသာ လျှောက်သွားမည်ဆိုလျှင် မန်ကျည်းပင်တွေဝိုင်းနေသည့် ခပ်လှမ်းလှမ်းမှ တောရွာကလေးကို ရောက်သွားမည် ဖြစ်သည်။ လယ်ကွင်းကြီးများသည်လည်း စိမ်းရောင်စိုနေသည်။

သူသည် ပြန်၍ လှည့်ခဲ့လေသည်။ သည်အရပ်က လူတွေ ဘာလုပ်ကိုင်စားသောက်ကြသည်၊ အနေအထိုင် မည်သို့ ရှိမှိမ့်မည်ကို စုံစမ်းအံ့သောငှာ အစွန်ဆုံးတွင်ရှိသောတဲအိမ်ကလေးတစ်ခုဆီသို့ လျှောက်ခဲ့လေသည်။ တဲအိမ်ကလေးသည် ဝါးတိုင်များကို တိုင်ထူ၍ ကျူထရံများကို ကာကာ သက်ကယ်မိုးလျက် ဝါးကြမ်းကျိုးတိုးကျဲတဲ ခင်းထားလေသည်။ တဲရှေ့ရှိ ပျံ့ပျူးညီညာသည့် မျက်နှာစာတွင် ပြောင်နေအောင် တံမြက်စည်း လှည်းထားလေသည်။

အဘိုးအိုတစ်ယောက်သည် တုန်ချည့်သော လက်များနှင့် ဝါးလုံးတစ်ခုကို ခွဲစိတ်နေလေသည်။

"အဘာ၊ ခဏ ထိုင်တော့မယ်နော်"

မောင်ပြုံးချိုက နှုတ်ဆက်လိုက်လေသည်။ အဘိုးကြီးသည် မျက်လွှာလှန်ကြည့်ကာ "ထိုင်ပါ၊ ထိုင်ပါ"ဟု ပြုံးပြုံးရွှင်ရွှင် ခွင့်ပြုလေသည်။

မောင်ပြုံးချိုသည် တဲရှေ့တွင် ခင်းထားသည့် ခုံတန်းလျားပေါ်တွင် ဝင်၍ ထိုင်လိုက်လေသည်။ အဘိုးကြီးလည်း သူ့အလုပ်ကို ချထားခဲ့ပြီးနောက် မောင်ပြုံးချို အနားရှိ သစ်တုံးပေါ်တွင် လာ၍ ထိုင်လေသည်။

"အဘ၊ ဒီနေ့ မီးမထွန်းဘူးလား"

မောင်ပြုံးချိုက မေးလိုက်သည်။

"အေး၊ ထွန်းမလို့ပဲ၊ ရှေ့မယ် တိုင်စိုက်ပြီး စင်ကလေး လုပ်နေတာ မီးထွန်းဖို့ပေါ့ကွယ်။ ဒါနဲ့ နေပါဦး၊ မောင်က ဘယ်ကလဲ"

အဘိုးကြီးက ပြန်၍ မေးခွန်းထုတ်ပြန်သည်။

"ဒီမြို့ထဲကပါပဲ"

"မောင်ဟာ ကျုပ်သားနဲ့ သိပ်တူတာပဲ။ အသံလည်း တူတယ်။ အဘလို့ ခေါ်လိုက်တဲ့အသံကလေးများ သိပ်တူတာပဲ။ မောင် ဒီမြို့ကဆိုတာ မဟုတ်ပါဘူး။ မောင့်ကို အဘ တစ်ခါမှ မမြင်ဖူးဘူး"

သူ့ကို အဘဟု ခေါ်သဖြင့် သာယာနေလေသည်။ သူ့ကိုယ်သူလည်း အဘဟု ခေါ်၍ ပြောသည်။

"ကျွန်တော် ဒီမြို့ ရောက်လာတာ မကြာသေးလို့ အဘ မမြင်ဘူးတာပါ"

မောင်ပြုံးချိုက လိုးလွဲပြောလိုက်သည်။ 'အဘ' ဟူသော စကားသံသည် သူ့နှလုံးအိမ်ကို ဆီစိမ်၍ပေးသည်နှင့် တူလှတော့သည်။ သူသည် မျက်ရည်များစမ်းစမ်းနှင့် ပြုံးနေလေသည်။

သူ၏ကိုယ်ခန္ဓာကို နီးနီးကပ်ကပ် မောင်ပြုံးချို မြင်ရလေသည်။ ထိပ်ပြောင်လျက်ရှိသော ဦးပြည်းတွင် ဆံပင်ဖြူများ ကျိုးတဲကျဲတဲ ပေါက်လျက်ရှိရာ သဲသောင်ပြင်ပေါ်တွင် ကျူပင်ငုတ်တိုများ ပေါက်ရောက်နေသည်နှင့် တူလှသည်။ ဆွတ်ဆွတ်ဖြူနေသော မျက်ခုံးမွေးထူထူအောက်မှ မျက်တောင်အစုံသည် မကြာခဏ ခတ်လျက်ရှိသည်။ ဇရာထောင်းသဖြင့် မျက်လုံးများသည် ကြည်လင်ခြင်း ကင်းနေသည်ဟု ဆိုရသော်လည်း 'အဘ'ဟူသော အသံကြောင့် အရောင်ရွှန်းနေလေသည်။ အရေအလိပ်လိပ်နှင့် ကျယ်ပြန့်သော



နဖူး၊ ချိုင့်ဝှမ်းသော ပါးပြင်တို့သည် သူ၏အရွယ်ကို ဖွင့်ဟပြောနေသကဲ့သို့ ရှိသည်။ ပြုံးယောင်ယောင်နှင့်တလှုပ်လှုပ်ဖြစ်နေသော သူ၏ပါးစပ်အတွင်းမှ ညိုမည်းနေသောသွားဖုံးပေါ်တွင် ဟိုတစ်ချောင်းသည်တစ်ချောင်း ပေါက်နေသောသွားများလည်း ခပ်တဲတဲသာ ကျန်ရှိတော့သည်။ အင်္ကျီဝတ်ထားခြင်း မရှိသဖြင့် သူ၏ချပ်ကပ်သောရင်အုံ၊ နံရိုးပြိုင်းပြိုင်း ထနေသောကိုယ်၊ အကြောပြိုင်းပြိုင်းထနေသော လက်မောင်းလက်ခုံတို့သည်လည်း ဇရာ၏ အကြောင်းကို ကောင်းကောင်းကြီးပြနေကြလေသည်။

"အဘသားလည်း မောင့်လိုပဲ၊ ဝဝတုတ်တုတ်ကြီး"အဘိုးကြီးက စကား စပြန်သည်။

"အဘကို သူက အဘလို့ ခေါ်တယ်။ သူ့အမေကတော့ ဖေဖေလို့ ခေါ်ခိုင်းတယ်။ ဒါပေမဲ့ သူက မရဘူး၊ အဘလို့ပဲ ခေါ်တာပဲ"

"အဘမယ် သားသမီး ဘယ်နှယောက် ရှိသလဲ"

"ဒီတစ်ယောက်တည်းပေါ့၊ သောကြာသား မောင်ရဲ့၊ ဒါကြောင့် သူ့ကို အရှေ့ကျောင်းဘုန်းကြီးက သံချောင်းလို့ နာမည်ပေးထားတာပေါ့။ သံချောင်းဆိုတဲ့အတိုင်းပဲ မောင်ရေ့ သိပ်မာတာ။ တစ်ခါမှ ဖျားနာခြင်း မရှိဘူး။ ဒါပေမဲ့ အဘသားဟာ ကံဆိုးရှာတယ်"

"ဘာဖြစ်လို့လဲ အဘ"

"သူ ငါးနှစ်သားက သူ့အမေ ဆုံးသွားတယ်။ မယ်လှလေ မယ်လှ။ သူ့သားလေး သူသိပ်ချစ်တာ။ အဘထက်တောင် သူ့သားလေးကို ချစ်သေးတယ်။ သေခါနီးတောင် လူလေးကို သံချောင်း၊ သံချောင်းနဲ့ ပါးစပ်ဖျားက တတွတ်တွတ်ခေါ်ရင်း အသက်ထွက်သွားတာပဲ။ အဘလည်း ဒီသားလေးနဲ့ အိမ်နောက်ဖေးမှာပဲ ခြံလေးဘာလေး စိုက်ပြီး စားလာတာပါပဲ။ နောက် အိမ်ထောင်ပြုဖို့ လာစပ်ကြပေမယ့် သားလေးငဲ့ပြီး စိတ်မကူးတော့ပါဘူး။ မောင်သံချောင်း ဆယ့်ငါးနှစ်သားလောက်မယ် ရှိုစုမဲ့စုလေးနဲ့ ဘုန်းကြီးကျောင်းမယ် ရှင်ပြုတယ်။ အဲဒီအချိန်တုန်းက အဘအဖို့တော့ ဝမ်းသာဝမ်းနည်းကြီးပဲ။ သားလေးသင်္ကန်းဝတ်နဲ့ မြင်ရလို့ ဝမ်းသာနေပေမယ့် သူ့အမေကို သတိရပြီး မငိုမိအောင် အတော်ချုပ်တည်းထားရတယ်"

အဘိုးကြီးသည် စို့နေသောမျက်ရည်များကို ပခုံးပေါ်တွင် တင်ထားသော အဝတ်စကလေးနှင့် သုတ်လိုက်လေသည်။

"သားလေးကလည်း လိမ္မာရှာတယ်။ အဘကုသိုလ်ရအောင်ဆိုပြီး သင်္ကန်းဝတ်နဲ့ ငါးဝါတိတိ နေတယ်။ ဒါကြောင့်မို့လည်း အဘသားဟာ အပြောအဆိုဘက်ကဆိုရင် သူ့ကိုမီတဲ့လူ ဒီအရပ်ထဲမှာ မရှိပါဘူး။ လောကီဘက်က လာမလား၊ လောကုတ္တရာဘက်ကလာမလား။ အာဝဇ္ဇန်း ရွှင်ရွှင်နဲ့ ပြောနိုင်တာပေါ့။ ဒီနေရာမှာတော့ သူက အဘထက်သာတယ်။ သီတင်းကျွတ်မယ် မီးထွန်းရတဲ့အကြောင်းရင်းကို အဘ အစက မသိဘူး။ သူပြောလို့ သိတာ။ မြတ်စွာဘုရားသခင် တုသိတာနတ်ပြည်က မယ်တော် မိနတ်သားကို တရားဟောပြီး ဆင်းလာတဲ့အကြောင်းတွေ ဘာတွေများ ပြောလိုက်တာ သိပ်နားထောင်ကောင်းတာပေါ့"

"အဘသားက တကယ်တော်တာပဲ" မောင်ပြုံးချိုက ချီးမွမ်းလိုက်သည်။

"ဟုတ်တယ်။ ဒီလို မီးထွန်းပွဲကျပြီလားဆိုရင် ဒီအရပ်ထဲမှာ သူ့ကို မီအောင် ဘယ်သူမှ မထွန်းနိုင်ဘူး။ ကုသိုလ်ရေးဆိုရင် သိပ်ဝါသနာပါတာပဲ။ သူကိုယ်တိုင် ဝါးခွဲ၊ သူကိုယ်တိုင် မီးအိမ်လုပ်၊ သူကိုယ်တိုင် ဆင်ပြင်ပြီး ကျကျနန မီးပူဇော်တာပဲ။ ဘုရားရှိခိုးတွေလည်း အများကြီးရတော့ အိမ်ဦးခန်းမှာ ထိုင်ပြီး သံနေသံထားနဲ့များ ရွတ်နေလိုက်ရင် သိပ်နားထောင်ကောင်းတာပဲ"

တဖြည်းဖြည်းမှောင်၍ လာလေသည်။ အဘိုးကြီးကား စကားမပြတ်သေး။

"သူ့အသက် အစိတ်လောက်မယ် မြောက်ပိုင်းက မသန့်သမီးကလေး ခင်ပုနဲ့ ပေးစားတယ်။ အဲဒီတုန်းကလည်း အဘ သူ့အမေကို သိပ်သတိရတာပဲ"

အဘိုးကြီးသည် မျက်ရည်သုတ်နေပြန်သည်။

"ဒါပေမဲ့ အဘသားဟာလည်း အဘနဲ့ ကံတူအကျိုးပေးပါပဲ။ သားကလေး တစ်ယောက်ရလို့ သုံးနှစ်သားလောက်ရှိသေး သူ့မိန်းမ ဆုံးရှာပြန်တယ်။ ဒါနဲ့ အဘတို့လည်း သားအဖမြေးအဖိုးသုံးယောက် ခြံလေးကိုပဲ လုပ်စားလာခဲ့ကြ တာပါပဲ။ အခုဆိုရင် မြေးကလေး ဆယ့်ငါးနှစ်ရှိပြီ။ ရှင်ပြုဖို့ တာဝန်ကျနေပြန်ပြီ။ အလုပ်အကိုင်ကလည်း ဟန်မကျ၊ အသက်ကလည်းကြီးတော့ တစ်ခါ တစ်ခါတော့ အတော်စိတ်ဆင်းရဲတယ် မောင်ရဲ့"



အဘိုးကြီးသည် တစ်ဖက်သို့ မျှော်မှန်း၍ ငေးနေလေသည်။ မောင်ပြုံးချိုသည် သူ့မျက်နှာကို မသိမသာ အကဲခတ်ကြည့်နေမိလေသည်။ သူ၏ ဝမ်းနည်းပက်လက်ဖြစ်နေသော စိတ်ဓာတ်သည် မျက်နှာတွင် ထင်ရှားစွာ ပေါ်လွင်နေလေသည်။

"အဘသား အခု ဘယ်သွားသလဲ"

မောင်ပြုံးချိုက မေးလိုက်လေသည်။ သူသည် အဖြေကို ချက်ချင်း မပေး။ ငေးမြဲတိုင်းငေးနေလေသည်။ မျက်ရည်တွေ စို့လာလေသည်။ စို့နေရာမှ မျက်ရည်ပေါက်ကြီးများသည် အရေလိပ်လျက် ခွက်ဝင်နေသော ပါးပြင်များပေါ်သို့ လိမ့်ဆင်းလာလေသည်။ မောင်ပြုံးချိုလည်း သူ့ကိုကြည့်၍ ဝမ်းနည်းပက်လက် ဖြစ်နေလေသည်။ မိမိစကားများ မှားသွားပြီလားဟု ယူကျုံးမရ ဖြစ်နေလေသည်။

"အဘသားလေ အဘသား၊ ဆုံးပြီ"

သူသည် တစ်လုံးချင်းဖြေ၍ မျက်ရည်များကို အဝတ်စနှင့် သုတ်လိုက်လေသည်။

"မောင်ကတော့ ဒီအဘိုးကြီးဟာ တရားမဲ့လိုက်တာ။ သား တစ်ယောက်ဆုံးတာ ငိုလို့မပြီးလို့ ထင်မှာပဲ" သူက စကားစပြန်လေသည်။

"ထင်မယ်ဆိုလည်း ထင်စရာပဲ၊ ဒါပေမဲ့ အဘ မဖြေနိုင်ဘူး။ ကိုယ့်အိမ်မှာ ကိုယ် ရိုးရိုးသားသားသေရတယ်ဆိုရင် အဘ ဒါလောက် ဝမ်းနည်းပက်လက် မဖြစ်ပါဘူး။ အခုတော့" သူသည် မျက်ရည်ကို သုတ်လိုက်ပြန်လေသည်။

"အခုတော့ ဂျပန်ခေတ်က ချွေးတပ်လိုက်သွားရင်း ပြန်မလာတော့တာပဲ"အဘိုးကြီးသည် ရှိုက်လိုက်လေသည်။

"'အဘ ဒီအလုပ်က အလွန်ဟုတ်တာ။ ပြန်လာရင် ငွေသုံးလေးထောင်ပါလာမှာ။ သားလေးလည်း ရှင်ပြုဖို့ ရှိသေးတယ်' ဆိုပြီး လိုက်သွားလိုက်တာ၊ တစ်လအတွင်း တစ်ခါနှစ်ခါတော့ စာပေးပါသေးရဲ့။ နောက်တော့ မလာတော့ဘူး။ ခြောက်လလောက်ကြာတော့ ချွေးတပ်စခန်းမယ် ဝမ်းရောဂါနဲ့ သေတယ်လို့ ကြားရတာပါပဲ။ ဩော် ဖိုးသံချောင်း၊ ဖိုးသံချောင်း၊ ကံဆိုးရှာတယ်နော်"

သူသည် မျက်ရည်စကို သိမ်းလိုက်ပြန်လေသည်။ အတွင်းဆွေးဆွေးနေသည်များကို ဖွင့်ပြောလိုက်သဖြင့် အတော်ကျေနပ်သွားဟန်တူသည်။

"သူ့အတွက်လည်း အခုထက်ထိ သပိတ်မသွတ်ရသေးဘူး။ ဘာကုသိုလ်မှလည်း မလုပ်ရသေးဘူး။ ဒါကြောင့် အခု မီးထွန်းပွဲမှာ ဘုရားကို မီးပူဇော်ပြီးသားကို အမျှအတမ်းဝေမလို့ပဲ"

"ကဲ အဘ၊ ဒါဖြင့် မှောင်လာပြီ။ လုပ်စရာရှိတာ လုပ်ပါ"

"လုပ်စရာရှိတာ ပြီးပါပြီ။ မြေးကလေးကို ဖယောင်းတိုင် အရှာခိုင်းလိုက်တာ မလာသေးလို့၊ အဘက လွန်ခဲ့တဲ့သုံးလေးရက်က ဖျားနေလို့ မစီစဉ်ထားရဘူး။ အခုမှ ကတိုက်ကရိုက် လုပ်နေရတယ်။ ဘာပဲဖြစ်ဖြစ်လေ ဒီနေ့တော့ မီးပူဇော်ဖြစ်အောင် ပူဇော်ရမယ်။ အဘသားကို အမျှဝေဖြစ်အောင် ဝေရမယ်"ဟု သူ့ဆုံးဖြတ်ချက်ကို ပြောပြလေသည်။

ထိုအချိန်တွင် သူငယ်တစ်ယောက် ဝင်လာလေသည်။

"ငါ့မြေး၊ ရခဲ့ရဲ့လား" အဘိုးကြီးက လှမ်း၍ မေးသည်။

"မရခဲ့ဘူး ဘိုးဘိုး" သူငယ်က ပြန်ဖြေလေသည်။

"ငွေလေးတစ်ကျပ်လောက်မှ အေးပုံတို့က မချေးနိုင်ဘူးတဲ့လား"

"သူတို့လည်း မီးထွန်းပွဲအတွက် အကုန်အကျ များနေလို့တဲ့"

"တောက်"

အဘိုးကြီးသည် တက်ခေါက်လိုက်လေသည်။

"ငါ့သားသာရှိရင် ဒီလိုမျက်နှာငယ်မခံရဘူး"ညည်းညူလိုက်ပြန်သည်။

သုံးဦးသား ငြိမ်နေကြလေသည်။ ထိုနေရာမှ လှမ်းကြည့်၍မြင်ရသော အိမ်တိုင်းတွင် မီးထွန်းစပြုလေပြီ။ စက္ကူရောင်စုံတို့ဖြင့် တန်ဆာဆင်အပ်သော မီးအိမ်အမျိုးမျိုးသည် မီးရောင်ဖြင့် လုပတင့်တယ် ရှုချင်စဖွယ် ဖြစ်နေလေသည်။ အရှေ့ဘက် တောတန်းဆီသို့ မျှော်ကြည့်လိုက်လျှင်လည်း ဝိုင်းဝိုင်းစက်စက် ပြည့်ဖြိုးနေသော လမင်းကြီးသည် သစ်ပင်ထိပ်များသို့ တဖြည်းဖြည်းတက်လာလေပြီ။ မောင်ပြုံးချိုတို့သုံးဦးသားမှာကား ဆိတ်ငြိမ်စွာပင် သစ်ပင်ရိပ်အောက်တွင် ထိုင်မြဲထိုင်နေကြလေသည်။



"ကဲ ကဲ၊ ငါ့မြေး မယ်ခနဲ့အိမ်သွား၊ ကောက်ရိုး သုံးလေးပွေ့လောက်သွားပွေ့ချေ" အဘိုးကြီးက အမိန့်ပေးလိုက်ရာ သူငယ်သည် ထွက်သွားပြန်လေသည်။

"ဖယောင်းတိုင်မီးတို့ ဆီမီးတို့ မထွန်းနိုင်ရင် ကောက်ရိုးမီးနဲ့ ဘုရားကို ပူဇော်ပြီး သားကို အမျှဝေရတော့မှာပေါ့ ဟဲ ဟဲ" အဘိုးကြီးသည် သူ့ဟာသူပြော၍ အသံအုပ်ကလေးနှင့်ရယ်လိုက်လေသည်။ ခဏမျှကြာသောအခါ သူငယ် ပြန်လာလေသည်။

"မရဘူး ဘိုးဘိုး၊ မပေးနိုင်ဘူးတဲ့။ သူတို့မယ် ကောက်ရိုးနည်းနည်းရှိတယ်၊ နွားတွေကများတော့ ကောက်ရိတ်ချိန်ထိအောင် မလောက်ဘူးတဲ့"

အဘိုးကြီးသည် ခေါင်းကို ငိုက်စိုက်ချလျက် အမှိုင်ကြီးမှိုင်သွားလေသည်။ စကားလည်း မပြောတော့ချေ။ တံထွေးကိုသာ ခဏခဏ မျိုချနေလေသည်။ သူငယ်လည်း အနားတွင် ညှိုးငယ်စွာထိုင်နေလေသည်။ အတန်ကြာအောင် တွေနေပြီးမှ အိမ်ထဲသို့ ဝင်သွားလေသည်။ မောင်ပြုံးချိုသည် သူ့ဖြစ်အင်ကို ကြည့်၍ သတိမေ့သကဲ့သို့ ဖြစ်နေရာမှ ပြန်လည်သတိရသဖြင့် နေရာမှ ထလိုက်လေသည်။

"ဟေ့ သူငယ်၊ မင်းအဘိုးကို ပြောထား။ ငါအခု ဖယောင်းတိုင် လာပို့မယ်"

သူငယ်အား မှာကြားခဲ့ပြီးလျှင် အိမ်သို့ ခပ်သုတ်သုတ် ပြန်လာခဲ့လေသည်။

ခက်ကပြီ။ အိမ်မှာလည်း တင်မကြီးက ဝယ်ပြီး ဖယောင်းတိုင်တွေအားလုံး မီးပူဇော်ပြီး ဖြစ်နေလေပြီ။ မောင်ပြုံးချိုက အကျိုးအကြောင်းပြော၍ တင်မကြီးထံ အကြံဉာဏ်တောင်းရလေသည်။

"ဖယောင်းတိုင်က လွယ်လွယ်ကူကူ ဝယ်မရဘူး။ ဆီမီးခွက်နဲ့ ဆီပုလင်း ယူသွား။ မီးစာတွေလည်း ရှိတယ်။ ဆီမီးပူဇော်ပစေပေါ့"

ကောင်းသောအကြံဖြစ်သည်။ မောင်ပြုံးချိုက ဆီပုလင်းကို ကိုင်လျက် တင်မကြီးက ဆီမီးခွက်နှင့်မီးစာများကို ယူကာ အိမ်မှ ထွက်လာကြသည်။ လမ်းတစ်ဝက်လောက် ရောက်လျှင်ပင် "မီး မီး မီး"ဟူသော အော်သံများကို ကြားရလေသည်။ လှမ်း၍ကြည့်လိုက်ရာ အဘိုးကြီးအိမ်ဘက်ဆီမှ ကောင်းကင်

အလုံး ထိန်ထိန်လင်းနေသည်ကို တွေ့ရလေသည်။ မောင်ပြုံးချိုတို့ ဇနီးမောင်နှံလည်း ခပ်သုတ်သုတ် သွားကြလေရာ ခပ်လှမ်းလှမ်းမှပင် အဘိုးကြီး၏တဲအိမ်ကလေးကို မီးလုံးကြီးများ ဝါးမျိုနေသည်ကို မြင်ရလေသည်။ အနားသို့ရောက်သွားသောအခါ လူတွေအမြောက်အမြား ဝိုင်းအုံကြည့်နေကြလေသည်။ တဲအိမ်ကလေးမှာလည်း အခြားအိမ်များနှင့် ဝေးကွာသဖြင့် မီးကူးမည်ကို မစိုးရိမ်ရ။ မီးလောင်နေသော တဲအိမ်ကလေးဘက်သို့ မျက်နှာမူလျက် မနီးမဝေးတွင် အဘိုးကြီးသည် ကျုံ့ကျုံ့ယုံ့ယုံ့ ဆောင့်ကြောင့်ထိုင်ကာ အဝတ်စကလေးတစ်ခုကို ပခုံးတွင် တင်လျက် ဘုရားရှိခိုးနေသည်ကို တွေ့ရလေသည်။ သူသည် မည်သူ့မှုဂရုမထား။ မည်သူ့ကိုမှလည်း မမြင်။ သူသည် သူ့အိမ်ဖြင့် မီးပူဇော်နေခြင်း ဖြစ်သည်။

လုံ့ပုံကြားထဲတွင် သူ့မြေးလေးသည် ငိုနေလေသည်။

“ဟော့ သူငယ်၊ ငါလာပေးမယ်ဆိုတာ မပြောဘူးလား” မောင်ပြုံးချိုက မေးသည်။

“ပြောတယ်ခင်ဗျ။ သူက လူတွေဟာ မကောင်းပါဘူး။ တစ်ယောက်ကို တစ်ယောက် မကူညီချင်ကြဘူး။ သိပ်တရားပျက်ကြတယ်။ ဘယ်သူ့မှလည်း အားမကိုးချင်ပါဘူးဆိုရင်း မီးဖိုထဲက ထင်းစကို ယူပြီး မီးရှို့တာပဲ။ ဒီနေ့ မြတ်စွာဘုရားကို ငါ့ပစ္စည်းနဲ့ငါ မီးပူဇော်ပြီး ငါ့သားကို အမျှဝေမယ်တဲ့ဗျ”

“အင်း ဒီအဘိုးကြီးက သိပ်စိတ်မြန်တာ”

အနီးမှ လူတစ်ယောက်က မှတ်ချက်ချလေသည်။

မီးထွန်းပွဲတွေ အပွဲပွဲဆင်နွှဲဖူးပါသည်။ သည်မီးထွန်းပွဲကိုဖြင့် မောင်ပြုံးချို ဘယ်တော့မှ မေ့မည် မဟုတ်ပါ။

[ဂျာနယ်ကျော် ၁၉၄၇ ဩဂုတ်လ ၂၇]



## ရေဘေး

ဝါဆိုဝါခေါင် ရေဖောင်ဖောင်ဟု ဆိုရိုးစကား ရှိသည်။

ချောင်းရေကလျှံ ကန်ရေက တိုးနေသောအချိန် ဖြစ်သည်။

မောင်ပြုံးချိုတို့မြို့သည်လည်း ရေလယ်တွင် ရောက်ရှိနေလေပြီ။

ဝါခေါင်လအတွင်း တစ်နေ့သ၌ မောင်ပြုံးချို ရုံးဆင်းလာသောအခါ သူ့အိမ်နောက်ဖေးတွင် ရေတွေရောက်နေသည်ကို တွေ့ရလေသည်။ နောက်တစ်နေ့နံနက်လင်းသောအခါ မောင်ပြုံးချိုအိမ်ကို ရေပတ်လည်ဝိုင်းပြီး ဖြစ်နေလေသည်။

ရေတက်ကား ကြမ်းလှပါဘိတောင်း။ တစ်နေ့တည်း အရှိန်ပြင်းစွာ တက်လာလေသည်။ နေ့ချင်းညချင်း လက်မပေါင်းများစွာ တက်လာလေသည်။ သည်လောက် ရေတွေတက်လာသော်လည်း ဆိုင်ရာမှ မောင်ပြုံးချိုထံသို့ အကြောင်းကြားစာ မရောက်လာသေး။ ဘာဖြစ်လို့ မမေးဘဲ နေကြသနည်း။ သို့တည်းမဟုတ် မေးပါလျက်နှင့် သည်စာသည် တစ်နေရာရာတွင် ဝပ်၍နေသလော။

“ခက်တာပဲ၊ ခက်တာပဲ”

“ရေကာတာတွေ ကျိုးတော့မယ်”

“လယ်တွေပျက်”

“လူတွေ နွားတွေ နေစရာမရှိ”

“ငတ်ကြ ပြတ်ကြတော့မှာပဲ”

မောင်ပြုံးချိုသည် တစီတတန်းကြီးသံကြိုးဆက် တွေးတောကာ ကပျာကသီနှင့် မိမိနယ်အတွင်း ရေကာတာတွေ ရှိရာဒေသသို့ နှင်ခဲ့လေသည်။

မော်တော်သည် စက်ကုန်ဖွင့်လျက် ဧရာဝတီမြစ်ကြောင်းကို စုန်ဆင်းလျက် ရှိလေသည်။ မောင်ပြုံးချိုသည် ဦးမှနေ၍ အရပ်လေးမျက်နှာကို မျှော်မှန်းလျက် ရှိသည်။ ရေက ဖွေးဖွေး၊ လှိုင်းလုံးကြီးတွေက ဖွေးဖွေး။ ရေပြင်ကြီးသည် ကြောက်ခမန်းအံ့မခန်း ကျယ်ပြန့်လျက် ရှိလေသည်။ ဗေဒါပင်တွေလည်း အစုလိုက်အအုံလိုက် အရှိန်ပြင်းစွာ မျောနေကြလေသည်။ မြစ်ကမ်းနဖူးကို မမြင်ရတော့ချေ။ ရေတို့သည် ကမ်းပါးများနှင့်တကွ ကိုင်းပင်များကိုပင် လွှမ်းခြုံပြီးသား ဖြစ်နေလေပြီ။ ရေ၊ ရေ၊ ရေ နေရာတိုင်းမှာရေ။

ရေတက်စဆိုလျှင် သည်နေရာမျိုးတွင် ကြပ်နိုင်၊ တိုက်ကြီးကုန်း၊ ထိန်ကုန်း အစရှိသောရွာများမှ ကိုတံငါများကို တွေ့မြင်နိုင်သည်။ အချို့ပိုက်ချလျက် တိုင်ထောင် ပုရစ်တန်းများ စိုက်ထူသွယ်တန်းနေသူများကိုလည်း တွေ့ရသည်။ အချို့ မြှုံးထောင်နေကြသည်ကိုလည်း တွေ့ရစမြဲတည်း။ သည်လူတွေက ပေမင့် မောင်ပြုံးချိုတို့လို မြို့ပိုင်ကို ဂရုမထား၊ အရေးမစိုက်။ 'ငါးရစ်ချိန်'မှာပင် မြစ်ရိုးတွင် ထင်တိုင်းကြဲနေတတ်ကြသည်။ မြို့ပိုင်ကို မထိမဲ့မြင် ပြုသလောက် အင်းဘက်ဆိုင်ရာ အင်စပိတ်တော်တို့၊ အခွန်ဝန်တို့များ တွေ့လျှင် ရေပေါ်တွင် ဖနောင့်နှင့်တင်ပါး တသားတည်းနေအောင် ပြေးမရသော်လည်း လှေနှင့်သော်လည်း လှော်၍ပြေးရာသည်။ ရေထဲသော်လည်း ငုပ်လျှိုး၍ နေရာသည်။ ယခုတော့ သူတို့လို ကိုတံငါများကို မြင်ချင်လို့မှ မမြင်ရတော့ချေ။ အပြောကျယ်လှသော ရေပြင်ကြီးတွင် လူစလူနဟူ၍ မတွေ့ရ။ ရေ၊ ရေ၊ ရေ။ နေရာတိုင်းမှာ ရေ။

ရွာသို့ မော်တော်ဆိုက်ကပ်လျှင်ပင် သတင်းဆိုးကို ကြားရလေတော့သည်။

"မနေ့ညက အိုင်ကြီးတာ ကျိုးသွားပြီ"

မောင်ပြုံးချို၏ပါးစပ်သည် ပြဲသွားလေသည်။

အိုင်ကြီးတာကား အစိုးရတာ မဟုတ်။ လွန်ခဲ့သော နှစ်ပေါင်းများစွာက လယ်သမားတွေ အင်တိုက်အားတိုက် ဖို့ထားသော တာကလေး ဖြစ်သည်။ မြစ်မချောင်း၏ ကမ်းဘေးတွင် ရှိရာ ရေအရှိန် ပြင်းလှသဖြင့် ယမန်နှစ်က တစ်ခါကျိုးဖူးလေသည်။ သို့သော်လည်း ထိုနယ်ရှိ ရွာသားများက ခပ်လှမ်းလှမ်းက ပန်း၍ တာသစ်ဖို့ထားသောကြောင့် ခံသာခဲ့သည်။ ထိုတာသည်လည်း



ရေစားသဖြင့် တဲတဲမျှကျန်ခဲ့ရာ စောစောကသာ ယမန်နှစ်ကကဲ့သို့ ပန်း၍ ဖို့ထားလျှင် သည်လိုဖြစ်မည် မဟုတ်။ မောင်ပြုံးချိုသည် အမတော်ကြေး ပေးစဉ်ကတည်းက ခဏ ခဏ သတိပေးဖူးသည်။

"အလုပ်သမား မရှိဘူး"

"ငွေးလို့ မရဘူး"

"လယ်သမားတွေကလည်း မတတ်နိုင်ဘူး"

ဤကဲ့သို့သော ဆင်ခြေ မြင်းခြေတွေကိုသာ ကြားခဲ့ရသည်။

သို့စင်လျက်လည်း သည်ဒေသတွင် ငတ်နေသူတွေ ပေါများသည်ဟု ဆိုချေသေး၏။ သည်တာကိစ္စတွင် ထွန်တုံးတိုက်ပွဲတွေမှာကဲ့သို့ ညီညာခဲ့လျှင် အဘယ်မှာလျှင် ပြည်မသာဘဲ ရှိအံ့နည်း။ ဤသည်ကား တောင်သူလယ်သမားတို့၏ ပေါ့လျော့မှု၊ ခေါင်းဆောင်တို့၏ ညံ့ဖျင်းမှု စည်းရုံးရေး မကောင်းမှုတို့ပင် မဟုတ်ပါလော။

သည်ကိစ္စတွင် အစိုးရလည်း အပြစ်မကင်း။ သည်တာကို ယမန်နှစ်က ပြုပြင်ရန် အရေးပိုင်မင်းက ငွေတစ်ထောင် လယ်ယာပြုပြင်ရေး ဥပဒေအရ ထုတ်ပေးဖို့ မောင်ပြုံးချိုထံ အမိန့်ရပြီးမှ သည်ဘက်တာများကို လက်ဖျားနှင့် မတို့ရ ဟူသော ဆည်မြောင်းဌာန အမိန့်တော်မြတ်ကြောင့် သည်အတိုင်း ကြည့်နေလိုက်ရသည်။* အကယ်၍သာ တောင်သူလယ်သမားတို့ တာသစ်တစ်ခု တိတ်တိတ်ပုန်း ပန်း၍ မဆောက်လုပ်ပါက ယမန်နှစ်ကတည်းက ရေလွှမ်းမည်မှာ မုချ ဖြစ်လေသည်။ ယမန်နှစ်က သည်အတိုင်း ကြည့်မနေလို့ သည်လိုမဖြစ်ခြင်းဖြစ်သည်။ ယခုနှစ် သည်အတိုင်းကြည့်နေလိုက်ရာ သည်လို ဖြစ်၍လာချေပြီတကား။ ရေ၊ ရေ၊ ရေ၊ နေရာတိုင်းမှာ ရေ။

ထိုနေရာမှသည် အစိုးရတာရှိရာဒေသသို့ စိုင်းခဲ့ရပြန်သည်။ မော်တော်ကို တာဘေးတွင် ဆိုက်ကပ်လိုက်လျှင်ပင် အသည်းထိတ်စရာတွေ တွေ့မြင်ရလေတော့သည်။ တာပေါ်တွင် ရွာသူရွာသားအသင်းအဖွဲ့ပေါင်းစုံကို တွေ့မြင်ရလေသည်။ ကမ္ဘာကြီးပျက်လုအံ့ဆဲဆဲကဲ့သို့ အုတ်အော်သောင်းတင်း ဖြစ်နေကြလေသည်။ အချို့ ကြွက်ပေါက်တူးပေါက်တွေကို ပိတ်နေရလေသည်။ အချို့ရေကန် ဆည်နေကြသည်။ အချို့နေရာများတွင် ရေသည် တာကိုကျော်

* ယခုအစိုးရက သိမ်းယူ၍ မွမ်းမံပြုပြင်နေကြောင်း သိရသည်။

လွှားလျက် တဟဲဟဲမြည်ဟည်းကာ မျောက်မင်းအူသံကို သီကျူးလျက် ရှိလေသည်။ ထို့ကြောင့် ရှိသမျှလူတွေ ထွက်၍ ထိုသေမင်းကို တားဆီး ကြကုန်သည်။ သစ်ပင်၊ ကိုင်းပင်တွေကို ချိုင်ရသည်။ ပျဉ်တိုပျဉ်စအားလုံးကို ဆွဲရ သည်။ ၎င်းတို့ကို ရေဘက်တွင် ချလျက် ဝါးငုတ်များ စိုက်ပြီးလျှင် မြေဖို့၍ လက်ဆည်တမံကလေးများကို ပြုလုပ်ရလေသည်။ သည်အထဲ အခက်အခဲပေါင်း မြောက်မြားစွာနှင့်လည်း တွေ့ရသေးသည်။ သစ်ပင်ကို ခုတ်ရမည်လောဟု ဆဲသူကလည်း မနည်း။ သူ့မြေကြီးကို ယူရမည်လောဟု ကြိမ်းသူလည်း အများ။ ရေတွေ ဝိုင်းနေ၍ မြေမှာ တစ်တောင်း ရရန်လည်း မလွယ်ကူလှ။ လာမည့်ဘေးကိုကာကွယ်မည် စိတ်မကူးဘဲ တစ်ကိုယ်ကောင်း ကြံကာ ကိုယ့် အိမ်ကပစ္စည်းများကိုသာ အတွင်းရွှေ့နေသောသူများလည်း ရှိသေးသည်။

လမ်းဗိုလ်နှင့်မောင်ပြုံးချိုကား ချော်လိုက်၊ မြောက်လိုက်၊ အော်လိုက်၊ ဟစ်လိုက်နှင့် တာပေါ်တွင် လမ်းသလား နေရတော့သည်။ ရေကား လျော့ သည်မရှိ။ တက်မြဲ တက်နေလေသည်။ ရေ၊ ရေ၊ ရေ။ နေရာတိုင်းမှာရေ။

ညနေစောင်းသော် သူတို့တစ်တွေ တာပေါ်တွင် လျှောက်လျက်ရှိသည်။ လေပြည်ကလေးသည် သုတ်ဖြူးလျက် ရှိလေသည်။ ကောင်းကင်တစ်ခုလုံး သည် တိမ်နီ တိမ်ဝါတွေနှင့် ယှက်သန်းလျက် ရှိသည်။ တာပေါ်မှနေ၍ လက်ဝဲဘက်သို့ ကြည့်လိုက်လျှင် ရေပြင်ကျယ်ကြီးကို တွေ့မြင်ရလေသည်။ ထိုရေပြင်ကျယ်ကြီး၏အစသည် မောင်ပြုံးချို လျှောက်သွားနေသော တာထိပ်ကို ဦးတိုက်လျက် ရှိသည်။ အချို့နေရာများတွင် ကျော်လုအံ့ဆဲဆဲ ဖြစ်နေ၍ ရွာသားများ လက်ဆည်တမံများဖြင့် 'မောင်မင်းကြီးသား သည်ဘက် မလာပါနဲ့'ဟုဆိုကာ တန့်ရပ်ထားရသည်။ တာ၏အသက်ကား ကုန်ခဲ့လေပြီ။ ရွာသူရွာသားတို့ အသက်ဆက်ထား၍ ဤမျှ ခံနိုင်နေခြင်း ဖြစ်သည်။

လက်ယာဘက်တွင်ကား ရှုမဆုံးနိုင်သော လယ်ကွင်းကြီးများကို တွေ့ရလေသည်။ စပါးပင်တို့သည် ကွင်းလုံးပြည့် လွှမ်းခြုံလျက် ရှိလေရာ မြသားရောင်စိုနေသော ကမ္ဗလာကြီးကို ဖြန့်ခင်းထားသည်နှင့် တူလှပေသည်။

"တက်တဲ့ရေ မကျရင်တော့ ဒီဘက် ရေရောက်လာတော့မှာပဲ"ဟု မောင်ပြုံးချိုနှင့် ပါလာသော တယောဆရာ ဦးဘအေးက ဆိုလေသည်။



"စပါးပင်တွေကလည်း လှလိုက်တာဗျာ။ သေပန်းပွင့်နေတာပါပဲ"ဟု သူကပင် ဆက်၍ပြောပြန်သည်။ မှန်ပေသည်။ ကောက်ပင်တို့ကား မလှစဖူး ထူးထူး ကဲကဲ လှနေကြလေသည်။ အကယ်၍သာ တစ်နေရာရာက ကျိုးလိုက်လျှင် မြစိမ်းရောင်လယ်ပြင်ကြီးသည် မိနစ်အနည်းငယ်အတွင်း ရေတွေနှင့် ဖြူဖြူ ဖွေးသွားပေတော့မည်။

သည်လိုနှင့် ကွမ်းခြံစုရွာသို့ ရောက်လာကြလေသည်။ ထိုရွာကား တာကို ခွလျက် တည်ရှိသည်။ အိမ်ခြေအစိတ်ခန့် ရှိသည်။ လယ်သမား ငါးအိမ်ခန့် ရှိသည်။ ကျန်လူများကား တံငါများနှင့် လယ်သူရင်းငှား အလုပ်သမားများသာ ဖြစ်လေသည်။ လယ်သမားတွေက လယ်ကို ရေလွှမ်းမှာ ကြောက်၍ဂရုစိုက်နေကြသလောက် ကျန်လူများကား ခပ်အေးအေးပင် မင်းတိုင်းကျေလောက် ဆောင်ရွက်ကြလေသည်။ မောင်ပြုံးချို ရောက်လာ၍ အော်လားငေါက်လား လုပ်ခါမှ အိမ်တိုင်းစေ့က လူများ ထွက်လာ၍ လုပ်ကိုင် ကြလေတော့သည်။ အကယ်၍ ကျိုးလျှင် တာတွင်းအိမ်များ ပက်လက်လန်၍ တာပြင်အိမ်များ လဲကျသွားမည်ကို သူတို့ မတွေးမိ။ ရွာအတွင်းရှိ တာများ သည် ပို၍ဆိုးရွားလှတော့သည်။ ရွာထဲတွင် သစ်ပင်ရိပ်တွေကလည်း များ သည်။ မိုးတွင်းတွင် ရေကျ၍ မချောက်နိုင်သည့်ပြင် ကျွဲနွားတွေကို စည်းကမ်းမရှိ တာပေါ်တွင် လျှောက်စေသောကြောင့် တာတွေ နိမ့်ကျကုန် သည်။ အချို့နေရာတွေ လုံးလုံးပျောက်ခမန်း ဖြစ်နေလေသည်။ ထိုနေရာများ တွင် ရွာသားတွေလုံ့လကြောင့် ယခုတက်လာသော ရေဘေးကို ကာကွယ်ထား နိုင်ခြင်း ဖြစ်သည်။ အချို့နေရာများတွင် ဝါးငုတ်များ ရိုက်ကာ ကျားကန်လျက် ကိုက်ပေါင်းများစွာ ရှည်လျားသော တမံငယ်များကို နေ့မအား ညမအား အင်တိုက်အားတိုက် ဆောက်လုပ်ထားကြရလေသည်။ တာရိုးတစ်လျှောက် တွင် ရှိသော ကွမ်းခြံစု၊ ဖြူကြီးကွင်း၊ ဘုရားကြီးကုန်း အစရှိသော ရွာများ တွင် သည်လိုတာတွေနှင့်အတိ ပြည့်နေလေသည်။

အတန်ငယ်သွားမိသော် မြစိမ်းရောင် လယ်ပြင်ကြီးနှင့် စပ်လျက်ရှိ သော ရေပြင်ဖွေးဖွေးကြီးကို လက်ယာဘက်တွင် တွေ့မြင်ရလေသည်။

"အဲဒီရေပြင်ကြီးဟာ လယ်ကွင်းပဲ ပြို့အုပ်မင်း:" ဆယ်အိမ်ခေါင်း ကိုဖိုးကွန်းက ဆိုလေသည်။

"အခုဆိုရင် ကေဘယ်လောက် မြုပ်သွားပြီလဲ" မောင်ပြုံးချိုက မေးလေသည်။

"အခုဆိုရင် ကေသုံးထောင်လောက် ပျက်ပြီ။ နက်ဖြန် ဒီထက် ပျက်ဦးမယ်"

"အခု ပြန် ရေကျသွားရင် ကောင်းပါဦးမလား"

"သုံးလေးရက်လောက်အတွင်း ကျသွားရင်တော့ ကောင်းပါလိမ့်ဦးမယ်။ သို့ပေမယ့် ကျပြီးရင် မိုးရွာပေးမှ စပါးပင်တွေ မသေမယ်။ မိုးဖျန်းမပေးရင် နွံတွေ ကပ်နေတော့ အကုန်သေကုန်မှာပဲ"

မောင်ပြုံးချို ရင်လေးမိတော့သည်။ သုံးလေးရက်အတွင်းလည်း ရေက ကျဦးမည်မဟုတ်။ ကျသည်ဆိုဦးတော့ မိုးက ရွာပါ့မလား။ မိုးရွာသည်ဆိုဦးတော့ သူပြောသလို ရှင်မည်ဟု တထစ်ချမယူဆနိုင်။ 'တောင်သူလယ်သမားတွေ ဒုက္ခတွေ့ကြတော့မည်'ဟု မောင်ပြုံးချိုသည် ညည်းညူမိလေသည်။

စိတ်လေးလေးနှင့် ပြန်လျှောက်ခဲ့သည်။ ညဉ့်တွင်လည်း ကောင်းကောင်းမအိပ်ကြရ။ ချမ်းသာသောရွာများတွင် ဓာတ်မီးတွေ ထိန်ထိန်ထွန်းလျက် စောင့်ကြရသည်၊ ဆင်းရဲသော ရွာများတွင် မီးတုတ်တွေ ထွန်းညှိလျက် တစ်မျိုး၊ မီးတိုင်ခွက်နှင့်တစ်ဖုံ အလှည့်ကျ စောင့်ကြရသည်။ ဆင်းရဲသားတို့မှာကား မီးခွက်နှင့်တာစောင့်ရင်း တာပေါ်တွင် တက်လာကြသော ဖားများကို ဟင်းလျာအတွက် လိုက်ရိုက်နေကြလေသည်။ မောင်ပြုံးချိုလည်း ကောင်းကောင်း အိပ်မပျော်။ ဘယ်နေရာက ကျိုးသည်ဟု ကြားရမလဲဟု တထင့်ထင့်ဖြစ်နေလေသည်။ လူဆူသံကြားတိုင်း ထကြည့်နေရသည်။ အိပ်လို့မပျော်ရသည့်အထဲတွင် ခြေးတွေကလည်း သံစုံအူလျက် ရှိကြလေသည်။ သူတို့အဖို့ အတော်ခက်နေကြလေသည်။ ရေတွေကလည်း ပတ်လည်ဝိုင်း။ သွားရေးလာရေးကလည်း ခက်လှသည်။ တော်သလင်းကလည်း ဆန်းလှဆဲ။ ထို့ကြောင့် သူတို့သည်''ဖော်ကွာဝေးနှင့် မြင်ရုံသာမြင်ရ မကြင်ရ မောင့်ကိုယ်'တေးများကို သီကျူးနေကြဟန် တူသည်။

နံနက်မိုးလင်းသော် ရေသည် တက်မြဲတက်လျက် ရှိလေသည်။ နယ်သူနယ်သားတို့သည် ထိတ်မြဲသိတ်လျက် ရှိနေကြသည်။ တမံများကို



ထပ်ဖို့ကြရသည်။ အချို့နေရာများတွင် အိကျလေရာ သဲအိတ်တွေကို ချထားကြရသည်။ သဲအိတ်ကလည်း လုံလုံလောက်လောက်မရသဖြင့် ချွေချွေတာတာ သုံးနေကြရသည်။

"အင်း ခုမှ ရေကြီးလို့ တော်ပါသေးရဲ့၊ ဂျပန်ခေတ်ကများ ဒီလိုဖြစ်ရင် ဂုန်အိတ် မရှိတာနဲ့ ခက်ဦးမယ်"ဟု လူတစ်ယောက်က ပြောလေသည်။

ထိုနေ့တွင်လည်း တာပေါ်တွင် ခေါက်တုံ့ခေါက်ပြန် လျှောက်နေရသည်။ တစ်နေ့လုံး အော်လိုက်ဟစ်လိုက်နှင့်ပင် တစ်နေကုန်ရပြန်သည်။

"တာဘက်ကလူတွေများဗျာ၊ ခုတော့ မတွေ့ရပါဘူး" ဖြူကြီးကွင်းက လူတစ်ယောက်က ဆိုသည်။

"ဟော့၊ ဒီလူတွေက နွားဖမ်းစရာရှိမှ လာတာကွ"အခြားတစ်ယောက်က ဆိုပြန်သည်။

"ဒီကိစ္စက သူတို့လာလို့လည်း ဘာလုပ်မလဲကွ။ ဒို့ဟာဒို့ လုပ်မှပေါ့"ဟု ဆယ်အိမ်ခေါင်းက ဝင်ပြောလေသည်။

သည်လိုနှင့် အတင်းပြောရင်းပင် နေပူမိုးရွာမရှောင် ရေဘေးကို ကာကွယ်နေကြသော တောင်သူလယ်သမား ဆင်းရဲသားများနှင့်အတူ မောင်ပြုံးချိုသည် ဆောင်ရွက်ဖွယ် ကိစ္စအဝဝကို ဝင်ရောက်လုပ်ကိုင်နေလေသည်။

တတိယနေ့တွင်လည်း ရေသည် တက်မြဲတက်လျက် ရှိသေးသည်၊ စတုတ္ထနေ့တွင်လည်း မရပ်သေး။ ပဉ္စမနေ့တွင်လည်း တက်နေသေးသည်။ လူတွေလည်း အိပ်ပျက် စားပျက်ဖြစ်ကုန်ပြီ။ အိုင်ကြီးမှဝင်လာသော ရေသည်လည်း ကေရှစ်ထောင်ခန့် စပါးလယ်များကို လွှမ်းမိုးပြီးသား ဖြစ်နေလေပြီ။ အထက်ပိုင်းတွင်လည်း ကေတစ်သောင်းနီးနီး ပျက်ကုန်ပြီဟု ကြားရပြန်သည်။ ၁၉၃၉ ခုနှစ်တွင် ရေတစ်ခါ ကြီးဖူးသေးသည်။ ထိုစဉ်က ရေချိန်မှာ ၅၂.၈လက်မသာ ရှိခဲ့သည်။ ယခုနှစ် ရေချိန်သည် ထို ၁၉၃၉ ခုနှစ် စံချိန်ကို ချိုးလိုက်လေသည်။ ယခုနှစ် ဩဂုတ်လ ၁၈ ရက်၊ တော်သလင်းလဆန်း၃ ရက်နေ့တွင် ၅၃.၈လက်မအထိ တက်လာလေရာ လွန်ခဲ့သော စံချိန်ထက် ကျော်လွန်နေပါပြီ။

ကြောက်ဖွယ်လီလီပါတကား။

၁၉၃၉ ခုနှစ် ရေချိန်ကို ကြည့်လျက် အမြင့်ယူကာ ဆောက်လုပ်ထားသော တာအပြင်ရှိ အိမ်တို့၏ ကြမ်းပြင်တွေလည်း ယခုနှစ် ရေမြုပ်ကုန်ပါပြီ။ ဝမ်းစာ စပါးတွေလည်း ရေစိုကုန်ပါပြီ။ လူတွေလည်း နေစရာမရှိ။ အတိဒုက္ခ ရောက်ကြရလေတော့သည်။ သည်အချိန်တွင် ရေသည် တကယ့်ရန်သူ ပါတကား။ ကျွဲစားကျက်တွေလည်း ရေမြုပ်ကုန်ပြီ။ နွားတွေလည်း စားစရာမရှိ။ အချို့နွားတွေ ရေထဲတွင်ကြာရှည်စွာ ရပ်နေကြရ၍ အအေးမိပြီး ကိစ္စချောကုန်သည်။ နွားဟွေသာ မဟုတ်။ ဝက်တွေလည်း ကပ်ဆိုက်သည်။ ဝက်တွေ ရေထဲ မျောပါကုန်သည်။ မျောမပါလျှင်လည်း ထားစရာမရှိ၍ သေမည့်အတူတူ ကပ္ပိ၍ ဈေးထဲတွင် တစ်ပိဿာ သုံးကျပ်နှင့် ရောင်းကြကုန်သည်။

မောင်ပြုံးချိုတို့တစ်တွေ တစ်ညဉ့်လုံး ကောင်းကောင်း မအိပ်ကြရဘဲ တထိတ်ထိတ်နှင့် နေကြရလေသည်။

[ဂျာနယ်ကျော် ၁၉၄၇ အောက်တိုဘာ ၆ ၌
ရေ ရေ ရေ ရေ အမည်ဖြင့် ပါရှိခဲ့သည်။]

## ကယ်ဆယ်ရေး

နံနက်ဆည်းဆာအချိန် ဖြစ်လေသည်။

မောင်ပြုံးချိုသည် အိပ်ရာမှ ကတိုက်ကရိုက် ထလိုက်လေသည်။ သူသည် ပြတင်းပေါက်သို့ ပြေးသွားသည်။ ရေကာတာကြီးဆီသို့ လှမ်းမျှော်ကြည့်လိုက်သည်။ ရေတွေကား ဖွေးမြဖွေးနေသေးသည်။

ရေဦးသည် လူထု၏ဖွဲ့ဖြင့် ထပ်ဆင့်ပြုလုပ်ထားအပ်သော လက်ဆည်တာငယ်ကလေးများ ထိပ်ကို ရိုက်ခတ်လျက် ရှိသည်။ လက်ဆည်တာငယ်ဟုသာ ဆိုရသည်။ အချို့နေရာတွင် သုံးလေးတောင်ခန့် မြင့်နေလေပြီ။ အချို့နေရာများတွင် ရှိသမျှ သစ်ဝါးများနှင့် ကျားကန်ထားကြရလေသည်။

အကယ်၍ ထိုတာငယ်ကလေးများ တစ်နေရာရာမှ ပွင့်ထွက်သွားသော် မောင်ပြုံးချို ဆက်၍မတွေးဝံ့တော့။ အိမ်တွေ လူတွေ၊ ကျွဲတွေ၊ နွားတွေ၊ ဝက်တွေ၊ ကြက်တွေ၊ သစ်ပင်တွေ ရှိသမျှပစ္စည်းတွေ ရေဒဏ်ကြောင့် ပျက်စီးကြရပေတော့မည်။ ဖွဲ့ကောင်းကောင်းနှင့် ပေါက်တူးပေါက်ပြားများကို စွဲကိုင်ကာ အကြီးမားဆုံးရန်သူတစ်ဦး ဖြစ်သည့် ရေဘေးကို ကာကွယ်စွမ်းနိုင်သော မိမိနယ်က လူထုကို အဘယ်မှာလျှင် မချီးကျူးဘဲ နေနိုင်အံ့နည်း။

"ရေ ဘယ့်နှယ်နေသေးသလဲ"

မောင်ပြုံးချိုသည် တာပေါ်တွင် ကြွက်တွင်းကို သဲအိတ်နှင့် ဖာနေသော သူ့တည်းအိမ်ရှင် ကိုဘခက်ကို လှမ်း၍မေးလိုက်လေသည်။

"တစ်လက်မလောက် ကျသွားပြီ"ဟူသောအဖြေကို ရလေသည်။

မောင်ပြုံးချိုသည် ဟင်းခနဲ သက်မကြီး ချလိုက်လေသည်။ ယနေ့မှ မကျဘဲ ရှိနေသေးလျှင် ဆက်လက်ခုခံရန် မလွယ်လှတော့ပါ။

ထိုနေ့နံနက်သည် မောင်ပြုံးချိုတို့ မင်္ဂလာနံနက်ကြီးဖြစ်လေသည်။ "ရေကျပြီ"ဟူသောစကားသည် သူတို့အဖို့ မင်္ဂလာစကားကောင်းကြီး ဖြစ်လေသည်။

မောင်ပြုံးချိုအဖို့ သည်လိုနှင့် မအေးသေး။ ရေဘေးကြောင့် ဒုက္ခရောက်နေကြကုန်သော လူအများအား ကယ်မထောက်ပံ့ရမည့်အရေး ရှိပါသေးသည်။ အဖွဲ့ပေါင်းစုံ အစည်းအဝေးပွဲကြီးများခေါ်၍ ရေဘေး ကယ်ဆယ်ရေးအဖွဲ့ ဖွဲ့ကြလေသည်။ ရေအကျတွင် ဆောင်ရွက်ရမည့် တာဝန်တွေကလည်း များလှပါဘိတောင်း။

ရေဘေးကြောင့် အလုပ်အကိုင် မလုပ်နိုင်သဖြင့် ငတ်နေသူများကို ကယ်တင်ရမည်။ ရေဘေးကြောင့် ပျက်စီးသော လယ်ယာမြေများကို ပြန်လည်စိုက်ပျိုးရမည့် အရေးကလည်း ရှိသေးသည်။ တစ်ဖက်မှကျိုးပျက်၍ ရေတွေ ဒလဟော ဝင်နေသည့်လူထု၏တာကိုလည်း နောက်တစ်ကြိမ် ရေတက်လျှင် သည်လိုမဖြစ်အောင် ယခု ရေအကျတွင် လူထုနည်းဖြင့် ဖို့ကြရမည်။ တာဝန် အသီးသီးကို ဆောင်ရွက်ရန် အဖွဲ့အသီးသီးနှင့် တိုင်ပင်ကာ လုပ်ငန်းစရလေတော့သည်။

ငတ်နေသူများ၏စာရင်းကို ကောက်သူများလည်း ရွာအသီးသီးသို့ ထွက်ခွာသွားကြလေသည်။ အရေးပိုင်ထံသို့ အကျိုးအကြောင်း ပြော၍ အာဟာရ ပြတ်လုဆဲဆဲသူများကို ထောက်ပံ့ရန် သွားရောက် တောင်းဆိုသူများကလည်း သွားရောက်ကြသည်။

မကြာမီ အရေးပိုင်ထံမှ ဆန်အိတ်တွေ ရလာလေသည်။ လုံချည်တွေလည်း ပါလာသည်။ မြန်မြန်ထက်ထက် လိုက်လျောရှာသော အရေးပိုင်မင်းအား အဘယ်မှာလျှင် မောင်ပြုံးချိုတို့နယ်မှ လူထုက ကျေးဇူးမတင်ဘဲ နေနိုင်အံ့နည်း။ ကယ်ဆယ်ရေးကိစ္စကို ရှေ့ဆောင်ခေါင်းရွက်ပြု၍ဆောင်ရွက်ချင်သူတွေလည်း များလှပါဘိတော့သည်။ ရေကြီး၍ သေလုမြောပါး တာဖို့နေကြရစဉ်က ခေါင်းဆောင်ခေါင်းရွက်လုပ်၍ ဆောင်ရွက်မည့်သူ နည်းပါးသလောက် ယခုကယ်ဆယ်ရေးကိစ္စတွင် မားမားမဝ်မတ် အလျှိုအလျှိုပေါ်ပေါက်လာကြလေသည်။ 'အမတော်ကြေးမဆပ်နဲ့'ဟု အော်ဟစ်တတ်သော သခင်ကံကြီးကိုလည်း တာဖို့နေစဉ်က ရှာမတွေ့ပါ။ သူများလယ်ကို အတင်း



ဆင်းထွန်တတ်သည့်ကိုဖိုးဖေကလည်း သွားအကြီးအကျယ် ကိုက်နေသတတ်။ လှပေါ်လည်း ခြေထောက်တွင် ကိုင်းဖတ်ရှ၍ အိပ်ရာမှမထနိုင်ဘဲ ရှိသောဟူ၏။ ယခုမှ သူတို့တစ်တွေကို တွေ့မြင်ရတော့သည်။

မောင်ပြုံးချိုလည်း ကယ်ဆယ်ရေးအဖွဲ့ဝင်များကို ကျေးဇူးတင်၍မဆုံးတော့ပြီ။ သူတို့ ဝိုင်းဝန်းကူညီ၍သာ သည်လောက် မြန်မြန်နှင့် သည်လောက် ခရီးရောက်အောင် ဆောင်ရွက်နိုင်ခြင်း ဖြစ်သည်။ မောင်ပြုံးချိုတစ်ယောက်တည်းသာ လုပ်နေရမည်ဆိုလျှင် အဘယ်မှာလျှင် သည်ကိစ္စကြီးပြီးနိုင်တော့အံ့နည်း။ သို့သော် သည်ကိစ္စကား လွယ်မယောင်နှင့် ခက်လှပါဘိတောင်း။

ငတ်နေသူများ စာရင်းကောက်သည်နှင့်တစ်ပြိုင်နက် အငတ်တွေ မှိုလိုပေါက်လာလေတော့သည်။ လယ်သမားကလည်း ငတ်လိုက်သည်။ ပန်းပဲသမား ကလည်း ငတ်လိုက်သည်။ အင်းသမားကလည်း ငတ်လိုက်သည်။ ဈေးသည်ကလည်း ငတ်လိုက်သည်။ အရက်သမားကလည်း ငတ်လိုက်သည်။ လူကြီးမင်းများ ကောက်လာသောအငတ်စာရင်းကို ကြည့်လိုက်လျှင် အနန္တော အနန္တ မရေတွက်နိုင်အောင် များပြားလှသည့် အငတ်တွေကို တွေ့ရလေသည်။ ကျိုးလုအံ့ဆဲဆဲ တာကြီးကို အင်တိုက်အားတိုက်ဖို့နေရသည့်အချိန်က သွားကိုက်နေသည့် ဖိုးဖေကြီးလည်း ထလာလေသည်။ ကိုင်းဖတ်ရှသည့် လှပေါ်လည်း မာလာလေပြီ။ ခရီးလွန်နေသည့် သာအေးလည်း ပြန်ရောက်လာလေပြီ။ သူတို့နာမည်တွေလည်း အိမ်ထောင်စုံ ဆန်ရမည့်စာရင်းတွင် ပါလာလေသည်။

"ငတ်တဲ့လူတွေ သိပ်များပါလားဗျ" မောင်ပြုံးချိုက နိဒါန်းပျိုးလိုက်လေသည်။

"ဟုတ်ကဲ့။ ငတ်တဲ့လူတွေ သိပ်များပါတယ်"စာရင်းကောက်သော လူကြီးမင်းက ဆို၏။

"တကယ်ငတ်တဲ့လူတွေ ဟုတ်ရဲ့လားဗျာ"

" ဟာ တကယ်ငတ်တာပါ။ မြို့ပိုင်မင်းကိုယ်တိုင် လိုက်ကြည့်စေချင်ပါတယ်"

"တစ်ရွာတစ်ရွာမယ် အိမ်ထောင်ပေါင်း တစ်ရာလောက်တော့ မငတ်နိုင်ဘူး ထင်တယ်"

"တကယ်ငတ်ပါတယ်။ ဒီလူတွေအားလုံး ပစ္စည်းမဲ့လူတန်းစားတွေချည်းပါပဲ။ အခု အင်မတန် ကျပ်တည်းနေပါတယ်"

"ကျပ်ရုံနဲ့မဖြစ်ဘူး၊ ငတ်နေမှ ပေးနိုင်မယ်။ ကျပ်ရုံနဲ့တော့ ကျွန်တော်လည်း လကုန်ခါနီးဆိုရင် ကျပ်တာပဲ"ဟု မောင်ပြုံးချိုက ဆိုသည်။

"ဒီလူတွေမှ မဝေရင်တော့ ငတ်သေကုန်တော့မှာပဲ" စာရင်းကောက်သော လူကြီးမင်းက ဝမ်းနည်းသံနှင့် ပြောလိုက်သည်။

"ဒီဖိုးဖေဆိုတဲ့ လူကောဗျာ၊ ငတ်နေသလား"

"ငတ်ပါတယ်၊ သူလည်း ပစ္စည်းမဲ့ပါပဲ" တောင်သူလယ်သမားသမဂ္ဂဝင် ကွန်မြူနစ်*ခေါင်းဆောင်က ဆိုသည်။

"တာဖို့ဖို့ ခေါ်တုန်းက သွားကိုက်တယ်ဆိုပြီး မပါဘူး။ တကယ်ကိုက်သလားလို့ သူ့ရွာသားတွေ မေးတော့ ရယ်နေကြတယ်"

"ဟာ ဒီလူ လာပါတယ်။ ကျွန်တော်တို့နဲ့အတူဖို့တာပဲ။ မြို့အုပ်မင်းမမြင်လို့ ဖြစ်ပါလိမ့်မယ်" တောင်သူလယ်သမား အစည်းအရုံးဝင် ဆိုရှယ်လစ်ခေါင်းဆောင်က ဆိုသည်။

မောင်ပြုံးချို၏ မျက်လုံးအစုံသည် ကန်းပစ်လိုက်ရပြန်သည်။ ကိုဖိုးဖေအကြောင်းကို မောင်ပြုံးချို ကောင်းကောင်းသိသည်။ ထို့ကြောင့် သူ့နာမည်ကို အငတ်စာရင်းမှ ဝမ်းနည်းစွာနှင့် ဖျက်လိုက်ရလေသည်။

"မြို့အုပ်မင်း ဝေသာဝေပါ။ ပေးထားတဲ့ဆန်အိတ် မလောက်ရင် ထပ်တောင်းတာပေါ့" တစ်ယောက်က လွယ်လွယ်ကလေးပင် ပြောလိုက်သည်။ လူထုအတွက် အတော် စေတနာကောင်းရှာသည့် ပုဂ္ဂိုလ်မြတ်ကြီးပေတကား။

"ဒီအောက်ပိုင်းမှာထက် အထက်ပိုင်းက ပိုအရေးကြီးပါတယ်။ ၁၀ ရက်စာဝေမှ ဖြစ်မယ်" ဦးဥတိုက ဝင်၍ တောလိုက်ပြန်သည်။

"ဘာဖြစ်လို့ပါလိမ့်ဗျာ"

"အထက်ပိုင်းက လူတွေက ပိုငတ်ပါတယ်"

"ဘာဖြစ်လို့ပါလိမ့်ဗျာ"

* ထိုစဉ်က ကွန်မြူနစ်များ တောမခိုသေးပါ။



"ငတ်ကို ငတ်လို့ပါ"

"ဘာဖြစ်လို့ ပိုပြီး ငတ်ကြပါလိမ့်"

"သူတို့မယ် ဝမ်းစာကို မရှိရှာကြပါဘူး"

"မနှစ်ကကော ဝမ်းစာရှိပါသလားဗျာ" မောင်ပြုံးချိုက မေးပြန်သည်။

"မရှိပါဘူး"

"တစ်နှစ်ကကော"

"မရှိပါဘူး"

"လွန်ခဲ့တဲ့ ငါးနှစ်ကကောဗျာ"

"မရှိပါဘူး"

"သြော် သြော် သြော်"

မောင်ပြုံးချို၏ပါးစပ်သည် တစ်မိုက်ခန့် အံ့သြခြင်းဖြင့် ပွင့်သွားလေ၏။ တကယ့်ခေါင်းဆောင် ပီသပေသည်။ လူထုသက်သာချောင်ချိရေးကို တကယ်ရှုပ်ရှုပ်ချွံချွံ တိုက်နေသည့်ခေါင်းဆောင်ကြီးတည်း။ မောင်ပြုံးချိုသည် ဝမ်းထဲက ကျိတ်၍ ချီးကျူးနေစဉ် "အဲဒီဘက်မယ် သူ့လယ်တွေ အများကြီး ရှိတယ်" ဟူသော အသံတိမ်ကလေးကို ကြားလိုက်ရမှ ဟနေသောပါးစပ်ကို စိ၍ ပြုံးနေလိုက်ရပေတော့သည်။

"မြို့ပိုင်ကလည်း သူ့အဖေပစ္စည်း ကျနေတာပဲ။ နှမြောနေလိုက်တာ။ ဝေမှာဝေတာမဟုတ်ဘူး"ဟူသောအသံကိုလည်း သဲ့သဲ့ကြားရပါသေးသည်။

သည်လိုနှင့် ဆန်ဝေမည့်နေ့သို့ ရောက်လာလေသည်။ စာရင်းပါလူများ ရောက်လာကြလေသည်။ ဆန်ဝေရာတွင် ကူညီကြသည့် ရဲဘော်ရဲမေများလည်း စုံစုံညီညီ ရောက်နေလေသည်။

ဆန်မဝေမီ ပရိသတ်အားလုံးက အလံတော်ကို အလေးပြုပြီးနောက် ကျဆုံးသောခေါင်းဆောင်ကြီးများကို အလေးပြုကာ အဖွဲ့အသီးသီးမှ ခေါင်းဆောင်အသီးသီးတို့က အာဝဇ္ဇန်းရွှင်ရွှင် စကားပြောကြလေသည်။ ကွန်မြူနစ်၊ ဆိုရှယ်လစ်ရဲဘော် အားလုံးထ၍ တတ်သ၍ မှတ်သ၍ ဥဒါန်းကျူးကြကုန်၏။ စကားပြောပြီးသော် ကွန်မြူနစ်ပါတီဝင် ရဲဘော်လုထွန်းက တစ်ယောက်တည်း သီချင်းဆိုပြန်သည်။ သူ့အသံကလည်း ကောင်းပါဘိသည်။ သီချင်းထဲတွင် 'လယ်တွေ အတင်းထွန်မည်' ဟူ၍လည်း ပါသည်။

'သူပုန်သူပုန် ထထ'ဟူ၍လည်း ပါသည်။ မောင်ပြုံးချို၏ကျောသည် စိမ့်၍ စိမ့်၍သွားလေသည်။ သီချင်းပြီးမှ သက်ပြင်းချရတော့သည်။

ဆန်စ၍ဝေပြီ။ အိမ်ထောင်အလိုက် လူဦးရေကို လိုက်၍ လူကြီး တစ်ဦးလျှင် တစ်နေ့နို့ဆီဘူး သုံးလုံး၊ ကလေးတစ်ဦးလျှင် တစ်နေ့ နို့ဆီဘူး နှစ်လုံးနှင့်တွက်၍ ၅ ရက်စာ ဝေပေးလေသည်။ မီးသတ်သင်းမှ နာမည်ခေါ် လိုက်ရာ ရဲမေများက ဆန်ခြင်ပေးကြလေသည်။ ငတ်ပါသည်ဟု စာရင်းပေး ထားပြီးမှ ဝေသည့်နေရာတွင် လာရောက်မယူဘဲ ရှက်သလိုလိုဖြစ်နေသူများ လည်း အများပင် ရှိလေသည်။ အချို့လည်း လူကြီးကိုယ်တိုင် မလာဘဲ လူငယ်လူမမယ်များကို လွှတ်၍ အယူခိုင်းသဖြင့် ဖိတ်ဖိတ်စဥ်စဥ် ဖြစ်ကုန် ရသည်။ ပြီးခါနီးလေ ဆူညံဆူညံဖြစ်လာလေ။ အချို့သူတို့က နာမည်ကို ဖျက်ပစ်ရမည်လောဟု လူကြီးတွေကို ကက်ကက်လန်အောင် ရန်တွေ့နေကြ လေသည်။ အချို့ကလည်း "ကောင်းပါပေ့တော်။ မယ်ပုတော့ ထည့်တယ်။ ကျုပ်နာမည်တော့ ဖျက်တယ်။ ကျုပ်နဲ့မယ်ပု ဘယ်သူက ဆင်းရဲသတုံးဟင်။ အရပ်ကတို့၊ ကျုပ်နဲ့မယ်ပု ဘယ်သူက ဆင်းရဲသတုံး"ဟု ထောင့်တစ်ထောင့် ကနေ၍ အထက်ဘဝင် အောက်အဝိစိရောက်အောင် အော်သူက အော်နေ သေးသည်။

"မြို့ပိုင်မင်း၊ ကျွန်တော်ဆင်းရဲပါတယ်။ အဲဒါနာမည်ယူပြီးမှ ဖျက် ပစ်တယ်"ဟု လူတစ်ယောက်က လာ၍ တိုင်ပြန်သည်။

"အေး၊ ဆင်းရဲရုံနဲ့ မပြီးဘူး။ ငတ်မှ ပေးတာ"

"ကျွန်တော် ငတ်ပါတယ်"

ငတ်နေပါသည်ဟု ပြောနေသူပါးစပ်မှ တောအရက်နံ့ လှိုင်နေလေ သည်။

"လှဘူးနာမည် မပါဘူးလား" ခေါင်းဆောင်တစ်ယောက်က မေးပြန် သည်။

"ဖျက်ထားတယ်" အခြားခေါင်းဆောင်တစ်ယောက်က ဖြေလေသည်။

"ဘာပြုလို့တုံးကွာ။ သူ့ခမျာ ငတ်နေရှာပါတယ်"

"မိန်းမနှစ်ယောက်နဲ့မို့တဲ့"



"ဟာ၊ ဘာဆိုင်လို့လဲကွာ။ သူ့ခမျာ နှစ်ယောက်တောင် ယူထားရှာတာ။ ပိုပြီး တာဝန်ကြီးနေတော့ သူများထက်တောင် ပိုပေးထိုက်ပါသေးတယ်"

"မြို့ပိုင်က မိန်းမနှစ်ယောက်တောင် ယူနိုင်သေးတာ။ မငတ်နိုင်ဘူးတဲ့"

"ဟင်၊ အဲဒါ မင်းတို့ မြို့ပိုင် ပညာရှိဆိုပြီး အယူအဆလွဲတာပဲ။ ဒို့ရွာမယ် ဘယ်လောက် မုဆိုးမတွေ ပေါသလဲ။ အားကိုးရာမဲ့ ဖြစ်နေလိုက် ကြတာ သားသမီးတွေ တပြုံတခေါင်းကြီးနဲ့ မင်း သူတို့ကို ယူပါဆိုရင် ယူမလား"

"ဟာ၊ ဘယ်ယူမလဲကွ"

"အေး၊ လှဘူးဟာ သူများ မတတ်နိုင်တဲ့ အလုပ်ကို သူလုပ်တယ်။ သူဟာ သားသမီးတွေ တပြုံတခေါင်းကြီးတွေနဲ့ မုဆိုးမနှစ်ယောက်ကို ယူ ထားတော့ တို့က သူ့ကို ချီးကျူးရမယ်။ အမျိုးသမီးနှစ်ယောက်နဲ့ သား သမီးတွေရဲ့တာဝန်ကို သူထမ်းနေတယ်မဟုတ်လား။ ဒါကြောင့် သူ့နာမည် လေးတော့ ထည့်ပေးလိုက်ပါကွာ"ဟု တောင်းတောင်းပန်ပန် ပြောနေသည် ကို မောင်ပြုံးချိုသည် ခပ်လှမ်းလှမ်းမှ မကြားချင်ပြု၍ နားထောင်နေလေ သည်။

အခြားတစ်ယောက်က "မြို့ပိုင်ပြော"ဟူသော သဘောနှင့် မောင်ပြုံးချို သို့ မေးငေါ့ပြလေသည်။ သူသည် မောင်ပြုံးချိုအနားသို့ ကပ်လာလေသည်။

"လှဘူးတစ်ယောက်တော့ ပေးထိုက်ပါတယ်" ထိုခေါင်းဆောင်က မောင်ပြုံးချိုအား ပြောကြားလေသည်။ သူပြောသော စကားများကို ကြား၍ သဘောပေါက်ပြီးဖြစ်သောမောင်ပြုံးချိုက "ပေးလိုက် ပေးလိုက်"ဟု တိုတို တုတ်တုတ် အမိန့်ချမှတ်လိုက်လေ၏။

သို့နှင့် ဆန်ဝေသော လုပ်ငန်းကြီး ပြီးဆုံးပါတော့သည်။

[ဂျာနယ်ကျော် ၁၉၄၇ အောက်တိုဘာ ၁၃]

## စစ်ပွဲ

"ကျွန်တော်တို့တော့ ဒုက္ခတွေ့ကြပေါ့"

လယ်သမားတစ်ဦး၏ညည်းညူသံသည် မောင်ပြုံးချိုနားထဲတွင် စွဲနေလေသည်။ မှန်သည်။ သူတို့ ဒုက္ခတွေ့ကြရပေပြီ။ သူတို့ အားကိုးရာ လယ်ကွင်းကြီးတစ်ခုလုံး ပျက်ပြုန်းကြရလေပြီ။ အချို့လယ်ကွင်းများ ယခုထက်ထိ ရေတွေနှင့် ဖွေးဖွေးဖြူလျက် ရှိသေးသည်။ အချို့နေရာများတွင်ကား စစ်ရှုံးသော စစ်သည်တော်များကဲ့သို့ ကောက်ပင်တို့သည် နွမ်းလျညှိုးခွေငိုက်စိုက်ကျလျက် ရှိလေသည်။ အချို့နေရာများတွင်ကား ရွံ့ညွန်အလိမ်းလိမ်းကပ်လျက် ယိုင်လဲနေကြလေသည်။ အချို့နေရာများတွင်ကား ရေရှိန်ကြောင့် ပင်လုံးကျွတ် ပြုတ်ပြုတ်ပြုန်းလျက် မြေသားအတိကိုသာ တွေ့ရပေတော့သည်။ အချို့နေရာများတွင်ကား ညွန်သားတစ်မိုက်ခန့် တက်လျက် ကောက်ပင်တို့ကို ဖိသတ်ပြီးသားဖြစ်နေလေပြီ။ ကမ္ဗလာကြီးကဲ့သို့ စိမ်းစိမ်းစိုစိုနေခဲ့သော လယ်ကွင်းကြီးတစ်ခုလုံးသည် အသွင်အမျိုးမျိုးသို့ ပြောင်းကာ ပျက်စီးခြင်းမက ပျက်စီးနေလေပြီ။

မိုးဦးကျကတည်းက မနေမနားကြိုးစား လုပ်ကိုင်လာခဲ့သော လယ်သမားသည် ရင်ကျိုး၍ ငိုပွဲကြီးဆင်ရုံသာ ရှိပေတော့သည်။ မိုးဦးကျစအခါက ဆိုလျှင် နွားကြန်စုံရှင်သည် ကြိမ်လုံးကလေး မကာ မကာနှင့် တဟဲဟဲ ရေရွတ်ရင်း လယ်ထွန်နေသည်ကို မောင်ပြုံးချို မြင်ခဲ့ရသည်။ နောက်တစ်ပတ်လာလျှင် ကျယ်ပြန့်သော လယ်ကွင်းကြီးတွင် ကွက်ကြားကွက်ကြား စိမ်းစိမ်းစိုနေသော ပျိုးခင်းများကို တွေ့မြင်ရလေသည်။ နောက် ၁၅ ရက်ခန့်ကြာ၍ တစ်ခေါက်ရောက်သောအခါ ကောက်စိုက်မတို့သည် သူ့အသင်းနှင့်သူ မိုးတစိမ့်စိမ့်တွင် ခမောက်ကိုယ်စီနှင့် ထဘီတိုတို ဝတ်ကာ သီချင်းတကြော်ကြော်သံပြိုင်ဆိုရင်း ကောက်စိုက်နေသည်ကို တွေ့မြင်ရလေသည်။ နောက်တစ်ပတ်



ရောက်လာပြန်သောအခါ ကမ္ဗလာစိမ်းကြီး ဖြန့်ခင်းထားသကဲ့သို့ ရှုမငြီးနိုင်သော လယ်ကွင်းကြီးကို တွေ့မြင်ရလေသည်။

လယ်သမားတို့သည် လေဟပ်တိုင်း တလူလူ လှုပ်ရှားနေသည့် စပါးပင်များကို ကြည့်ရင်း အားတက်မိကြပေလိမ့်မည်။ မောင်ပြုံးချိုလည်း သူတို့နှင့်အတူ စိတ်အားတက်ကြွမိလေသည်။ လယ်သမား ဖိုးတေလည်း စိမ်းနေသော စပါးပင်ကို ကြည့်ရင်း စပါးပေါ်ချိန်တွင် သူထိုးမည့် အလှူမဏ္ဍပ်ကြီးကို မြင်ယောင်နေသည်။ သံဃာတော်များ ကြွလာသဖြင့် တီးလိုက်သည့် ဖြေသံ၊ ရေစက်ချပြီး အမျှဝေသောအခါ ရိုက်ခတ်လိုက်သည့် ကြေးစည်သံတွေကို ကြားယောင်နေသည်။ ဦးပြည်းပြောင်ပြောင် သင်္ကန်းရောင်ရွှန်းရွှန်းနှင့် ယပ်ကြီးကို ထမ်း၍ ဆရာဘုန်းတော်ကြီး နောက်မှ လိုက်ပါသွားသော သူ့သား ဖိုးထွားကိုလည်း သူမြင်ယောင်နေသည်။ ယခုသော် သူ၏ မျှော်လင့်ချက်တောင်ကြီး အစိတ်စိတ်အမြွှာမြွှာ ပြိုကွဲပျက်စီးသွားလေပြီ။

ဖိုးမဲ့အဖို့လည်း စိတ်မချမ်းသာစရာ။ သူသည် သည်နှစ် စပါးပေါ်ချိန်တွင် လေတိုက်လျှင် လဲတော့မည့် သူ့အိမ်ကလေးကို ပြင်ဆောက်မည်ဟု အားတက်သရော လယ်လုပ်ခဲ့သည်။ အိမ်ပေါ်တွင်လည်း ပြင်းပြင်း မလျှောက်ဝံ့အောင်ပင် သူ့အိမ်သည် ခနော်နီ ခနော်နဲ့ဖြစ်နေသည်။ မြောက်ဘက်က ကာထားသော ကျူထရံတွေလည်း ပေါက်ပြဲကုန်ပြီ။ ဝါးကြမ်းတွေလည်း ကျိုးတိုးကျဲတဲ သက်ကယ်မိုးကလည်း မလုံ့တလုံ။

"ဟဲ့ ဖြည်းဖြည်းနင်းပါဟဲ့"ဟု ဓနီးမပုတိုက သူ့သား စီလံကို လှမ်း၍ အော်လိုက်တိုင်း "ဖြည်းဖြည်း နင်းဦးဟေ့ သားရေ။ စပါးပေါ်ချိန်မှ အိမ်ခိုင်ခိုင် ဆောက်ပေးမယ်"ဟု ဖိုးမဲ့က ဝင်၍ ပြောတတ်သည်။ ယခုသော် သူဆောက်မည့် သစ်လေးပင် ပျဉ်ထောင်၊ ပျဉ်ခင်း သွပ်မိုးအိမ်သည် မဆောက်ရခင်က ရေထဲတွင် မျောပါသွားလေပြီ။

သည်ရေသည် ဒီလုံးနှင့် လှခင်တို့ ယဉ်နေသမျှ စိတ်ကူးတွေကိုလည်း အရှိန်ပြင်းစွာ တိုက်ခိုက်ဖျက်ဆီးပစ်လိုက်ခဲ့လေပြီ။ သူတို့နှစ်ဦးသည် ငယ်ချစ်များ ဖြစ်ကြလေရာ ဒီလုံးက နှစ်ဆယ်ကျော်၊ လှခင်က ဆယ့်ရှစ်နှစ်ခန့်။ ယခု ကောက်ရိတ်ချိန် ငွေစကလေးများပေါ်လျှင် ထိမ်းမြားဖို့ နှစ်ဖက်သော လူကြီးမိဘများ စေ့စပ်ထားပြီးဖြစ်သည်။ ဒီလုံးသည် ခန်းဝင်ပစ္စည်းအတွက်

အိပ်ရာထိုင်ခင်းဝယ်ဖို့လည်း စိတ်ကူးထားသည်။ ရွှေပါးပါးနှင့် ဆွဲကြိုးလေး တစ်ကုံးလည်း သူ့ဇနီးလောင်းကို ဆင်လိုက်ချင်သေးသည်။ လှခင်ကလည်း သူ့ချစ်သူ ဒီလုံးနှင့် ဂဟေဆက်ရတော့မည့်အရေးကို တွေးမိတိုင်း ရင်ကလေး တဖိုဖိုနှင့်ပင် ပျော်နေခဲ့သည်။ ယခုတော့ သူတို့ ယဉ်ခဲ့သမျှ စိတ်ကူးတွေကို စပါးပင်တွေနှင့်အတူ အမြစ်မှ ပြတ်အောင် ချေမှုန်းဖျက်ဆီးခြင်းခံလိုက်ရလေပြီ။

သည်ရေသည် ဆင်းရဲသား တောင်သူလယ်သမား ငမွဲများကိုသာ ထိခိုက်သည် မဟုတ်။ ဒေါ်လှမေလို စပါးပေး ပေးထားသည့် လူရတတ်များကိုလည်း ထိခိုက်သည်။ ယခုနှစ်ဆိုလျှင် စပါးပေး တစ်ရာငါးဆယ်၊ တစ်ရာ ခုနစ်ဆယ်ငါးကျပ်နှုန်း ပေးထားရသည်။ သို့သော်လည်း လူတိုင်းကို မပေးဝံ့။ စပါးပေါ်ချိန်ကျမှ "မပေးနဲ့၊ မပေးနဲ့"လို့ အော်နေလျှင် မခက်ပါလော။ အလွန်ရင်းနှီး၍ ယုံကြည်လောက်သောသူများကိုသာ စွန့်၍ ပေးထားသည်။ ငွေတစ်ထောင်မြှုပ်လိုက်လျှင် စပါးပေါ်ချိန်တွင် နှစ်ထောင် ဖြစ်မည်။ တစ်သောင်းမြှုပ်လျှင် နှစ်သောင်း ဖြစ်မည်။ အတော်သွားရည်ကျစရာကောင်းသည့်အလုပ်။ ဒေါ်လှမေကြီးလည်း စိမ်းလန်းနေသည့်စပါးပင်တွေကို ကြည့်ရင်း စိတ်အားတက်ကြွခဲ့မိသည်။ ရေတက်လာသောအခါ သူ ရင်တဖိုဖို ဖြစ်လာသည်။ ရေတာခိုက်လာသောအခါ အသည်းနှလုံး တုန်လာသည်။ အိမ်နားက တာထိပ်ကို ရေခိုက်လာသည့်အခါ ညဥ့်တွင် အိပ်မပျော်တော့ချေ။ အိုင်ကြီးဘက်မှ တာကျိုးပြီဟူသော သတင်းနှင့် မရှေးမနှောင်းပင် လယ်ပြင်မှာ ရေဖွေးပြီဟူသောသတင်း ဒေါ်လှမေထံသို့ ရောက်လာလေတော့သည်။ နောက်တစ်နေ့တွင် ဒေါ်လှမေ အဖျားတက်နေသည်ဟူသော သတင်းကို မောင်ပြုံးချိုကြားရလေတော့သည်။

ပျက်စီးပါသည်။ ပျက်စီးပါသည်။ အများကြီး ပျက်စီးပါသည်။ မောင်ပြုံးချို၏ မြို့နယ်တစ်နေရာတွင်ပင်လျှင် လယ်ဧက နှစ်သောင်းခန့်၊ ခရိုင်တစ်ခုလုံးဆိုလျှင် တစ်သိန်းခန့် ပျက်စီးပါသည်။ သည်လယ်ဧကတစ်သိန်းအတွက် အမတော်ကြေး ငါးသိန်းထက်မနည်း ထုတ်ပေးပြီးပြီ။ ထို ငါးသိန်းနှင့် ဧကတစ်သိန်းတည်းဟူသော လယ်ခင်းကြီးကို အောင်မြင် ဖြစ်မြောက်အောင် တို့မြန်မာလယ်သမားတွေ နွားနှင့်ဖက်၍ ရန်းကာ ထွန်ယက် လုပ်ကိုင်ခဲ့ကြ



သည်။ ထိုစပါးပင်တို့သာလျှင် သူတို့အဖို့ အားကိုးရာ ဖြစ်သည်။ ထိုစပါးပင်တို့သာလျှင် သူတို့ စားစရာ ဖြစ်သည်။ ဝတ်စရာလည်း သည်စပါးပင်။ အမတော်ကြေး ပြန်ဆပ်ရန်မှာလည်း သည်စပါးပင်။ လှူစရာလည်း သည်စပါးပင်။ လူမှုကိစ္စအဝဝ ဆောင်ရွက်ရန်မှာလည်း သည်စပါးပင်။ သည်မြစိမ်းရောင် စပါးပင်တို့သည် လယ်သမားလောကကြီး တစ်ခုလုံးကို သာယောင့်သာယာ ဖြစ်စေခဲ့သည်။

ယခုသော် တစ်မှုကား သည်စပါးပင်တွေ ပျက်ပျက်ပြုန်းကုန်ခဲ့လေပြီ။ စပါးပင်တွေ ပျက်ပြုန်းခြင်းသည် တို့မြန်မာလယ်သမားလောကကြီး ပျက်ပြုန်းခြင်းမည်သည်။ စပါးပင်မှ စပါးမရသော် ကိုရွှေလယ်သမားသည် ဘာကို စားမည်နည်း။ အဝတ်လည်း မဝတ်နိုင်။ အိမ်လည်းမဆောက်နိုင်။ လှူလည်း မလှူနိုင်။ လယ်သမား လောကကြီးတစ်ခုလုံးကို သွက်သွက်ခါ သွားစေတော့သည်တကား။

ဗိုလ်ချုပ်အောင်ဆန်း အစရှိသော အပေါင်းပါခေါင်းဆောင်ကြီးများ သူသတ်သမားလက်ချက်ဖြင့် ရေတိမ်တွင်နစ်၍ ပျက်စီးကြရသဖြင့် နိုင်ငံတော်အလုံး ကြိမ်မီးအုံးသကဲ့သို့ ယူကျုံးမရဖြစ်နေရသည့်အချိန်တွင် တို့မြန်မာများ၏ အသက်သွေးခဲဖြစ်သော စပါးပင်တို့ ရေနက်တွင် နစ်၍ ပျက်စီးကြရပြန်သည်။ ခေါင်းဆောင်ကြီးများ ကျဆုံးသဖြင့် မြန်မာပြည်သည် ပို၍ စည်းလုံးလာသည်ကို တွေ့မြင်ကြရပြီးဖြစ်သည်။ ယခုတစ်ကြိမ်တွင် ငါတို့၏သွေးကြောကို အဖြတ်ခံရငြားလည်း ငါတို့ဗုန်းဗုန်းလဲမကျစေဘဲ အားတင်း၍ ပြန်လည်ထူထောင်မှုကို အစွမ်းကုန် ကြိုးပမ်းရမည့်အချိန်ဖြစ်သည်ကို လူတိုင်းသတိချပ်ရပေတော့မည်။

"လိုသည်။ လိုသည်။ အများကြီး လိုသည်" မောင်ပြုံးချို ရေရွတ်မိသည်။ လူထုကလည်း တောင့်ထားရမည်။ အစိုးရကလည်း တောင့်ထားရမည်။ လူထုကလည်း ကြိုးစားရမည်။ အစိုးရကလည်း ကြိုးစားရမည်။ လူထုသည် အစိုးရ၊ အစိုးရသည် လူထုဖြစ်နေရမည့်အချိန် ဖြစ်သည်။ သူတို့နှစ်ဦး အတူတူ ဖြစ်နေရမည်။ နှစ်ကိုယ့်တစ်စိတ် ဖြစ်နေရမည်။ သို့မှသာလျှင် လိုရာခရီးသို့ မနှောင့်မနှေး ရောက်မည် ဖြစ်သည်။ လူထုအစည်းအရုံး အဖွဲ့အစည်းတွေကလည်း ပြန်လည် ထူထောင်မှုကို အင်တိုက် အားတိုက်

ပြုလုပ်ကြရမည်။ ပျက်သော လယ်တွေ ပြန်စိုက်ရေး၊ ကျိုးသော တာတွေ ပြုပြင်ရေး၊ သည်တာတွေကို လူထုစနစ်နှင့် လူထုအတွက် လူထုက လုပ်ကြရမည်။ အစိုးရဘက်က လူတွေကလည်း ယခုနေအခါသည် ပိုကာဆွဲနေရန် အချိန်မဟုတ်။ အရက်ကလေး တမြမြနှင့် လေကလေး တချွန်ချွန် လုပ်နေရန် အချိန်မဟုတ်။ လူထုနှင့်အတူ အင်တိုက်အားတိုက် အခွင့်အရေး ရှိသလောက် ဆောင်ရွက်ကြရမည်။ တော်သလင်းလကုန်သွားလျှင် ပျက်ပြီးလယ်တွေကို ပြန်၍ စိုက်နိုင်တော့မည် မဟုတ်။ ယခုအချိန်တွင် လယ်သမားတို့သည် အချိန်နှင့် စစ်ဆင်နေရလေသည်။ တစ်နေ့တစ်နေ့နှင့် နေ့တွေကုန်လွန်သွားသဖြင့် အချိန်ကို အရှုံးပေး ပေးလိုက်ရသော ဗုန်းဗုန်းလဲ၍သွားဖွယ်ရာသာ ရှိတော့သည်။ ထို့ကြောင့် လူထုအလုပ်လုပ်အောင် (ဝါ) သည်စစ်ကြီးကို နိုင်အောင် မှုထမ်းရာထမ်းတို့သည် မိမိတို့တွင် ရှိသည့်တာဝန်၊ အခွင့်အရေး၊ အာဏာတည်းဟူသော လက်နက်ဖြင့် အစွမ်းကုန် အကူအညီပေးမှ ဖြစ်မည်။ ပြည်သူလူထုကလည်း မှုထမ်း၊ ရာထမ်းတွေ ခေတ်ကို အမီမလိုက်ဘဲ နောက်ချန်နေလျှင် နည်းအမျိုးမျိုးဖြင့် အရေးဆိုကြရမည်။ အကြင်အရာရှိသည် အရေးဆိုမှ လုပ်ကိုင် ဆောင်ရွက်တတ်သည်ဖြစ်အံ့။ ထိုအရာရှိသည် လူညံ့စာရင်းတွင် သွတ်သွင်းမည် ဖြစ်တော့သတည်း။

အလုပ်စကြပါစို့။ အချိန်ဆွဲနေ၍ မဖြစ်ပါ။ မိုးတွင်းအခါ အလုပ်ပါးသဖြင့် ခပ်ပေါ့ပေါ့နေမည် ကြံစည်နေကြသော မြေတိုင်းစာရေးအားလုံးလည်း နွံတွေရေတွေထဲတွင် ကွင်းဆင်းကြရတော့သည်။ ပျက်သော လယ်ကေတွေကို မှတ်သားကြရသည်။ စိုက်ပြီးဧရိယာနှင့် ပျက်သည့် ဧရိယာစာရင်းများ လုပ်ကိုင်ကြရလေသည်။

ပျက်သည့်စာရင်းကို မြင်ရသော မောင်ပြုံးချိုသည် ရင်တုန်မိတော့သည်။ ပြန်စိုက်နိုင်ဦးမည်လော။ မလွယ်လှပါ။ မလွယ်ပါ။ မျိုးတွေလည်း ရေတွင်မြုပ်၍ သေကုန်လေပြီ။ အနီးအနားတွင်ရှိသော စိုက်ပင်များကို ဝယ်၍ စိုက်လျှင် ဖြစ်ပါသေးသည်။ လယ်သမားတို့တွင် ဝယ်စရာငွေမရှိပါ။ စောစောက ချေးထားသော အမတော်ကြေးများလည်း လယ်စရိတ် စားသဖြင့် ကုန်ပါပြီ။ ငွေရှိပြန်ကလည်း စိုက်ပင်များကို လိုသလောက် ရမည်မဟုတ်။



ရပြန်ပါကလည်း အဖိုးကြီးကြီး ပေးရမည်။ တစ်ကေ ငွေသား ၉၀ ကျပ် ပေးရမည်ဟု မိမိတို့လယ် ရေမြုပ်မခံရသော လယ်သမားများက ဈေးတင်ကာ ဟစ်နေကြသည်။ စပါးပေါ်ချိန်မှ ပေးလျှင် စပါးငါးဆယ်ပေးရမည် ဆိုသည်။ သူများတကာ ဒုက္ခရောက်နေသည့်အချိန်တွင် သည်လို အချောင်သမားတွေကလည်း ဒုနဲ့ဒေး ပေါများလှပါသည်။ စိုက်ပင်တစ်ကေဝယ်စိုက်လျှင် လေးကေ ရမည်။ လေးကေဆိုလျှင် စပါး တစ်ရာခြောက်ဆယ်ခန့် ရမည်။ စရိတ်နှင့် တွက်ကြလျှင် များစွာတွက်ခြေ မကိုက်လှ။ သို့သော် လယ်သမားအဖို့ ဘာတတ်နိုင်အံ့နည်း။ လယ်သမားသည် လယ်ကိုပင် လုပ်ရမည်။ သူ့အဖို့ ရှုံးသည်ဖြစ်စေ၊ မြတ်သည်ဖြစ်စေ လယ်ကိုပင် လုပ်မည်။ လယ်မှအပ သူတို့ လုပ်စရာကိုင်စရာ မရှိ။

“အစိုးရက အမတော်ကြေး ထပ်ထုတ်ပေးလျှင် ကောင်းမှာပဲ”ဟု လယ်သမားတို့ တမ်းတကြလေသည်။ “အမတော်ကြေး ထပ်မပေးဘူးလား” ဟု လယ်သမားခေါင်းဆောင်တို့က မောင်ပြုံးချိုထံ လာ၍ မေးကြသည်။ သူကြီးတွေလည်း ပြေးလာ၍ ထိုမေးခွန်းဖြင့် နှုတ်ခွန်းဆက်ကြသည်။ လာမည့် ရွေးကောက်ပွဲတွင် ကြံကြံမည့် သူကြီးလောင်းတို့လည်း သည်ကိစ္စ အတွက် ကြိုးစားနေကြလေသည်။ မောင်ပြုံးချိုကား အဖြေမပေးနိုင်။ စိတ်အရှုပ်ကြီး ရှုပ်၍ ခေါင်းကိုသာ ကုတ်နေလေတော့သည်။

‘မြို့ပိုင်ကို ရေဘေး စုံစမ်းရေးအဖွဲ့နှင့် တွေ့ဆုံရန် ထိန်တောရွာသို့ တနင်္ဂနွေနေ့တွင် လွှတ်လိုက်ပါ’ဟု အရေးပိုင်ထံသို့ စုံစမ်းရေးအဖွဲ့မှ ရိုက်ကြားလိုက်သော သံကြိုးစာသည် ခရိုင်ရုံးမှတစ်ဆင့် မောင်ပြုံးချိုထံသို့ မိတ္တူရောက်လာသည်။ ဝမ်းသာ၍ မဆုံးတော့ပြီ။ မိမိထံသို့ နားပူနေကြသော ခေါင်းဆောင်အသီးသီးနှင့်လည်း သူတို့လာလျှင် လိုလားချက်များကို တောင်းဆိုရန် ကျိတ်၍ တိုင်ပင်ထားကြလေသည်။

အဖွဲ့ဝင်လူကြီးများ ရောက်လာလေပြီ။ အရေးပိုင်မင်းလည်း သူတို့ကို ထိုရွာမှ လာ၍စောင့်နေလေသည်။ အခြေအနေကို အရေးပိုင်မင်းက ရှင်းပြသည်။ အဖွဲ့ဝင်လူကြီးများနှင့်အတူ ကျိုးပျက်နေသော ဆင်းရဲသား တာကိုလည်း သွား၍ပြသည်။ ရေတွေဖွေးနေသည့်လယ်ကွင်းကြီးကိုလည်း သူတို့ မြင်သွားရသည်။ ရေတက်နေစဉ်က ထိုနယ်မှ လူအပေါင်းတို့ ဘယ်လောက်

ခွဲကောင်းကောင်းနှင့် ဘယ်ကဲ့သို့ ကာကွယ်ကြရကြောင်းကိုလည်း ပြောပြကြသည်။ သူတို့လည်း ရင်တမမ၊ စုတ်တသပ်သပ်။

ဆွေးနွေးပွဲတစ်ရပ် ကျင်းပကြသည်။ ပြောကြ၊ ဆိုကြ၊ မေးကြ၊ မြန်းကြနှင့် အချိန်အတော်ကြာသွားသည်။ ပြီးလျှင် မောင်ပြုံးချိုတို့ခရိုင်အတွက် လယ်များပြန်လည် စိုက်ပျိုးနိုင်ရန် အစိုးရက အထူး အမတော်ကြေးငွေ လေးသိန်း ထုတ်ပေးမည် ဖြစ်ကြောင်း၊ လယ်များအတွက် အမတော်ကြေးငွေ တစ်ဧက တစ်ဆယ်ချေးမည့်ပြင် ဆုအဖြစ်လည်း တစ်ဧကလျှင် တစ်ဆယ်နှုန်း ထပ်မံပေးမည် ဖြစ်ကြောင်းကို ဖွင့်ဟသွားလေသည်။

နွမ်းလျနေသော လယ်သမားများ အနည်းငယ် ရွှင်လန်းလာလေသည်။ မောင်ပြုံးချိုလည်း သူတို့နှင့်အတူ အားသစ်အင်သစ် ပြည့်ဖြိုးလာပြန်လေပြီ။ ကျေးရွာမှ သူကြီးနှင့်တကွ ခေါင်းဆောင်များကို ဖိတ်ခေါ်၍ အစည်းအဝေးတစ်ရပ်ကျင်းပပြီးလျှင် ကျေးရွာအလိုက် ကော်မတီများဖွဲ့ကာ လယ်ပြန်စိုက်မည့်သူများ စာရင်းကို အမြန်ကောက်စေရလေတော့သည်။

သည်အချိန်တွင် အင်တိုက်အားတိုက်နှင့် ကျိုးပျက်နေသော တာများကို ပြုပြင်သည့်သူများကလည်း ပြုပြင်ကြရသည်။ ထိုဒေသရှိ လူထုကြီးတစ်ရပ်လုံး ညီညီညာညာနှင့် တကယ်တမ်း ဆောင်ရွက်နေသည်ကို မြင်ရသော မောင်ပြုံးချိုသည် အားရဝမ်းသာ ဖြစ်နေလေသည်။

အမတော်ကြေး အမြန်ပေးဖို့ အရေးကြီးသည်။ လယ်သမားခများများ ပျိုးအမြန်ဝယ်၍ အမြန်စိုက်ကြရမည်။ မောင်ပြုံးချိုမှာ တစ်ကိုယ်တည်းမို့ အကြံရကြပ်နေလေသည်။

"မြို့အုပ်မင်း ကျွန်တော်တို့ အထက်ပိုင်းက ပိုအရေးကြီးပါတယ်။ မြန်မြန်လာပေးပါ။ နောက်ကျသွားရင် ခက်ပါလိမ့်မယ်" အထက်ပိုင်းက လူက လာ၍ပူသည်။

"ဟာ မြို့အုပ်မင်း ကျွန်တော်တို့အောက်ပိုင်းက အရေးကြီးပါတယ်။ အခု လူတွေ ပျိုးဝယ်ဖို့ မရှိလို့ ဒုက္ခရောက်နေကြပါတယ်"

အောက်ပိုင်းက လူတွေကလည်း ဆွဲ၏။

သည်အထဲ တခြားအလုပ်တွေကလည်း ရှုပ်လိုက်သည့်ဖြစ်ခြင်း။ ရာဇဝတ်အမှုကိုလည်း စစ်လိုက်ရသေးသည်။ ငွေတိုက်အလုပ်ကလည်း



ပစ်ထားလို့မရ။ မနှစ်က ဆုကျန်တွေကိုလည်း ပေးရဦးမည်။ တစ်နေ့တစ်နေ့ ထိုးလိုက်ရသည့် လက်မှတ်ကလည်း မရေနိုင်၊ မတွက်နိုင်။ လက်မှတ်တစ်ခါထိုး တစ်ပဲနှင့် တွက်လျှင် မြို့အုပ်လခထက် များဦးမည်။

မိမိကိုယ်ကို နှစ်ကိုယ်ခွဲလို့ရရင် ကောင်းမှာပဲဟု အကြိမ်ကြိမ် တောင့်တမိလေတော့သည်။

လယ်သမားတွေ တိုက်ပွဲကို စကြလေပြီ။ ပျိုးပင်သွားဝယ်သူက ဝယ်၊ စိုက်ပင်ဝယ်သူက ဝယ်၊ ကောက်စိုက်မတွေစုသူက စု၊ တစ်ရွာလုံး၊ တစ်ရပ်လုံး၊ တစ်အိမ်လုံး လယ်ကွင်းထဲသို့ ဆင်းနေကြလေပြီ။ အဘိုးကြီး အမယ်ကြီးလည်း မနေသာ။ အိမ်ရှိလူအကုန် ပုစုခရုမကျန်အချိန်နှင့် စစ်တိုက်နေကြလေသည်။

မောင်ပြုံးချိုလည်း သူတို့အား အင်သစ်အားသစ် ဖြည့်ပေးနေရသည်။ အမတော်ကြေးတွေကို အမြန်ပေး၊ ဆုတွေ အမြန်ထုတ်၊ မအားနိုင်အောင် လုပ်နေရသည်။ အဖွဲ့အသီးသီးလည်း စွမ်းအားရှိသရွေ့ ဆောင်ရွက်နေကြသည်။ သည်စစ်ပွဲကို အမျိုးနှင့်ချီ၍ တိုက်နေကြပြီ။ အရေးကြီးသည်။ အရေးကြီးသည်။ သည်အချိန်တွင် သည်စစ်ပွဲသည် အရေးအကြီးဆုံးဖြစ်ပါသည်။ သည်တစ်ခါရှုံးလျှင် လူလုံးမလှဖြစ်ကြရတော့မည် မဟုတ်ပါလော။

[ဂျာနယ်ကျော် ၁၉၄၇ အောက်တိုဘာ ၂၀]

# လူထုသူကြီး

အစိုးရကလည်း လူထုအစိုးရ။

လူထု စည်းဝေးပွဲ၊ လူထုအရေးဆိုပွဲ၊ လူထုတိုက်ပွဲများကိုလည်း မကြာခဏ ဆင်ယင်နေကြသည့် သမယဖြစ်သည်။ လူထုမိတ်ဆွေ၊ လူထုရန်သူ၊ လူထုခေါင်းဆောင်ဟူသော ဝေါဟာရများလည်း ပေါက်ပွားလာခဲ့လေပြီ။

အမှန်စင်စစ်အားဖြင့် ယခုခေတ်တွင် နေရာတကာ၌ လူထုနှင့် ကိုင်ပေါက်နေကြလေတော့သည်။ လူထုတည်းဟူသော နာမဝိသေသနကို ရေလဲနှင့် ပေါပေါကြီး သုံးစွဲနေကြသည့် ခေတ်ပေတကား။

လူထု လက်ဖက်ရည်ဆိုင်၊ လူထုပင်းမင်း၊ လူထု သတင်းစာ၊ လူထု ပျော်ပွဲစားရုံ၊ လူထုကိတ်မုန့်၊ လူထု မြေပဲလှော်၊ လူထုဘာ လူထုညာဟာ မရေမတွက်နိုင်တော့ပြီ။ နေရာတကာမှာ လူထု။ ဟိုမလည်း လူထု၊ သည်မလည်း လူထု၊ ရှေ့မှ နာမဝိသေသနအမျိုးမျိုးတပ်၍ လူထုကို သုံးစွဲကြသေးသည်။ လယ်သမားလူထု၊ အလုပ်သမားလူထု၊ ကုလားလူထု၊ မြန်မာလူထု၊ အင်္ဂလိပ် လူထု၊ လူထုတွေ စုံလို့။

ဟော လာပြန်ချေပြီ။

မောင်ပြုံးချိုတို့ နယ်တွင် 'လူထု သူကြီး' ရွေးပွဲတွေ ကျင်းပရပေဦးတော့မည်။

လူထုက တင်မြှောက်သော သူကြီးကို လူထုသူကြီးဟု ခေါ်ပါသည်။

ယခု ရှိရင်းစွဲ သူကြီးတွေကော လူထုက တင်မြှောက်သော သူကြီး မဟုတ်ပါလော။ အများအားဖြင့် ရှိရင်းစွဲ သူကြီးများသည်လည်း မဟာသမ္မတမင်းသကဲ့သို့ပင် အများသဘောတူ တင်မြှောက်သည့် သူကြီးမင်းများ ဖြစ်ကြပေသည်။



သို့သော်လည်း ထိုအိုမင်းဟောင်းနွမ်းနေသော သူကြီးများကို သစ်လွင်နေသော ယခုလူထုက မကြိုက်နိုင်တော့ပြီဟု ဆိုသည်။ ထိုကဲ့သို့ ခေတ်မမီသည့် သူကြီးများကို ယခုမျက်စိကျယ်သော တက်လူများက မလိုချင်တော့ပြီ။ မျက်စိကျယ်သော လူထုသည် မျက်စိကျဉ်းသော သူကြီးကို မကြည့်လိုတော့ပြီ။

"ဒီသူကြီးတွေဟာ ဖြူလိုကလားနက်စိတ် ဝင်နေပြီ။ ပြုပြင်လို့ မရတော့ဘူး။ ခေတ်မမီတော့ဘူး။ ဖြုတ်ပစ်ဖို့ပဲ ကောင်းတော့တယ်"

"သူကြီး ရွေးကင်တဲ့အခါမှာလည်း ငယ်ငယ်ရွယ်ရွယ် ဖျတ်ဖျတ်လတ်လတ် လူကို တင်ဖို့ လိုတယ်။ အဘိုးကြီးတွေ တင်လို့ မဟန်ဘူး။ ဘုန်းကြီးအို ကျောင်းပေါ်တင်သလိုပေါ့ကွ။ ခဏ ခဏ ဘုန်းကြီးပျံ လုပ်နေရမယ်"

ဤအသံများကား ခေတ်၏ကြွေးကြော်သံများ ဖြစ်လေသည်။

သို့နှင့် ရှိရင်းစွဲ သူကြီးများကို ရာထူးမှ ရပ်စဲကာ လူထုသူကြီးများကို ပြန်လည် ရွေးကောက်ရန် လျှောက်လွှာများ ခေါ်ရလေသည်။

မောင်ပြုံးချို၏ ရုံးတွင် လျှောက်လွှာတွေ ဟီးတိုက်၍ ဝင်လာလေသည်။ အချို့သူကြီးလူပါးများကမူ ရွာထဲ၌ ကြော်ငြာခြင်း မရှိဘဲ တိတ်တဆိတ် ပြိုင်သူမရှိသကဲ့သို့ တစ်ယောက်တည်းလာ၍ လျှောက်လွှာတင်ကြသည်။ သည်လိုအခါများကျတော့ နောက်တစ်ဖန်ထပ်၍ ကြေညာနေရပြန်သည်။

သည်အချိန်တွင် မြို့ပိုင်တွေ အခက်အခဲနှင့် အတွေ့ရဆုံးအချိန် ဖြစ်သည်။ အသက် ငါးဆယ့်ငါးနှစ်ကျော်၍ ပြန်လည် လျှောက်ထားခွင့် ရတော့မည်မဟုတ်သောသူကြီးတို့သည် အလုပ်တွင် စိတ်ဝင်စားခြင်း လုံးဝမရှိတော့ချေ။ အမတော်ကြေးကိစ္စကိုလည်း သူ ဂရုမစိုက်၊ အခွန်ကောက်ရန်ကိုလည်း သူမမှု၊ ရုံးအမိန့်ကိုလည်း မနာခံ၊ ထင်ရာကြံလေတော့သည်။ ပြုတ်မဲ့တူတူ မထူးတော့ပါဘူးဆိုကာ ကြက်ဝိုင်းကလေးများလည်း တိတ်တိတ်ပုန်း ထောင်လိုက်သေးသည်။ အရက်ကလေးများလည်း ချက်လိုက်သေးသည်။

ပြန်လည်အရွေးခံမည့်သူကြီးများမှာတော့ မဲအရေးမို့ ကြိုးစားပါကျွန်တော်တို့မှာ ချွေးတလုံးလုံး ဖြစ်နေကြလေသည်။ တစ်နှစ်ကြာလို့မှ ရုံးသို့ ခြေဦးမလှည့်ဖူးသည့် သူကြီးပေ သူကြီးကပ်များလည်း သူတို့အိမ်နှင့်

ရုံး အိမ်ဦးနှင့် ကြမ်းပြင် ဖြစ်နေလေသည်။ ရွာသားတွေအတွက် အမတော်ကြေး လျှောက်ပေးရသည်မှာလည်း အမော။ သူ့ရွာတွင် လူအများ အလုပ်အကိုင်မဲ့၍ စားရမဲ့ သောက်ရမဲ့ ဖြစ်နေပါသည်ဟု ဆိုကာ အငတ်စာရင်းတွေကိုလည်း တပြုံတခေါင်းကြီး လာပေးလိုက်သေးသည်။ သူ့အား မဲပေးမည့်သူတွေကို အကုန်လုံး စာရင်းတွင် ထည့်လာလေတော့သည်။

တစ်ပွဲတစ်လမ်း အကဲစမ်းကြမည့်သူကြီးလောင်းတွေကလည်း လူထုအတွက် ပျာပျာသလဲ တအားခဲပြီး အလုပ်လုပ်နေကြလေသည်။ ဟိုမှာလည်း သူတို့၊ သည်မှာလည်း သူတို့၊ သူတို့ကိုပဲ ရှောင်၍ပင် မလွတ်။ အချို့လည်း ရိုးရိုးသားသားပင် မိမိသဘောကျသလို နိုင်ငံရေးပါတီများ၏ လက်မှတ်ကို ယူထားကြလေသည်။

အချို့လည်း မဲရရုံလောက်သာ ရည်ရွယ်လျက် အရေအမျိုးမျိုးကို ခြုံထားကြလေသည်။

မောင်ပြုံးချို၏နယ်တွင် ဂွချောင်းရွာသည် နာမည်အကြီးဆုံး ဖြစ်သည်။

နွားခိုးတို့၏ ပုန်းအောင်းရာ ဒေသဖြစ်သည်။ အရက်သမားတို့၏ မှီခိုရာလည်း မည်သည်။ ဓားပြ၊ သူခိုး၊ ကိုလူဆိုးတို့၏ စံပျော်ရာလည်းဟူ၏။ ထိုကျေးရွာကို လွန်ခဲ့သောနှစ်ပေါင်းဆယ့်ငါးနှစ်လောက်ကတည်းက စိုးမိုးအုပ်ချုပ်ခဲ့သော သူကြီးမင်း ဦးဘချစ်သည် သူ၏ ရာဇပလ္လင် မငြိမ်မသက်ရှိနေသည်ကို တုန်လှုပ်သောအမူအရာဖြင့် အကဲခတ်လျက် ရှိသည်။ သူနှင့် ယှဉ်ပြိုင်လျှောက်ထားအရွေးခံမည့်သူ သုံးဦး ပေါ်ပေါက်နေပါသည်။

မောင်ပြုံးချိုက သူ့သူကြီးမင်းကို ဤသို့မေး၏။

"ဘယ့်နှယ်လဲ သူကြီးမင်း၊ ဟန်ပါ့မလား"

"ဟဲ ဟဲ ဟဲ ဟန်ရမပေါ့ မြို့အုပ်မင်းရာ"

သူပြောလို့သာ ကြားလိုက်ရသည်။ မောင်ပြုံးချိုကတော့ ဘယ်နည်းနဲ့မှ သူ ရမည်မထင်။

နောက်သုံးရက်ကြာသောအခါ သူနှင့် ယှဉ်ပြိုင်အရွေးခံမည့်သူ သုံးဦးအနက်မှ တစ်ဦးဖြစ်သူ ဦးဖိုးထောင်သည် အရွေးမခံတော့ပါဆို၍ သူ့လျှောက်လွှာကို ပြန်လည် ရုပ်သိမ်းသွားလေသည်။



ဦးဘချစ် ဘယ်လိုခြေထိုးလိုက်သည် မသိ။ သူနှင့် ယှဉ်ပြိုင်အရွေးခံရန် ဦးသာထွန်းနှင့် ကိုဖိုးမြစ်နှစ်ဦးသာ ကျန်တော့သည်။ ဦးသာထွန်းနှင့် ကိုဖိုးမြစ်တို့လည်း တလှုပ်လှုပ် တရှုရှုဖြစ်ကာ မြို့မှ မိမိတို့အဖွဲ့ခေါင်းဆောင်များကို ဖိတ်ကြား၍ ရွာထဲတွင် တရားပွဲများ ကျင်းပလျက် ရှိလေသည်။

"ဒီသူကြီးဟာ ကျုပ်တို့ကို အုပ်ချုပ်လာတာ ဆယ့်ငါးနှစ်ရှိပြီ။ ဘာတစ်ခုမှ ကောင်းတာ မလုပ်ခဲ့ဘူး။ ဖြူလိုကလားနက်တွေနဲ့ ပေါင်းပြီး မဟုတ်တာချည်း လုပ်တယ်။ ဟိုတစ်နှစ်က အမတော်ကြေး ထုတ်တုန်းကလည်း ကျုပ်တို့ဆီက တစ်ယောက်တစ်မတ် တောင်းတယ်။ ဘာကောင်းသလဲ။ အုပ်ချုပ်မှုလည်း သိပ်ညံ့ဖျင်းတာပဲ။ ရွာထဲမယ် နွားခိုးတွေ၊ အရက်သမားတွေ၊ ဘိန်းပုန်းစားတွေ သိပ်ပေါတယ်။ ဒီရွာဟာ နာမယ်ပျက်နေတယ်။ အခုဖြစ်နေတာက ဒီရွာသားဆိုရင် ဘယ်သူကမှ လူကောင်းလို့ မထင်ဘူး။ လူဆိုးနဲ့သူခိုးချည်း ထင်တာပဲ။ ဒါကြောင့် သည်လို မသမာမှုတွေကို ပပျောက်အောင် လူထုသူကြီး တင်ပြီး လုပ်ရမယ်"

ဦးသာထွန်းဘက်မှ လူတွေက ဟောကြပြောကြ၏။ ကိုဖိုးမြစ်ဘက်က လူများကလည်း ဤနည်းဖြင့် သူကြီးကို ရှုတ်ချ၍ ပြောဟောကာ မဲဆွယ်ကြလေသည်။

သူကြီးမင်း ဦးဘချစ်ကား အပြုံးပင် မပျက်။

လသာသော ညတစ်ညတွင် သူကြီးမင်းက အရပ်ထဲမှ ဩဇာတိက္ကမရှိသူများကို သူ့အိမ်သို့ ဖိတ်ကြားထားလေသည်။

ရွာဦး ဘုန်းတော်ကြီးကျောင်းမှ ဝတ်တက်ခြေးစည်သံကို နာခံရင်း လူကြီးမင်းများ သူကြီးမင်းထံသို့ ရောက်လာကြလေသည်။ သူကြီးမင်းသည် သူ၏ ခြံဝင်းအတွင်းရှိ မြေကွက်လပ်တွင် ခုံတန်းရှည်များ၊ ကုလားထိုင်များကို ချထားလေသည်။ လူပေါင်းငါးဆယ်ခန့် ဖိတ်မန္တကပြုထားလေရာ လူစုံလျှင် ပေါင်းမှ ချခါစ အရက်ဖြူကို လက်ဖက်ရည်ပန်းကန်လုံးများတွင် ထည့်၍ တစ်လှည့်စီ လိုက်ပေးလေသည်။ သူကြီးမင်း၏သား အာလူးသည် သည်နေရာတွင် အတော်ဖျတ်လတ်သည်။ ဖခင်၏အဖော် အားကိုးရာဖြစ်၏။

လမင်းသည် ထိန်ထိန်ပနေလေသည်။ လရောင်ထိုးနေသော သူကြီးမင်း၏အိမ်မှသွပ်မိုးကို အဝေးမှပင် အထင်းသား မြင်နေရသည်။

ညှော်ပရိသတ်များလည်း အရက်ဖြူ တစ်ပန်းကန်လောက် ဝင်မိလျှင် လျှာသွက်အာသွက် ဖြစ်လာကြလေသည်။ သည်အချိန်တွင် သူကြီးသား အာလူးက ပန်းကန်ပြားကြီးနှင့် အမဲသားနပ်တွေကို ယူလာပြန်သည်။

"ကဲ ကဲ စားကြဗျ၊ အမဲသားနနကလေး နပ်ထားတာဗျ"

ညှော်သည်အပေါင်းတို့သည်လည်း အားနာသောအားဖြင့် အတုံးခပ်ကြီးကြီးများကို ရွေးကာ သုံးဆောင်ကြကုန်သည်။

"ဟော မောင်ဘချစ်ကဲ့၊ မင်းအမဲနပ်က ကောင်းသဟေ့"

နှုတ်ခမ်းမွေးဖြူဖြူကြီးနှင့် အဘိုးကြီးတစ်ယောက်က ဆို၏။

"လတ်လတ်ဆတ်ဆတ်ကို ဘကြီးအောင်ရဲ့"

"အေး ဒါတော့ ဟုတ်ပါရဲ့။ မင်းဟာက တစ်ခွက်တည်းနဲ့ ပြီးရ တော့မှာလား။ အာတောင် မစွတ်ဘူး"

"ရပါတယ်၊ ရပါတယ်၊ လိုသလောက် ရပါတယ်။ သုံးပေါင်းတောင် တည်ထားတယ်။ ဒါနဲ့မှ မလောက်ရင် ဆယ်အိမ်ခေါင်းအိမ်က ယူပေးပါ မယ်"

"အေးကွယ်၊ ဒီလိုအခါတော့ ငါ့သားလေး အောက်မေ့သကွယ်" လောကနီတိ အဆိုအားဖြင့် အရသာနှင့်ပြည့်စုံသော အာဟာရကို သုံးဆောင် ရသောအခါ ချင်ခင်ရင်းနှီးသူကို သတိရမြဲတည်း။

"လွတ်လုပြီ မဟုတ်လား" သူကြီးက မေးသည်။

"လွတ်လုပါပြီ၊ ရေ့လမယ် ထင်တယ်"

"အဲဒါ သာထွန်းတို့ လက်ချက်ပေါ့၊ ကျွန်တော်က မသိချင်ယောင် ဆောင်နေတာ။ ဒီကောင် သွားတို့တာ၊ ခိုးတဲ့နွားရော တစ်ခါတည်း မိတော့ မကယ်နိုင်တော့ဘူး" သူကြီးက ခြေတစ်ချောင်းထိုးလိုက်လေသည်။

"အေးပေါ့ကွ၊ ဒါတောင် ဒီကောင်က သူကြီးလုပ်ဦးမတဲ့။ ဟင် ခွေးမသား၊ ငါ့သား ထောင်ချတဲ့ကောင်"

အဘိုးကြီးသည် အရက်တစ်ခွက်ကို မော့ချလိုက်ပြီးလျှင် တံတွေးကို ပျစ်ခနဲ ထွေးလိုက်ကာ အမဲသားတုံးကို ကိုက်လိုက်လေသည်။

"ဟုတ်တယ်။ ဒီကောင်သာ သူကြီးဖြစ်ရင် ကျုပ်တို့ဒုက္ခပဲ။ ကျုပ်တို့ ဒီရွာမှာတောင် နေနိုင်မှာ မဟုတ်ဘူး"



မကြာမီက အရက်ချက်မှုနှင့် ထောင်ကျပြီး လွတ်လာသူ ဖိုးထူးက အရက်သံနှင့် ပြောပြန်လေသည်။

သည်အချိန်တွင် အခါအခွင့်ကို စောင့်မျှော်လျက် ရှိသော သူကြီးမင်းက စကားစလေတော့သည်။

"အခု ကျွန်တော်ခေါ်ပြီး ကျွေးတာမွေးတာက သူကြီးကိစ္စနှင့် ဘာမှ မဆိုင်ဘူးဗျ။ သက်သက်မဲ့ အလှူလုပ်တာ။ သူကြီးကိစ္စတော့ ခင်ဗျားတို့ စလာလို့သာ ပြောရဦးမယ်"

ဤသို့ နိဒါန်းသွယ်ကာ ရပ်လိုက်ပြန်သည်။

လူတွေက ငြိမ်ပြီး နားထောင်နေလေရာ တစ်ခါတစ်ရံ တံတွေးထွေးသံနှင့် လေချဉ်တက်သံများကိုသာ ကြားရသည်။ သူကြီးမင်းစကား ဆက်ပြန်လေသည်။ "ကျွန်တော့်အခြေအနေလည်း ခင်ဗျားတို့ သိတဲ့အတိုင်း တစ်သက်စား မကုန်နိုင်ပါဘူး။ ကျွန်တော် သူကြီးလုပ်နေတာ ခင်ဗျားတို့အတွက် လုပ်နေတာပါ။ ခင်ဗျားတို့အပေါ်များ ကျွန်တော် မတရားတာ ဘာလုပ်ဖူးလို့တုံး။ ကဲ ပြောကြစမ်းပါ"

မည်သူမျှ မဖြေကြချေ။ သူကြီးက စကားဆက်ပြန်လေသည်။

"သူတို့က ဟိုအမတော်ကြေး ထုတ်တုန်းက တစ်မတ်စီ တောင်းတာ ပြောနေတယ်။ အဲဒါ မြို့အုပ်ကတောင်းခိုင်းလို့ တောင်းရတာဗျ။ ကျွန်တော် ရတာ မဟုတ်ဘူး။ ပြီးတော့ ကျွန်တော့်ကို အုပ်ချုပ်မှု မကောင်းဘူးတဲ့။ ဒီရွာမယ် အရက်ချက်တဲ့ လူတွေပေါတယ်၊ နွားသတ်တဲ့လူတွေ ပေါသတဲ့။ ဘုရားဒကာတွေကလေ။ ကျွန်တော် ထွက်ပေးလိုက်ပါ့မယ်။ သူတို့ ဒါလောက် တောင် သူကြီးလုပ်ချင်ရင် လုပ်ကြစမ်းပါစေ"

လူတွေ လှုပ်လှုပ်ရွရွ ဖြစ်သွားလေသည်။ တံတွေးထွေးသံ၊ အာမေဋိတ် သံတွေ ထွက်ပေါ်လာလေသည်။

"ဟာ မထွက်ပါနဲ့"

"ထွက်သွားလို့ ဘာဖြစ်မလဲ"

"ဟိုကောင်တွေနဲ့ ကျုပ်တို့နဲ့မဖြစ်ပါဘူး"ဟူသော အသံများ ထွက် ပေါ်လာရာ ဦးဘချစ်သည် အတော် ပီတိသောမနဿ ဖြစ်သွားလေသည်။

သို့သော်ငြားလည်း သူက ထပ်၍ မူလိုက်ပြန်သည်။ "မဟုတ်ဘူး။ ကျွန်တော့ရွာသားတွေက ကျွန်တော့ကို မလိုချင်ဘူးဆိုရင် ထွက်ရုံပေါ့။ လုပ်ချင်တဲ့လူ တက်လုပ်ပါစေ။ ကျွန်တော် ဒီသူကြီးအလုပ်ကို မမက်မောပါဘူး"

အဘိုးကြီးသည် ဒယီးဒယိုင်နှင့် လက်တစ်ဖက်မှာ အမဲသားတုံး၊ အခြားလက်တစ်ဖက်မှ အရက်ပန်းကန်ကို ကိုင်ကာ နေရာမှ ထလေသည်။

"ဟေ့ မောင်ဘချစ်၊ မင်း မထွက်ရဘူး။ မ မ မထွက်ရဘူးကွ" ပြောရင်းဆိုရင်း လဲကျသွားလေရာ အနီးမှလူက ဖေးထားလိုက်လေသည်။

"ကျွန်တော်တို့ရွာဟာ အလွန်ဆင်းရဲတယ်။ မုဆိုးမတွေလည်း အလွန်ပေါတယ်။ ဒါကြောင့် မတတ်သာလို့ အရက်ချက် ရောင်းကြရတယ်" လူတစ်ယောက်က လျှာလေးလေးနှင့် ပြောလေသည်။

"ကျွန်တော် ဘယ်တော့ ဖမ်းဖူးသလဲ" သူကြီးမင်းက ဂုဏ်ဖော်လိုက်သည်။

"ဟုတ်တယ်၊ သူကြီးမင်းဆီ တစ်လုံးပို့လိုက်ရင် ပြီးတာပဲ" အသံတစ်သံ ထွက်လာလေသည်။

"ဟုတ်တယ်၊ ကျွန်တော်ကလည်း ကြိုက်တတ်သကိုး ဟဲ ဟဲ၊ ပြီးတော့ နွားသတ်တယ်။ ကျွန်တော် ဘာလုပ်ဖူးသလဲ"

"သူကြီးမင်းဆီ အူစုံသည်းစုံ ပို့လိုက်ရင် ကိစ္စပြီးတာပါပဲ"

"ဟဲ ဟဲ ကျွန်တော်ကလည်း ကြိုက်တတ်သကိုး"

သူကြီးကိုယ်တိုင် အတန်ထွေနေသည့်အထဲ တစ်ခွက်မော့လိုက်ပြန်သည်။ အမဲသားတုံးကို ခဲလိုက်ပြန်သည်။ နောက် စကားဆက်ပြန်သည်။

"အဲဒီတော့ ကိုယ့်သူကြီးနဲ့ ကိုယ့်ရွာသား ဘယ်လောက်ဟန်သလဲ။ ဖိုးဖြူလာ ဓားပြတိုက်တုန်းကလည်း ပုလိပ်မမီအောင် ကျွန်တော်ကိုယ်တိုင် ဝှက်ထားတယ် မဟုတ်လား။ ဒီထက်တော့ ကျွန်တော် ခင်ဗျားတို့အတွက် မလုပ်နိုင်တော့ဘူး။ ဒါလောက်တောင် ခင်ဗျားတို့အတွက် ဆောင်ရွက်နေတဲ့အထဲ ကျွန်တော့ကို မကြိုက်ဘူးဆိုရင်လည်း ခင်ဗျားတို့သဘောပေါ့"

"ဟိုး ဟိုး၊ ဟေ့ မောင်ဘချစ်၊ မင်းကို ဘယ်သူက မကြိုက်ဘူးပြောသတုံး။ မကြိုက်ဘူးပြောတဲ့ကောင် ငါ့နွားသတ်တဲ့ ဓားနဲ့ ခုတ်မယ်" အဘိုးကြီးတစ်ယောက်က ထ၍ ဆူပြန်သည်။



"ကဲ ဦးလေးဘချစ်"

လူငယ်တစ်ယောက်က ထ၍ ပြောသည်။

"ဦးလေးဟာ ကျွန်တော်တို့ကျေးဇူးရှင်ကြီးပဲ။ အရက်ချက်လည်း မဖမ်းဘူး။ နွားခိုးလည်း မမြင်ချင်ယောင်ဆောင်တယ်။ ဓားပြတွေလည်း ဝှက်ပေးတယ်။ နည်းနည်းပါးပါး ဝေစုပေးရတာ ဘာအရေးကြီးလဲဗျာနော်။ အမတော်တို့၊ အခွန်တော်တို့လည်း ဘယ်တော့မှ အတင်းအကျပ်မတောင်းဖူးဘူး။ ဦးလေးဘချစ်ဟာ ကျွန်တော်တို့လူထုအကျိုးကို အကြည့်ဆုံးပဲ။ ဒါကြောင့် ဦးလေးဘချစ် ပြန်အရွေးခံပါ။ ကျွန်တော်ရအောင် ဆောင်ရွက်ပေးပါ့မယ်"

ထိုစကားကို ကြားသော အရက်ချက်သမားလူထု၊ နွားခိုးလူထုနှင့် ဓားပြလူထုက သာဓုသုံးကြိမ်ခေါ်ကြကုန်သည်။ ကောင်းချီးသြဘာပေးကြသည်။ အနုမောဒနာ ပြုကြကုန်သည်။

"ကဲ ဒီလိုဆိုရင် အများက တောင်းပန်လည်း လုပ်ရတာပေါ့"ဟု ဦးဘချစ်က အာမခံနိတာ ခံလိုက်ရလေသည်။

မဲရွေးပွဲနေ့တွင် ဦးသာထွန်းနှင့် မောင်ဖိုးမြစ်တို့မှ မြို့က အဖွဲ့အသီးသီး ကိုယ်စားလှယ်များရောက်လာ၍ ပါးစပ်ပြိအောင် အော်ကာဟစ်ကာ တရားဟောကာ အားပေးနေကြသော်လည်း မဲရေတွက်လိုက်သောအခါ ဦးဘချစ် အများဆုံး ရရှိနေသည်ကို တွေ့ရလေသည်။

ထို့ကြောင့် ဦးဘချစ်သည် လူထုသူကြီး ဖြစ်ရပြန်လေသည်။

[ဂျာနယ်ကျော် ၁၉၄၇ ဒီဇင်ဘာ ၁]

## အဖြီးလောက

လောကကြီးတစ်ခုလုံး 'ဖြီး'နေကြလေသည်။ မောင်ပြုံးချိုသည် လောကသား တစ်ယောက် ဖြစ်ပါသည်။ ထို့ကြောင့် ဖြီးရမည်သာ။

မြို့ပိုင် မောင်ပြုံးချိုအား ခွင့်သုံးလ ပေးလိုက်သည်။

ဤမည်သော အစိုးရပြန်တမ်းကို ဖတ်ရှုရသော မောင်ပြုံးချိုသည် အတိုင်းမသိ ဝမ်းသာခဲ့သည်။ ပုံနှိုင်း၍ ပြောရလျှင် လှည်းထမ်းပိုးမှ လွတ်လာသော နွားကဲ့သို့၊ ထောင်မှလွတ်ထွက်လာသော အကျဉ်းသားကဲ့သို့ စိတ်လက်ပေါ့ပါးသွားလေသည်။ သို့သော် သူသည် ဤသို့ ဖြီးလေသည်။ "ကိစ္စလေး တစ်ခုရှိလို့သာ ခွင့်ယူရတယ်။ ဒီမြို့က ခွဲသွားရမှာ သိပ်ဝမ်းနည်းသဗျာ"

"အေးဗျာ၊ မြို့အုပ်မင်းကို ကျွန်တော်တို့တော့ သိပ်သတိရနေမှာပဲ"

"မြို့အုပ်မင်း မရှိရင်တော့ ကျွန်တော်တော့ ရုံးကိုတောင် မလာချင်တော့ပါဘူး။ မြို့အုပ်မင်းကို သိပ်လွမ်းနေမှာပဲ" ရှာသူကြီးတစ်ယောက်က ဖြီးလေသည်။ မြို့အုပ်တွေ ပြောင်းတိုင်း ရွှေ့တိုင်း သူသည် ဤသို့ပင် မပြတ်တမ်း ဖြီးခဲ့သူဖြစ်သည်။

"ခွင့်ကပြန်ရင် ဒီမြို့ကို ပြန်ရောက်အောင် လုပ်ပါနော်။ မြို့အုပ်မင်းနဲ့မှ တိုင်တိုင်ပင်ပင် ရပ်မှု ရွာမှုကိစ္စတွေ ဆောင်ရွက်လို့ ကောင်းတာ။ မြို့အုပ်မင်း ပြောင်းသွားတာ ကျွန်တော်တို့နယ်တော့ နာတာပဲ"နိုင်ငံရေး သမားယောင်ယောင် ကိုလူစွာတစ်ယောက်က ဖြီးပြန်လေသည်။

"မြို့အုပ်မင်း မရှိရင် အမတော်ကြေးတွေ ရပါဦးမလား"

"ကျွန်တော်တို့ လျှောက်ထားတဲ့ မြေကလေး ဘယ့်နှယ်လုပ်ပါ့မလဲ"



"ကျွန်တော်တို့ အင်းမပေါ်ခင် မြို့အုပ်မင်း ပြောင်းသွားရတာ သိပ်နာတာပဲ။ ဒါပေမဲ့ ကိစ္စမရှိပါဘူးလေ။ ငါးခြောက် ငါးပိသာလောက်တော့ မြို့အုပ်မင်း ရောက်ရာအရပ်ကို ပို့ပေးပါ့မယ်"

ဤကဲ့သို့ တစ်ပေါက်တစ်မျိုး လောကွတ်တွေ ပိုနေကြသည်။ စေတနာရင်းနှင့် ပြောသူလည်း ပါချင်ပါမည်။ သို့သော် အဖြီးသမားတွေသာ များလေသည်။

မောင်ပြုံးချို ထိုမြို့မှ ထွက်ခွာသွားလေပြီ။

နောက်မြို့ပိုင်တစ်ယောက် သူ့နေရာတွင် ရောက်နေလေပြီ။

သူ့ကိုလည်း အဖြီးလောကကြီးထဲတွင် ပေါက်ဖွားလာကြသော လောကသားတို့သည် ဝိုင်း၍ ဖြီးကြပြန်သည်။

"မြို့အုပ်မင်း ဒီမြို့ပြောင်းလာတာ ကျွန်တော်တော့ သိပ်ဝမ်းသာတာပဲ။ ကျွန်တော့ဦးလေး ကိုသာဖန်ကတောင် ပြောသေးတယ်။ မြို့အုပ်မင်း သိပ်သဘောကောင်းတာပဲတဲ့။ ညနေ ကျွန်တော့အိမ် ထမင်းစားကြွပါနော်"

"အမယ်လေး လေး၊ အခုမှ စိတ်အေးလက်အေး ရှိတော့တယ်။ ဟိုပြောင်းသွားတဲ့ မြို့ပိုင်တုန်းကများ သိပ်ဆိုးတာ၊ အတော်ကြမ်းတဲ့ လူ"

"ဟို မြို့ပိုင်က မြို့ပိုင်မင်းလို မဟုတ်ဘူး၊ သိပ်ထောင်ချတယ်၊ ဆင်းရဲသားကို မညှာဘူး"

"ပြီးတော့ အမတော်ကြေး မပေးတဲ့လူတွေ ဖမ်းသေးတယ်"

"အဲဒါကြောင့် အခု ပြေးရတာပေါ့၊ အဲဒီ မြို့ပိုင်က သိပ်ဆိုးတာ၊ အခု မြို့ပိုင်မင်းလို သဘောကောင်းတာ မဟုတ်ဘူး"

"ကျုပ်တို့လက်ချက်ပေါ့ဗျ၊ ဒီနေ့ မလိုချင်ဘူးလို့ သွားပြော၊ နောက်တစ်နေ့ ပြောင်းပစ်လိုက်တာပဲ"

ဤကဲ့သို့ နောက်ရောက်လာသည့် မြို့ပိုင်အနီးတွင် အဖြီးပြိုင်နေကြစဉ်တွင် မောင်ပြုံးချိုကား အထူး ပျော်ရွှင်လျက်ရှိလေသည်။ သူ့စိတ်ထဲတွင် ကျောင်းပိတ်သဖြင့် မိဘရပ်ထံသို့ ပြန်ရသော ကျောင်းသားကဲ့သို့ မြူးနေလေသည်။ သူသည် ခွင့်ရက်အတောအတွင်းတွင် မန္တလေးမြို့သို့လည်း ရောက်ခဲ့သည်။ မန္တလေးမြို့မှ ဆွေမျိုးမိဘများအပြင် သူငယ်ချင်း မိတ်ဆွေများနှင့်လည်း နှစ်ပေါင်းများစွာကွဲကွာနေရပြီးမှ ပြန်လည်တွေ့ရှိရသဖြင့် အထူး ပျော်ရွှင်နေလေသည်။

မန္တလေးတွင် နေစဉ် အဖြီးလောကမှ ကင်းလွတ်ယောင် ရှိနေလေသည်။ မောင်ပြုံးချိုသည် သူတို့စိတ်ထဲတွင် မြို့ပိုင်ဆိုလို့သာ ပိုင်လိုက်ရသည်။ သျှောင်ပေစူးနှင့် ငယ်ကရုပ်ကိုသာ မြင်နေကြလေသည်။ မြို့ပိုင်အဖြစ်နဲ့ အမျိုးမျိုးဖြီးနေရသော မောင်ပြုံးချိုသည် နေပြည်တော်တွင် သာမန် မောင်ပြုံးချိုဘဝနှင့် ဆယ့်ငါးရက်ခန့် နေရသည်မှာ အထူးလွတ်လွတ်လပ်လပ် ရှိလှတော့သည်။

"ဟဲ့ ပြုံးချို၊ နင့်နှယ်ဟယ် ဝလိုက်တာ မှတ်တောင် မမှတ်မိဘူး"

"ပြုံးချိုရဲ့ မြို့ပိုင်ဆိုတာ ဘာလုပ်ရသတုံး"

"နင် ဘယ်နယောက် ဓှထောင်ချဖူးသလဲ" ဆွေမျိုးတွေက မေးကြလေသည်။

သည်လို အသံမျိုးကို မောင်ပြုံးချိုသည် အထူးနှစ်သိမ့်လေသည်။ မိမိအား ငယ်စဉ်ကလို ခေါ်သံများကို ကြားရသောအခါ ပြန်၍ ငယ်သွားသည်ဟု ထင်ရလေသည်။ မြို့ပိုင်အဖြစ်နှင့်ဆိုလျှင် သည်အသံများကို အဘယ်မှာလျှင် ကြားရအံ့နည်း။ မခေါ်သင့်သူများက ခေါ်လျှင်လည်း ခံချင်မည် မဟုတ်။ ရှင်တော်ဘုရားသည် ဗိမ္ဗိသာရသူဌေးကြီးအား ငယ်မည်ကို ခေါ်၍ နှုတ်ဆက်သောအခါ အလွန်တရာ ဝမ်းသာအားရရှိရှာသည် မဟုတ်ပါလော။

မြို့ပိုင်တည်းဟူသော မောင်ပြုံးချိုတွင် အဖြီးတွေနှင့် ပတ်လည်ဝိုင်းလျက်ရှိသည်။ အဖြီးကြားတွင် နေရသော မောင်ပြုံးချိုသည် အဘယ်မှာလျှင် လွတ်လပ်ပါအံ့နည်း။ သွားလည်း မလွတ်လပ်၊ စားလည်း မလွတ်လပ်၊ ပြောလည်း မလွတ်လပ်၊ ရေးလည်း မလွတ်လပ်။

မြို့ပိုင်မောင်ပြုံးချို သွားချင်ရာ သွား၍ မဖြစ်။ မသွားအပ်သော နေရာသို့ သွားမိမူ ကဲ့ရဲ့ကြပေလိမ့်မည်။ တွေ့ကရာ နေရာတွင် ထိုင်စားဘိမူ လက်ညှိုးတငေါက်ငေါက် လုပ်ကြပေလိမ့်မည်။ တွေ့ကရာနေရာတွင် ထိုင်နေပြန်ကလည်း မြို့ပိုင်၏ထိပ်ကို ခေါက်မည့်သူတွေ ရှိလေသည်။ အပြောမှားဘိမူ နောက်တစ်နေ့သတင်းစာများထဲတွင် စာလုံးကြီးနှင့် ပါလာချေမည်။ သတင်းစာတွေက သည်ဟာမျိုးကို ချောင်းနေသည် မဟုတ်ပါလော။ တွေ့ကရာရေးဘိမူ မြို့ပိုင် ဒုက္ခရောက်ရုံသာ ရှိတော့သည်။



ခွင့်နှင့်ရောက်လာသော မောင်ပြုံးချိုသည် မန္တလေးမြို့တွင် လွတ်လွတ်လပ်လပ်ကြီး သွားနိုင်သည်။ ဆွေမျိုးတွေ၊ မိတ်ဆွေတွေအိမ်ကို လျှောက်လည်သည်။ ပွဲတကာ သူရောက်သည်။ ကြည့်ချင်သော နေရာက ထိုင်ကြည့်နိုင်သည်။ ဆိုင်းနားကလည်း ထိုင်ချင် ထိုင်နိုင်သည်။ နောက်သွား၍ ထရံကိုလည်း ဖြဲနိုင်သည်။ စားချင်သည့်ဆိုင်တွင် ဝင်စားနိုင်သည်။ ဆောင့်ကြောင့် ထိုင်စားစား၊ တင်ပျဉ်ခွေ ထိုင်စားစား၊ မတ်တတ်ရပ် စားစား၊ ဘယ်သူမှ သူ့ကို ကဲ့ရဲ့မည့်သူ မရှိ။ သူ့ကို ဂရုစိုက်၍ မည်သူမှလည်း ကြည့်မနေ။ တစ်ခါ တစ်ရံ ဈေးချို အလယ်ပေါက်တွင် ထိုင်၍ ဆံထုံးကြီးနှင့် ရွှေခြေချင်းတွေ ဝင်းနေသော ဈေးချိုသူတွေကို ကြည့်နေမိသည်။ အဟောဝတ ပျော်စရာ ကောင်းလှတော့သည်။ သူတို့ကို ကြည့်ရင်း 'မြီးရှည်'စားရသည်မှာလည်း အရသာရှိလှပါဘိတော့သည်။

ရန်ကုန်သို့ ပြန်လာကြသောအခါ လမ်းတွင် အဖြီးတွေကို တွေ့ရပါသေးသည်။ "ရထားက သိပ်ကျပ်တာဗျ။ ခင်ဗျား နေရာယူခိုင်းထားတဲ့ အတိုင်းတော့ ကြိုးစားပြီး ယူပါရဲ့။ ဒါပေမဲ့ လူတွေက သိပ်များတော့ အတော်ခက်တယ်"

မီးရထားဘက်က လူတစ်ယောက်က ဖြီးလေသည်။ အမှန်စင်စစ်အားဖြင့် သူသည် ထိုနေရာကို ဈေးကြီးကြီးနှင့် ရောင်းစားထားပြီး ဖြစ်လေသည်။

"ကဲဗျာ၊ လာဗျာ။ ခင်ဗျားကို ဒီတွဲမှာပဲ တင်ပေးရမှာပဲ"

ပြောပြောဆိုဆို မောင်ပြုံးချိုကို ခေါ်သွားပြီးလျှင် 'မီးရထားဘက်ဆိုင်ရာ အလုပ်သမားများသာ"ဟု စာရေးကာ ဆွဲထားသည့် တွဲတစ်ခုထဲမှ ခုံတန်းရှည်တစ်ခုကို ပေးလေသည်။ 'မီးရထားဘက်ဆိုင်ရာ အလုပ်သမားများသာ"ဟု ဆွဲထားခြင်းပင်လျှင် သူများ မတက်အောင် ဖြီးထားခြင်း ဖြစ်လေသည်။ သည်ကဲ့သို့ ဖြီးထားပြီးလျှင် သည်လိုပဲ သူတို့ ရောင်းစားနေကြလေသည်။ မောင်ပြုံးချိုကို လိုက်ပို့သော မိတ်ဆွေက ငွေနှစ်ကျပ် ပေးလိုက်ရလေသည်။

"အထက်တန်းတွဲ စီးမလို့ပဲဗျာ၊ အဲဒီတွဲတွေကလည်း ကောင်းကောင်းမွန်မွန် မဟုတ်တော့ မစီးချင်လို့"ဟု မောင်ပြုံးချိုအား ကပ်စေးနဲ ထင်မည်စိုး၍ ဖြီးလိုက်ပြန်သည်။

ပျဉ်းမနားသို့ ရထားရောက်သောအခါ ဆူဆူညံညံကို ကြားရသဖြင့် မောင်ပြုံးချိုသည် အိပ်ချင်မူးတူးနှင့် ထထိုင်လေသည်။

"အိုင်ဆေး၊ ဒီတွဲက မီးရထားဘက်က လူတွေအတွက် ထားတာပဲ။ ဘယ်သူတွေ တက်စီးနေမှန်း မသိဘူး။ ဖယ်ပေးခိုင်းပါ" ဂတ်ဗိုလ်နှင့် လူတစ်ယောက် တက်လာ၍ ပြောနေလေသည်။

ထိုတွဲကျဉ်းကလေးထဲတွင် ကတ်ကတ်သပ်သပ်စီးလာသူ ခရီးသည်များသည် မျက်လုံးပြူးသွားကြကုန်သည်။

မောင်ပြုံးချိုသည် ဒေါသထွက်လာလေသည်။ မည်ကဲ့သို့ သဏ္ဌာဝါနည်းဟု မျက်လုံးကို ပွတ်ကြည့်လေသည်။ သက္ကလပ်နက်ပြာရောင် ဘောင်းဘီနှင့် မျက်မှန်တပ်ထားသည့် အသက်လေးဆယ်ကျော်အရွယ် လူကြီးတစ်ယောက်နှင့် ဂတ်ဗိုလ်ကို တွေ့ရလေသည်။ သူသည် မြန်မာမှ ဟုတ်ပါ၏လော။ အင်္ဂလိပ်စကားကို ရှုတ်ရှက်ဒွတ်ဒက်နှင့်ပြောနေသော်လည်း သေသေချာချာကြည့်လျှင် မြန်မာတစ်ယောက်နှင့်ပင် တူပါသည်.

"ဟေ့ လူတွေ၊ ခင်ဗျားတို့ ဒီအခန်းမှာ စီးဖို့ အထူးလက်မှတ်ပါသလား။ ပြ ပြ"

သူသည် လက်ဖျောက်ကလေး တီးကာ တီးကာနှင့် ပြောနေလေသည်။ ဂတ်ဗိုလ်က ဘာမျှမပြော။

"ဘာ အထူးလက်မှတ်လဲဗျ"

သူ့ကို ဒီလိုမေးရပါမည်လောဟု ဒေါသထွက်သွားဟန်တူသည်။

"ဒီရထားတွဲလေးက မီးရထားဘက်ကလူဖို့ သက်သက်ထားတယ်ဆိုတာ ခင်ဗျား မသိဘူးလား"

"မသိဘူး၊ ကျုပ်တို့တော့ မန္တလေးဘူတာတုန်းကတည်းက ဒီတွဲမယ်စီးလာတာပဲ"

"ခင်ဗျားတို့ သိပ်စည်းကမ်းမရှိတဲ့ လူတွေပဲ၊ တရားသဖြင့် လုပ်ပါဗျ၊ ဖယ်ပေးပါ"

"ဘာပြောတယ်၊ ခင်ဗျားကော တရားသလား၊ ကျုပ်တို့ ဒီတွဲကို ရအောင် ဘယ်လိုလုပ် စီးရတယ်ဆိုတာ သိလား"



"ဒါတော့ ခင်ဗျားဘာသာ ခင်ဗျား ပိုက်ဆံပေးချင်လို့ ပေးတာ ဘာဆိုင်သလဲ" သူသည် အိုးမလုံ၍ အုံပွင့်သွားလေသည်။

"ကျုပ် မပေးဘူး၊ ကျုပ်မိတ်ဆွေကသာ ကျုပ်အတွက် ပေးရတာ" မောင်ပြုံးချိုသည် ခပ်ရှက်ရှက်နှင့် ဖြေလိုက်ပြန်လေသည်။

"ခင်ဗျား ဘာလဲ"

"ကျုပ် မြို့ပိုင်ဗျ" မြို့ပိုင်ဆိုလျှင် ကြောက်များသွားမည်လောဟု ထိုနယ်က မြို့ပိုင်လိုလို ဖြေလိုက်ပြန်သည်။

"ခင်ဗျား မြို့ပိုင်ဘာဖြစ်ရမလဲ၊ ကျုပ် နယ်ပိုင်ဗျ" မောင်ပြုံးချိုသည် မျက်လုံးပြူးသွားလေသည်။ သို့သော် ဟန်ကိုယ့်ဖို့။

"နယ်ပိုင်ဖြစ်လည်း ဘာဖြစ်လဲဗျ၊ ဒီလိုဆိုရင် ခင်ဗျားလည်း မီးရထားအလုပ်သမားမှ မဟုတ်ဘဲ၊ ကျုပ်တို့နဲ့ ဘာထူးသလဲ၊ ဘာပြုလို့ ခင်ဗျားက ကျုပ်တို့ကို နှင်ထုတ်နေရတာလဲ"

ထိုလူကြီးသည် ဆက်၍ ဖြေရန် အစရှာမတွေ့တော့သဖြင့် တွဲပေါ်မှ ဆင်းသွားလေသည်။ ဂတ်ဗိုလ်သည်လည်း သူ့နောက်က ပါသွားလေသည်။

"အမယ်လေး မြို့အုပ်မင်းလေးကြောင့်သာ နို့ဖြင့်ရင် ကျွန်မတို့ ဆင်းပေးရပြီ"

"ဘယ်မြို့ကတုံး၊ အခု ဘယ်မြို့မယ် မြို့ပိုင်လုပ်နေသတုံး" အခုမှ မောင်ပြုံးချိုအား အထင်ကြီးကာ ဝိုင်း၍ ဖြီးကြလေတော့သည်။

"ကျွန်မတို့ဆီ ရောက်ရင်လည်း ဝင်ပါနော်"

တွဲပေါ်ရှိ မိန်းမ ယောကျ်ားများကလည်း မောင်ပြုံးချိုအား အဖြီးသြဘာ ပေးကြလေသည်။ နောက်မေးကြည့်သောအခါ ကိုယ့်ကိုယ်ကို နယ်ပိုင်ဟု ဖြီးသွားသည့် ပုဂ္ဂိုလ်ကြီးသည် နယ်ပိုင်အစစ်မဟုတ် မီးရထား လမ်းဗိုလ်တစ်ယောက်ဖြစ်ကြောင်း သိရလေသည်။

ရန်ကုန်မြို့သို့ ပြန်ရောက်လာပြီး ရန်ကုန်တွင်ပို၍ အဖြီးတွေ ပေါသေးသည်။ နေရာတိုင်းတွင် အဖြီးနှင့် မလွတ်ကင်းနိုင်ပါ။

"လာပါဆပ်၊ ကြွပါ၊ ကဘတ်၊ ပလာတာ၊ ပရယာနီ ရမယ်ဆပ်"

မဂိုလမ်းမှ ကုလားတို့သည် ဆလံပေးကာ ပေးကာနှင့် ဆူဆူညံအောင် ဖြီးကြသည်။

"အစ်ကိုကြီး ဦးလေး ကြည့်မြင်တိုင်'ကို လက်ညှိုးလေး တငေါက်ငေါက်နှင့် ကားစပယ်ယာသည် ဖြီး၍ ခေါ်လိုက်သည်။ သူတို့ကိုယုံပြီး တက်ထိုင်လိုက်၍ မကြာမြင့်မီ ကားခတောင်းလေတော့သည်။ သူတို့လက်ထဲ ပိုက်ဆံရောက်သည်နှင့် တစ်ပြိုင်နက် မည်သူ့ကိုမှ သူတို့ ဂရုမစိုက်တော့ချေ။ မောင်းချင်သလိုမောင်းမည်။ ရပ်ချင်သည့်နေရာ ရပ်မည်။ ပြောချင်သလို ပြောမည်။ သူတို့လက်ခုပ်ထဲမှ ရေဖြစ်လေသည်။ တစ်ခါတစ်ရံ လမ်းတစ်ဝက်တွင် "ဦးလေး ဟိုဘတ်ကားကိုပြောင်းပါ"ဆို၍ ခရီးသည်များကို တစ်ဆင့်ရောင်းစားလိုက်ကြသေးသည်။

"သတင်းစာတွေ၊ သတင်းစာတွေ"

"ဗိုလ်ချုပ်တို့ကို သတ်တဲ့အမှုကြီး အမိန့်ချပြီ"

"နေခင်းကြောင်တောင် ဝင်နှိုက်သွားသတဲ့"

"မိန်းကလေးတစ်ယောက် ကားတင်လို့တဲ့"

"ဘိန်းတွေ ဘိန်းတွေ၊ ဘိန်းတွေ မိသတဲ့"

သတင်းစာရောင်းသူတွေကလည်း ဟုတ်သည်၊ မဟုတ်သည်ကို ဂရုမထား။ အော်ကျယ်၊ အော်ကျယ်နှင့် လမ်းတကာတွင် လျှောက်ဖြီးနေကြလေသည်။ ယုံ၍များ ဝယ်မဖတ်လေနှင့် ဖြီးရေးထားသည်ကို တွေ့ရပေလိမ့်မည်။

"ဟို ဂျာနယ်ကျော်ထဲမယ်ပါတဲ့ ခင်ဗျားအကြောင်းဟာ သိပ်ဖတ်ကောင်းတာပဲ"ဟု ချီးကျူး၍ ဖြီးသူများလည်း ရှိသေးသည်။ ထိုကဲ့သို့သော သူများကို အနည်းဆုံး လက်ဖက်ရည်တစ်ခွက်တော့ တိုက်လိုက်ရလေသည်။

"ကျွန်တော်တို့တိုက်က ရေဒီယိုက အကောင်းဆုံးဗျ။ ခင်ဗျားတောပြန်ရင် တစ်လုံးလောက်တော့ ဝယ်သွား၊ သူများထက်လျှော့ပေးလိုက်မယ်။ မိတ်ဆွေချင်းချင်းမို့ ပြောတာ။ ဒီဈေးနဲ့ရောင်းတယ်ဆိုတာ သူများလည်း မပြောလိုက်နဲ့ဦး" ကုန်သည်လုပ်နေသော မိတ်ဆွေသူငယ်ချင်းနှင့်တွေ့လျှင် မမောနိုင် မပန်းနိုင် ဖြီးပြန်တော့သည်။

"ဝယ်တော့ ဝယ်ချင်တယ်ဗျာ။ ဒါပေမဲ့"ဟုဆိုကာ အကြောင်းအမျိုးမျိုး ပြ၍ ပြန်ဖြီးရပြန်သည်။



"အမယ်လေးဗျာ၊ ခင်ဗျား ရန်ကုန်ရောက်နေတယ် ကြားလို့ အခုပဲ ကျွန်တော်လာလည်မလို့ အိမ်နံပါတ် မသိတာနဲ့ပဲ။ အိမ်လာပြီး ထမင်းလေး ဘာလေး စားပါဦးဗျ။ ကျွန်တော့မိန်းမကတော့ဗျို့၊ ခင်ဗျားကို တစ်မေးတည်း မေးနေတာပဲ။ ကိုပြုံးချိုတို့များ မြို့အုပ်ဖြစ်သွားလို့ သွေးကြီးလိုက်တာ အိမ်ကိုတောင် မလာဘူးတဲ့"

မိတ်ဆွေဟောင်းတစ်ယောက်နှင့် တွေ့ပြန်၍ အဖြီးခံလိုက်ရပြန်သည်။

"အေးဗျာ၊ ကျွန်တော်လည်း လာမလို့ပါပဲ"ဟု အားကျမခံ ဖြီးလိုက်လေသည်။

"ဟော့ ကိုပြုံးချိုကြီး သိပ်ဝမ်းသာတာပဲဗျာ၊ ခင်ဗျားနဲ့ တွေ့ရတာ။ ခင်ဗျား အခုထက်ထိ မြို့အုပ်လားဗျ။ မြို့အုပ်လုပ်မနေပါနဲ့ဗျာ၊ ရန်ကုန်လာပြီး တစ်ခုခုလုပ်ပေးစမ်းပါ" နိုင်ငံရေးသမားမိတ်ဆွေတစ်ယောက်နှင့် လမ်းတွင် တွေ့၍ သူ့အဖြီးကို နားဆင်ရပါသည်။

"အေးဗျာ၊ ဘာလုပ်ရမှန်း မသိသေးပါဘူးဗျာ" လေအေးလေးနှင့် ဖြီးလိုက်သောအခါ "အကြောင်းရှိရင် လာဗျာ၊ ကျုပ် ဆောင်ရွက်ပေးမယ်" ဟု ပြောပြောဆိုဆို ဖြီးကာ ထွက်သွားလေသည်။

"ဟော့ လူ၊ ခင်ဗျား့ ယ်က ကျုပ်လူတွေလည်း ကြည့်ကြက်လုပ်ပါဗျာ။ ကျုပ်တို့ပါတီက အခု အာဏာမရှိပေမဲ့ တစ်နေ့ကျတော့ အာဏာဆိုတာ လက်ထဲရောက်ချင် ရောက်လာမှာ၊ အဲဒီအခါကျတော့ ခင်ဗျားကို ကြည့်မနေပါဘူး၊ အသာလျှိုးနေရသည့် နိုင်ငံရေးသမားတစ်ယောက်က ရယ်သွမ်းသွေး၍ ဖြီးသွားပြန်လေသည်။

မောင်ပြုံးချိုသည် ဤနည်းဖြင့် အဖြီးရေယဉ်ကြောတွင် မျောနေစဉ် ခွင့်ရက်စေ့၍ အလုပ်ပြန်ဝင်ရတော့မည် ဖြစ်သဖြင့် မင်းကြီးရုံးသို့ မောင်ပြုံးချို အစစားဝင်ရလေသည်။ ဤနေရာတွင်လည်း အပြန်အလှန် ဖြီးကြကုန်သည်။

မောင်ပြုံးချိုသည် မင်းကြီးအခန်းအတွင်းသို့ ဝင်အံ့သောငှာ အပေါက်ဝတွင် ချိတ်ဆွဲထားအပ်သော စက္ကူကလေးတစ်ရွက်ကို ယူပြီးနောက် မိမိနာမည်ကို ရေးပြီးလျှင် ဝတ်ဖြူစင်ကြယ်ဝတ်ထားသည့် အပေါက်စောင့်ကုလားကြီးအား ပေးလိုက်လေသည်။ ခဏမျှကြာသောအခါ ကုလားပြန်ထွက်လာ၍ ခေါင်းညိတ်ပြကာ မောင်ပြုံးချိုဝင်ရအံ့သောငှာ တံခါးကို

အရန်သင့် ဖွင့်ပေးလိုက်သေးသည်။ အိန္ဒိယသားများသည် အလွန်လိမ္မာပါ
တကား။

မင်းကြီးနှင့်တွေ့ဆုံပြီး၍ ပြန်ထွက်လာသောအခါတွင်လည်း မောင်ပြုံးချို အတွက် တံခါးကို အရန်သင့်ဖွင့်ပေးလင့်သည်။ အလွန်လိမ္မာသော တံခါးမှူးပါ တကား။ မောင်ပြုံးချိုသည် ဒုတိယမို့ ချီးမွမ်းလိုက်ပြန်သည်။ စိတ်ထဲမှ ချီးကျူးထောမနာ သြဘာပေးနေ၍မှ မဆုံးသေးမီ အပေါက် အသီးသီးတွင် စောင့်နေသော များလှသောင်းသောင်း အိန္ဒိယတိုင်းသား မင်းစေအပေါင်းတို့ သည် မောင်ပြုံးချိုထံသို့ ဝိုင်း၍လာကြကုန်သည်။ သူတို့သည် ပါးစပ်မှ အမျိုးမျိုးရေရွတ်ကာ မောင်ပြုံးချိုကို ဝိုင်းရံထားကြလေသည်။ အလိုလေး ခက်ချေပြီ။ ငါ့ကို သပိတ်တားကုန်ကြလေပြီ။ ကျောင်းသားဘဝတုန်းက သပိတ်တားခဲ့တာတွေ အခုမှ ၊ ငိုလည်ပြီ ထင်သည်။ မောင်ပြုံးချိုသည် ရင်တုန်နေလေသည်။ သူ၏မေးနေသော မျက်လုံးများသည်လည်း အစွမ်းကုန် ပြူးထွက်လာကုန်သည်။ ဘယ်လိုကြံရပမလဲ။ သူ့မျက်လုံးသည် ပြာနေကုန် သည်။ သူတို့တစ်တွေကိုပင် သဲသဲကွဲကွဲ မမြင်တော့ချေ။ အားတင်း၍ မသေမချာကြည့်လိုက်မှ သူတို့သည် သွားများကိုသာ အထင်းသားပေါ်အောင် ပြုံးကာ ချိုသာသောမျက်နှာထားများဖြင့် သူတို့လက်ကလေးများနှင့် နဖူး ကို တို့၍တို့၍ ဆလံပေးနေကြသည်။ ပါးစပ်မှလည်း အမျိုးစုံ ရေရွတ်လျက် အခန်းထဲမှ မင်းကြီးမကြားစေအုံ့သောငှာ ခပ်တိုးတိုး အရေးဆိုနေကြသည်။ လယ်သမား၊ အင်းသမားတွေ ခဏခဏ အဝိုင်းခံနေကျ မြို့ပိုင်မောင်ပြုံးချိုသည် လည်း သူတို့တောင်းဆိုချက်ကို တစ်မုဟုတ်ချင်း နားလည်သွားလေသည်။

"ဆပ် ကျွန်တော်တို့ ငါးယောက် ရှိတယ်နော်"

တစ်ယောက်က ဆိုသည်။

"မင်းတို့ ငါးယောက်စလုံးကို ငါဘယ့်နှယ်လုပ်ပေးမလဲ"

"လက်ဖက်ရည်ဖိုးလောက်ရရင် တော်ပါပြီ ဆပ်" သူတို့သည် ဘာသာမျိုးစုံ အသံအမျိုးမျိုးနှင့် ဝိုင်းဖြီးနေကြလေသည်။

"ရော့ ရော့" မောင်ပြုံးချိုသည် ငွေစက္ကူတစ်ကျပ်တန်ကလေးကို ထုတ်၍ ကုလားတစ်ယောက်လက်ထဲသို့ ထည့်ပြီးလျှင် သပိတ်တားသူများကို



တိုးကာ သုတ်ခြေတင်လေတော့သည်။ ကုလားသုံးယောက်လောက် သူ့ နောက်က လိုက်လာသေးသည်။

မောင်ပြုံးချို မတတ်သာတော့ပြီ။ ဤသို့ တကောက်ကောက် လိုက် တောင်းနေလျှင် ခက်တော့မည်။

ထို့ကြောင့် မောင်ပြုံးချိုသည် နိုင်ပေါက်ကို ကိုင်ရလေတော့သည်။

"ဟေ့ မင်းတို့ ဘရားဆပ်ကို တိုင်လိုက်မယ်" ဟု တည်တည်ဖြီးလိုက်မှ ရပ်နေရစ်ကြလေတော့သည်။

မကြာမီ မောင်ပြုံးချိုသည် မိမိခွင့်ယူပြီး ခွဲခွာခဲ့သည့် မြို့သို့ပင် ပြန်ရောက်လာလေသည်။

ပြောင်းရွှေ့သွားသည့် မြို့ပိုင်အား နှုတ်ဆက်၍ ပြန်ရောက်လာသည့် မောင်ပြုံးချိုအား ကြိုဆိုသည့်သဘောနှင့် ထမင်းစားပွဲကြီး ကျင်းပကြသည်။

ထမင်းစားပြီးကြသောအခါ အဖွဲ့အသီးသီးမှ ပုဂ္ဂိုလ်အသီးသီးတို့သည် မြို့ပိုင်နှစ်ဦး၏ဂုဏ်ပုဒ်များကို ကတ်သီးကတ်သတ် ရှာရှာဖွေဖွေ ချီးကျူးကြကုန် သည်။ ပြောင်းရွှေ့သွားမည့် မြို့ပိုင်ကလည်း စိတ်ပါလက်ပါ ပြန်၍ ဖြီး သည်။ မောင်ပြုံးချိုကလည်း တတ်သရွေ့ မှတ်သရွေ့ သူများ နားထောင် ကောင်းအောင် ဖြီးလိုက်သည်။

လောကကြီးကား အဖြီးလောကကြီးတည်း။ အဖြီးသံသရာကြီးမှာ ဖြီးမဝ တဝဲလည်လည်။

[ဂျာနယ်ကျော် ၁၉၄၈ မတ် ၆]

## နွေဦး

တပေါင်းတန်ခူး လေရူးသုန်သုန်။

မြို့ပိုင်မောင်ပြုံးချိုသည် သူ၏ နွားတင်းကုပ်သာသာမျှရှိသော ရုံးခန်းတွင် ထိုင်နေလေသည်။ လမ်းဘက်ဆီမှ လှည်းများ မောင်းသွားလျှင် တထောင်းထောင်းထသော ဖုန်တို့ကို လေရူးသည် မောင်ပြုံးချို၏ ရုံးခန်းအတွင်းသို့ သယ်ယူလာသည်။ နေမင်းပူပြင်းသောကြောင့် ချွေးစို့စို့ဖြစ်နေသည့် ခန္ဓာကိုယ်ကို ဖုန်မှုန့်တို့သည် အလိမ်းလိမ်း ကပ်ကြလေတော့သည်။ စားပွဲ၊ ကုလားထိုင်များလည်း ဖုန်တွေအဖွေးသားနှင့်။

ရုံးလည်း သည်အချိန်တွင် ခြောက်ကပ်ကပ် ဖြစ်လေသည်။ အမတော်ကြေးဆပ်ရန် အချိန်ရောက်နေပြီ ဖြစ်သော်လည်း မျှော်လင့်သလောက် မလာကြ။ ခပ်ဆိုင်းဆိုင်းဖြစ်နေကြသည်။ မိုးဦးကျများဆိုလျှင် ရုံးတစ်ခုလုံး တောင်သူလယ်သမားတွေနှင့် ပြည့်နှက်နေသည်။ သူတို့ စကားပြောသံတွေကလည်း ဆူဆူညံညံနှင့်။ အခုတော့ သူတို့ကို မမြင်ရတော့ပြီ။ တစ်ခါတစ်ရံ ကုပ်ချောင်းကုပ်ချောင်းနှင့် လျှောက်လွှာလေးကိုင်ကာ ဝင်လာသူတို့ တွေ့ရသည်။ ‘အမတော်ကြေး မဆပ်ပါရစေနဲ့ဦး’ ဟူသော လျှောက်လွှာဖြစ်လေသည်။

ခေါင်းဆောင်ဆိုသူများလည်း ရုံးဘက်သို့ အရောက်အပေါက် နည်းနေကြလေပြီ။ အဘယ်မှာလျှင် မောင်ပြုံးချိုကို ကြည့်လိုအံ့နည်း။ မြို့ပိုင်နှင့်တွေ့၍ အမတော်ကြေးအကြောင်းတွေကို ပြောနေရလျှင် ခက်ချိမ့်မည်။ သူတို့သည် လယ်သမားလူထုကြီး အမတော်ကြေးရအောင်သာ လုပ်ပေးမည်။ ပြန်ဆပ်ရန် သူတို့တာဝန် မဟုတ်ပါတကား။ သူကြီးတွေလည်း မိုးဦးကျကလောက်



ခြေမသွက်ကြ။ သူတို့လည်း လူထုသူကြီးများတည်း။ ထို့ကြောင့် လူထုအိတ်ထဲမှ ငွေအသပြာကို တတ်နိုင်သမျှ ပြန်မထွက်ရန် ကြိုးစားနေကြပြီပေ့။ သူတို့ သည်လိုမှ မလုပ်လျှင် နောက်တစ်ခါ မဲရွေးလျှင် ရှုံးချိမ့်မည်။*

သည်လို ခြောက်ကပ်ကပ်နှင့် ရုံးကြီးတွင် ထိုင်နေရသည်မှာ ပျင်းစရာ။

တောသို့ထွက်၍ အော်လိုက်ဟစ်လိုက်၊ ပြောလိုက်ဆိုလိုက် လုပ်ဦးမှ အမတော်ကြေးတွေ မြန်မြန်ဝင်လိမ့်မည်။ မကြာသေးမီက အရွေးခံကြရသည့် သူကြီးတွေကို သူ တွေ့လိုပါသေးသည်။

သူတို့ကတော့ မောင်ပြုံးချိုကိုလာတွေ့မည် မဟုတ်။ မောင်ပြုံးချိုကသာ သူတို့ကို သွားတွေ့ရမည် ဖြစ်သည်။ သူတို့သည် နယ်နယ်ရရ မဟုတ်။ လူထုသူကြီးတွေ ဖြစ်သည်။ အဘယ်မှာလျှင် သူ့ကို အရေးစိုက်လိုအံ့နည်း။

သို့နှင့် နောက်တစ်နေ့နံနက်တွင် တောသို့ ထွက်ခဲ့သည်။

မိုးရာသီကုန်ဆုံးခဲ့ပြီဖြစ်၍ ဆောင်းရာသီပင် သုဉ်းတော့မည်။ နွေသို့လည်း လုံးလုံးလျားလျားကြီး မကူးပြောင်းသေး။ နေ့ပူလို့ ညချမ်းတပေါင်းလ လသရမ်းတည်း။ သို့သော် သွားရေးလာရေး အတော်သာယာလျက်ရှိသည်။ သည်အခါမျိုးတွင် မြို့ပိုင်တည်းဟူသော သူသည် ခရီးများများ သွားပေးရပေမည်။

နှင်းတွေ ဝေနေလေသည်။

ခပ်လှမ်းလှမ်း ဘုန်းတော်ကြီးကျောင်းမှ အုန်းမောင်းခေါက်သံ ကြားရသည်။ သည်အချိန်တွင် သည်လိုအသံမျိုး ကြားရသည်မှာ သာယာလှပါဘိတော့သည်။ ခေါင်ယံအထက်မှ ဘောင်ကန်ကြက်တို့သည်လည်း တောင်ပံနှက်ကာ တွန်ကျူးကြကုန်သည်။ မနီးမဝေးမှ မောင်းထောင်းသံကိုလည်း ကြားရပါသည်။

သည်အချိန်တွင် မောင်ပြုံးချိုတို့လှည်းသည် မြို့တွင်းမှ ထွက်ခဲ့လေသည်။ မောင်ပြုံးချိုခေါ်သည့်မြို့သည် သူ့ရုံးစိုက်ရာ ဒေသကို ခေါ်ခြင်းဖြစ်သည်။ စင်စစ်အားဖြင့် ရွာကြီးကြီးမျှသာ ရှိလေသည်။

လှည်းကို ရှေ့မှမောင်းစေ၍ သူတစ်ဦးတည်း နောက်မှ လျှောက်လာလေသည်။ မြို့စွန်သို့ ရောက်သောအခါ တဲအိမ်ငယ်များတွင် အိပ်ရာမှ

---

* ထိုစဉ် သူကြီးရွေးကောက်ပွဲကို ငါးနှစ်တစ်ကြိမ် ကျင်းပရသည်။

ထ၍ ဆင်းရဲသူဆင်းရဲသားများကို တွေ့ရလေသည်။ အချို့လည်း တဲရှေ့တွင် မီးဖိုကာ မီးလှုံနေကြလေသည်။ လူကြီး၊ ကလေး၊ ခွေးပါမကျန် မီးဖိုနားတွင်သာ အုံနေကြသည်။ ချမ်းလွန်းလို့ အိပ်မရကြသည်နှင့် မီးဖိုကာ လှုံနေကြဟန် တူသည်။ သူတို့တွင် စောင်လည်း လုံလုံလောက်လောက် ရှိမည်မထင်။ ထူထဲသော အထည်များလည်း ရှိကြမည် မဟုတ်။

လှည်းသည် သူ့ရှေ့ကျူးသွားလေပြီ။ နှင်းတွေကြောင့် ကောင်းကောင်းမလင်းနိုင်ရှာသည့် လရောင်အောက်တွင် မောင်ပြုံးချိုတစ်ယောက်တည်း လမ်းလျှောက်နေသည်။ သည်အချိန်မျိုးတွင် သူ့ခြေသံသည် အတော်ကျယ်လောင်လေသည်။ သူ့ခြေသံကြောင့် ချမ်းချမ်းနှင့်ကွေးနေကြသည့် ခွေးတို့သည် လန့်နိုးကြသည်။ အနှောင့်အယှက် လုပ်ရမည်လောဟု စိတ်ဆိုးကြဟန်တူသည်။ မောင်ပြုံးချိုအား တစ်ကောင်ကစ တစ်ရာ ဝိုင်း၍ ဟောင်ကြလေသည်။ မီးလှုံနေသူများထဲမှ အချို့က ထွက်၍ မောင်းကြသည်။ အချို့က လုံးလုံးဂရုမစိုက်။

ခပ်လှမ်းလှမ်းတွင် လှည်းရပ်စောင့်နေသည်ကို တွေ့ရသည်။

“လမ်းဆင်းလျှောက်နေရင် မိမှာ မဟုတ်ဘူး။ နွားတွေက သိပ်ကောင်းတယ်” တပည့်က စိုးရိမ်ကြီးစွာ ပြောလေသည်။ လှည်းက သိပ်လွန်သွားပြန်လျှင်လည်း မဖြစ်သေး။ ကိုယ်စီးချင်သည့်အခါ မစီးရလျှင် ခက်ချိမ့်မည်။ သို့နှင့် လှည်းပေါ်တွင် တက်ထိုင်လိုက်သည်။

မှန်ပေသည်။ အလွန်သွက်သည့် နွားများ ဖြစ်ပေသည်။ ခေါင်းပေါ်တွင် ဆောင်းသည့်ဦးထုပ်ပင်လျှင် လှည်းဆောင့်တိုင်း မြောက်၍ မြောက်၍ သွားသောကြောင့် မေးသိုင်းကို ခပ်ကျပ်ကျပ် စည်းထားရသည်။

“မင့်နွားတွေက တယ်ဟုတ်ပါလားဟေ့၊ သိပ်သွားတာပဲ”

မောင်ပြုံးချိုက စကားစလိုက်သည်။ သို့သော် လှည်းဆရာက စကား ပြန်မပြော။ ကြိမ်ကို ဝင့်ကာဝင့်ကာ ‘ဟဲ့ အိုး’ဟူသော အာမေဍိတ်သံများဖြင့် နွားတွေသာ နှင်နေလေသည်။

“သိပ်လည်း မလုပ်ပါနဲ့ကွယ်၊ နွားတွေ မောကုန်ပါ့မယ်”

“ဒီနွားတွေက ဒီလိုပဲ သွားတာပါပဲ၊ ကြိမ်နဲ့ မရိုက်ရပါဘူး”

လှည်းဆရာက သူ့နွားတွေကို ချီးကျူးနေလေသည်။ သူပြောသည့်အတိုင်းပင် နွားတို့သည် မရိုက်ရဘဲနှင့် ပြေးနေကြလေသည်။ ကြိမ်တို့မခံသည့်



နွားတွေ ဖြစ်သည်။ ကြိမ်ကလေးနှင့် တို့ရုံမျှနှင့် တင်ပါးဆုံတွန့်ကာ အမြီးခတ်ကာနှင့် ပြေးလေသည်။

တစ်မိုင်ခန့်သွားမိလျှင် နွားတွေ မောစပြုလာလေသည်။ အသက်ရှုပြင်းလာလေသည်။ လှည်းဆရာ၏ အော်သံ၊ ငေါက်သံများလည်း တိမ်သွားလေသည်။ အသွားလည်း အနည်းငယ် နှေးသွားလေသည်။ သို့သော်လည်း လူသွက်သွက်ကြီး သွားနေသလောက်တော့ မြန်သေးသည်။

မိုးလင်းတော့မည်။ အရှေ့ဘက်တစ်ခိုတွင် နီရောင်တွေ သန်းနေလေပြီ။ လမ်းတွင် ဈေးရောင်းသွားကြမည့် မိန်းမများကို တွေ့ရလေသည်။ သူတို့သည် ခံတောင်းနှင့်တစ်မျိုး၊ တောင်းစောက်နှင့်တစ်သွယ်၊ ကိုင်းထဲမှ ဟင်းရွက်၊ ဟင်းသီး၊ ပြောင်းဖူး အစရှိသည်တို့ကို တစ်ဆင့်ဝယ်ယူပြီး ဈေးသို့သွား၍ ရောင်းကြမည်ဖြစ်သည်။ ဈေးသို့ အချိန်မီရောက်ရှိစေရန် နံနက်အစောကြီးထလာကြရသည်။ သည်အချိန်တွင် လူတိုင်း အိပ်ရာထဲတွင် ကွေးနေချင်သည်။ မိမိတို့ဝမ်းရေးအတွက်မို့သာ ချမ်းချမ်းစီးစီးနှင့် ထ လာကြရသည်။ သူတို့သည် တကယ့်တိုင်းရင်းသား ပီသသူများ ဖြစ်ကြသည်။ လူ့ဝတ္တရားကို သိသူများ ဖြစ်ကြသည်။ ဝီရိယရှိသူများ ဖြစ်သည်။

သူ့ခများများတွင် ချမ်းချမ်းစီးစီးနှင့် ကိုးမိုင်၊ ဆယ်မိုင်ခရီးကို ဝန်ထုပ်ဝန်ပိုးကိုရွက်ကာ ခြေကျင်လျှောက်ရသည့်အချိန်တွင် မောင်ပြုံးချိုတို့ လူသိုက်သည် အနွေးထည်ထပ်ထပ်ကို ဝတ်ဆင်ကာ လှည်းပေါ်မှ အကြော့သားထိုင်၍ ခရီးသွားနေကြသည်။ လှည်းဦးက တောင်းထဲတွင်လည်း စားဖွယ်သောက်ဖွယ် အစုံအလင်ပါသေးသည်။ သူ့ခများများမှာတော့ ဈေးထဲရောက်မှ ဖြစ်သလို စားကြသောက်ကြရမည်ဖြစ်သည်။ အချို့ ကောက်ညှင်းထုပ်၊ အချို့ မုန့်ဟင်းခါးများသည် သူတို့အဖို့ နံနက်စာဖြစ်လိမ့်မည်။ သူတို့ကုန်တွေ ခပ်စောစော ရောင်း၍ ကွဲလျှင်လည်း နေမမြင့်မီ အိမ်သို့ ပြန်ရောက်ကြပေလိမ့်မည်။ သည်အခါတွင်မှ မိမိသားသမီးများ သို့မဟုတ် အိမ်တွင် ကလေးထိန်းကာ ကျန်ရစ်သည့် လင်ယောကျ်ားများ ချက်ထားသည့် ကောက်ငယ်ဆန်နှင့် ငါးပိရည်ကိုရော၍ လွေးကြရမည် ဖြစ်လေသည်။

မိုးစင်စင်လင်းလေပြီ။

မောင်ပြုံးချိုသည် လှည်းပေါ်မှဆင်း၍ လမ်းလျှောက်ပြန်သည်။ မြင်မြင်ထင်ထင်ကြီး ဖြစ်နေပြီဖြစ်၍ လှည်းနှင့် ဝေးသွားမှာကိုလည်း

မစိုးရိမ်တော့ချေ။ လှည်းသည် မြစ်ကမ်းပါးပေါ်တွင် မောင်းလျက် ရှိလေသည်။ မိုးတွင်းက သည်နေရာတွင် ရေအတော်စားလိုက်သည်။ များလှစွာသော ကမ်းနားသစ်ပင်ကြီးငယ်တို့သည် အမြစ်မှပြုတ်၍ မျောသွားကုန်ခဲ့လေပြီ။ ကမ်းပါးကြီးတွေကလည်း နက်စောက်လှပါဘိတော့သည်။ ယမန်နှစ်က ကေပေါင်းများစွာသော ဆေးခင်း၊ ပဲခင်း၊ ပြောင်းခင်း အစရှိသည့် ကိုင်းတို့သည်လည်း ရေစားသည့်အထဲတွင် ပါသွားကုန်လေပြီ။ သည်နေရာမှ မြေများသည် တကယ့်အဖိုးတန်မြေများ ဖြစ်လေသည်။ မြေကြီးက ရွှေသီးသည်ဟု ခေါ်ဆိုလောက်သည့် မြေပဒေသာ မြေရတနာများ ဖြစ်လေသည်။

ခပ်လှမ်းလှမ်းတွင် ကိုင်းတဲကလေးများကို တွေ့ရလေသည်။ မောင်ပြုံးချိုသည် လှည်းလမ်းမှ ဖဲ၍ ကိုင်းတဲတစ်ခုဆီသို့ ရှေ့ရှုသွားလေသည်။ အနီးသို့ရောက်လျှင် ခွေးတစ်ကောင်သည် ထိုး၍ ဟောင်လေသည်။ မောင်ပြုံးချိုက ပြောင်းရိုးတစ်ခုကို ကောက်ကိုင်လိုက်သည်။ သည်တော့မှ ပို၍ ဟောင်လေတော့သည်။ တဲအတွင်းမှ လူရွယ်တစ်ယောက် ထွက်လာပြီး ဟန့်တားတော့မှ အမြီးကုပ်ကာ တဲထဲသို့ ပြန်ဝင်သွားလေသည်။

"ဒီကိုင်း ဘယ်သူ့ကိုင်းလဲ" မောင်ပြုံးချိုက စကားစလိုက်လေသည်။

"ကိုသူတော့်ကိုင်းပါ" သူငယ်က ပြောလေသည်။

တဲအတွင်းမှ မိန်းမတစ်ယောက်နှင့် ယောကျ်ားတစ်ယောက် တဲအမိုးစွန်းအောက်မှ ခေါင်းငုံ့ကာ မောင်ပြုံးချိုကို ကြည့်ကြလေသည်။ နံနက်စောစောကြီး သည်လူက ဘာလာလုပ်တာလဲဟု တွေးတောနေကြဟန်တူသည်။

"ဒီနှစ် ကိုင်းတွေ ဘယ့်နှယ်နေသလဲ"

"ဟာ သိပ်ပျက်တာပဲ၊ ရေကလည်း နှစ်ခါကြီး၊ ဆေးမျိုးခင်းတွေလည်း ရေမြုပ်ပြီး ပျက်ကုန်တယ်။ ပဲခင်းတွေလည်း ပျက်ကုန်တာပဲ။ ဒီနှစ်ရေက သိပ်ကြီးတာကလား" တဲအတွင်းမှ ယောကျ်ားကြီးသည် ချည်ကြမ်းစောင်ကြီးကို ခြုံကာ ထွက်လာရင်း ပြောပြလေသည်။

"အမတော်ကြေး ယူသေးသလား" မောင်ပြုံးချိုက မိမိနှင့်ဆိုင်သည့် မေးခွန်းကို မေးလိုက်လေသည်။

"ယူပါသေးတယ်"



"ဘယ်လောက်လဲ"

"ခုနစ်ဆယ်တည်းပါ"

မောင်ပြုံးချိုကား ကိုင်းတွေပျက်သည်ဆိုသောကြောင့် ကိုင်းသမားတွေအတွက် စိတ်မကောင်းဖြစ်မိသည်။ သူ ထုတ်ပေးထားသည့် အမတော်ကြေးတွေအတွက် ရင်လေးမိလေသည်။

"အမတော်ကြေးတွေ ပြန်ဆပ်ဖို့ အချိန်နီးပြီနော်" မောင်ပြုံးချို စကားစပြန်လေသည်။

"ဟုတ်ကဲ့" သူသည် ခပ်လေးလေး ဖြေလေသည်။ အမတော်ကြေးအကြောင်းကို သူသိပ်ကြားချင်ဟန် မတူ။ သူ့မျက်နှာသည် ညှိုးငယ်နေလေသည်။ တကယ်ပျက်ရိုးမှန်လျှင် အဘယ်မှာလျှင် ဆပ်နိုင်အံ့နည်း။ အမတော်ကြေး ဆပ်ဖို့ကို ထားဘိဦး။ သူ့ဝမ်းစာအတွက်ပင် အခက်တွေ့နေလေပြီ။ သို့နှင့် မောင်ပြုံးချိုလည်း ကိုင်းတဲဆီမှ ထွက်ခဲ့လေသည်။

မျက်စိတစ်ဆုံး နေရာအနှံ့အပြားတွင် ကိုင်းပင်အမျိုးမျိုးနှင့် ပြည့်နှက်နေလေသည်။ အချို့နေရာတွင် ဆေး၊ ပြောင်း၊ ပဲ။ အချို့နေရာတွင်လည်း ငရုတ်၊ ကြက်သွန်၊ မြေပဲတွေနှင့် ဖုံးလွှမ်းလျက်ရှိလေသည်။ စိမ်းစိုသည့် ငရုတ်ပင်များတွင် နီရဲနေသည့် ငရုတ်သီးမှည့်တို့သည် တွဲရရွဲ တန်ဆာဆင်လျက်ရှိရာ ကြည့်၍ အလွန်လှပေသည်။ မောင်ပြုံးချိုသည် ကိုင်းခင်းကို ဖြတ်ကာ လှည်းဆီသို့ သွားနေလေသည်။

အတန်လျှောက်မိလျှင် လှည်းပေါ်သို့ တက်ပြန်သည်။ နေ အတော်မြင့်လာပြီဖြစ်၍ နေရှိန်ပြင်းလာလေသည်။ သည်အထဲတွင် ခပ်စောစောက နှင်းသိပ်သဖြင့် အိပ်နေသည့်လှည်းလမ်းကြောင်းရှိ ဖုန်တို့သည် တထောင်းထောင်းထစ ပြုလာလေသည်။ အတန်ကြာသော် တစ်ကိုယ်လုံး ဖုန်တွေ အလိမ်းလိမ်းကပ်နေလေသည်။

လှည်းအသွားအလာ များလှသဖြင့် နက်ရှိုင်းနေသည့် လှည်းလမ်းကြောင်းတွင် မောင်းနေရသည့်အထဲ လှည်းတစ်စီးနှင့်တစ်စီး မျက်နှာချင်းဆိုင်မိလျှင် အခက်တစ်မျိုးနှင့် တိုးကြရသည်။ သည်လိုအခါမျိုးတွင် ဘယ်လှည်းကမှ ရှောင်မပေးချင်။ ပေတေတေ ကတ်တတ်တတ်နှင့် ရပ်၍သာ နေတတ်ကြသည်။ ထုံးတမ်းစဉ်လာအရဆိုလျှင် ဝန်လေးတင်လာသည့်လှည်းကို ဝန်ပေါ့

လှည်းက ရှောင်ပေးရမည်ဖြစ်သည်။ သို့သော်လည်း တင်လာသည့် ဝန်ချင်းမတိမ်းမယိမ်းဖြစ်နေလျှင် သူရှောင်ရမည်၊ ငါရှောင်ရမည်နှင့် အငြင်းပွားကာ တစ်ယောက်နှင့်တစ်ယောက် လှည်းဒေါက်နှင့် ရိုက်တတ်ကြသည်။ ရိုက်ရုံတင်မက တစ်ခါတစ်ခါ ဓားနှင့် ခုတ်ခြင်းများပင် ဖြစ်ကြရလေသည်။

မောင်ပြုံးချိုတို့လှည်းသည် သူက ရှောင်လိုက်၊ ငါကရှောင်လိုက်နှင့်ပင် မောင်းလာခဲ့ရာ ကိုးနာရီလောက်ကွင် ရပ်နားရမည့်ဇိုလ်ရုံသို့ ရောက်ရှိလေသည်။

ဇိုလ်ရုံကား စိတ်ပျက်စရာ ကောင်းလှပါဘိတော့သည်။ ကြမ်းပြင်ပေါ်တွင် ဖုန်တွေ လွှမ်းနေသည်။ ကုက္ကိုရွက်ခြောက်တွေကလည်း ပြန့်ကျဲလျက်ရှိသည်။ စားပွဲတွေ၊ ကုလားထိုင်တွေကလည်း ဟိုတစ်လုံး၊ သည်တစ်လုံးဖြစ်ချင်တိုင်း ဖြစ်နေလေသည်။ သူတို့အပေါ်တွင်လည်း ဖုန်တွေ ရှစ်သစ်တက်နေလေသည်။

"ဟဲ့ ဟဲ့ ဇိုလ်ရုံစောင့် ဖိုးရင်ကို ခေါ်စမ်းပါဦး၊ ဒီကောင် ဘယ်သွားနေပါလိမ့်"ဆိုင်ရာရွာသူကြီးသည် ပျာပျာသလဲ ဇိုလ်ရုံစောင့်ကို ရှာနေလေသည်။ အတန်ကြာမှ ဇိုလ်ရုံစောင့်သည် မောကြီးပန်းကြီးနှင့် ပြေးလာလေသည်။

"မင်း ဘယ်သွားနေတာလဲကွ။ စားပွဲတွေ၊ ကုလားထိုင်တွေလည်း ပြန့်ကြဲလို့" သူကြီးက ကြိမ်းလေသည်။

"ဟာ ဟိုတောင်ပိုင်းက အလှူကဗျာ၊ ငှားပြီးပြန်ပို့တော့ နေရာတကျပြန်မထားဘူး" ဇိုလ်ရုံစောင့်က ပြောလေသည်။

မိုးဦးကျလောက်က မောင်ပြုံးချိုရောက်လာစဉ်ကနှင့် အကွာကြီးကွာလှပေသည်။ ဟိုစဉ်ကဆိုလျှင် မောင်ပြုံးချို၏မော်တော် ကမ်းနားဆိုက်လျှင် လည်တမော့မော့နှင့် မျှော်နေသည့် လူထုကြီးသည် ရွှင်ပြုံးသောမျက်နှာထားနှင့် ကမ်းပါးညွတ်မျှ ဆီးကြိုနှုတ်ဆက်ကြသည်။ အိပ်ရာလိပ်ကိုသယ်ရမလား၊ သေတ္တာကို ထမ်းရမလားနှင့် လောကွတ်တွေ ပျူငှာကြသည်။ ဇိုလ်ရုံကိုလည်း သန့်သန့်ရှင်းရှင်း ပြင်ဆင်ထားသည်။ စားပွဲပေါ်တွင် စားပွဲခင်းကြီးသည် ဖြူဖြူဖွေးနေလေသည်။ လယ်သမားခေါင်းဆောင်၊ လူထုခေါင်းဆောင်၊ ဘာခေါင်းဆောင်၊ ညာခေါင်းဆောင် အစရှိသော ခေါင်းဆောင်



အပေါင်းတို့သည်လည်း ဟောင်ဖွာဖွာနှင့် ရောက်လာကြသည်။ 'သည်လူကို ထည့်ပါဦး၊ ဟိုလူကို တိုးပါဦး၊ သည်လူတော့ မဖြုတ်ပါနဲ့" စသည်ဖြင့် ခေါင်းဆောင်ခေါင်းရွက် ပြုလုပ်ကြသည်။ 'မြို့အုပ်မင်း ဘယ်သင်းက ဘယ်လိုပါ၊ ကျွန်တော့နယ်ကို ငါးထောင်တည်း ပေးမယ်ဆိုတော့ နည်းတာပေါ့။ နည်းနည်း တိုးပေးပါဦး'ဟု ခရောတာတာနှင့် ညာတတ်သည့် သူကြီးများကိုလည်း တွေ့ရသည်။ လူတိုင်း၏စိတ်ထဲတွင် မြို့ပိုင်မောင်ပြုံးချိုသည် မိုးကျရွှေကိုယ်ကလေး ဖြစ်နေပေသည်။ မြို့ပိုင်မင်း မျက်နှာ ကြီးလှပါသည်။ အဘယ်ကြောင့်နည်း။ မောင်ပြုံးချို၏သေတ္တာထဲတွင် အမတော်ကြေးပေးရန် ငွေတွေ အမြောက်အမြား ပါလာသောကြောင့်တည်း။

ယခုတော့ သူ့ကို မည်သူမှ အသိလုပ်မည့်သူ မရှိ။ လယ်သမားခေါင်းဆောင်တွေကိုလည်း သူမမြင်။ သူကြီးတွေကိုလည်း သူ မတွေ့။ တောင်သူလယ်သမား အပေါင်းတို့ကိုလည်း ရှာမရ။ သူတို့စိတ်ထဲတွင် မောင်ပြုံးချိုသည် 'အစွယ်ငေါ်ငေါ်နှင့် ဘီလူးကြီး'ဖြစ်နေလေပြီ။ မြို့ပိုင်မင်း မျက်နှာငယ်လှပါသည်။

အဘယ်ကြောင့်နည်း။ မောင်ပြုံးချို၏ သေတ္တာထဲတွင် မိုးဦးကျက ချေးထားသည့် အမတော်ကြေးတွေကို ပြန်တောင်းရန် အမှုတွဲတွေ တစ်ထပ်ကြီး ပါလာပါသောကြောင့်တည်း။

[ဂျာနယ်ကျော် ၁၉၄၈ မတ် ၁၃ ၌
မျက်နှာငယ်ချိန် အမည်ဖြင့် ပါရှိခဲ့သည်။]

# အိမ်သာ

၁

ကျေးရွာနှင့် အိမ်သာ။ အိမ်သာနှင့် ကျေးရွာ။

မောင်ပြုံးချိုအဖို့ သည်နှစ်ခု အမြဲဒွန်တွဲလျက် ရှိလေသည်။ ကျေးရွာများသို့ ရောက်လာတိုင်း လာတိုင်း အိမ်သာအတွက် အမြဲလိုလို စိတ်ညစ်ရပါသည်။ အိမ်သာနှင့်ပတ်သက်၍ ဒုက္ခရောက်ရပေါင်းလည်း များလှပါပြီ။

အိမ်သာတစ်လုံးမျှ မရှိသည့်ကျေးရွာများတွင် တည်းခိုမိ၍ ကမန်းကတန်း တောစပ်သို့ ပြေးဝင်ရပေါင်းလည်း များလှပါပြီ။ ခနော်နီ ခနော်နဲ့ အိမ်သာများနှင့်တွေ့နေ၍ အသက်အောင့်ကာ ထိုင်ခဲ့ရပေါင်းလည်း မရေတွက်နိုင်ပါ။ အမိုးမရှိသည့် အိမ်သာများနှင့်တွေ့၍ နေပူမိုးရွာထဲတွင် ထီးဆောင်းကာ ထိုင်ခဲ့ပေါင်းလည်း အကြိမ်ကြိမ်။ တံခါးမရှိသော အိမ်သာများနှင့် ကြုံလျှင်လည်း ရှေ့မှထီးကွယ်၍ ဒုက္ခခံခဲ့ရသည်မှာလည်း ခဏခဏ။

တောရွာမှ အိမ်သာများသည် တွင်းမတူးဘဲ မြေပေါ်တွင်သာ စွန့်တတ်ကြကုန်သည်။ အိမ်သာတက်ရင်း တရှီးရှီးအော်ကာ အနီးရောက်လာနေသည့်ဝက်တွေကို တဟဲ့ဟဲ့ မောင်းနေရသည်မှာလည်း အမော။ သူတို့မရှိသော နေရာများတွင်ကား မစင်ပျော့၊ မစင်တုံးတို့သည် တုတ်ခနောင်းများနှင့် ရော၍ အဆောက်အအုံကြီးမားကာ အထက်သို့ မြင့်တက်ချွန်တက်နေသောကြောင့် အသားနှင့်ထိလုနီးနေ၍ ဆောင့်ကြောင့်ပင် ကျကျနန မထိုင်ဝံ့။

ရေပေါ်တွင် တည်ထားသည့် အိမ်သာများကို အသုံးပြုသောအခါ၌လည်း ‘ပလုံ’ဟုမြည်ကာ အောက်မှရေသည် အပေါ်သို့ပြန်တက်၍ မျက်နှာသို့ စဉ်လိုက်ချေသေး၏။

သြော် ဒုက္ခ ဒုက္ခ။ အိမ်သာအတွက် ဒုက္ခရောက်ပေါင်း များခဲ့လှချေပြီ။



မှတ်မိသေးတော့သည်။ မမေ့နိုင်အောင် မှတ်မိနေပါသည်။

မိုးတွင်းအချိန်ဖြစ်သဖြင့် ချောင်းရေတွေလျှံ၍ ကန်ရေတွေ တိုးနေသည်။ မောင်ပြုံးချိုသည် ထန်းပင်ကုန်းရွာသို့ ရေကြောင်းမှ လှေလောင်းဖြင့် ရောက်လာလေသည်။ သူကြီးအိုကြီး ဦးမြသဲသည် မောင်ပြုံးချိုတို့အား သူ့မယားကြီးအိမ်တွင် ဧည့်ခံလေသည်။ ‘မယားကြီး’ဟူသော ဝေါဟာရကို သုံးထားသဖြင့် မယားငယ်ရှိကြောင်း ထင်ရှားပေပြီ။ သူ့အနှောင်းကငယ်ငယ်ချောချောဟု ဆိုသည်။ သည်အိမ်ကိုတော့ မောင်ပြုံးချိုတို့ကို ခေါ်မသွား။ အတော်ပါးနပ်သည့် အဘိုးကြီးတည်း။

ဦးမြသဲသည် သည်နေရာတွင် သြဇာတိက္ကမကြီးသူ ဖြစ်သည်။ ရွာသူကြီးသာ မဟုတ်။ အင်းသူကြီးလည်း ဖြစ်သည်။ အင်းခံဝန်ချုပ်များလုပ်ရန် ရောက်ရှိလာသော မောင်ပြုံးချိုအား အင်းသူကြီးတွေ ဝိုင်း၍ ဖူးဖူးမှုတ်ကြလေသည်။ တစ်နေ့လုံး စားလိုက်သောက်လိုက်၊ အော်လိုက်ဟစ်လိုက်၊ ကျမ်းတိုက်လိုက်၊ လက်မှတ်ထိုးလိုက်နှင့် တစ်နေကုန်သွားလေသည်။ ထိုနေ့ညတွင် ဦးမြသဲ၏ မယားကြီးအိမ်၌ပင် မောင်ပြုံးချိုတို့လူစု အိပ်ကြရလေသည်။

နံနက်လင်းလျှင် လင်းချင်း ဦးမြသဲ ပေါက်လာလေသည်။ ညကသည်အိမ်တွင် သူ မအိပ်ပါ။ ယမန်နေ့က အစာသစ်များသည် မောင်ပြုံးချို၏ ဝမ်းဗိုက်အတွင်းဝယ် အစာဟောင်းဖြစ်ကုန်လေပြီ။ ထိုအစာဟောင်းတို့သည် ထွက်ပေါက်ကို ရှာနေကြသည်။

“ဦးမြသဲ၊ အိမ်သာသွားချင်လို့ ဘယ်သွားရမလဲ”

မောင်ပြုံးချိုသည် အိပ်ရာမှ ထလျှင်ထချင်း စက္ကူစုတ်ကို လက်ကကိုင်၍ မေးလေသည်။

“လာပါ၊ လာပါ” ဦးမြသဲသည် မောင်ပြုံးချိုအား အိမ်နောက်ဖေးသို့ ခေါ်သွားလေသည်။ ကြမ်းပြင်သို့ရောက်သောအခါ “ဒီပေါ်က လျှောက်သွားပါ။ ပြီးတော့ ဟိုပေါ်ကို တက်ပြီးတော့ ဟောဟိုက ပုတ်ကြားထဲ ထိုင်ပါ။ ရပါတယ်”ဟု လမ်းညွှန်လေသည်။

မောင်ပြုံးချိုသည် သူညွှန်သည့် လမ်းအတိုင်းပင် သွားလေသည်။ အိမ်၏နောက်ဖေးဘက်သို့ ထွက်လိုက်သောအခါ ဝါးလုံးတွေကို ကျိုးတိုးကျဲတဲ

ခင်းထားသည်ကို တွေ့ရသည်။ အောက်သို့ ငုံ့ကြည့်လိုက်လျှင် ချောင်းရေသည် တဝေါဝေါ စီးဆင်းနေလေသည်။

မောင်ပြုံးချိုသည် လှုပ်လှုပ်လှုပ်လှုပ်နှင့် ဝါးလုံးများပေါ်တွင် နင်း၍ သွားရလေသည်။ ညက မိုးရွာထားသဖြင့် ဝါးလုံးများသည် ချောနေသောကြောင့် ချော်မလဲရန် မနည်းကြီး ဟန်ထားရသည်။ တထင့်ထင့်နှင့် လျှောက်လာခဲ့ရာ သည်ထက်မြင့်သည့် စင်တစ်ခုနားသို့ ရောက်သွားပြန်လေသည်။ ဦးမြသဲက သည်စင်ပေါ် တက်ရမည် ပြောသည်။ ဘယ်ကဲ့သို့ တက်ရမည်နည်း။ စင်သည် ကြမ်းပြင်ထက် လူတစ်ရပ်သာသာ မြင့်ပေသည်။ မတတ်သာတော့ပြီ။ ဝမ်းတွင်းကလည်း ဒုက္ခပေးလှပြီ။

လမ်းတစ်ဝက်တွင် ကိစ္စချောကုန်လျှင် မြင်မကောင်း ရှုမကောင်း ဖြစ်ပေတော့မည်။ မောင်ပြုံးချိုသည် အနီးအနားတွင် သူ့ကို ကြည့်နေသောသူများ ရှိလေမလားဟု လှည့်ပတ် ကြည့်လိုက်သည်။ မရှိမှန်းသိသောအခါ ခါးတောင်ကို မြှောင်နေအောင် ကျိုက်လေသည်။ သူသည် နောက်တစ်ဖန် လူများ ကြည့်နေမည်လောဟု လှည့်ပတ်ကြည့်ရှုပြီးလျှင် ကတိုက်ကရိုက်နှင့် တိုင်ကိုဖက်၍ တက်လေတော့သည်။ အထက်ဆင့်ကို လက်လှမ်းမိသောအခါ အားရဝမ်းသာ လှမ်း၍ ဆွဲလိုက်သည်။ သည်အချိန်တွင် ခါးတောင်းကျိုက် ပြုတ်သွားလေသည်။ သူသည် ကပျာကသီနှင့် အပေါ်တက်လိုက်လေသည်။ ဟိုဟိုသည်သည် လှည့်ကြည့်လိုက်သေးသည်။ မည်သူမျှ ကြည့်နေသူကို မတွေ့ရမှ ရှက်စိတ်ပျောက်သွားကာ ကမန်းကတန်းနှင့် ပုတ်ကြားထဲသို့ ဝင်သွားလေသည်။

ကိစ္စပြီး၍ ပြန်ထွက်လာသောအခါ အခက်အခဲ တွေ့ပြန်ရပါသည်။ အတက်တုန်းက ဖက်တက်လာခဲ့သော်လည်း အဆင်းတွင် မည်ကဲ့သို့ဆင်းရမည်မသိ။ အိမ်ထဲကလူတွေကို လှမ်းခေါ်ရလျှင် ကောင်းမည်လော။ အကြံအိုက်နေလေသည်။ သည်လိုခေါ်လိုက်လျှင်လည်း ရှက်စရာများ ဖြစ်နေမည်လော။ သူ့နဖူးတွင် ချွေးများ စို့လာလေသည်။

"ဟာ ကိုယ့်ဟာကိုယ်ပဲ ဆင်းတာကောင်းပါတယ်" ပါးစပ်မှ ရေရွတ်ရင်း ခါးတောင်းကျိုက်ပြန်သည်။ နောက်တိုင်ကို တွယ်ဖက်လျှောဆင်း



ရန် ဟန်ပြင်လေသည်။ တိုင်ကိုဖက်တက်ကာ အထက်ဆင့်ကို ကိုင်လျက် လျှောလိုက်လေသည်နှင့် တစ်ပြိုင်နက် ခါးတောင်းကျိုက် ပြုတ်ကျသွားပြန်သည်။ အောက်သို့ တစ်ထစ်လျှောပြန်ရာ လုံချည်ကွင်းလုံး ကျွတ်သွား၍ တွဲလောင်းဖြစ်ပြီးနေလေသည်။ သူသည် ကတိုက်ကရိုက်နှင့် လျှောချလိုက်ပြီးလျှင် ကြမ်းပြင်နှင့်ခြေ ထိမိမှ သက်မကြီးချကာ ကျွတ်နေသောလုံချည်ကို ပြန်ဝတ်ရလေသည်။

အိမ်ထဲသို့ ရောက်သောအခါ မောင်ပြုံးချိုသည် တစ်စုံတစ်ယောက်ကို စိတ်ဆိုးနေသကဲ့သို့ မျက်နှာထားကြီး တင်းနေလေသည်။

သူ့အဖြစ်အပျက်ကို တွေးမိတိုင်း အင်းသူကြီးတွေကိုချည်း တစ်နေ့လုံး ဖိကြိမ်းနေလေသည်။

၂

တောသူကြီးအိမ်များတွင် တည်းခိုရသော မြို့အုပ်များသည် ဤကဲ့သို့ပင် ဒုက္ခဖြစ်တတ်ကြောင်းကို မောင်ပြုံးချိုသည် ဤသို့ နားသောတ ပန်ဆင်ရပြန်သည်။

လွန်ခဲ့သော ဆယ်နှစ်ခန့်က ဖြစ်သည်။

မြို့အုပ်ကြီးဦးဖိုးငွေသည် သူ့တပည့် စာပို့လုလင် မောင်ကျော်စိန်နှင့်အတူ သူကြီးတစ်ယောက်အိမ်တွင် တည်းခိုလျက်ရှိသည်။

ဆောင်းတွင်းအချိန် ဖြစ်သည်။ နှင်းတွေ ဝေနေလေသည်။ တစ်အိမ်လုံး အိပ်နေကြတုန်း ဖြစ်သည်။ မြို့အုပ်ကြီးသည် စောစောစီးစီး အိပ်ရာမှ ထလေသည်။

"ဟေ့ ကျော်စိန် အိမ်သာသွားရအောင်"

သူ့တပည့်သည် ကတိုက်ကရိုက်ထ၍ လိုက်ပို့လေသည်။ မြို့အုပ်ကြီးသည် အလွန်ချမ်းသဖြင့် ခြေသလုံးအထိ ဖုံးမိအောင် ရှည်လျားသော ကုတ်အင်္ကျီရှည်ကြီးကို ဝတ်ထားလေသည်။ သူသည် နောက်ဖေးခြံထောင့်တွင် ရှိသော အိမ်သာကို တက်မည်လုပ်ပြီးမှ ပြန်လှည့်လာလေသည်။

"ဟေ့ ကျော်စိန်ရ၊ မင်းအိမ်သာက ဟန်ပါ့မလား"

သူသည် ဝဝတုတ်တုတ် ထောင်ထောင်မောင်းမောင်းကြီး ဖြစ်သည်။ သူ့ခန္ဓာကိုယ်နှင့် အိမ်သာကို ချိန်ဆကြည့်နေဟန် တူသည်။ ကျော်စိန်ကား ပိန်ပိန်ပုပုလေး ဖြစ်သည်။

တပည့်ကျော်သည် ရှေ့သို့ တိုးသွားလေသည်။ အိမ်သာကို သေသေချာချာ ကြည့်ပြီးလျှင် အပေါ်သို့ တက်လိုက်သည်။ အိမ်သာသည် တွင်းအိမ်သာ မဟုတ်။ အညစ်အကြေးတွေလည်း မြေပေါ်တွင်သာ ပြန့်ကြဲနေသဖြင့် အလွန်နံစော်လှသည်။ ကျော်စိန်သည် အိမ်သာပေါ်တွင် ထိုင်၍ လှုပ်ကြည့်ပြီးလျှင် ပြန်ဆင်းလာလေသည်။

"ဟာ ကိစ္စမရှိပါဘူး၊ ခိုင်ပါတယ်"

သူက မြို့အုပ်ကြီးကို သံတော်ဦးတင်လေသည်။

"အေး မင်း ဒီနားက နေကွာ၊ ဝက်တွေလည်း မလာစေနဲ့ဟေ့"

ခပ်လှမ်းလှမ်းမှ ဝက်သံတွေကြား၍ မြို့အုပ်မင်းက သတိပေးရင်း အိမ်သာပေါ်သို့ တက်သွားလေသည်။

ကျော်စိန်သည် တုတ်တစ်ချောင်းကို ကိုင်လျက် ခပ်လှမ်းလှမ်းတွင် ထိုင်နေလေသည်။

"ဂျွမ်း ဂျွမ်း ဂျွမ်း"

"ဟယ်" ကျော်စိန်သည် ရုတ်တရက် အော်လိုက်မိသည်။ သူ့မျက်လုံးတွေလည်း ပြူးသွားသည်။ လား လား အိမ်သာကြီးကျိုးကျသွားလေပြီ။ အောက်မစင်ပုံထဲတွင် အင်္ကျီရှည်ကြီးနှင့် မြို့အုပ်မင်းသည် ဖင်ထိုင်လျက်သား ကျနေလေသည်။

ကျော်စိန်သည် အတန်ကြာ ကြက်သေ သေနေသေးသည်။

"ဟ၊ ကျော်စိန်ရ၊ လုပ်ပါဟ" မြို့အုပ်မင်းက မျက်နှာကြီး ရှုံ့၍ အသံသဲ့သဲ့နှင့် အကူအညီတောင်းသည်။ လက်နှစ်ဖက် နောက်တွင် ထောက်၍ ဖင်ထိုင်နေသော မြို့အုပ်မင်းသည် အတော်အနေကျပ်နေသည်။ သူ ခြေနင်းခဲ့သည့် ဝါးလုံးတန်းများသည်လည်း သူ၏ ရင်ဘတ်၊ သူ၏ မျက်နှာများပေါ်တွင် ဝဲနေလေသည်။ ကာထားသည့် သက်ငယ်တစ်ပျစ်သည်လည်း သူ့မျက်နှာကို ဖုံးလုခမန်း၊ သူ့တစ်ကိုယ်လုံးအောက်တွင်ကား စိုစိစိုစိ၊ တုတ်ချောင်းတွေကလည်း သူ့ကို စူးသေးသည်။ အနံ့အသက်ကွေကလည်း ဆိုးရွားလှပါဘိ။ နှာခေါင်းကို ပိတ်ချင်၍လည်း လက်မအား၊ အသက်မရှူဘဲလည်း မနေနိုင်။

ကျော်စိန် သူ့ဆရာထံသို့ ပြေးသွားလေသည်။ အနီးသို့ ရောက်သော အခါ လူပေါ်တွင် ဝဲနေသည့် ဝါးလုံးများ၊ သက်ကယ် စသည်တို့ကို



ဖယ်ရှားပြီးလျှင် ဖြူဖြူဝဝ ထောင်ထောင်မောင်းမောင်း ခန္ဓာကိုယ်ကြီးကို တုတ်ခနောင်းနှင့် စိုစိုစိစိ အညစ်အကြေးတွေထဲမှ ဆွဲထုတ်ရလေသည်။

"ဟင်း ဟင်း ဟင်း"

မြို့အုပ်ကြီးသည် အင်္ကျီရှည်ကြီးဖားဖားနှင့် အညစ်အကြေးတွေ ပေနေသော လက်ကြီးနှစ်ဖက်ကို နောက်သို့ ကားကားပစ်ကာ ရှုံ့ရှုံ့မဲ့မဲ့ကြီးနှင့် ညည်းလေသည်။

ကျော်စိန်သည် သူ့ဆရာအား ခြံနောက်ဖေးရှိ ကောက်ရိုးပုံဆီသို့ တွဲခေါ်သွားလေသည်။

"ဟေ့ ဟေ့ ဘယ်သွားမှာလဲကွ"

"ဟို ဟို ကောက်ရိုးပုံနောက်ကို"

"အေး အေး ခက်တာပဲ၊ ခက်တာပဲ။ ဒုက္ခပါပဲကွာ"

"ကိစ္စရှိပါဘူး၊ ဘယ်သူမှ မသိပါဘူး၊ မမြင်ပါဘူး၊ မရှက်ပါနဲ့ဘုရား"

"အေးကွာ မသိပါစေနဲ့။ ဒီခွေးမသားသူကြီး အိမ်သာမှ ခိုင်ခိုင် မဆောက်ဘူး"

သူသည် ရှုံ့ရှုံ့မဲ့မဲ့နှင့် လက်နှစ်ဖက်ကို ကားကားကြီး နောက်ပစ်ကာ ပါသွားလေသည်။

ကောက်ရိုးပုံနောက်ကွယ်သို့ ရောက်သွားလေသည်။ နံနက်စောစောကြီး ဖြစ်သဖြင့် ကိုင်းထဲသို့ သွားမည့်သူများသာ ထကြသေးသည်။ သူတို့လည်း ကောက်ရိုးပုံနားသို့ မလာကြသဖြင့် သူတို့နှစ်ယောက်ကို မမြင်ကြ။

ကျော်စိန်သည် ကောက်ရိုးတွေကို ယူကာ နောက်တွင် ကားကားကြီး ပစ်ထားသည့် လက်နှစ်ဖက်မှစ၍ အညစ်ကြေးတွေကို သုတ်ပေးလေသည်။ ထို့နောက် အင်္ကျီရှည်ကြီးကို ချွတ်စေသည်။ ပေကပ်နေသော အညစ်အကြေးကို ကောက်ရိုးတွေနှင့်သာ သုတ်၍ သုတ်၍ ပစ်လေသည်။

"ဟ၊ ဒီလိုနဲ့ ဘယ်ဖြစ်မလဲကွ၊ ဝေါ့ ဝေါ့ အန်ချင်လိုက်တာကွာ"

အင်္ကျီတွေ အကုန်လုံးချွတ်ထားပြီး ဖြစ်သဖြင့် ခိုက်ခိုက်တုန်နေသော မြို့အုပ်ကြီးက ပြောပြန်သည်။ ဝတ်ထားသည့် လုံချည်တွင်လည်း ဟိုတစ်ကွက် သည်တစ်ကွက် ပေနေသေးသည်။

"ဟုတ်ကဲ့ ဒီအင်္ကျီကဟာတွေ သုတ်ပြီးရင် ရေဆွဲပေးပါ့မယ်"

ကျော်စိန်က သူ့ကို မကြည့်ဘဲ ပြောလေသည်။

"ဟော့ ဟီး ဟီး ရေချိုးရမှာလားကွ၊ ချမ်းလိုက်တာ"

မြို့အုပ်ကြီးသည် ချမ်း၍ တုန်နေလေသည်။

"ရေချိုးမှ ဖြစ်မှာပဲ၊ ရေမချိုးရင် ဒီအနံ့တွေ ပျောက်မှာ မဟုတ်ဘူး"

ကျော်စိန်သည် အိမ်ရှေ့သို့ ထွက်သွားလေသည်။ မြို့အုပ်ကြီးသည် လက်ကြည့်လိုက်၊ ခြေကြည့်လိုက်၊ ကိုယ်ကြည့်လိုက်၊ ဝတ်ထားသောလုံချည် ကြည့်လိုက်နှင့်ပင် ခိုက်ခိုက်တုန်နေရင်း ကျန်ရစ်လေသည်။

ခဏကြာလတ်သော် ကျော်စိန် ရေပုံးကြီးနှင့် ရောက်လာလေသည်။

"ကဲ နည်းနည်း ကုန်း ဘုရား။ နည်းနည်း ကုန်း"

အရပ်ရှည်သည့်မြို့အုပ်ကြီးသည် ခါးညွတ်၍ ပေးလေသည်။ တပည့် လူပုကျော်စိန်သည် ညဥ့်သိပ်ရေတွေကို ဦးခေါင်းမှ လောင်းချလိုက်လေသည်။ နောက် ဆပ်ပြာတိုက်စေကာ ရေသွားဆွဲပြန်လေသည်။ မြို့အုပ်ကြီးသည် ဟီး ဟီး ဟီးဟီးနှင့် ကျန်ရစ်လေသည်။

သူ့တစ်ကိုယ်လုံးမှလည်း အငွေ့တွေ ထောင်းထောင်းထနေလေသည်။ သုံးလေးပုံးလောက် ချိုးပြီးသော်လည်း အနံ့ကောင်းကောင်း မပျောက်သေး။ မြို့အုပ်ကြီးသည် သူ့လက်သူ့ကိုယ်ကို နမ်းကြည့်ပြီး နှာခေါင်းရှုံ့လေသည်။

"ဟင်း ဟင်း နံသေးတယ်ကွ၊ ဟီး ဟီး ချမ်းလိုက်တာလည်း လွန်ရော"

ကျော်စိန်သည် ဆပ်ပြာထပ်တိုက်ခိုင်း၍ နောက်ထပ်နှစ်ပုံး၊ သုံးပုံး ထပ်၍ သယ်ရပြန်လေသည်။ ထို့နောက် အဝတ်အစားများ လဲစေသည်။ သည်အချိန်တွင် အိမ်ရှင်သူကြီးကတော် နိုးလာ၍ သူတို့ဆီသို့ လာလေသည်။

မြို့အုပ်မင်းသည် ခပ်ရှက်ရှက်နှင့် နှုတ်ခမ်းကြီး စူနေလေသည်။

'သူတို့ အိမ်သာ ခိုင်ခိုင်မဆောက်လို့ ငါ ဒီလိုဖြစ်ရတာ'ဟု သူကြီး အိမ်သားတစ်စုကို စိတ်ဆိုးနေလေသည်။

"အမယ် မြို့အုပ်မင်း ဘယ့်နှယ် ချမ်းကချမ်းနဲ့ စောစောကြီး ညဥ့်သိပ်ရေတွေကို ချိုးနေသကိုး"သူကြီးကတော်က ခပ်လှမ်းလှမ်း ထင်းပုံမှ ထင်းများကိုဆွဲယူရင်း မေးလိုက်လေသည်။ မြို့အုပ်ကြီးက အဖြေမပေး။ တစ်ဖက်သို့ လှည့်၍ မကြားချင်ယောင်ဆောင်နေလိုက်သည်။

"ဟုတ်ကဲ့၊ ကျွန်တော်တို့ မြို့အုပ်မင်းက ဒီလိုပဲ မနက်တိုင်း ရေချိုးတတ်တယ်"

ကျော်စိန်က ဖြေလိုက်လေသည်။



"အမယ်လေးလေး၊ ချမ်းက ချမ်းနဲ့" သူကြီးကတော်က တွန့်လိုက်သည်။

"ဟုတ်ကဲ့၊ ချမ်းချမ်း ချိုးတာပဲ"

ကျော်စိန်က စကားဖြတ်လိုက်လေသည်။ မြို့အုပ်မင်းသည် ထိုအိမ်တွင် ကြာကြာမနေတော့ချေ။ ပစ္စည်းများကို ခပ်သုတ်သုတ် သိမ်းပြီးလျှင် အကြောင်းအမျိုးမျိုးပြကာ လှည်းနှင့်အိမ်သို့ ပြန်လာကြလေသည်။ လှည်းပေါ်တွင်လည်း တစ်လမ်းလုံး သုန်မှုန်မှုန်ကြီး လိုက်ပါလေသည်။ မြို့ဝင်ခါနီးမှ စကားပြောဖော်ရလေတော့သည်။

"ဟေ့ ကျော်စိန်၊ ဘယ်သူမှ မပြောနဲ့နော်"

"ဟုတ်ကဲ့၊ မပြောပါဘူး"

"ဟေ့ အိမ်က ငါ့မိန်းမကိုတောင် မပြောနဲ့ဟေ့"

"ဟုတ်ကဲ့၊ ဟီ ဟီ"

"ဟေ့ကောင် မရယ်နဲ့ကွ၊ ငါ အကောင်းပြောတာ"

"ဟုတ်ကဲ့ မပြောပါဘူး" ကျော်စိန် မျက်နှာပိုးသတ်လိုက်သည်။

"မင့် မိန်းမကိုလည်း မပြောရဘူး"

"ဟုတ်ကဲ့"

"ရှက်စရာကြီးကွ"

"မှန်ပါ"

ကျော်စိန်သည် သူများကိုတော့ ပြောသည် မပြောသည် အသေအချာ မသိ။ ယခု သူ့ဆရာအသစ် မောင်ပြုံးချိုကိုတော့ တောသွားရင်း အိမ်သာ အကြောင်းကို စကားစပ်မိရာက သူ့စွန့်စားခန်းတွေကို ပြောပြနေလေသည်။

## ၃

မောင်ပြုံးချိုသည် သည်အကြောင်းမျိုးတွေကြားရလေလေ တောရွာများတွင် အိမ်သာတက်ရန် ရင်လေးလေလေ ဖြစ်သည်။ မိမိသာ အာဏာရှိမူ အိမ်တိုင်း အိမ်တိုင်းတွင် အဖုံးအပိတ် အကာအရံ လုံလုံခြုံခြုံနှင့် အိမ်သာတစ်လုံးကျ ရှိရမည်ဟု အမိန့်ထုတ်မည် ဖြစ်လေသည်။ သူသည် 'ကျေးရွာ ပြုပြင်ရေးအစ အိမ်သာက'ဟူသော ကြွေးကြော်သံဖြင့် အိမ်သာတိုက်ပွဲ ဆင်နွှဲရန် အာသာ

ဆန္ဒပြင်းပြလျက် ရှိလေသည်။ သို့သော် မိမိနောက်တွင် လူထု မရှိ၍ အခက်အခဲ တွေ့ပြန်လေသည်။ 'နောက်လိုက်တွေ ဗိုလ်ပါနှင့် ငါတစ်ယောက်တည်းဖြစ်နေလျှင်လည်း တိုက်ပွဲဆင်၍ဖြစ်မည်မဟုတ်။ သို့အတွက် နောက်လိုက်များများ ရအံ့သောငှာ ပညာပေးအိမ်သာ တရားပွဲများ ကျင်းပမည်'ဟု စိတ်ကူးထားလေသည်။

တစ်နေ့သော် အိမ်သာတစ်လုံးမှ မရှိသည့် တံငါရွာတစ်ရွာသို့ မောင်ပြုံးချို ရောက်လာလေသည်။ ဒီရွာကလူများသည် ရွာတောင်ဘက်ရှိ တောတန်းထဲတွင်သာ ကိစ္စပြီးကြလေသည်။ သူတို့ရွာသူရွာသားများသည်လည်း လေးငါး ရက်နေမှ တစ်ခါလောက် ဝမ်းသွားတတ်ကြသည်ဟု သိရလေသည်။

မောင်ပြုံးချိုသည် 'ခေတ်ကြီးကို အတင်းပြောင်းမည်'ဟူသော ရည်ရွယ်ချက်ဖြင့် အိမ်သာတရားပွဲကြီး ကျင်းပရန် တစ်အိမ်တစ်ယောက် သူကြီးအိမ်သို့ ဆင့်ခေါ်လိုက်လေသည်။ တစ်အိမ်တစ်ယောက်ဆိုသဖြင့် တစ်အိမ်တစ်ယောက်တော့ လာကြပါသည်။ ထိုအထဲတွင် အဘိုးကြီး၊ အမယ်ကြီးနှင့် ကလေးတွေသာ များလေသည်။

မောင်ပြုံးချိုသည် အိမ်သာတရားကို 'အဟမ်း အဟမ်း'ဟု နိဒါန်းပျိုးကာ ဤသို့ ဟောကြားလေ၏။

"ကျေးရွာများမယ် အိမ်သာဟာ အင်မတန် အရေးကြီးပါတယ်။ အိမ်သာကောင်းကောင်းတစ်လုံးစီရှိဖို့ အရေးကြီးပါတယ်။ ဒါမှ ကျေးရွာသန့်ရှင်းမယ်"

"အမယ် အဲဒါ မြို့အုပ်မင်း လွဲတာပဲ။ ပညာရှိ သတိဖြစ်ခဲ့ဆိုတာ အဲဒါပဲ။ အိမ်တစ်ဆောင် အိမ်သာတစ်ခုသာရှိမယ်ဆိုရင် တစ်ရွာလုံး နံကုန်လို့ ထွက်ပြေးရမှာပေါ့။ အခု တောထဲဝင်ပြီး ကိစ္စပြီးကြတော့ ဘာမှ အနံ့အသက်မရှိဘူး။ ဘယ်လောက် သန့်ရှင်းသလဲ"ဟု အဘိုးကြီးတစ်ယောက်က ဆိုလေသည်။

"အဲဒီလို ခင်ဗျားတို့ အညစ်အကြေးတွေကို စွန့်ချင်တဲ့နေရာမှာ စွန့်ကြရင် အဲဒီရောဂါပိုးတွေကို ယင်ကောင်ကတစ်ဆင့် အစားအသောက်ထဲရောက်၊ အဲဒီကတစ်ဆင့် လူ့ဝမ်းထဲရောက်ပြီး ကူးစက်တတ်တဲ့ ရောဂါတွေဖြစ်လာတတ်တယ်"



"အမယ် ဒီရွာမယ် ဒီလိုပဲ ချေးယိုနေကြတာ ကြာလှပါပြီ။ ဘာမှ မဖြစ်ပေါင်တော်" ကလေးနို့တိုက်နေသည့် အသက်လေးဆယ်ခန့်ရှိ အဒေါ်ကြီးက နှုတ်ခမ်းကြီးစူ၍ ပြောလေသည်။

"ဟို ငါးနှစ်လောက်တုန်းက ဝမ်းရောဂါဖြစ်တယ် မဟုတ်လား။ လူတွေတောင် အတော်သေလို့ ဆေးထိုးဆရာတွေတောင် လွှတ်ရသေးတယ်ဆို"

"ဟာ အဲဒါက ရွာစောင့်နတ်ကို မပသမိလို့ပဲ။ နောက် ပသလိုက်တော့ ပျောက်သွားတာပဲ။ ဆေးထိုးလို့လည်း မရပါဘူး။ နာတာပဲ ရှိတာပဲ" ဆယ်အိမ်ခေါင်း ကိုဖိုးထူးက အကြောင်းပြလေ၏။

"ခင်ဗျားတို့ သိပ်အပြောရကျပ်တာပဲ။ အိမ်သာဆိုတာ အင်မတန်အရေးကြီးတာ။ နေ့တိုင်းနေ့တိုင်း ဝမ်းမှန်မှန်သွားဖို့လည်း လိုတယ်။ ဝမ်းမှန်မှန် မသွားတာလည်း ရောဂါတစ်ခုပဲ"

"ကျုပ်ဖြင့် ငါးရက်မှ တစ်ခါသွားပါတယ်ဗျာ။ ဘာရောဂါမှလည်း မဖြစ် ပါဘူး။ မာလိုက်တာမှ ဒေါင်ဒေါင်မြည်နေတာပဲ။ လာ မြို့အုပ်မင်း ကျုပ်နဲ့ အပြေးပြိုင်ရဦးမလား" မိန်းမငယ်ငယ်ယူထားသည့် နှုတ်ခမ်းမွေးဖြူဖြူနှင့် အဘိုးကြီးက အားစမ်းနေပြန်လေသည်။

"မဟုတ်ဘူးဗျ၊ နေ့တိုင်း ခင်ဗျားတို့ ထမင်းစားဖို့ အရေးကြီးသလို နောက်ဖေးသွားဖို့လည်း အလွန်အရေးကြီးတယ် ဦး"

စကားမှ မဆုံးသေးမီ သူငယ်တစ်ယောက်က ခပ်ငေါက်ငေါက် ဝင်ပြောလိုက်သည်ကား "ဒါဖြင့် ခင်ဗျား ထမင်းမစားဘဲ ချေးချည်းယိုနေပါလားဗျ"ဟု ပြောလိုက်လေသည်။

သည်လိုနှင့် မောင်ပြုံးချို၏ အိမ်သာတရားပွဲသည် ခဲမကျဘဲနှင့် ပြီးဆုံးခြင်းသို့ ရောက်သွားလေသတည်း။

[ဂျာနယ်ကျော် ၁၉၄၈ ဧပြီ ၁၀၌
အိမ်သာနှင့် မြို့ပိုင် အမည်ဖြင့် ပါရှိခဲ့သည်။]

## တထိတ်ထိတ်

တထိတ်ထိတ်။

ယခုခေတ်တွင်ကား လူတိုင်း တထိတ်ထိတ်နှင့် နေကြရပါသည်။ လယ်သမားတွေလည်း တထိတ်ထိတ်။ ကိုင်းသမားတွေလည်း တထိတ်ထိတ်။ အင်းသမားတွေလည်း တထိတ်ထိတ်။ ခေါင်းရွက် ဈေးသည်များလည်း တထိတ်ထိတ်။ အစိုးရ လခစားတွေလည်း တထိတ်ထိတ်။ ရဲတွေလည်း တထိတ်ထိတ်။

မောင်ပြုံးချိုကော သူများတွေလို တထိတ်ထိတ်ပဲ။

ဘာသားနှင့် လုပ်ထား၍ လွတ်ချိမ့်မည်နည်း။

သူလည်း တထိတ်ထိတ်။

သူ့မြို့ကို ကိုသောင်းကျန်းတို့ လာ၍ ဝင်နှက်သွားသည်မှာ နှစ်ကြိမ်ရှိပြီ။ ပထမအကြိမ်တွင် မောင်ပြုံးချိုက လူလည်လုပ်လွတ်လိုက်သည်။

ဒုတိယအကြိမ်တွင် ကံကောင်းလို့ ကိစ္စမချောသည်။ သူတို့က မောင်ပြုံးချိုကို အတော်ပင် မေတ္တာရှိဟန်တူသည်။ ချစ်ခင်ကြဟန် တူသည်။ သည်အတွက်ကြောင့် မဟုတ်လော။ ဝေလီဝေလင်း သူတို့ ဝင်လာသောအခါ မောင်ပြုံးချို၏ မအေ၊ နှမများကို တောင်းရမ်းကြကုန်သည်။ ခေါင်းကို ဖြတ်မည်ဟု ကြိမ်းမောင်းကြကုန်သည်။ ပြန်ထွက်သွားသောအခါတွင်လည်း နောက်ကိုလာခဲ့ဦးမည်ဟုလည်း ကတိထားသွားကြကုန်သည်။ ထိုအခါကျမှ မှတ်လောက်သားလောက်အောင် ဆုံးမဦးမည်ဟု ရေရွတ်သွားကြကုန်သည်။

ထို့ကြောင့် လာနိုးငယ်နှင့် မောင်မျှော်နေရသည့်အတွက် တထိတ်ထိတ် ဖြစ်နေရပါသည်။



သို့သော်လည်း စိုးရိမ်စရာ မရှိလှပါ။ မြို့သူမြို့သားတွေက အလွန်အားကိုးရပါသည်။ ‘ဒိုင်း’ဟူသော အသံကို ကြားရုံမျှနှင့် ပုဆိုး မနိုင်၊ ပဝါမနိုင် ပြေးတတ်ကြပါသည်။ သူတို့ကိုလည်း အဆိုးမဆိုသာ။ မည်သူသည် သေမင်းကို မကြောက်ဘဲ ရှိအံ့နည်း။ ယခုခေတ်တွင် မနေတတ်၊ မထိုင်တတ်လျှင် အပေါက်သေးသေးလေးနှင့် သေရန်လည်း မခက်ပါ။ အပေါက်ကြီးကြီးနှင့် သေရန်လည်း လွယ်ကူလှပါသည်။

မြို့သူ မြို့သားများမှာ အလွန်ကြောက်နေကြပါသည်။

ကြောက်လည်း ကြောက်စရာပေကိုး။

ပထမတိုက်ပွဲတွင် နှစ်နာရီခန့် ကြာသည်။ ပထမတိုက်ပွဲပြီး၍ ဆယ်ရက်ခန့်အကြာတွင် ဒုတိယမွှလာပြန်ကြသည်။ သည်အခါ ၇ ရက်လုံးလုံး တိုက်ကြသည်။ နံနက် ၅ နာရီမှသည် နေ့ ၁၂ နာရီထိုးမှသာ အပစ်အခတ်ရပ်စဲကြသည်။ ‘ဒက် ဒက် ဒက် ဒိုင်း ဝုန်း’ဟူသော အသံသည် တစ်မြို့လုံးကို ဆူညံနေလေတော့သည်။

အဘယ်မှာလျှင် မြို့သူမြို့သားတွေ သွေးမပျက်ဘဲ နေနိုင်အံ့နည်း။ သို့သော် တချို့လူများမှာ ပိုလွန်းအားကြီး၍ ရယ်စရာ ဖြစ်နေလေတော့သည်။

ဒုတိယတိုက်ပွဲဖြစ်စဉ်က သေနတ်သံတွေကြောင့် မြို့သူ မြို့သားတွေ ပုန်းကြလျှိုးကြသည်။

လူကြီးတစ်ယောက်မှာ ဘုန်းကြီးကျောင်းတွင် ပုန်းအောင်းအိပ်နေရာမှ ‘တဒိုင်းဒိုင်း’အသံတွေကြောင့် အောက်သို့ပင် မဆင်းရဲအောင် ဖြစ်နေသည်။ သည်အထဲ တရစပ် ပစ်ခတ်နေသောကြောင့် အကြောက်ပိုကာ ဘုန်းကြီးကျောင်းပေါ်သို့ ‘အီးအီး’တွေ ပါချသတတ်။

လျှောက်လွှာစာရေးကြီးတစ်ဦးမှာလည်း မိမိအိမ်အောက်တွင် တူးထားသည့် ကျင်းထဲတွင် ပုန်းနေစဉ် ‘ရှုရှု’တွေ တဖြန်းဖြန်းပါနေသတတ်။

လူကြီးတစ်ဦးမှာလည်း ဖနောင့်နှင့်တင်ပါး တစ်သားတည်းနေအောင် ပြေးရာ ရွံ့ထဲတွင်နစ်၍ မိမိကိုယ်ကို မြေမျိုသည်အထင်နှင့် တစာစာအော်လေသတတ်။

အကြောက်ရောဂါကား အလွန် ကူးစက်တတ်ပါသည်။ ယခုအခါတွင် ထိုရောဂါသည် တစ်မြို့လုံး ပြန့်ပွားကာ တထိတ်ထိတ်နှင့် ကြောက်လန့်နေကြလေသည်။

မောင်ပြုံးချိုသည် မကြောက်တုန်လော။

မကြောက်ဘူးဆိုသော်လည်း ရွံ့တွန့်တွန့်တော့ရှိပါသေးသည်။ သို့သော် ဣန္ဒြေရှိပါသည်။ ဟန်ဆောင်ရပါသည်။ မျက်နှာထား တည်တည် ထားရပါသည်။

မောင်ပြုံးချို အုပ်ချုပ်သည့် မြို့ကလေးကား အလွန်ချောင်ကျပါသည်။ မြို့အုပ်ရုံးစိုက်ရာ ဒေသပင် ဖြစ်လင့်ကစား မြို့မဟုတ်ပါ။ ရွာကြီးမျှသာ တည်း။

တစ်မြို့လုံးက သူ့ခြေကို ကြည့်နေကြပါသည်။ သည်လို ဆူဆူပူပူ ဖြစ်နေသည့်အချိန် မြို့ပိုင်၏ခြေလှမ်းကို ပို၍ စူးစိုက်ကြပါသည်။ ယခုအခါတွင် အလွန်တရာ ချောမောသော ဥမ္မာဒန္တီ(ဝါ)၊ ပပဝတီ(ဝါ)၊ မယ်မြန်မာ (ဝါ)၊ မယ်ကမ္ဘာကလေးနှင့် မြို့ပိုင်မောင်ပြုံးချိုအတူလမ်းလျှောက်သွားလျှင် ထိုထို ဤဤ အလီလီသော လုယမင်းတို့ကို မြို့သူမြို့သားတွေ ကြည့်ကြမည် မဟုတ်။ မြို့ပိုင်မောင်ပြုံးချိုကိုသာလျှင် ကြည့်ကြမည်ဖြစ်ပါသည်။ အဘယ် ကြောင့်နည်း။ တထိတ်ထိတ်နေရသော သမယဖြစ်၍ မြို့ပိုင် ခြေလှမ်းကျဲလျှင် ပြေးကြရန် ဟန်ပြင်နေကြသောကြောင့် ဖြစ်ပါသည်။

ဤမြို့တွင် မြို့ပိုင်မောင်ပြုံးချို ရောက်နေသည်မှာလည်း သုံးနှစ်နီးပါး ရှိလေပြီ။ သည်မြို့ပိုင်ကို ဘယ်အတွက်ကြောင့် သည်မြို့တွင် သည် လောက်ကြာအောင် ထားရသနည်း။ သူများ မနေချင်သောမြို့မို့ သည်လောက် ကြာတာပေါ့။ သာသာယာယာနှင့် နေချင်သူပေါသည့် မြို့ဆိုရင် မောင်ပြုံးချို ခများ အဘယ်မှာလျှင် ကြာကြာနေနိုင်အံ့နည်း။

ဆူပူသောင်းကျန်းချိန်တွင် မြို့ပိုင်မျက်နှာကြီးသလောက် မျက်နှာလည်း ငယ်လှပါသည်။ အပေါ်ယံက ပြုံးပြုံးရွှင်ရွှင်နှင့် ရန်ရှာမှာကြောက်၍ ပေါင်းသင်းနေကြသော်လည်း အတွင်းက ဆေးဖော်ကြောဖက် မလုပ်ချင်သူတွေလည်း အများပင် ရှိပါသည်။

သောင်းကျန်းသူတို့သည် မြို့ပိုင်တို့၊ သူကြီးတို့၊ ရဲတို့ကို ရန်ရှာနေကြသည် မဟုတ်လော။ သည်လိုဆိုလျှင် မြို့ပိုင်နှင့် ပေါင်းသင်းလျှင် မောင်သောင်းကျန်းတို့က ရန်မရှာဘဲ နေပါ့မလား။ မြို့ပိုင်နှင့် အမျိုးတော်မှန်း သိရင်ခက်တာပေါ့။ မိတ်ဆွေအပေါင်းအသင်းမှန်း သိသွားရင်လည်း ချမ်းသာ



ပေးမှာမဟုတ်ဘူး။ ဤကဲ့သို့ ရွှေဘဏ်တော်စူးရောက်ကြကုန်သော အပေါင်းအသင်း မိတ်ဆွေသင်္ဂဟ ဆွေမျိုးများသည် မောင်ပြုံးချိုအား ဝေရမဏီ အဝေးက ရှောင်ကွင်းကုန်၏။

မောင်ပြုံးချိုသည် တထိတ်ထိတ်နေရသောဘဝတွင် တင်မကြီးနှင့် တကွ ပုစုခရများကို အဝေးသို့ပို့လိုက်ပြီးနောက် တစ်ကိုယ်တည်း လူပျိုကြီး လုပ်၍ နေလေသည်။ အဝေးကသာ သူ့ခြေလှမ်းကို အကဲခတ်၍ အနီးသို့ မကပ်ဝံ့ကြသဖြင့် သူ့အိမ်သည် တိတ်ဆိတ်လျက် ရှိသည်။ တပည့်ကျော် မြသန်းကြီးသာလျှင် သူ့အနားမှ တစ်ဖဝါးမကွာ ပြုစုနေလေသည်။ သူလည်း ဒုတိယတိုက်ပွဲတုန်းက အိမ်ထဲတွင် ပိတ်မိနေသဖြင့် သတ္တိခဲတို့၏ သေနတ်ဒင်နှင့် နှစ်ချက်ဆောင့်ခံလိုက်ရ၍ သူ့ရင်ထဲတွင်လည်း တထိတ်ထိတ်ပင်။ ယခုတော့ သူလည်း ကောက်ရိုတ်စရာ ရှိသေးသည်ဆို၍ ပြန်သွားပြန်လေပြီ။ ရုံးသားနှစ်ယောက်ဖြစ်သော ကျင်ဟန်နှင့် အောင်မြင့်သာလျှင် သူ့အဖော် ရှိတော့သည်။ ကျင်ဟန်သည် မောင်ပြုံးချိုအဖို့ တကယ့်အားကိုးရသူ ဖြစ် သည်။ သည်လိုအခါမျိုးတွင် တကယ့်မိတ်ဆွေတုနှင့် မိတ်ဆွေစစ်ကို ခွဲခြား၍ သိရလေသည်။ တိုက်ပွဲနှစ်ပွဲသည် လူတွေ၏ စိတ်ဓာတ်ကို စမ်းသပ်သည့် စာမေးပွဲများတည်း။

တိုက်ပွဲတွေပြီးစက စစ်ဝန်ထမ်းတွေ မြို့ထဲတွင် အစောင့်ချထားလေသည်။ သူတို့ရှိ၍ မြို့သူမြို့သားတွေ အားတက်ကြသည်။ သူတို့ကို မြို့သူမြို့သားတွေ အားကိုးကြသည်။ သို့သော် မကြာခဏ သေနတ်ဖောက်တတ်သောကြောင့် တထိတ်ထိတ် ဖြစ်ကြရသည်။

'ဒိုင်း၊ ဒိုင်း၊ ဒိုင်း'

သေနတ်သံသုံးချက် ညဥ့်အချိန်တွင် ဆက်ကာကြားရသည်။

မြို့သူမြို့သားတွေအားလုံး တထိတ်ထိတ် တလန့်လန့်ဖြစ်၍ အထုပ်အပိုးနှင့်ပြေးသူပြေး၊ ကျင်းထဲ ဆင်းပုန်းသူပုန်းနှင့် အတော်ပင် လှုပ်လှုပ်ရွရွ ဖြစ်သွားသည်။ မောင်ပြုံးချိုလည်း မနေသာတော့ပြီ။ ပြေးရအံ့လော၊ ခံရအံ့လောဟု တွေးတောနေသည်။

ထိုစဉ်တွင် စစ်ဝန်ထမ်း ရဲဘော်တစ်ယောက် ပြေးလာလေသည်။

"ဘာမှ မဟုတ်ဘူး၊ မြစ်ထဲမယ် မည်းမည်းမည်းမည်းနဲ့တွေ့လို့ မေးတာ မပြောလို့ပစ်တာ" ရဲဘော်ကလေးက ပြောလေသည်။

"ဟော့ မေးမရရင် ပစ်ပေါ့ကွ"

မောင်ပြုံးချိုက ဒေါသအမျက် ခြောင်းခြောင်းထွက်၍ ဆို၏။

"ဘယ်မေးရမလဲဗျ။ ဗေဒါပင်တွေ မျောလာတာပဲ"

"သြော် သြော်'

ဤလည်း တထိတ်ထိတ်။

'ဒိုင်း၊ ဒိုင်း၊ ဒိုင်း၊ ဒိုင်း၊ ဒိုင်း'

တစ်ညသ၌ သေနတ်သံတွေ ဆူဆူညံညံကြားရပြန်သည်။ မြို့သူမြို့သားတွေ ထုံးစံအတိုင်း ပြေးကြလွှားကြ ပုန်းကြအောင်းကြပြန်သည်။ 'ဒါ ဘာဖြစ်တာတဲ့လဲ' မောင်ပြုံးချိုလည်း အိပ်ရာမှ ထပြေးရပြန်သည်။

"အေး ဒါလား၊ စစ်ဝန်ထမ်း ရဲဘော်တစ်ယောက် မင်္ဂလာဆောင်က ဝမ်းသာသော အထိမ်းအမှတ်နဲ့ မင်္ဂလာသေနတ် ဖောက်တာပါ"

"သြော် သြော် မင်္ဂလာဆောင်ကလည်း ညကြီးကျမှ သေနတ်ဖောက်ရလားကွယ်"

ဤလည်း တထိတ်ထိတ်။

"ဝုန်း"

နံနက်ခင်းတွင် ကျယ်လောင်သောအသံကြီးကို မြို့ပြင်မှ ကြားရသည်။

"အမယ်လေးတော့ လုပ်ကြပါဦး"

"ဟဲ့ အေးသာ ကလေးယူခဲ့"

"အမယ်လေး၊ ခက်တော့တာပဲ"

ဈေးချိန်ဖြစ်၍ ဈေးထဲက မိန်းမတွေ ပြေးကြလွှားကြသည်။ အချို့လည်း လဲကြကွဲကြသည်။ ပျောက်ကြရှကြသည်။

"ဘာဖြစ်တာလဲ"

စုံစမ်းကြည့်သောအခါ တောင်ပိုင်းက သူငယ်တစ်ယောက်က အမြောက်ဆံကို မီးထဲထည့်ဖုတ်၍ ပေါက်သောအသံဖြစ်ကြောင်း သိရလေသည်။

ဤလည်း တထိတ်ထိတ်။

စစ်ဝန်ထမ်းတပ်တွေ ဆုတ်ခွာသွားသောအခါ တစ်မြို့လုံး အားငယ်ကျန်ခဲ့သည်။ အထုပ်တပြင်ပြင်နှင့် ပြေးရန် ဟန်ပြင်ကြပြန်သည်။ သို့အတွက်



ကြောင့် ချက်ချင်း ကာကွယ်ရေးဖွဲ့၍ ရှိသမျှလက်နက်များနှင့် မြို့ကို စောင့်ရှောက်ကြရလေသည်။

သို့အတွက်လည်း တထိတ်ထိတ်ကား မပျောက်ကြသေး။

တစ်ညတွင် သောင်းကျန်းသူတွေ မြို့ကိုစီးမည်ဆို၍ မြို့ထဲက လူတွေ လယ်ကွင်းထဲ သွားအိပ်ကြသည်။ ဤလည်း တထိတ်ထိတ်။

နောက်တစ်ခါ သောင်းကျန်းသူသုံးဆယ်ခန့် မြို့ကိုစီးမည့်အကြံနှင့် တစ်ဖက်ကျွန်းထဲ ရောက်နေသည်ဆို၍ ပြေးကြသည်။ ဤလည်း တထိတ်ထိတ်။

တစ်နေ့သ၌တွင်မူ ယူနီဖောင်းဝတ် ခြောက်ယောက် ညဉ့်အချိန်တွင် လက်နက်အပြည့်နှင့် မြို့ဘက်လာနေသည်ကို ငါးဖမ်းသမားများနှင့် တွေ့ခဲ့သည်ဟု သတင်းရသည်။ တစ်ညလုံး မအိပ်မနေ တစ်ခုခုဖြစ်နိုးနိုးနှင့် စောင့်ကြရပြန်သည်။ ဘာမှတော့ မဖြစ်။ ဒီလူခြောက်ယောက်သည် ဘယ်ရောက်သွားသည် မသိ။ ဤလည်း တထိတ်ထိတ်။

အလိုလေး အမြဲပင် တထိတ်ထိတ် နေကြရတော့မည်လော။ သွားလည်း တထိတ်ထိတ်။ စားလည်း တဆိတ်ထိတ်။ အိပ်လည်း တထိတ်ထိတ်။ သည်တထိတ်ထိတ်ခေတ်က ဘယ်တော့များမှ လွတ်ပါမည်နည်း။

ဂုဏ်တော်ကိုးပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။ တပည့်တော်တို့ တစ်မျိုးလုံး သည်လို တထိတ်ထိတ်နေရသောဘဝမှ အမြန်ဆုံး လွတ်မြောက်ရပါလို၏ ဘုရား။

အို ထာဝရဘုရားသခင်။ အို မဟာမက်အရှင်။ ဘယ်အတွက်ကြောင့် ကျွန်ုပ်တို့တစ်မျိုးလုံး တထိတ်ထိတ်ဖြစ်နေသည်ကို ကြည့်နေတော်မူကြပါသနည်း။ သည်တထိတ်ထိတ်ဘဝမှ လွတ်မြောက်အောင် ဆောင်ရွက်ပေးတော်မူပါလော့။

အို လောကပါလ နတ်မင်းအပေါင်းတို့၊ အို တောင်စောင့်နတ်၊ တောစောင့်နတ်၊ ရေစောင့်နတ်၊ မြေစောင့်နတ်အပေါင်းတို့၊ အို အတွင်းသုံးဆယ့်ခုနစ်မင်း၊ အပြင်သုံးဆယ့်ခုနစ်မင်း အပေါင်းတို့၊ အို ကျစ်ဆံနတ်ကြီး၊ အို မဟာပိန္နဲနတ်မင်းတို့ ကျွန်ုပ်တို့ တစ်မျိုးလုံးအား ဤတထိတ်ထိတ်ဘဝမှ အမြန်ဆုံးလွတ်မြောက်ရန် ကူညီဝိုင်းလို့ မှိုင်းမတော်မူပါ အရှင်တို့။

[ဂျာနယ်ကျော် ၁၉၄၈ ဒီဇင်ဘာ ၁၀]

## တို့ကျေးရွာ

မြို့ပိုင်မောင်ပြုးချိုသည် မစလရွာသို့ အခွန်တော် ကောက်ခံရင်း ရောက်လာလေသည်။ မစလရွာသည် တို့မြန်မာနိုင်ငံတစ်ဝန်းရှိ အခြား အခြားသော တောရွာများကဲ့သို့ပင် တို့မြန်မာ့လယ်သမားတွေနှင့် ပြည့်နှက် လျက်ရှိသည်။

ရွာတွင်းသို့ ဝင်သွားလျှင် ခနော်နီခနော်နဲ့ လေတိုက်လျှင် အဆောင်လိုက် ယိုင်လဲတော့မည့် တဲအိမ်ငယ်အသီးသီးမှ ညည်းညူသံ အမျိုးမျိုးကို နားသောတ ပန်ဆင်ရလေသည်။ "ဟီ ဟီ ဟီ"၊ "အမယ်လေးရှင့်"၊ "အမယ်လေးတော့"၊"ဟဲ့ ဟဲ့ ဟဲ့"၊ "အမယ်လေးဗျ" မြို့ပိုင်သည် မျက်လုံး ပြူးသွားလေသည်။

"သူကြီးမင်းရဲ့၊ ဘယ့်နှယ် အသံတွေလဲ"

သူ့နောက်ကပါလာသော သူကြီးမင်းကို ပုစ္ဆာထုတ်လိုက်လေသည်။

"ဖျားကြတယ် ဘုရား။ ဖျားကြတယ်။ ဆေးလည်း မရှိဘူး။ ဆေးရုံသွားတောင်းလည်း မရဘူး။ အရင်တုန်းကလို အရှင်ဘုရားတို့ကလည်း ကွိနိုင်မပေးတော့ ညည်းညည်းညူညူနဲ့ပဲ ခံနေကြရတော့တာပဲ"

မြို့ပိုင်သည် စကားမပြောတော့ချေ။ ဆက်လက်၍ ကြွလှမ်းတော်မူပြန်၏။ ဗိုက်ပူနံကားနှင့် တစ်ကိုယ်လုံး ဝဲတွေဖုံးနေသည့် ကလေးတွေကို တွေ့ရလေသည်။ သူတို့သည် ပြေးလိုက်လွှားလိုက်နှင့် ကစားနေကြသည်။

"အခု ကျောက်ထိုးဆရာလည်း မလာဘူး ဘုရား။ ဒီရွာမှာ ကျောက်ပေါက်လို့သေတာ ဒီလမယ် လေးငါးယောက် ရှိသွားပြီ"

သူကြီးက သူ့မြို့ပိုင်အား အားကိုးကြီးတစ်ခုနှင့် လျှောက်ထားပြန်လေ၏။

"ကျောက်ရည်မရှိဘူးဗျ"ဟု မြို့ပိုင်ကဖြေလိုက်ရာ သူကြီး စကားပြောတိတ်သွားလေ၏။



သို့နှင့် ခပ်လှမ်းလှမ်းမှ ညနေခင်း လက်ပံပင်ပေါ်တွင် ဆက်ရက်အုပ်ကျလာသကဲ့သို့ ဆူညံသံတွေကို ကြားရပြန်လေသည်။

"သူကြီးမင်းရဲ့၊ ရှေ့ကဟာက စာသင်ကျောင်းလား"

မြို့ပိုင်၏အမေးကို သူကြီးက "မှန်ပါ့ဘုရား"ဟု ဖြေလေသည်။

"ကျောင်းသား ဘယ်နှယောက်ရှိသလဲ"

"သုံးဆယ်လောက် ရှိပါတယ်"

"ကျောင်းလခ ဘယ်လောက်လဲ"

"ဒီဆရာကတော့ ပေးသလောက် ယူတာပါပဲ။ တချို့လဲ တစ်လ စပါးတစ်ခွဲ ပေးတယ်။ တချို့ကလဲ တစ်မတ်၊ တချို့ကလဲ စပါး ပေါ်ချိန်မှ ငါးတင်းပေးမယ်လို့ ကတိထားပါတယ်။ ဆရာ့ကိုတော့ ကျောင်းသားတွေ အိမ်က တစ်လှည့်စီ ထမင်းကျွေးရပါတယ်"

"ကျောင်းဆရာက ဘယ်နှတန်းအောင်သလဲ"

"ဘယ်နှတန်းအောင်မှန်းတော့ မသိပါဘူး။ မီးရထားလမ်းက အတော်တောင်းတောင်းပန်ပန်နဲ့ ခေါ်ခဲ့ရပါတယ်"

မြို့ပိုင်သည် ဆရာ၏စေတနာကို ချီးမွမ်းရင်း ကျောင်းနားသို့ ရောက်လာလေ၏။ ကျောင်းကို ကြည့်ပါဦး။ သက်ငယ်မိုးကလေးကလည်း မလုံတလုံ၊ အကာအရံ မရှိ။ ကြမ်းခင်းထားသည်ကလည်း ကျိုးတိုးကျဲတဲ။ ထိုခမ်းနားလှသော အဆောက်အအုံအတွင်းဝယ် အသက် ၆ နှစ်မှ ၁၂ နှစ်ခန့် အရွယ်ရှိ ယောက်ျားကလေး၊ မိန်းကလေးတို့သည် ကျွက်ကျွက်ညံအောင် စာအံလျက် ရှိကြကုန်၏။ အသံတွေကလည်း အမျိုးစုံပါဘိ။ အချို့ကျောင်းသားတို့ရှေ့တွင် ကျောက်သင်ပုန်းကွဲ။ အချို့ကျောင်းသားရှေ့တွင် စာအုပ်စုတ်။ အချို့ နှစ်ယောက်သုံးယောက်ပေါင်း၍ ကျယ်လောင်သော အသံဖြင့် အော်ဟစ်လျက်ရှိသည်။

ဆရာသူမြတ်ကား သင်ဖြူးတစ်ချပ်ကို ခင်းကာ စာအုပ်ထူထူကြီး တစ်ခုကို ခေါင်းအုံး၍ လဲလျောင်းလျက် ရှိသည်။ သူသည် တစ်ဖက်သို့ စောင်းနေ၍ မောင်ပြုးချိုတို့လူသိုက်ကို မြင်ဟန်မတူ။ သူ့ခေါင်းနားတွင် ၁၀ နှစ်အရွယ် သူငယ်တစ်ယောက်ထိုင်ကာ ဆံပင်ကို ဖြီးလျက် ရှိသည်။

အလို ဘာလုပ်နေပါလိမ့်။ သေသေချာချာ ကြည့်စမ်းပါဦး။ ဆံပင်အဖြူ နုတ်ပေးနေပါသည်။

မောင်ပြုံးချိုတို့ စကားပြောသံကြောင့် ဇိမ်ပျက်သွားလေပြီ။ နေရာမှ ထ၍ ခရီးဦးကြို ပြုလေသည်။ သူသည် ဆင်းဆင်းရဲရဲနှင့် ကလေးတို့၏ ပညာရေးကို မျှော်ကိုး၍ ဤရွာသို့ လာနေရကြောင်းကို ပြောပြီးသည့်အဆုံး၌ အစိုးရဆိုင်မှ အထည်အဝတ်များ ဝယ်ခွင့်ပြုရန် မြို့ပိုင်အား တောင်းပန်လေ၏။ မြို့ပိုင်က သူ့ဆန္ဒကို ဖြည့်လိုက်ပြီးသော်

"ဆရာရဲ့ကလေးတွေကို အတွက်အချက်ကလေးလည်း သင်ပေးဦးမှ ပေါ့"ဟု ဆို၏။

"သင်ပါ့မယ်"ဟု ဝန်ခံလိုက်လေသည်။

မြို့ပိုင်သည် ထိုကျောင်းမှထွက်လာစဉ် ဆရာသူမြတ်က သူ့ ကျောင်းသားတွေကို အာလုပ်သံကြီးနှင့် ဂဏန်းသချ်ာသင်နေသည်ကို ကြားခဲ့ရလေ၏။

"ဆင်တစ်ကောင်ကို တစ်ပဲပေးရသော် တစ်မတ်နဲ့ နှစ်ပြားဖိုးဝယ်ရင် ဘယ်နှကောင်ရမည်နည်း"တဲ့

ဆက်လက်၍ လျှောက်သွားပြန်သည်။

"ရွေးကောက်ပွဲ လုပ်တော့မယ်ထင်တယ်။ မဲစာရင်းတွေ ကောက်ကုန်ပြီ"

သူကြီးနှင့်ပါလာသော ဆယ်အိမ်ခေါင်းက မြို့ပိုင်အား စောက်ကြည့်လိုက်လေသည်။

"အင်း ရှေ့တန်ခူးလလောက်မယ် လုပ်ဖြစ်လိမ့်မယ် ထင်တယ်"ဟု မြို့ပိုင်က ဖြေပြီးလျှင် "ဒီနယ်မှာ ဘယ်ပါတီက လူတွေများသလဲ"ဟု ပြန်မေးလိုက်လေ၏။

"ဟာ ဒီနယ်မှာတော့ အ သ ပ တ များတယ်ဘုရား"ဟု ဆယ်အိမ်ခေါင်းက ရုတ်တရက်ဖြေ၏။

"ဘယ့်နှယ် အ သ ပ တ လဲဗျ။ ဖ ဆ ပ လ ပါ"

"မဟုတ်ဘူး ဘုရာ့။ အ သ ပ တဆိုတာ အသောက်ပါတီ။ ဒီရွာမှာတော့ အသောက်သမားတွေ သိပ်ပေါတာပေါ့။ နိုင်ငံရေးတော့ ကျုန်တော်မျိုး



တို့တော့ ယောင်နေတာပဲ။ တော်တော်ကြာ လယ်သမားအစည်းအရုံး၊ တော်တော်ကြာ သမဂ္ဂ၊ တော်တော်ကြာ ကွန်မြူနစ်၊ ဆိုရှယ်လစ်၊ ဘာတွေ မှန်းလဲ မသိပါဘူး"

"ဟော့ တို့တော့ ပိုက်ဆံများများပေးတဲ့လူ ထည့်မှာပဲ" အခြားတစ်ယောက်က ဝင်၍ ထောက်လိုက်ပြန်၏။

"အေး ဒါကြောင့် တို့မြန်မာတွေ ခက်တာ။ မဲရဲ့တန်ဖိုးကို မသိကြဘူး"

"သိတာပေါ့ကွ။ တစ်မဲကို နှစ်ကျပ်က အရေးကြီးကြီးသလို ငါးကျပ်၊ ခြောက်ကျပ်၊ တစ်ဆယ်အထိ ရှိတယ်"

"မင်းတို့လိုလူတွေကြောင့် ခက်တာ"

"အမယ် ကြီးကြီးကျယ်ကျယ် မင်းကကော ဘာသိလို့လဲ"

"ငါသိတယ်။ မင်းတို့လို မသိတဲ့သူတွေကို ငါက အများကြီး သင်ပြချင်တယ်"

"အမယ် လာ လာချီသေး။ ငုံးမင်းဘဝနဲ့ ရောင်ခြည်တော် မလွှတ်ချင်စမ်းပါနဲ့ မောင်ရဲ့"

သူတို့နှစ်ယောက် စကားများနေကြသည်။

***

မောင်ပြုံးချိုသည် ရွာထဲတွင် လမ်းသလားလျက်ရှိစဉ် မကြားဝံ့ မနာသာ ဆဲသံ ဆိုသံများကိုလည်း နားသောတ ပန်ဆင်ရလေသည်။ ခုနစ် အိမ်ကျော် ရှစ်အိမ်ကြား၊ အမေ နမ၊ အဖေ၊ မောင်၊ ယောက်ဖ မကျန် အော်ဟစ်တိုင်းထွာလျက် 'လ'အက္ခရာ၊ 'စ'အက္ခရာများကို ရေလဲနှင့် သုံးနေကြလေသည်။ မိန်းမနှစ်ဦး ရန်ပွဲဆင်နေသည်ကို ပထမတွေ့ရလေသည်။ သူတို့သည် ငါးကြော်ရာမှ ထ၍ ရန်ဖြစ်ကြသည်။ တစ်ဦးက ငါးကြော်၏။ အခြားတစ်ဦးက သူ့ကလေး နေမကောင်းနေစဉ် ညှော်လုပ်ရပါမည်လောဟု ထ၍ဆူ၏။ ဆူရာမှ ဆဲကြသည်။ ဆဲရာမှ နပန်းလုံးကြလေသည်။ နပန်းလုံးရာမှ သဲသဲမဲမဲ ရှိလှသဖြင့် ခါးဝတ်ပင် မကပ်ကြတော့ဟု ဆိုသည်။ မောင်ပြုံးချိုတို့ကား ထိုနပန်းပွဲကြီးကို မမြင်လိုက်ရတော့ချေ။ ပြီးစဖြစ်သည်။ ကျွက်စီကျွက်စီနှင့်သာ စကားပြောနေကြလေသည်။ မောင်ပြုံးချိုတို့ ထိုနေရာ

ရောက်သောအခါ လူတစ်ယောက်သည် မောကြီးပန်းကြီးနှင့် ပြေးလာလေသည်။

"ဘယ့်နှယ်လဲ ဘယ့်နှယ်လဲ ပြီးသွားပလား"

ထိုသူက အရေးတကြီးမေး၏။

"ပြီးသွားပါပြီ" အနားကလူများက အေးအေးပြောလေသည်။

"အမယ်လေးဗျာ"ဟု ထိုသူက ညည်းညူ၏။

"ခင်ဗျားက ဘာလုပ်ဦးမလို့လဲ"

"သြော် မိန်းမတွေ အဝတ်မကပ်ဘူးဆိုလို့ ကြည့်မလို့" ပြေးလာသူက စိတ်ပျက်ပျက်နှင့် ဖြေလေသည်။

***

ရွာထဲတွင် တစ်ခုသောနေရာ၌ သပိတ်ပိုက်ကာ ဆွမ်းခံကြွလာသော ဘုန်းတော်ကြီးနှင့် မျက်နှာချင်းဆိုင်တွေ့ရလေသည်။ မြို့ပိုင်နောက်က ပါလာသောသူကြီးနှင့်တကွ လူကြီးအပေါင်းတို့သည် လမ်းဘေးသို့ဆင်း၍ ပြားပြားဝပ်ကာ ရှိခိုးကြကုန်ရာ မြို့ပိုင်လည်း ထိုကိုယ်တော်အား လက်အုပ်မိုး၍ ရှိခိုးရလေတော့သည်။ ဘုန်းတော်ကြီးသည် မောင်ပြုံးချိုတို့၏ ရှိခိုးခြင်းကို ခံယူတော်မူလျက် ရပ်တန့်တော်မူလေသည်။

"ဒကာကြီးက ဘယ်သူတုံး" ဘုန်းတော်ကြီးက မေး၏။

"မြို့ပိုင်ပါဘုရား" သူကြီးက လျှောက်လေသည်။

"သြော် သြော် အခုမှတွေ့ရ ဝမ်းသာပါတယ်ဗျာ။ ဒကာကြီးတို့ ရာရှင်ဆိုင်က သကြားတစ်စုံလောက် မရနိုင်ဘူးလား"

"မှန်ပါ၊ သကြားစတစ်ကိုက်ကို တစ်ကျပ်နဲ့ ရနိုင်ပါတယ် ဘုရား"

"ဈေးတော့ သိပါတယ်။ လှူစမ်းပါလို့ ပြောနေတာပဲ။ ဒကာကြီး မြို့ပိုင်ပဲ လှူနိုင်တာပေါ့။ ရော့ ရော့ ကျူပ် လက်ဖွဲ့ကလေးလည်း ဒကာကြီး ဆောင်ထားဖို့ ပေးရဦးမယ်"

ဘုန်းတော်ကြီးသည် ကြိုးနီနှင့်သီထားသောလက်ဖွဲ့ကလေးကို မြို့ပိုင်အား ပေးလိုက်လေသည်။

"အဲဒါ သိပ် ပီယကောင်းတယ်။ ပြီးတော့ မြွေဆေးလည်း ကျူပ်ဆီမှာ ရှိတယ်။ ကျောင်းလျှောက်ခဲ့ဦးလေ"



ဘုန်းတော်ကြီးလည်း ကြွသွားလေ၏။

"သူကြီးမင်း ဒီဘုန်းကြီးက ဘယ်ကလဲ"

"ကျွန်တော်မျိုးတို့ ရွာဦးကျောင်းကလေ။ ကျောင်းမယ် ဘုန်းကြီးမပြိလွန်းလို့ တခြားနယ်က သွားပင့်ထားရတယ်။ ဒီကိုယ်တော်က အတော်တော်ပါပေတယ်။ ဆေးလည်း သိပ်စွမ်းတာပဲ။ ပယောဂလည်း နိုင်တယ်။ ဗိန္ဓော လည်း နိုင်တယ်။ မြို့အုပ်မင်းလာရင် သူ့ကျောင်း ခေါ်ခဲ့စမ်းပါလို့ မကြာ မကြာ ပြောနေတာပေါ့။ ဟိုအရင်ပြောင်းသွားတဲ့ သစ်တောဝန်ထောက်ကြီးနဲ့ဆို သိပ်ခင်တာပေါ့။ လာရင် သူ့ကျောင်းမှာပဲ တည်းတာပဲ။ သူ့ကျောင်းမယ် အစုံရတယ်။ ဘဲဥ၊ ကြက်ဥ ဟာ စုံလို့ ဘာမဆိုရတယ်။ အတော် လာဘ်သပ်ပကာရှင်တဲ့ ကိုယ်တော်ပေါ့"

***

သို့နှင့် သူကြီးအိမ်သို့ ရောက်လာကြလေ၏။ သူကြီးမင်း အိမ်သားတစ်စုတို့သည် မြို့အုပ်မင်း ကြွလာလျှင် ထိုင်ရန် ပက်လက်ကုလားထိုင်ကြီးပေါ်တွင် ကော်ဇောကြီးကို ခင်းထားလေသည်။ ရှေ့မှ စားပွဲပေါ်တွင် မြို့အုပ်မင်း အဆာပြေသုံးဆောင်ရန် ဘဲဥကြော်နှင့် လက်ဖက်ရည်ပွဲ ချလာသည်။ မြို့အုပ်မင်းသည် ခင်းထားသောနေရာ၌ ထိုင်မိလတ်သော် သူကြီးမင်းအား ဤသို့ ဆို၏။

"သူကြီးမင်းရဲ့ ဖွားသေဖွားရှင် စာရင်းတို့ ဒဏ်စာရင်းတို့ ယူခဲ့ပါ"

"မရှိပါဘုရား၊ ဒီစာအုပ်တွေ တစ်ခုမှ မရှိပါ။ ဂျပန်ခေတ်ထဲက ကုန်ပါပြီ။ နောက်ထပ်လည်း မရပါ"

"ဒါဖြင့် သေတာမွေးတာ ဘာမှမသိဘူးပေါ့"

"မသိပါ၊ အမှတ်အသားလည်း မရှိပါ"

"သူကြီးမင်း ရွာမှာ အိမ်ခြေဘယ်လောက်ရှိသလဲ"

"ဟေ့ ဘစောရေ၊ ဘယ်လောက်လဲကွဲ့"ဆယ်အိမ်ခေါင်းကို လှည့်၍မေးသည်။

"နှစ်ရာထင်ပါရဲ့"ဟု ဆယ်အိမ်ခေါင်းက ဖြေ၏။

"လူဦးရေ ဘယ်လောက်ရှိသလဲ" မြို့ပိုင်က မေးပြန်သည်။

"ဒါတော့ မွေးတဲ့လူ မွေး၊ သေတဲ့လူသေနဲ့ ဘယ်သိမလဲ ဘုရား"

"သြော် မှန်းခြေပေါ့ဗျာ"

"ရှစ်ရာလောက် ရှိပါတယ်"

"သူကြီးမင်း ရွာမှာ ခိုးမှုတိုက်မှု ဖြစ်သေးသလား"

"နွေတုန်းက ဓားပြမှုတစ်မှုနဲ့ လူသတ်မှုဖြစ်ပါတယ်"

"တရားခံ မိရဲ့လား"

"မမိဘူးဘုရား၊ ပုလိပ်ကတော့ မသင်္ကာတဲ့လူ ဖမ်းတာပဲ။ သို့ပေမယ့် သက်သေမရလို့ လွှတ်လိုက်ပြီ"

"မသင်္ကာတဲ့လူ၊ ခြေမငြိမ်တဲ့လူတွေကို တစ်ရာ့ကိုး တစ်ရာ့ တစ်ဆယ် လုပ်ရမယ်"

"အမယ် မလုပ်ရဲဘူးဘုရား၊ သူတို့ လွှတ်လာရင် ခေါင်းစမ်း အိပ်နေရမှာ"

မြို့ပိုင် မောင်ပြုံးချို လေဖောင်းနေစဉ် ထမင်းပွဲ လာချလေသည်။ မြို့ပိုင်သည် စကားဖြတ်၍ လတ်ဆတ်သော သူကြီးမင်း၏ ခြံပေါက်ကြက်သားဟင်းနှင့် ပွဲတော်တည်နေလေ၏။ အနားတွင် သူကြီးမင်း၊ ဆယ်အိမ်ခေါင်းမင်း၊ ရွာဆော်မင်း၊ ကော်မတီလူကြီးမင်း အစရှိသော မင်းအပေါင်း ခြံရံလျက်ရှိလေသည်။ သူတို့သည် ကွမ်းစားကာ၊ လက်ဖက်ရည်သောက်ကာနှင့် ဟောင်ဖွာဟောင်ဖွာ လုပ်နေကြလေသည်။ ဆေးငုံထားသူ လူကြီးသုံးယောက်မှာကား တဖျစ်ဖျစ်နှင့် တံတွေးကို လုပစ္စာ မကြာခဏ ထွေးလျက်ရှိကြရာ မြို့ပိုင်လည်း ထမင်းကိုသာ မြိန်မြိန်ရှက်ရှက်ကြီး လွေးနေလေသည်။

ထမင်းသုံးဆောင်ပြီးသော် မြို့ပိုင်မောင်ပြုံးချိုသည် လူကြီးတွေနှင့် စကားဖောင်ပြန်လေသည်။ အတော်ကြာစကားပြောမိသောအခါ ဝမ်းဗိုက်ကို နှိပ်လေ၏။

"သူကြီးမင်း အိမ်သာဘယ်မလဲ"ဟု မေး၍ နေရာမှထလေ၏။ သူကြီးနှင့် ဆယ်အိမ်ခေါင်းက လိုက်ပို့လေသည်။ အိမ်သာကား တံခါးမရှိ။ အကာအရံကလည်း ဟာလာဟင်း ဖြစ်နေလေသည်။

"သူကြီးမင်းရဲ့အိမ်သာ တက်လို့ ဘယ်ဖြစ်ပါ့မလဲ။ လူလာရင် ဘယ့်နှယ်လုပ်မလဲ"

"လူမလာအောင် အိမ်သာထဲက သီချင်းဆိုနေရပါတယ် ဘုရား"



"ဟာ မဖြစ်ပါဘူး၊ တခြားအိမ်သာ ပြပါ။ ကျုပ် ပါချင်လှပြီ"

"တခြားအိမ်သာ မရှိပါဘူး။ တစ်ရွာလုံးမှ ဒီတစ်လုံးပဲ ရှိပါတယ်"

မြို့ပိုင်သည် သူကြီးအား ကြိမ်းမောင်းကာ ရွာပြင်ဘက်သို့ ထွက်ပြေးလေသတည်း။

[ပြုံးတမ့်မဲ့ ၁၉၄၉]

# ဘယ်ကျောင်း၊ မောင်နေမတုံး

၁

မြို့ပိုင်မောင်ပြုံးချိုသည် မြို့ငယ်လေးတစ်ခုတွင် တာဝန်ထမ်းဆောင်နေသည်။ ရှေးယခင်က ထိုမြို့တွင် အင်္ဂလိပ် မြန်မာ နှစ်ဘာသာသင် အလယ်တန်းကျောင်းတစ်ကျောင်း ရှိသတတ်။ ဆရာဆရာမများသည်လည်း အလွန်အသင်အပြကောင်းလှသည်ဆို၏။

ထိုကျောင်းမှထွက်လာသော ကျောင်းသူကျောင်းသားများသည် ထိုမြို့တွင် 'လူပေါ် လူဇော်' ဖြစ်နေကြလေပြီ။ ရှေ့နေများ၊ နိုင်ငံရေးသမားများ၊ ကုန်သည်များ၊ ကျောင်းဆရာများ၊ မြို့မျက်နှာဖုံးတွေချည်း ဖြစ်နေကြသည်။ သို့သော် ထိုကျောင်းအဆောက်အအုံကား တာရှည် အသက်မရှည်၊ မကြာမီ မီးလောင်၍ ခန္ဓာကြွေရရှာလေသည်။ မည်သူ ရှို့ပါသနည်း။ အချို့ကလည်း အင်္ဂလိပ်စာပြဆရာများကို မနာလိုဝန်တိုနေသော မြန်မာဆရာများက မီးရှို့သည်ဟု ပြောကြသည်။

သို့သော် မည်သူမျှ အတိအကျ မသိကြ။

ထိုစဉ်ကတည်းက အင်္ဂလိပ် မြန်မာ နှစ်ဘာသာသင်ကျောင်း ပျောက်၍ မြန်မာစာသင်ကျောင်းသာ ရှိလေတော့သည်။ စစ်ကြီးပြီးသောအခါ ငါးတန်းကျောင်းတစ်ကျောင်းတည်းသာ အစိုးရက ဖွင့်နိုင်သည်။ ကျောင်းအဆောက်အအုံ အဖြစ် အရင်က မြန်မာစာသင်ကျောင်းကိုပင် အသုံးပြုကြရသည်။ ထို့အတွက် ပိုင်ရှင်ကျောင်းဆရာကြီးဟောင်းအား တစ်လ ဆယ့်ငါးကျပ် ပေးရသည်။ သို့သော် တစ်လတွင် ဆယ့်ငါးကျပ် မပေးလို၍တစ်ကြောင်း၊ ကိုယ်ပိုင် အဆောက်အအုံရှိလို၍တစ်ကြောင်း၊ သို့တည်းမဟုတ် ပညာအုပ်ကြီး ဦးအေးမောင် အပြောအဟောကောင်းလွန်း၍ တစ်ကြောင်း မောင်ပြုံးချိုတို့လူစု ကျောင်းအဆောက်အအုံတစ်ခုကို ဆောက်လုပ်ရန် စိုင်းပြင်းကြလေသည်။



"ခင်ဗျားတို့မြို့မယ် ကိုးတန်းကျောင်း တစ်ကျောင်းတော့ အနည်းဆုံး ရှိဖို့ကောင်းတယ်။ ဘယ့်နှယ်ဗျာ၊ မြို့ပိုင်ရုံးစိုက်တဲ့ မြို့ကြီးမယ် ဟန်ဟန်ပန်ပန် ကျောင်းကလေးတစ်ကျောင်းမှ မရှိဘူးဆိုရင် ရှက်စရာကြီးပေါ့။ ပြီးတော့ ဟောဒီက ဦးပြုံးချိုတို့လို မြို့ပိုင်ကြီး တစ်ယောက်လုံး ဒီမြို့မယ် ရှိနေသားနဲ့ ကျောင်းတစ်ဆောင် မဖြစ်မြောက်ဘူးဆိုရင် ရာဇဝင်ရိုင်းမပေါ့"

အတော်လာတဲ့ပညာအုပ်ကြီး ဦးအေးမောင်ပါတကား။

သူသည် ကွမ်းကို အဆက်မပြတ်စားရင်း တရားဟောပြန်ပါသည်။

"ပြီးတော့ အစိုးရကလည်း အဆောက်အအုံ အရန်သင့်ရှိနေတဲ့ နေရာတွေ မှာမှ ကျောင်းဖွင့်ပေးမှာဗျ။ ဒီတော့ ခင်ဗျားတို့မြို့မယ် ကျောင်းအဆောက်အအုံ တစ်ခု ဖြစ်အောင်လုပ်ဗျာ။ ပြီးတော့ အဲဒီအဆောက်အအုံကို အစိုးရကို လွှဲပြောင်းပေးလိုက်။ အဲဒီလိုသာ လုပ်နိုင်ရင် မကြာဘူး။ ခင်ဗျားတို့မြို့မယ် ကိုးတန်းကျောင်း ဖွင့်ပေးမှာပဲ"

အတော် အားရစရာ ကောင်းပါသည်။ မောင်ပြုံးချိုတို့လူစုလည်း ဝမ်းမြောက်၍ မဆုံး။ ထ၍ပင် ကချင်လောက်အောင် ဖြစ်သွားပါတော့သည်။ ကိုးတန်းကျောင်းသာ ဖွင့်ဖြစ်လျှင် မြို့မှလူငယ်တွေ ပညာတတ်ကြတော့မည်။ မိဘတွေလည်း ဝမ်းမြောက်ကြသည်။ သူတို့သားသမီးတွေ ပညာသင်ရန် ဝေးဝေးလံလံမြို့များသို့ ပို့ထားရန် မလိုတော့ပြီ။

သို့နှင့် ကျောင်းဆောက်ရန် ဝိုင်းဝန်းလုပ်ကိုင်ကြသည်။ ငွေကောက်သူ ကောက်၊ သစ်အလှူခံသူ ခံ၊ မြေကွက်ကြည့်သူကြည့်နှင့် အထူးအလုပ်များ နေကြလေသည်။

"ဘုန်းကြီးကျောင်းဆောက်မှ၊ ဘုရားတည်မှ ကုသိုလ်ရတာ မဟုတ်ပါဘူးဗျာ။ ဒီလို ပညာသင်ကြားဖို့ ကျောင်းအဆောက်အအုံအတွက် လှူရင်လည်း ထာဝရကုသိုလ်ကြီးတာပဲ"

သည်လို တရားဟောရသည်မှာလည်း အမော။ အလှူရှိလျှင် ကျောင်းအတွက် သံဃာတစ်ပါးစာ အလှူခံဖို့ ကြိုးစားကြရသည်။ မင်္ဂလာဆောင်ရှိလျှင်လည်း မင်္ဂလာဦးတွင် ထူးမြတ်သည့်ပညာရေးအလှူကို ပြုကြပါရန် တရားဟောကြရသည်။ အမတော်ကြေးပေးရာမှာလည်း ငွေဖလားတစ်လုံးနှင့် တတ်နိုင်သမျှ အလှူငွေထည့်ခဲ့ပါရန် တဂွမ်ဂွမ်ခေါက်ကြရသည်။ အင်းလေလံပွဲ

နေ့လည်း အလွတ်မပေး။ တစ်ဖက်မှလည်း အတင်းအဓမ္မ အလျှခံနေပါသည်ဟု တိုင်မှာတောမှာ စိုးရသေးသည်။ သတင်းစာမှ အော်မှာ ကြောက်ရသည်။

အချို့ကလည်း အလှူခံလာသည်ကို သိသည်နှင့်တစ်ပြိုင်နက် မျက်နှာထား သုန်မှုန်နေတတ်သည်။

"တတ်နိုင်ပါဘူးတော်၊ လယ်ခမရ၊ ကြွေးတွေ တောင်းမရနဲ့ ကျုပ်တို့ ထမင်းတောင် ဘယ်လိုစားရမလဲ မသိဘူး"ဟု ကန်တော့ဆွမ်းလောင်းသည့် လယ်ပိုင်ရှင်များကိုလည်း တွေ့ကြရပါသည်။

သည်လိုအလှူခံထွက်နေကြစဉ် မောင်ပြုံးချိုတို့ မြေကွက်ရှာရသည်။ ချုံပိတ်ပေါင်းတွေ အုပ်နေသည့် ခြံကြီးတစ်ခုကို တွေ့ထားသည်။ ပိုင်ရှင်က လေးရာလောက်ရမှ ရောင်းချင်သည်။ မောင်ပြုံးချိုက သူတို့ကိုခေါ်၍ ဈေးဆစ်ကြရာ အဖိုးအနည်းငယ်နှင့်ပင် ဈေးတည့်သွားလေ၏။ သို့နှင့် ထိုမြေကွက်ပေါ်တွင် ပျဉ်ထောင်ပျဉ်ခင်း သွပ်မိုးဆောက်လုပ်ရန် ရည်ရွယ်ထားသော်လည်း ရန်ပုံငွေမလုံလောက်သဖြင့် ထရံကာ သက်ငယ်မိုးကျောင်းတစ်ဆောင်သာ ပေါ်ပေါက်လာလေ၏။

ထိုကျောင်း အဆောက်အအုံကို ဦးအေးမောင်ညွှန်ကြားသည့်အတိုင်း အစိုးရသို့ ကြိုက်သလို စီမံရန် စာချုပ်စာတမ်းနှင့် လွှဲပြောင်းပေးသည်မှာ နှစ်နှစ်ကျော်ပါပြီ။ ကျောင်းကား သည်အတိုင်းပင် ရှိသေးသည်။ စင်စစ်အားဖြင့် သည်အတိုင်းပင် မရှိတော့ပါ။ သက်ငယ်မိုးတွေက မိုးရေတွေ ယိုနေပါပြီ။ ကျောင်းသားတွေ ထိုင်စရာမရှိ။ လေ့ဟောင်းကြီးတွေကို ဝယ်၍ ထိုင်ခုံလုပ်ကာ လှူကြရသည်။ ကိုးတန်းကျောင်းဖြစ်ဖို့အရေးကား ဝေးလှပါသေးသည်။ မည်သို့မျှ သတင်းမကြားရ၊ လက်မှိုင်ချနေကြသည်။

မြို့ပေါ်က လူကြီးတွေကလည်း တောင်ပြေးရ မြောက်ပြေးရနှင့် မောလှပါပြီ။ ပန်းလှပါပြီ။ ဆိုင်ရာဝန်ကြီးဆီလည်း ရောက်ပြီးကြပြီ။ နယ်ကတက်သည့် အမတ်မင်းထံသို့လည်း ဝင်ပြီးပြီ။ အဟောကောင်း အပြောကောင်း ပညာအုပ်မင်း ဦးအေးမောင်လည်း အင်္ဂလန်ပြည်သို့ ပညာတော်သင်အဖြစ် သွားလေပြီ။ သူပြောသည့် ကိုးတန်းကျောင်းအရေးကား ဝေးမြဲတိုင်း ဝေး၍သာ နေတော့သည်။

"ကျောင်းဆရာလုပ်ရန် လူမရှိ"ဟု အကြောင်းပြသည်။ ဘာဖြစ်၍ မရှိရလဲ။ တကယ်ရှာလျှင် တကယ်ရပါသည်။ လာချင်လျှင် အနီးကလေးပါ။



"ဟင် ဘာဖြစ်လို့ အစိုးရဟာ ကျုပ်တို့ကို ပစ်ထားသလဲဗျာ။ ကျုပ်တို့ဟာ ဘာအပြစ်များ ရှိနေလို့တုံး"

ကျောင်းကော်မတီလူကြီးတစ်ယောက်က ဝမ်းနည်းပက်လက် ပြောရှာသည်။ မှန်ပါသည်။ ဤမျှ ကျယ်ဝန်းသည့် မြို့နယ်ကြီးတစ်ခုလုံးအတွက် ကိုးတန်းကျောင်းတစ်ကျောင်းကိုမျှ ဘာဖြစ်လို့ ဖြစ်မြောက်အောင် တည်ထောင်မပေးနိုင်ပါသနည်း။

(၂)

ရှိရင်းစွဲ ငါးတန်းကျောင်းကလေး ဖြစ်ပျက်နေပုံကို ကြည့်ပါဦး။ ဆရာတို့၏ဂုဏ်ပုဒ်ကို သုံးသပ်ဖို့လိုပါသည်။ ဆရာငါးယောက်ရှိသည်။ ထိုငါးယောက်သော ဆရာတို့သည် ဂိုဏ်းကွဲလျက်ရှိကြသေးသည်။ ဘယ်လို ဘယ်နည်း ကွဲနေကြပါသနည်း။ ဆရာကြီးရာထူးကို လုကြရင်း ကွဲကြပြိကြခြင်းဖြစ်သည်။

ဆရာနှစ်ယောက် သူ ဆရာကြီးဖြစ်ထိုက်သည်၊ ငါဆရာကြီးဖြစ်ထိုက်သည်နှင့် အချင်းများလျက် ရှိကြသည်။ သူတို့နှစ်ယောက်ကို အကြောင်းပြု၍ ကျန်ဆရာများလည်း သူ့လူ ငါ့လူနှင့် ဂိုဏ်းကွဲကုန်ကြသည်။ ဆရာတွေ ကွဲသော် ကျောင်းသားသူငယ်များလည်း ကွဲကြကုန်တော့သည်။ အရပ်ထဲတွင်လည်း သူ့ကြိုက်သူ ငါ့ကြိုက်သူနှင့် နှစ်ပိုင်းကွဲကြပြန်တော့သည်။

အစည်းအဝေးတစ်ခုတွင် ထိုအကြောင်းကို ဆွေးနွေးကြသည်။ သူ ဆရာကြီးဖြစ်ထိုက်သည်။ ငါ ဆရာကြီးဖြစ်ထိုက်သည်နှင့် အတော် စကားများကြသည်။ နောက်ဆုံး တစ်ယောက်နှင့်တစ်ယောက် ထထိုးတော့မလောက်ဖြစ်ကုန်၍ မဆုံးဖြတ်နိုင်ဘဲ အစည်းအဝေး ရုပ်သိမ်းလိုက်ရလေသည်။

"ဟိုဆရာက အလကားကွ၊ ဂျပန်ခေတ်တုန်းက ဝန်ထမ်းမှူးလုပ်ခဲ့တယ်။ အမယ်လေး အဲဒီတုန်းကများ သောက်လိုက်တဲ့အရက်။ မိုးမလင်းဘူး"

ဟိုဆရာ၏လူက သည်ဆရာကို ပုတ်ခတ်သည်။

"ဒီဆရာက အလကားဗျ၊ ကျောင်းသားတွေ စာသင်တာ မဟုတ်ဘူး။ သူဈေးရောင်းဖို့လောက် ဂရုစိုက်နေတာ။ ပြီးတော့လည်း ဖဲလည်း ရိုက်တယ်"

သည်ဆရာ၏လူက ဟိုဆရာကို သွားပုပ်လေလွင့်ပြောသည်။

"အလကားဗျာ၊ ဒီကျောင်းကဆရာတွေ တစ်ယောက်မှ မကောင်းပါဘူး။ အရက်မူးတဲ့လူ၊ ဖဲရိုက်တဲ့လူချည်းပဲ။ ကလေးတွေကို တစ်ယောက်မှ

စာကောင်းကောင်းသင်တာ မရှိဘူး။ အားလုံး တခြားပြောင်းပစ်ဖို့ ကောင်းတယ်"

ဤကဲ့သို့ ဝါးလုံးရှည်ရှည်နှင့် ယမ်းသူလည်း ရှိသည်။

"ဒါ အရေးမကြီးဘူးဗျို့၊ တော်ကြာ ဆရာအချင်းချင်း မတည့်တာနဲ့ ဟိုအရင်တုန်းကလို ကျောင်းကြီး မီးနဲ့ရှို့ပစ်မှာ စိုးရတယ်"

ဤကဲ့သို့ တွေးသူလည်း ရှိသည်။

"အင်း ဒီအခြေအနေအတိုင်းသာ သွားရင်တော့ ကျုပ်တို့မြို့တော့ နောက်တစ်ခေတ်ကျရင် ခက်တော့မှာပဲ"

"အေးပေါ့ဗျ၊ ဟိုသီချင်းလို ဖြစ်လာမှာပေါ့"

"ဘယ်လိုလဲ"

"အရာရာဖင်ကျယ် တို့တစ်တွေရယ်၊ နောင်တစ်ခေတ်မှာ ပြောင်းထောင် ဖြစ်နိုင်တယ်၊

တို့တစ်ကိုယ်ကောင်း စိတ်ထားမယ်။

အများအကျိုးအတွက် ထမ်းဘူးကွယ်"

တစ်ယောက်က သံနေသံထားနှင့် ဆိုပြနေလေသည်။ မှန်ပေသည်။ မောင်ပြုံးချိုတို့မြို့တွင် အစိုးရဘိန်းဆိုင် မရှိဘဲနှင့် တိတ်တိတ်ပုန်း ပြောင်းထောင်တွေ ပေါနေပြီ မဟုတ်ပါလား။ နောင်တစ်ခေတ်မှာဆိုလျှင် သည့်ထက်ဆိုးတော့မပေါ့။

(၃)

မောင်ပြုံးချိုတို့ သားဦးကလေးလည်း ကျောင်းထားဖို့ အရွယ်ရောက်လာပြီ။ ငယ်ငယ်က ကျောင်းထားမှ တက္ကသိုလ်သို့ စောစောရောက်မည်။ ဂုဏ်ထူးဘွဲ့ထူးတွေ မြန်မြန်ရမည်။ တိုင်းပြည်ဝန်ကို ထမ်းဆောင်နိုင်မည်။

"ငါ့သား ကျောင်းနေမလား"

"ဟင် မနေချင်ဘူး ဖေဖေ"

"ဘာဖြစ်လို့လဲကွဲ့"

"တောတော်ကြာ လမ်းလျှောက်ပြီး ဆွမ်းတော်ဖျို့လို့ အော်နေရမှာ"



နေ့စဉ်နေ့တိုင်း သပိတ်ကိုထမ်းကာ လမ်းပေါ်မှ ဆွမ်းတော်ဖျို့ဟု အော်ဟစ်ရင်း ဆွမ်းခံလာကြသည့် သူ့ရွယ်တူ ဘုန်းကြီးကျောင်းသားကလေးများကို ကြည့်၍ စိတ်ရှုပ်နေဟန်တူသည်။

"အို ဖေဖေက ဆွမ်းတော်ဖျို့လို့ မအော်ရတဲ့ကျောင်း ထားမှာပေါ့ကွ"

"ဘယ်ကျောင်းလဲ ဖေဖေ"

"ဖေဖေတို့ရုံးနားက ကျောင်းလေ"

"ဒီလိုဆို နေမှာပေါ့"

သည်လို သားအဖနှစ်ယောက် အချီအချပြောနေစဉ် ခရီးသွားလုလင် ကိုမောင်ခက်ကြီး အနားရောက်လာသည်။

"မြို့အုပ်မင်း အဲဒီကျောင်းက အလကားပဲ။ စာကောင်းကောင်း သင်တာ မဟုတ်ဘူး။ တောင်ပိုင်းကကျောင်းကို ထား‌ပါ"

သူက အစိုးရကျောင်းကို ပုတ်ခတ်ပြောသည်။

"အဲဒီကျောင်း ကျွန်တော့ကလေးတွေ မနှစ်က တစ်နှစ်လုံးထားတာ ဘာမှ မတတ်ဘူး။ အခု ဟိုကျောင်းရွှေ့ထားတော့ သုံးလလောက်ရှိသေး တော်တော်ဖတ်နိုင်ပြီး ကျောင်းလခလည်း တစ်လ တစ်ကျပ်ပဲ ပေးရတယ်"

ကိုမောင်ခက်က အစိုးရကျောင်း မအပ်ဘဲ ကျောင်းဆရာတစ်ဦး မိမိဘာသာဖွင့်ထားသည့် ကျောင်းတွင်အပ်ရန် ပြောနေလေသည်။ မောင်ပြုံးချိုအဖို့တော့ စိတ်အားငယ်မိသည်။ ဝမ်းနည်းမိသည်။ မိမိတို့ ကြိုးကြိုးစားစား ဆောက်လုပ်ထားသည့် ကျောင်းကြီးကို မကောင်းဟု စွပ်စွဲကာ တဲပုတ်ကလေးတွင် ဖြစ်သလို သင်နေသည့်ကျောင်းကို သူ့ရုံးမှ ခရီးသွားလုလင် က ချီးကျူးနေပါသည်။

"ဟိုကျောင်းက အစိုးရကျောင်းဗျ။ ခင်ဗျားပြောတဲ့ကျောင်းက အလကားကျောင်း" မောင်ပြုံးချိုက ခပ်တည်တည်နှင့်ပြောလိုက်သည်။

"ကျွန်တော်တော့ အစိုးရကျောင်းလား ဘာကျောင်းလား မသိဘူး။ စာသင်ကောင်းတာ ပြောတာပဲ"

"အစိုးရကျောင်းတွေကို ဘယ်တော့မှ အပြင်ကျောင်းတွေက မမီနိုင်ဘူး။ အစိုးရဆိုတာ ဘာမဆိုလုပ်ပေးနိုင်တယ်။ ပညာသင်ကြားရေးမှာလည်း

စနစ် အမျိုးမျိုးထွင်ပြီး လုပ်ပေးနိုင်တယ်။ အပြင်ကျောင်းတွေဟာ အစိုးရကျောင်း တွေလို ဘယ်နည်းနဲ့မှ အဆင့်အတန်းမီအောင် မသင်နိုင်ဘူး"

ကိုမောင်ခက်သည် ဘာမျှပြန်မပြောတော့ဘဲ ငြိမ်နေလေသည်။ သို့နှင့် မောင်ပြုးချိုသည် သူ့သားကို အစိုးရကျောင်းသို့ ပို့လိုက်လေသည်။

သို့သော် ကြာရှည် ကျောင်းမတက်ရ။ မကြာမီ ထိုမြို့ကို သူပုန်များ အုပ်စီးမိသဖြင့် မောင်ပြုးချိုတို့သည် ရန်ကုန်သို့ လစ်ခဲ့ရလေသည်။

၄

ရန်ကုန်သို့ ရောက်လာသော မောင်ပြုးချိုတို့သည် သားကို ကျောင်းဆက်ထားရန် ကြိုးစားကြပြန်သည်။ သို့သော် လွယ်လွယ်နှင့် မအောင်မြင်။

မောင်ပြုးချိုတို့ ငယ်ငယ်က ကျောင်းထားရန် လွယ်သလောက် ယခုခေတ်တွင် ကျောင်းထားဖို့ကိစ္စသည် ခက်လှဘိတောင်း။

သူတို့ငယ်စဉ်က ကျောင်းထားရေးကိစ္စမှာ အလွယ်ကလေး။ ဘုန်းကြီးကျောင်းတွင် ထားချင်သလော။ ဘုန်းတော်ကြီးအတွက် လှူဖွယ် တန်းရာကလေးကို ဆောင်ယူသွားပြီးလျှင် "အရှင်ဘုရား၊ တပည့်တော်၏ သားကို အရှင်ဘုရားကျောင်းမယ် လက်ခံတော်မူပါ"ဆိုလျှင်ပြီးသည်။ မြန်မာစာသင်ကျောင်း၊ အင်္ဂလိပ် မြန်မာစာသင်ကျောင်း၊ အင်္ဂလိပ်စာသင်ကျောင်း အစရှိသည့်ကျောင်းများတွင် ထားလိုသလော။ သားသမီးများကိုခေါ်သွားပြီးလျှင် ကျသင့်သော ကျောင်းလခ၊ ကျောင်းဝင်ကြေး၊ ကစားကြေး အစရှိသည်တို့ကို ပေးလိုက်လျှင် လွယ်လွယ်နှင့် ကိစ္စပြီးတော့သည်။

ယခုတော့ သည်လို မဟုတ်တော့ပြီ။

သားတစ်ယောက်ကို ကျောင်းထားဖို့အရေး၊ ဆွေးနွေးလိုက်ရသည့်ဖြစ်ခြင်း။ တစ်ဆွေလုံး၊ တစ်မျိုးလုံး တိုင်ပင်ကြရသည်။

မောင်ပြုးချိုတို့၏ သားဦးအား ကျောင်းထားဖို့ကိစ္စကို အားလုံးကုန်ဝိုင်း၍ တိုင်ပင်ကြရသည်။

"မင့်သားကို ကျောင်းထားဖို့ တော်ပြီ" မောင်ပြုးချိုတို့ ရန်ကုန်သို့ ရောက်၍ မကြာမြင့်မီ အစ်မကြီးတစ်ယောက်က သတိပေးသည်။ ထိုနေ့တွင် အိမ်၌ ဆွေမျိုးတွေလည်း အတော်စုံနေပါသည်။



"ဟုတ်ကဲ့၊ တောမှာတုန်းကတော့ ထားပါတယ်" မောင်ပြုးချိုက ဖြေသည်။

"အေး အခုလည်း ရန်ကုန်မှာ ဆက်ထားပေါ့။ မင်းတို့တော်တော်နဲ့ ပြန်ရဦးမှာမှ မဟုတ်ဘဲ" ဦးလေးကြီးတစ်ယောက်က ဆိုလိုက်ပြန်သည်။

"ဒီတစ်ခါတော့ သူပြန်ချင်ပြန်ပေစေ။ ကျွန်မတော့ ဘယ်တော့မှ တောမလိုက်တော့ဘူး" တင်မကြီးက စူစူအောင့်အောင့်နှင့် ဝင်၍ပြောလိုက်လေသည်။

"အေးကွာ၊ မင်းကလည်း ဒီတစ်ခါတော့ တောမပြန်ချင်ပါနဲ့။ ရန်ကုန်မှာသာ တစ်နေရာရာ ဝင်လုပ်စမ်းပါ။ မင်းကလည်း အတော်ခက်တာ၊ တောမှာပဲ ပျော်နေတာပဲ" အစ်ကိုကြီးတစ်ယောက်က ဝင်ထောက်လိုက်ပြန်လေတော့သည်။

"တောဟာ တကယ်နေဖို့ ကောင်းတာပဲ။ တောမှာသာ တကယ့်လယ်သမား၊ တကယ့်အလုပ်သမားတွေကို တွေ့ရတာ။ သူတို့အတွက် တကယ်လုပ်ပေးချင်ရင် တောဆင်းရမယ်" ငြိမ်နေသော မောင်ပြုးချိုသည် ယခုမှ စကားစကာ တောကို ချီးမွမ်းနေလေသည်။

"မင်း မဟုတ်တာတွေ ပြောတော့မယ်" ရန်ကုန်တွင် အမြဲနေသော အစ်ကိုကြီးတစ်ယောက်က မျက်နှာထားတည်တည်နှင့် ပြောလေသည်။

"ကျွန်တော် တကယ်ပြောတာ၊ ရန်ကုန်မှာနေတဲ့လူတွေဟာ မြန်မာပြည်ကြီးရဲ့ တကယ့်အခြေအနေအမှန်ကို မသိဘူး။ သတင်းစာက ရေးသလောက်သာ သိတာပဲ။ သတင်းစာတွေကလည်း သူတို့လိုချင်ရာ ဆွဲရေးနေကြတာ၊ သတင်းစာထဲ ပါတိုင်းလည်း မမှန်လှဘူးဗျ။ တကယ်အလုပ်လုပ်မယ့်သူတွေဟာ တောကိုဆင်းရမယ်။ ကိုယ်တိုင် လေ့လာရမယ်။ ရန်ကုန်ကနေပြီး အခြေအနေအမှန်ကို မသိဘဲ ပန်ကာအောက်ထိုင်ပြီး တွေ့ကရာတွေ အမိန့်ပေးနေရင် အကုန်မှားကုန်မှာပဲ။ အဲဒီ ပန်ကာအောက်က ဆရာကြီးတွေလည်း တောကို တစ်ခါတစ်ရံ ထွက်ကြဖို့လိုတယ်ဗျ"

မောင်ပြုးချိုသည် လေရှည်ကြီးပြောနေရာ အားလုံးက ငြိမ်ပြီး နားထောင်နေကြလေသည်။

"ဟော့ မင်းဟာက တစ်ယောက်တည်း ရန်ဖြစ်နေပြန်ပါပြီ" အစ်မကြီးက ဝင်ပြောလေသည်။

"ရန်ဖြစ်တာ မဟုတ်ပါဘူး။ တကယ့်အမှန်ကို ပြောတာပါ။ နေရာတိုင်းမှာ အခြေအနေအမှန်ကို သိဖို့လိုတာကို ပြောတာပါ။ အမှန်ကိုသိမှ ဘယ်လို စီမံခန့်ခွဲထိုက်တယ်ဆိုတာ မြင်နိုင်တော့မပေါ့။ အခုတော့ အားလုံးက ရန်ကုန်နေချင်တာပဲ။ အခုနေအခါများ အတွင်းဝန်ရုံးက မာစတာကြီးတွေကို တောနယ်များ ထွက်ခိုင်းရင် ခွင့်ယူပြေးချင် ပြေးမယ်။ ဘယ်သူမှ သွားမှာ မဟုတ်ဘူး။ အေးအေးဆေးဆေး အချိန်များဆိုရင်တော့ တောကို ချစ်လိုက်ကြတာ မပြောပါနဲ့တော့"

"အဲဒါ လူနပ်ချမ်းသာဆိုတာပေါ့ကွ။ မင်းသာ လူမိုက်" ဦးလေးကြီးက ဝင်ထောက်နေလေသည်။

"မြတ်စွာဘုရား အလောင်းတော် သိဒ္ဓတ္ထ မင်းသားဟာ ရွှေနန်းတော်ကြီးထဲက မွေ့ရာပေါ်မှာချည်း ပျော်နေရင် ဘယ့်နှယ်လုပ်ပြီး နိမိတ်ကြီးလေးပါးကို မြင်နိုင်ပါ့မလဲ။ ရွှေနန်းတော်ကြီးက ထွက်ပြီး ဥယျာဉ်တော်ထဲလာလို့သာ သူအို၊ သူနာ၊ သူသေ၊ ရဟန်းတွေကို မြင်တာပေါ့"

"အေး ဟုတ်တယ်ဟေ့" ဦးလေးကြီး သဘောပေါက်သွားသည်။

"အင်း အခုလည်း တကယ်အလုပ်လုပ်နိုင်တဲ့လူတွေကို ရန်ကုန်မြို့ကြီးက မောင်းထုတ်ပြီး တောအဆင်းခိုင်းရမယ်ဗျ။ ဒါမှ သူတို့လည်း နိမိတ်ကြီးလေးပါးကို မြင်လာမယ်။ အမြင်မှန်ကို ရမယ်။ အဲဒီတော့မှ လောကီနိဗ္ဗာန်ကို ရအောင် ဘယ်လိုလုပ်ကြမယ်ဆိုတာ စီစဉ်နိုင်မယ်ဗျ"

မောင်ပြုံးချိုသည် အားရပါးရကြီး ပြောနေစဉ် တင်မကြီးအနားရောက်လာပါသည်။

"မဟုတ်ပါဘူး၊ ကလေးကျောင်းထားဖို့ ပြောနေတာ ဘာတွေများလျှောက်ပြောနေတာလဲ" သူက ဝင်၍ ဟန့်လိုက်ရာ မောင်ပြုံးချို ကြောင်တက်တက် ဖြစ်သွားသည်။ တရားဟောကောင်းနေတုန်း ခဲကျလာသကဲ့သို့။

"ကဲ ကဲ သားကို ကျောင်းထားဖို့ အကြံပေးကြပါဦး" တင်မကြီးက ဆက်၍ ပြောလေသည်။

"သားကို မေးပါဦး၊ ဘယ်ကျောင်းနေမလဲလို့"



"ကဲ သား၊ မင်း ဘယ်ကျောင်းနေမလဲ"

"ကားနဲ့ လာခေါ်တဲ့ကျောင်း နေမယ်။ မနက်တိုင်း အိမ်ရှေ့က ဖြတ်ဖြတ်သွားတဲ့ ကားကြီးနဲ့ သွားရတဲ့ကျောင်းလေ"

သားက ဖြေလေသည်။ နံနက်တိုင်း မောင်ပြုံးချိုတို့အိမ်ရှေ့မှ ကျောင်းကားကြီးတွေ ဖြတ်၍ဖြတ်၍သွားနေကျဖြစ်ပါသည်။ အချို့စိမ်းစိမ်း၊ အချို့နီနီ၊ အချို့ ဝါဝါ။ ကားထဲတွင်လည်း ကျောင်းသူ၊ ကျောင်းသားတွေနှင့် ပြည့်နက်လျက် ပါသွားသည်ကို တွေ့ရသည်။

"ဘယ်ကျောင်းလဲကွ။ မြို့မကျောင်းလား။ ဒီကျောင်းတော့ မနေပါနဲ့ကွာ။ သပိတ်မှောက်ရင် အဲဒီကျောင်းကချည်း စတာပဲ" အစ်ကို ပြောလေသည်။

"ဟော့ ဟေး အခုခေတ်အစိုးရကျောင်းဆိုရင် ဘယ်ကျောင်းမှ မဟန်ဘူးကွ သိလား။ အပြင်ကျောင်းတွေမှာသာထား" ဦးလေးကြီးက ဆိုပြန်သည်။

"ဘာဖြစ်လို့လဲ" မောင်ပြုံးချိုက မေးလိုက်သည်။

"ဟာ မင်းနှယ်၊ ကျောင်းဆရာတွေကို ပေးထားတဲ့လခက မဖြစ်စလောက်ပဲကွ။ အဲဒီတော့ ဘယ်သူမှ ကျကျနန မသင်ကြဘူး။ ဂရုလည်း မစိုက်ဘူး။ ဝတ်ကျေတန်းကျေလောက် သင်တာပဲ"

"ဒါဖြင့် ဘယ်ကျောင်းထားရမလဲ"

"ဟို ကားနဲ့လာခေါ်တဲ့ မိန်းကလေးကျောင်းထားကွာ"

၅

တစ်နေ့သော နံနက်ခင်းတွင် မောင်ပြုံးချိုသည် သားကြီးနှင့် သူ့အောက်သမီးကြီးကို လက်ဆွဲ၍ ဦးလေးကြီးထောက်ခံသလို မိန်းကလေးကျောင်းသို့ ကျောင်းအပ်ရန်လာခဲ့လေသည်။ ကျောင်းဝိုင်းထဲတွင် ကလေးတွေကစားနေကြလေသည်။ မိမိငယ်စဉ်က ကျောင်းသားဘဝကို သတိရမိလေသည်။ သို့သော် ကျောင်းအဆောက်အအုံများက စစ်ဒဏ်ကြောင့် ပျက်စီး ယိုယွင်းလျက်ရှိလေပြီ။ အချို့နေရာများတွင်ကား ယာယီကျောင်းဆောင်များကို ဝါးထရံကာ၍ ဓနိမိုးကာ ဆောက်လုပ်ထားရလေသည်။

မောင်ပြုံးချိုတို့အား ဧည့်ခန်းတွင်ထိုင်စောင့်ရန် ဆရာမတစ်ယောက်က ပြောလာသည်။ ဧည့်ခန်းထဲတွင်လည်း မောင်ပြုံးချိုတို့အရင် ကျောင်းအပ်ရန် ရောက်နေသူများကို တွေ့ရလေသည်။ သူတို့ဝတ်ပုံစားပုံများကို ကြည့်ခြင်းအားဖြင့် ဆင်းရဲသား ဖြစ်ဟန်တူသည်။ ၆ နှစ်ရွယ် သူငယ်မလေးမှာ ကုလားထိုင်ပေါ်တွင် ထိုင်ရင်း ငိုက်နေသည်။ စောင့်နေရတာ အတော်ကြာပြီ ထင်သည်။

မောင်ပြုံးချိုတို့လည်း စိတ်အားထက်သန်စွာ အတန်ငယ်ကြာအောင် စောင့်နေကြသည်။ ကျောင်းအုပ်ဆရာမကြီးလာမှ ကျောင်းအပ်ရမည်ဖြစ်သည်။ လူပြည့်နေပြီဆို၍ လက်မခံလျှင် အခက်။

အတန်ကြာသော် ဆရာမကြီးတစ်ယောက် ဝင်လာလေသည်။ မောင်ပြုံးချိုသည် နေရာမှထ၍ ခရီးဦးကြိုပြုသည်။ သူသည် ကျောင်းအုပ် ဆရာမကြီးပေလော။

"ကျောင်းအပ်ဖို့ လာကြတယ်ထင်တယ်"

"ဟုတ်ပါတယ်ခင်ဗျာ"

"ဆရာမကြီး စောင့်နေရင် ကြာနေလိမ့်မယ်။ ကျွန်မတို့ ကျောင်းမှာ ကျောင်းသားတွေ ပြည့်နေပြီ။ လက်ခံနိုင်မှာ မဟုတ်တော့ဘူး"

မောင်ပြုံးချို တော်တော် စိတ်အိုက်သွားလေသည်။ စကားပြောရန်လည်း အစရှာမတွေ့တော့။ ကြောင်၍သာ ကြည့်နေမိလေသည်။

"စောင့်နေရပြီးမှ လက်မခံနိုင်ဘူးဆိုရင် အားနာစရာကြီး ဖြစ်နေမှာစိုးလို့ ကျွန်မ လာပြောတာပဲ"

မောင်ပြုံးချိုတို့အရင်ရောက်၍ စောင့်နေကြသူများသည် ညှိုးငယ်သောမျက်နှာထားနှင့် ပြန်သွားကြလေသည်။

မောင်ပြုံးချိုအဖို့တော့ အားမလျှော့သေး။

"ကျွန်တော် ဆရာမကြီးကို မတွေ့နိုင်ဘူးလား ခင်ဗျား"

"တွေ့ချင်တော့ တွေ့နိုင်ပါတယ်။ သို့ပေမယ့် သိပ်တော့ အကြောင်းထူးမယ် မဟုတ်ပါဘူး"

မောင်ပြုံးချိုအား ဆရာမကြီးရှိရာသို့ ညွှန်လိုက်ရာ သားနှင့် သမီးကို လက်တွဲ၍ သွားလေသည်။ ဆရာမကြီးသည် အတော်ရည်မွန်သည့် ပုဂ္ဂိုလ်



ဖြစ်သည်။ မောင်ပြုံးချိုက အကျိုးအကြောင်းကိုပြော၍ လက်ခံရန် တိုက်တွန်းလေသည်။ သူသည် မောင်ပြုံးချို ပြောသမျှကို ပြုံးပြုံးကြီး နားထောင်နေလေသည်။

"ကျွန်မတို့ကလည်း အင်မတန် လက်ခံချင်ပါတယ်။ နေစရာနေရာက မရှိတော့လို့ပါ။ ပြီးတော့ ကလေးတွေများပြီး တစ်ယောက်စီ တစ်ယောက်စီ ဂရုစိုက်သင်မပေးနိုင်ရင်လည်း ကလေးတွေ သိပ်နစ်နာမယ်။ ပြီးတော့ ကျောင်း နာမည်ပျက်ပါလိမ့်မယ်။ ကျွန်မတို့က နာမည်ယူပြီး အလုပ်လုပ်နေရပါတယ်။ နာမည်ပျက်သွားရင် ကျောင်းပျက်သွားပါလိမ့်မယ်။ ဒါကြောင့်မို့ လက်မခံတာပါ။ နောင်နှစ်ကျတော့ ထားတာပေါ့။ ဒီနှစ်တော့ တခြားကျောင်းမှာပဲ ထားပါဦးနော်"

သို့နှင့် မောင်ပြုံးချိုလည်း လက်လျှော့ကာ လေးကန်သောခြေလှမ်းနှင့် အိမ်သို့ပြန်လာခဲ့ရလေသည်။

"အဲလေ ဒါလောက်တောင် ခက်နေရင်လည်း အိမ်နားက အစိုးရကျောင်းမှာပဲ ထားကြပါစို့ရဲ့"

နောက်ဆုံးတွင် သည်အတိုင်း ဆုံးဖြတ်ချက် ချလိုက်ကြရလေသည်။ မောင်ပြုံးချိုနှင့် တင်မကြီးသည် သားနှင့်သမီးကို လက်ဆွဲကာ ကျောင်းသို့လာခဲ့ကြသည်။

ထိုကျောင်းတွင် နှစ်ဆိုင်းခွဲ၍ သင်ကြားနေသည်။ နံနက်ပိုင်း၌ ၇ နာရီမှ ၁၁ နာရီတွင် သူငယ်တန်းမှ ငါးတန်းအထိ သင်သည်။ နေ့လယ် ၁၁ နာရီမှ ၄ နာရီတွင် ရှစ်တန်းမှ ကိုးတန်းအထိ သင်ကြားလေသည်။ အဆောက်အအုံမရှိ၍ အချိန်လွဲသင်ရခြင်းဖြစ်သည်။ အစိုးရ၏ ပညာရေးစနစ်အရ ငါးတန်းအထိ ကျောင်းလခမပေးရပါ။

ဆရာကြီးထံတွင် အပ်နှံပြီးနောက် သားကို တစ်တန်းတွင် ထား၍ သမီးကို သူငယ်တန်းတွင် ထားလေသည်။

ကျောင်းပေါ်သို့ တက်သွားသော် ကျောင်းသားသူငယ်တို့သည် အခင်းမရှိသော ကြမ်းပြင်ပေါ်တွင်ထိုင်က ကျွက်ကျွက်ညံအောင် ဆိုင်ရာ သင်ခန်းစာများကို အော်ဖတ်နေကြသည်။ အတန်းတစ်ခုနှင့် တစ်ခုလည်း ပိုင်းခြားကာရံထားခြင်း မရှိ။ ဟာလာဟင်းလင်းကြီး ဖြစ်နေလေသည်။

တစ်တန်းက သင်ပြနေသည်ကို အခြားတစ်တန်းက မြင်နိုင်ကြားနိုင်သည်။

"ဘဦးရေကူးနေသည်"

"ငါးစားရသလား"

"ကကြီး၊ ခခွေး၊ ဂငယ်၊ ဃကြီး"

"စာအုပ်တစ်အုပ်ကို ဆယ်ပဲပေးရသော်"

"ရှေးသရောအခါ ဗာရာဏသီပြည်တွင်"

အမျိုးစုံ ဆူညံလျက် ရှိတော့သည်။ အချို့အတန်းက စာဖတ်နေသည်။ အချို့အတန်းက သချ်ာသင်နေသည်။ အချို့အတန်းက ပထဝီသင်ပြနေသည်။

မောင်ပြုံးချို၏သား နေရသောအတန်းမှ ဆရာလည်း မျက်နှာပေါက်ဆိုးလှသည်။ အပြောကလည်း ထန်လှသည်။

"ဘယ်ကျောင်းက လာတာလဲ"

"တောကျောင်းကပါပဲ။ ဟိုကျောင်းတုန်းကတော့ တစ်တန်းပါ"

"အင်း ကျုပ်တို့ကတော့ သင်သွားမှာပဲ စောင့်မနေနိုင်ဘူး။ မလိုက်နိုင်ဘယ့်နှယ်လုပ်မလဲ"

"ကျွန်တော်တို့လည်း အိမ်က သင်ပေးပါမယ်"

"အေးလေ၊ ကောင်းပြီ။ တော်တော်ကြာ မလိုက်နိုင်ရင် ကျုပ်တာဝန်မဟုတ်ဘူး"

မောင်ပြုံးချိုတို့လည်း သားနှင့်သမီးကို ထားခဲ့၍ ပြန်ထွက်လာကြလေသည်။

"ဒီလူဟာ ကျောင်းဆရာလုပ်ဖို့ မကောင်းဘူး။ ပုလိပ်လုပ်ဖို့ ကောင်းတယ်။ ကျောင်းသားမိဘနဲ့စကားပြောတာ တရားခံနဲ့စကားပြောတဲ့ ပုလိပ်ကျနေတာပဲ" မောင်ပြုံးချိုက ဆိုသည်။

"လခကလည်း နည်းနည်းရှရှာတယ်။ ဒီနေ့လည်း အိမ်ကအိုးထဲက ဆန်ကုန်နေလို့ အလိုလိုဒေါသဖြစ်နေတယ် ထင်ပါရဲ့"ဟု တင်မကြီးက ဖြေပြောလေသည်။

[ရောင်ခြည်သစ် ၁၉၄၉ ဩဂုတ် ၁]

# ကျွန်းကလေးတံတား

၁

ကျွန်းကလေး။

ရာဇဝင်တွင်မည့်ကျွန်းကလေး။

တံတားကြီးကြောင့်ကျွန်းကလေးရွာသည် နာမည်ကြီးရတော့သည်။ ဤကျွန်းကလေးရွာအနီးရှိ ကျွန်းကလေးတံတားသို့ မောင်ပြုံးချို ပထမဆုံးအကြိမ်ရောက်ရှိပုံကို မှတ်မိနေပါသေးသည်။

၂

၁၉၄၂ ခု၊ ဩဂုတ်လ။

ဘီအိုင်အေအုပ်ချုပ်ရေးမှ ဒေါက်တာဗမော် အုပ်ချုပ်ရေးသို့ ပြောင်းလဲပြီးစအချိန်။ မြို့အုပ်ပေါက်စ မောင်ပြုံးချိုနှင့် သာယာဝတီမြို့အုပ်ကြီး သခင်တင်ဦးတို့သည် ဆိုက်ကားတစ်စီးကို ကျောချင်းကပ်စီးကာ သာယာဝတီမှ လက်ပံတန်းသို့ လာကြလေသည်။ ကတ္တရာစေးဖြင့် ပြောင်လက်နေသော ပြည်လမ်းမကြီး၏ဝဲယာတွင် ကောက်ပင်စိမ်းလဲ့ ယိမ်းနွဲ့နွဲ့တို့သည် လေယူရာသို့ တွဲ့နေကြလေသည်။ ကျွန်းကလေးတံတားထိပ်သို့ ရောက်သောအခါ ဆိုက်ကားပေါ်မှ ဆင်းကြသည်။ ကျွန်းချောင်းသို့ ဖောင်ဖြင့် ကူးကြရမည်။ တံတားကြီးသည် ချောင်းထဲသို့ ကျွမ်းထိုးမှောက်ခုန်ကျနေပါသည်။ ညစ်ထေးဝါကျင်သော ချောင်းရေတို့သည် တံတားပျက်ကြီးကိုတိုက်လျက် တဝေါဝေါစီးဆင်းနေလေသည်။ ချောင်းကိုကူးရန်အတွက် လူတစ်ယောက်လျှင် ကူးတို့ခတစ်မူး ပေးရသည်။ သို့သော် မောင်ပြုံးချိုတို့အဖို့တော့ ကူးတို့ခ မယူပါ။ မြို့အုပ်များ၏ မျက်နှာသည် ကြီးလှပါဘိတောင်း။

ထိုတံတားကြီးကို အင်္ဂလိပ်များ ဆုတ်ခွာပြေးစဉ် ဖျက်ဆီးပစ်ခြင်းဖြစ်သည်။ အလွန်ခိုင်မာတောင့်တင်းသောကျွန်းကလေးတံတားကြီးကို နာရီအနည်းငယ်အတွင်း သံတိုမယ်နဖြစ်အောင် ဖျက်ဆီးနိုင်စွမ်းသောသူများကို မြို့သူမြို့သားတို့သည် ချီးကျူးထောမနာ၍ သြဘာပေးကြသတတ်။

သို့သော် လူကြံရင် ဘာခံနိုင်အံ့နည်း။ လက်ပံတန်းမြို့တွင် တပ်စွဲလျက်ရှိသော မာကီတာအမည်ရှိဂျပန်စစ်ဗိုလ်ကြီး၏ အမိန့်တော်မြတ်ကို နာခံလျက် မြို့ပိုင်ဦးဖေ၊ မြို့ပိုင်ဦးထင်ပေါ်၊ စက်သူဌေးဦးစိန်၊ သစ်ကုန်သည် ဦးကျော်မြင့်တို့သည် လုပ်သားပေါင်းမြောက်များစွာနှင့် ကျွန်းကလေးတံတားကြီးကို ထပ်မံပြုပြင်ကြလေသည်။ နှစ်လလောက်ကြာသောအခါ ကျွန်းကလေးတံတားကြီး ပြီးဆုံးလေတော့သည်။

တံတားဖွင့်ပွဲကို ခမ်းနားကြီးကျယ်စွာကျင်းပကြလေသည်။ တံတားအနောက်လမ်းတွင် မဏ္ဍပ်တစ်ဆောင် ဆောက်လုပ်ထားသည်။ ထိုမဏ္ဍပ်ကြီးကို အစွမ်းကုန်မွမ်းမံပြုပြင်ထားကြလေသည်။ မြို့ပိုင်ကြီးနှစ်ဦးနှင့် မြို့ပိုင်ကလေးမောင်ပြုံးချိုတို့လည်း တံတားဖွင့်ပွဲအတွက် နေ့မအားညမအားစိစဉ်မှုတွေကို ပြုလုပ်ကြရလေသည်။ ငါးမိုင်အတွင်းရှိ သူကြီးတွေကို တီးဝိုင်းတစ်ခုစီနှင့်လာရမည်ဟု မြို့ပိုင်ကြီးတွေက အမိန့်ပေးရသည်။ တီးဝိုင်းနှင့် လာမည့်သူများကို မြို့သူမြို့သားတွေက ထမင်းထုပ်ကမ်းရမည်ဟူ၍လည်းဆင့်ဆိုရသေးသည်။ အမိန့်ကား တည်ပါပေသည်။ မြို့ထဲတွင် ဂျပန်စစ်တပ်ရှိသည် မဟုတ်ပါလော။

ဖွင့်ပွဲနေ့တွင် စည်ကားလှသည်။ သူကြီးတွေ၏ တီးဝိုင်းအမျိုးမျိုးနှင့် အကအမျိုးစုံကလည်း မြိုင်ဆိုင်လှသည်။ ခရိုင်ဝန် ဦးခင်မောင်ဖြူ၊ မြို့မဝန်ထောက်ကြီး ဦးစိန်မောင်တို့အပြင် မြို့ပိုင်၊ နယ်ပိုင်၊ နိုင်ငံရေးသမားအပေါင်းတို့ကလည်း ပိုးလုံချည်တရွှမ်းရွှမ်း၊ ခေါင်းပေါင်းစ တလူလူနှင့် ကိုယ်ရောင်ကိုယ်ဝါ တောက်ပနေကြသည်။ ဂျပန်စစ်ဗိုလ်ကြီး၏ ချီးကျူးစာလက်မှတ်ကိုလက်ခံကြရမည့် စက်သူဌေးဦးစိန်၊ သစ်ကုန်သည် ဦးကျော်မြင့်နှင့် မြို့ပိုင်ဦးဖေ၊ ဦးထင်ပေါ်တို့လည်း သားသားနားနားဝတ်စားဆင်ယင်လာကြလေသည်။



အခမ်းအနားဖွင့်လျှင် မိန့်ခွန်းမြွက်ကြားကြသည်။ လက်ပံတန်းမြို့နယ်တွင် အာဏာလွှမ်းလျက်ရှိသော ဂျပန်စစ်ဗိုလ်ကြီး မာကီတာကလည်း ရှည်လျားသော မိန့်ခွန်းတော်ကိုမြွက်ဟရာ တစ်ဦးက မြန်မာဘာသာပြန်ဆို၍ ပြောရသည်။ မိန့်ခွန်းပြီးဆုံးသောအခါ ပရိသတ်ကြီးသည် အားရပါးရလက်ခုပ်တီး၍ သြဘာပေးကြလေသည်။ ထို့နောက် စစ်ဗိုလ်ကြီးနှင့် အရာရှိများကို ချီးကျူးထားသည့် ရတုပိုဒ်စုံကို လွှတ်တော်ရှေ့နေကြီးဦးဘတင်က ဖတ်ရရှာသည်။ ပြီးလျှင် တစ်ပေပတ်လည်ခန့်ရှိသောစက္ကူကြီးများပေါ်တွင် တရုတ်မင်ဖြင့်ရေးကာ ဆေးနီဖြင့် တံဆိပ်ခတ်နှိပ်ထားသော ချီးကျူးစာကြီးများကို သက်ဆိုင်ရာလူများသို့ ပေးအပ်ရာ လက်ခုပ်သံ တဖြောင်းဖြောင်းမြည်ဟိန်းပြန်လေသည်။ အခက်ကြုံနေသည့်နှစ်ဦးကား မြို့ပိုင်နှစ်ဦး ဖြစ်လေသည်။ နှစ်ယောက်စလုံးအတွက် လက်မှတ်တစ်စောင်တည်း ပေးထားသောကြောင့်တည်း။

ထိုအခမ်းအနားပြီးလျှင် တံတားထိပ်တွင် တန်းထားသော ဖဲနီကြိုးကို ဂျပန်စစ်ဗိုလ်ကြီး မာကီတာသည် ကတ်ကြေးဖြင့်ဖြတ်၍ တံတားဖွင့်လေသည်။ ထိုအချိန်အခါတွင် မြန်မာတို့ထုံးစံအတိုင်း တံတားပေါ်တွင် ဆန်ပန်းပေါက်ပေါက်များကိုသာ ကြဲရသည် မဟုတ်။ ဂျပန်အယူအဆအတိုင်း မကောင်းဆိုးရွားများ မကပ်နိုင်ရန် ဆားများကိုလည်း ကြဲဖြန့်ရလေသည်။ စစ်ဗိုလ်ကြီးကိုရှေ့တင်လျက် ခရိုင်ဝန်နှင့်တကွ အရာရှိများ၊ မြို့မျက်နှာဖုံးများ တံတားပေါ်သို့လျှောက်သွားကြသောအခါ အိုးစည်ဗုံမောင်းတို့ကို ဆူညံစွာတီး၍ အောင်အတိတ်နှင့် အောင်နိမိတ်ကို ယူကြလေသည်။

ထိုတံတားကြီးကို မာကီတာ စစ်ဗိုလ်ကြီး ကြီးမှူးပြုလုပ်သည်ဖြစ်၍ မာကီတာတံတားဟု သမုတ်စေသတည်း။

တံတား၏ဦးထိပ်များတွင် ဂျပန်စာနှင့်တံတား၏ အမည်ကို ကမ္ပည်းထိုးထားလေသည်။

တံတားဖွင့်ပွဲပြီးလတ်သော် ဂျပန်စစ်ဗိုလ်များနှင့် အရာရှိများအပြင် တံတားဆောက်လုပ်ရာတွင် အကူအညီပေးကြသည့် ပုဂ္ဂိုလ်များ စုဝေးလျက် ဓာတ်ပုံရိုက်ကြလေသည်။ ထိုဓာတ်ပုံကို သက်ဆိုင်သူတို့ဧည့်ခန်းတွင် ဂျပန်ခေတ်တစ်ခေတ်လုံး အမြတ်တနိုး ချိတ်ဆွဲခဲ့ကြသည်။

အင်္ဂလိပ်ပြန်ဝင်လာသောအခါ ထိုစာတ်ပုံများကို ဝှက်သူဝှက်၊ ဖျက်သူဖျက်၊ ဆုတ်သူဆုတ် လုပ်ကြရသောဟူ၏။

၃

၁၉၄၅ ခုနှစ်၊ ဇန်နဝါရီလ။

မဟာမိတ် လေယာဉ်ပျံများသည် လက်ပံတန်းမြို့တွင်းဝယ် မကြာခဏ ဗုံးလာချနေသည့်အချိန်ဖြစ်သည်။ မောင်ပြုံးချိုလည်း အခြားတစ်မြို့သို့ ပြောင်းရွှေ့သွားရလေပြီ။ ဂျပန်စစ်ပုလိပ်ရုံးလည်း မြို့ထဲဗိုလ်ရုံမှ တံတား အရှေ့ဘက်ထိပ်ရှိ အိမ်ကြီးတစ်အိမ်သို့ ပြောင်းရွှေ့သွားလေပြီ။

တံတားဖွင့်ပွဲတုန်းက ဩဘာစာရတုရေးသည့်ပုဂ္ဂိုလ်လည်း အနိစ္စ ရောက်သွားရှာလေပြီ။ ထိုရတုကို ဖတ်ရှာခဲ့သော လွှတ်တော်ရှေ့နေကြီး ဦးဘတင်လည်း ဂျပန်တို့ဖမ်းဆီးနှိပ်စက်ခြင်းကို ရက်ပေါင်းများစွာခံရပြီး နောက် လွှတ်လာသည့်နေ့မှာပင် သူခံခဲ့ရသည့်ဒုက္ခကိုပင် သူ့ဇနီးနှင့် သားသမီး ဆွေမျိုးညာတိများကို ပြန်လည်ပြောဆိုနိုင်ခြင်းမရှိဘဲ သေဆုံးသွား လေပြီ။ တံတားဖွင့်ပွဲတွင် ပါဝင်ခဲ့ကြသည့် ခရိုင်ဝန်ဦးခင်မောင်ဖြူနှင့် မြို့ပိုင်ဦးဖေတို့လည်း ရှမ်းပြည်သို့ ပြောင်းရွှေ့သွားကြပြီး မြို့ပိုင်ဦးထင်ပေါ် လည်း ဂျပန်များ၏လက်တွင် အမျိုးမျိုးသောနှိပ်စက်ခြင်းကို ခံခဲ့ရပြီး နောက်ဆုံးတွင် ထောင်ထဲ ရောက်နေပြီဟု ကြားသိရလေသည်။

သည်အချိန်တွင် မာကီတာတံတားဟု အမည်ပေးထားသည့် ကျွန်း ကလေး တံတားကြီးသည် ပျက်စီးချိန်သို့ ရောက်ရပြန်ပါတော့သည်။

တစ်နေ့သော် အင်္ဂလိပ် အမေရိကန် လေယာဉ်ပျံအစင်း ငါးဆယ် ခန့်သည် တစ်သုတ်ပြီးတစ်သုတ် မောင်ပြုံးချိုရောက်နေသော မင်းလှမြို့ပေါ်မှ ဖြတ်ကျော်၍ လက်ပံတန်းဆီသို့ ပျံသန်းသွားကြသည်ကို တွေ့ရလေသည်။ မောင်ပြုံးချိုတို့သည် ကျင်းထဲဝင်၍ ပုနေကြရသည်။ နောက်မကြာခင် ပေါက်ကွဲသံများကို ကြားရသည်။ နောက်လေယာဉ်ပျံတွေ ပြန်သွားသည်ကို မြင်ရသည်။ ပြန်ရင်းပင် မောင်ပြုံးချိုတို့မြို့ကို စက်သေနတ်နှင့် ပစ်ကာ နှုတ်ဆက်သွားလိုက်သေးသည်။

တစ်နာရီလောက်ကြာလျှင် သတင်းထူးကို ကြားရတော့သည်။ မြင်း လှည်းသမားတွေ လက်ပံတန်းမှ သုတ်ခြေတင်လာကြသည်။ ကျွန်းကလေး



တံတား အနီးအနားတွင် လေယာဉ်ပျံတွင် ဗုံးချရာ လူအမြောက်အမြားသေ၍ အိမ်တွေမီးလောင်ကြောင်း၊ ဂျပန်တွေနေသည့်အိမ်လည်း တိုက်ရိုက် ထိမှန်၍ မီးလောင်ကြောင်း၊ မာကီတာတံတားကြီးလည်း စိစိညက်ညက် ကြေသွားပြီ ဖြစ်ကြောင်း၊ ချသည့်ဗုံးမှာကား အလွန်ကြီးမားသည့်အပြင် ပြင်းပြင်းထန်ထန် ပေါက်ကွဲသောကြောင့် အချို့လူသေကောင်များမှာ သစ်ပင်ပေါ်တွင် ချိတ် နေကြောင်း အစရှိသည့် သတင်းစုံကို ကြားရလေသည်။ မောင်ပြုံးချိုသည် ကြက်သီးမွေးညင်းများထမိတော့၏။ နောက်နှစ်ရက်လောက် ကြာသောအခါ မောင်ပြုံးချိုသည် သာယာဝတီသို့သွားရင်း ကျွန်းကလေးတံတားသို့ ရောက်သွားပြန်သည်။ ထိုအခါ တံတားကြီးသည် သံတိုမယ်နဘဝသို့ ကူးပြောင်းနေလေပြီ။ သူသည် လွန်ခဲ့သော နှစ်နှစ်ကျော်လောက်က တံတား ဖွင့်ပွဲကျင်းပပုံတွေကို တရေးရေး မြင်ယောင်နေလေတော့သည်။

၄

၁၉၄၅ ခု၊ ဩဂုတ်လ။

အင်္ဂလိပ်တပ်များ မြန်မာပြည်တွင်းသို့ ဝင်ရောက်၍ မကြာမြင့်မီ ကျွန်းကလေးတံတားကို အမြန်ဆုံးပြင်လေသည်။ ကိရိယာတန်ဆာများ ကလည်း စုံသဖြင့် လပိုင်းအတွင်း ပြီးသွားလေသည်။ မာကီတာအမည်မှ ကျွန်းကလေးနာမကို ထပ်မံ၍ရလိုက်ပြီး ချောမောကောင်းမွန်၍ နေပြန်တော့ ၏။

၅

၁၉၄၈ ခု၊ ဇူလိုင်လ။

တပ်မတော်တပ်ရင်း ၃ မှ အရာရှိအချို့နှင့် တပ်သားများ တောခိုသော သတင်းကို ကြားကြရသည်။ ထို့နောက် တပ်ရင်း ၁ လည်း ပုန်ကန်ထကြွပြီဟု ကြားရပြန်သည်။ မရှေးမနှောင်းပင် ဗိုလ်မှူးကြီးစိန်မှန်သည် နောက်လိုက် နောက်ပါများနှင့် သာယာဝတီဘက်သို့ ထွက်သွားပြီဟု သိရလေသည်။

ဗိုလ်မှူးကြီးစိန်မှန်သည် ပြည်ဘက်မှဆင်းလာသည့် တော်လှန်သော တပ်မတော်တပ်ရင်း ၁ ကို သာယာဝတီနယ်ကို တစ်လက်မမျှ မပေးဘဲ ခုခံတိုက်ခိုက်ရန် သန္နိဋ္ဌာန်ချထားပြီ ဖြစ်လေသည်။ တစ်လမ်းလုံး အေးအေး

လူလူနှင့် လာခဲ့သောတပ်ရင်း ၁ သည် ကျွန်းကလေးတံတားကျမှပင် ဆီးကြို တိုက်ခိုက်ခြင်းကို ခံရလေတော့သည်။

ဗိုလ်မှူးကြီးစိန်မှန်သည် ရှိသမျှအင်အား၊ ရသမျှလူ၊ ရှိသမျှခဲယမ်းမီးကျောက်တို့ကို အရေးတကြီးစုဆောင်းပြီးလျှင် ကျွန်းကလေးတံတား တစ်ဖက်ကမ်းမှနေ၍ ကိုယ်တိုင်ဦးစီးကာ တပ်ရင်း ၁ ကို ခုခံတိုက်ခိုက်လေသည်။ တံတားပေါ်တွင်လည်း ကားတစ်စီးကို တင်ကာ မီးရှို့ဖျက်ဆီးပြီးလျှင် တစ်ဖက်မှ လာလမ်းကို ပိတ်ဆို့ဖျက်ဆီးထားလေသည်။ ကျွန်းကလေးတံတားသည် တပ်ရင်း ၁ အတွက် မမေ့နိုင်သောနေရာဖြစ်ပေသည်။ အေးအေး လူလူ ရန်ကုန်သို့ ချီတက်နိုင်လိမ့်မည်ဟု ထင်ခဲ့ရာ ကျွန်းကလေးရောက်မှ နောက်ပြန်ဆုတ်ရသောဘဝသို့ ရောက်ရလေတော့သည်။

ဗိုလ်မှူးကြီးစိန်မှန်၏အမည်သည် တစ်ပြည်လုံးဟိုလေးတကျော် ဖြစ်သွားလေသတည်း။ ဤကား ကျွန်းကလေးတံတားဝယ် ဖြစ်ပေါ်ခဲ့သော ထူးခြားသည့် ဖြစ်ရပ်တစ်ခုပင် မဟုတ်ပါလော။

၆

၁၉၄၉ ခု၊ ဧပြီလ။

ရဲဘော်ဖြူ၊ ကွန်မြူနစ်နှင့် ပူနကန်နေသော တပ်မတော်တို့သည် သာယာဝတီခရိုင်တစ်ခုလုံးကို သိမ်းမိကြပြန်လေသည်။ ဗိုလ်မှူးကြီးစိန်မှန်လည်း ကျဆုံးသွားလေပြီ။ မောင်ပြုံးချိုလည်း ပုန်းချည်တစ်ခါ အောင်းချည်တစ်လှည့်နှင့် ထွက်ပြေးရလေပြီ။ အရာရှိအများလည်း ရန်ကုန်သို့လစ်ကြကုန်၏။ စစ်ဝန်ထမ်း ဗိုလ်ဗိုလ်ချင်းလည်း သူပုန်တို့ဖမ်းထားရာမှ လွတ်ထွက်သွားပြီးလျှင် တောမိကာ သာယာဝတီကို ပြန်တိုက်ရန် အင်အားစုဆောင်းနေလေသည်။ ငြိမ်းချမ်းရေး ပြောက်ကျားဗိုလ် ဗိုလ်စိန်မောင်လည်း တောထဲတွင် အင်အားဖြည့်လျက်ရှိလေသည်။

ဗိုလ်မှူးထွန်းတင် ခေါင်းဆောင်သည့် စစ်ရဲတပ် တပ်ရင်း ၄ လည်း မှော်ဘီ၊ တိုက်ကြီးဘက်မှ တဖြည်းဖြည်း ထိုးစစ်ဆင်လာလေပြီ။

၁၉၄၉ ခု ဇူလိုင်လအတွင်းဝယ် အစိုးရတပ်ပေါင်းစုံသည် သာယာဝတီမြို့ကို သိမ်းပိုက်မိလေတော့သည်။ မရှေးမနှောင်းပင် သူပုန်တို့လည်း ကျွန်းကလေး တံတားကြီးကို ချိုးဖျက်လိုက်ကြပြန်လေသတည်း။



၇

၁၉၄၉ ခု၊ ဇူလိုင်လ၊ စက်တင်ဘာလ။

ဗိုလ်မှူးထွန်းတင်သည် ကျွန်းကလေးတံတားကြီးကို အမြန်ဆုံးပြီးစီးရန် အစွမ်းကုန် ကြိုးစားလျက်ရှိလေသည်။ အစိုးရလမ်းဘက်ဆိုင်ရာ အလုပ်သမားများလည်း နေ့ညမအား အလုပ်လုပ်ကြရလေသည်။ ဒီအချိန်တွင် တသွင်သွင်စီးနေသည့် ချောင်းရေများလည်း ပြည့်လျှံ၍ ရေစီးလည်း သန်လှသည်။ ကုန်ပစ္စည်းများ၊ လူများကို လှေများ၊ ဖောင်များနှင့် တစ်ဖက်ကမ်းသို့ ပို့ဆောင်ကြရသည်။ ကျွန်းကလေးတံတားအကြောင်းကို မကြာခဏ သတင်းစာများထဲတွင် ဖတ်ကြရသည်။

"ကျွန်းကလေးတံတားကြီး ပြီးတော့မည်"

"ဂိတ်ကြေး နာမည်ကြီးသည့် ကျွန်းကလေးတံတား"

ကုန်ပစ္စည်းများသည် သူပုန်တို့နယ်တွင် အထူးဈေးကောင်းလျက်ရှိသည်။ ထို့ကြောင့် မိမိတို့ကုန်များကို ဤမှာဘက်ကမ်းမှ ဟိုမှာဘက်ကမ်းသို့ ရောက်ရန်အတွက် ကုန်သည်တို့သည် ဂိတ်ကြေးကို အဆမတန်ပေးရန် ဝန်မလေးကြချေ။ ပေးစဉ်က တောင်းတောင်းပန်ပန်ပေးကာ မျက်နှာချိုသွေးခဲ့ကြသော်လည်း ကွယ်ရာမှနေ၍ မကျေမနပ် ပြောဆိုကြလေတော့သည်။ သက်ဆိုင်ရာအာဏာပိုင်များသည်လည်း ဂိတ်ကြေးတောင်းခံသူများကို ဆုံးမနည်းအမျိုးမျိုးနှင့် ဆုံးမကြပါ၏။ သို့သော် စားစရှိလျှင် စားချင်ချင်ဖြစ်နေသူတို့အဖို့ အုပ်ရဆိုင်းရ ခက်လှပါဘိသည်။ ငါးခုံးမတစ်ကောင်နှင့် တစ်လှေလုံး ပုပ်ရသည့်အဖြစ်သို့ ဆိုက်ကြရသည်။

သို့သော် ကျွန်းကလေးတံတားကြီး ဆောက်လုပ်ပြီးစီးသွားပါပြီ။ စက်တင်ဘာလ ၂၅ ရက်နေ့တွင် သိုက်မြိုက်ခမ်းနားစွာ တံတားဖွင့်ပွဲမင်္ဂလာကို ခရိုင်ဝန်မင်းကိုယ်တိုင် ကြီးမှူး၍ ကျင်းပလေသည်။

အသီးသီးမိန့်ခွန်းစကားများ မြွက်ကြားပြီးသောအခါ ခရိုင်ဝန်သည် တံတားကို တားထားသည့် ပိုးကြိုးကို ကတ်ကြေးဖြင့် ဖြတ်၍ တံတားကြီးဖွင့်လေ၏။ မိတ်ဆွေကြီး သတင်းထောက်ကလည်း တချပ်ချပ်နှင့် ဓာတ်ပုံရိုက်သည်။ ခရိုင်ဝန်မင်းနှင့်တကွ အရာရှိများသည် ဟန်ပါပါနှင့် တံတားကို

ဖြတ်ကျော်ကာ ဘင်ခရာတီးမှုတ်လျက် တံတားကြီးမှသည် မြို့ထဲသို့ အရောက် လမ်းလျှောက်ပြန်ကြလေသည်။

ဝမ်းသာ၍မဆုံး။ ကုန်သည်တွေလည်း ပျော်မဆုံး။
သို့သော် ကူးတို့သမားများကား မှိုင်လျက်။

၈

၁၉၄၉ ခု၊ စက်တင်ဘာလ ၂၇ ရက်နေ့နံနက်။

"သတင်းစာ၊ သတင်းစာ"

"ကျွန်းကလေး တံတားဖွင့်ပြီးပြီ"

"လက်ပံတန်းမြို့ပြအုပ်ချုပ်ရေး ဒီနေ့စတော့မယ်"

ရန်ကုန်တွင် သတင်းစာရောင်းသူများသည် ဟစ်ကြွေးနေကြလေသည်။ ကြားရသူတို့မှာ ဝမ်းမြောက်၍မဆုံး တပြုံးပြုံး။ အတော်အားရနေကြလေသည်။

ထိုအချိန်မှာပင် သူပုန်တို့သည် ကျွန်းကလေးတံတားကြီးကို လေးဖက်လေးတန်မှ ဝင်စီးနေကြလေသည်။ တံတားစောင့်ချထားသည့် အစိုးရတပ်လည်း အားမတန်၍ နောက်သို့ဆုတ်ခဲ့ရသည်။ သူပုန်တို့သည် တံတားကြီးကို အောင်မြင်စွာ ဖျက်ဆီးပြီးလျှင် နေ့ ၁ နာရီခန့်တွင် ဆုတ်ခွာသွားကြလေသည်။

ခရိုင်ဝန်မင်းသည် ရန်ကုန်မှရောက်ရှိလာသော သတင်းစာကို ဖတ်ရင်း သတင်းထောက်နှင့် စကားပြောနေလေသည်။ မောင်ပြူးချိုတို့လည်း သူ့အနီးတွင် ရှိကြလေသည်။

"အင်း တယ်ဆိုးတာပဲ။ ဒီနေ့မှ ကျုပ်တို့ တံတားဖွင့်ပွဲအကြောင်း ပါလာတယ်။ အင်း ဒီနေ့ပဲ တံတားကြီးကျိုးသွားပြန်ပြီ"

ခရိုင်ဝန်မင်းက ညည်းညူသလို ပြောလေသည်။

"ဟုတ်တယ် ကျွန်တော် ကျကျနန ရေးထည့်လိုက်တာပဲ။ ဓာတ်ပုံတွေလည်း ပါပါလိမ့်ဦးမယ်"

သတင်းထောက်က ဆိုလေသည်။

"အေးဗျာ၊ နောက်တစ်ခါဖွင့်ပွဲကျတော့ ပုဆိုးတောင်ရှည်ဝတ် ခေါင်းပေါင်းပေါင်းပြီး ဖွင့်မယ်ဗျာ"

ခရိုင်ဝန်မင်းသည် ဤသို့ ကြိမ်းဝါးလိုက်လေသတည်း။

[ရောင်ခြည်သစ် ၁၉၄၉ နိုဝင်ဘာ ၁၅]

## မ စ လ

တစ်နေ့သော ညနေစောင်းတွင် မြို့ပိုင်မောင်ပြူးချိုသည် မ စ လ ရွာသို့ ရောက်လာပြန်လေ၏။ ထိုရွာသည် အရင်တစ်ခေါက် သူရောက်လာစဉ်ကနှင့် လားလားမျှ မတူတော့ချေ။ အထူးသာတောင့်သာယာ ရှိလှတော့သည်။ ခပ်လှမ်းလှမ်းမှပင် ရွာကိုဝန်းရံလျက် ဝါးတပ်များနှင့် ကာထားသည်ကိုတွေ့ရလေ၏။ ရွာတွင်းသို့ ဝင်သောအခါ ရှစ်တောင်ခန့် ကျယ်သော တံခါးမကြီးမှ ဝင်သွားကြရလေသည်။

"ဤတံခါးကြီးများကို ညဥ့်အခါပိတ်၍ ဤကင်းတဲတွင် ကင်းသမားလေးယောက် အလှည့်ကျ စောင့်ကြပါတယ်" ရွာထိပ်မှ လာရောက် ကြိုဆိုကြသော သူကြီးမင်းနှင့် လူကြီးများက မောင်ပြူးချိုအား ပြောပြလေ၏။ မောင်ပြူးချိုသည် သပ်ရပ်စွာ ဆောက်လုပ်ထားသော ကင်းတဲကိုလည်း တွေ့မြင်ရလေ၏။

ရွာလယ်လမ်းတစ်လျှောက်ကို လျှောက်လာကြရာ "ဒီရွာလယ်လမ်းကြီးကိုလည်း မြင့်အောင် ဖို့ထားပါတယ်။ မိုးတွင်းအခါ ရေစီးဖို့ ဘေးမယ်မြောင်းကြီးများကိုလည်း တူးထားပါတယ်"လူကြီးတစ်ယောက်က ရှင်းပြလေ၏။ ဤအတိုင်း လျှောက်လာခဲ့ရာ လမ်းဘေးရှိသော ရေတွင်းတစ်ခုတွင် မိန်းမပျို တစ်သင်း ရေခပ်နေကြသည်ကို တွေ့မြင်ရလေသည်။

"ဒီရေတွင်းနားမယ် ဘယ်သူမှ ရေမချိုးရပါဘူး။ အများအတွက် သန့်သန့်ရှင်းရှင်းရှိအောင်လို့ ဒီရေတွင်းက ရေကို ခပ်ယူသုံးစွဲဖို့ပဲ ခွင့်ပြုပါတယ်။ ဒီအနားမှာရေချိုးမယ်ဆိုရင် အညစ်အကြေးရေတွေ ရေတွင်းထဲ စိမ့်ဆင်းမှာ စိုးရိမ်ရတဲ့အကြောင်း ရွာသူရွာသားတွေ နားလည်အောင် ပြောပြထားပါတယ်"

မိန်းမပျိုတစ်သင်းသည် ယဉ်ကျေးသိမ်မွေ့သောအမူအရာဖြင့် ဣန္ဒြေ ရရှိစွာ ရေခပ်နေကြလေသည်။ တစ်ဦးကိုတစ်ဦး ကူညီယိုင်းပင်းသော စိတ်ဓာတ်လည်း ထားရှိကြလေသည်။ တစ်ဦးရေအိုးကို တစ်ဦးကပင့်ပေး၍ တစ်ဦးရေအိုး မပြည့်သေးလျှင်လည်း အခြားတစ်ဦးက ငင်ထည့်ပေးနေသည်ကို တွေ့ရလေ၏။ ထိုမှဆက်လျှောက်သွားကြပြန်သောအခါ မြင့်မားသောမျှော်စင်ကြီးတစ်ခုကို တွေ့ရှိရလေ၏။ မျှော်စင်ပေါ်တွင် အင်္ကျီနက်ပြာဆင်တူဝတ်ထားသော သူငယ်တစ်ယောက် ရပ်နေသည်ကို တွေ့မြင်ရလေသည်။ မောင်ပြုံးချိုတို့ ထိုအနားသို့ရောက်သောအခါ မျှော်စင်ပေါ်မှ သံချောင်းငါးချက်ခေါက်သံ ကြားရလေ၏။ မျှော်စင်အောက်တွင် ထိုးထားသော သက်ကယ်မိုး ထရံကာတဲအတွင်းဝယ် ယူနီဖောင်းနှင့် သူငယ်အချို့ ထိုင်နေကြသည်ကို တွေ့မြင်ရလေသည်။ အချို့စာဖတ်လျက် အချို့ကျားကစားလျက်။

"ဒီဟာကတော့ အပျော်တမ်းမီးသတ်အသင်းပါ။ ဒီမျှော်စင်နဲ့ အဆောက် အအုံများကိုလည်း ဒီရွာသားများကပဲ စုပြီးလုပ်ကြပါတယ်။ ဒီရွာက ရွာသူ ရွာသားများဟာ ပြည်သူ့တာဝန်ကို သိကြပါတယ်။ အစစ အရာရာ အစိုးရကိုချည်း အားကိုးနေလို့မဖြစ်ဘူးဆိုတာကိုလည်း သိကြပါတယ်"

ပြောရင်းဆိုရင်း လျှောက်လာကြပြန်ရာ အောက်ခြေမြင့်မြင့် ဆောက်လုပ်ထားသော ကင်းတဲတစ်ခုသို့ ရောက်သွားကြလေ၏။ ထိုအဆောက်အအုံပေါ်တွင် ကာကီယူနီဖောင်းများကို ဝတ်ဆင်ထားကြသော လုလင်ပျိုများကို တွေ့မြင်ရလေ၏။

"ဒီသူငယ်တစ်တွေက ကျေးရွာကာကွယ်ရေးအဖွဲ့ဝင်များပါ။ အစိုးရပေးအပ်ထားသောလက်နက်များကို ကိုင်ဆောင်၍ ညစဉ်အလှည့်ကျ ကျေးရွာသို့ စောင့်ရှောက်ကြပါတယ်။ သူတို့ဟာ နေ့လယ်နေ့ခင်းလည်း မိမိတို့ဝမ်းစာအတွက် လုပ်ကိုင်ရလေတော့ တစ်ယောက်လျှင် ခုနစ်ရက်တစ်ပတ် တစ်ခါလောက်သာ ဝတ္တရားကျပါတယ်"

ထိုအဆောက်အအုံရှေ့တွင် အတန်ကြာအောင်ရပ်ကြည့်နေပြီးနောက် ဖဲခဲ့ပြန်ရာ လမ်းတစ်လျှောက်လုံး ရွာ၏အခြေအနေကိုကြည့်၍ အထူးပီတိဖြစ်နေလေ၏။ ရွာအတွင်းရှိအိမ်တို့သည်လည်း မိမိတွေ့ဖူးသကဲ့သို့ ဟိုတစ်လုံး



သည်တစ်ဆောင် အရမ်းမဲ့ဆောက်လုပ်ထားခြင်းမဟုတ်ဘဲ သူ့အတန်းနှင့်သူ ယှဉ်လျက် သူ့အကွက်နှင့်သူ စနစ်တကျဆောက်လုပ်ထားသည်ကို တွေ့ရလေ၏။

အိမ်အသီးသီးတို့သည်လည်း မိမိဝင်းခြံနှင့်မိမိသပ်သပ်ရပ်ရပ်ကာရံထားသည့်ပြင် ဝင်းခြံအတွင်းတွင်လည်း ငှက်ပျော၊ သြဇာ၊ မာလကာ အစရှိသောသစ်သီးသစ်နှံပင်များကို စိုက်ထားကြလေသည်။ အချို့သော မြေကွက်ငယ်များတွင်မူကား မုန်လာ၊ မုန်ညင်း၊ ချဉ်ပေါင်၊ ကန်စွန်းအစရှိသော ဟင်းသီးဟင်းရွက်များအပြင် ခတ္တာ၊ ကြက်မောက်၊ စံပယ်၊ မြတ်လေး အစရှိသော ပန်းမန်ပင်များနှင့်လည်း တန်ဆာဆင်လျက်ရှိလေ၏။

"ဒီရွာကလူတွေဟာ မြေဆီမြေနှစ်ရဲ့အဖိုးတန်ပုံကို သိကြပါတယ်။ ဒါကြောင့် မြေကွက်ရသလောက် အလဟဿမဖြစ်စေဘဲ ကောက်ပဲသီးနှံ ပန်းမန်ပင်များကို စိုက်ပျိုးထားကြပါတယ်။ ဒီရွာကလူတွေဟာ အားလုံးလိုလို လယ်သမားချည်းဖြစ်ပေမဲ့ ဟင်းသီးဟင်းရွက်များကို ဝယ်မစားကြရပါဘူး။ တခြားရွာများကိုပင် သွားရောင်းကြရပါတယ်"

မောင်ပြုံးချိုတို့သည် စကားတပြောပြောနှင့်လာခဲ့ကြရာ ရွာလယ်ရှိ တစ်ခုသောမြေကွက်လပ်ကြီးသို့ ရောက်ပြန်လေ၏။ ထိုအတွင်းဝယ် ကလေး သူငယ်လူရွယ်တို့သည် ပြေးသူပြေး လွှားသူလွှား ခြင်းလုံးခတ်သူခတ်နှင့် ပျော်စရာလောကကြီးကို ဖန်တီးလျက်ရှိလေ၏။

"ဒီကွင်းကြီးကတော့ ကျေးရွာကစားကွင်းကြီးပါပဲ။ ညနေတိုင်း ဒီကစားကွင်းကြီးထဲမယ် ကျောင်းသားအရွယ်ကလေးတွေနဲ့ လူငယ်တွေဟာ အခုန်အပေါက်အပြေးအလွှားကို လာရောက်လေ့ကျင့်ကြပါတယ်။ ဝတ္တရား မကျတဲ့ မီးသတ်အသင်းသား၊ ကာကွယ်ရေးအသင်းသားတို့လည်း ဒီမယ် လာပြီး ကျန်းမာရေးလေ့ကျင့်ကြပါတယ်"

ထိုနေရာတွင် အတန်ကြာအောင် ရပ်ကြည့်နေကြပြီးနောက် လမ်းကြား တစ်ခုအတွင်းသို့ ရောက်သွားကြလေ၏။ သူလျှောက်သွားနေသောလမ်းကား နောက်ဖေးလမ်းကြားဖြစ်လေသည်။ ဝဲယာတွင် လုံခြုံစွာဆောက်လုပ်ထားသော အိမ်သာများသာ ခြံရံလျက်ရှိတော့သည်။ သို့သော်လည်း မကောင်းသော အနံ့ကို မရ၊ မကောင်းသော အနိဋ္ဌာရုံတို့နှင့်လည်း မကြုံရ။

"ဒီလမ်းကြားကတော့ နောက်ဖေးလမ်းပါပဲ။ ဒါတွေကလည်း အိမ်သာတွေပေါ့။ သို့ပေမဲ့ တွင်းနက်နက်တူးပြီး လုံလုံခြုံခြုံကာရံထားပါတယ်။ အိမ်သာဝကိုလည်း တံခါးနဲ့ပိတ်ထားတော့ အနံ့ထွက်ဖို့ဝေးရော ယင်ကောင်တောင် မဝင်နိုင်ဘူး"

ထိုလမ်းကြားမှကွေ့၍ထွက်ခဲ့ပြန်သော် သားနားစွာ ဆောက်လုပ်ထားအပ်သော အဆောက်အအုံငယ်တစ်ခုသို့ ရောက်သွားကြပြန်လေ၏။ ထိုအဆောက်အအုံဝယ် မြန်မာစာအုပ်တွေနှင့် ပြည့်နှက်လျက်ရှိသော ဗီရိုကြီးသုံးလုံးကို တွေ့ရလေ၏။

ရှည်လျားသောစားပွဲကြီးများပေါ်တွင်လည်း မြန်မာသတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများကို ချထားလေရာ လူကြီး လူငယ် ယောကျ်ား မိန်းမ တို့သည် ဆိတ်ငြိမ်စွာ ထိုင်လျက် စာဖတ်နေကြလေသည်။

"ဒီဟာကတော့ ကျေးရွာစာကြည့်တိုက်ပါ။ မြန်မာစာအုပ်တွေတော့ တော်တော်စုံပါတယ်။ နေ့စဉ်သတင်းစာတွေ မဂ္ဂဇင်းတွေလည်း ထားပါတယ်။ နေ့လယ်မယ် မအားတဲ့လူတွေကတော့ ညဥ့်အချိန်မှာ လာကြည့်ကြတာပေါ့။ ညကျမှ လာတဲ့လူများအတွက်တော့ မီးထွန်းပေးရပါတယ်"

မောင်ပြုံးချိုသည် စာအုပ်စာတမ်းများကို အနည်းငယ် ကြည့်ရှုပြီးနောက် ထိုနေရာမှထွက်ခွာခဲ့ရာ လမ်းဆုံတစ်ခုတွင် လူတစ်ရပ်ကျော်ကျော်ခန့်မြင့်သော စင်ပေါ်တွင် ရေဒီယိုတစ်လုံးတင်ထားသည်ကို တွေ့ရသည့်အပြင် အနားတွင်လည်း လူပေါင်း ၅၀ ကျော်ခန့် ဝိုင်းရုံနေသည်ကို တွေ့ရမြင်ရလေသည်။ မောင်ပြုံးချိုတို့ အနားရောက်သည့်အချိန်မှာပင် စတင်၍ အသံလွှင့်လေ၏။ ပထမသီချင်းဓာတ်ပြားများကို ဖွင့်ပြီးနောက် သတင်းများကို စတင်ကြေညာလေရာ နားထောင်သူပရိသတ်သည် အထူးစိတ်ဝင်စားလျက် ရှိသည်ကို တွေ့မြင်ရလေ၏။

"ဒီရေဒီယိုက အစိုးရက ပေးထားသလား" မောင်ပြုံးချိုက မေးလေ၏။

"ဘယ်ဟုတ်မလဲ၊ ကျွန်တော်တို့ရွာက စုဝယ်ထားတာပါ။ ခေတ်၏လျှင်မြန်ခြင်းကို ကျွန်တော်တို့ရွာသားများ သိကြပါတယ်"

မောင်ပြုံးချိုတို့လူစုသည် ထိုနေရာမှ ဖဲခဲ့၍ သူကြီးအိမ်သို့ လာကြလေ၏။ လမ်းတစ်လျှောက်လုံးတွင် တွေ့မြင်ရသောကလေးသူငယ်တို့သည်



အင်္ကျီစုတ်ကိုပင် ဝတ်ဆင်ထားလင့်ကစား သန့်သန့်ရှင်းရှင်း ပြောင်ပြောင်လင်လင်ရှိသည်ကို တွေ့မြင်ရလေ၏။ သားသည်မအေတို့သည်လည်း အခြားရွာများတွင် တွေ့မြင်ရသကဲ့သို့ နို့တွဲလောင်းနှင့် ပစ်စလက်ခတ်မဟုတ်ဘဲ ပိပိရိရိ ရှိလှတော့သည်။

"ဒီရွာမယ် ဝမ်းဆွဲဆရာမလည်း ရှိပါတယ်။ အစိုးရက ထားတဲ့ဆရာမမဟုတ်ပါဘူး။ ဒီရွာက သင့်တော်တဲ့သူငယ်မတစ်ယောက်ကို သွားရောက်သင်စေပြီး ကျေးရွာတွင်းရှိ မီးနေသည်များကို စောင့်ရှောက်စေပါတယ်။ ဤကဲ့သို့ စောင့်ရှောက်တဲ့အတွက် ကာယကံရှင်များက သဒ္ဓါကြေးပူဇော်တာကိုပဲ ခံယူပါတယ်။ ပြီးတော့ စာသင်ကျောင်းလည်း ဒီလိုပါပဲ။ ရွာထဲကလူကိုပဲ အသင်ခိုင်းပြီး ရွာကစုပေးတဲ့ ထောက်ပံ့ကြေးနဲ့ နေတာပါပဲ"

ပြောရင်းဆိုရင်း သူကြီးအိမ်သို့ ရောက်လာကြလေသည်။ သူကြီးအိမ်သည် မခမ်းနားလှသော်လည်း သပ်သပ်ရပ်ရပ်ရှိလှသည်။ လူကြီးများနှင့် သူကြီးမင်းသည် မောင်ပြုံးချိုအနားတွင် ဝိုင်း၍ထိုင်ကြလေ၏။ သူကြီးတစ်ဦးက စကားစပြန်လေ၏။

"ဒီရွာက လူကြီးလူငယ်ဟာ သူကြီးမင်းကို အလွန်ပဲရိုသေကြပါတယ်။ သူကြီးမင်းကလည်း ကျေးရွာသူကျေးရွာသားများကို အထူးဂရုစိုက် ချစ်ခင်တဲ့အတွက် သူကြီးမင်းကိုလည်း ရွာသားများက ချစ်ရိုသေကြပါတယ်။ ချစ်ပြီး ရိုသေရင် ကြောက်ဖို့ မလိုတော့ပါဘူး။ ချစ်ကြောက်ရိုသေဆိုတဲ့ စကား သုံးလုံးမယ် အလယ်လုံးကို ဖြုတ်သင့်ပါတယ်"

မောင်ပြုံးချိုသည် ထိုလူကြီး၏ ပြောစကားကို အထူးပင် နှစ်သက်လှတော့သည်။ ထိုကျေးရွာကလေးသည် သာတောင့်သာယာရှိလေစွ။ ထိုကျေးရွာသားများသည် နှစ်သက်စရာကောင်းလေစွ။

အို အချင်းတို့၊ ဤကျေးရွာမျိုးသို့ မောင်ပြုံးချိုရောက်ခဲ့ဖူးသည်ဟု အဆိုရှိပါသည်။ သူဆိုတိုင်း ယုံရမှာလားအစ်ကို့။

[ပြုံးတမဲ့မဲ့ ၁၉၄၈]

## အစွမ်းကုန်ခေတ်

၁

အစွမ်းကုန် ညီညွတ်ကြပါ။

အစွမ်းကုန် သန့်ရှင်းကြပါ။

အစွမ်းကုန် အလုပ်လုပ်ကြပါ။

ဤသို့ပြောပါသည်။ ဤသို့ ဟောပါသည်။ ဟော အစွမ်းကုန် ညီညွတ်နေကြပုံ ကလေးတွေကို ကြည့်ပါဦး။ မြင်ရပါပြီ။ သိရပါပြီ။ မြန်မာ မြန်မာချင်း ရန်သူဖြစ်၊ ရခိုင် ရခိုင်ချင်းမသင့်၊ ကွန်မြူနစ် ကွန်မြူနစ်ချင်းသတ်၊ ကရင် ကရင်ချင်းနှံ၊ ပြည်ထောင်စုသား အချင်းချင်းလည်း တွယ်နေကြပါသည်။

သည်အကြောင်းတွေကို နေ့စဉ်နေ့တိုင်း ကြားနေရပါသည်။ သိနေရပါသည်။ မြင်လည်း မြင်နေရပါသည်။ တစ်နေ့လျှင် နှစ်ဆယ့်လေးနာရီ လုံးလုံး အတုံးအရုံး လက်နက်အမျိုးမျိုးနှင့် သေနေကြရလေသည်။

၂

တောနယ်များတွင် ဖြစ်ပျက်နေပုံတွေကို ကြည့်ကြပါဦးစို့။

မောင်ပြုံးချို တာဝန်ယူနေရသော နယ်ကလေးကို ကွင်း၍ ကြည့်ပါဦး။

မြို့နယ်တစ်ခုလုံးတွင် သူကြီးပိုင် သုံးဆယ့်ငါးပိုင် ရှိသည်။ ရွာသိမ် ရွာငယ်ပေါင်း တစ်ရာကျော်ရှိသည်။ နယ်သူနယ်သားများမှာ လယ်သမား၊ ကိုင်းသမား၊ အင်းသမားများ ဖြစ်ကြသည်။

ညတိုင်းလိုလို အရပ်လေးမျက်နှာမှ သေနတ်သံ ကြားရသည်။ နံနက် မိုးလင်းလျှင် သတင်းကောင်းကို နားစွင့်နေရသည်။

"မနေ့ညက သေနတ်သံက မြောက်ဘက်ရွာက တိုက်တာတဲ့"



"ရွှေနှစ်ဆယ်သား ပါသွားဆိုပဲ"

"လူပေါင်းသုံးဆယ်လောက် ရှိသတဲ့၊ ဘရင်းဂန်းလည်း ပါသတဲ့"

"မိန်းကလေးတစ်ယောက်ကို ဓားစားခံခေါ်သွားတာ အခုထက်ထိ ပြန်မလွှတ်သေးဘူး"

မောင်ပြုံးချိုသည် ကျောစိမ့်မိသည်။ ရဲအဖွဲ့လည်း မရဲနိုင်ရှာ။ တစ်ခါ တစ်ရံလည်း ညကြီးမင်းကြီး လူနာတွေ ရောက်လာကြသည်။ ဆရာဝန် လည်း အေးအေးမနေသာ။ အချို့လည်း ဆေးရုံမှာပင် အသက်ထွက်သွားကြ ပါသည်။ အချို့လည်း လမ်းမှာပင် သေသည်။ သေတမ်းစစ်ချက်ကိုမှ မပေးနိုင်ရှာ။

ရှေးတုန်းက ဓားပြမှုများ ယခုလောက် မပေါ။ ရှားပါးလှပါသည်။ ဓားပြတိုက်ရာတွင် သေနတ်ပါသည်ဆိုလျှင် အထူးတုန်လှုပ်စရာ ကောင်းသည်။ ဆိုင်ရာပုလိပ်တွေ ခေါင်းကြီးကုန်သည်။ ဓားပြတိုက်သည့်နေရာသို့ ချက်ချင်း ရောက်ကြရသည်။ အရေးယူစရာရှိသည်ကို ချက်ချင်း အရေးယူကြရသည်။ ဖမ်းစရာရှိလျှင် မဆိုင်းမတွ ဖမ်းကြရသည်။ ဓားပြမှု မပေါ်လျှင် ဆိုင်ရာ ပုလိပ်တွေ အထက်မှ အထုခံကြရသည်။ ဆိုင်ရာမြို့ပိုင်၊ နယ်ပိုင်များလည်း အချင်းချင်းဖြစ်ရာအရပ်သို့ ချက်ချင်း သွားရောက်စစ်ဆေး ကြည့်ရှုကြရသည်။ ဓားပြများမိလာလျှင် ထူးထူးဆန်းဆန်းလူတွေ ဝိုင်းကြည့်ကြရသည်။ အချို့ လည်း ဓားပြကို မျက်နှာချင်းဆိုင်မကြည့်ဝံ့ကြ။ ချောင်းမြောင်း၍ ကြည့်ကြ ရသည်။ ဓားပြမှုစစ်ဆေးသော ရုံးတွင် နားထောင်သူတွေ စည်ကားလှသည်။ သတင်းစာတွေကလည်း ဓားပြမှုဆိုလျှင် ခေါင်းစီး စာလုံးမည်းကြီးတွေနှင့် အထူးအဆန်း ဖော်ပြကြသည်။

အခုတော့ ဓားပြတိုက်တာ မဆန်းတော့ပါ။ ရိုးနေပါပြီ။ ရိုင်ဖယ် သေနတ်တစ်လက်နှစ်လက်လောက်နှင့် လာတိုက်သော ဓားပြသည် အညတရ မျှသာ ဖြစ်သည်။ လုပ်သေနတ်နှင့် လာတိုက်သော ဓားပြဆိုလျှင် ဓားပြ ကြီးတွေက သူတို့ဂုဏ်ကို ဖျက်သည်ဟု ဆိုကြပေမည်။ အခုများ တိုက်လျှင် ဘရင်း၊ စတင်းနှင့်မှ လာသည်။ လက်ပစ်ဗုံးတွေကလည်း ပါလိုက်သေးသည်။ ဖောက်လိုက်သည့် သေနတ်ကလည်း စစ်ပွဲကလေးတမျှ။ အသံတွေကလည်း အမျိုးစုံပါဘိ။ ဗုံး၊ ဒိုင်း၊ ဒက်၊ ဒက်၊ ဒက်၊ အုံး။

"ပါသွားကုန်ပြီဗျို့၊ ဘယ်သူ့အိမ် ပါသွားလဲ"

ဘယ်သူ့အိမ်ကရမလဲ ရွာလုံးကျွတ်။ ဒီလိုမှ သာတူညီမျှစနစ်။ ဘယ်သူ့မှ ချမ်းသာမပေး။ အားလုံးကုန် ကြိတ်သွားတတ်လေသည်။

ပြန်ပေးလုပ်သူတွေကလည်း ပေါပါဘိ။

ငွေရလွယ်သော အလုပ်မို့ လူတိုင်း လုပ်ချင်နေကြသည်။ အရင်းမစိုက်ရဘဲနှင့် အမြတ်ကြီးရသည် အလုပ်ပေကိုး။

ကြည့်စမ်းပါဦး။ ဟိုတစ်နေ့က မြောက်ဘက်ရွာမှ မိန်းမကြီးတစ်ယောက်ကို လူဆိုးတွေ ဖမ်းသွားကြသည်။ သူ့ကို ပြန်ယူလိုလျှင် ငွေတစ်သောင်း ပေးရမည်ဟု စာချလိုက်သည်။ ဆွေတွေမျိုးတွေ ငွေစုကြရသည်။ ငွေတစ်သောင်း တစ်ရက်အတွင်း ပြည့်သွားသည်။ ထို့နောက် ချိန်းဆိုသည့်နေရာသို့ ငွေတစ်သောင်းကို ပိုက်ကာ တစ်ယောက်တည်း လိုက်သွားရသည်။ သူတို့ပြောသည့်အတိုင်းပင် ငွေတစ်သောင်းကိုယူ၍ မိန်းမကြီးကို ပြန်လွှတ်လိုက်သည်။ မိန်းမကြီး ပြန်ခါနီးတွင် ကိုရွှေလူဆိုးတို့က ဝတ်စုံတစ်စုံနှင့် ပိန်းတန်းဖိနပ်တစ်ရန် ကန်တော့လိုက်သေးသည်။ ဒီတွင်မကသေး 'ကျေးဇူးရှင်ကြီး သက်တော်ရာကျော်ရှည်ပါစေ' ဟု ဆုတောင်းကာ လူဆိုးတွေနှင့်တကွ ဇနီး၊ သားသမီးများကပါ ရှိခိုးကန်တော့လိုက်ကြသေးသည်။

မိန်းမကြီး အိမ်ပြန်ရောက်လာသောအခါ မျက်နှာသေကလေးနှင့်နေခဲ့သော သားဖြစ်သူက ဒေါသအမျက်ခြောင်းခြောင်းထွက်၍ ရဲအဖွဲ့ကို တိုင်မည် တကဲကဲ ဖြစ်နေသည်။

"မေမေ့ကို သနားရင် မတိုင်ပါနဲ့ ငါ့သားရယ်"ဟု မိခင်ကြီးက တောင်းပန်ရရှာသည်။

သည်လို ကတိတည်သည့် လူပြန်ပေးသမားများ ရှိသလို ကတိမတည်၊ အလွန်ရိုင်းသော ပြန်ပေးသမားများလည်း ရှိပါသေးသည်။ အချို့ မိန်းမပျိုကလေးများကို ဖမ်းသွားသည်။ ချိန်းသည့အတိုင်း ငွေသွားပေးသော်လည်း ငွေကိုယူလိုက်၍ လူကို ပြန်မလွှတ်။ ပြန်လွှတ်လာသောအခါ၌လည်း ဂဗ္ဘသေယျဖြစ်လာကြကုန် သတတ်။

အချို့လည်း လူကိုသတ်ချင်၍ ဖမ်းဆီးသွားသည်လည်း ရှိသေးသည်။ သို့သော် ထုံးစံအတိုင်း ဈေးတော့ဆိုလိုက်သေးသည်။ ဆိုသည့်ဈေးကလည်း မပေးနိုင်သည့်ဈေးကို ဆိုလိုက်သေးသည်။ ဥပမာ ငွေတစ်ထောင်လောက် ရအောင်စု၍ ရွေးနိုင်မည်မဟုတ်သူကို တစ်သောင်းပေးမှ အသက်ချမ်းသာပေးမည်၊ ဘယ်နေ့ ဘယ်အချိန် ဘယ်နေရာတွင် လာရောက်ရွေးယူရမည်၊ သည့်ထက်နောက်ကျလျှင် အလောင်းကိုသာ ရလိမ့်မည်ဟု ဆိုသည်။ သား မယား ဆွေမျိုးတို့သည် ခေါင်းချင်းရိုက်ကြကုန်သည်။ ငိုငိုရီရီနှင့် ငွေစုကြသည်။ အဘယ်မှာလျှင် ဆင်းရဲသားလယ်သမားတို့သည် ငွေ တစ်သောင်းစုနိုင်အံ့နည်း။ ထို့ကြောင့် ချိန်းဆိုသည့်အချိန်တွင် ချိန်းဆိုသည့်နေရာသို့သွား၍ ချိန်းဆိုသည့်အတိုင်း မပေးနိုင်။ နောက်တစ်နေ့တွင် လင်းတထိုးနေသော အလောင်းကို တွေ့ရလေတော့၏။ သည်လို သက်သက်သတ်ချင်၍ ဖမ်းဆီးသွားသော သူများအဖို့မှုကား ငွေပေးလျှင်လည်း ဖွတ်မရ ဓားမဆုံး ဖြစ်တတ်ပါသည်။ ငွေကိုလည်း ယူလိုက်၍ လူကိုလည်း သတ်လိုက်တတ်ပါသည်။ အစကတည်း က သတ်ချင်လို့ ခေါ်သွားခြင်း ဖြစ်နေမှကိုး။ ရသမျှငွေတော့ အမြတ်ပေါ့။



၃

ရေးကဆိုလျှင် နွားလောက်သာ အထောင့်များပါသည်။ လူကို ပြန်ပေးလုပ်သည်။ ထောင့်သည်ဟူ၍ သိပ်မရှိလှပါ။ အလွန် ရှားပါသည်။ တစ်ခါတစ်ရံမှသာ ကြားရသိရပါသည်။ ယခုတော့ သည်လိုအမှုမျိုးတွေ နေ့စဉ်လိုလို ကြားနေကြရပါသည်။

နွားထောင့်ရာမှ လူကိုထောင့်ကြသည်။ တစ်ဆင့်တက်လာခြင်းဖြစ်သည်။ ထို့နောက် သက်ရှိများသာ မဟုတ်ဘဲ သက်မဲ့များကိုလည်း ထောင့်စပြုလာကြသည်။

တစ်နေ့တွင် တောင်ဘက်ရွာက သူကြီးမင်း ဦးသာကတိုး၏ အိမ်ကို ထောင့်သည်။ ထောင့်သည်ဆိုရာ၌ အိမ်ကြီးကို ရွှေ့ယူသွားခြင်း မဟုတ်။ ဘယ်နေ့ဘယ်အချိန် ဘယ်နေရာသို့လာ၍ ငွေတစ်ထောင်ပေးရမည်။ မပေးလျှင် အိမ်ကို မီးရှို့ပစ်မည်ဟု စာချခြင်းဖြစ်သည်။ ဦးသာကတိုးကားအတော်ခေါင်းမာသောသူ ဖြစ်သည်။ ဘာပြုလို့ ပေးရမလဲဆိုကာ ဂရုမစိုက်ဘဲနေသည်။ အချိန်လွန်သွားပြီဖြစ်သော်လည်း ဘာမှမဖြစ်။ ဦးသာကတိုးကြီးက လက်ခမောင်းခတ်၍ ကြိမ်းလေတော့သည်။

"ဘာရမလဲ သာဝရာ၊ ငါ့ကိုလာစမ်းလို့"

သို့သော် မကြာခင် ဦးသာကတိုး၏ နွားတစ်ရှဉ်း စားကျက်မှ ပျောက်သွားသည်။ ခေါင်းတောက်အောင် လိုက်ရှာကြသော်လည်း အစအနကိုမှ မတွေ့။ သုံးရက်လောက်ကြာမှ အရှေ့ချောင်းဖျားတွင် သားရေနှင့်ဦးခေါင်းများကို သာ တွေ့ရလေတော့သည်။ လူကို အမြင်ကပ်၍ နွားကို သတ်စားခြင်းဖြစ်သည်။

ဦးသာကတိုးကိုအားကျ၍ နေမိသော သူတစ်ယောက် ဒုက္ခရောက်ပုံကိုလည်း ကြားရပါသေးသည်။ လယ်သမားဦးဖိုးသာ၏ စပါးစည်ထဲတွင် စပါးငါးရာခန့် ရှိသည်။ ငွေငါးရာပေးလျှင်ပေး၊ မပေးလျှင် စည်ကို မီးရှို့ပစ်မည်ဟု စာချသည်။ နေရာနှင့် ရက်ချိန်းကိုလည်း ပေးသည်။ ဦးဖိုးသာက ဂရုမစိုက်။ ဆယ်ရက်လောက်ကြာသောအခါ ဦးဖိုးသာ၏ စပါးစည်ကို မီးလောင်ရာ အိမ်ပါ ပါသွားသည်ဟု သတင်းကြားရလေသည်။ ဦးဖိုးသာတို့ ဇနီးမောင်နှံနှင့် သားသမီးတစ်စုကား အော်ဟစ်ငိုကြွေးကြကုန်၏။

ထောင့်သူများသည် တဖြည်းဖြည်း အဆင့်အတန်း နိမ့်ကျလာကြကုန်သည်။ အိမ်မှ စပါးစည်၊ စပါးစည်မှ ကောက်ရိုးပုံသို့ ရောက်လာကြကုန်သည်။ ကောက်ရိုးပုံသည် လယ်သမားများအဖို့ အလွန်အရေးကြီးပါသည်။ ကောက်ရိုးမရှိလျှင် မိုးတွင်းနွားစာအတွက် ခက်ကုန်မည်။ သည်အကြောင်းကိုသိသော လူဆိုးတို့သည် ကောက်ရိုးပုံကို ထောင့်ကြပြန်သည်။

'ယခုလဆန်း ၃ ရက်နေ့ ညနေ ၃ နာရီအချိန်၊ ထန်းတောထဲသို့ ငွေ ဆယ့်ငါးကျပ်ကိုယူပြီး တစ်ယောက်တည်း ခွေးလိုအူလာပါ။ ပျက်ကွက်လျှင် နောက်တစ်နေ့ည အိမ်နောက်ဖေးက ကောက်ရိုးပုံကို မီးတိုက်မည်'ဟု ချိန်းဆိုသည့်အတိုင်း သွားပေးရတော့သည်။ လူကိုကား မတွေ့မမြင်ရ။ ငွေပေးရသော်လည်း သက်သက်သာသာ မဟုတ်။ လူစင်စစ်က ခွေးလိုအူပြီး ပေးရသည်။

"အဲဒီနားက ဆီးပင်ပေါ် တင်ထားခဲ့ပါ"

ချုံကြားထဲမှ အသံအောကြီးနှင့် အမိန့်ပေးလေသည်။ ပေးသည့် အမိန့်တော်မြတ်ကို တစ်သဝေမတိမ်း နာခံရသည်။ ဒါနရှင်လည်း လေးကန်သောခြေလှမ်းနှင့် အိမ်ပြန်လာခဲ့ရသည်။ ဆယ့်ငါးကျပ်တော့ ဆုံးပေါ့။



သည်လိုကိစ္စတွေ နေ့တိုင်းလိုလို တွေ့နေကြသည်။

သည်လိုပဲ အမြဲဖြစ်နေတော့မှာလား။

အစွမ်းကုန် ကွဲပြဲပြီး အစွမ်းကုန် သတ်နေကြပါသည်။

အစွမ်းကုန် ညစ်ပတ်ပြီး အစွမ်းကုန် ယုတ်မာနေကြပါသည်။

အစွမ်းကုန် ဆိုးသွမ်းပြီး အစွမ်းကုန် တိုက်ခိုက်လုယက် ပြန်ပေးဆွဲနေကြပါသည်။ ထို့ကြောင့် ဤခေတ်ကို အစွမ်းကုန်ခေတ်ဟူ၍ တွဲသင်၊ နောင်လာနောက်သား သမိုင်းဆရာများသည်။ ဂဏှာဟိ၊ မှတ်လေလော့။

[ရှောင်ခြည်သစ် ၁၉၄၉ ဇွန် ၂၅]

## အစွာ

"အင်း ဘယ်လိုခေတ်ထဲများ လူလာဖြစ်နေကြရပါလိမ့်နော်"

လူတိုင်းလူတိုင်းပင် သည်လိုညည်းနေကြပါသည်။ မောင်ပြုံးချိုလည်း လူတိုင်းထဲတွင် တစ်ယောက်အပါအဝင် ဖြစ်သည်။ ထို့ကြောင့် သူလည်း သည်လိုပဲ ညည်းမိရှာလေသည်။

မည်သည့်အတွက် လူတွေက ခေတ်ကို အပြစ်တင်နေရသနည်း။ သည်ခေတ်က ဘယ်လောက်များ ဆိုးနေလို့ပါလိမ့်။ ခေတ်ဆိုးသည်ဆိုသည်မှာ ထိုခေတ်ထဲတွင်ရှိနေသော လူတွေက ဆိုးနေခြင်းပင် မဟုတ်ပါလော။

ယခုခေတ်တွင် လူတို့သည် လက်နက်ရှူး ရှူးနေကြသည်။ အချို့လည်း နိုင်ငံရေးအရေကိုခြုံ၍ မဟုတ်မတရားတွေ လုပ်နေကြသည်။ ခိုးနေကြသည်။ ဓားပြတိုက်နေကြသည်။ လူသတ်နေကြသည်။ လူ၏အသက်သည် ယခုအခါတွင် ခွေးတစ်ကောင်၏အသက်လောက်မှ အဖိုးမတန်တော့ချေ။ အကြောင်းအမျိုးမျိုးကြောင့် ကုန်ပစ္စည်းတွေ ဈေးတက်နေသော်လည်း လူ၏ အသက်တန်ဖိုးကား ဈေးကျလျက်ရှိတော့သည်။

မောင်ပြုံးချို အုပ်ချုပ်နေရသော နယ်ကလေးကို ကြည့်ပါဦး။ တိုက်လိုက်သည့် ဓားပြ၊ ခိုးလိုက်သည့် နွားတွေ၊ ချက်လိုက်ကြသည့် အရက်။ လူတွေ ဖြစ်ချင်တိုင်းဖြစ်၍ အကျင့်တရားတွေ ပျက်ပြားနေကြသည်။ မောင်ပြုံးချိုသည် အုပ်ချုပ်ရေးကို တာဝန်ယူထားရသော်လည်း တာဝန်ကို ကျေပွန်အောင် မဆောင်ရွက်နိုင်။

သူ အုပ်ချုပ်ရသောမြို့နယ်သည် အလျား မိုင်ငါးဆယ်ခန့်၊ အနံ မိုင် နှစ်ဆယ်ခန့် ကျယ်ဝန်းသည်။ သူ့လက်အောက်တွင် သူကြီး သုံးဆယ့်ငါး



ယောက် ရှိသည်။ သို့သော် သူသည် မြို့နှင့်ငါးမိုင်ထက်ဝေးသော နေရာသို့ မသွားဝံ့ရှာ။ သူသာ မဟုတ်၊ ရဲအဖွဲ့ဝင်တို့လည်း မရဲဝံ့ရှာကြ။

သည်အထဲတွင် သူ့မြို့ကလေးကိုပင် နေ့စီးမလား၊ ညစီးမလား နှင့် တထိတ်ထိတ် ဖြစ်နေရသည်။ သူတို့လာလျှင် ဘယ်လိုကြံ၍ ဘယ်လို လုပ်ရမည်ပင် မသိ။ အတော်အကြံရကျပ်နေလေတော့သည်။ အထက်ကလည်း တိတိကျကျ ဘာမှ အမိန့်မပေး။ တစ်ခရိုင်လုံးလည်း တလှုပ်လှုပ်တရွရွ ဖြစ်နေသည်။

မကြာမီ တစ်ခရိုင်လုံး သူတို့လက်တွင်း ကျဆင်းလေပြီ။ မောင်ပြုံးချိုတို့ တစ်မြို့သာလျှင် ချောင်ထဲတွင် ကျန်ရစ်ခဲ့သည်။ သည်သတင်းကို ကြားရသော အစိုးရ အမှုထမ်းအရာထမ်းများသည် လှုပ်လှုပ်ရွရွ ဖြစ်လာကုန်သည်။ ဘယ်လို လှုပ်လှုပ်ရွရွမျိုးလဲ။ ရန်သူကို ခံတိုက်ဖို့ လက်နက်တွေကို ပြင်နေကြပါသလော။ မဟုတ်ပါ။ ကိုသောင်းကျန်းတို့ လက်ထဲ ငွေတိုက်မှ ပြည်သူ့ဘဏ္ဍာတွေ ရောက်မသွားခင် သူတို့ကို လခ ထုတ်ပေးခဲ့ရန် စိုင်းပြင်းနေကြခြင်းသာ ဖြစ်ပါသည်။

ထုံးစံအတိုင်းဆိုလျှင် သက်ဆိုင်ရာ အကြီးအကဲ အရာရှိထံမှ လက်မှတ်ပါမှ ငွေတိုက်မှ ထုတ်ပေးရပါသည်။ အချို့လည်း ချက်လက်မှတ်နှင့်ထုတ်ပေးရပါသည်။ ယခု လဆန်းလေးရက်ရှိပြီ။ သည်လို လက်မှတ်ထိုးထားသော လစာစာရင်းတွေ၊ ချက်လက်မှတ်တွေ မရောက်လာသေး။ ထုံးတမ်း စဉ်လာအရ လုပ်နေရလျှင် သူတို့တစ်တွေ လခရကြတော့မည် မဟုတ်။ တစ်လနှင့်တစ်လ အလျင်မမီနိုင်ကြသည့်အစိုးရအမှုထမ်းတို့အတွက် ခက်ချေတော့မည်။ အချို့ကလည်း ကျွန်တော်တို့သားသမီးတွေ တစ်ပြုံကြီးနှင့် မြို့အုပ်မင်းမှ လခထုတ်မပေးလျှင် ငတ်ရပါတော့မည်ဆို၍ ချော့လာကြသည်။ အချို့ကလည်း သည် လခမှ ထုတ်မပေးလျှင် လုစားကြရတော့မည်ဟု ဆိုသည်။ သူတို့တစ်တွေ ကိုယ့်အရေးနှင့်ကိုယ် ပူဆွေးနေကြကုန်သည်။ အင်း ပေးရအခက်၊ မပေးရ အခက်။ စည်းမျဉ်းဥပဒေအတိုင်းမဟုတ်၍ မပေးဘဲနေလျှင်လည်း "သူ့အဖေ ပစ္စည်းမို့ ကပ်နေရသလား"ဟု သြဘာပေးကြဦးမည်။ သူတို့ကိုငဲ့၍ ပေးလိုက်ပြန်လျှင်လည်း ရန်များလှသည်။ ဆိုင်ရာအစိုးရက မည်သည့်အတွက် စည်းမျဉ်းမကျသည်ကို လုပ်ရသနည်းဟု အပြစ်တင်ချင်တင်ပေမည်။ သူပုန်

လာလျှင် ငွေတိုက်ထဲကငွေတွေ ထုတ်၍ နှစ်လခပေးလိမ့်မည်ဟု စောင့်နေတော်မူကြကုန်သော များလှသောင်းသောင်း လခစားသပိတ်အပေါင်းတို့ကလည်း သူတို့ထင်သလို ငွေတိုက်ထဲတွင် ငွေမကျန်လျှင် ဆဲကြ ဆိုကြပေလိမ့်မည်။ မြို့ကို သိမ်းမည့်သူတို့ကလည်း သူတို့ဖို့ ငွေမကျန်လျှင် ဘာဖြစ်လို့ သည်လိုလုပ်ရသလဲဟု မျက်မာန်တော်ရှလိမ့်ဦးမည်။

မောင်ပြုံးချို မဝေခွဲနိုင်။ စိတ်အရှုပ်ကြီး ရှုပ်နေတော့သည်။ ထို့နောက် အဖန်ဖန် စဉ်းစားပြီးနောက် အစိုးရလခစားများကို သူတို့ အမှု ထမ်းခဲ့သော ကုန်ဆုံးခဲ့သည့်လအတွက် လခရရန်မှာ မိမိတာဝန်ဖြစ်သည်ဟု ယူဆမိသည့် အတိုင်း ရသင့်ရထိုက်သူများကို ငွေတိုက်မှ ထုတ်ပေးရန် အရဲစွန့်ကာ ဆုံးဖြတ်လိုက်လေသည်။

ငွေတိုက်တွင် ငွေသုံးသောင်းခန့်ရှိရာ လခများ ထုတ်ပေးလိုက်သော အခါ သုံးထောင်ခန့်သာ ကျန်လေတော့သည်။ ရသောသူများကတော့ ဝမ်းမြောက်ကြပေမည်။ လခစား သပိတ်တွေကတော့ ပွစိပွစိ ဖြစ်နေကြလေသည်။

နောက်တစ်နေ့နံနက် လင်းအားကြီးတွင် မောင်ပြုံးချို၏အိမ်ကို လက်နက်ကိုင် သောင်းကျန်းသူတို့ ဝိုင်းထားပြီး အုပ်ချုပ်ရေးကို သူတို့အား လွှဲပေးရန် အကျပ်ကိုင်ကြလေတော့သည်။ မောင်ပြုံးချိုလည်း အားမတန်တော့သည်ကိုသိ၍ မာန်လျှော့ရလေတော့သည်။ ရဲဌာနမှ လက်နက်များနှင့်တကွ ငွေတိုက်ကိုပါ သူပုန်တို့လက်သို့ အပ်လိုက်ရလေသည်။ ထိုနေ့မှာပင် မောင် ပြုံးချို၏ခြောက်လုံးပူးကိုလည်း သိမ်းတော့သည်။ မိမိကိုယ်ပိုင် ဝယ်ထားရသော ခြောက်လုံးပူးကို မောင်ပြုံးချို နှမြောလှသည်။ သို့သော် ဘာတတ်နိုင်အံ့ နည်း။ ကြည်ဖြူစွာနှင့်ပင် အပ်နှံလိုက်လေသည်။ နှစ်လုံးပူးနှင့် စတင်းဂန်းကိုတော့ ထားပါဦးဟုဆိုသည်။ နှစ်ရက်ခန့်ကြာသောအခါ တိုက်ပွဲတွင် သုံးရန်ဆို၍ စတင်းဂန်းကိုပါ သိမ်းကြပြန်သည်။ နောက်တစ်နေ့တွင် နှစ်လုံးပူးကို သူတို့ထဲမှ ရဲသားတစ်ယောက် လာသိမ်းပြန်လေရာ မောင်ပြုံးချိုထံမှ လက်နက်များ တက်တက်ပြောင်သွားလေသည်။

သည်အတောအတွင်း မောင်ပြုံးချိုအိမ်တွင် သွယ်ထားသော တယ်လီဖုန်းကိုလည်း ဖြုတ်ယူသွားကြပြန်သည်။ ရဲဌာနမှ တယ်လီဖုန်းတွေကိုလည်း



ဖြုတ်၍ သူတို့စစ်ရုံးလုပ်ရန် မောင်ပြုံးချို၏ ရုံးဟောင်းတွင် သွယ်ထားကြလေသည်။

အုပ်ချုပ်ရေးအဖွဲ့ကိုလည်း မကြာမီဖွဲ့စည်းလိုက်လေသည်။ ဟိုအရင် ဘီအိုင်အေလက်ထက်က အုပ်ချုပ်ရေးမှူးဟောင်းပင်လျှင် ယခု အုပ်ချုပ်ရေးမှူး ဖြစ်ပြန်လေသည်။ ‘ရာဇဝင်သည် ပြန်ကာ ပြန်ကာ လာသည်’ဟူသော စကားပုံကို ယခုခေတ်တွင် လက်တွေ့မြင်ရပြန်လေသည်။ သပိတ်မှောက် စာရေးတို့လည်း ရာထူးရကြကုန်၏။

စိတ်မချမ်းမြေ့ဖွယ်ရာ စကားများကိုလည်း သည်အခါတွင် ကြားရပြန်တော့သည်။

“ဟိုသူပုန်က မြို့ပိုင်ကို ကြိမ်းနေတယ်။ မိုးတွင်းတုန်းက ခံတိုက်ထားလို့တဲ့”

‘သြော် ခက်လှချေကလား။ သည်လို ခံတိုက်တဲ့လူတိုင်းကို အပြစ်ရှာနေရမည်လော။ တစ်နေ့ကလည်း မောင်ပြုံးချိုတို့ရုံးတွင် တရားခံ ဖြစ်ဖူးသူ တစ်ယောက် ခြောက်လုံးပူးကြီး တကိုင်ကိုင်နဲ့ ပေါ်လာသေးသည်။ ခေါင်းရင်း အိမ်ကိုဝင်၍ “ဟိုဘက်အိမ်က ခွေးသားကြီး ဘယ်သွားသလဲ”ဟု မေးသွားပြန်သတဲ့။ ဤလည်း တစ်ခက်ပါတကား။ သူလည်း တိုက်ပွဲတုန်းက တစ်ခါပါခဲ့သည် ဟု ကြားရသည်။ သြော် တာဝန်သိသိ၊ သစ္စာရှိရှိ ဆောင်ရွက်သည့် အစိုးရအမှုထမ်း၊အရာထမ်းများကား ယခုခေတ်တွင် ဘေးမကင်းပါတကား။ ရန်များလှချေ၏။

“ခင်ဗျားတော့ ဖမ်းလိမ့်မယ်၊ ပြီးတော့ လူထုခုံတင်ပြီး စစ်လိမ့်မယ်”

သူတို့ထဲက အရေးပါ အရာရောက်ဆုံး လူတစ်ယောက်က မောင်ပြုံးချိုကို လာ၍ သတိပေးသည်။

“ကျွန်တော့ကို ဘာအပြစ်ရှိလို့ ဖမ်းရမှာလဲ။ ဖမ်းပါစေဗျာ။ ကျုပ်က ဆုံပြီး ရှင်းချင်ပါတယ်”မောင်ပြုံးချိုက ဆို၏။

“အဖမ်းမခံပါနဲ့ဗျာ၊ ခုံတင်စစ်မယ်ဆိုပေမယ့် ဘယ်တရားတာ ဖြစ်နိုင်ပါ့မလဲ။ သူတို့လိုလူတွေချည်းဟာ။ ပြီးတော့ ဒီအတောအတွင်း ဖြုန်းဖြုန်း ဒိုင်းဒိုင်းဖြစ်ပြီး ပျောက်နေပါဦးမယ်”

သူပြောသည်လည်း မှန်သည်။ အထက်လူကြီးများနှင့် တော့တော့ဆိုင်ဆိုင် ပြောဆိုရလျှင် ကောင်းပါ၏။

မောင်ပြုံးချိုကတော့ မတုန်လှုပ်။

"ဘာအပြစ်ရှိလို့ ကိုယ့်ကို ရန်မူရမှာတုံး"ဟုဆိုသည်။ သည်လိုနှင့် တစ်ရက်ပြီးတစ်ရက် အချိန်တွေ ကုန်လွန်ခဲ့သည်။ အများကပင် အပြင်မထွက်ပါနဲ့ဆို၍ အိမ်တွင်းအောင်းနေခဲ့ရသည်။ အချို့မိတ်ဆွေများကလည်း သူတို့ရန်ကို ကြောက်၍ မောင်ပြုံးချိုတို့အိမ်ကိုပင် မလာဝံ့ကြ။ ရန်သူနှင့် ဆက်သွယ်သည်ဆို၍ ဒုက္ခပေးမည်ကို ကြောက်ကြသည်။ အချို့လည်း အာဏာလက်ကိုင်ရှိသူတို့ကို ကပ်၍ ညာနေကြကုန်၏။

ထိုအချိန်တွင် မီးရထားလမ်းမှ အစိုးရဆန်တွေကို ကားကြီး ကားငယ်နှင့် သယ်ယူလာကြကုန်၏။ သပိတ်သမားတို့သည် ပျော်တပြုံးပြုံးနှင့် မော်မဆုံး။ သူတို့လည်း ဆန်အိတ်တွေ ဝေပုံကျ ရကြသည်ဟု သိရသည်။ အုပ်ချုပ်ရေးမှူး၏ သမက်တစ်ယောက်ကလည်း ခြောက်လုံးပူး ခါးထိုး၍ လမ်းသလားနေရသည်မှာ ခြေတိုမတတ် ဖြစ်နေလေသည်။ သည်အတောအတွင်း ဟိုလူကို ဖမ်းနိုး၊ သည်လူကို ဖမ်းနိုးနှင့် တထိတ်ထိတ် ဖြစ်နေကြရလေသည်။

မီးရထားလမ်းဘက် မြို့များတွင်လည်း ရာဇဝတ်ဝန်ကြီးနှင့်တကွ သူတို့မကြိုက်သည့် အရာရှိဆယ်ဦးခန့်ကို ဖမ်းထားသည်ဟု သိရသည်။ သူတို့ကိုလည်း ခုံတင်ပြီး စစ်ဆေးမည်ဟု ကြားရသည်။

ဆယ်ရက်မြောက်နေ့တွင် သူတို့အထဲမှ အရေးပါအရာရောက်သော သူတစ်ယောက် ညကြီးမင်းကြီး မောင်ပြုံးချိုထံ ပြေးလာပြန်သည်။

"ဘာထူးသလဲ" မောင်ပြုံးချိုက အေးအေးဆေးဆေး မေးလိုက်သည်။

"ထူးလို့ လာခဲ့တာပဲ"

"အင်း ဆိုစမ်းပါဦး"

"သန်ဘက်ခါ မီးရထားလမ်းက သူပုန်တွေ လာလိမ့်မယ်"

"အင်း ကျွန်တော့ကို ဖမ်းတော့မယ်ဆိုပါတော့"

"ဟုတ်တယ်၊ အဲဒါ ပြောမလို့ပဲ"

"ဖမ်းပါစေဗျာ၊ ကျုပ် အပြစ်မှမရှိဘဲ၊ ဖမ်းရင် သူတို့မှားမှာပေါ့"

"မဟုတ်ဘူးလေ၊ ခင်ဗျား ရှောင်နေပါ"



"ကျွန်တော်က မျက်နှာစုံညီ ရှင်းချင်တယ်"

"ဩော် ခင်ဗျားက တယ်ခက်တာကိုး၊ ဒီခေတ်က တရားတဲ့ခေတ် မဟုတ်ဘူး"

"သူတို့ဟာ သူတို့ဖမ်း၊ သူတို့ဟာ သူတို့စစ်ပြီး သူတို့ထင်တာ သူတို့ လုပ်မှာပဲ၊ ဒီတော့ ခဏဖြစ်ဖြစ် ရှောင်နေဖို့ ကောင်းတယ်"

မောင်ပြုံးချို အတန်ကြာအောင် စဉ်းစားနေလေသည်။ သူလည်း ငြိမ်နေသည်။ အနီးမှ တင်မကြီးလည်း စိတ်အိုက်နေသည်။ ခဏမျှကြာသော အခါ သူကပင် ဘယ်ကဘယ်လမ်းကို သွားလျှင် ကောင်းမည့်အကြောင်းကို ပြောနေပြန်လေသည်။ နောက်ဆုံး၌ မောင်ပြုံးချိုက "ကျေးဇူးတင်ပါတယ်ဗျာ" ဟု ပြောလိုက်လေသည်။

"ပြီးတော့ ခင်ဗျားတစ်ခု သတိထားစေချင်တယ်။ အခု ကျွန်တော် ဝင်လုပ်နေရတာ မလွှဲသာလို့နော်။ သိပ်လုပ်ချင်လှတာ မဟုတ်ဘူး။ နောက် အကြောင်းတစ်ခုခုရှိရင် ခင်ဗျား ဒီအချက်ကို မမေ့စေချင်ဘူး"

သူက အေးအေးနှင့် တည်တည်ကြီး ပြောသည်။ သူ့ ဆိုလိုရင်းကို မောင်ပြုံးချို သိပါသည်။ ထို့ကြောင့် ခေါင်းညိတ်လိုက်ပါသည်။

သူပြန်သွားသောအခါ တော်တော်နှင့် အိပ်မပျော်။ ဤနေရာတွင် ရန်များလှသည်ကား မှန်၏။ သို့သော် ဘယ်သွားရမည်နည်း။ သူ့အထက်က အရာရှိများလည်း ဘယ်ရောက်နေသည် မသိ။ သိဦးတော့ သူတို့ဆီရောက်အောင်သွားဖို့ မလွယ်ကူလှ။ လမ်းတွင် သူ့ကို မျက်မုန်းကျိုးနေသူများနှင့် တွေ့သော် မခက်ပါလော။ ယခုအခါတွင် လူ့အသက်သည် တစ်ပဲတစ်မူး လောက် တန်ပါသည်။ ရိုင်ဖယ်ကျည်ဆန်တစ်တောင့်ကို တစ်ပဲတစ်မူးနှင့် ဝယ်ယူ နိုင်သည့် အချိန်ပေတည်း။

အမှန်စင်စစ် သည်မြို့တွင် ဆက်နေလျှင် မောင်ပြုံးချိုအဖို့ ဘေးရန်များလှသည်။ သို့အတွက်ကြောင့် ထွက်ခွာရန် စီစဉ်ရလေတော့သည်။

မြို့ကို အပ်လိုက်ရ၍ ဆယ့်နှစ်ရက်မြောက်သောနေ့တွင် မောင်ပြုံးချို မြို့မှ ထွက်ခွာခဲ့ရလေသည်။ ၁၉၄၉ ခု၊ ဧပြီလ ၁၇ ရက်နေ့ သန်းခေါင်ကျော် ၁ နာရီအချိန် ဖြစ်သည်။ ဗေဒင်ဝါသနာပါလှသော တင်မကြီးက တနင်္ဂနွေနေ့နှင့်သောကြာနေ့ တစ်နေ့နေ့ထွက်လျှင် ကောင်းမည်ဟု ဟောသည်။ ထိုနေ့

သည်လည်း တနင်္ဂနွေနေ့ဖြစ်သည်။ ၁၆ ရက်နေ့ညဉ့်ဦးကတည်းက ထွက်ရန် စီစဉ်ထားသော်လည်း တနင်္ဂနွေနေ့ကူးအောင် စောင့်ရသေးသည်။ ထွက်သောအခါ အုန်းသီးကိုစား၍ ထွက်သွားရမည်ဆို၍ အုန်းသီးစိတ်လက်မလောက်ကိုလည်း အိတ်ထဲတွင် အဆင်သင့် ထည့်ထားရလေသည်။ ဗေဒင်မယုံသော မောင်ပြုံးချိုသည် အရေးထဲ ဇနီးသည်၏အလိုကို လိုက်နေရရှာသည်။

လမင်းသည် ပဝင်းနေလေသည်။ တစ်ခါတစ်ရံ မိုးတိမ်များ အကြားတွင် တူတူပုန်းတမ်း ကစားနေလေသည်။ ယုံကြည်ရသော မိတ်ဆွေ နှစ်ယောက်ဖြစ်သည့် မောင်မြင့်နှင့် မောင်ကျော်ဂေါင်တို့သည် မောင်ပြုံးချို၏ အိပ်ရာလိပ်နှင့် လွယ်အိတ်နှစ်လုံးယူကာ နောက်ဖေးပေါက်မှ ထွက်သွားကြသည်။ မောင်ပြုံးချိုလည်း သူတို့နောက်မှ ထွက်လိုက်လာလေသည်။ ဝင်းပြင်သို့ ရောက်သောအခါ သူ၏ဇနီး မှာလိုက်သည့်အတိုင်း အုန်းသီးစိတ်ကိုယူ၍ ကိုက်စားလိုက်ရလေသည်။ လည်ချောင်းတွင် နင်နေ၍ ထွေးလည်း ထွေးမပစ်လိုသောကြောင့် လည်ချောင်းကို သပ်ကာသပ်ကာ ပင်ပန်းကြီးစွာဖြင့် မျိုချရလေသည်။

အတော်ကလေး သွားမိသောအခါ မောင်မြင့်စီစဉ်ထားသည့် လှည်းရှိရာအိမ်သို့ ရောက်သွားကြလေသည်။ အိမ်ရှင်သည် ကပျာကသီနှင့်ထ၍ လှည်းပြင်လေသည်။ မောင်ကျော်ဂေါင်သည် အိပ်ရာလိပ်ကို လှည်းပေါ်တင်လိုက်လေသည်။ ခွေးတွေကလည်း ဟောင်လိုက်သည့်ဖြစ်ခြင်း ဆူညံနေတော့သည်။ သူပုန်တွေများ သိ၍ လိုက်ဖမ်းလျှင် မိတော့မည်။ မောင်ပြုံးချိုတို့သည် တထိတ်ထိတ်နှင့် လှည်းပေါ်သို့ ခပ်သုတ်သုတ် တက်ကြသည်။ မကြာမီပင် လှည်းသည် မောင်ပြုံးချိုတို့ကို တင်ဆောင်လျက် မြို့ထဲမှ ထွက်ခွာလာလေသည်။

ဘယ်သို့ သွားမည်နည်း။

ကြိုတင်စီမံထားသည့်အတိုင်း မောင်ပြုံးချိုတို့လှည်းသည် ကရင်ရွာကလေးသို့ ရှေးရှုမောင်းနှင်လေသည်။ ထိုရွာကလေးမှ ကရင်များသည် မောင်ပြုံးချိုအား ချစ်ခင်ကြသည်။ သူတို့သည် အခြားအရပ်ဒေသမှ ကရင်နှင့် ဗမာတိုက်ခိုက်နေကြစဉ် အထူးတုန်လှုပ်နေကြရာ မောင်ပြုံးချိုက သူတို့



အကြောင်းသိပြီးဖြစ်၍ အချို့ခြေထိုးမှုဘေးရန်မှ ကာကွယ်ခဲ့သည်။ သည်ကျေးဇူးကို သူတို့မမေ့ကြ။

တည်းခိုရမည့်အိမ်သို့ နံနက်လေးနာရီထိုးခါနီးမှ ရောက်လေသည်။ မောင်ပြုံးချိုသည် အိပ်ရာပေါ်တွင် လှဲ၍ ခေတ်အကြောင်းကို စဉ်းစားမိပြန်သည်။ သည်ခေတ်တွင် လူအများသည် မည်သည့်အတွက် တိုက်ချင်ခိုက်ချင် သတ်ချင်ဖြတ်ချင်နေကြပါသနည်း။

[ရှောင်ခြည်သစ် ၁၉၄၉ မေ ၂၁]

# အရှောင်

မောင်ပြုံးချိုသည် ကရင်ရွာကလေးမှာပင် ခိုလှုံလျက် အချိန်တွေကို ဖြုန်းနေရလေသည်။

ကရင်တို့ကား အတော်ညီညွတ်ကြသည်။ ထိုရွာတွင် ဘာသာရေးအားဖြင့် ဗုဒ္ဓဘာသာ၊ ဗရင်ဂျီဘာသာ၊ ရေဖျန်းဟူ၍ သုံးမျိုးကွဲနေသော်လည်း အားလုံးပင် စည်းလုံးညီညာသည်။ မောင်ပြုံးချိုကိုလည်း ချစ်ခင်လေးစားကြလေသည်။

မောင်ပြုံးချိုနေရသော အိမ်ကား သင်းအုပ်ဆရာကြီး၏အိမ် ဖြစ်သည်။ ဆရာကြီးသည် အသက် ၇၄ နှစ်ရှိပြီ။ သူ၏ဇနီးမှာ အသက် ၆၅ နှစ်။ သူ့သမီးတစ်ယောက်သာလျှင် အိမ်မှာရှိသည်။ သူသည် ကျေးရွာ အလယ်တန်းကျောင်းတွင် ကျောင်းဆရာမအလုပ်ကို လုပ်ကိုင်နေ၍ တစ်လ တစ်ကြိမ် မောင်ပြုံးချိုရုံးတွင် လခလာထုတ်ရသဖြင့် မျက်မှန်းတန်းမိနေသူ ဖြစ်လေသည်။ အဘိုးကြီး၊ အမယ်ကြီးတို့တွင် အခြားသော သားသမီးများလည်း ရှိပါသေးသည်။ အချို့သမီးများမှာ ရန်ကုန်တွင် ကျောင်းဆရာမများ လုပ်နေကြသည်။ သားတစ်ယောက်မှာ ခရစ်ယာန် တရားဟောဆရာလုပ်ရန် အင်းစိန်ကျမ်းစာသင်ကျောင်းတွင် တက်ရောက်သင်ကြားနေသည်ဟု ဆိုသည်။ အခြားသားတစ်ယောက်သည် ပဲခူးဘက်တွင် ကျောင်းဆရာလုပ်နေသည်။ သူတို့ မည်သို့မည်ပုံ ဖြစ်နေမည်ကို မိဘများမသိကြ။ အဆက်ပြတ်နေဟန်တူသည်။ သို့သော် များစွာ စိတ်ပူဟန်မပေါ်။ ဘုရားသခင် အလိုတော်အတိုင်း ဖြစ်လိမ့်မည်ဟု တရားနှင့်ဖြေနေကြသည်။ သို့သော် လမ်းမှန်သို့ ရောက်ကြပါစေဟု နေ့တိုင်းပင် အိမ်သူအိမ်သားများ ဆုတောင်းနေကြလေသည်။



အဘိုးကြီး၏သမီး ဆရာမလေးသည် မောင်ပြုံးချိုအား လိုလေသေးမရှိအောင် စောင့်ရှောက်ပြုစုရှာသည်။ နံနက်မိုးလင်းလျှင် မျက်နှာသစ်ရေအဆင်သင့်၊ မျက်နှာသစ်ပြီး၍ မကြာမီ ကော်ဖီရောက်လာသည်။ ဆယ်နာရီလောက်တွင် ရေချိုး၍ နံနက်စာ စားရသည်။ တစ်ခါတစ်ရံ စာဖတ်နေ၍ အချိန်လွန်နေလျှင် “ရေချိုးပါတော့။ ထမင်းဆာရင် ပြင်လိုက်တော့မယ်”ဟု ပြောလာပါသည်။ နေ့လယ်တွင် ကော်ဖီတစ်ခါတိုက်သည်။ ညနေတွင်လည်း ရေချိုးစေ၍ ညနေစာကို ငါးနာရီတွင် အချိန်မှန်မှန် ကျွေးလေသည်။

ဆရာမလေးကို မောင်ပြုံးချို ကျေးဇူးတင်၍ မဆုံး။

သင်းအုပ်ဆရာကြီးသည် ထိုကရင်ရွာကလေးကို စတင်တည်ထောင်သူများတွင် တစ်ယောက်အပါဝင် ဖြစ်သည်။ သူတို့သည် အစက ကျိုးပင်တက်အမည်ရှိသော ကရင်ရွာကလေးမှ ဖြစ်ကြသည်။ ထိုရွာမှနေ၍ ယခု ရွာတည်သည့် ပတ်ဝန်းကျင်ရှိ မြေယာများကို ခုတ်ထွင်ကာ လယ်ယာ၊ ကိုင်းကျွန်းများကို လုပ်ကိုင်ကြသည်။ ထိုစဉ်အခါက ထိုနေရာတစ်ဝိုက်သည် ဆင်နေ ကျားအောင်း တောကြီးဖြစ်သည်။ ထို့နောက် မိမိတို့နေအိမ်များနှင့် အလုပ် စခန်းများ ဝေးလှသောကြောင့် လွန်ခဲ့သော အနှစ်လေးဆယ်လောက်က ဤနေရာကို ရွာမိတ်ခံ၍ ရွှေ့ပြောင်းလာကြလေသည်။ ပြောင်းလာစဉ်က အိမ် နှစ်ဆယ်ခန့်သာ ဖြစ်သော်လည်း တဖြည်းဖြည်း တိုးပွားလာရာ ယခုမူ အိမ် ခြေသုံးရာခန့် ရှိနေပေပြီ။ အချို့လည်း အခြားအရပ်မှ ပြောင်းရွှေ့လာကြလေသည်။

မောင်ပြုံးချိုရောက်သည့်နေ့က တနင်္ဂနွေနေ့ဖြစ်သည်။ ဆရာကြီးသည် နံနက်ဘုရားရှိခိုးကျောင်းမှ ဆင်းလျှင် မောင်ပြုံးချို၏ အခန်းတွင်းသို့ ဝင်ကာ နှုတ်ခွန်းဆက်လေသည်။ သူသည် သားသားနားနား ဝတ်ဆင်ထားသည်။ အပေါ်အင်္ကျီအနက်ကိုဝတ်၍ ခေါင်းပေါင်းကိုလည်း အစရှည်ရှည် ချထားလေသည်။ သူသည် မောင်ပြုံးချို၏ ခုတင်စွန်းတွင်ထိုင်၍ “မြို့အုပ်မင်းတော့ ပျင်းနေတော့မှာပဲ”ဟုဆိုကာ အင်္ဂလိပ်ဘာသာနှင့် ရေးထားသော မဂ္ဂဇင်းတစ်စောင်နှင့် ကရင်လူငယ်များ အစည်းအရုံးမှ ထုတ်ဝေသော တိုင်းရင်းသားမဂ္ဂဇင်းကို အပျင်းပြေဖတ်ရန် ပေးလေသည်။

ထို့နောက် စိတ်အေးလက်အေး နေထိုင်ရန် အားပေးစကားပြောသည်။ ပြောတိုင်းပြောတိုင်း သမ္မာကျမ်း စာအုပ်ထဲမှ စာပုဒ်များကို ရွတ်၍ ရွတ်၍ ပြောလေသည်။ သူသည် သမ္မာကျမ်းစာကို အတော်ကျေနေပုံ ရလေသည်။ သူ့အဆိုအားဖြင့် မောင်ပြုံးချို သူတို့ရွာသို့ ရောက်လာရခြင်းမှာ ထာဝရ ဘုရားသခင်၏ အလိုတော်အတိုင်း ဖြစ်သည်။ သူတို့အားလုံး သည်လိုပဲ ယူဆကြလေသည်။

ဆရာကြီးသည် သည်လိုပင် မကြာခဏ မောင်ပြုံးချိုနှင့်လာ၍စကား ပြောတတ်သည်။ တစ်ခါတစ်ရံ အင်္ဂလိပ်စကားများကို ညှပ်၍ ပြောသည်။ တစ်ခါတစ်ရံ သူသည် ပြောချင်သည့် စကားကို မြန်မာစကားလုံး ရှာမရ၍ အတော်ကြာအောင် စဉ်းစားပြီးမှ ပြောရလေသည်။ မြန်မာစကားကို ရေလည်အောင် မပြောတတ်ရှာ။ သူ့ကရင်စာကို မြတ်နိုးသည်။ ကရင်လူမျိုး ကို သူချစ်သည်။ ကရင်ဖြစ်လျက်နှင့် ကရင်စကားမပြောတတ်။ သူ့ကိုယ်သူ တွေးလျှင် သူဝမ်းနည်းသည်။ ကရင်ဖြစ်လျက်နှင့် ကရင်စာကို မဖတ်တတ်လျှင် ယူကျုံးမရဖြစ်သည်။ ကရင်လူမျိုးကို မချစ်တတ်လျှင် သူစိတ်မကောင်း။ သူသည် အမြဲပင် ရွှင်နေလေသည်။ အသားအရေများပွ၍ ဦးခေါင်းတွင် အနာများပေါက်လျက် ကျန်းမာရေး မကောင်းလှသော်လည်း သူ တရားတွင် အထူးမွေ့လျော်၍ ပျော်နေလေသည်။ ဟင်းမ်ခေါ် ဓမ္မတေးသံများကို မကြာ ခဏသီကျူးနေတတ်လေသည်။ ဒုက္ခရောက်နေသူများအတွက်လည်း ဘုရား သခင်ထံတွင် ယုံကြည်လေးစားစွာ ဆုတောင်းပေးလေသည်။

"မြို့အုပ်မင်း ဘာမှ ဘေးမဖြစ်နိုင်ပါဘူး။ ဘုရားသခင်ထံမှာ ကျုပ် အမြဲဆုတောင်းနေပါတယ်"ဟု အားပေးစကား မကြာခဏ ပြောတတ်လေရာ မောင်ပြုံးချိုအဖို့ ဘာသာချင်းမတူသော်လည်း သူ့စေတနာကို အထူးလေးစား ကျေနပ်လျက် အားတက်မိလေသည်။ သူ၏မေတ္တာကို အထူးခံယူရလေသည်။ အသင်းလူကြီးငါးယောက်တို့သည် ထောင်တွင် အကျဉ်းခံနေရသော သူတို့ မိတ်ဆွေကြီး ဦးသာအေးဆိုသူ ပင်စင်ရ ကရင် ပညာအုပ်ကြီး အတွက်လည်း နေ့စဉ်နေ့တိုင်း ညနေ ၄ နာရီခန့်တွင် အမြဲပင် ကျမ်းစာများကို ရွတ်ဖတ် သရဇ္ဈာယ်၍ ဆုတောင်းကြလေသည်။ တစ်နေ့သော် မောင်ပြုံးချိုသည် သူတို့ ဆုတောင်းနေသည့်နားတွင် ထိုင်၍ နေမိသည်။ သူတို့ပြောဆိုကြသည်ကို



နားမလည်။ သူတို့ရွတ်ဆိုကြသည့် အဓိပ္ပာယ်ကိုလည်း မသိ။ သို့သော် သူတို့ စိတ်ပါလက်ပါ ဆုတောင်းရွတ်ဆိုနေကြပုံကို တွေ့ရသောအခါ အထူးပင် ကြေကွဲမိတော့သည်။

"ဦးသာအေး ထောင်ကလွတ်ဖို့ ဆုတောင်းလာတာ နှစ်လရှိတော့ မယ်"ဟု တစ်ယောက်က ပြောလေသည်။

"မလွတ်သေးဘူးလား"ဟု မောင်ပြုံးချိုက မေးလျှင် "ဘုရားသခင် အလိုတော်အတိုင်းပေါ့"ဟု ဆရာကြီးက ပြောလေသည်။ သူတို့သည် ထာဝရဘုရားသခင်ကို အထူးကိုးစားသည်။ ဒုက္ခရောက်လျှင်လည်း ဘုရား သခင် အလိုတော်အတိုင်းဟုဆိုကာ စိတ်ကိုဖြေနိုင်ကြလေသည်။ သုခနှင့် တွေ့လျှင်လည်း ဘုရားသခင်ကိုပင် ချီးကျူးကျေးဇူးတင်ကြလေသည်။

"ဒီရွာမယ်တော့ ဘာမှမဖြစ်နိုင်ပါဘူး။ ကျွန်မတို့အမေက အမြဲပဲ ဘုရားသခင်ထံမယ် ဘေးဥပဒ်ကင်းဖို့ ဆုတောင်းနေပါတယ်"ဟု ဆရာမ လေးက ယုံယုံကြည်ကြည်ကြီး ပြောလေသည်။ သူတို့ရွာတွင် အင်္ဂလိပ်အပြေး တုန်းကလည်း အချို့မလိုသူ မြန်မာတို့ ကုန်းချောမှုကြောင့် ဘီအိုင်အေစစ်ဗိုလ် များ အငြိုးထားခြင်းကို ခံခဲ့ရကြောင်း၊ ဂျပန်အပြေးတွင်လည်း ဆုတ်ပြေး လာသော ဂျပန်တို့သည် ထိုရွာသို့ ဝင်ရောက်လာသော်လည်း ရမ်းရမ်း ကားကား ပြုမူသွားခြင်းမရှိကြောင်း၊ ယခုတစ်ဖန် အရုပ်ရုပ်တွင် မြန်မာနှင့် ကရင်အချင်းချင်း တိုက်ခိုက်မှုများ ဖြစ်နေ၍ သူတို့ရွာကိုလည်း မလိုသူများက အမျိုးမျိုး ပြောဆိုခဲ့ကြသော်လည်း နောက်ဆုံးတွင် ဘာမျှမဖြစ်ခဲ့ကြောင်း ဤကဲ့သို့ ဘေးဥပဒ်အပေါင်းမှ လွတ်လာခဲ့ခြင်းမှာ သူတို့ရွာတွင် သူတော် ကောင်းရှိ၍ ဖြစ်ကြောင်း၊ ထိုသူတော်ကောင်းကား အခြားမဟုတ်။ မောင်ပြုံးချို တည်းခိုပုန်းအောင်းနေသောအိမ်မှ သင်းအုပ်ဆရာကြီးပင် ဖြစ်သည်ဟု အမှတ် ပြုထားကြလေသည်။ သူသည် ရွာသူရွာသားတို့အဖို့ ဘေးဥပဒ်အန္တရာယ် အသွယ်သွယ်မှ လွတ်ကင်းချမ်းသာ၍ အမြဲသဖြင့် ပျော်ရွှင်စေရန် ဘုရားသခင် ထံတွင် တစ်နေ့လျှင် ၃ ကြိမ်ထက်မနည်း ဆုတောင်းဝတ်ပြုနေသည် မဟုတ်ပါလော။

ရေဖျန်းသင်းဝင် စာဖြူကရင်အပြင် ရေနစ်သင်းဝင်စာနီဟုခေါ်သော ဇရင်ဂျီဘာသာဝင် ကရင်များလည်း ရှိနေပေသေးသည်။ သူတို့သည်

မြောက်ဘက်ပိုင်းတွင် နေကြလေသည်။ သူတို့လည်း သူတို့ဘာသာအလိုက် ထေရဝါဒဘုရားသခင်ကို သက်ဝင်ယုံကြည်သူများ ဖြစ်ကြလေသည်။ စာဖြူများ ဘုရားရှိခိုးသလို သူတို့လည်း ဘုရားရှိခိုးကြသည်။ ဘုရားရှိခိုးကျောင်းတွင် စာဖြူများက ခေါင်းလောင်းထိုးသည်။ စာနီများက မောင်းထုကြလေသည်။

စာနက်ဟုခေါ်သော ဗုဒ္ဓဘာသာကရင်များကား ရွာ၏တောင်ဘက်များတွင် နေထိုင်ကြလေသည်။ သူတို့ထဲတွင်လည်း မောင်ပြုံးချို၏ မိတ်ဆွေတွေ အများပင် ပါဝင်လေသည်။ ရွာဦးတွင် ဘုန်းကြီးကျောင်းတစ်ကျောင်း ရှိလေသည်။ ကျောင်းအဆောက်အအုံကလေးမှာ ကျယ်ဝန်းသော ဥယျာဉ်အလယ်တွင် အတော်သပ်သပ်ရပ်ရပ်နှင့် နေချင့်စဖွယ် ရှိလေသည်။ ကျောင်းပရဝုဏ်အတွင်းတွင် ငှက်ပျော၊ သြဇာ၊ မာလကာ၊ ပိန္နဲ၊ သရက်အစရှိသော သီးပင်ပန်းပင်များနှင့် တန်ဆာဆင်ထားလေရာ သာတောင့်သာယာ ရှိလှတော့သည်။ နှုတ်ခမ်းတွင် အုတ်များစီထားသည့် ရေတွင်းကလေး မှာလည်း သန့်သန့်ရှင်းရှင်း ရှိလှတော့သည်။ သို့သော် ထိုကျောင်းတွင် ကျောင်းထိုင်ဘုန်းကြီး မရှိ။ ဝမ်းနည်းစရာပင်။

"ဘာဖြစ်လို့ ဘုန်းကြီးမရှိတာလဲဗျ"

ဦးတိုင်းအမည်ရှိသော ဗုဒ္ဓဘာသာ ကရင်အဘိုးကြီးကို မေးမိလေသည်။

"ဘုန်းကြီးကလည်း အရှားသားပဲဗျာ"ဟုဆိုလေသည်။

"ဒါဖြင့်လည်း ခင်ဗျားတို့အထဲက တစ်ယောက်ယောက် ဘုန်းကြီးလုပ်ပြီး ကျောင်းထိုင်ဖို့ ကောင်းတယ်"

မောင်ပြုံးချိုက ဆိုပြန်လေသည်။

"ဟာ ဟာ မဖြစ်ပါဘူး"

အနီးတွင်ရှိသော ဦးမောင်ကြီးက အလန့်တကြားနှင့် ဟန့်သည်။

"ဒါမှမဟုတ်လည်း မဲချပြီးတော့ တစ်ယောက်တစ်လဲပေါ့ဗျာ၊ တစ်နှစ်တစ်ယောက်ဖြစ်ဖြစ်၊ တစ်လဲစီ ဘုန်းကြီးလုပ်ပြီး ကျောင်းထိုင်ကြပေါ့ဗျ။ ဒါမှ ဘုန်းကြီးရှာရတဲ့ ဒုက္ခငြိမ်းမယ်"

"ဟာ ဟာ ဒီလိုလုပ်လို့ မဖြစ်ပါဘူး"

ဦးတိုင်းရော ဦးမောင်ကြီးကပါ နှစ်ဦးစလုံး ထိတ်ထိတ်ပျာပျာနှင့် လက်ကာကြသည်။ ဗုဒ္ဓဘာသာ ကရင်များသည် မြန်မာများနှင့် အတော်နီးစပ်လေသည်။ စင်စစ်အားဖြင့် သူတို့သည် မြန်မာနှင့် များစွာ ခွဲခြား၍ မရပေ။ အချို့ဗုဒ္ဓဘာသာကရင်များသည် ကရင်စကားကိုပင် ကောင်းကောင်း မပြောတတ်ကြတော့ချေ။ ကရင်စာကိုလည်း ကောင်းကောင်း မဖတ်တတ်ကြတော့။ နာမည်များသည်လည်း မြန်မာနာမည်များ ဖြစ်လေသည်။ ဦးတိုင်း၊ ဦးမောင်ကြီး၊ ဦးမြအေး၊ ဦးမောင် ဟူသော နာမည်များသည် မြန်မာနာမည်များဖြစ်ကြလေသည်။ အခုမှ သူတို့နာမည်ရှေ့တွင် တိုက်တွန်းချက်ရှိ၍သာ 'စော'ကို ထည့်၍ ခေါ်စမှတ်ပြုလာကြရပြန်သည်။



ကရင်ရွာတွင် ကိုးရက်မျှ နေခဲ့သည့် အတောအတွင်း မောင်ပြုံးချိုသည် ကရင်အကြောင်းကို ပိုမို၍ သိလာလေသည်။

သူတို့နှင့် နီးနီးကပ်ကပ်နေခဲ့ရသည့်အပြင် သူတို့နှင့်ပတ်သက်သော စာအုပ်စာတမ်းများကိုလည်း ဖတ်ခဲ့ရလေသည်။ ထိုစာအုပ်များကား အင်္ဂလိပ်စာ၊ မြန်မာစာတို့ဖြင့် ရေးသားထားသော စာအုပ်များ ဖြစ်သည်။ ကရင်လိုရေးထားသည့် စာအုပ်များလည်း အများပင် ရှိလေသေးသည်။ ကရင်ဘာသာကို တတ်၍ ထိုစာအုပ်များကို ဖတ်စွမ်းနိုင်လျှင် သည့်ထက် ဗဟုသုတ တိုးပေလိမ့်ဦးမည်။

တစ်နေ့သော် သင်းအုပ်ဆရာကြီးသည် စာအုပ်ထူထူ သုံးလေးအုပ်ကို ကိုင်၍ မောင်ပြုံးချို၏အခန်းတွင်းသို့ ဝင်လာလေသည်။

"မြို့အုပ်မင်း ပျင်းနေရင် ဒီစာအုပ်တွေ ဖတ်ကြည့်ပါလား" သူသည် စာအုပ်များကို လှမ်းပေးပြီး ပြန်ထွက်သွားလေသည်။ အားလုံးပင် အင်္ဂလိပ်ဘာသာနှင့် ရေးသားထားသော စာအုပ်များ ဖြစ်လေသည်။

မောင်ပြုံးချိုသည် မိမိဖတ်ရင်းစွဲဖြစ်သော ဣစတိန်ရေးသည့် 'တရုတ်ပြည်မှ မပြီးသေးသော တော်လှန်မှု'စာအုပ်ကို အသာချထား၍ ထိုစာအုပ် သုံးအုပ်ကို တစ်အုပ်ပြီးတစ်အုပ် ဖတ်နေလေသည်။

သုံးရက်မြောက်နေ့တွင် ထိုစာအုပ် သုံးအုပ်စလုံး ဖတ်၍ ပြီးစီးသွားလေသည်။

မောင်ပြုံးချိုသည် ထိုစာအုပ်တွေကိုဖတ်ရင်း ဒေါသလည်း ဖြစ်ရသည်။ နောင်တလည်း ရမိသည်။ ယူကျုံးမရလည်း ဖြစ်ရသည်။ ကြေကွဲမိသည်။

နယ်ရဲ့သမားတို့ကား လာဘ်မြင်ကြပါပေသည်။ ခြေထိုးကောင်းကြပါပေသည်။ သူတို့၏ခြေတံရှည်ကြီးပေါ်တွင် ဗမာရော၊ ကရင်ပါ တလိမ့်ခေါက်ကွေး အစုလိုက်အပြုံလိုက် မှောက်လျက်လဲကြသည်တကား။

[ရှောင်ခြည်သစ် ၁၉၄၉ မေ ၂၈]

## အပုန်း

၁

အိမ်ရောက်ဖို့မှ တစ်ရက် ရှိသေး။ လစ်ခဲ့ရပြန်ချေပြီ။

ညဥ့်သန်းခေါင်ကြီးတွင် မြို့ထဲမှ ကားသံတွေ ကြားရသည်။ အလိုဘယ်က ကားတွေပါလိမ့်လဲ။ သွားကြစမ်းပါဦး။ ကြည့်ကြစမ်းပါဦး။ သူ့လူယုံနှစ်ယောက် ပြေး၍ ထောက်လှမ်းကြသည်။ စုံစမ်းကြသည်။ မောင်ပြုံးချိုကတော့ တထိတ်ထိတ်နှင့် တံခါးပိတ်၍ စောင့်နေရသည်။ ဘယ်လိုသတင်းများ ကြားရမှာပါလိမ့်၊ အတော်ကြာမှ သူတို့တစ်တွေ အူယားဖားယားပြန်ပြေးလာကြသည်။ ဟောဟဲ၊ ဟောဟဲနှင့် ပါးစပ်ကြီးတွေ ပြဲနေ၍ တော်တော်နှင့် စကားမပြောနိုင်ကြ။

"ဟေး လုပ်စမ်းပါဦး၊ ဘယ်ကကားတွေလဲ"

မောင်ပြုံးချိုက သိချင်ဇောနှင့် အလောသုံးဆယ် ဆီး၍ မေးသည်။

"အမယ်လေး၊ အမယ်လေး၊ မြန်မြန်လုပ်ပါ၊ သွားမှဖြစ်မယ်။ သူပုန်တွေခင်ဗျ၊ သူပုန်တွေ။ လုပ်ပါ လုပ်ပါ၊ မြန်မြန်"သူ့ခမျာ ကြောက်အားပို၍ ဇောချွေးတွေ ပြန်နေသည်။

"ဟ နေစမ်းပါဦး၊ ဘယ်သူတွေလဲ၊ ဘယ်ကသူပုန်တွေလဲ" မောင်ပြုံးချိုက မေးနေပြန်သည်။

"အမယ်လေး သူပုန်တွေ အများကြီးပဲခင်ဗျ၊ ဝဝကြီးလည်း ပါတယ်၊ ပုပုလေးလည်း ပါတယ်၊ ပိန်ပိန်လည်း ပါတယ်၊ ဆရာ့ကို ဖြောင်ပစ်မယ်ဆိုတဲ့ သူပုန်တွေလည်း ဒေါမိဂန်းကြီးနဲ့ဗျ။ ပြီးတော့ စလင်းဂန်းတွေလည်း အများကြီးပဲ။ လသို့ကြီးနဲ့ ပလင်းဂန်းကြီး မြင်တယ်ဗျ"

မောင်ပြုံးချို၏ တပည့်ကျော်သည် စကားပင် မှန်မှန်မပြောတတ်တော့ချေ။ အတော်ပင် တုန်လှုပ်ချောက်ချားနေရှာသည်။ အင်း ကြောက်လည်းကြောက်စရာပေကိုး။

သည်ကြောက်ရောဂါမှာကား ဟိုကျောက်ရောဂါထက်ပင် အကူးအစက်မြန်လှသည်။ သူ့မျက်နှာထားကို မြင်ရ၍ သူ့အသံကို ကြားရသောအခါ မောင်ပြုံးချိုတို့ တစ်အိမ်သားလုံးလည်း ကယောင်ကတန်း ဖြစ်ကုန်လေတော့သည်။ အင်း တော်တော်ကြာ အိမ်ကိုများ လာဝိုင်းလေမလား။ ရိုးရိုးဝိုင်းသော် တော်ပါသေးရဲ့။ ပစ်လား ခတ်လားလုပ်ရင် ဒုက္ခ။ ပြေးမှ တော်မည်။ လစ်မှတော်မည်။ သွားတော့မယ်ဆို နေတယ်လို့ဖြစ်ဘူး။

ပြေးရင်း လွှားရင်း သူလိုက်ဖမ်းဖူးသည့် လူဆိုးဝရမ်းပြေးများကို သတိရမိလေသည်။ အခုမှ ကိုယ်ချင်းစာနေလေသည်။

၂

သည်တစ်ခါတော့ မောင်ပြုံးချို ကရင်ရွာသို့ မသွားတော့ပါ။ အဘယ်မှာလျှင် သွားရဲအံ့နည်း။ 'အရာရှိဆိုး မြို့ပိုင် ပြုံးချိုသည် ကရင်နဲ့ ပေါင်း၍ ညစ်ပတ်သောအကြံကို ကြံနေသည်'ဟူသော 'လျှာထိုးမှု'ကို သန့်သန့်မျှကြားနေရပါသည်။

သူရောက်နေသောမြို့စွန်ရှိ အိမ်ကလေးကား ခပ်ကျဉ်းကျဉ်း။ အိမ်ပေါ်မှ အောက်ကို ရဲရဲမဆင်းဝံ့၊ အိပ်ရာမှထလျှင် အိမ်ပေါ်မှာပင် မျက်နှာသစ်ရသည်။ ဝမ်းသွားလိုလျှင် အိမ်အောက်တွင် လူစိမ်းသူစိမ်းများ ရောက်နေမည်လားဟု အရိပ်အခြည်ကြည့်ပြီးမှ ဆင်းရဲသည်။ နံနက်စာကိုလည်း အိမ်ပေါ်မှာပင် စားရသည်။ အတော်လေး နေမြင့်လာလျှင် သွပ်မိုးရှိန်ကြောင့် ချွေးတလုံးလုံးနှင့် ဖြစ်လာသည်။ သည်အခါကျတော့ အောက်ထပ်သို့ ဆင်း၍ ကန့်လန့်ကာ အတွင်းဝယ် အိမ်တွင်းပုန်းနေရသည်။ အခင်းလေး သွားလိုလျှင် အနီးအနားမှာပင် ကြမ်းပျဉ်ကို ဖြဲ၍ ကိစ္စပြီးရသည်။

တယ်လည်း စိတ်ကျဉ်းကျပ်ပါကလား။ ကန့်လန့်ကာပါးပါးကလေး အတွင်း နေရသည်ပင် သည်လောက် စိတ်ညစ်သူးနေရလျှင် အုတ်နံရံထူထူကြီးအတွင်း နေရသည့် အကျဉ်းသမားများအဖို့ ဆတက်ထမ်းပိုး အနေကျပ်ရှာ



ကြပေမည်။ သည်လို စဉ်းစားရင်း မောင်ပြုံးချိုသည် သူ့မိတ်ဆွေ နိုင်ငံရေးအကျဉ်းသမားများ၏ မျက်နှာကို မြင်ယောင်မိသည်။ ထို့နောက် သူ ထောင်ချလိုက်ဖူးသည့် တရားခံများကိုလည်း သတိရလာသည်။

၃

ကတိုက်ကရိုက် ပြေးလာရ၍ ဖတ်စရာစာအုပ်များပင် ပါမလာ။

တစ်နေ့ပြီး တစ်နေ့ သည်ကန့်လန့်ကာနောက်ကွယ်တွင်သာ အချိန်ကုန်ရသည်။ ထိုအိမ်တွင်ရှိသည့် စာအုပ်စာတမ်းများသာလျှင် မောင်ပြုံးချို၏ အဖော်များ ဖြစ်တော့သည်။ မဂ္ဂဇင်း၊ ဂျာနယ် အဟောင်းအနွမ်းများကို တစ်ခုပြီးတစ်ခုဖတ်ရင်း အပျင်းဖြေနေရသည်။ အချို့သော သူရိယမဂ္ဂဇင်းများမှာ နှစ်ပေါင်းနှစ်ဆယ်၊ အစိတ်ခန့်က ထုတ်ဝေသော မဂ္ဂဇင်းများ ဖြစ်သည်။ ထိုမဂ္ဂဇင်းများတွင်ပါသည့် စုံထောက် မောင်စံရှားဝတ္ထုများသည် မောင်ပြုံးချိုအဖို့ မရိုးနိုင်။ သူ့ဝတ္ထုများကို ဖတ်ရင်း မောင်ပြုံးချိုသည် အခန်းကျဉ်းကလေးမှထွက်၍ ဦးစံရှား၊ ဦးသိန်းမောင်တို့နှင့်အတူ ရန်ကုန်မြို့ကြီးသို့ ရောက်သွားလေသည်။ တစ်ခါတစ်ရံ သူတို့နှင့်အတူ လူဆိုးဖမ်းရာသို့ လိုက်သွားမိသည်။ သည်လိုအခါမျိုးတွင် မောင်ပြုံးချိုသည် သူကျရောက်နေသည့်ဘဝကိုပင် သူမေ့နေတတ်လေသည်။ သည်တွင်မကသေး နိုင်ငံခြားတိုင်းပြည်များအကြောင်းကို ရေးသားထားသည့် ဆောင်းပါးများကိုလည်း ဖတ်ရသေးသည်။ သည်လိုအခါမျိုးတွင်လည်း မောင်ပြုံးချိုသည် အင်္ဂလန်၊ အမေရိကန်၊ ဂျပန်တိုင်းပြည်အသီးသီးသို့ ခဏချင်းရောက်သွားကာ လှည့်လည်နေလိုက်လေသည်။ ဤသည်လျှင် မောင်ပြုံးချို၏ စိတ်ပျော်ရွှင်မှုများ ဖြစ်တော့သည်။

သည်အထဲ သူနေရသည့်အိမ်တွင် ညေ့သည်ထူလိုက်သည့်ဖြစ်ခြင်း။ ညေ့သည်ထူလေလေ မောင်ပြုံးချို အနေကျပ်လေလေ။ လာသည့် လူတွေကလည်း စုံပါဘိ။ လယ်သမားလည်း ပါသည်။ အင်းသမားလည်း လာသည်။ ကိုင်းသမားလည်း ရောက်သည်။ သူတို့ပြောသည့် စကားတွေကိုလည်း အမျိုးစုံကြားရသည်။ သူတို့ထင်မြင်ချက်တွေကို အထိန်းအသိမ်းမရှိ

အားမနာတမ်း ပြောနေကြသည်။ သူတို့စကားတွေကို မောင်ပြုံးချို နားထောင်နေမှန်းသိလျှင် သည်လောက် အားရပါးရကြီး ပြောချင်မှပြောပေမည်။

"ဟိုလူကြီးတော့ ပွတာပဲ၊ အစိုးရသစ်ကွက်က သစ်တွေလည်း ကုန်တော့မယ်။ ပြီးတော့ ဆန်အိတ်တွေ ရောင်းတာကလည်း အတော်ဟန်သတဲ့"

"သူကတော့ ဒီလိုအပေါက်မျိုး ကြည့်နေတာပဲ။ ဘီအိုင်အေလက်ထက်တုန်းကလည်း သူဒီလိုလုပ်တာပဲ"

"အမယ် သူ့သမက်က ဒီထက် ဟန်သေးဆရာ။ အခုဆိုခြောက်လုံးပူး နှစ်လက်ကို ဟိုဘက် ဒီဘက် ထိုးပြီး လမ်းချည်း လျှောက်နေတာပဲ။ သူ ကလည်း သူ့ခြေရာနင်းနိုင်မယ့် သမက်ကို ရှာထားတာပေါ့"

ထိုကဲ့သို့ ပြောဆိုသံများကိုလည်း ကြားရသည်။

"အင်းတွေ လေလံပစ်တော့မယ်ဆိုပဲ။ ကျုပ်တို့တော့ ဒီတစ်ခါ အရဆွဲရမယ်"

"ဒီလိုဆိုရင် ပွကြဦးမှာပေါ့"

"ဟော့ တော်တော်ကြာ သူတို့အချင်းချင်း စားခွက်လုနေတာနဲ့ ဆော်ကုန်ကြမှာပါ"

သည်လိုအသံများကိုလည်း ကြားရသည်။

"ဒီနှစ်တော့ ကျုပ်တို့ လယ်များများလုပ်ရမှာပဲ။ မနှစ်က ဗတလစတွေ လုပ်တာက မတရားဘူးတော့။ သိလား။ ဘုတ်တွေက သူတို့ထင်တာ လျှောက်လုပ်တာ။ အဲဒါတွေ ဒီနှစ် အကုန်လုံးဖျက်ပစ်ပြီး လယ်ပိုင်ရှင်တွေ ကေါ်ဆယ်ထိ လုပ်ခွင့်ပြုမလို့တဲ့"

လယ်ပိုင်ရှင်ကလေးက ဤသို့ အားရပါးရကြီး ပြောနေသည်။

"ဘယ်ဟုတ်မလဲဗျ၊ မနှစ်က ခင်ဗျားတို့ တစ်တုံးထွန်ပေးတာတောင် များလှပြီ။ ဒီနှစ်တော့ အကုန်လုံးပြန်ယူရမယ်။ ဟိုတစ်နှစ်က လုပ်တဲ့အတိုင်း ပြန်လုပ်ရမယ်။ မနှစ်ကမှ လုပ်တဲ့လူတွေအားလုံး နှင်ထုတ်ရမယ်"

"တော်တော်မတရားပြောတဲ့ လူပဲ"

"ဘာမတရားရမှာလဲ၊ ခင်ဗျားတို့သာ မတရားတာ"

သည်လို စကားစစ်ထိုးသံများကိုလည်း ကြားရပါသည်။



"အခုမှပဲ အေးတော့တယ်တော်၊ အဖြူတွေ မလာခင်တုန်းကများ တိုက်လိုက်တဲ့ဓားပြ၊ ပုလိပ်ကလည်း ဘာမှမလုပ်ဖူးတော့၊ သူတို့ ကိုယ်တိုင်ပဲ ထွက်တိုက်နေသလားမသိပါဘူး။ မြို့ပိုင်ကလည်း ဘာမှမလုပ်ဘူး။ အလကား လခ ညာစားနေတာပဲ"

"ဘယ်ဟုတ်မလဲဗျ၊ ဓားပြဖမ်းဖို့က ပုလိပ်အလုပ်ပဲ။ မြို့ပိုင်နဲ့ ဘာဆိုင်လို့လဲ။ ခင်ဗျားတို့က တယ် အစိုးရကို အပြစ်ပြောချင်တယ်။ တော်တော်ကြာတော့မှ နားခေါင်းကျည်ပွေ့ တွေ့မယ်သိလား။ အစိုးရမှာ ဘယ်အခက်အခဲတွေ ရှိနေတယ်ဆိုတာ သိရဲ့လား" အိမ်ရှင်က ပုန်းအောင်းနေသော မောင်ပြုံးချိုကို အားနာသောအားဖြင့် ကာကွယ်ပြောသည်။

"မသိပါဘူးတော်၊ ပြောစမ်းပါဦး"ဟု ပြန်စစ်မေးလိုက်သည်။

"ကျုပ်လည်း မသိဘူး"ဟူသောအဖြေသည် တစ်မှဟုတ်ခြင်း ထွက်ပေါ်လာသည်။

နားထောင်နေသူအားလုံး ဝါးခနဲ ရယ်လိုက်ကြသည်။ မောင်ပြုံးချိုလည်း ကျိတ်၍ပြုံးမိသည်။

"အခက်အခဲတွေတော့ အများကြီးပဲ။ ဘာတွေရယ်လို့တော့ ကျုပ်မပြောတတ်တော့ဘူး"

သူ့စကားကို သူ ပြင်၍ပြောလိုက်သည်။ ရယ်သံကား မရပ်ကြသေး။ သည်လို အငြင်းပွားသံများကိုလည်း မောင်ပြုံးချို ကြားရသည်။

သည်လို ပြောသံဆိုသံတွေ၊ အငြင်းပွားသံတွေ အတင်းပြောသံတွေကို ကြားနေရသောအခါ အပျင်းပြေပါသည်။ တစ်ခါတစ်ရံ သူကိုယ်တိုင်ထွက်၍ သူတို့နှင့်အတူ ရောနှောကာ ပြောချင်ဆိုချင်ပါသည်။ ငြင်းချင်ပါသည်။ သို့သော် သူ့ဘဝကား လူမြင်ခံဝံ့သော ဘဝမဟုတ်သေး၍ ကန့်လန့်ကာအတွင်းဝယ် ဆိတ်ဆိတ်နေရရှာသည်။

လေးရက်မြောက်သောနေ့တွင် အိမ်၌ရှိသော စာအုပ်တွေအားလုံး ဖတ်၍ ကုန်လေတော့သည်။ အခုမှ ခက်တော့သည်။ သည်အခန်းလေးအတွင်းဝယ် မောင်ပြုံးချိုသည် စာအုပ်ကိုသာ အဖော်လုပ်ခဲ့ရသည်။ အခုတော့ အဖော်အပေါင်း မရှိတော့ပြီ။

သူတို့နှင့်နေရလျှင် မောင်ပြုံးချိုသည် သူ့ဘဝကိုပင် သူမေ့နေခဲ့သည်။ သူတို့နှင့် စကားလည်း ပြောရသည်။ တေးသီချင်းကိုလည်း သီဆိုရသည်။ ရာဇဝင်၊ နိုင်ငံရေး၊ ဘာသာရေး စသည်များကိုလည်း ဆွေးနွေးရသည်။ မှတ်သားရမည်။ ယခုတော့ သူတစ်ကိုယ်တည်းရှိတော့သည်။ သည်တော့မှ ပျင်းစရာကောင်းလာတော့သည်။ တောင်တွေး မြောက်တွေးနှင့် စိတ်ဆင်းရဲရသည်။

မောင်ပြုံးချိုသည် အိပ်ရာပေါ်တွင် လူးလိမ့်ရင်း 'ကမ္ဘာကြီး ပျက်စီးတော့မည်လော' ဟုလည်း တွေးမိသည်။ "တို့မြန်မာပြည်ကြီးကော ခက်ကုန်တော့မည်လော" ဟု ခပ်တိုးတိုး ရေရွတ်မိသည်။ သည်လို တွေးနေသည့် မိနစ်စက္ကန့်အတွင်းမှာပင် မြန်မာအချင်းချင်း၊ တိုင်းရင်းသားအချင်းချင်း သတ်၍ သေနေကြမည်ဖြစ်သော လူရွယ်လူလတ်များ၏ သွေးအလိမ်းလိမ်း ကပ်နေသော အလောင်းများကို မြင်ယောင်မိသည်။ များလှသောင်းသောင်း လင်းတအပေါင်းတို့သည် ပြည်ထောင်စုသားတွေ၏ အူသိမ်၊ အူမ၊ အသည်း နှလုံးတို့ကို ထိုးဆွဆိတ်ဆွဲ၍ စားသောက်နေကြသည်ကိုလည်း မြင်ယောင်မိသည်။

မောင်ပြုံးချို ကြက်သီးဖြန်းဖြန်းထမိသည်။ မျက်လုံးပြူး၍ "ကယ်တော် မူကြပါ" ဟု မအော်မိရန် မနည်းကြီးချုပ်တည်းထားလိုက်ရသည်။ သူသည် သည်လို မဖွယ်ရာသောအမြင်များကို သူ့မျက်စိအတွင်းမှ အတင်း ဖျောက်ဖျက်ပစ်လိုက်သည်။

သည်အခါကျတော့ မြန်မာပြည်အနှံ့အပြား ကျေးရွာများတွင် နေထိုင်လျက်ရှိကြကုန်သော တောင်သူလယ်သမား ဆင်းရဲသားများကို မြင်ယောင်မိပြန်ပါသည်။

'ကဆုန်၊ နယုန် မိုးသံကြားတော့ ပျိုးဆန်စပါးကိုတဲ့ ညည်းက ရှာအေ' ဟူသော တေးကို သတိရမိသည်။ သည်အချိန်တွင် မျိုးစပါး အရန်သင့်ရှိရမည့်အချိန် ဖြစ်သည်။ ထွန်တုံးထွန်တံ ပြင်ရမည်။ ထွန်သွား ခုတ်သွေးစုတ်၍ လယ်ထွန်ရန် အဆင်သင့်ဖြစ်နေကြရမည်။

သို့သော် သူ့ခမျာများကား သူတို့အလုပ်ကို သူတို့ အေးအေးလူလူ မလုပ်နိုင်ကြ။ ဒိန်းဒိန်း ဒိုင်းဒိုင်း အသံတွေကြောင့် တထိတ်ထိတ် ဖြစ်နေ



ကြရသည်။ ဓားပြကလည်း ပူလှသည်။ သူခိုးတွေကလည်း ထူလှသည်။ နွားခိုးတွေကလည်း ပေါလှသည်။ ချောင်းမြောင်း သတ်ဖြတ်မှုတွေ များလှသည်။ ပြောင်သတ်မှုတွေလည်း ရှိသည်။ သူတို့သည် အရေးရှိက ထွက်ပြေးရန် အထုပ်တပြင်ပြင်နှင့် ဖြစ်နေကြရသည်။ မလိုမုန်းထားသူတွေက လာသတ်မှာကိုလည်း စိုးရိမ်နေကြရသည်။ သည်ပါတီတွင် ပါရမလားလို့ ဟိုပါတီက သတ်သွားလျှင်လည်း ဘာမသိ၊ ညာမသိနှင့် အခြောက်တိုက် အသက်ထွက်ရ မည်။ တစ်ညလျှင် မိမိ၏ ဦးခေါင်းသည် ခန္ဓာကိုယ်နှင့် ဆက်စပ်လျက် ရှိပါသေးရဲ့လားဟု ဆယ်ခါလောက် စမ်းကြည့်နေရသည်။

ဆာလောင်မွတ်သိပ်နေသော ကမ္ဘာကြီးသည် သူတို့ကို သတိရနေသည်ကား မှန်ပါ၏။ သူတို့မှာတော့ မချိတော့ပြီ။ သူတို့လည်း သူတို့ ဉာဏ်မီသလောက် စဉ်းစားကြရရှာပေမည်။ ဘာဖြစ်လို့ လွတ်လပ်ရေးကြီးရပြီးမှ တစ်ယောက်နှင့်တစ်ယောက် ဤကဲ့သို့ အရမ်းကာရော သတ်နေကြပါလိမ့်။ သူတို့ မသိပါ။ သူတို့သည် သတင်းစာကိုလည်း မဖတ်ရပါ။ ရေဒီယိုကိုလည်း နားမထောင်ရပါ။ မောင်ပြုံးချို၏ မြို့တွင် ရေဒီယိုနှစ်လုံးသာ ရှိပါသည်။ တောရွာများတွင် တစ်လုံးမှ မရှိ။ ကျေးရွာသူကြီးပိုင်ပေါင်း သုံးဆယ့်ငါး ပိုင်ရှိသည်။ ရွာကလေးပေါင်း တစ်ရာကျော် ရှိသည်။ လူဦးရေပေါင်း ငါးသောင်းကျော်ရှိသည်။ သူတို့သည် မျက်စိကန်း၊ နားပင်း ဖြစ်နေကြလေသည်။ မျက်စိကန်း၊ နားပင်းနေသည့်အထဲ ဘာမသိ၊ ညာမသိနှင့်ပင် အသေဆိုး သေကြရရှာသည်။ မရေမတွက်နိုင်တော့ပြီ။

မောင်ပြုံးချိုသည် တောသူတောင်သားတွေ အကြောင်းကို စဉ်းစားရင်း ဆွေးနွေးစဉ် သူ့အဖြစ်ကိုလည်း သူသတိရမိသည်။ သူလည်း ဘာမှ မတတ်နိုင်ပါတကား။

ထိုမြို့မှ သူပုန်များ ပြန်သွားကြပြီဟူသော သတင်းကို ကြားမှ မောင်ပြုံးချိုသည် အိမ်သို့ တိတ်တဆိတ် ပြန်လာခဲ့လေသည်။

[ရောင်ခြည်သစ် ၁၉၄၉ ဇွန် ၁၁]

# အစွန်

၁

"ဦးလေး၊ ဦးလေး"

အိပ်ပျော်နေသော မောင်ပြုံးချိုကို တရုတ်ကပြားကလေး မောင်ညွန့်က လာနှိုးလေသည်။

"ဟေ ဘာလဲဟ"

"မြန်မြန်၊ မြန်မြန်"

"ဟ ဘာလဲဟ"

"ဇဝနကြီး ရန်ကုန်ထွက်မလို့တဲ့"

ဇဝနဆိုသည်မှာ မောင်ပြုံးချိုတို့ မြို့မှ တစ်စီးတည်းသော ကုန်တင်မော်တော်ကားကြီး ဖြစ်ပါသည်။ မောင်ပြုံးချိုတို့ မိတ်ဆွေကြီး ဟာသဝိဇ္ဇာ ဇဝနမဟုတ်ပါ။ မောင်ပြုံးချိုသည် ထိုသတင်းကို ကြားသောအခါ ကတိုက်ကရိုက် အိပ်ရာမှ လူးလဲထသည်။ လွယ်အိတ်ထဲတွင် အင်္ကျီတစ်ထည်နှင့် လုံချည်တစ်ထည်ကို ထည့်လိုက်ပြီးနောက် မောင်ညွန့်စီးလာသော စက်ဘီးကို စီးကာ လမ်းကြိုလမ်းကြားကို ဖြတ်၍ ဇဝနကြီး စောင့်နေရာ မြို့ပြင်သို့ သုတ်ခဲ့ရပါသည်။ မောင်ပြုံးချိုကို မြင်ကြသော မြို့သူမြို့သားတို့သည် အံ့သြငေးမောနေကြလေသည်။ သူတို့က မောင်ပြုံးချို အိမ်တွင် မရှိ ဟု ထင်နေကြသည်။ မနေ့ညက ပြန်ရောက်နေသည်ကို မည်သူမျှ မသိကြ။ မောင်ပြုံးချိုရောက်လျှင် ဇဝနကြီး ထွက်လေသည်။

ဇဝနကြီးပေါ်တွင် ပဲအိတ်တွေ ပြည့်ကျပ်နေသည်။ ထိုပဲအိတ်များပေါ်တွင် မောင်ပြုံးချိုတို့ ထိုင်ကြရလေသည်။ မောင်ပြုံးချို၏ ရုံးမှ ခရီးသွား





ရုံးစေ လုလင်နှစ်ယောက်ကိုလည်း ကားပေါ်တွင် တွေ့ရသည်။ သူတို့သည် မောင်ပြုံးချိုကို မြင်သောအခါ မျက်နှာပူသလိုလို အားတောင့်အားနာ ဖြစ်နေကြလေသည်။ သူတို့လက်ထဲတွင် တယ်လီဖုန်း ကြိုးခွေတွေကို မြင်ရသည်။ သူတို့သည် သပိတ်မှောက်နေကြရာမှ သူပုန်အုပ်ချုပ်ရေးအဖွဲ့လက်အောက်တွင် ပြန်လည် ဝင်ရောက်လုပ်ကိုင်နေကြခြင်း ဖြစ်လေသည်။ အစိုးရလက်ထက်က ငွေတစ်ရာလျှင် တစ်ဆယ့်ငါးကျပ် လျှော့ရာ သူတို့လခ ရှစ်ဆယ်ကျော်ထဲမှ တစ်ဆယ်ကျော်ကျော် အလျှော့ခံရ၍ သပိတ်မှောက်သူများ ဖြစ်ကြလေသည်။

"ဘယ့်နှယ်လဲ ခင်ဗျားတို့ ဝင်လုပ်နေကြပြီလား" မောင်ပြုံးချိုက မေး လိုက်ပါသည်။

"ဟုတ်ကဲ့"

"လခ ရရဲ့လား"

"ဆန်တစ်အိတ်နဲ့ ငွေနှစ်ဆယ်ရပါတယ်"

"ခင်ဗျားတို့ လခရှစ်ဆယ်ကျော်ထဲက တစ်ဆယ်ကျော်ကျော်လောက် လျှော့ပြီး ခုနစ်ဆယ်လောက် ရတုန်းကတော့ သပိတ်မှောက်တယ်။ အခု ဆန်တစ်အိတ်နဲ့ ငွေနှစ်ဆယ်တည်းပေးတော့ ဘာပြုလို့ လှန်သလဲ" ကားပေါ်တွင်ပါလာသော ကုန်သည်တစ်ယောက်က မေးလိုက်လေသည်။ သူတို့နှစ်ယောက်က အဖြေမပေး။

"ဟာ အခုမှောက်လို့ ဘယ်ဖြစ်မလဲဗျ၊ ကိစ္စများသွားမှာပေါ့" ကြားလူတစ်ယောက်က ဝင်ဖြေလိုက်ရာ သူတို့နှစ်ယောက်က ပြုံးနေကြလေသည်။

ကိုင်းတောလမ်းကလည်း ကြမ်းပါဘိသည်။ ခလုတ်ကန်သင်းပေါ်တွင် ဇဝနကြီးသည် ယိမ်းထိုး၍ လိုက်လာလေသည်။ နောက်ဆယ်ရက်ခန့်ကြာ၍ မိုးဖြိုင်ဖြိုင်ကျလျှင် ကားမောင်းနိုင်တော့မည် မဟုတ်။ ရွံ့အလိမ်းလိမ်းကပ်နေပေတော့မည်။ အချို့ ချိုင့်ခွက်များတွင်လည်း ရေတွေနှင့် ဖွေးနေလေတော့မည်။ လွန်ခဲ့သော နှစ်ရက်လောက်က မိုးသည်းသည်းရွာထားသဖြင့် လမ်းသည် ပို၍ ဆိုးနေလေသည်။ ခါတိုင်း တစ်နာရီလောက်သာ မောင်းရသော ထန်းပင်ကုန်းရွာသို့ တစ်နာရီခွဲသာသာ မောင်းမှ ရောက်သည်။

ထန်းပင်ကုန်းတွင် ခေတ္တရပ်၍ ဆက်လက်မောင်းနှင်လေရာ သစ်တော ဗိုလ်ရုံနှင့် သစ်ကွက်အင်းသို့ ရောက်လာလေသည်။ ထိုသစ်ကွက်တွင်ရှိသော ကျွန်းသစ်တုံးများကား မရှိတော့ပြီ။ အနီးနားရွာများမှ လှည်းကြီး လှည်းငယ်အသွယ်သွယ်နှင့် လာရောက်တိုက်ယူသွားကြလေပြီ။ သစ်တုံးများ ကုန်သည်၏အဆုံး၌ ဗိုလ်ရုံကြီးကို ဖျက်ယူကြသည်။ အခိုင်အခန့် ဆောက်လုပ်ထားသော ဗိုလ်ရုံကြီး ပျက်စီးယိုယွင်းလျက် ရှိလေပြီ။

"ဟော ကျွန်တော့အိမ်က ပထမအင်္ဂလိပ်ပြေးတုန်းက တိုင်ထူတယ်။ နောက် ဂျပန်ပြေးတော့ ကြမ်းခင်းတယ်။ နောက်တစ်ခါ ခေတ်ပျက်တော့ ထရံကာပြီးပေါ့ဗျ"ဟု မောင်ပြုံးချို တောသွားစဉ်က တစ်ဖက်လောက် တိုင်လုံးကြီးတွေနှင့့် ကျိုးတိုးကျဲတဲသာ ခင်းထားသည့် မပြီးသေးသောအိမ်ကြီး ရှင်တစ်ဦးက ပြောဖူးသည်ကို သတိရပါတော့သည်။

အင်း သည်လူကြီးတော့ အခုလောက်ရှိ သူ့အိမ်ကြီးကို ကျွန်းခွဲသား ပျဉ်တွေနှင့် ထရံကာနေရောပေါ့။

"သိပ်ဆိုးတဲ့ လူတွေပဲဗျာ၊ သစ်ကွက်က သစ်တွေ ယူတာတော့ ထားပါတော့။ ဗိုလ်တဲကြီး ဖျက်ယူတာတော့ မကောင်းပါဘူး" ကားပေါ်တွင် ပါလာသူ လူတစ်ယောက်က ပြောလေသည်။

"ဒီ ထန်းပင်ကုန်းက လူတွေကို ဆိုးပါတယ်"

"ဘာဗျ၊ ဒီဟာ ထန်းပင်ကုန်းကလူတွေ လုပ်တာမဟုတ်ဘူးဗျ။ အင်းပုတ်ကုန်းတို့၊ သဲတောတို့၊ ကညင်ပင်တို့ကလူတွေ ညကြီးလာပြီး ဖျက်ယူတာဗျ။ အရမ်းမပြောပါနဲ့"

ကားပေါ်တွင် ပါလာသော ထန်းပင်ကုန်းက လူက ရန်တွေ့နေလေတော့သည်။

၂

မကြာမီ အင်းပုတ်ကုန်းသို့ ရောက်လာလေသည်။ မိုးတွင်းအခါ လှေဆိပ်ဖြစ်သည်။ ယခုတော့ ခြောက်ကပ်လျက် ရှိသည်။ အလို ဘာအိတ်တွေပါလိမ့်။ တဲကလေးတစ်ခုရှေ့တွင် မြင့်မားသော အိတ်ပုံကြီးကို တွေ့ရလေသည်။



"ဘာတွေလဲဗျ" တစ်ယောက်က အိတ်ပုံကြီးကို မေးငေါ့၍ မေးလေသည်။

"ဆန်အိတ်တွေလေ၊ အစိုးရ ဆန်အိတ်တွေပေါ့၊ တစ်အိတ် တစ်ဆယ်နဲ့ ရောင်းနေတာတွေ၊ ငွေရှိတဲ့လူတွေက သိမ်းဝယ်နေတာပေါ့"

"အခု ဆယ့်နှစ်ကျပ်ဖြစ်သွားပြီ ကြားတယ်"

"ဆယ့်နှစ်ကျပ်လည်း တော်သေးတာပဲ။ အင်း၊ ရငွေ့လူတော့ ပွတာပဲဟေ့"

"မပွနဲ့ဆရာ။ တော်တော်ကြာ ပြန်လာရင် မစက်စာဘူး"

လူတစ်ယောက်က တရုတ်သံနှင့် ဝင်ပြောလေသည်။ သူတို့ အချင်းချင်း ပြောဆိုနေသည်ကို မောင်ပြုံးချို နားထောင်နေမိသည်။ ဘာမှတော့ ဝင်မပြောရဲ။

လမ်းဘေးတွင်ရှိ လယ်ကွင်းထဲတွင်လည်း အိမ်သစ်တွေ တိုးနေလေသည်။ အကွက်ကျကျ ဆောက်လုပ်ထားခြင်းတော့မဟုတ်။ တချို့ အိမ် က ရှေ့ရောက်သည်။ တချို့အိမ်က နောက်ရောက်သည်။ အချို့ အိမ်ရာ က ကျယ်သည်။ အချို့အိမ်ရာက ကျဉ်းသည်။

"ကြည့်စမ်းပါဦးဗျာ၊ မြေရာမရှိတဲ့လူတွေ ဆောက်ချင်တဲ့နေရာမှာ ဆောက်နိုင်တယ်ဆိုတာနဲ့ လယ်ကွင်းထဲထွက်ပြီး သူ့ထက်ငါ ဆောက်ကြတော့တာပဲ။ လယ်ရှင်တော့ ဒုက္ခပဲ"

တစ်ယောက်က စကားစပေးသည်။

"အေးဗျာ၊ မြေရာပေးရင်လည်း စနစ်တကျပေးရင် တော်ပါသေးရဲ့။ အခုတော့ ဟိုတစ်အိမ်၊ ဒီတစ်အိမ်နဲ့"

အခြားတစ်ယောက်က ပြောလေသည်။

အင်းပုတ်ကုန်းမှစ၍ လမ်းမကြမ်းတော့ပါ။ မြေနီလမ်းကလေးအတိုင်း မောင်းရပါသည်။ ထိုနေရာတွင် ခရီးသွား ရုံးစေ လုလင်နှစ်ယောက် ဆင်းကြလေသည်။ သူတို့သည် ထိုနေရာမှ မြို့အထိ ခြေကျင်လျှောက်ရင်း လာလမ်းအတိုင်း ပြန်၍ တယ်လီဖုန်းကြိုးတွေကို စမ်းသပ်စစ်ဆေးသွားရမည် ဖြစ်သည်။ အဆာပြေစားရန် ကောက်ညှင်းထုပ်သုံးထုပ်စီ သူတို့ လွယ်အိတ်ဘေးတွင် ချိတ်လာလေသည်။ သူတို့ဘဝကား မသက်သာလှ။

မင်းလှသို့ ရောက်သောအခါ နံနက်ဆယ်နာရီခန့်ရှိပြီ။ ထမင်းကလည်း ဆာလှသည်။ မောင်ပြုံးချိုသည် အိမ်ငယ်ကလေးတစ်ခုထဲတွင် အောင်းနေရရာ အပြင်သို့လည်း ထွက်မစားရဲ။ သူ့ကို အငြိုးထားသူများနှင့် တွေ့နေလျှင် ခက်ချိမ့်မည်။ လမ်းမတွင်လည်း အလံတွေ တလူလူနှင့် မော်တော်ကား အမျိုးမျိုး ပြေးလွှားနေသည်ကို တွေ့ရသည်။ အတန်ကြာမှ မောင်ညွန့်လာပို့သော ခေါက်ဆွဲကို လက်ဖက်ရည်ကြမ်းနှင့် မျှောကာ အဆာဖြေလေသည်။

ဇဝနကြီးကလည်း ကုန်တင်ကုန်ချ လုပ်နေသည်မှာ တော်တော်နှင့် မပြီးနိုင်။ ပဲအိတ်တွေကို ချ၍ ငရုတ်သီးအိတ်တွေကို တင်နေလေသည်။

နာရီပြန် တစ်ချက်ထောက်ကျမှ ကုန်တင်၍ ပြီးသွားသည်။ ကားထွက်ခါနီးသောအခါ မောင်ပြုံးချိုကို လာခေါ်ကြသည်။ သူသည် ကားပေါ်ရှိ ငရုတ်သီးအိတ်ကြားတွင် ပုနေရလေသည်။ နေကလည်း ပူလှသည်။ ငရုတ်သီးကလည်း မွှန်လှသည်။ ကားထွက်သောအခါကျမှ လေခတ်သဖြင့် အနည်းငယ် သက်သာလေသည်။ တစ်လမ်းလုံး တထိတ်ထိတ်နှင့် လိုက်လာရသည်။ သို့သော် သက္ကလပ်ဦးထုပ်ဆောင်း၍ မျက်မှန်တပ်ထားသော မောင်ပြုံးချိုကို လမ်းတွင် တွေ့သူတို့က 'ထောင်ကဲ'ဟု ခေါ်ကြသည်။ အလှူခံတွေကလည်း လမ်းတစ်လျှောက်လုံး ပေါများပါဘိသည်။ အချို့က ပျက်နေသော တံတားကို ပြင်၍ အလှူခံသည်။ အချို့က မြေကလေးကို ညှိ၍အလှူခံသည်။ အချို့က လမ်းကလေးကို ချော၍ အလှူခံသည်။ အချို့ကလည်း ချိုသာသော မျက်နှာထားနှင့် အလှူခံသည်။ အချို့ကလည်း မျက်နှာထား တင်းလှသည်။ တစ်ကမ္ဘာလုံး သူလုပ်ကျွေးရသော မျက်နှာထားမျိုးနှင့်။

တိုက်ကြီးတွင် တစ်ညဥ့်အိပ်ပြီး ခရီးဆက်ကြပြန်သည်။ အလှူခံများနှင့်ကား မလွတ်ပါ။ ယမန်နေ့တုန်းကလိုပင် မကြာခဏတွေ့ရပါသည်။ နေ့လယ်တစ်နာရီခွဲခန့်တွင် အစိုးရနယ်နှင့် သူပုန်နယ်ခြားသို့ ရောက်လာကြသည်။

"ဒီလူတွေ သိပ်ဆိုးတဲ့ လူတွေ၊ သက်သက်မဲ့ ငွေညှစ်နေတာ" ကားပေါ် ပါလာသူတစ်ယောက်က ပြောလိုက်လေသည်။

"ဒါ ကိစ္စမစိပါဘူး၊ တီကျပ်၊ နှီကျပ်ပေးရတာပဲ။ ဟိုဘက်ကျတော့လည်း ပေးရမှာပဲ"



အနီးတွင်ရှိသော တရုတ်က မခံချင်သလို လက်ဟန်၊ ခြေဟန်နှင့် ပြောလေသည်။ သူ့စကားကို ကြားသောအခါ အားလုံးငြိမ်နေကြလေသည်။

၃

ရန်ကုန်သို့ ရောက်သောအခါ နှစ်နာရီထိုးပြီ။

ရွှေရောင်တွေနှင့် ဝင်းနေသော ဆံတော်ရှင်ကို အဝေးမှ ဖူးရသည်။ စိတ်ကြည်နူးစရာ ကောင်းပါဘိ။

မြို့တွင်းသို့ ရောက်လာပါပြီ။ မောင်ပြုံးချို၏ စိတ်သည် လေကဲ့သို့ ပေါ့သွားလေသည်။ တည်းအိမ်သို့ ရောက်သောအခါ ကတိုက်ကရိုက် ရေမိုးချိုး၍ ရုပ်ရှင်ရုံသို့ ပြေးလေတော့သည်။ လမ်းမကြီးပေါ်တွင် ကားတွေ ရှုပ်ယှက်ခတ်နေသည်။ စပယ်ယာတို့၏ခေါ်သံ၊ အော်သံများကိုလည်း ဆူညံစွာ ကြားနေရပါပြီ။

ရုပ်ရှင်ရုံများတွင် လူတွေ ကြိတ်ကြိတ်တိုးနေကြလေသည်။ ထိုနေရာတွင် မောင်ပြုံးချို၏ မိတ်ဆွေများကို တွေ့ရလေသည်။ သူတို့သည် အားရဝမ်းသာ နှုတ်ဆက်ကြကုန်သည်။

"အမယ်လေးဗျာ၊ ခင်ဗျားတော့ ကိစ္စချောပြီ ထင်တာ"

"ဟင်၊ ခင်ဗျား ဘယ့်နှယ် လစ်လာသလဲ"

"အိုင်ဆေး၊ ငွေတိုက်က ငွေတွေ ယူလာရင် ဟိုတယ်မှာ ထမင်းကျွေးဗျာ"

"ခင်ဗျား ပုဒ်မငါးနဲ့ အဖမ်းခံရတယ်ဆို"

"အင်း၊ ခင်ဗျား အဲဒီလို မိုက်ကန်းကန်း ကြပ်ကြပ်လုပ်။ ဒုက္ခ များလိမ့်မယ်"

"အခုခေတ်က ဒီလိုမရဘူးဗျ၊ ညာနေရတယ်" တစ်ယောက်တစ်ပေါက် နှုတ်ဆက်ရင်း ထင်တာတွေကို ပြောနေကြလေသည်။

မောင်ပြုံးချို ရုံထဲသို့ ရောက်သော်လည်း တော်တော်နှင့် ရုပ်ရှင် မပြသေး။ တစ်ရုံလုံး လူမျိုးစုံနှင့် ပြည့်ကျပ်နေလေသည်။ နှုတ်ခမ်းနီနီ ပါးနီနီတွေကိုလည်း တွေ့ရသည်။ စုံတွဲတွေကိုလည်း တွေ့ရသည်။

ဦးခေါင်းပေါ်မှ ပန်ကာသည် တဝီဝီလည်နေလေသည်။ မောင်ပြုံးချိုသည် ရေခဲချောင်းကို စုပ်ရင်း လူထုပရိသတ်ကြီးကို ကြည့်နေလေသည်။

ရေခဲပေါက်စီကိုမှ မှန်အောင် မစားရသည့်အရပ်မှ ရောက်လာခါစ မောင်ပြူးချို အဖို့ ရေခဲချောင်းသည် နတ်သုဒ္ဓါ မည်၏။

မောင်ပြူးချိုသည် စိတ်အေးချမ်းစွာ ထိုင်နေရင်း သတိရလာလေ သည်။

စိတ်ပူပန်နေမည့် အိမ်သူအိမ်သားများ၊ တထိတ်ထိတ် တလန့်လန့် ဖြစ်နေကြရသည့် သူ့မြို့နယ်မှ လူအများ၊ ကျေးရွာအများ၊ တောင်သူလယ်သမားများ သူ့အတွက် စိုးရိမ်နေကြသည့် ကျန်ရစ်သူမိတ်ဆွေများ၊ သူတို့ကိုလည်း သူ့ဘေးတွင် ရောက်ရှိနေစေလိုသည်။ သူကတော့ လွတ်ရာကျွတ်ရာ ရောက်နေပါပြီ။ ကျန်ရစ်ခဲ့တဲ့လူအများမှာတော့

'မိမိနှစ်သက်သော ခံဖွယ်ဘောဇဉ်ကို သုံးဆောင်ရသောခဏ၌ ချစ်သောသူကို သတိရမြဲတည်း' လောကနီတိ။

[ရောင်ခြည်သစ် ၁၉၄၉ ဇူလိုင် ၂]

# အနား

၁

ရွှေမြို့တော်သို့ ရောက်လာသော် ရွှေနန်းတော်ရှိ ရွှေကိုယ်တော်တို့ထံ အခစားဝင်ရမည် ဖြစ်သည်။

အထက်နန်းတော်ကြီးသို့ မဝင်မီ အောက်နန်းတော်သို့ ပထမ ဝင်ရချိမ့်မည်။ အောက်နန်းတော်မှာပင်လျှင် အနှုပ်ရပ်မှ ပြေးလွှားလာခဲ့သော အရာရှိအရာခံတွေနှင့် ရှုပ်ယှက်ခတ်နေလေတော့သည်။ သူတို့ ဘယ်ပုံဘယ်နည်း လစ်ခဲ့ရပုံများကို တစ်ယောက်တစ်မျိုး ပြောဆိုနေကြသည်။ တစ်ရုံးလုံး ကျွက်ကျွက်ညံနေတော့၏။

မင်းကြီးဆီ မဝင်မီ စာရေးကြီး၊ စာရေးလတ်၊ စာရေးငယ်တို့ထံ ဝင်ရောက်ရသေးသည်။ သူတို့ စိတ်ခုနေလျှင် မခက်ပါလော။ တောရွာမှ သူကြီးသည် မြို့ပိုင် စိတ်ဆိုးမှာထက် မြို့ပိုင်ရုံးက စာရေးကြီး ငြူစူမှာကို ပို၍ကြောက်၏။ ထို့အတူ တောကမြို့ပိုင်များသည် မင်းကြီးထက် မင်းကြီးရုံးက ဆိုင်ရာစာရေးကြီးများကို ပို၍ ရွံ့ကြရလေသည်။ သူတို့ကလည်း စကားဖောင်လိုက်သည် ဖြစ်ခြင်း။ 'ဖြီး'လိုက်ကြသည်မှာလည်း လွန်ပါရော။ ခြောက်စရာရှိလျှင် ပါးစပ်ကို ဖြဲ၍ ခြောက်ပါလိမ့်မည်။ မြှောက်စရာရှိလျှင်လည်း မိုးထိအောင် လှေကားထောင်၍ မြှောက်ပါလိမ့်မည်။

"အင်း ခင်ဗျားတို့ ဘယ်လိုဖြစ်ပျက်ခဲ့တယ်ဆိုတာ အစီရင်ခံစာပေးရဦးမယ်နော်။ မကျေနပ်တဲ့လူတွေအပေါ်မယ် အမှုတွဲဖွင့်ပြီး စုံစမ်းလိမ့်ဦးမယ်"ဟူသော စကားဖြင့် စာရေးကြီးက ဆီးကြိုလင့်၏။

ဤအသံကို ကြားရသော မောင်ပြူးချိုတို့လူစုသည် ရင်ဝကို ခြေနင့်ဆီးကန်ခံရသလို အတော်အောင့်သွားကြလေသည်။

"အိုင်ဆေး လက်ဖက်ရည် တိုက်ဗျာ။ ခင်ဗျား ငွေတိုက်ထဲက ငွေတွေ ဟိုသောင်းကျန်းသူတွေနဲ့ တစ်ဝက်စီ ခွဲယူခဲ့တယ်လို့ ကျုပ်တို့ ကြားပါတယ်"

သည်လိုအသံမျိုးကို ကြားရသောအခါ၌လည်း ကျောစိမ့်၍ သွားကြကုန်သည်။

"အမယ်၊ ခင်ဗျား ဟိုငနဲတွေဆီက ဆန်အိတ်တွေ ရတယ်ဆို"

သည်အသံကြားပြန်တော့လည်း မျက်လုံးပြူးကြရကုန်သည်။

သည်လိုနှင့် စကားတွေ ဖောင်လောက်အောင် ပြောဆိုနေကြရင်း တစ်ယောက်ပြီးတစ်ယောက် မင်းကြီးအခန်းသို့ အခစားဝင်ကြကုန်၏။

မင်းကြီး သီရိပုံချို။

မောင်ပြုံးချိုသည် မင်းကြီးအခန်းတွင်းသို့ ဝင်ခဲ့သည်။

မင်းကြီးဦးခေါင်းထက်မှ ပန်ကာသည် ညင်ညင်သာသာ လည်နေလေသည်။ သူထိုင်နေသော ကုလားထိုင်ကြီးသည် ပြောင်လက်နေသည်။ သူ့ရှေ့မှ စားပွဲကြီးသည် အရောင်တဖိတ်ဖိတ် တောက်နေလေသေးသည်။

"ဆစ်ဒေါင်း"

သီရိပုံချိုဘွဲ့ရ ကပြားမင်းကြီးသည် အင်္ဂလိပ်ဘာသာဖြင့် ပြုံးရွှင်စွာ အမိန့်ပေးလေရာ မောင်ပြုံးချိုသည် အရောင်ရှိန်းသော ကုလားထိုင်ပေါ်တွင် ဝင်ထိုင်လိုက်လေသည်။

ထို့နောက် သူတို့နှစ်ယောက်သည် အာလာပ သလ္လာပ စကားပြောနေကြလေသည်။

"ခင်ဗျား ဒီလို ဘေးမသီ ရန်မခဘဲ ရန်ကုန်ရောက်လာတာ ကျုပ်အများကြီး ဝမ်းမြောက်ပါတယ်"

"ကျွန်တော့ကို ဒီနေရာက ပြောင်းပေးပါတော့။ ဒီနေရာမယ် နေရတာ ကျွန်တော့အဖို့ အလွန်ရန်များပါတယ်"

"ကောင်းပြီ ကောင်းပြီ ကျုပ်ကြည့်မယ်။ ဟိုတစ်ခါတုန်းကလည်း ပြောင်းပေးမလို့ပဲ။ အဲဒီနေရာကို ဘယ်သူမှ သွားချင်တဲ့လူ မရှိဘူး"

"သွားချင်တဲ့လူမရှိတိုင်းသာ နေရမယ်ဆိုရင် အဲဒီနေရာမယ် ကျွန်တော် တစ်သက်လုံးနေရမှာပဲ။ အဲဒီနေရာကို ဘယ်သူမှ လာချင်မှာ မဟုတ်ပါဘူး"



"မဟုတ်ပါဘူး၊ မဟုတ်ပါဘူး၊ ဒီတစ်ခါ အဲဒီနယ်ကို အစိုးရတပ်တွေက ပြန်သိမ်းပြီးရင် ကျုပ်ကြည့်ပါ့မယ်"

ဒီလိုနှင့် အပြန်အလှန် ဖြီးကြပြီးလျှင် မောင်ပြုံးချို ထွက်လာခဲ့ရလေတော့သည်။

အပြင်သို့ရောက်လျှင် သီရိပုံချိုကို တွေ့ရန် စောင့်နေကြသော မိတ်ဆွေများ ဝိုင်းအုံလာကြလေသည်။

"ဟော့ ဘာတွေမေးသလဲ"

"ငွေတိုက်က ငွေတွေအကြောင်း မေးသေးသလား"

"ကိုယ့်နေရာများ လုခဲ့သေးသလား"

တစ်ယောက်တစ်မျိုး ဝိုင်းမေးကြလေသည်။ မောင်ပြုံးချိုကလည်း တော်သလို လျော်သလို ပြန်ဖြေလိုက်လေသည်။

၂

အောက်နန်းတော်သို့ ဝင်ပြီးသည့်နောက် ဒုတိယအရေးအကြီးဆုံးမှာ လခထုတ်ရန် ဖြစ်လေသည်။

လခထုတ်ဖို့မပြောနှင့်၊ လခစာရင်းလုပ်ရန် ပုံစံရဖို့ကအစ ခက်ခဲလိုက်သည့်ဖြစ်ခြင်း။ ပုံစံရဖို့အရေး လေးထပ်တွင်ရှိသော မင်းကြီးရုံးမှသည် နှစ်ထပ်တွင်ရှိသော ခရိုင်ဝန်ရုံးသို့ သုံးလေးခါလောက် ဆင်းရသည်။ သုံးလေးခါဆင်းရလျှင် အနည်းဆုံး သုံးလေးခါတော့ပြန်တက်ရတော့သည်။ အထက်တွင် မေးသည်ရှိသော် အောက်သို့ညွှန်သည်။ အောက်တွင်မေးသော် အပေါ်သို့ ပြသည်။ တောင်အခန်းတွင် ဝင်မေးသော် မြောက်အခန်းသို့ သွားပါဟု ဆိုသည်။ အရှေ့အခန်းမှ အနောက်အခန်း၊ အနောက်ခန်းမှ အရှေ့ခန်း ခြေတိုမတတ် ပြေးရလွှားရ၊ တက်ရဆင်းရနှင့် ဖတ်ဖတ်မောအောင် ဒုက္ခများလှတော့သည်။

ကဲ လခစာရင်းတော့ ပြီးပါပြီ။ မင်းကြီးဆီက စာနှင့်တကွ ခရိုင်ဝန်ထံ တင်ရပြန်သည်။

ခရိုင်ဝန်ကား မောင်ပြုံးချိုနှင့်ဆိုလျှင် ဆရာရင်း တပည့်ရင်းဖြစ်သည်။ မောင်ပြုံးချိုကိုတွေ့လျှင် အားရဝမ်းသာနှုတ်ဆက်၍ လခစာရင်းကို မဆိုင်းမတွ လက်မှတ်ထိုးပေးသည်။

မောင်ပြုံးချိုနှင့်တကွ မြို့ပိုင်အပေါင်း အပြေးကောင်းတို့သည် လက်အောက်ငွေတိုက်ရုံးသို့ အပြေးကလေး သွားကြရသည်။ ငွေတိုက် အရာရှိကားမရှိ။ ငွေတိုက်စာရေးတော်မင်းကိုသာ တွေ့ရလေသည်။

သူသည် လခစာရင်းကိုယူ၍ မျက်လုံးနှစ်လုံးကို စုံဖြဲကာ စစ်ဆေးကြည့်ရှုသည်။ အတန်ကြာအောင် စစ်ဆေးပြီးမှ အင်္ဂလိပ်ဘာသာဖြင့် ညွှန်ကြားလိုက်သည်ကား 'ကမ်း တူမောရိုး'ဟူသတည်း။ နောက်မှ ထပ်ဆင့်၍ "မနက်ဖြန်ခါ လာပါ။ ဒီနေ့ အချိန်မရှိတော့ဘူး"ဟု ပြောလေသည်။

မောင်ပြုံးချိုတို့လူသိက်ကို သူပြောသည့် အင်္ဂလိပ်စကား၏ အဓိပ္ပာယ်ကို မြန်မာလို ပြန်ပြောလိုက်ခြင်း ဖြစ်သည်။ သူသည် တရုတ်ကပြားနှင့်တူသည်။ တရုတ်နှင့် မြန်မာသွေးရောကာ မွေးလာသူက မြန်မာမြို့ပိုင်များအား အင်္ဂလိပ်လိုအမိန့်ပေးပြီးနောက်မှ နားမလည်မှာစိုး၍ မြန်မာလို ပြောလိုက်ခြင်း ဖြစ်ဟန်တူသည်။ အဆင်မပြေသည့် လောကပါတကား။

နာရီကို ကြည့်လိုက်သော် နှစ်နာရီသာ ရှိသေးသည်။

မောင်ပြုံးချိုတို့သည် အတော်အခံရခက်ကာ မိမိတို့ ဆရာဟောင်း ခရိုင်ဝန်အား တိုင်ကြားလျှောက်ထားရန် ထွက်ခွာခဲ့ကြလေသည်။ ခရိုင်ဝန်သည် မောင်ပြုံးချိုတို့ တိုင်ကြားချက်ကို ပြုံးပြုံးကြီး နားထောင်နေလေသည်။ မောင်ပြုံးချိုတို့သည် သူဘယ်လိုများ ပြောမည်နည်းဟု အားကိုးကြီးတစ်ခုနှင့် နားထောင်နေကြသည်။

"ဟုတ်တယ်ဗျ၊ အချိန်မရှိတော့ဘူး၊ မနက်မှ ထုတ်ပါဗျာ"ဟု မိန့်မြွက်တော်မူသည်။

မောင်ပြုံးချိုတို့လည်း ဘာမှမပြောသာ၍ ငြိမ်၍သာနေရတော့သည်။ 'သေဟဲ့ နန္ဒိယ'ဟုသာ အားကုန် ဟစ်လိုက်ချင်တော့သည်။

"အင်း ခင်ဗျား ခုထက်ထိ စိတ်တိုတုန်းကိုး၊ စိတ်မတိုနဲ့ဗျ၊ ဒီခေတ်ကြီးက စိတ်တိုလို့မဖြစ်ဘူး။ ခင်ဗျား ကျုပ်နဲ့ပေါင်းရင် စိတ်တိုလို့မဖြစ်ဘူး"

ခရိုင်ဝန်မင်းက မောင်ပြုံးချိုဘက်သို့လှည့်၍ ဆုံးမလိုက်သေးသည်။ မှန်ပေသည်။ သည်ခေတ်ကား စိတ်တိုရမည့် ခေတ်မဟုတ်။ စိတ်ရှည်ရှည်နှင့် ခံနိုင်ရည်ရှိရမည့် ခေတ်ပေတကား။ သို့နှင့် တစ်နေ့ကုန်လေတော့သည်။

နောက်တစ်နေ့တွင် လခမရသေးသော မြို့ပိုင်တွေ၊ စာရေးတွေ၊ ရုံးစေတွေ၊ ယပ်ဆွဲတွေ တစ်ပြုံတစ်ခေါင်းကြီး ရောက်လာကြပြန်သည်။



ငွေတိုက်နားတွင် ရစ်သီရစ်သီနှင့် အတော်အချိန်ဖြုန်းနေကြရလေသည်။ မြန်မာစစ်စစ် ဟုတ်ဟန်မတူသော ငွေတိုက်စာရေးကြီးကလည်း မျက်နှာထားတင်းမာတော်မူလှပါပေ၏။ တစ်လောကလုံး သူလုပ်ကျွေးနေရသည်ဟုများ ထင်နေရှာသလားမသိ။

"တို့လည်း ငွေတိုက်ကိုင်လာတာပါပဲကွာ၊ ဒီလို မညစ်ပါဘူး"

"ကျုပ်တို့ ဒုက္ခရောက်လာတဲ့လူတွေကို ကိုယ်ချင်းစာဖို့ ကောင်းပါတယ်"

"လာဗျာ၊ ကျုပ်တို့လူတွေ ဝိုင်းအော်ရအောင်"

"သတင်းစာထဲ သွားထည့်ဗျာ"

သည်လို ထင်မိထင်ရာပြောရင်း အချိန်ကုန်ခဲ့သည်။ အချို့လည်း အထက်တက်လိုက် အောက်ဆင်းလိုက်။ အချို့လည်း ထိုအနီးအနားမှာပင် တရားခံထိုင် ထိုင်နေကြလေသည်။ ကြီးလှသည့်ဒုက္ခ။ မြို့ပိုင်ရုံးသို့ အခွန်တော်အကောက်ထုတ်ရန် လာကြသော သူကြီးများကို မြို့ပိုင်ရုံးစာရေးကြီးက အကြောင်းတစ်ခုခုကြောင့် ညှဉ်းထားတတ်သည်။ သည်အခါ သူကြီးခမျာများမှာ မည်သို့ရှိချိမ့်မည်နည်း။ သည်လိုသူကြီးတွေ နှစ်စဉ်နှစ်တိုင်း ခံစားရသည့် ဒုက္ခမျိုးကို ရွှေမြို့တော်ကြီးသို့ရောက်လာသော မြို့ပိုင်တွေကိုယ်တိုင် ခံစားနေကြရလေပြီ။ ရှေ့က ဝိပါက်ခုနစ်ရက်၊ ကာလဝိပါက် နောက်ပိုးတက်ဟု ဆိုရိုးစကားရှိသည် မဟုတ်တုံလော။

၃

များမကြာမီ တင်မကြီးလည်း ပုစုခရု သားငယ်သမီးငယ်များနှင့်အတူ သယ်နိုင်သမျှ ပစ္စည်းများကို ထုပ်ပိုးသယ်ယူ၍ ရန်ကုန်အရောက် ခရီးပြင်းနှင်ခဲ့လေသည်။ တောမြို့ဒေသ သေနတ်သံ တဒိန်းဒိန်းကြားမှ လွတ်မြောက်လာခဲ့ကြသော မိသားစုတို့ သာယာရွှေပြည် မြို့ရန်ကုန်တွင် ပြန်လည်ဆုံမိကြသည်။ ပျော်တပြုံးပြုံးနှင့် မော်မဆုံး။

သည်လိုနှင့် ရက်တွေ ညောင်းခဲ့သည်။ ထုတ်ထားသည့် လခလည်း ကုန်တော့သည်။ ဝယ်ခြမ်း စားသောက်ရတာကလည်း ဈေးကြီးလှပါဘိ

တောင်း။ သားရေးငါးရေးကလည်း တောမှာထက် သုံးဆလောက်မြင့်နေသည်။ သည်အထဲ စားလို့ သောက်လို့ကလည်း ကောင်းလိုက်သည့်ဖြစ်ခြင်း။ တောမှာ ပေါပေါစားရတုန်းက စားလို့မဝင်။ ရန်ကုန်တွင် ရှားရှားပါးပါး စားရတော့မှ မြိန်မြိန်ရှက်ရှက် ရှိလှသည်။ ကလေးတွေပင်လျှင် နှစ်ဆလောက် ပိုစားနေကြသည်။ ခက်ကပြီ။ သည်လိုသာဆိုရင် ဘယ်လိုလုပ်ရပါမလဲ။

သို့နှင့် ရွှေနန်းတော်ကြီးက အခေါ်ရောက်လာသည်။ မောင်ပြုံးချိုတို့ မြို့မဝန်ထောက်ကြီး ဦးတင်သည် ချည့်နဲ့ချည့်နဲ့နှင့် တစ်လှမ်းချင်း ပေါက်လာသည်။

"ပြည်ထဲရေး အတွင်းဝန်မင်းက ကျုပ်တို့ဆီက အရာရှိတွေအားလုံး တွေ့ချင်သတဲ့ဗျ။ တွေ့ချင်တာကလည်း နေ့လယ်ဆယ့်နှစ်နာရီတိတိတဲ့၊ အခု ဆယ်နာရီရှိပြီ၊ မြန်မြန်လုပ်ပါ။ သွားကြရအောင်"

အမိန့်တော်မြတ်ကိုနာခံရသော မောင်ပြုံးချိုသည် ချက်ချင်း အဝတ်အစားလဲ၍ ကတိုက်ကရိုက် ထလိုက်လာရပါတော့သည်။

နာမည်ကြီး ကြည့်မြင်တိုင်ဘတ်စ်ကားသည် လေကဲ့သို့ လျင်မြန်စွာ မောင်းနှင်နေလေသည်။ ဝန်ထောက်ကြီးသည် ဖြူဖွေးသော ကျင်စွယ်ကို သပ်ကာသပ်ကာ သူ မကျေမနပ် ဖြစ်နေသည်တို့ကို ဆက်တိုက်ပြောရင်းလိုက်ပါလာသည်။ သူပြောတာတွေကို မောင်ပြုံးချို အားလုံးမကြားနိုင်။ ကားမောင်းသူ၏ ကျေးဇူးတော်မြတ်ကြောင့် တထိတ်ထိတ်နှင့် "ဘုရား၊ ဘုရား၊ အလိုဘုရား"ဟု စိတ်ထဲမှ တိုးတိုးရေရွတ်နေရသောကြောင့် ဖြစ်ပါသည်။

"ကျုပ်တို့လို အဘိုးကြီးကို အဝေးကြီး ပို့ပစ်တာတော့ ဘယ်ကောင်းမလဲဗျ"

သည်စကားကိုတော့ ကားရပ်၍ လူတင်နေတုန်း ပြောလိုက်သောကြောင့် ကြားလိုက်ပါသည်။ သြော် သူ့ကို တခြားပြောင်းပို့လို့ မကျေမနပ်ဖြစ်နေသကိုး။ သူသည် ဆက်၍ စကားပြောပြန်သည်။ မောင်ပြုံးချိုသည် ဘုရားတနေရသောကြောင့် မကြားနိုင်တော့ပါ။ အင်း ဤလည်း တစ်ဒုက္ခပါတကား။ ဆင်း၍သာ ခြေကျင်လျှောက်လိုတော့သည်။ သို့သော် မဖြစ်သေး။ သံဆူးကြိုးတွေ ဝိုင်းထားသည့် ရွှေနန်းတော်ကြီးသို့ မောင်ပြုံးချိုတို့ ရောက်လာကြပါပြီ။ ချိန်းဆိုထားသည့်အရာရှိတွေ မစုံသေး၍ တမော့မော့နှင့် စောင့်စား



နေကြရသည်။ ထိုင်နေစရာ နေရာလည်းမရှိ။ ညောင်းလှပါပြီ။ အောက်ထပ်သို့ ငုံ့ကြည့်လိုက်သည်။ မောင်ပြုံးချိုတို့နယ်မှ ရဲသားကလေးတွေ လှေကားထစ်ပေါ်တွင် စီရရီထိုင်နေသည်ကို တွေ့ရသည်။ သူတို့မှ မောင်ပြုံးချိုတို့ ထက်ခက်သေး။

အရာရှိတွေ စုံပါပြီ။ သို့သော် အတွင်းဝန်မင်းကို မတွေ့နိုင်သေး။ အလုပ်များနေပါသည်။ မောင်ပြုံးချိုသည် ဟိုဟိုသည်သည် လျှောက်၍ကြည့်သည်။ အခန်းတွေ အခန်းတွေမှာ ဆိုင်းဘုတ်တွေ ဆိုင်းဘုတ်တွေနှင့် သူတို့နာမည်တွေမှာလည်း ရှည်လျားသော ဘွဲ့ထူးကြီးတွေနှင့် တန်ဆာဆင်ထားသည်။ အချို့များ နှစ်ထပ်ဆင့် သုံးထပ်ဆင့်။

မောင်ပြုံးချိုတို့လူသိုက်သည် စင်္ကြံတွင်ရပ်လျက် ထွေရာလေးပါး စကားပြောနေကြလေသည်။ နန်းတော်ကြီးမှ အချို့သော အရာရှိများသည် မျက်နှာထားတင်းတင်းနှင့် သူတို့ကို လာကြည့်သွားသည်။ ဟေ့ နားမလည်ဘူးလား။ ဘာဖြစ်လို့ ဆူနေရသလဲဟု ဆိုလိုဟန်ရှိသည်။ အချို့လည်း ပြုံးပြုံးရွှင်ရွှင်နှင့် လာရောက်နှုတ်ဆက်ကြသည်။ အရာရှိကြီးများ သူတို့နားက ဖြတ်လျှောက်သွားသည်။ တစ်ခါတစ်ရံလည်း နှုတ်ခမ်းနီနီ၊ ပါးနီနီနှင့် ရွှင်ပြုံးသော မျက်နှာပေးနှင့် စာရေးမကလေးများ လမ်းသလားနေသည်ကို တွေ့ မြင်ရသည်။

"ခက်တာပဲဗျာ၊ နှစ်နာရီထိုးတော့မယ်၊ ညောင်းလှပြီဗျ" မြို့ပိုင်လှမိုက် ဦးသိန်းနွယ်က ညည်းညူသည်။

"ဒါက ကိစ္စမရှိဘူး ဆရာ၊ ကျုပ်တို့ မသွားချင်တဲ့နေရာ ပို့ရင် ဘယ့်နှယ် လုပ်မလဲ" အခြားတစ်ယောက်က မေးလေသည်။

"ဟာ ဒါ အလွယ်ကလေးပဲ" မောင်ပြုံးချိုက ဆို၏။

"အင်း ပြောပါဦး"

"လုံချည်အင်္ကျီချွတ်ပြီး ရုံးပေါ်လျှောက်ပြေးပေါ့ဗျ။ အဲဒီတော့ ခင်ဗျား ရူးနေတယ်ဆိုပြီး တံတားကလေး ပို့လိုက်ရော။ မသွားချင်တဲ့မြို့လည်း မသွားရတော့ဘူး။ ဟိုထဲသွားပြီး အေးအေးစားနေရရောပေါ့"

အားလုံးက ဝိုင်းရယ်ကြလေသည်။

"ဟာဗျာ ဒါလည်း မကောင်းသေးပါဘူး"

ထိုအရာရှိက ငြင်းချက်ထုတ်နေလေသည်။

သည်လို ဟောင်ဖွာဟောင်ဖွာနှင့် စကားပြောနေစဉ် ခရိုင်ဝန်မင်းကို ခေါ်သွားလေသည်။ ခဏကြာသောအခါ မောင်ပြုံးချိုတို့အားလုံးကို လာခေါ်လေသည်။ အတွင်းဝန်မင်း၏ အခန်းထဲသို့ တစီတတန်းကြီး လာကြလေသည်။

အတွင်းဝန်မင်းသည် ကြီးမားသော ဣန္ဒြေသမ္ဘတ္တိဖြင့် မောင်ပြုံးချိုတို့ကို သူ၏ မျက်စိအစုံဖြင့် သုံးသပ်၏။ မောင်ပြုံးချိုတို့သည် သူ့ရှေ့တွင် စီ၍ ရပ်နေကြရလေသည်။ မောင်ပြုံးချိုသည် စားပြမှုများတွင် တရားလိုအား တရားခံ အဖွဲ့ခိုင်းရန် လူအများ စိတ်ပန်းပြရပုံကို သတိရမိပါတော့သည်။

အတွင်းဝန်မင်း၏ ဦးခေါင်းပေါ်မှ ပန်ကာသည် လေးလေးမှန်မှန် လည်လျက်ရှိသည်။ ပြောင်လက်သော စားပွဲပေါ်တွင် ကြိုးနီများဖြင့် ချည်နှောင်ထားသော ဖိုင်တွဲတွေ၊ စာအုပ်တွေ၊ စာရွက်စာတမ်းတွေနှင့် တင်းကြမ်းပြည့်နေလေသည်။ ဓာတ်မီးရောင်လည်း ထိန်ထိန်လင်းနေလေသည်။

“ကဲ ဒါပဲလား၊ ခင်ဗျားတို့အားလုံး သန်ဘက်ခါ ခရိုင်ဝန်မင်းနဲ့အတူ နယ်ကို ပြန်လိုက်သွားကြပေတော့၊ ဟုတ်လား။ မလိုက်တဲ့လူတွေ ခရိုင်ဝန်မင်းက ကျွန်တော့ကို အစီရင်ခံပါ”

ခရိုင်ဝန်ကလည်း ခေါင်းတညိတ်ညိတ်။

“အင်း ဒါပဲ၊ ကျုပ်လည်း အစည်းအဝေးသွားစရာ ရှိသေးတယ်” ဝန်မင်းသည် နေရာမှထ၍ ပူနေသည့် ဝမ်းဗိုက်အား အကျပ်အတည်းမတွေ့စေအံ့သောငှာ ဖြုတ်ထားသော ရှေ့မှဘောင်းဘီကြယ်သီးနှစ်လုံးကို ခဲယဉ်းစွာ ပြန်တပ်နေလေသည်။

မောင်ပြုံးချိုတို့သည် သူ့အခန်းမှ ဖဲခဲ့ကြသည်။

“ဟော့ ဘယ့်နှယ်လဲ။ ကျုပ်တို့ အခက်အခဲတွေတော့ ဘာမှ မမေးဘူး၊ ဖြေရှင်းပေးဖို့လည်း စိတ်မကူးဘူး။ အမိန့်ပေးပုံက တယ်ဟုတ်ပါလား”

“အဲဒါ ခက်တာပဲ၊ ရုံးကထိုင်ပြီး နယ်က အခြေအနေ ဘာမှမသိဘူး”

“ဒါကြောင့် နယ်ကလူတွေ စိတ်ဓာတ်ပျက်တာပေါ့”

ဤသို့ တစ်ယောက်တစ်မျိုး ပြောလာကြသည်။ မောင်ပြုံးချိုအဖို့တော့ သူ့နယ်က အင်အားပြပွဲတစ်ခုတွင် လယ်သူမကြီးတစ်ယောက်အားရပါးရအော်လိုက်သည့် အသံကို ကြားယောင်နေပါတော့သည်။

“ဗျူလိုကလနက် အလိုမရှိ” ဟူသတည်း။

[ရောင်ခြည်သစ် ၁၉၄၉ ဇူလိုင် ၁၅]

## အပြန်

၁

ရန်ကုန်မြို့ကြီးမှ ထွက်ခွာရမည့်နေ့။

မည်သူသည် သည်ရန်ကုန်မြို့ကြီးမှ ခွဲခွာချင်အံ့နည်း။ ကျေးလက်တောရွာများနှင့် မြို့ငယ်များတွင် လူသတ်ပွဲကြီးဆင်နွှဲနေသည့် သမယတွင် လူတိုင်းဘေးရန်ကင်းရာ ရန်ကုန်မြို့ကြီးတွင် နေချင်ကြပါသည်။ ရွှေတိဂုံစေတီတော်ကြီး၏အရိပ်ကို ခိုလှုံနေချင်ကြပါသည်။ မောင်ပြုံးချိုလည်း ထိုလူတိုင်းထဲတွင် တစ်ယောက်အပါအဝင် ဖြစ်သည်။ ထို့ကြောင့် သူလည်း ရန်ကုန်မြို့ကြီးကို မခွဲနိုင် မခွာရက်။ သို့သော် ဝတ္တရားသည် သူ့ကို တောမြို့ကျေးရွာများသို့ မောင်းနှင်လျက်ရှိလေပြီ။ သူ့အလုပ်သည် တောင်သူ လယ်သမားတို့အလယ်တွင် ရှိသည်မဟုတ်ပါလော။ သူ့တာဝန်များသည် ထိုဒေသမှ စောင့်မျှော်နေသည် မဟုတ်ပါလော။

၂

မောင်ပြုံးချိုတို့ လူစု စီးနင်းလိုက်ပါလာသည့် ကားတန်းကြီးသည် ရန်ကုန်မြို့ကြီးမှ ထွက်စပြုလေပြီ။ သည်ကားတန်းကြီးထဲတွင် ရန်ကုန်မြို့ကြီးမှ ခဏတာမျှ မျက်နှာပြရန် လိုက်ပါလာကြသည့် ပုဂ္ဂိုလ်ကြီးများ စီးနင်းလာသည့် ‘စတေရှင်ဝက်ဂွန်း’ ကားကြီးများလည်း ပါသည်။ သူတို့၏ အဖော်အပေါင်း အစောင့်အရှောက်များနှင့် ပြည့်နေသည့် ဂျစ်ကားများလည်း ပါသည်။ မောင်ပြုံးချိုတို့နယ်တွင် အသုံးပြုရန် ဗဟိုအစိုးရမှ ထုတ်ပေးလိုက်သည့် လော်ရီကားကြီးနှစ်စင်းလည်း ပါသည်။ မောင်ပြုံးချိုတို့ လူစု ငှားစီးလာသည့် ‘ရဲတံခွန်’ လည်း ပါသည်။

ကားတန်းကြီးသည် ရန်ကုန်ပြည်လမ်းပေါ်တွင် ပြေးနေလေသည်။ ထောက်ကြန့်မှလွန်လျှင် ပုဂ္ဂိုလ်ကြီးတွေ စီးလာသည့် လေကဲ့သို့ လျင်မြန်သော စတေရှင်ဝက်ဂွန်းနှင့် ဂျစ်ကားများကို မတွေ့ရတော့ပါ။ သူတို့သည် လက်နက်အပြည့်အစုံပါသော အစောင့်အရှောက်များနှင့် စိတ်ချလက်ချသွားနိုင်ကြပါပြီ။ ထောက်ကြန့်မှထွက်သော် အစိုးရထုတ်ပေးလိုက်သည့် ကားကြီးနှစ်စင်းနှင့် မောင်ပြူးချိုတို့တစ်တွေ စီးလာသည့် အငှားကားသာလျှင် ရှေ့ဆင့်နောက်ဆင့် မောင်းနှင်လျက်ရှိသည်ကို တွေ့ရပါတော့သည်။

ထောက်ကြန့်နှင့် မှော်ဘီအကြားကားလမ်းသည် အန္တရာယ်များလှသည်။ မကြာခဏပင် တောစပ်မှထွက်၍ ကားများကို ဓားပြတိုက်တတ်သည်။ လူကို သတ်တတ်သည်။ လက်နက်ကိုလုယူတတ်သည်။ မကြာသေးမီကပင် ရဲအရာရှိတွေ၏ကားကို တောစပ်မှ ချောင်းပစ်ကာ အစီးခံရပြီး မဟုတ်လော။ ထိုစဉ်က ရဲအမှုထမ်း အရာထမ်းတွေ အတော်များများကျဆုံးခဲ့ပြီ။ သို့သော် မောင်ပြူးချိုတို့ အရာရှိတစ်စုမှာ တကယ့်သတ္တိခဲတွေ ဖြစ်ပါသည်။ လက်နက်ဆို၍လည်း ဘာမျှမပါ။ ပါသည့်သူများလည်း ရှေ့မှသွားနှင့်ကြပြီ။

"ဟော့ ဒီထောက်ကြန့်နဲ့မှော်ဘီအကြား အတော်ဆိုးတယ်နော်၊ သတိထားသွားကြ" တစ်ယောက်က သတိပေးပါသည်။

"အမယ် ကိစ္စမရှိပါဘူး၊ ဒီလမ်းမယ် သောင်းကျန်းနေတဲ့ လူတွေဟာ သူ့လူတွေချည်းပဲ။ သူပါရင် ဘာမှ မလုပ်ပါဘူး"

တစ်ယောက်က တခြားတစ်ယောက်ကို လက်ညှိုးထိုး၍ပြောလိုက်ရာ မျက်လုံးပြူးသွားပြီးလျှင် "တောက်တီးတောက်တဲ့ မပြောပါနဲ့ဗျာ"ဟု တောင်းပန်ရသည်။

သို့နှင့် ထောက်ကြန့်မှ ထွက်ခဲ့ကြသည်။ အစိုးရ ကားကြီးနှစ်စင်းကို ရှေ့မှတင်ကာ ထွက်လာကြသည်။ ကားမောင်းသမားများလည်း သည်လမ်းကြောင်းကို ကြားဖူးနေပြီဖြစ်၍ သွက်သွက်ကြီး မောင်းကြလေသည်။ မောင်ပြူးချိုတို့ စီးလာသည့်ကားသည် အစိုးရကားကြီးများကို မီအောင် မလိုက်နိုင်။ အတော်ကြီးပြတ်၍ ကျန်ရစ်ခဲ့လေသည်။



"ဟိုကားကြီးတွေ တယ်ကောင်းပါလားဗျ၊ သိပ်ဆွဲတာပဲ" စိုက်ပျိုးရေးအရာရှိ ဦးမြဟန်က ချီးမွမ်းလေသည်။ သို့သော် သူသည် ရဲဆေးတင်လာသောကြောင့် စကားကိုပင် ပီသအောင် မပြောနိုင်တော့ချေ။

"ကျွန်တော်က အကောင်းဆုံးကို ရွေးယူခဲ့တာဗျ"ကားထုတ်ခဲ့သူ အရာရှိက သူ့ရင်ဘတ်ကို လက်နှင့် ပုတ်၍ ခပ်ကြွားကြွား ပြောလိုက်လေသည်။

ကားတို့သည် အရှိန်ပြင်းစွာ ပြေးနေလေသည်။ ဝဲယာတွင် ရော်ဘာခြံများ၊ တောတန်းများနှင့် ညှပ်နေသည့် ကတ္တရာစေးလမ်းမကြီးသည် နေရောင်တွင် ပြောင်နေလေသည်။ ထောက်ကြန့်က ထွက်စဉ် စကားများလာကြသော အရာရှိများသည် အလိုလို ငြိမ်ကျသွားကြလေသည်။ မည်သူမှ စကားမပြောကြတော့။ သူတို့အားလုံး ရင်ခုန်နေကြဟန်တူသည်။ မောင်ပြူးချိုလည်း ဝဲယာကို ကြည့်လျက် တထိတ်ထိတ်နှင့် လိုက်လာလေသည်။ အဘယ်ချုံစပ်များက ဘွားခနဲ ပေါ်လာမလဲဟု ချုံကြီးကြီးမြင်တိုင်း မမှိတ်မသုန်ကြည့်မိသည်။ ကားလွန်သွားမှ ဟင်းခနဲ သက်ပြင်းချရသည်။ ဘယ်နေရာက 'ဒိုင်း'ခနဲကြားရမလဲဟုလည်း စိတ်ပူမိသည်။ သည်အထဲ ကားထဲမှ အလန့်တကြား အော်လိုက်သည်။

"တွေးမနေနဲ့၊ ငေးမနေနဲ့၊ ဘေးကြည့်၊ ဘေးကြည့်" တကယ်နောက်သည့် မြို့ပိုင် ဦးသိန်းနွယ်ပါတကား။ လူတိုင်းလူတိုင်း တထိတ်ထိတ်ဖြစ်နေစဉ် သူ့အသံကြောင့် မျက်လုံးပြူးသွားကြလေသည်။ အားလုံးက သူ့ကို သည်လို အလန့်တကြား မလုပ်ရန် ဝိုင်းပြောကြသည်။

"မဟုတ်ပါဘူး၊ ကျွန်တော်က သတိထားရအောင် ပြောတာပါ" သူ့စကားကြောင့် အရာရှိများသည် ပိုငြိမ်ကျသွားကြလေသည်။ အတော်သွားမိလျှင် ရှေ့မှပြေးနေသော အစိုးရကားကြီးသည် လမ်းဘေးတွင် မတုန်မလှုပ် ကျောက်ရုပ် ဖြစ်နေလေတော့သည်။

"ဟာ ခက်တာပဲ" တစ်ယောက်က အော်လိုက်လေသည်။

"ပျက်နေပြီထင်တယ်ဗျို့" အခြားတစ်ယောက်က ဆိုသည်။

"အဲဒါ ခွကျတာပဲ"

မောင်ပြူးချိုတို့ မော်တော်ကားအနားသို့ ရောက်သောအခါ ကားပေါ်တွင်ပါလာသူ တချို့က အရပ်ခိုင်းသည်။ အချို့က မရပ်ရန် ပြောသည်။ တစ်ယောက်တစ်ပေါက် ဆူညံနေတော့သည်။

"ဒီနေရာမှာ ရပ်လို့မဖြစ်ဘူးဆရာ၊ သိပ်ဆိုးတဲ့နေရာ၊ ဝင်အုပ်ရင် ခက်နေမယ်" ဒရိုင်ဗာသည် ပြောပြောဆိုဆို အတင်းမောင်းပြေးလေသည်။ မောင်ပြုံးချိုတို့လည်း ဘာမှ မပြောသာတော့ချေ။

"ဟော့လူ ခင်ဗျားကား တယ်ကောင်းပါလား၊ အကောင်းဆုံး ရွေးယူခဲ့တာဆို" အရာရှိတစ်ယောက်က ကားထုတ်လာသည့်အရာရှိကို ငေါ့လိုက်လေသည်။ ထိုအရာရှိသည် စကား ပြန်မပြောတော့ချေ။

၃

မှော်ဘီသို့ရောက်လာကြပြီ။

သည်တော့မှ ကားပေါ်တွင် ပါလာသော အရာရှိအပေါင်း သတ္တိကောင်းတို့သည် ပြုံးနိုင်ကြလေတော့သည်။ သို့သော် ရှေ့ကို ဆက်၍ မသွားနိုင်ကြသေး။ ကျန်ရစ်ခဲ့သောကားကြီးကို ပြန်၍ ခေါ်ရဦးမည်။ စစ်တပ်နှင့် ရဲအဖွဲ့ကို အကူအညီတောင်းကာ ပါလာသည့် အစိုးရကားနှင့် ပြန်ဆွဲရန် စီစဉ်ကြသည်။ ပါလာသော အစိုးရကားလည်း ဆီပိတ်၍ ပျက်ပြန်လေပြီ။ သို့နှင့် ရဲအဖွဲ့မှ ကားနှင့် သွားဆွဲရလေသည်။

မောင်ပြုံးချိုလည်း ရဲဌာနအနီး၌ သစ်တုံးကြီးများပေါ်တွင် ထိုင်ရင်းစောင့်နေရလေသည်။ ကျန်ရစ်ခဲ့သော ကားပေါ်တွင် ပါလာသည့် အစိုးရပစ္စည်းတွေ ပျောက်ဆုံးကုန်လျှင် မခက်ပါလော။

သည်အချိန်တွင် အအုပ်လိုက်၊ အစုလိုက် ပြေးလွှားလာကြသော ကျေးရွာသူ ကျေးရွာသား လယ်သမားများကို တွေ့ရလေသည်။ အချို့လည်း ကားများနှင့် ရောက်လာကြကုန်သည်။ အချို့လည်း ခြေကျင် လျှောက်လာကြသည်။ အချို့လည်း ပြေး၍သာ လာရသည်။ ဘယ်ဆီသွားရမှန်း မသိ။ ယောင်ချာချာ ဖြစ်နေကြလေသည်။

ဈေးနားတွင် ကားပေါ်က ဆင်းနေသည့် လူတစ်သိုက်ကို ကြည့်ပါဦး။ အဘွားအို၊ အဘိုးအိုကြီးတွေလည်း ပါလာပါသည်။

"အမယ်လေး ဘုရား၊ ဘုရား"

အဘွားအိုကြီးတစ်ယောက်သည် တုန်တုန်ရီရီနှင့် ညည်းညူနေလေသည်။ သူသည် သစ်ပင်ရင်းတွင် သစ်မြစ်ကို ခေါင်းအုံး၍ မှိန်းနေလေသည်။ အတော်ခရီးပန်းနေဟန်တူပါသည်။



"တယ် ရက်စက်ကြပါကလား ဟင်၊ ကျုပ်တို့နဲ့ သူတို့ ရန်သူလည်း မဟုတ်ပါကလား။ ဘာဖြစ်လို့ ဒီလိုလုပ်ကြတာတဲ့တုံး"

အသက်ငါးဆယ်ကျော်ခန့်ရှိအမျိုးသမီးကြီးတစ်ယောက်သည် ခေါကြီးမောကြီးနှင့်ပြောရင်း ကားပေါ်မှ ပစ္စည်းများကို ချနေလေသည်။ ပစ္စည်းတွေသာဆိုသည်။ အဝတ်ထုပ်တစ်ခုနှင့် တောင်းတစ်လုံးသာ ပါလာပါသည်။

သူတို့တစ်တွေကား မိမိတို့နေရာ ကျေးရွာနေအိမ် လယ်ယာကိုင်းကျွန်းတို့ကို ပစ်၍ ပြေးလာခဲ့ရသူများ ဖြစ်သည်။ ဆယ်မိုင်ဆယ့်ငါးမိုင် ရွှံ့တွေ ရေတွေထဲတွင် ရတတ်သမျှသော ပစ္စည်းကလေးများကို သယ်ပိုးကာ ပြေးလာခဲ့ကြသည်။ လမ်းမကြီးပေါ်သို့ ရောက်ခါမှ တပ်မတော်မှ ရဲဘော်များကြုံရာကားနှင့် တင်ပေးလိုက်၍ မှော်ဘီမြို့သို့ ရောက်လာကြခြင်း ဖြစ်လေသည်။ မောင်ပြုံးချိုတို့လူစုသည်လည်း သူတို့တစ်တွေကို ကြည့်၍ ယူကျုံးမရဖြစ်နေကြလေသည်။

အခြားသော သစ်ပင်ခြေရင်းတွင်လည်း နနွင်းတွေနှင့် ဝါဝါထိန်အောင် လိမ်းကျံထားသည့် မိန်းမငယ်တစ်ယောက် ငိုနေသည်ကို တွေ့ရပြန်သည်။ သူသည် ရှိုက်၍ ရှိုက်၍ ငိုနေလေသည်။

"ဘဝကုသိုလ်ပေါ့ သမီးရယ်"

မိန်းမကြီးတစ်ယောက်သည် အနီးတွင် ထိုင်ကာ နှစ်သိမ့်စေသည်။

"ဘာဖြစ်လို့လဲဗျ"

မောင်ပြုံးချိုသည် မရဲတရဲနှင့် မေးလိုက်လေသည်။ သည်တော့မှပင် မိန်းမငယ်သည် ပို၍ ငိုကြွေးလေတော့သည်၊

"သူ့ကလေး ကျန်ရစ်လို့ပါကွယ်" မိန်းမကြီးသည် မောင်ပြုံးချိုကို ပြန်၍ ဖြေလေသည်။

"သြော် ပြန်တွေ့မှာပေါ့ဗျာ၊ ငိုတော့ လူကြီးပါ နေမကောင်းဖြစ်ပါမယ်"

"မတွေ့နိုင်တော့ဘူး မောင်ရင်ရဲ့၊ မနက် လင်းအားကြီး တဒိန်းဒိန်း တဒိုင်းဒိုင်းနဲ့ ဝင်တော့ သူ့ကို မီးနေခန်းထဲက အတင်းထမ်းပြီးတော့ ပြေးရတာပဲ။ သူကလည်း သူ့ကလေးကို ချီလာခဲ့တာပဲ။ သူ့ယောက်ျားကတော့ 'သွားနှင့် ငါအဝတ်ကလေးတွေ ယူဦးမယ်' ဆိုပြီး ကျန်ရစ်တယ်။ အခုထက်ထိ

တော့ ပေါ်မလာသေးဘူး။ အခေါ်တို့လည်း သေနတ်သံတွေ ကြားထဲက အတင်းပြေးလာရတယ်။ ရွာနဲ့ တစ်ခေါ်လောက်ဝေးတဲ့ ချောင်းအကူးကျတော့ ရေစီးကလည်း သန်တော့ လဲမလိုဖြစ်ပြီး ကလေး လွတ်ကျသွားတာ ရှာမရတော့ဘူး"

သည်လိုပြောပြီးလျှင် မိန်းမကြီးသည် ငိုပြန်ပါတော့သည်။ မောင်ပြုံးချိုတို့လည်း စုတ်တသပ်သပ်နှင့် နားထောင်နေရင်း မျက်ရည်မကျရန် မနည်းကြီး ချုပ်တည်းထားကြရလေသည်။

ခက်ပြီ။ အများကြီးခက်ပြီ။ သည်ဒုက္ခသည်တွေကို ဘယ်လို ကယ်ဆယ်ပါမည်နည်း။ သည်မိန်းကလေးကိုပင် ကြည့်ပါဦး။ ရင်သွေးကလည်း ဆုံးပြီ။ လင်ယောကျ်ားလည်း အခုထက်ထိ ပေါ်မလာသေး။ သေပြီလား။ မည်သူပြောနိုင်အံ့နည်း။

ဒုက္ခသည်အပေါင်းကား ဝင်လာမစဲ တသဲသဲ။ သား၊ သမီးသေ၍ ကျန်ရစ်သူတွေလည်း ပါသည်။ မိဘကို ပစ်ခဲ့ရသူလည်းရှိသည်။ အနည်းဆုံး ဆွေမျိုးသားချင်းတစ်ဦးဦးတော့ သေ၍ ကျန်ရစ်ခဲ့သည်။

ဘာဖြစ်လို့ သူတို့ သည်လို ပြေးရ လွှားရကြသနည်း။ ဘာကြောင့် သူတို့ကို သတ်နေသနည်း။ ဘယ်အတွက်ကြောင့် သူတို့အိမ်တွေကို မီးရှို့ ဖျက်ဆီးသနည်း။ သူတို့ သိပါသလော။ သူတို့ နားလည်ပါသလော။

မောင်ပြုံးချိုတို့ ကားကြီးသည် မော်ဘီမှ ထွက်လာခဲ့လေပြီ။ အစိုးရက ထုတ်ပေးလိုက်သည့်ကားကြီးလည်း 'ဖုတ်ချက် ဖုတ်ချက်'နှင့် နောက်မှ ပါလာလေသည်။ အခြားကားနှစ်စင်းသည် သူ့ကိုစောင့်၍ ခေါ်နေခဲ့ရလေသည်။

မြို့တွင်းမှ ထွက်လာလျှင်လည်း အစုလိုက် အအုံလိုက် ပြေးလွှားလာခဲ့ကြသည့် တောသူတောင်သားများကို တွေ့မြင်ရသေးသည်။ ဝဲဘက်မှ မျှော်ကြည့်လိုက်လျှင် စိမ်းလန်းသည့်လယ်ပြင်ကြီးကို တွေ့ရသည်။ ထိုလယ်ပြင်ကြီးတစ်ဝန်းလုံးမှာပင် ကန်သင်းများပေါ်၌ အထုပ်ရွက်လာသူ၊ ဝက်ကို ထမ်းလာသူ၊ အမယ်အိုကို ပွေ့လာသူ၊ ခလေးကို ပွေ့လာသူတွေနှင့် ပြည့်နှက်လျက် ရှိတော့သည်။ အချို့သည် ငိုလျက်၊ အချို့ကား ရှိုက်လျက်၊ အချို့က အံကြိတ်လျက်။



ထိုလယ်ကွင်းကြီးကို ဖြတ်ကျော်၍ ခပ်လှမ်းလှမ်းသို့ ကြည့်လိုက်ပြန်လျှင် ရွာကြီးရွာငယ် အသွယ်သွယ်ကို တွေ့မြင်ရသည်။ ထိုရွာကြီးများမှာ မီးခိုးလုံးကြီးများသည် အလိပ်လိုက်အလိပ်လိုက် ကောင်းကင်သို့ တက်နေလေသည်။ ကောင်းကင်သို့ ရောက်သောအခါ ထိုမီးခိုးလုံးကြီးများသည် တစ်ခုနှင့် တစ်ခု ပေါင်းကူး၍ သွားကြလေသည်။

မောင်ပြုံးချိုတို့ ကားကြီးသည် ပြည်လမ်းမကြီးပေါ်တွင် ပြေးနေလေသည်။ ရွာတွေကို ဝါးမျိုနေသော မီးတို့သည် အရှိန်ကောင်းကောင်းနှင့် လောင်မြဲ လောင်နေကြသည်။ ရွာသူ၊ ရွာသားတို့၏ အိုးအိမ်ပစ္စည်း အသက်စည်းစိမ်တို့ကို ဝါးမျိုမြဲ ဝါးမျိုနေလေကြသည်။

"သည်မီး ဘယ်တော့ ငြိမ်းပါ့မလဲ"

မောင်ပြုံးချိုသည် စိတ်ထဲမှ ဤမေးခွန်းကို ထုတ်မိလေသည်။

[ရောင်ခြည်သစ် ၁၉၄၉ အောက်တိုဘာ ၁]

# ကျွေးတိုင်းစားသော်

၁

တစ်နေ့သ၌ မောင်ပြုံးချိုသည် အိမ်ရှေ့ခန်းတွင် စာဖတ်နေလေသည်။

"ဖေဖေ ဖေဖေ ကြည့်ပါဦး ဖေဖေရဲ့"

ရှစ်နှစ်ရွယ် သားအကြီးသည် ငယ်သံပါအောင် ဟစ်၍ ဝင်းပေါက်ဝကို လက်ညှိုးထိုးပြလေသည်။ မောင်ပြုံးချိုလည်း ဖတ်နေသောစာအုပ်ကို အသာချ၍ သားကြီးညွှန်ပြရာသို့ ကြည့်လိုက်သည်။ ကြောင်ညိုမကြီးတစ်ကောင်သည် ကွေးလေးငယ်ရွယ် ကြောင်ကလေးတစ်ကောင်ကို ချီ၍ အိမ်ပေါ်သို့အပြေး တက်လာပါသည်။ ကြောင်မကြီးသည် သူ့ရင်သွေးငယ်ကို အိမ်နောက်ဖေး မီးဖိုဆောင်အထိ ယူသွားပြီးလျှင် ဂုံအိတ်ပေါ်တွင်ချကာ 'ညောင်ညောင်'နှင့် အော် နေလေသည်။ မောင်ပြုံးချို၊ တင်မကြီးနှင့်တကွ သားကြီးသားငယ် သမီးကြီး သမီးငယ် အသွယ်သွယ်သောပုစုခရုတို့သည် ကြောင်မကြီးရှိရာသို့ လာ၍ ဝိုင်းအုံကြည့်နေကြလေသည်။

"ဖေဖေကြောင်လေးချစ်စရာ"သားကြီးက ဝမ်းသာအားရဆိုသည်။

"ဒီကြောင်လေး သမီးယူမယ်"သမီးကြီးက ဟစ်လိုက်ပြန်သည်။

"ဟင်မေမေ ညီလေးယူမယ်"သားငယ်က အော်ပြန်သည်။

"မေမေ မေမေ ကြောင် ကြောင်"သမီးငယ်က ရွတ်နေသည်။

မောင်ပြုံးချိုနှင့် တင်မကြီးသည် တစ်ယောက်မျက်နှာကို တစ်ယောက် ကြည့်ပြီး ပြုံးလိုက်ကြသည်။

"ကို ဒါသိပ်နိမိတ်ကောင်းတာပဲ။ တင်တို့တော့ နောက်ကောင်းစားဦး မယ်။ သိပ်လာဘ်ကောင်းတာပဲ"တင်မကြီးသည် ချက်ချင်းနိမိတ်ဖတ်နေသည်။



"အင်း" မောင်ပြုံးချိုက သည်လောက်ပဲ ပြောနိုင်ပါသည်။ ကြောင်မကြီး သည် ညောင်ညောင်ညောင်နှင့် မြည်ကာ မောင်ပြုံးချိုတို့ မျက်နှာတွေကို တစ်လှည့်စီကြည့်ပြီး အိမ်ရှေ့ပေါက်မှပင် ပြန်ဆင်းသွားပြန်သည်။ မောင်ပြုံးချို တို့သည် ကြောင်မကြီးထားခဲ့သော ကြောင်ကလေးကိုဝိုင်း၍ ကြည့်နေကြလေ သည်။ အနက်နှင့်အဖြူ ကျားထားသည့် အမွေးများ အုပ်ဆိုင်းထားသည်။ သူသည် မျက်လုံးကြောင်တောင်တောင်နှင့် မောင်ပြုံးချိုတို့မိသားစုကို ကြည့် နေလေသည်။

"ဟော့ အထီးလား အမလား ကြည့်ပါဦးကွ"

မောင်ပြုံးချိုက ပြောလိုက်ရာ တင်မကြီးသည် ကြောင်ငယ်ကလေးကို ကိုင်၍ ပက်လက်လှန်လိုက်လေသည်။

"အမကလေး၊ အမကလေး"

တင်မကြီးသည် ဝမ်းသာအားရအော်၍ ပြောလိုက်သည်။ မောင်ပြုံးချို သည် အမကလေး ဟူသောအသံကြီးကို ကြားကတည်းက မျက်နှာလွှဲ၍ နှာခေါင်းရှုံ့လိုက်သည်။

"ဘာလဲ၊ ကိုက အမလေးဆိုတော့ မလိုချင်ဘူးလား" မောင်ပြုံးချို အတွင်းသဘောကို သိလိုက်သော တင်မကြီးက ရုတ်တရက်မေးလိုက်လေ သည်။

"အေး အမဆိုရင် ဘယ်ကောင်းမလဲကွ"

"ဘာပြုလို့ မကောင်းရမှာလဲကိုရဲ့။ ပိုတောင်ဟန်ကျသေးတယ်"

"မကောင်းပါဘူးကွာ၊ အမဆိုရင် မနိပ်ဘူးဟေ့"

"အမယ် ကိုက ကြီးကျယ်လိုက်တာ၊ ကိုယ့်ကိုရော အမက မွေးထုတ် လိုက်လို့ လူဖြစ်လာတာမဟုတ်လားဟင်။ ဒီကမ္ဘာကြီးမှာ အမမရှိရင် အလကားပဲ သိလား။ အမတွေရှိလို့ သာယာစိုပြည်နေတာ သိရဲ့လား"

တင်မကြီးသည် 'အမ'၏စွမ်းဆောင်မှုတွေကို စကားရည်လုပွဲတွင် ပြောနေသူတစ်ယောက်ကဲ့သို့ ဒေါနှင့်မောနှင့် ပြောနေလေသည်။ မောင်ပြုံးချို အဖို့ အတော်အကျပ် တွေ့သွားပါသည်။ အမကို မနိပ်ဘူးဟုပြောမိသည်။ ဘာကြောင့်မနိပ်သည်ကို အကြောင်းမပြနိုင်ဘဲ ဖြစ်နေလေသည်။ သို့သော် တော်ပါသေး၏။ ကြောင်မကြီး အိမ်ရှေ့မှ တက်လာပြန်သဖြင့် စကားပြတ် သွားလေ၏။

"မေမေ ကြောင်မကြီး လာပြန်ပြီ"

"ဟော ကြောင်ကလေးတစ်ကောင် ပါလာပြန်ပြီ"

"ဒီတစ်ကောင် ငါယူမယ်ဟေ့"

"ဟင် ဟင် ယူရဘူး"

ကလေးများက ဝိုင်း၍အော်နေကြစဉ် ကြောင်မကြီးသည် သူ့ပါးစပ်နှင့် ကိုက်ချီလာသည့်ကြောင်ကလေးကို အရင်တစ်ကောင် ချထားခဲ့သည့် နေရာမှာပင် လာရောက်ချထားပြန်လေ၏။ ဒီတစ်ခါ ယူလာသည့် ကြောင်ကလေးမှာ ကြောင်အညိုကလေး ဖြစ်လေသည်။

"ဟေ့ ဟန်ကျပြီဟေ့၊ ကောင်းကောင်းမွန်မွန် ထားကြပါကွာ"

မောင်ပြုံးချိုက ပြောလိုက်လေသည်။ ကြောင်မကြီးသည် ထိုနေရာတွင်ပင် လှဲလိုက်ကာ ကြောင်ငယ်ကလေးများကို နို့တိုက်နေလေသည်။

"သိပ်ထူးဆန်းတာပဲကိုရယ်၊ ကြည့်စမ်း၊ ဒီကြောင်မကြီးဟာ ဘယ်က မှန်းလဲ မသိဘူး။ ဒီကို သူ့ကလေးတွေပါ တစ်ခါတည်းရွှေ့လာတယ်" တင်မကြီးသည် အံ့သြနေလေသည်။

"အေး ဟုတ်တယ်ကွဲ့"

မောင်ပြုံးချိုသည် သည်လိုပြောပြီးလျှင် နို့တိုက်နေသည့် ကြောင်မကြီးကို စိုက်ကြည့်နေလေသည်။

"မေမေ ကြောင်မကြီးက နို့သီးကလေးတွေ အများကြီးပဲ"

"ဟိုအချူလေး ငါယူမယ်"

"အညိုလေး ငါ့ဟာ"

"ဟင့် ဟင် ဟုတ်ဘူး၊ ငါယူထားတာ"

မောင်ပြုံးချို၏ကလေးများသည် ဆူဆူညံညံလျက် ရှိကြလေသည်။ ထိုအချိန်တွင် မောင်ပြုံးချိုသည် နောက်မှချီယူလာသည့် ကြောင်ညိုကလေးကို ပက်လက်လှန်၍ ကြည့်လိုက်လေသည်။

"ဟေ့ ဟန်တယ်ဟေ့၊ ဒါက အထီးကလေး"

မောင်ပြုံးချိုသည် တင်မကြီးကိုလှမ်းကြည့်၍ ပြောလိုက်လေသည်။

"အထီးဖြင့် မနိပ်ပါဘူးကိုရယ်"တင်မကြီးက မျက်စောင်းတစ်ချက် ထိုး၍ ပြန်ချေလိုက်လေသည်။



"ဘာဖြစ်လို့ မနိပ်ရမှာလဲကွ၊ အထီးမှကောင်းတာ" မောင်ပြုံးချိုက ဒေါနှင့်မောနှင့် ပြန်ပြောလိုက်လေသည်။

"ကိုက အမမနိပ်ဘူးဆို၊ ဒီတော့ တင်ကလည်း အထီးမနိပ်ဘူးပေါ့"

"လောကကြီးမှာ အထီးနဲ့အမ အမြဲတွဲနေရမယ်"

"ဟင်း မှန်တယ်"

"အထီးမရှိလည်း အမ မဖြစ်ဘူး" မောင်ပြုံးချိုက ဆိုသည်။

"အမမရှိလည်း အထီးမဖြစ်ဘူး"တင်မကြီးက ဆိုသည်။

"အင်း မှန်တယ်"

"ဒီတော့ အမဟာ မနိပ်ဘူးလို့ မပြောနိုင်ဘူး"

"အင်း မှန်တယ်၊ အထီးဟာလည်း မနိပ်ဘူးလို့ ဘယ်ပြောနိုင်မလဲ"

"ဟုတ်တာပေါ့"

"ဒီတော့ အထီးရော အမရော အနိပ်ချည့်ပဲ"

"သဘောတူပါပြီ"

ဤစကားရည်လုပွဲတွင် မောင်ပြုံးချို အရှုံးပေးလိုက်ရလေသည်။

၂

ကြောင်ထီးကလေးနှင့် ကြောင်မကလေးသည် တစ်နေ့တခြား ကြီးပြင်းလာကြလေသည်။ မောင်ပြုံးချိုကို့သည် သူတို့နှစ်ကောင်အိပ်ရန်အတွက် ဂုံအိတ်စုတ်များနှင့် နေရာလုပ်ပေးထားရသည်။ ကြောင်မကြီးသည်လည်း နေ့ညမရွေး လည်ပတ်နေတတ်သော်လည်း သူ့သားငယ်သမီးငယ်များကို နို့တိုက်ရန်ကား မမေ့။ တစ်ခါတစ်ရံ ကြောင်မကြီး အလည်ကြူးနေလျှင် ကြောင်ကလေးနှစ်ကောင်သည် တမြည်မြည်နှင့် အော်နေတတ်ကြသည်။ သည်လို တစာစာအော်မြည်နေသည်ကို မြင်ကြရသော မောင်ပြုံးချိုတို့ အိမ်သားတစ်စုတို့သည် ကြောင်မကြီးကို စိတ်ဆိုးကြလေသည်။ ဘာပြုလို့ ဒီတိရစ္ဆာန်မကြီးက သားသမီးငယ်များကို ပစ်၍ လည်ပတ်နေရသနည်း။ အတော် မသိတတ်သော ဆိုးရွားသည့် အမေကြီးပါတကား။ ကြောင်မကြီးကား တော်တော်နှင့် ပြန်မလာ။ ကလေးတွေလည်း ဆာလှပါပြီ။ မောင်ပြုံးချို

မကြည့်ရက်နိုင်တော့ပြီ။ ရှိသမျှဟင်းနှင့် ထမင်းကိုနယ်၍ ကျွေးစေသည်။ ကြောင်ကလေးများကား နမ်းရှုံသာနမ်းပြီး နောက်တွန့်သွားသည်။

"ဟော့ ဘာဟင်းနဲ့ ကျွေးသလဲ ဖိုးစိန်ရ" မောင်ပြုံးချိုတပည့်ကျော် ဖိုးစိန်ကို လှမ်း၍ မေးလိုက်လေသည်။

"ချဉ်ပေါင်ဟင်းနဲ့ အစ်ကိုကြီး"

"အို ကြောင်ကို ချဉ်ပေါင်ဟင်းနဲ့ကျွေးလို့ ဘယ်စားမလဲကွ။ ငါးဟင်းနဲ့ ကျွေးမှပေါ့"မောင်ပြုံးချိုက အမိန့်ပေးလိုက်ရာ ဖိုးစိန်သည် မျက်နှာပျက်သွားလေ၏။ သို့သော် မောင်ပြုံးချို မရိပ်မိသေး။

"ကြောင်ဆိုတဲ့သတ္တဝါဟာ အညှီအဟောက်ကိုမှ စားတာကွ။ ဟင်းသီးဟင်းရွက်စားတဲ့အကောင်မျိုး မဟုတ်ဘူး။ အေး မနက်ကကျန်တဲ့ ငါးဟင်းနဲ့ နယ်ကျွေးလိုက်ပါကွာ"မောင်ပြုံးချိုက ဆက်၍ပြောနေပြန်လေသည်။

"ငါးဟင်းမရှိတော့ဘူး အစ်ကိုကြီး" ဖိုးစိန်က ခပ်ဆတ်ဆတ် ပြောလေသည်။

"ဘယ်ရောက်ကုန်တုံးကွ"

"ကျွန်တော်တို့ စားပစ်လိုက်ပြီ"

မောင်ပြုံးချို ဘာမျှမပြောနိုင်တော့ပါ။

"ဟုတ်တာပေါ့ကိုရဲ့။ ငါးချက်တာကမှ အစိတ်သားရယ်။ လူကြီးတွေရော၊ ကလေးတွေရောစားလို့ အရိုးအရင်းကျန်တာ နောက်ဖေးက တပည့်တွေ စားရသေးတာပေါ့။ တောလိုမဟုတ်ဘူး ကိုရေ၊ ဒါ ရန်ကုန်၊ အစစအရာရာ အလွန်ရှားတယ်" တင်မကြီးက တပည့်တွေဘက်မှ ဝင်၍ ရှေ့နေလိုက်နေလေသည်။

"အေးကွာ၊ ဒါပေမဲ့ ကြောင်ဆိုတာ နည်းနည်းလေးစားတာပါ။ ဒီကြောင်မကြီးနဲ့ ကြောင်ကလေးနှစ်ကောင်တော့ ဂရုစိုက်ကျွေးဖို့ ကောင်းပါတယ်ကွာ"

"ကျွေးမလို့ပဲ အစ်ကိုကြီး၊ မစားဘူးမှတ်လို့"

ဖိုးစိန်က ပြောလိုက်သည်။

"အေး အေး နောင်ဂရုစိုက်ပါကွာ"



ထိုနေ့မှစ၍ ကြောင်မကြီးသားအမိတို့သည် သူတို့ ကြိုက်တတ်သော ဟင်းနှင့် အစာမှန်မှန်စားကြရလေသည်။

ကြောင်သားအမိ ရောက်လာသဖြင့် ပျော်မဆုံးဖြစ်နေသူများမှာ မောင်ပြုံးချို၊ တင်မကြီးတို့၏ ရင်သွေးများ ဖြစ်ကြလေသည်။ သူတို့ထဲတွင် အခင်တွယ်ဆုံးမှာ တတိယသား 'ညီလေး'ဖြစ်လေသည်။ ခေတ်ဆိုးကြီးနှင့် ခေတ်ကျပ်ကြီးထဲတွင် လူ့ဘဝသို့ရောက်ကြရသည့် ကလေးများသည် ကစားစရာဟူ၍ မယ်မယ်ရရမရှိကြ။ မိဘများသည် ရင်သွေးများအတွက် ကစားစရာ အမျိုးမျိုးကို ဝယ်ပေးချင်လှပါသည်။ သို့သော် ကစားစရာတွေကလည်း မသက်သာလှ။ ထို့ကြောင့် သားငယ်သမီးငယ်များသည် နို့ဆီဘူးလွတ်များ၊ ပုလင်းလွတ်များကို အိုးပုတ်လုပ်၍ ကစားရသည်။ စက္ကူတွေကို အရုပ်အမျိုးမျိုးကိုက်၍ဖြေဖျော်ရသည်။ သည်အထဲတွင် သူစုထားသော ပုလင်းတွေ၊ နို့ဆီခွက်တွေ ပျောက်သည်ဆိုကာ တင်မကြီးက ဆူလိုက်သေးသည်။ အမှိုက်ရှုပ်သည်ဆိုကာ မောင်ပြုံးချိုက ကြိမ်းလိုက်သေးသည်။ တက္ကသိုလ်ကျောင်းသား အရွယ်မရောက်ကြသေးသဖြင့် သပိတ်မမှောက်တတ်သေး၍ တော်တော့သည်။ သို့မဟုတ်လျှင် သူတို့အခွင့်အရေးကို တောင်းဆိုကာမရလျှင် သပိတ်မှောက်ချင်မှောက်ကြပေလိမ့်မည်။

အခုတော့ ဟန်ကျပါပြီ။ မောင်ပြုံးချိုတို့အတွက်လည်း ကောင်းသည်။

သားငယ်သမီးငယ်များအတွက်လည်း အတိုင်းထက်အလွန် ဖြစ်သွားပါတော့သည်။ ကြောင်မကြီးသားအမိအိမ်သို့ ရောက်လာသဖြင့် အရင်က အထူးသောင်းကျန်းခဲ့သော ကြွက်ကြီးကြွက်ငယ် အသွယ်သွယ်တို့သည် ပျောက်ချင်းကြီးမလှ ပျောက်ကုန်ကြပါပြီ။ သူတို့ မရောက်ခင်ကဆိုလျှင် တစ်အိမ်လုံး ကြွက်တွေဟိုပြေးဒီပြေးနှင့် ခြေရှုပ်ခဲ့သည်။ ဆွမ်းတော်တင်ထားသည်ကိုလည်း သူတို့ပင် ဦးအောင်တက်၍ ဘုဉ်းပေးသုံးဆောင်နေသည်ကို တွေ့ရသည်။ သောင်ရေအိုးမှပန်းများကိုလည်း 'မှသိက'တစ်မျိုးလုံးက ချွေသုံးဖျက်ဆီးကိုက်ဖြတ်၍ နှစ်ဆယ့်လေးနာရီအတွင်း ငုံးတိတိ ဖြစ်ကုန်ပါသည်။ ထမင်းပွဲပြင်ထားလျှင်လည်း အလစ်မပေးရဲ။ လစ်သည်နှင့် တစ်ပြိုင်နက် အချို့နယ်များတွင် ဆန်လုပွဲကြီးကျင်းပသလို သူတို့တစ်တွေ ဝိုင်းအုံနေသည်ကို တွေ့ရလေသည်။ ညအချိန်တွင်လည်း မီးဖိုဆောင်မှ သူတို့တစ်တွေ သောင်း

ကျန်းသံများကို ကြားရပါသည်။ အိုးသံ၊ ခွက်သံ၊ ပန်းကန်သံ၊ ဇွန်းသံ၊ ပြေးသံ လွှားသံ တကျွိကျွိနှင့် ကြွေးကြော်သံများ အိပ်ရာထဲမှ နားသောတ ပန်ဆင်ခဲ့ရပါသည်။ ယခုကြောင်မကြီးသားအမိ၏ ကျေးဇူးကြောင့် 'မုသိက' သောင်းကျန်းမှုတွေ လုံးလုံးကြီး အေးသွားပါပြီ။ ဘုရားစင်မှ ဆွမ်းတော်ပွဲလည်း ဣန္ဒြေရရ တည်ရှိပါပြီ။ တစ်ခါတစ်ရံ ညနေစောင်းအထိပင် သတိမေ့၍ မစွန့်မိလျှင် ပရွက်ဆိတ်တွေရဲလျက် အခြေမပျက် တည်ရှိနေပါသည်။ ညောင်ရေအိုးမှပန်းများလည်း လန်းလန်းဆန်းဆန်းရှိပါပြီ။ ထမင်းပွဲနားသို့လည်း သူတို့တစ်တွေ မကပ်ရဲကြတော့ပါ။ ညဥ့်အချိန်တွင်လည်း အေးအေးဆေးဆေး အိပ်ကြရပါသည်။

ကလေးတွေအဖို့တော့ ကြောင်ကလေးနှစ်ကောင်သည် ကစားစရာများ အဖြစ် အလွန်အသုံးဝင်နေပါတော့သည်။ သူတို့ကစားဖော်များ ဖြစ်သည်။

လွဲထားသောပုခက်မှ ကျနေသည့် ကြိုးစကလေးကို ကြောင်ကလေးများ လိုက်ခုတ်နေသည်ကို မြင်ရသောကလေးများသည် ပျော်၍မဆုံး။

စက္ကူတစ်ခုကို ကြိုးနှင့်ချည်ကာ ရှေ့မှဆွဲသွားလျှင် ကြောင်ကလေးနှစ်ကောင်သည် နောက်မှ လိုက်ခုတ်တတ်သည်။

ကလေးများသည် သူတို့နှင့်သာ အစဉ်လိုလိုကစားနေကြလေသည်။

သူတို့အဖို့ ပျော်လို့မဆုံးတပြုံးပြုံး။

၃

ကြောင်ကလေးတွေ ချစ်စရာကောင်းလှပါသော်လည်း ကြောင်ချေးက တော့ နံလှပါသည်။ သည်အထဲ စည်းမရှိကမ်းမရှိ ပါချင်သည့်နေရာပါထား၍ တစ်အိမ်လုံး ကြောင်ချေးတွေနှင့် ပြည့်နေတတ်ပါသည်။

"ခက်တာပါပဲ၊ ဒီကြောင်တွေ ဘယ့်နှယ်လုပ်ရမလဲ မသိပါဘူး" တင်မကြီးသည် နေ့တိုင်းလိုလို ညည်းလေသည်။

"ပေးပစ်လိုက်ပေါ့ကွာ၊ လိုချင်တဲ့လူတွေ ရှိပါတယ်"မောင်ပြုံးချိုက သည်လို အကြံပေးလိုက်သည်။

"ဟုတ်တယ်၊ ကိုတင်ဦးတို့အိမ်ကလည်း သူတို့အိမ် ကြွက်တွေ ပေါလွန်းလို့ လိုချင်သတဲ့" တင်မကြီးက ပြောလေသည်။



"အေး ကောင်းသားပဲ၊ မြန်မြန်ပေးလိုက်ကွာ"

သည်အချိန်တွင် အတွင်းခန်းမှ ဝါးခနဲအော်လိုက်လေသည်။ သားငယ် 'ညီလေး'၏အသံဖြစ်သည်။

မိခင် ဖခင်တို့သည် ပျာယီးပျာယာနှင့် ငိုသံလာရာသို့ ပြေးသွားကြသည်။ ညီလေးသည် ကြောင်နှစ်ကောင်ကို အတင်းပိုက်ကာ တဝါးဝါးနှင့် သံကုန်ဟစ် အော်ငိုနေသည်ကို တွေ့ရသည်။ သားကြီးနှင့် သမီးကြီးတို့လည်း အနားတွင် ထိုင်နေကြသည်ကို တွေ့ရသည်။

"ဟေ့ ဘာပြုလို့တုံး"

"ဟဲ့ ညီလေးကို ဘာလုပ်တုံး"

မောင်ပြုံးချိုနှင့် တင်မကြီးက ပျာပျာသလဲမေးလေသည်။

"ဘာမှမလုပ်ဘူးမေမေ"နှစ်ယောက်စလုံး ပြိုင်တူဖြေလေသည်။

"ပေးရဘူး ပေးရဘူး"သားငယ်သည် ကြောင်ကလေး နှစ်ကောင်ကို ပိုက်ကာ အော်နေလေသည်။

"ကြောင်ပေးပစ်မယ်ဆိုလို့ ငိုတာမေမေ" သားကြီးက ပြောမှ မောင်ပြုံးချို သိသွားပါတော့သည်။

"အေး အေး မပေးပါဘူးကွယ်၊ တိတ် တိတ်"သားငယ်ကို မိခင် ဖခင်များက ချော့မော့ကြရပြန်လေ၏။

ထိုနေ့မှစ၍ ကြောင်ကလေးများ ချေးပါရေးအတွက် စည်းကမ်းသတ်၍ ပေးကြရသည်။ နောက်ဖေးဆောင်တွင် အိုးခင်းပုံ့နှင့် ပြာထည့်ပြီးလျှင် ချေးပါဖို့ နေရာလုပ်ပေးရသည်။ အခြားနေရာများတွင် ပါထားသည်ကိုတွေ့လျှင် ကြောင်ကလေးကို ကုပ်မှကိုင်ကာ သူ့ချေးကို အနမ်းခိုင်း၍ ခပ်ဆတ်ဆတ် ရိုက်ပေးရသည်။ ထို့နောက် နောက်ဖေးဆောင်သို့ ခေါ်သွားပြန်ကာ အိုးခင်းပုံ့တွင် ဖင်နှင့်ဆောင့်၍ ပေးရသည်။

"တင့်ဟာက ဖက်ဆစ်ဆန်လှသကွယ်" မောင်ပြုံးချိုက ကြောင်ကလေးများအား ချေးပါသင်တန်း တက်ပေးနေသော တင်မကြီးကို ကြည့်၍ မှတ်ချက်ချသည်။

"ဒီနေရာမယ်ခပ်ကြမ်းကြမ်းမလုပ်ရင် သိမ်းသွင်းလို့မရဘူး မောင်ရေ့" ဟု ပြန်ချေပလေသည်။

မှန်လည်းမှန်ပါပေသည်။ သုံးလေးရက် ကြာသောအခါ ကြောင်ကလေးများသည် စည်းကမ်းသေဝပ်၍ ချေးပါနေကြသည်ကို တွေ့ရပါသည်။ တစ်အိမ်လုံးလည်း ကြောင်ချေးနံ့ကင်းသွားပါတော့သည်။

၄

ကြောင်ဆိုသည်မှာ ကြွက်ခုတ်စားတတ်ရမည်။ ကမ္ဘာ့နိယာမတရားကြီး မဟုတ်လော။ ထို့ကြောင့် ကြောင်မကြီးသည် အတော်အတန် ကြီးပြင်းလာပြီ ဖြစ်သော သူ့သားနှင့် သမီးကို ကြွက်ခုတ်သင်တန်း ပေးနေပြန်လေသည်။ ကြောင်မကြီးသည် သူ့သားနှင့်သမီးငယ်များကို ပဏာမခုတ်နည်း သင်သောအားဖြင့် ကြွက်များကို မခုတ်စေဘဲ အိမ်မြှောင်များကို ခုတ်စေသည်။ တိုင်တွင် ကပ်နေသည့် အိမ်မြှောင်များကို ကြောင်ကလေးများ ခုတ်နေလျှင် ကြောင်မကြီးသည် ချောင်ကြားမှဝပ်၍ ကြည့်နေတတ်သည်။ မိလျှင် ကြောင်ငယ်နှစ် ကောင်သည် လု၍ စားတတ်ကြသည်။ တစ်ခါတစ်ရံလုရင်းက အိမ်မြှောင် အမြီးကလေးပြတ်ကာ ခုန်နေတတ်လေသည်။ အသည်းယားစရာကောင်းလှသည်။

သူတို့တစ်တွေ အိမ်မြှောင်လောက်တော့ ခုတ်နိုင်ကြသည်။ ကြွက်ခုတ်ဖို့တော့ သူတို့အဖို့ မလွယ်ကူလှပါ။ သို့သော် သူတို့အဖို့ ခုတ်ချင်လှကြရော့မည်။ ကြွက်သားကိုလည်း စားချင်လှကြရော့မည်။ ထို့ကြောင့် ညစဉ်လိုလို ကြောင်မကြီးက ကြွက်ခုတ်ကာ သူ့သားငယ်၊ သမီးငယ်များကို ကျွေးလေသည်။ သူတို့ သားအမိရန်ကြောင့် ကြွက်များ ပြောင်းရွှေ့သွားကုန်ကြလျှင် ကြောင်မကြီးသည် အခြားအိမ်များသို့ သွားရောက်ခုတ်ကာ အရှင်လတ်လတ် ကြွက်ကိုချီ၍ ပြန်လာတတ်လေသည်။

သေငယ်ဇောနှင့် မြောနေသောကြွက်ကို ပါးစပ်မှကိုက်ရင်း အသံပေးလိုက်လျှင် ကြောင်ကလေးနှစ်ကောင်သည် ကြားရာအရပ်မှ အပြေးအလွှားလာကာ ကြွက်ကိုလုတတ်လေသည်။ ဦးသည့်သူကတော့ မလွတ်တော့ပေ။ ပါးစပ်မှကိုက်ကာ မာန်ဖီနေတတ်လေသည်။ သားငယ်သမီးငယ်များအတွက် အသက်စွန့် ကြိုးပမ်း အရှင်လတ်လတ်ကြွက်ကို မရမကဖမ်းလာခဲ့ရရှာသည့် မိခင်ကိုပင် အနားအကပ် မခံတော့ချေ။ အထီးလေးကဦးဦး အမလေးကဦးဦး



သည်အတိုင်းပင် ဒေါသူပုန်ထနေတတ်လေသည်။ ပါးစပ်ထဲမှ တလှုပ်လှုပ်ဖြစ်နေလျှင် ချ၍ လက်နှင့်ပုတ်ကာ ကစားနေတတ်လေသည်။ သို့သော် တစ်စုံတစ်ခု အနားသို့ရောက်လာလျှင် ချီ၍ပြေးတတ်လေသည်။ ခဏကြာသော် တဂျွမ်းဂျွမ်းနှင့် ဝါးစားသည့်အသံကို ကြားရလေသည်။

သည်နည်းအတိုင်းပင် ကြောင်ထီးလေးနှင့် ကြောင်မလေးသည် တစ်လှည့်စီလိုလို ကြွက်ကောင်လုံးကို အားရပါးရကြီး စားသုံးနေကြလေသည်။ သို့သော် သူတို့ကား ဝဝဖြိုးဖြိုး ဖြစ်မလာ။ တစ်နေ့တခြားကြုံလှီလာကုန်သည်။ တစ်နေ့သော် မောင်ပြုံးချိုသည် သူတို့စအိုမှအရည်တွေ တစက်စက်ကျနေသည်ကို တွေ့ရလေသည်။

“ဟ ဟ ဒီကြောင်ဖင်က ဘာတွေလဲ”

အလန့်တကြားနှင့် အော်မိလေသည်။ တင်မကြီးနှင့် သားငယ်သမီးငယ်များလည်း လာ၍ ကြည့်ကြလေသည်။

“ဖေဖေ ကြောင်ကလေးက အီးအီးတွေပါနေတာ” သားငယ်ညီလေးက ပြောလေသည်။

“ဝမ်းပျက်နေတာနဲ့ တူပါတယ်” တင်မကြီးကဆိုလေသည်။ ထို့နောက် ကြမ်းပေါ်တွင် ပေကျံနေသည့် မစင်စက်များကို သုတ်ကာ ခပ်ပေါ့ပေါ့ပင် နေလိုက်ကြလေသည်။

သို့သော် ကြောင်ကလေးနှစ်ကောင်၏ ကျန်းမာရေးအခြေအနေသည် တစ်နေ့တခြားချို့တဲ့လာလေသည်။ ကြောင်မကြီးက နေ့စဉ်ပင် ညဥ့်ဦးဆိုလျှင် အချိန်မှန်မှန် ကြွက်တစ်ကောင်ချီ၍ ပြန်လာတတ်လေသည်။ သူ့သား သူ့သမီးများကို ထိုရသာထူးဖြင့် ကျွေးမွေးနေလေသည်။ ကြောင်ကလေးများကား တစ်နေ့တခြားပိန်ချုံးလာ၍ ကြွက်တစ်ကောင်ကိုပင် ကုန်အောင် မစားနိုင်တော့ချေ။

မောင်ပြုံးချိုတို့လည်း ကြောင်ကလေးများ၏ရောဂါကို စစ်ဆေးနေကြလေသည်။ တစ်နေ့သော် တင်မကြီးသည် ရောဂါ၏အခြေအမြစ်ကို တွေ့ရှိလာလေ၏။

“ကြောင်ကလေးတွေရောဂါက ကြွက်စားလို့ဖြစ်တာ” တင်မကြီးက ဆိုလေသည်။

"ဟဲ့ မဟုတ်နိုင်တာ၊ ကြောင်ဟာ ကြွက်စားတာ အခုမှ မဟုတ်ဘဲ။ ဟို လေးသချေ်နဲ့ကမ္ဘာတစ်သိန်းကတည်းက စားလာတာပဲဟာ။ အခုမှ အဆန်း လုပ်လို့" မောင်ပြုံးချိုက ပြောလေသည်။

"မဟုတ်ပါဘူး၊ ပြောတာဆုံးအောင် နားထောင်ပါဦး။ ကြောင်ကလေးတွေက ခုမှ တစ်လသား ရှိသေးတယ်။ ငယ်ငယ်လေးရှိသေးတာ၊ သူတို့က သူ့အမေကြီး ချီလာတဲ့ ကြွက်ကြီးတွေကို အရမ်းစားတယ်။ စားတော့လည်း ကျကျနန ဝါးစားဟန်မတူဘူး။ အတုံးလိုက် အတစ်လိုက်ကြီးတွေ စားရော။ မျိုချတော့ လည်ပင်းကတော့ ဝင်သွားပါရဲ့။ ဒါပေမဲ့ ဒီကြွက်သားတုံးကြီးတွေကို ကြေချက်နိုင်တဲ့အင်အား မရှိဘူး။ ဒီတော့ စအိုက အတုံးလိုက် အတစ်လိုက်ကြီး ကန့်ထွက်ပြီး စုတ်ပြတ်ကုန်တာပေါ့"

တင်မကြီးသည် ပြောရင်းဆိုရင်း မောင်ပြုံးချိုကို နောက်ဖေးဆောင်သို့ ခေါ်ဆောင်ကာ ကြောင်ကလေး၏စအိုကို ပြလေသည်။

မှန်ပေသည်။ သူပြောသည့်အတိုင်းပင် ကြောင်ကလေး၏ ခန္ဓာကိုယ်နှင့် မလိုက်အောင် စအိုပေါက်ကြီးဟောင်းလောင်းကျယ်နေသည်ကို တွေ့ရလေသည်။ ထိုအပေါက်ကြီးမှလည်း အရိအရွဲတွေ တဗျစ်ဗျစ်ထွက်နေသည်ကို တွေ့ရလေသည်။ ကြောင်ကလေးနှစ်ကောင်သည် ခေါင်းကိုပင် ကောင်းကောင်းမထူနိုင်တော့ဘဲ ခွေလဲနေကြလေသည်။

"ဘယ့်နှယ်လုပ်မလဲ"

မောင်ပြုံးချိုက တင်မကြီးကို လှမ်း၍မေးလေသည်။

"ဘယ့်နှယ်မှ မလုပ်တတ်တော့ဘူး"

တင်မကြီး ခေါင်းယမ်း၍ ပြောလေသည်။

ဟုတ်ပါသည်။ မောင်ပြုံးချိုတို့လည်း ဘာမျှမတတ်နိုင်တော့ပါ။ ညနေစောင်းလျှင် ကြောင်မကလေး သေသွားပါသည်။ နောက်တနေ့စောစောတွင် ကြောင်ထီးကလေး သေသွားပြန်လေသည်။

ကြောင်ကလေးမောင်နှမအတွက် လူကြီးတွေအဖို့ ဘာမျှမထူးခြားလှသော်လည်း ကလေးများအဖို့ ကြောင်ကလေးများကို မြေမြှုပ်သင်္ဂြိုဟ်လိုက်ပြီးနောက် မနေတတ် မထိုင်တတ် ဖြစ်နေကြလေသည်။

"ကြောင်မကြီး ရှိသားပဲကွယ်။ နောက်မွေးပါလိမ့်မယ်"ဟု ကလေးများကို ဖျောင်းဖျပြောထားရလေ၏။



ညနေစောင်းလျှင် ကြောင်မကြီးသည် ကြွက်တစ်ကောင်ကို ချီကာ ပေါက်လာပြန်လေသည်။ သူသည် တညောင်ညောင်နှင့် သူ့သားသမီးများကို မျှော်နေလေသည်။ ကြွက်ကိုကိုက်ရင်း တစ်အိမ်လုံး အခန်းစေ့ လိုက်ရှာနေလေသည်။ မောင်ပြုံးချိုတို့ကား သူ့ကို သနား၍ ကြည့်နေကြသည်။

ဖိုးစိန်ကတော့ သည်းမခံနိုင်တော့ပြီ။

"ဟေ့ သွား၊ သူ့ကြောင့် ကြောင်ကလေးတွေ သေတာ"သူသည် အော်ဟစ်ပြီးလျှင် ကြောင်မကြီးကို မောင်းထုတ်လိုက်ရာ မသေမရှင် ကြွက်ကို ချ၍ ဆင်းပြေးလေ၏။

မောင်ပြုံးချိုသည် ကြောင်ကလေးများကို မြင်ယောင်နေရင်း သူတို့သေရပုံကို သတိရကာ ဥပဒေသ ထုတ်လေသည်။

ထိုဥပဒေကား

"သူတစ်ပါးကျွေးတိုင်း မဆုံမပြစားသော် စအိုကျယ်၍ သေတတ်သည်"

[သွေးသောက် ၁၉၅၀ မတ်၌
ကြောင်ကလေးပူစီ အမည်ဖြင့် ပါရှိခဲ့သည်။]

# မြေနု

၁

ကိုင်းသမားများအဖို့ မြေနုသည် အဖိုးတန်လှသည်။

မြေနုကလေးများ လွှမ်းနေသည့် ကျွန်းကို မြင်တွေ့ရသော ကိုင်းသမားသည် ဝမ်းသာအားရ ရှိပေလိမ့်မည်။ သူ့ဝမ်းစာအတွက် လုပ်ကိုင်စားသောက်ရန် တစ်ကွက်လောက်များရလျှင် လက်ပမ်းပေါက်ထ၍ ခတ်ပေလိမ့်မည်။

မြေနုကြောင့် သူကြီးအပေါင်းလည်း ပွခဲ့သည်။ အချို့က မြေနုကျွန်းများသည် သူကြီးတို့၏ ထမင်းအိုးကြီးဟု ဆိုသည်။ သည်မြေနုကြောင့် သူကြီးအပေါင်းလည်း ရာထူးမှ ကျခဲ့ကြရသည်။ မဆုံမပြီစားသောကြောင့် စားပိုးနင့်ကြကုန်သည်။ သည်မြေနုသည် ရွာသွားအချင်းချင်းကိုလည်း ရန်သူဖြစ်အောင် လုပ်တတ်သည်။ သတ်အောင် ဖြတ်အောင်လည်း စွမ်းဆောင်နိုင်သည်။ အခွန်တော်အရာရှိများလည်း သည်မြေနုကြောင့် ပွခဲ့ကြပြီ။ ကျခဲ့ကြပြီ။

၂

နေမင်းသည် ဝင်လုဆဲဆဲ နီရဲနေလေသည်။

မြို့ပိုင် မောင်ပြုံးချိုသည် အိမ်မှ မြစ်ကမ်းဆီသို့ လမ်းလျှောက်ထွက်ခဲ့သည်။ တစ်မိုင်လောက်လျှောက်မှ မြစ်ကမ်းပါးသို့ ရောက်သည်။ မိုးတွင်းဆိုလျှင် သည်နေရာတစ်ဝိုက် ရေလွှမ်းနေသည်။ ဆောင်းတွင်းဆိုလျှင်တော့ ဆေး၊ ပြောင်း၊ ငရုတ်၊ မြေပဲ အစရှိသော ကိုင်းပင်တို့နှင့် စိမ်းစိမ်းစိုနေသည်။ ယခုလို နွေကုန်၍ မိုးအကူးတွင်ကား တစ်ကွင်းလုံး ခြောက်သွေ့နေပါတော့သည်။



မောင်ပြုံးချိုသည် ကမ်းနဖူးမှရပ်လျက် အဝေးသို့ မျှော်ကြည့်နေလေသည်။ 'တန်ခူးရေကုန် ကဆုန်ရေစစ်' ဆိုသည့်အတိုင်း မြစ်ရေသည် စစ်နေလေသည်။ ရေပြင်သည် ကြည်လင်၍ စိမ်းလဲ့လဲ့အရောင်ကို ဆောင်နေလေသည်။ မြစ်ဝှမ်းတစ်ခုလုံးတွင်လည်း ကျွန်းကြီးကျွန်းငယ်တို့သည် အကွက်လိုက် အကွက်လိုက် ပေါ်နေလေသည်။ ပြာသော ကောင်းကင်ပြင်တွင် ဖြူလွလွ တိမ်တိုက်ကြီးများသည် ပုံသဏ္ဌာန်အမျိုးမျိုးကို ဆောင်နေကြလေသည်။ မြင့်စွာပျံသန်းလာကြသော တောဘဲ၊ စစ္စလီ၊ တင်ကျီး အစရှိသည့် ငှက်တို့သည် သောင်စပ်တွင် ထိုးဆင်းကြလေသည်။

ကမ်းပါးသည် မတ်စောက်လှပါဘိတော့သည်။ မိုးတွင်းဆိုလျှင် ကမ်းနဖူးကို မမြင်ရ။ မြစ်ရေတွေနှင့် လျှံနေသည်။ ကမ်းစတွင် ကလေးသူငယ် လူကြီး၊ မိန်းမများသည် အစုလိုက် အဝေးလိုက် ရေချိုးနေကြလေသည်။ အဝတ်ရိုက်သံ၊ ရေကူးသံ၊ ရေပက်သံ၊ အော်သံငေါက်သံများနှင့် ဆူညံနေပါတော့သည်။ အဘိုးအိုတစ်ယောက်သည် မောင်ပြုံးချိုအနီးမှကပ်ကာ ရေစပ်သို့ ဆင်းသွားပါသည်။ သူဝတ်ထားသည့် ချည်ကြမ်းလုံချည်သည် အစပ်တစ်ရာအဖာက ဗရပျစ်၊ မှောင်ကျအောင် ညစ်ပါသည့် ပဆစ်အိမ်လိုပင်။ သူ့တွင် အင်္ကျီမပါပါ။ သည်လိုပဲ အင်္ကျီတုံးလုံးနှင့် နေရသည်က များဟန်တူပါသည်။ သူ၏ကျောကုန်းကြီးသည် မည်းမည်းပြောင် အရောင်လက်နေလေသည်။ သူသည် ကမ်းစပ်မှလျှောက်ကာ မြစ်ညာသို့ တက်သွားပါသည်။ နောက်သို့လည်း ခဏခဏ လည်ပြန်ကြည့်သည်။ အဘိုးအို ဘာလုပ်လိုပါလိမ့်။ သူသည် လုံချည်ကို မကာ ရေထဲသို့ ဆင်းစပြုနေပါပြီ။ ရေနက်ထဲသို့ ရောက်သွားလေလေ၊ သူ့လုံချည်ကို မ လေလေ။ ရေမျက်နှာပြင်သည် သူ့ခါးအထက် ကျော်သွားပါပြီ၊ သူဝတ်ထားသော လုံချည်သည်လည်း သူ့ခေါင်းတွင် ရစ်ပြီးသား ဖြစ်သွားပါတော့သည်။ မောင်ပြုံးချိုသည် ပြုံးလိုက်လေသည်။ အဘိုးအိုသည် ရေထဲတွင် ကိုယ်ကိုနှစ်လိုက် ဖော်လိုက်နှင့် ရေချိုးနေလေသည်။ မောင်ပြုံးချိုသည် တဖြည်းဖြည်း သူရေချိုးရာဘက်သို့ လျှောက်သွားလေသည်။ သူသည် ရေကို ပလုတ်ကျင်း၍ ထွေးလိုက်၊ လက်မောင်းကို ချေးတွန်းလိုက်၊ ရစ်ထားသောလုံချည်ကို ဦးခေါင်းမှဖြုတ်၍ မြင့်

ကိုင်ကာ ခေါင်းကိုပွတ်လိုက်နှင့် လုပ်ပြီးလျှင် ငုပ်လိုက် ဖော်လိုက်နှင့် ရေချိုးနေပြန်လေသည်။

ခဏကြာသော် ရေစပ်သို့ ရောက်လာလေသည်။ ခေါင်းတွင် ရစ်ထားသည့် လုံချည်ကိုဖြေကာ လည်ပင်းတွင် စွပ်ပြီးနောက် ကမ်းစပ်သို့ တက်လာရင်း လုံချည်ကိုလည်း ဖြည်းဖြည်းဖြေချလာလေသည်။ ကမ်းပေါ်သို့ ရောက်သောအခါမှ လုံချည်ကို တင်းတင်းကျပ်ကျပ် ဝတ်လိုက်လေသည်။

"ဘကြီးဟိုဘက်က ကျွန်းက ဘာကျွန်းလဲ" မောင်ပြုံးချိုက ဤသို့စတင်၍ မေးလိုက်လေသည်။

"ဟို ခပ်လှမ်းလှမ်းက ဟာလား" အဘိုးကြီးသည် ရေလယ်ရှိကျွန်းဆီသို့ မျှော်ကြည့်လေသည်။

"လူသတ်ကျွန်းလေ"

အဘိုးကြီးက ဤသို့ဖြေလိုက်လေသည်။ လူသတ်ကျွန်းတဲ့၊ တယ်လည်း ကြောက်စရာကောင်းသည့် နာမည်ပါကလား။ ကြားရသူ နားမချမ်းသာစရာ ကောင်းလှပါဘိတော့သည်။

"တယ်ဆိုးတဲ့ နာမည်ပါကလား" မောင်ပြုံးချိုက ညည်းညည်းညူညူ မေးလိုက်ပြန်သည်။

"သူကပေမဲ့ ရာဇဝင်နဲ့ မောင်ရဲ့"

အဘိုးကြီးသည် မောင်ပြုံးချိုကို မြို့ပိုင်ဟူ၍ သိပုံမပေါ်။ မောင်ပြုံးချိုသည် နယ်သို့ ရောက်လာသည်မှာ မကြာမြင့်သေးပေ။ ထို အဘိုးကြီးသည် ကိုင်းသမားကြီးဖြစ်ဟန်တူသည်။ ကိုင်းသမားသည် ကိုင်းကောင်းမှ အသက်မွေးဝမ်းကျောင်း ချောင်ပေမည်။ မြို့ပိုင်အပြောင်းအလဲတွေကို သူ ဂရုပြုမနေနိုင်။ ဘယ်သူအုပ်အုပ် သူ့အဖို့ ကိုင်းလုပ်ရမှ စားရသည် မဟုတ်ပါလား။ မြို့ပိုင်ဟူ၍ အသိမခံရခြင်းပင်လျှင် မောင်ပြုံးချိုအတွက် ဟန်ကျနေသည်။ မြို့ပိုင်မှန်းသိလျှင် အဘိုးကြီးသည် မောင်ပြုံးချိုအား လွတ်လပ်စွာ စကားပြောလိမ့်မည် မဟုတ်၊ သူ့ ထင်မြင်ချက်တွေကိုလည်း ဖွင့်ထုတ်လိမ့်မည် မဟုတ်။ အခုတော့ ဟန်ကျပြီ။ မောင်ပြုံးချိုကလည်း ထင်ရာပြောနိုင်သည်။ သည်ဟာမှ တကယ့်အရသာ။

"ကဲ ရာဇဝင်က ဘယ်လိုတဲ့လဲ။ ဆိုစမ်းပါဦး ဘကြီးရဲ့" မောင်ပြုံးချိုက နိဒါန်းပျိုးပေးလိုက်သည်။



"အို မောင်က ဒီရွာက မဟုတ်ဘူးထင်တယ်။ ဟုတ်လည်း ဘယ်သိတော့မလဲလေ။ ဒီကျွန်းပေါ်တာက ကြာမှဟာပဲ။ ဘကြီးတို့ လူပျိုတုန်းကပဲ အခု ဘကြီးမြေးတောင် မတ်တတ်ပြေးနေမင့်ဟာ။ နှစ်ပေါင်းသုံးဆယ်ကျော်ရောပေါ့။ အင်း နေဦး။ မယ်သန့်နဲ့ ကျုပ်နဲ့ရတာ ထောင့်နှစ်ရာ ရှစ်ဆယ်ပြည့်ဆိုတော့ အင်း အနှစ်သုံးဆယ် ကျော်ရောပေါ့နော်"

ခက်ကပြီ။ ဘကြီးသည် ကျွန်းအကြောင်းကို မေးမြန်းခါမှ သူနှင့်မယ်သန့် အကြောင်းဆက် ပေါင်းဖက်မိကြသည့် နှစ်လတွေကို အတွက်ခိုင်းနေပြန်ပါပြီ။ မတတ်နိုင်တော့ပြီ။ သူ့စကားကို လိုချင်လျှင် သည်းခံရတော့မှာပေါ့။

"ဟုတ်ကဲ့ သုံးဆယ်တစ်ရှိပြီပေါ့ ဘကြီး" မောင်ပြုံးချိုက အလိုက်သင့်ပြောလိုက်ရလေသည်။

"အင်း နှစ်ပေါင်း သုံးဆယ်ဆိုတာ မနည်းဘူးနော်။ မယ်သန့်ဟာ ဘကြီးနဲ့ အကြောင်းပါတာတော့ နှစ်ဆယ်ကျော်ကျော်လေး ရှိသေးတာ သိပ်"

"ဟုတ်ကဲ့ဘကြီး ဟို လူသတ်ကျွန်းအကြောင်း ဆက်ပါဦး"

မောင်ပြုံးချိုသည် စိတ်မရှည်တော့သလို ဝင်ပြောလိုက်လေသည်။ အဘိုးကြီးသည် သည်တော့မှ ရှက်ပြုံး ပြုံးလိုက်လေသည်။

"အင်း အင်းဟုတ်သားပဲ၊ အဲဒီကျွန်းဟာ ဘာဖြစ်လို့ လူသတ်ကျွန်းလို့ ခေါ်သလဲဆိုတော့" အဘိုးကြီးသည် ကျွန်းကြီးရှိရာသို့ မျှော်ကြည့်ကာ ငေးနေပြီးမှ စကားဆက်လေသည်။

"အဲဒီ မသန့်နဲ့ကျုပ်နဲ့ အကြောင်းမပါခင်တုန်းက အဲလေ နှစ်ပေါင်းသုံးဆယ်ကျော်လောက်တုန်းက ဒီမြစ်ကြီးက ဒီအနားမှာ မဟုတ်ဘူး မောင်ရဲ့။ ဟောဒီ ဘကြီးတို့ရပ်နေတဲ့ နေရာနဲ့ဆိုရင် တစ်ခေါ်လောက် ဝေးတယ်။ သဘော်များစီးချင်ရင် နေပူကြီးထဲက အဝေးကြီးလာရတယ်။ နောက်တော့ မြစ်က တဖြည်းဖြည်း စားလာပြီး မြစ်ကြောင်းဟာ ဒီဘက် ရောက်ရောက်လာတယ်။ အဲဒီလို ရောက်လာရာက နွေအခါကျတော့ မြစ်လယ်ကျွန်းကလေး တစ်ခုပေါ်လာတယ်။ အစတော့ ဘယ်သူမှ ဂရုမစိုက်ကြပါဘူး။ နောက်နှစ်ကျတော့ ကျွန်းက တော်တော်လေးကြီးလာတော့ အနီးအနားလူများက ပဲကလေး

ပြောင်းကလေး ကြိုကြတယ်။ နောက်တစ်နှစ်ကျတော့ မြေနတွေတင်ပြီး ကောင်းလာလိုက်တာ၊ အို အဲဒီကျွန်းနားက လမ်းပေါ်မှာရှိတဲ့ ထိပ်ပုတ်ကုန်းနဲ့ သပြေကုန်းက ရွာသူရွာသားတွေ သူရထိုက်တယ်၊ ငါရထိုက်တယ်နဲ့ ရန်ဖြစ်ကြပါလေရော"

အဘိုးကြီးသည် ခေတ္တနားနေ၍ တံတွေးကို ပျစ်ခနဲ ထွေးထုတ်လိုက်လေသည်။

"အင်း ပြောပါဦး" မောင်ပြုံးချိုသည် ကောင်းခန်းရောက်မှ အားလပ်ချိန် ပေးထားသဖြင့် အားမလိုအားမရ ဖြစ်နေလေသည်။

"ပထမတော့ အချင်းချင်း ရိုက်ကုန်လို့ ထိပ်ပေါက် ခေါင်းကွဲ ဖြစ်ကုန်တာပေါ့။ အစဦးဆုံးခံရတာက ထိပ်ပုတ်ကုန်းက လူတွေပေါ့။ နောက်တစ်ခါ ထိပ်ပုတ်ကုန်းကလူတွေ စိတ်မကျေပွဲ ပြန်ချပြန်ရော။ သပြေကုန်းက လူတွေ ပဲလာကြနေတုန်း အတင်း ဓားနဲ့ဝင်ပြီးခုတ်တာ သုံးယောက် သေကျန်ရစ်ခဲ့သတဲ့။ ဒီထဲမယ် ကျုပ်သူငယ်ချင်းဖိုးထင်လည်း ပါသွားတယ်။ ဒါနဲ့ သပြေကုန်းကလူတွေ ထွက်ပြေးရပြန်ပါရော။ နောက် တစ်ခါ ထိပ်ပုတ်ကုန်းက လူတွေက သူတို့ပိုင်ပြီဆိုပြီး ထွန်ယက်နေကြတုန်း သပြေကုန်းက လူတွေက အတင်းညာသံပေးပြီး ဓားနဲ့ ဝင်ခုတ်ပြန်တာပေါ့။ အဲဒီတော့ ငါးယောက် သေကျန်ရစ်ပြန်သတဲ့"

အဘိုးကြီးသည် ရပ်နေပြန်လေသည်။

"သပြေကုန်းက နှစ်ယောက် မြတ်လိုက်တာပေါ့"

မောင်ပြုံးချိုက စကားမရှိ စကားရှာ၍ ဝင်ပြောလေသည်။

"အင်း ဟုတ်တာပေါ့၊ ဒါနဲ့ ဒီလို အပြန်အလှန် သတ်နေလိုက်ကြတာ လူတွေ တော်တော်သေတာပါပဲ။ ခုခေတ်လို သေနတ်သာပေါရင် ဒီထက် ကီစ္စချောမှာပေါ့။ ဟိုတုန်းက သေနတ်မရှိကြလို့"

"အင်း နောက်တော့ ဘယ်လိုဖြစ်သွားသတုံး"

"နောက်တော့ မြို့ပိုင်တွေ၊ နယ်ပိုင်တွေ၊ ပုလိပ်တွေလာပြီး အတော်ရှင်းယူရတယ်။ ဒါတောင် တော်တော်နဲ့မပြီးသေးဘူး။ အဲဒီ မြို့ပိုင်တွေဘာတွေက တစ်ဖက်ကငွေယူပြီး မဟုတ်တာတွေ လုပ်တယ်ဆို ထင်ပါရဲ့။ အင်း အဲဒါပဲ။ ကျွန်းပေါ်မယ် လူတွေ သတ်ကြလို့ 'လူသတ်ကျွန်း'လို့ ခေါ်တာပါပဲ"



"အင်း တယ်ရှုပ်သကိုး ဗျ"

"ရှုပ်တာတော့ လွန်ရောပဲ၊ ဟော ဟိုကကျွန်း မြင်ရဲ့လား" အဘိုးကြီးသည် မြစ်လယ်မှကျွန်းတစ်ကျွန်းကို လက်ညှိုးညွှန်ပြပြန်လေသည်။

"ဟုတ်ကဲ့ မြင်ပါတယ်"

"အဲဒီကျွန်းကတော့ ငါးမတ်ကျွန်းတဲ့၊ သူကလည်း ရာဇဝင်နဲ့ပဲ"

"ပြောစမ်းပါဦး"

"ကျွန်းပေါ်စက မြေလိုချင်တဲ့လူရှိရင် တစ်ယောက်ကို ငါးမတ် ပေးရမယ်ဆိုလို့ ကိုင်းလိုချင်တဲ့လူက ငါးမတ်စီ သူကြီးကို ပေးရတယ်တဲ့။ ဒါကြောင့် အဲဒီကျွန်းကို ငါးမတ်ကျွန်းလို့ ခေါ်ကြတယ်"

"ဖြစ်မှ ဖြစ်ရလေဗျာ၊ သူကြီးကလည်း ကြံကြံဖန်ဖန် ငါးမတ်စီမှ စား ရသလားဗျာ။ တစ်ကျပ်ဖြင့် တစ်ကျပ်၊ နှစ်ကျပ်ဖြင့် နှစ်ကျပ် စားရောပေါ့"

မောင်ပြုံးချိုက ရေရွတ်လိုက်လေသည်။

"အမယ် မောင်ရင်၊ ကျုပ်တို့ခေတ်က ခု မောင်တို့ခေတ်လို မဟုတ်ဘူး။ ငွေငါးမတ်ဆိုတာ နည်းတာ မဟုတ်ဘူးနော်။ လူတိုင်း မရှိဘူး။ ဒါတောင် မပေးနိုင်လို့ မြေမရကြဘူး။ ဒါနဲ့ အရေးပိုင် တောလည်လာတုန်း သွားလျှောက်လို့ သူကြီးလည်း ပြုတ်ရှာပါရော"

မောင်ပြုံးချိုသည် အဘိုးကြီးပြောသမျှကို စိတ်ဝင်စားစွာ နားထောင်နေလေသည်။ နေမင်းလည်း ညိုလာလေပြီ။ မြစ်တွင်းမှ ငှက်အပေါင်းတို့သည် အိပ်တန်းသို့ ပျံကြလေသည်။ ရေချိုးဆိပ်မှ မိန်းမပျိုတို့လည်း ရေအိုးကိုယ်စီ ရွက်ကာ ရွာသို့ပြန်သွားကြလေသည်။

"ကိုဖိုးလူ လာလေ ထမင်းစားကြရအောင်"

ခပ်လှမ်းလှမ်း တဲဝမှ ထွက်ပေါ်လာသော မိန်းမသံကြောင့် အဘိုးကြီးသည် လှည့်ကြည့်လိုက်လေသည်။ မောင်ပြုံးချိုလည်း အသံလာရာကို မျှော်ကြည့် မိသည်။ တဲဝတွင် ဆံပင်များ ဖြူနေပြီဖြစ်သော မည်းမည်းညိုညို အရပ်ရှည်ရှည် မိန်းမကြီးတစ်ယောက်သည် ထဘီရင်လျားနှင့် ရပ်နေသည်ကို တွေ့ရလေသည်။

"အေး လာပြီဟေ့" အဘိုးကြီးက ပြန်၍ ထူးလိုက်ပြီးမှ

"အဲဒါ ဘကြီး မိန်းမလေး၊ ခုကပြောတဲ့ မသန့်ပေါ့"ဟု မောင်ပြုံးချို ဘက်သို့ လှည့်ကာ ပြုံးပြုံးကြီး ကြွားပြီးနောက် တလှုပ်လှုပ်နှင့် တဲဆီသို့ လျှောက်သွားလေသည်။

၃

"လျှောက်လွှာ၊ လျှောက်လွှာ"

မောင်ပြုံးချို ရုံးရောက်၍ ကုလားထိုင်ပေါ် ထိုင်မိသည်နှင့် တစ်ပြိုင်နက် ရုံးစေလုလင်သည် ဤသို့ အသံကျယ်စွာ အော်ဟစ်လေ၏။

လူကြီးတစ်ယောက် လျှောက်လွှာကို လက်ကကိုင်၍ ဝင်လာပါပြီ။ မောင်ပြုံးချိုသည် လျင်မြန်စွာ ဖတ်ကြည့်လိုက်သည်။ သူသည် ခေါင်းနားပန်း ကြီးသွားလေ၏။ မြေနလျှောက်လွှာပါတကား။

"မနှစ်က ဒီမြေနကို ကျွန်တော်တို့အားလုံး လူနှစ်ဆယ် လုပ်စားခဲ့ ပါတယ်။ အခု သူကြီးက အားလုံးကုန်ပြန်သိမ်းပြီး သူ့ကို ငွေတစ်ဆယ်စီ ပေးတဲ့လူတွေကို ပြန်ချပါတယ်။ အဲဒါ မြို့အုပ်မင်း တရားသဖြင့်ဖြစ်အောင် ဆောင်ရွက်ပေးတော်မူပါ"ဟု လျှောက်လွှာတင်သည့် အသက်လေးဆယ်ခန့် ရှိ တုတ်တုတ်ခိုင်ခိုင် လူကြီးသည် စီကာစဉ်ကာ လျှောက်ထားနေလေသည်။

"ကောင်းပါပြီ။ စစ်ဆေးကြည့်ပါဦးမယ်။ နောက်တစ်ယောက်ခေါ် ဟေ့" မောင်ပြုံးချိုက ဤသို့ မိန့်လိုက်ရာ နောက်တစ်ယောက် ဝင်လာလေ သည်။ သူ့လျှောက်လွှာကို ဖတ်ကြည့်ရင်း မောင်ပြုံးချိုသည် ခေါင်းရှုပ် သွားရပြန်လေသည်။ သည်ဟာလည်း မြေနလျှောက်လွှာပါပဲလား။

"ဒီ ကျွန်းပေါ်မယ် ကျွန်တော်တို့ လုပ်စားလာတာ ဆယ်နှစ်ကျော် ပါပြီ။ အဲဒါ ဒီနှစ်တော့ မြစ်ရေစီးကြောင်းက ဒီဘက်ရောက်လာတယ်ဆိုပြီး ဟိုဘက်နယ်ပေးလိုက်တော့ ကျွန်တော်တို့ကို အားလုံး ကျွန်းပေါ်ကမောင်း ထုတ်ပါတယ်။ ပြီးတော့ သူတို့နယ်သားတွေချည်း ချပစ်ပါတယ်"

သူ့စကားကို ကြားနာရသော မောင်ပြုံးချိုသည် ချွေးဒီးဒီး ကျလာ လေသည်။

"ကောင်းပါပြီ၊ ထားခဲ့ပါ။ စစ်ဆေးကြည့်ပါဦးမယ်" မောင်ပြုံးချို က လေအေးအေးနှင့် ပြောလိုက်လေသည်။ မောင်ပြုံးချိုသည် အေး သလောက် သူ့အဖို့ အလွန်အရေးကြီးနေပါသည်။



"စစ်ဆေးနေဖို့ မလိုပါဘူး မြို့အုပ်မင်းကလေးရဲ့၊ ဒါသက်သက် မတရား အလုပ်ခံရတယ်ဆိုတာ အားလုံးသိပါတယ်" သူသည် အရေးတကြီး နှင့် ပြောလေသည်။

"ဟုတ်ကဲ့ တရားသဖြင့်ဖြစ်အောင် ဆောင်ရွက်ပါ့မယ်"

"ဆောင်ရွက်ဆို မြန်မြန်ဆောင်ရွက်မှပဲ။ တော်တော်ကြာ သူတို့ စိုက်ပျိုးပြီးကုန်ရင်"

"အပုံကြီး လိုပါသေးတယ်၊ မိုးမှ မကျသေးဘဲ။ သီတင်းကျွတ်၊ တန်ဆောင်မုန်းမှ စိုက်ပျိုးရတာ မဟုတ်လား"

"အခုကတည်းက ပြီးပြတ်ထားမှ ကောင်းပါတယ်"

"ကဲ အမြန်ဆုံးပြီးအောင် ဆောင်ရွက်ပေးမယ်ဗျာ။ စိတ်ချပါ"

သည်လို အာမခံတာ ခံလိုက်မှပင် အနီးမှ ခွာလေတော့သည်။ ထို့နောက် မောင်ပြုံးချိုသည် အခြားသော လျှောက်လွှာများကို လက်ခံ ကြည့်ရှုပြီးလျှင် ပြီးပြတ်အောင် ဆောင်ရွက်ပြီးနောက် မြေနလျှောက်လွှာကို ပင် အခါခါဖတ်ရင်း တရားမျှတအောင် မည်ကဲ့သို့လုပ်ရပါမည်နည်းဟု စဉ်းစားနေလေသည်။ အကြောင်းရင်းဇစ်မြစ်နှင့်တကွ ဖြစ်ပျက်ပုံကို သိရန်မှာ ရုံးတွင် ထိုင်နေ၍ မပြီး။ နေရာအရောက် သွားရောက်စစ်ဆေးမှ တော်ပေ လိမ့်မည်။ ထို့ကြောင့် မောင်ပြုံးချိုသည် ထိုကျွန်းများပေါ်သို့ သွားရောက်ရန် စီစဉ်ရလေသည်။

သည်အချိန်တွင် မြို့ပိုင်ခမျာမှာ အလုပ်ကလည်း များပါဘိသည်။ အခွန်တော်ကိုလည်း ကျေလည်အောင် ကောက်နေရသေးသည်။ မိုးတွင်းက ပေးထားသည့်အမတော်ကြေးအမျိုးမျိုးကလည်း မကျေတတ်သေး။ အင်း လေလံကိစ္စတွေကလည်း များလှပါဘိသည်။ ဆဲကြ ဆိုကြ၊ ခုတ်ကြ ထစ် ကြ၊ သတ်ကြ၊ ဖြတ်ကြသည့်ကိစ္စတွေကလည်း အနန္တ။ ညှော်လုပ်ရမလား ဆို၍ တစ်အိမ်နှင့်တစ်အိမ် အော်ကြီးဟစ်ကျယ် ဆဲကြသည်။ အရက်တစ်ပုလင်း နှင့် ပတ်သက်၍လည်း ခုတ်ကြ ထစ်ကြသည်။ ပွဲတွင် ဗိုလ်လုကြရာမှလည်း သတ်ကြဖြတ်ကြသည်။ ထို့ကြောင့် မောင်ပြုံးချိုသည် အမှုတွေစစ်ရ၊ အချိန် မတော် အချိန်တော် သေတမ်းစစ်ချက်ယူရနှင့် မအားနိုင်အောင် ရှိနေတော့ သည်။ သည်အထဲ မြေနကိစ္စတွေကလည်း ရှုပ်နေပြန်ပါပြီ။ သည်အရှုပ်ကို

လည်း မရှင်းလျှင်လည်း တစ်ဒုက္ခ။ သည်ကနေ လူသတ်မှုတွေ ဖြစ်နိုင်သည် မဟုတ်ပါလော။

သည်ကိစ္စကား ချက်ချင်းပြီးနိုင်သည့် ကိစ္စမဟုတ်။ ကျွန်းပေါ်သို့ မောင်ပြုံးချိုသွားလျှင် ကိုင်းသမားတွေ ဝိုင်းအုံကာ တစ်ယောက်တစ်မျိုး စကားစစ်ထိုးနေသည်နှင့် အချိန်ကုန်ကြရတော့သည်။ သူကြီးက သိမ်းပြီး ပြန်ချသည်ဆိုသောကျွန်းပေါ်သို့ မောင်ပြုံးချိုတို့ ရောက်သွားသည်။ ကျွန်းကြီးကား အတော်ကျယ်ပြန့်ပါသည်။ မြေနုတင်၍ စိုက်ပျိုးနိုင်သည့်နေရာကား အနည်းငယ်သာ ရှိသည်။ ကျန်နေရာများတွင် သဲတွေဖုံးနေလေသည်။

မောင်ပြုံးချို ကျွန်းပေါ်သို့ တက်လျှင် လူကြီးလေးငါးဆယ်ယောက် ဆီးကြိုနေကြသည်ကို တွေ့ရလေသည်။

"မြို့အုပ်မင်း ကြွလာမယ်ဆိုလို့ အစောကြီးက လာစောင့်နေပါတယ်။

လျှောက်လွှာတင်သူက ဤသို့နှုတ်ဆက်လေသည်။ မောင်ပြုံးချိုက သွားဖြဲ၍ ပြုံးလေသည်။

"ကဲ ကျွန်တော်မျိုးတဲကို ကြွပါ။ အားလုံး အရံသင့်ပါပဲ" သူသည် ဤသို့ ပင့်ဖိတ်နေပြန်ပါသည်။ မောင်ပြုံးချိုသည် သွားရမည်လား၊ မသွားရမည်လား ဟု စဉ်းစားနေစဉ် သူကြီးမင်းနှင့်နောက်မှ လူလေးငါးယောက်သည် သုတ်သီးသုတ်ပျာနှင့် လာနေသည်ကို တွေ့ရလေသည်။

"မြို့အုပ်မင်း ဟိုဘက်လမ်းက လာမယ်ထင်လို့ သွားစောင့်နေတာ၊ မြို့အုပ်မင်းက ဒီဘက်ကလာတာကိုး" သူကြီးမင်းသည် အမောမပြေခင်ပင် နှုတ်ဆက်လေသည်။

"ဟုတ်ကဲ့"မောင်ပြုံးချိုကတော့ သည်လောက်သာ ပြောနိုင်၍ ပြုံးနေလေသည်။

"ကဲ လာ၊ ကျွန်တော်မျိုးကြီးအိမ် ကြွပေတော့။ တော်တော်ကြာ နေပူလာတော့မယ်" သူကြီးမင်းက ပင့်ဖိတ်ပြန်လေသည်။

"ဟောဒီကလည်း သူ့အိမ် ခေါ်နေတယ်ဗျ"

မောင်ပြုံးချိုက လျှောက်လွှာတင်သူကို မေးထိုးပြလိုက်လေသည်။



"ဟာ ကိုယ်တော်ကလည်း ဘယ်ဖြစ်မလဲ။ မြို့အုပ်မင်း လာရင် သူကြီးအိမ် မဝင်ဘဲ တခြားသူအိမ်ကြွသွားရင် ရာဇဝင် ရိုင်းတော့မပေါ့။ ကျွန်တော်မျိုးလည်း ရှက်စရာကောင်းတာပေါ့"သူကြီးမင်းသည် လက်ဟန်ခြေဟန်နှင့် ပြောနေပြန်လေသည်။ တစ်ဖက်က တစ်စခန်း ထပြန်လေသည်။

"မြို့အုပ်မင်းလေးဟာ ကျွန်တော်သွားလျှောက်လို့ ဒီကို ဒုက္ခခံပြီး ကြွလာတော်မူရတာပါ။ ဒီတော့ ကျွန်တော့တာဝန်ထားစေချင်တယ် သူကြီးမင်းရဲ့" သူက စကားပြော အတော်လိမ္မာသည်။

"အေးဗျ"မောင်ပြုံးချိုကလည်း စကားမရှိ စကားရှာသည်လို ဝင်ပြောလိုက်မိသည်။ သည်လို ပြောလိုက်မိခြင်းပင်လျှင် သူ့အတွက် အမှားတော်ပုံကြီး ပေတည်း။

"မြို့အုပ်မင်း သူ့အိမ်လိုက်သွားရင် အစားအသောက် အနေအထိုင် ဆင်းရဲပါ့မယ်။ ကျွန်တော်မျိုးအိမ်မယ် ဖွယ်ဖွယ်ရာရာတွေ ပြင်ဆင်ထားပါတယ်"ဟူသော သူကြီးမင်း၏စကားမဆုံးခင်ပင် တစ်ဖက်မှ သည်းမခံနိုင်တော့ပြီ။

"ကျွန်တော်တို့အိမ်မလည်း ဖွယ်ဖွယ်ရာရာ ပြင်ထားပါတယ်" တစ်ဖက်မှ သူကြီးကို မျက်စောင်းခဲ၍ ပြောလေသည်။

"ဘယ်လိုစုံတယ် ပြောပြော၊ ကျွန်တော်မျိုးတို့အိမ်လောက် မစုံနိုင်ဘူး။ ပြီးတော့ ကျွန်တော်မျိုးအိမ်က ဘယ်အစိုးရလာလာ တည်းနေကျဘုရာ့။ ဟိုအင်္ဂလိပ်လက်ထက်က ခွေးကြီးနဲ့အတူတူလာတတ်တဲ့ ဗူးရို၊ ဗူးရိုခေါ်တဲ့ အရေးပိုင်ကြီးတောင် ကျွန်တော်မျိုးအိမ် တစ်ညအိပ်သွားသေးသယ်။ ညနေစာ စားတော့တောင် ခွေးကြီးနဲ့ အတူတူစားလို့" သူကြီးမင်းက ကြွားလုံးထုတ်လိုက်ပြန်လေသည်။

"ကျွန်တော်တို့အိမ်ကတော့ ဒီလို ခွေးကြီးနဲ့ ထမင်းအတူစားတဲ့ အရေးပိုင် မတည်းဖူးပေမယ့် မခေပါဘူး။ တစ်ခါတုန်းက ဝန်ကြီးဖြစ်ပြီး အခုတော့ ဘာဖြစ်နေမှန်း မသိပါဘူး။ အဲဒီ သခင်လူကြီးတစ်ယောက် လာတုန်းက တစ်ညတည်းပြီး ထမင်းစားသွားဖူးပါတယ်"

"ဟုတ်မှာပါပဲ၊ အဲဒီတုန်းက သူတို့က ထမင်းကြမ်းနဲ့ ငါးပိဖုတ် ကျွေးလိုက်မှာပေါ့" သူကြီးက ဝင်ပြောလိုက်ရာ အပြောခံရသူမှာ အတော် ဒေါသထွက်သွားလေသည်။

"အမယ်၊ ခင်ဗျားအိမ်က ဘာတွေများ အခုချက်ထားလို့တုံး"ဟု အော်၍ မေးလိုက်လေသည်။ မောင်ပြုံးချိုသည် သူတို့စကားစစ်ထိုးပွဲကြီးကို သစ်တုံးတစ်တုံးပေါ်တွင်ထိုင်ကာ နားသောတဆင်ရင်း ငွေသဲပွင့်ကလေးများကို ကစားနေလေ၏။

"ဟော့၊ ဘာချက်ထားတယ်ဆိုတာ မင်းပြောနေဖို့ မလိုပါဘူး။ မြို့အုပ်မင်း လိုက်လာပြီး သုံးဆောင်တော့ သိလိမ့်မပေါ့။ မင်းအိမ်ကတော့ ဘာများ ထူးထူးဆန်းဆန်း ချက်ထားသလဲ"

"ခင်ဗျားကို ဘာလို့ ပြောရမှာလဲဗျ။ မြို့အုပ်မင်းကြွပြီး ဘုဉ်းပေးတော့ အဲလေ၊ ယောင်လို့ သုံးဆောင်တော့ သိတော်မူလိမ့်မပေါ့"

သူတို့နှစ်ယောက်သည် စကားစပြတ်သွားကြပြန်ကာ မောင်ပြုံးချိုဘက်သို့ လှည့်လာကြပြန်သည်။ သူကြီးမင်းသည် အနီးသို့ ရောက်လာလေသည်။ တစ်ဖက်မှ လူကြီးလည်း အနားတိုးလာပြန်သည်။

"ကဲ၊ ကြွပါမြို့ပိုင်မင်း၊ ဒီမယ် မကောင်းပါဘူး။ မြို့အုပ်မင်းကြိုက်တဲ့ ကြက်ဥတွေလည်း ကြော်တန်ကြော်၊ ပြုတ်တန်ပြုတ် လုပ်ထားပါတယ်" သူကြီးမင်းက စကားစလိုက်လေသည်။

"ကျွန်တော်တို့လည်း ကြက်ဥတွေအများကြီး ရှာထားပါတယ်။ ပြီးတော့ ဝက်သားဟင်း"

" ကျွန်တော်မျိုးအိမ်က ဘဲသားဟင်း" သူကြီးသည် ဒေါထလာပါပြီ။

"ကြက်သားဟင်း" တစ်ဖက်မှလူကြီးသည် လက်သီးကို ဆုပ်ပြီး ရှေ့တိုးလာသည်။

"အူစုံသည်းစုံ" သူကလည်း အလျှော့မပေး။

"ဆိတ်သား" သူကြီးကလည်း ထပ်တွန့်လိုက်သည်။ သူတို့နှစ်ယောက်ကို သည်အတိုင်း ကြည့်နေလျှင် ခက်တော့မည်။ နောက်လိုက်နောက်ပါများကလည်း တုတ်ကိုင်သူ ကိုင်၊ ခုံဖိနပ်ဆွဲသူ ဆွဲ ဖြစ်ကုန်ပြီ။

"ကဲ၊ တော် တော်၊ ခင်ဗျားတို့ သိပ်လွန်ပါကလား။ ဟင်း မရှက်ဘူးလား" မောင်ပြုံးချို ဤသို့ဝင်အော်လိုက်သည်။ စင်စစ်အားဖြင့် သူကိုယ်တိုင်ပင် ရှက်စရာကောင်းနေပြီ မဟုတ်ပါလား။

"ခင်ဗျားတို့ဆီ ကျုပ်လာတာ ထမင်းစားဖို့ လာတာမဟုတ်ဘူး။ ဒီရှုပ်နေတဲ့မြေနကိစ္စကို ရှင်းရအောင် လာတာ။ မတရားတဲ့ကိစ္စရှိရင် တရားအောင် လုပ်ဖို့ လာတာ" ပြောသာပြောရသည်။ မောင်ပြုံးချို ဆာလှပါပြီ။ မောင်ပြုံးချိုက ဤသို့ဆက်၍ ပြောလိုက်ပြန်လျှင် နှစ်ဦးစလုံးငြိမ်၍ နားထောင်နေရာက "သူကြီး မတရားတာပါ" လျှောက်ထားသူက ခပ်ဆတ်ဆတ်ပြောလိုက်ပြန်သည်။

"ဘာ ကျုပ်မတရားတာလဲ။ မင်းမတရားတာ"သူကြီးကလည်း ပြန်အော်လိုက်ပြန်သည်။

"ကဲ၊ တော်ပြီ၊ ခင်ဗျားတို့ အလကားရှည်မနေနဲ့။ မြေနကိစ္စကို စစ်မယ်" မောင်ပြုံးချိုသည် ဖျန်ဖြေပြီးလျှင် စာရွက်ကိုထုတ်ကာ ဒူးပေါ်တွင်တင်၍ ကလောင်ကိုင်ကာ စစ်ဆေးလေ၏။

"ဒီကျွန်းပေါ်မယ် ကျွန်တော်တို့လူနှစ်ဆယ် အညီအမျှခွဲဝေပြီး မနှစ်က လုပ်ခဲ့ကြပါတယ်။ ဒါလည်း သူကြီးမင်းနဲ့ သမာဓိလူကြီးတွေက ချထားတာပါပဲ။ အဲဒီ ချထားတုန်းက သူကြီးနဲ့ သမာဓိတွေကို ငွေတစ်ဆယ်စီ ပေါင်းငွေနှစ်ရာ စုပေးရပါတယ်"

"ဒါ မတရားစွပ်စွဲတာ" သူကြီးက ဝင်ပြောလေသည်။

"အင်း၊ မနှစ်က ပေးရတာတွေ အခုမှပြောနေလို့ အပိုပဲ။ ခင်ဗျားတို့ ကကော ဘာပြုလို့ ပေးသလဲ ဟင်" မောင်ပြုံးချိုက ပေးရပါသည်ဆိုသူအား မျက်လုံးကို အစွမ်းကုန် ပြူးကြည့်ရင်း မေးလိုက်သည်။

"ပေးရတာတော့ အမှန်ပါပဲ။ ငွေတစ်ဆယ်စီပေးမှ ချမယ်ဆိုတော့ ပေးရတာပါပဲ။ ဒီနှစ်ကျတော့ ငွေတစ်ဆယ်စီ ထပ်တောင်းပြန်တယ်။ ဒီမြေကို ပြန်လုပ်ချင်ရင် ငွေတစ်ဆယ်စီ ထပ်ပေးပါတဲ့။ ကျွန်တော်မျိုးတို့က မပေးနိုင်ဘူး ဆိုတော့ ဟောဟိုဘက်က ဖိုးထွားတို့လူစုတွေကို ချပါတယ်။ သူတို့က ငွေတစ်ဆယ်စီ ပေးရပါတယ်တဲ့ သူကြီးကို"

"ဒါ မတရားစွပ်စွဲတာ" သူကြီးက ဝင်၍ ထောက်လိုက်ပြန်သည်။

"ခင်ဗျား ဝင်မပြောနဲ့" မောင်ပြုံးချိုက သူကြီးကို ဟန့်လိုက်ပြီးလျှင် ကိုဖိုးထွားဘက်သို့ လှည့်၍ "ဘယ့်နှယ်လဲ ကိုဖိုးထွား ဟုတ်သလား" ဟု မေးလိုက်လေသည်။

"တစ်ပြားတစ်ချပ်မှ ပေးရပေါင်ဗျာ" ကိုဖိုးထွားက မျက်စောင်းတစ်ချက်ထိုးရင်း ဖြေလေသည်။

"တကယ်လား"

"တကယ်ပါဗျာ၊ ဘုရားပေးပေး၊ ကျမ်းပေးပေး" ကိုဖိုးထွားသည် ရှုံ့ရှုံ့မဲ့မဲ့နှင့် ပြောပြီးလျှင် တံထွေးကို ပျစ်ခနဲထွေးထုတ်လိုက်လေသည်။ မောင်ပြုံးချိုသည် စစ်ဆေးပြန်လေသည်။

"ခင်ဗျားတို့ မနှစ်ကလုပ်တဲ့ ပြေစာရှိသလား" မောင်ပြုံးချိုက မေးလိုက်လျှင် ပြေစာများကို ထုတ်ပြသည်။ သူတို့သည် အခွန်ဆောင်သည့် ပြေစာရှိလျှင် သည်မြေကို ပိုင်သည်ဟု ထင်နေကြသူများ ဖြစ်လေသည်။ ထို့ကြောင့် တရိတသေ သိမ်းဆည်းထားကြလေသည်။ မောင်ပြုံးချိုသည် ပြေစာတွေကို တစ်ရွက်စီကြည့်သည်။ ထို့နောက် စစ်ချက်များကို ပြန်၍ဖတ်သည်။ အတန်ကြာအောင် တွေဝေစဉ်းစားပြီးသည့်နောက်

"အင်း၊ ဒီလိုဆိုရင် စိုက်ဖို့အချိန်လည်း အပုံကြီးလိုသေးတယ်။ မနှစ်က ချတာလည်း တရားတယ်လို့ မဆိုနိုင်ဘူး။ ဒီတော့ အားလုံးပြန်သိမ်းမယ်။ မြေ သမာဓိအသစ်ဖွဲ့ပြီး အားလုံးပြန်ချမယ်။ လူသစ်ရော လူဟောင်းရော ကိုင်းသမားမှန်လျှက်နဲ့ လုပ်စားစရာမြေ မရှိတဲ့လူတိုင်း လျှောက်ထားကြပေတော့" မောင်ပြုံးချိုသည် ဤသို့ မြွက်ကြားလိုက်ရာ အားလုံးငြိမ်ပြီးနားထောင်နေကြရာမှ ကိုဖိုးထွားက ဖောက်မေးလိုက်ပြန်သည်။

"ဒီလိုဆိုရင် ကျွန်တော်တို့ ရပြီးသားမြေလည်း ပြန်ဝေတဲ့ထဲ ပါသွားဦးမှာပေါ့"

"အေးလေ၊ အားလုံးပြန်ဝေမယ်"

"ဘယ်လိုဝေမလဲ"

"အကွက်ရိုက် မဲချပြီး ဝေမယ်"

"ရချင်မှ ရတော့မှာပေါ့"

"မဲကျရင် ရမှာပေါ့"

"ဒီလိုဆိုတော့ သူကြီးပေးရတဲ့ငွေ ဆုံးရောလား"

ဘုရားပေးပေး ကျမ်းပေးပေး တစ်ပြားတစ်ချပ်မှ မပေးရပါဘူးဟု ဆိုသော ကိုဖိုးထွားက ရေရွတ်လိုက်လေသည်။

"ခုနကတော့ မပေးရဘူးဆို"

"ပေးမှ မြေရမယ်ဆိုတော့ ပေးရတာပေါ့"



"ဘယ်လောက်လဲ"

"တစ်ဆယ်စီပါ"

"ဟုတ်ကဲ့လား သူကြီးမင်း"

"မြို့အုပ်မင်းဖို့"

"ဘာ"

"မြို့အုပ်မင်း ခရီးစရိတ်"

"သွား သွား၊ အလကားသူကြီး၊ တယ်ခက်တဲ့သူကြီး၊ ခင်ဗျားကို အရေးယူရမယ်" မောင်ပြုံးချိုသည် မျက်နှာကြီး နီလာလေသည်။

"လူတွေထဲသွားပြောလို့ဘယ်ရမလဲ။ ကျိတ်ပေးမှပေါ့"ဟု တစ်ယောက်က တိုးတိုးပြောနေလေသည်။ မောင်ပြုံးချိုသည် ဆောင့်ကြီးအောင့်ကြီးနှင့် ပြန်လာလေသည်။

နေကလည်း မြင့်လှပြီ။ ထမင်းလည်း မစားခဲ့ရသေး။ လှေဆိပ်က တက်သော် အိမ်ရောက်အောင် တစ်မိုင်လောက် လမ်းလျှောက်ရသေးသည်။ နေကလည်း ပူ၊ မောကလည်း မော၊ ဆာကလည်း ဆာ၊ ချွေးတဒီးဒီးနှင့် ဒေါပွလာလေသည်။

"အမယ်လေး နေပူကြီးထဲပြန်လာလိုက်တာ။ နေအေးအေးမှ အေးအေးဆေးဆေးပြန်ပါတော့"တင်မကြီးက အိမ်ပေါက်မှ ဆီးကြို၍ အပြစ်တင်လိုက်လေသည်။

"နေပူတာ ကိစ္စမရှိပါဘူး။ မနက်စာ မစားရသေးဘူး ခင်ဗျ"

မောင်ပြုံးချိုသည် ကုလားထိုင်ပေါ်တွင် ပစ်ထိုင်လိုက်ကာ နဖူးမှချွေးများကို သုတ်ရင်း ပြောလိုက်လေသည်။

"ဟင် အခုတောင် မစားရသေးဘူး" တင်မကြီးသည် အံ့သြသွားလေသည်။

"ဟုတ်ပါတယ်ခင်ဗျ။ ဘုရားပေးပေး ကျမ်းပေးပေး"ကိုဖိုးထွားလေသံနှင့် ပြောလိုက်လေသည်။

"မောင့်ကို အကျိန်မခိုင်းပါဘူး မောင်ရယ်"သည်လိုပြောပြီးလျှင် တင်မကြီးသည် မီးဖိုဘက်သို့ ထွက်သွားလေ၏။

"မြို့ပိုင်မင်းဖို့ ခရီးစရိတ်" မောင်ပြုံးချိုသည် သူကြီးမင်း၏အသံကို ကြားယောင်နေလေတော့သည်။

၄

ကဆုန်၊ နယုန်မှသည် ဝါဆို၊ ဝါခေါင်သို့ ရောက်လာလေပြီ။ ရေတွေလည်း ဖောင်လှပြီ။ မြစ်ရေတို့သည်လည်း အရှိန်ပြင်းစွာ စီးနေကုန်ပြီ။ နောက်ကျိကျိ မြစ်ရေတွင် ဗေဒါပင်၊ ဒိုက်သရော၊ ခွေးသေကောင်ပုပ်များသည် မျောပါလာသည်ကို တွေ့ရလေသည်။ ကိုင်းသမားတို့၏ အားထားမှီခိုရာဖြစ်သော ကျွန်းများသည်လည်း မြစ်ရေအောက်တွင် နစ်မြုပ်နေကြလေပြီ။ မြစ်ကမ်းမှ ဘယ်လိုပဲ လှမ်းကြည့်ကြည့်၊ ရေကိုပဲ မြင်ရသည်။ ကမ်းကိုပင် လျှံတက်နေပြီဖြစ်၍ မြစ်ဝှမ်းကိုပင် အတိအကျ မသိနိုင်တော့ပါ။

မောင်ပြုံးချိုလည်း မိမိနယ်အတွင်းရှိနေသော ရေကာတာကြီးများ မပေါက်ကျိုးအောင် နေ့မအား ညမအား စောင့်ရှောက်နေရလေသည်။ ရေကာတာ ကျိုးပေါက်လျှင် အသက်စည်းစိမ်အိုးအိမ်ဥစ္စာတွေ ပျက်စီးကုန်မည်။

ဝါလသီတင်းကျွတ်၍ တန်ဆောင်မုန်းသို့ ကူးခဲ့ပြီ။ ကိုင်းသမားများ မြေနုကျွန်းပေါ်တွင် ဆေး၊ ပြောင်း၊ ငရုတ်၊ ပဲအမျိုးမျိုး အစရှိသော ကိုင်းပင်များကို စိုက်ပျိုးရတော့မည်။ တစ်ဆယ်စီ ယူခဲ့သောသူကြီးမင်းလည်း သူ့ရာထူးမှ ရွေ့လျောသွားလေပြီ။ မြစ်အတွင်းရှိ ကျွန်းတန်းသည်လည်း တဖြည်းဖြည်း ပေါ်လာကြလေပြီ။ ကျွန်းပေါ်တွင် မြေနုကလေးများတင်နေသည်ကို မြင်ရသော ကိုင်းသမားတို့သည် ရွှေထွက်သည့်နေရာကို တွေ့ရသူများကဲ့သို့ ဝမ်းမြောက်ရွှင်မြူးကြကုန်သည်။ မှန်ပေသည်။ သည်မြေနုသည် သူတို့အဖို့ ရွှေပင်တည်း။ မြေနုသည် သူတို့အဖို့ ရတနာမြေတည်း။ ရွှေသီးမည့် မြေကြီးတည်း။

"ကဲ ကြွပါတော့၊ ကျွန်းပေါ်ပါပြီ၊ လာပြီးတော့ ဝေပေးပါတော့"

"ဝေရင်လည်း အတော် သတိထားရမယ်"

"တစ်ဖက်နဲ့တစ်ဖက်က အတော်အခဲမကျေ ဖြစ်နေကြတယ်"

"သူကြီးပြုတ်ကလည်း အတော်ရှုပ်နေသတဲ့"

"လုပ်ဝံ့တဲ့သူ လုပ်စမ်း။ ခေါင်းပြုတ်မယ်လို့ ကြိမ်းသတဲ့"

"ဒီကျွန်းမြေနုကတော့ ဘယ်သူရရ အလကား ဖြစ်မှာပါပဲ"

"မရတဲ့သူက အမြဲနှောင့်ယှက်မှာပဲ"



မောင်ပြုံးချိုသည် ဤကဲ့သို့သော ထင်မြင်ချက် အမျိုးမျိုးကို ကြားနေရလေသည်။ သို့သော် ဝတ္တရားသည် ဝတ္တရား။

မောင်ပြုံးချိုသည် တစ်နေ့သောနံနက်ခင်းတွင် မြေတိုင်းစာရေးကိုပါ ခေါ်၍ ထိုကျွန်းမြေကိုဝေပေးရန် နေအိမ်မှ ထွက်ခွာလာခဲ့လေသည်။ ကျွန်း တစ်ဖက်စွန်းမှ တက်လိုက်လေသည်။ ထူးဆန်းလေစွ။ သူ့ကိုပင် လာရောက်ကြိုဆိုမည့်သူမရှိ။ လူအများသည် တဲဆောက်လုပ်ရန် ချထားကြသော ဝါး၊ သက်ငယ်၊ မျောတိုင်များကိုသာ သုတ်သုတ်ကြီး ရွာဘက်ဆီသို့ ရွှေ့ပြောင်းယူနေကြလေသည်။ အချို့လည်း ဆောက်ပြီးသောတဲများကို ဖျက်နေကြသည်။ သူတို့သည် မောင်ပြုံးချိုကို ဂရုမစိုက်နိုင်။ ပြောင်းဖို့ ရွှေ့ဖို့က အရေးကြီးနေပါသည်။

"ဘာဖြစ်နေကြတာလဲဗျ။ ကိုင်းတဲဆောက်ဖို့ဟာတွေ ပြန်ရွှေ့နေကြတယ်" မောင်ပြုံးချိုသည် ရပ်၍မေးလိုက်လေသည်။ အားလုံးပင် ကြောင်၍ကြည့်နေကြလေသည်။

'ဝုန်း'ဟူသော အသံကြီးသည် မြစ်ဘက်ကမ်းဆီမှ ထွက်ပေါ်လာလေသည်။ သူတို့သည် အသံကြီး ထွက်ပေါ်လာရာသို့ မျက်စိများ ရောက်သွားကြလေသည်။

"ကမ်းပါး ပြိုတာပဲ"မြေတိုင်းစာရေးက ပြောလိုက်လေသည်။ မောင်ပြုံးချိုတို့သည် ကမ်းပါးဆီသို့ လျှောက်လာကြလေသည်။ သည်လိုလျှောက်လာနေစဉ်ပင်လျှင် ကျွန်းကမ်းပါးတစ်လျှောက် တဝုန်းဝုန်းနှင့် ပြိုကျနေလေသည်။ ကမ်းပါးနှင့် ကိုက်ငါးဆယ်လောက် ဝေးသောနေရာသို့ ရောက်လာကြပါပြီ။ ထိုနေရာတွင်ပင် ရပ်ကြရမည်။ ရှေ့သို့ တိုးမသွားဝံ့ကြတော့ပါ။ ကမ်းပါးပြိုသည့် နေရာများတွင် ငှက်ကလေးများ ပျံဝဲနေကြလေသည်။ ကမ်းပဲ့တွင် တွေ့တတ်သည့် ပိုးမွှားများကို လိုက်လံထိုးဆိတ်ကာ စားသောက်နေကြလေသည်။

'ဝုန်း ဝုန်း ဝုန်း'ကမ်းပါးသည် တဖြည်းဖြည်းပဲ့၍ပဲ့၍ ကျနေရာ မောင်ပြုံးချိုတို့နှင့် နီး၍နီး၍လာလေသည်။ ရွာသူရွာသားများလည်း သူတို့အနားသို့ ရောက်လာကြလေပြီ။ သယ်ယူရွှေ့ပြောင်းစရာများကိုလည်း ရွှေ့ပြောင်းပြီးကြပါပြီ။ သူတို့သည် အစိုင်လိုက်၊ အခဲလိုက်၊ အတုံးလိုက်၊ အတစ်လိုက် ပဲ့၍ ပဲ့၍ မြစ်ထဲသို့ တဝုန်းဝုန်းပြိုကျနေသော မြေနုကျွန်းကြီးကို

ဝမ်းနည်းကြေကွဲစွာ ကြည့်နေလေသည်။ အဘိုးကြီးတစ်ယောက်မှာမူ နံ့မြေနုတင်နေပြီးမှ ကွဲအက်နေသည့်မြေနုခဲချပ်ကြီးကိုကိုင်ရင်း မျက်ရည်တွေဝိုင်းနေလေသည်။ သူတို့သည် သည်လို ပြိုမကျအောင်ဆွဲ၍ ထားချင်စမ်းပါဘိသည်။ သို့သော် မတတ်နိုင်။ သဘာဝအင်အားကို သူတို့မလွန်ဆန်နိုင်။ သည်မြစ်ရေယဉ်သည် သူတို့ဝမ်းသာအောင် သည်ကျွန်းမြေနုကို ဖန်တီးပေးခဲ့သည်။ ယခု သူတို့ဝမ်းနည်းအောင် ဖျက်ဆီးနေပြန်ပါပြီ။ ဖြစ်ရာမှ ပျက်ရချေပြီတကား။

ကမ်းပါးသည် မောင်ပြုံးချိုတို့ ရပ်နေသောနေရာနှင့်ဆယ်ကိုက်လောက်သာ ဝေးပါတော့သည်။

"ကဲ၊ သွားကြမှပဲ၊ ကမ်းပါးပြိုလို့ လူတွေပါ ပါသွားဦးမယ်" မြေတိုင်းစာရေးက သတိပေးလေသည်။ သူတို့သည် ထိုင်နေရာမှ ထွက်ခွာခဲ့ကြလေသည်။

"ဒီကျွန်းတော့ ညနေမစောင်းခင် ကုန်တော့မှာပဲ" ကိုဖိုးထွားက မျက်ရည်စမ်းစမ်းနှင့် ညည်းညူလိုက်လေသည်။

"မဲချပြီး ဝေနေဖို့ မလိုတော့ဘူးပေါ့"မြေတိုင်းစာရေးက ဆိုသည်။

"မလိုတော့ပါဘူး" ကိုဖိုးထွားက ဝမ်းနည်းပက်လက်နှင့်ခေါင်းယမ်းသည်။

"မြေဆိုတာ ဒီလို တရားပျက်ပြီး အဓမ္မလုနေကြရင် ပျက်စီးတာပဲ။ တစ်နည်းနည်းနဲ့ ပျက်စီးတာပဲ။ ဒါကြောင့်လည်း ဟဲ့၊ မလုကြနဲ့၊ သင့်သင့်မြတ်မြတ် ဝေယူကြပါဆိုလို့ကို မရနိုင်ဘူး။ အတင်းလုနေကြတာပဲ။ မဝေရသေးဘူး၊ ရတဲ့လူ ရိုက်မယ်ဆိုတဲ့လူနဲ့၊ ကိုင်းပင်တွေ ခုတ်ပစ်မယ်ဆိုတဲ့လူ။ ကဲ၊ ခုတ်ကြဦးလေ။ အခုတော့ ကုန်ပြီ၊ ကုန်ပြီ။ တော်တော်ကြာ မင်းတို့နေတဲ့ရွာပါ ရေထဲမျောသွားလိမ့်မယ်"အဘိုးကြီးတစ်ဦးက ကရုဏာဒေါသသံနှင့် တဖျစ်တောက်တောက် ပြောနေလေသည်။ မောင်ပြုံးချိုကတော့ ဘာမျှမပြောဘဲ စဉ်းစားရင်း လိုက်ပါလာလေသည်။

"မြေနုကို လုတော့ ပျက်စီးတယ်။ ကမ္ဘာပေါ်က မြေတွေကို အကြီးအကျယ် လုနေကြတာတော့ကော" မြေတိုင်းစာရေးက မေးရာ အဘိုးကြီးသည် နားမလည်သလို ငေးကြည့်နေလေသည်။



"ကမ္ဘာပေါ်မယ် လောကကြီးရဲ့ မြေကြီးတွေကို လက်နက်အားကောင်းတဲ့ လူတွေ၊ ငွေအားကောင်းတဲ့လူတွေက လုနေကြတယ်၊ အဲဒါ"မြေတိုင်းစာရေးက ရှင်းပြ၍ မေးရာ စကားမဆုံးခင်ပင် အဘိုးကြီးက"အဲဒီလို အနိုင်ကျင့်ချင်တဲ့စိတ်တွေ၊ ငွေနဲ့ပေါက်ချင်တဲ့ စိတ်တွေ၊ လက်နက်အားကိုးလုပ်ချင်တဲ့စိတ်တွေ များနေရင် ဒီကမ္ဘာကြီးလည်း မြေနုကျွန်းကြီးလို အတုံးလိုက်အတစ် လိုက် ပုံပုံကျပြီး ပျောက်မသွားဘူးလို့ ဘယ်သူပြောနိုင်ပါ့မလဲ"ဟု မေးဖြေဖြေလိုက်လေသည်။ မှန်သည် မှားသည် မပြောတတ်ပါ။ မြေစိုင်မြေခဲများကား တဝုန်းဝုန်းပြိုကျနေဆဲ။ နောက်မှလည်း နီး၍နီး၍ လာပါပြီ။ မောင်ပြုံးချိုတို့သည် ကျွန်းမြေနုပြိုရာတွင် ကိုယ်ပါမသွားအောင် သုတ်သုတ်ကြီးထွက်ခွာခဲ့ရလေသတည်း။

[ရှမဝ ၁၉၅၀ နှစ်]

# မိုးဦး

၁

မိုးဦးကျ အချိန် ဖြစ်သည်။

ထိုစဉ်က ကျေးရွာ တောင်သူလယ်သမားဘဏ်များလည်း မရှိသေး။ ပရိုးကိုးတွေလည်း မရောက်လာသေး။ သီးစားချထားရေး ကော်မတီများက လည်း တာဝန်မယူသေး။ ငွေချေးကော်မတီများလည်း မပေါ်သေး။ မိုးဦး ကျလျှင် လယ်သမားတွေအတွက် လယ်ယာအမတော်ကြေးများကို မြို့ပိုင် များကသာ တာဝန်ယူ၍ ထုတ်ချေးကြရသည်။ နှစ်ပေါင်းများစွာက တမ်းတ မျှော်မှန်းခဲ့သောလွတ်လပ်ရေး၏ ရောင်ခြည်ကိုလည်း မြင်နေရလေပြီ။ စနစ် ဟောင်းမှန်သမျှကို တိုက်ဖျက်၍ စနစ်သစ်ဖြင့် တောင်သူလယ်သမားလောက ကြီးကို ဖန်တီးရန် အာသာဆန္ဒ ပြင်းပြနေကြသည့်ကာလလည်း ဖြစ်လေသည်။

"အမတော်ကြေး၊ ချက်ချင်းပေး"

"ဗြူရိုကရက်၊ အလိုမရှိ"

မိုးဦးကျစ အချိန်ရောက်လျှင် တောင်သူလယ်သမားလူထုကြီးသည် သည် ကြွေးကြော်သံများကို အထက်ဘဝင် အောက်အဝီစိတိုင်အောင် အော်ဟစ်ကြ သည်။ သည်အသံတွေကို ကြားရသော မောင်ပြုံးချိုသည် စိတ်မကောင်းဖြစ်မိခဲ့သည်။ သူသည် အမတော်ကြေးကို အချိန်မီပေးရန် စွမ်းအားရှိသရွေ့ ကြိုးစားနေပါသည်။ သည်အထဲက ဘာကြောင့် သူတို့က "အမတော်ကြေး ချက်ချင်းပေး"ဟု အော်နေကြပါသနည်း။ ချက်ချင်းပေးဖို့ အစီအစဉ်တွေကို လုပ်နေပြီ မဟုတ်ပါလား။ "ဗြူရိုကရက်၊ အလိုမရှိ"တဲ့။ သူ့ကို အလိုမရှိဘူးလို့ အော်နေခြင်းလော။ ဗြူရိုကရက် ဆိုတာ ဘာလဲ။ အဘိဓာန်က ဘာပဲဆိုဆို သူတို့အမြင်ကတော့ အမျိုးအကျိုးကို မကြည့်။



တစ်ကိုယ်ကောင်းထင်ရာ ပြုလုပ်နေသော အရာရှိကို မြင်သည်။ သည်လို ဆိုလျှင် မောင်ပြုံးချိုကော ထင်ရာပြုလုပ်နေသည့်လူလော မပြောတတ်ပါ။

ကြာတော့ ထိုအော်သံ၊ ဟစ်သံတွေကို နားမခံသာတော့ပြီ။ သည်အသံ တွေကို ကြားရတိုင်း ကြားရတိုင်း ရင်တွင်းမှာ ဗလောင်ဆူ၍ လာသည်။ တစ်ခါ တစ်ရံ မိမိအိမ်ရှေ့မှ ဖြစ်စေ၊ ရုံးရှေ့မှဖြစ်စေ အော်ဟစ်သွားသူများကို "ငါ ဗြူရိုကရက် မဟုတ်ဘူးကွ"ဟု ရင်ကိုကော့ကာ ပြန်အော်လိုက်ချင်သည်။ "ခင်ဗျားတို့ အော်နေဖို့မလိုဘူး။ ကျုပ်ကလည်း အမတော်ကြေးတွေ ပေးဖို့ လုပ်နေပါပြီ"ဟုလည်း ပြန်ဟစ်လိုက်ချင်သည်။ သို့သော် သည်လိုလုပ်၍လည်း မဖြစ်သေး။ တစ်ခါတစ်ခါလည်း သည်လောက်အော်ချင်လှတဲ့လူတွေ ညစ် နေရကောင်းမလားဟုသော စိတ်ဆိုးကလေးများပင် ဝင်လာတတ်လေသည်။

ထိုအချိန်သမယကား နိုင်ငံရေးပါတီ အသီးသီးတို့သည် တောင်သူ လယ်သမားလူထုကြီးကို နည်းအမျိုးမျိုးနှင့် စည်းရုံးနေကြသည့်အခါ ဖြစ်သည်။ အင်အားစုတစ်ခုဖြစ်အောင် ဖန်တီးပြီး အသုံးချရန် စိုင်းပြင်းနေကြချိန် ဖြစ် သည်။

"အမတော်ကြေး၊ ချက်ချင်းပေး"

"ဗြူရိုကရက်၊ အလိုမရှိ"

ကြွေးကြော်သံများကား ဆူဆူညံလျက် ရှိပါသည်။ အော်လို့သာ အော်နေရသည်။ အချို့လူများကား မောင်ပြုံးချို ထွက်ကြည့်နေသည်ကို မြင်လျှင် မျက်နှာပူဟန် တူသည်။ အားနာဟန် တူသည်။ သူတို့ခေါင်းတွင် ရစ်ပတ်ထားသည့် မျက်နှာသုတ်ပဝါကြီးများကို ဆွဲချကာ မျက်နှာတစ်ခြမ်းကို ဖုံးလိုက်ကြသည်။ အချို့က ထီး၊ ခမောက်တို့နှင့် ကွယ်သွားကြသည်။ ခြေလှမ်းတွေလည်း အမှားမှား အယွင်းယွင်း ဖြစ်ကုန်ပါသည်။ သည်တွင် မကသေး၊ ကြွေးကြော်သံများပင် မှားကုန်ပါပြီ။

"အမတော်ကြေး၊ အလိုမရှိ"

"ဗြူရိုကရက်၊ ချက်ချင်းပေး"

အတိုင်အဖောက်တွေ လွဲကုန်ပါပြီ။ သည်အတိုင်းပင် အတော်ကြာ အောင် အော်သွားကြသည်။ မောင်ပြုံးချို စိတ်မဆိုးနိုင်ဘဲ ပြုံးမိလေသည်။

"ဟော့၊ ဟော့ မှားကုန်ပြီကွ၊ သတိထား ဆိုပါ"ဟု ခေါင်းဆောင် လုပ်သူက မျက်လုံးပြူးပြူး၊ မျက်စိပြူးပြူးနှင့် အတော် ပြင်ယူရလေသည်။

ယောက်ျား၊ မိန်းမ၊ ကလေး၊ လူကြီးအားလုံးသည် မိုးရွာထဲတွင် သဲသဲမဲမဲကြီး အော်ဟစ်နေကြလေသည်။

၂

သည်လို မိုးဦးကျလျှင် မြို့ပိုင်တွေ အလုပ်များလှပါတော့သည်။ အရေးအကြီးဆုံးကား လယ်သမားများအား အမတော်ကြေး ပေးရန်ပင် ဖြစ်လေသည်။ တောင်သူလယ်သမား ခေါင်းဆောင်များကလည်း သူတို့ လုပ်ငန်းစဉ်အရ အော်ကြ၊ ဟစ်ကြ၊ ကြွေးကြော်ကြသည်။ မောင်ပြုံးချိုတို့ ကလည်း ကိုယ့်ဝတ္တရားအရ အမတော်ကြေး ချေးရန်၊ ငှားရန် အစီအစဉ်တွေကို လုပ်ကြရသည်။

ရှေးအတီတေက အမတော်ကြေးပေးပုံနှင့် ယခု အမတော်ကြေး ပေးပုံ အလွန်ကွဲပြားခြားနားလေသည်။ ရှေးအခါက အမတော်ကြေးကို လူတိုင်းမရပါ။ အာမခံပစ္စည်း ပေးနိုင်သည့် လယ်ပိုင်ရှင်များသာလျှင် အများအစားရကြလေသည်။ တောင်သူလယ်သမား စစ်စစ်များလည်း ပေးကား ပေး၏ မရဆိုသလို သွားရည်တများများနှင့် အဝေးက ရှောင်ကြရသည်။ သည်အထဲ လာဘ်စားမှုတွေလည်း များလှပါဘိတော့သည်။ ချေးငှားရသည့် အရာရှိများကလည်း ရာခိုင်နှုန်းနှင့် အမြတ်ထုတ်ယူသည်။ သူတို့နှင့် သင့်လျှင် သင့်သလို ချေးငှားသည်။ ငွေချေးသူများသည် လက်မပုံစံများကို နှိပ်ကြရာ လက်မနှင့်သာမက အခြားသော လက်ချောင်းကလေးများနှင့်လည်း နှိပ်၍ အမျိုးမျိုးချေးယူတတ်ကြသည်ဟု ကြားရဖူးပါသည်။

ယခုခေတ်တွင် သည်လို မဟုတ်တော့ပါ။ နိုင်ငံတော် အစိုးရသည် တောင်သူလယ်သမားတို့ အကျိုးကို အစွမ်းကုန်ကြည့်ပါသည်။ အမတော်ကြေးငွေကို လယ်သမားတိုင်းရအောင် လောက်လောက်ငငကြီး ပေးလေသည်။ သည်အထဲကပင် နည်းပါသည်ဆို၍ အော်ဟစ်ကြသေးသည်။ တကယ်ဆိုတော့ နည်းလည်း နည်းပါသေးသည်။ (ထိုစဉ်က စိုက်ပျိုးရေးဘဏ်များ မဖွင့်သေး။)

မောင်ပြုံးချိုသည် အမတော်ကြေးပေးရန် တောရွာတစ်ရွာသို့ ရောက်လာပါပြီ။ သူ့နောက်က ချွေရုံသင်းပင်း အစောင့်အရှောက်တွေကလည်း ပါရသေးသည်။ စင်စစ်တော့ သူတို့မပါလျှင်လည်း ဖြစ်ပါသည်။ သူတို့ကို



ခေါ်လာခြင်းပင်လျှင် မောင်ပြုံးချိုအတွက် တာဝန်ကြီးတစ်ခု။ သူတို့ အစောင့်အရှောက်မပါဘဲ တစ်ခုခုဖြစ်သွားလျှင်လည်း တစ်ဒုက္ခ။ အစိုးရ၏ ငွေတွေကို လုံလောက်သော အစောင့်အရှောက်မပါဘဲ ဘာကြောင့် ယူသွားရသလဲဟု အချစ်တော်မဝင်ဘဲ အပြစ်တော်တင်ခံရမည်။ မြို့ပိုင်နှင့် လူဆိုးပင် ချိန်းချက်၍ ငွေတွေကို အပိုင်စီးပစ်ကြပြီဟု အထင်တော်ရောက်ချင်လည်း ရောက်ကြမည်။ ထို့ကြောင့် မလိုသော်ရှိ၊ လိုသော်ရှိ ရဲသားအစောင့်အရှောက်များကို ခေါ်လာရပါသည်။

သူတို့သာ မဟုတ်သေး။ ရုံးအမှုလိုက်အရာရှိကလည်း ပါလာပြန်သည်။ သွားရင်းဟန်လွှဲဆိုသလို အမှုသည်တွေကို ထိုရောက်ရာအရပ်တွင် စစ်ဆေးရန် ချိန်းဆိုထားလေသည်။ ဟော ယစ်မျိုးအရာရှိ ဦးတင်မောင်ညွန့်လည်း ပါလာသေးသည်။ သူကတော့ မောင်ပြုံးချို တောသွားတိုင်း လိုက်လေ့ရှိသည်။ မောင်ပြုံးချိုကလည်း သူမပါလျှင် ပျင်းသည်။ သူသည် စကားကို အော်ကျယ်ဟစ်ကျယ်နှင့် ဖောင်လောက်အောင် ပြောနိုင်သည်။ သူသည် သည်လို မကြာခဏ လိုက်ပါလာရင်း ရွာထဲမှ အရက်ချက်သူတွေကို ဖမ်းဆီးကာ မောင်ပြုံးချိုရုံးတွင် ချက်ချင်း တရားစွဲတင်လေ့ ရှိသည်။ ထမင်းအိုး၊ ဟင်းအိုးများကို တောင်းကြီးထဲတွင် ထည့်ကာ သယ်ပိုးလာရသည်။ ခရီးသွား ရုံးစေလုလင် မောင်ခက်နှင့် ကျော်သိန်းတို့လည်း ပါလာသည်။ သည်လိုအခါမျိုးတွင် ကိုယ့်ထမင်းကိုယ်စားကြမှ တော်မည်။ သူကြီးအိမ်တွင် ဝင်စားလို့ မဖြစ်။ သူကြီးကလည်း သည်လူတွေ တစ်လှေကြီးကို ကျွေးဖို့ မလွယ်ကူလှပါ။ ကျွေးပြန်လျှင်လည်း မဟုတ်မဟတ် လုပ်တတ်ပါသည်။ မြို့အုပ်မင်းကို ထမင်းကျွေးဖို့ဟု ဆိုကာ အမတော်ကြေး ချေးသူလယ်သမားများထံမှ တစ်ယောက်လျှင် တစ်ကျပ် ငါးမူး တောင်းယူနေလျှင် မခက်ပါလား။ ဟော၊ နောက်ဆုံးက ရုံးလုလင် မောင်အောင်မြင့် သေတ္တာကြီးတစ်လုံးကို ထမ်းလာပါသည်။ ထိုသေတ္တာထဲတွင် လယ်သမားများကို ပေးရမည့် အမတော်ငွေတွေ ထည့်လာသောကြောင့် နင့်နေအောင် လေးလှပါသည်။

သည်ငွေတွေကြောင့် မောင်ပြုံးချို မျက်နှာကြီးလှပါဘိတော့သည်။ သူကြီးသုံးလေးပိုင်မှ ချိန်းဆိုထားသည့်အတိုင်း လယ်သမားအပေါင်းသည်

ဗိုလ်ရုံအတွင်းမှ မောင်ပြုံးချိုကို စောင့်မျှော်နေကြလေသည်။ လယ်သမားခေါင်းဆောင်များက မောင်ပြုံးချိုအား ပြုံးရွှင်စွာ ခရီးဦးကြို ပြုကြကုန်သည်။

"မြို့အုပ်မင်း ကြွမှ ကြွပါ့မလားလို့"

"ဒီလို ကျွန်တော်တို့ ရွာနဲ့ နီးနီးလာပေးတာ သိပ်ကျေးဇူးတင်တာပဲ"

"ဒီကို လာမပေးဘဲ ရုံးသာ လာထုတ်ရမယ်ဆိုရင် ခရီးစရိတ်က တစ်ယောက်ကို တော်တော်ကုန်မှာ"

ဤကဲ့သို့ တစ်ယောက်တစ်ခွန်း ထောမနာ၍ သြဘာပေးကြလေသည်။

"အေးဗျ၊ မြို့အုပ်မင်း ဒီမလာလို့ ရုံးသာ သွားထုတ်ရရင် ငါးကျပ်လောက် ကုန်ဦးမယ်" တစ်ယောက်က ဝင်ပြောလိုက်ပြန်သည်။

"ငါးကျပ်ဆိုတော့ များလှချေကလား" မောင်ပြုံးချို ရေရွတ်လိုက်လေသည်။

"လှေခက တစ်ယောက်ကိုအသွားအပြန် နှစ်ကျပ်။ ထမင်းစားမှာနဲ့၊ ပြီးတော့ ဟဲ ဟဲ ဟဲ မိုးက အေးအေး ချမ်းပြန်တော့ အတယ်ကြီးဆိုင်ဝင်ပြီး ပုလင်းဝက်လောက်တော့ စောင်ခြုံဦးမှကိုး။ ဟဲ ဟဲ ဟဲ"

သူသည် သူ့ဘာသာသူ သဘောကျနေလေသည်။

မောင်ပြုံးချိုတို့သည် ဗိုလ်ရုံပေါ်သို့ တက်လာကြပါပြီ။ ဗိုလ်ရုံကို ကြည့်ပါဦး။ သည်ဗိုလ်ရုံကား အဆောက်အအုံနှင့်လမ်းဘက်ဌာနမှဆောက်လုပ်ထားသည့် အဆောက်အအုံကလေး ဖြစ်လေသည်။ အကျယ်အဝန်းအားဖြင့် ပေနှစ်ဆယ်ပတ်လည်ခန့် ရှိလေသည်။ ကာထားသည့် ပျဉ်များလည်း ဆွေးမြေ့နေလေပြီ။ မိုးထားသည့် ပျဉ်ကျွတ်များလည်း ပေါက်သည့် နေရာပေါက်၍ လန်သည့်နေရာ လန်နေလေသည်။ ထို့ကြောင့် တချို့နေရာတွင် မိုးရေစွေးနှင့် ရွှဲရွှဲစိုနေပါတော့သည်။ ကြမ်းပြင်ကို ကြည့်ပါဦး။ ဖုံတွေနှင့် လွှမ်းနေလေသည်။ သည်လောက် ပြောင်နေတာတောင် မြို့အုပ်မင်းလာမယ်ဆိုလို့ ဗိုလ်ရုံစောင့်က လှည်းကျင်းထားခြင်း ဖြစ်ပါသည်ဟု သူကြီးမင်းက ဆိုလေသည်။ ရှေ့ခန်းတွင် စားပွဲကြီးတစ်လုံး ရှိပါသည်။ ထိုစားပွဲပေါ်တွင် စားပွဲခင်း ဆွတ်ဆွတ်ဖြူဖြူကို ခင်းထားလေသည်။ သို့သော် ကုလားထိုင်



ပေါ်တွင် ဖုန်တွေ ရှစ်သစ်တက်နေ၍ မောင်ပြုံးချိုသည် တဖူးဖူး မှုတ်နေရသည်။ သည်တော့မှ မောင်အောင်မြင့် ပြေးလာ၍ အဝတ်နှင့် ပုတ်၍ ခါသည်။

မြို့ပိုင်မင်း ထိုင်ပါပြီ။ ငွေသေတ္တာကြီးလည်း စားပွဲပေါ်တွင် ချမိပါပြီ။ ဟော ဟော လုပ်ကြပါဦး။ လူတွေ ဝိုင်းအုံလာကြပါပြီ။ မောင်ပြုံးချို အသက်ပင် မရှုနိုင်တော့ပါ။

"ကဲ ခင်ဗျားတို့ ဒီလိုအုံနေလို့ မဖြစ်ဘူး။ ဝေးတဲ့ရွာကို အရင် စပေးမယ်။ တခြားလူတွေ အောက်ဆင်းနေကြပါဦး။ တော်တော်ကြာ ဗိုလ်ရုံ ကျိုးကျလို့ အကုန်လုံး နတ်ရွာစံကုန်ဦးမယ်"

မောင်ပြုံးချိုက သည်လိုပြောလိုက်ရာ ဝါးခနဲ ပွဲကျသွားလေသည်။ ထို့နောက် လူတွေ ရှဲသွားလေသည်။

"ကဲ အင်းဝင်းက သူကြီးနဲ့ ကျေးရွာလူကြီးတွေ လာကြဗျို့"

မောင်ပြုံးချိုက အဝေးဆုံးရွာကို ခေါ်လိုက်လေသည်။ သူကြီးမင်းနှင့် လူကြီးတို့သည် ပြုံးပြီး ရှေ့သို့ တိုးလာကြသည်။

"ခင်ဗျားတို့ ရွာအတွက် ငွေသုံးထောင် ဝေပုံကျတယ်"

မောင်ပြုံးချိုက စ၍ ပြောလိုက်လေသည်။

"နည်းလှပါတယ်" သူကြီးမင်းက ဆိုသည်။

"အလွန်နည်းပါတယ်" ကျေးရွာလူကြီးတစ်ယောက်က ပြောပြန်သည်။

"ကျွန်တော်တို့ မြို့နယ်တစ်ခုလုံး အမတော်ကြေးပေးဖို့ ငွေ ငါးသောင်းရတယ်။ အဲဒီငွေကို လယ်စိုက်တဲ့ ဧကပေါ်မယ် မူတည်ပြီး ရွာအလိုက် ခွဲထားတာပဲ" မောင်ပြုံးချိုက ရှင်းလင်း ပြောပြလေသည်။ စောစောကတည်းက သူတို့ရွာအတွက် သည်လောက်သာ ရမည်။ ထိုငွေသုံးထောင်ကို လျှောက်ထားသူများအား ရသင့် ရထိုက်သလောက် သူကြီးနှင့် ကျေးရွာလူကြီးများက လျာထားခွဲဝေရန် ဖြစ်လေသည်။ အချို့က ထိုကိစ္စမျိုးကို သူကြီးနှင့် ကျေးရွာလူကြီးအား တာဝန် မလွှဲထိုက်ပါဟု ဆိုကြသည်။ မတရားမှုတွေ ဖြစ်ကုန်လိမ့်မယ်ဟု အကြောင်းပြကြလေသည်။ စင်စစ်အားဖြင့် သည်တာဝန်သည် ပြောပလောက်သည့် ကိစ္စမဟုတ်။ လွတ်လပ်ရေးရလျှင် သည်ထက်မက အုပ်ချုပ်ရေးတာဝန်၊ ကျေးရွာစီးပွားရေး တိုးတက်မှုတာဝန်များကိုပင် သူတို့လက်သို့ အပ်ရဦးမည် မဟုတ်ပါလား။

"ငွေတော့ ခင်ဗျားတို့ဘာသာ ဝေပုံချပြီးပြီ မဟုတ်လား" မောင်ပြုံးချိုက ဆက်မေးပါသည်။

"ဝေပုံတော့ ချပြီးပါပြီ။ တိုးများရဦးမလားလို့" သူကြီးက ပြုံးပြုံးကြီး ပြောလေသည်။

"မတိုးနိုင်တော့ဘူးဗျ။ အားလုံး သူ့ရှာနှင့်သူ ခွဲဝေပြီးပြီ" မောင်ပြုံးချိုက ဤသို့ ပြန်ဖြေရလေသည်။ ထို့နောက် သူတို့ ခွဲဝေထားသည့် စာရင်းကို ပေးလေသည်။ သူတို့သည် တရားမျှတအောင် အတော်ဂရုစိုက်၍ လုပ်ကြပါသည်။ အချို့တစ်ရာ၊ အချို့ငါးဆယ်၊ အချို့ သုံးဆယ်ရကြလေသည်။ သို့သော် အပြစ်ကတော့ မပွတ်သေး။

"ကျွန်တော် တစ်ခု ပြောပါရစေ" လူကြီးတစ်ယောက်သည် မောင်ပြုံးချို ရှေ့သို့ ရောက်လာလေသည်။

"ပြောပါ ပြောပါ"

"ဒီငွေ ခွဲဝေတဲ့ သူတွေဟာ မတရားပါဘူး"

"အင်း ဆိုပါဦး"

"တောင်ပိုင်းက ဖိုးထောင်ဟာ ကေနစ်ဆယ် လုပ်ပါတယ်။ အဲဒီလူကိုတော့ ငွေတစ်ရာ ခွဲထားပြီး၊ ကျွန်တော့ကိုတော့ ငါးဆယ်တည်း ပေးထားပါတယ်။ ကျွန်တော်လည်း ကေနစ်ဆယ် · လုပ်ပါတယ်" သူသည် ဒေါနှင့် မောနှင့် ပြောလေသည်။

"ကဲ ခင်ဗျားတို့လူကြီးတွေက ဘာပြောမလဲ" မောင်ပြုံးချိုက သူကြီးနှင့် လူကြီးတွေဘက် လှည့်၍ ပြောလိုက်သည်။

"သူက ပိုက်ဆံရှိတဲ့လူပါ။ ဟိုလူက သားတွေ၊ သမီးတွေများပြီး လယ်ခနဲ့ လုပ်ရတဲ့လူပါ" သူကြီးက ရှင်းပြလေသည်။

"ကဲ ခင်ဗျားက ဘာပြောချင်သလဲ" တစ်ဖက်သို့ လှည့်မေးလိုက်ပြန်သည်။

"သူ မတရားပြောတာပါ၊ ကျွန်တော်မျိုးလည်း အလွန်ဆင်းရဲပါတယ်" သူသည် မောင်ပြုံးချိုကို ရှိသေစွာ ပြောလေသည်။

"ကိုဖိုးထောင်လောက်တော့ မဆင်းရဲဘူးပေါ့ဗျာ"

"ဆင်းရဲပါတယ်၊ ဒီနှစ် စပါးပေးတွေ မရလို့ နွားခြောက်ကောင်ရှိတဲ့အနက် နှစ်ကောင်ကို ရောင်းပစ်ပြီး လယ်စရိတ်သွင်းရပါတယ်"



"ဟာ စပါးပေးတောင် ပေးနိုင်ရင် ဘယ်ဆင်းရဲမလဲဗျ။ တော်တော်၊ ခင်ဗျားကို ကျွန်တော်သာဆိုရင် လုံးလုံးပေးမှာ မဟုတ်ဘူး။ အခု လူကြီးတွေ ခွဲဝေပေးထားတာ တော်သေးတာပဲ" မောင်ပြုံးချိုသည် ခပ်တိုတိုပင် ဖြတ်လိုက်ရသည်။

"ဒီလောက်လေးတော့ မယူတော့ဘူးဗျာ" သူသည် ခပ်ဆတ်ဆတ် ပြော၍ ဆင်းသွားလေသည်။

"မယူချင်လည်း နေဗျာ" မောင်ပြုံးချိုကလည်း ခပ်ဆတ်ဆတ်ပင် ပြန် ပြောလိုက်လေသည်။

"သူ မယူရင်လည်း အဲဒီငွေ ကျွန်တော့ပေးပါခင်ဗျာ"အနီးမှ စောင့်နေသူ တစ်ဦးက ထပြောလေသည်။ မောင်ပြုံးချိုက လူကြီးတွေ မျက်နှာကို ကြည့်လိုက်သည်။

"ဟုတ်ပါတယ်။ သူ့ကိုပေးဖို့ သဘောတူပါတယ်။ စာရင်းယူတုန်းက မေ့ကျန်ရစ်တဲ့လူပါ" သူကြီးကပြောရာ အားလုံး သဘောတူကြလေသည်။

ပြီးပါပြီ။ အို မပြီးသေးပါ။ စာရေးတွေ အလုပ် ကျန်ပါသေးသည်။ သူတို့ကို 'ဝိုင်းကြီးချုပ်' စာချုပ် ချုပ်စေရမည် ဖြစ်သည်။ အားလုံး ပူးတွဲ၍ ခံဝန်ချုပ် ပြုလုပ်ကြရမည်။

"အခု စာရင်းထဲပါတဲ့ လူပေါင်းခြောက်ဆယ်ကို ပူးတွဲ ခံဝန်ချုပ် ပြုလုပ်ကြရမယ်။ တစ်ယောက်ယောက်က ပျက်ကွက်ပြီး မဆပ်ရင် အားလုံးက ဝိုင်းလျော်ကြရမယ်။ ဒီတော့ ပူးတွဲခံဝန်ချုပ် မလုပ်ချင်တဲ့လူများ ဒီထဲပါသလား။ ပြောကြပါ" မောင်ပြုံးချို သည်လိုအော်လိုက်သောအခါ အားလုံး ငြိမ်နေကြလေသည်။

"ဒီလို ဆိုရင် အားလုံး သဘောတူကြတာပေါ့။ တော်တော်ကြာကျမှ သူပါတာ ကျုပ်မသိပါဘူး မလုပ်နဲ့။ ကဲ ပူးတွဲခံဝန်ချုပ် လုပ်ရမယ့် လူတွေရဲ့ နာမည်တွေ ဖတ်စမ်းပါ" မောင်ပြုံးချိုက ပြောလိုက်ရာ စာရေးကြီးက နာမည်တွေ အားလုံးကို ဖတ်ပြနေလေသည်။ အားလုံး ငြိမ်၍ နားထောင်နေကြလေသည်။

"ကဲ ကြားကြပလား" ပြီးလျှင် မောင်ပြုံးချိုက ထပ်မေးသည်။

"ကြားပါပြီ။ ဒီအထဲက လှဒွန်းကို သဘောမတူပါဘူး။ သူနဲ့ မူးတွဲ ခံဝန်ချုပ် မလုပ်ချင်ပါဘူး" တစ်နေရာမှ တစ်ယောက်ယောက်က ထပြော လေသည်။

"ဟုတ်ပါတယ်၊ တော်တော်ကြာ ဆပ်မယ့်ကောင် မဟုတ်ပါဘူး" အခြားတစ်ယောက်က ထ၍ ပြောပြန်လေသည်။ မောင်ပြုံးချိုသည် ဘယ့်နှယ်လဲ ဟူသော သဘောနှင့် သူကြီးမျက်နှာကို ကြည့်လိုက်လေသည်။

"ကျွန်တော် လူရိုး၊ လူကောင်းပါ" လှဒွန်းက ထ၍ ပြောလေသည်။

"အရက်သောက်ပါတယ်" အသံတစ်သံ။

"အရက်မူးပြီး ဆဲတတ်ပါတယ်" နောက်တစ်သံ။

လှဒွန်းသည် မျက်နှာငယ်ကလေးနှင့် ငြိမ်နေလေသည်။

"ဟုတ်လား" မောင်ပြုံးချိုက မေးလိုက်လေသည်။

လှဒွန်းက ခေါင်းညိတ်လေသည်။ အရက်သောက်သော်လည်း မှန်ရာကို ဝန်ခံသည်။

"အရက်သောက်တာနဲ့ အမတော်ကြေး ချေးတာနဲ့ ဘာဆိုင်လဲကွ" လှဒွန်းဘက်မှ လူတစ်ယောက်က ဝင်ထောက်ပြန်လေသည်။

"အရက်သောက်ရင် ဘယ်ကောင်းမလဲကွ" အတိုက်အခံဘက်မှ ဆိုပြန်သည်။

"ချေးပြီး ဆပ်ရင် ပြီးတာပဲ" လှဒွန်းဘက်မှ ပြောပြန်သည်။

"အရက်သောက်တဲ့လူဟာ ဘယ်တော့မှ မကောင်းဘူး။ အရက်သောက်တဲ့ အဒီနဝါဒါန ဟုတ်ပေါင် သုရာမေရယကံဟာ ငါးပါးသီလထဲမယ် အရေးအကြီးဆုံးလို့ ကျောင်းက ဘုန်းတော်ကြီးက ဥပုသ်နေ့က ဟောလိုက်တယ်။ အရက်သောက်တဲ့ကံ ကျူးလွန်ပြီးရင် ကျန်တဲ့ ကံလေးပါးလည်း ကျူးလွန်တတ်တာပါပဲတဲ့"

"အဲဒီ ငါးပါးသီလထဲမယ် အမတော်ကြေး ပြန်မဆပ်တာ မပါပါဘူး"

"ဘယ်သိမလဲဗျ။ ပါချင် ပါမှာပေါ့" တစ်ဖက်ကလည်း အလျှော့မပေး။

"ကဲ ကဲ ဒီလိုလုပ်ကြဗျာ၊ သူ့ချေးမယ့် ငွေကလည်း သုံးဆယ်တည်းပါ။ သူမဆပ်ရင်လည်း သူ့ပစ္စည်းတွေ ဝရမ်းဖမ်းမှာပေါ့။ သူ့ပစ္စည်းမရှိမှ



စိုက် လျော်ရမှာပါ။ လျော်ရဦးတော့ လူပေါင်း ၆၀ ကျော်တောင် ဆိုတော့ တစ်ယောက် ငါးမူးလောက်စီကျမှာပါ။ မြန်မြန်ပြီးအောင် ခံဝန်ချုပ် လုပ်လိုက်ကြပါဗျာ" မောင်ပြုံးချိုက သည်လို ချော့မော့ပြောမှ သဘောတူသွားကြလေသည်။

သည်နောက်တွင် စာရေးတွေ အလုပ်များကြတော့သည်။ နာမည်စာရင်းတွေကို ကူးရသည်။ ချေးယူသည့် ငွေကို ထည့်ရသည်။ သူတို့ကို လက်မှတ်ထိုးခိုင်းရသည်။ လက်မှတ် မထိုးတတ်သူများကို လက်မပုံစံနှိပ်ရသည်။ ပြီးလျှင် ငွေကို တစ်ဦးစီ တစ်ဦးစီခေါ်၍ မောင်ပြုံးချိုကိုယ်တိုင် သူတို့လက်ဝယ် ပေးအပ်သည်။ အသေအချာလည်း ရေတွက်၍ ပေးရသည်။ လျော့ပေးမိလျှင် ချက်ချင်း ပြောလိမ့်မည်။ ပိုများပေးမိလျှင် ပြန်၍ ရခဲလှသည်။ သည်လို အမတော်ကြေးပေးရင်း နောက်ဆုံး စာရင်းပိတ်တွင် လျော့နေ၍ တစ်ဆယ် ကိုးကျပ် စိုက်ရပေါင်းလည်း များလှပါပြီ။

သည်လိုနှင့် တစ်ရွာပြီး တစ်ရွာ ပေးသွားရာ အတော်ပြီးသွားလေ၏။

"ကဲ ခဏနားပြီး ထမင်းစားကြဦးစို့" ပါလာသော ထမင်းဟင်းများကို ပြင်ဆင်၍ စားကြလေသည်။ ယစ်မျိုးအရာရှိ ဦးတင်မောင်ညွန့် ဘယ်သွားပါသနည်း။ ရွာထဲလှည့်၍ အရက်ဖမ်းနေပါသည်။ ထမင်းစားပြီးလျှင် ဆက်လက်၍ အမတော်ကြေးများကို ချေးနေရပြန်သည်။ တဖြည်းဖြည်း လူပါးသွားပါပြီ။ ပါလာသော ငွေနှစ်သောင်းလည်း ကုန်လုနီးပါပြီ။

၃

စာရေးကြီးများ စာရင်းရေးနေစဉ် ရာဇဝတ်မှုတွေ စစ်လိုက်ကြဦးစို့။ အမှုလိုက်ကြီးက အမှုသည်တွေကို ခေါ်နေပါသည်။

ပထမအမှုကတော့ ဓားခုတ်မှု။ ဘာကြောင့် ဒီတာတီးဆိုတဲ့ အကောင်က သာဂိကို ဓားနဲ့ ခုတ်ရပါသလဲ။ အရက်သောက်ရာမှ စ၍ စကားများပြီး ထခုတ်ခြင်း ဖြစ်သည်။ ဒဏ်ရာကတော့ မကြီးလှ။ ထို့ကြောင့် ရာဇသတ်ပုဒ်မ ၃၂၄ အရ ရဲက အမှုစွဲတင်သည်။ သက်သေကလည်း ထင်ရှားလှသည်။ ထို့ကြောင့် ပုဒ်မ ၃၂၄ နှင့်ပင် စွဲချက်တင်သည်။ တရားခံ တာတီးကလည်း သက်သေမပြတော့သဖြင့် စီရင်ချက်ချရန်သာ ရှိတော့သည်။ ထို့ကြောင့် ရက်ချိန်းပေးလိုက်လေသည်။

နောက်တစ်မှု ခေါ်ပါဦး။ သည်အမှုကတော့ ခဲပေါက်မှု။ မင်္ဂလာဆောင်အိမ်ကို ခဲနှင့် ပေါက်သည့်အမှု။ အဘယ်ကြောင့် သူတစ်ပါး မင်္ဂလာဆောင်သည်ကို သည်တရားခံ သုံးယောက်က ခဲနှင့်ပေါက်ရပါသနည်း။ အတော်မကောင်းတဲ့ လူတွေပဲ။ သူတို့ မျက်နှာတွေကလည်း ပေါက်မည့်ရုပ်တွေပဲ။ သည်ခဲပေါက်သည့် အကျင့်တွေတော့ ဖျက်ပစ်မှ တော်မည်။ မှတ်လောက်အောင် အပြစ်ပေးမှ ကောင်းမည်။ သို့သော် သို့သော် မောင်ပြုံးချို မတတ်နိုင်ပါ။ သက်သေမထင်ရှားသဖြင့် တရားရှင် လွှတ်လိုက်ရလေသည်။ ခဲပေါက်သူသည် အဘယ်မှာလျှင် အထင်အရှား ပေါက်အံ့နည်း။

ပြီးပါပြီ။ အမှုတွေ စစ်ပြီးပါပြီ။ အမတော်ကြေးလည်း ပေးပြီးပါပြီ။ ပါလာသော ငွေနှစ်သောင်းလည်း တက်တက်ပြောင်ပါပြီ။ သည်လိုဆိုအိမ်ပြန်ဖို့သာ ရှိပါတော့သည်။ သည်တော့မှ ဦးတင်မောင်ညွန့် ပြန်ရောက်လာပါတော့သည်။ သူတစ်ဦးတည်းလော။ မဟုတ်ပါ။ နောက်မှ မိန်းမ၊ ယောကျ်ားလေးငါးယောက် ပါလာပြန်ပါသည်။ အိုးတွေ၊ ခွက်တွေ၊ ပေါင်းချောင်တွေ၊ ဒယ်အိုးတွေ၊ ပုလင်းတွေလည်း ပါလာပါသည်။ သူသည် အရက်တွေ ဖမ်းလာပြန်ပါပြီတကား။ သူတို့တစ်တွေ အနီးရောက်မလာခင်ကတည်းက စိမ်ရည်နံ့၊ အရက်နံ့တွေ သင်းပျံ့လှိုင်နေလေပြီ။

"ခင်ဗျား ဘယ်သွားနေတာလဲဗျ" မောင်ပြုံးချိုက သိလျက်နှင့် မေးလိုက်လေသည်။

"မြင်တဲ့အတိုင်းပဲလေ" သူ့နောက်မှ ပါလာသည့် ပစ္စည်းတွေကို ပြ၍ ပြောလေသည်။ ယစ်မျိုးမှုတွေ စစ်ရဦးတော့မည်။

"ကဲ ဒါဖြင့် မြန်မြန်လုပ်ဗျာ၊ ပြီးရင် ပြန်ရအောင်" မောင်ပြုံးချိုက မြန်မြန်ပြီးအောင် တိုက်တွန်းနေလေသည်။

"နေစမ်းပါဦးဗျာ၊ ဖြည်းဖြည်းပေါ့၊ ဒီ အမှုရအောင် ကြိုးစားရတဲ့လူကိုလည်း အားနာပါဦး" သူသည် မောမောပန်းပန်းနှင့် ထိုင်ကာ စွဲချက်များကို ရေးနေလေသည်။ မောင်ပြုံးချိုသည် သူ့နှာခေါင်းထဲသို့ အတင်းဝင်လာသည့် စိမ်ရည်အနံ့၊ အရက်နံ့တွေကို ရှူရှိုက်ရင်း တရားခံတွေကို တစ်လှည့်စီ ကြည့်နေမိလေသည်။ တရားခံတစ်ဦးမှာ ခေါင်းဖြူဖွယ်ကျိုးနှင့် အဘွားကြီး ဖြစ်သည်။ နောက်တစ်ယောက်မှာကား ကိုယ်ရေပြား ရောဂါသည်



ဖြစ်သည်။ ကျန်နှစ်ယောက်သာလျှင် ကျန်းမာသန်စွမ်းသည့် လူရွယ်နှစ်ယောက် ဖြစ်လေသည်။

"ခင်ဗျားကလည်းဗျာ ဒီလောက်အိုတဲ့ အဘွားကြီးများ ဖမ်းလာရသေးတယ်" မောင်ပြုံးချိုက သူများမသိစေရန် အင်္ဂလိပ်ဘာသာဖြင့် အပြစ်တင်လေသည်။

"ဘယ်နဲ့လုပ်မလဲဗျ။ ဥပဒေက အဘွားကြီးဆိုရင် မဖမ်းရဘူးလို့မှ မဆိုဘဲ" သူကလည်း အင်္ဂလိပ်ဘာသာဖြင့် ပြန်ပြောလေသည်။

"ဟို ကိုယ်မကောင်းတဲ့ လူကြီးလည်း ခင်ဗျားက ချမ်းသာမပေးဘဲကိုး" မောင်ပြုံးချိုက ဆက်ပြန်လေသည်။

"အေးဗျ။ အဲဒါကြီးတော့ သိပ်စိတ်ပျက်တာပဲ။ ဒါပေမဲ့ ရှာလို့တွေ့နေတာ၊ မဖမ်းပြန်ရင်လည်း လာဘ်စားပြီး လွှတ်တယ် ဖြစ်မှာစိုးလို့ ဖမ်းရတော့တာပဲ"

အမှုတွဲတွေ တင်လေတော့သည်။ ထိုပစ္စည်းများ သူတို့လက်ဝယ်တွေ့ရှိတာ မှန်ပါသလား၊ အပြစ်ရှိပါသလားဟု မေးရာ အားလုံးကပင်ဝန်ခံကြသဖြင့် ဒဏ်ငွေ နှစ်ဆယ်စီ၊ အစိတ်စီ တပ်ရိုက်လေသည်။ သို့သော်မည်သူမှမဆောင်နိုင်ကြသဖြင့် ခံဝန်ချုပ်ပြုလုပ်ကာ ရက်ချိန်းပေး၍ ပြန်လွှတ်လိုက်ရလေသည်။

"နောက်ထပ် ထပ်ချက်ပြီး ရောင်းလို့ရတဲ့ ငွေနဲ့ လာဆောင်ကြပေါ့ဗျာ"ဟု မောင်ပြုံးချိုက မှာလိုက်ချင်ပါသည်။ သို့သော် ဖွင့်မှာလို့တော့ မကောင်းပါ။ ဘာပဲဖြစ်ဖြစ် သည်အတိုင်း လုပ်ကြမှာကိုတော့ သိပြီးသား။

"ဖမ်းမိလာသော စိမ်ရည်များ၊ အရက်များနှင့် ကိရိယာတန်ဆာပလာများကို ဖျက်ဆီးပစ်စေ"ဟု မောင်ပြုံးချိုကလည်း ထုံးစံအတိုင်း အမိန့်ချလိုက်လေသည်။ ယစ်မျိုးမှုများတွင် သည်ကဲ့သို့ "ဖျက်ဆီးပစ်သည့် အရက်များ' သည် နီးစပ်ရာ ပုဂ္ဂိုလ်များ၏ အာခံတွင်းထဲသို့ ရောက်ကုန်သည်ချည်းတည်း။ မောင်ပြုံးချိုတွင် ရောက်လာသည့် အမှုများတွင်ကား ဤသို့ မဖြစ်စေလို။

၄

အလုပ်တွေတော့ အားလုံးပြီးပါပြီ။

တစ်နေ့လုံး ထိုင်ရသဖြင့်လည်း ငြီးစီစီကြီး ဖြစ်နေသော မောင်ပြုံးချိုသည် ယခုမှ နေရာမှထ၍ အညောင်းဆန့်ရတော့သည်။ တစ်ကိုယ်လုံးလည်း ချွေးစီးတွေနှင့် ကပ်နေပါသည်။ ထို့ကြောင့် ရေချိုးချင်စိတ် ပေါက်လာလေသည်။ ရေချိုးခန်းထဲရှိ သံစည်ထဲတွင်လည်း ရေအပြည့် ရှိလေသည်။

"ကျွန်တော်တော့ ရေချိုးချင်သေးတယ်ဗျာ" မောင်ပြုံးချိုက ပြောလိုက်ရာ "ဒီလိုဆိုရင် ကျွန်တော်တို့သွားနှင့်ပြီး ရွာထဲက စောင့်မယ်"ဟု ယစ်မျိုးအရာရှိက ဆိုလေသည်။ မောင်ပြုံးချိုက သဘောတူလိုက်ရာ သူတို့အားလုံး စာရေးစာချီများပါ ထွက်ခွာသွားကြသဖြင့် ဗိုလ်ရုံတစ်ခုလုံး တိတ်၍ ကျန်ရစ်လေသည်။ စောစောက လူပေါင်းမြောက်မြားစွာနှင့် ကြိတ်ကြိတ်တိုးနေခဲ့သော ဗိုလ်ရုံသည် ယခု ဆိတ်ဆိတ်ကြီး ငြိမ်နေလေသည်။

နောက်ဖေး မီးဖိုဆောင်တွင် တကုပ်ကုပ်နှင့် ပစ္စည်းပစ္စယများကို သိမ်းဆည်းနေသော မောင်ခက်တစ်ယောက်သာ မောင်ပြုံးချိုနှင့်အတူ ကျန်ရစ်လေသည်။

ရှေ့လှေကားမှ လူတစ်ယောက် တက်လာသည်။ သူသည် ညှိုသည် စာရင်းစာအုပ်ကို ကိုင်လာလေသည်။ သူသည် ဗိုလ်ရုံစောင့် ဖြစ်ပါသည်။ သူ့မျက်လုံးသည် နီပြီးလျှင် မှေးနေလေသည်။ သူသည် အရွယ်အားဖြင့် နှစ်ဆယ်ကျော်လောက် ရှိဦးမည်။ ဗိုလ်ရုံစုတ်ချာသလို သူ့တစ်ကိုယ်လုံးလည်း စုတ်ချာလှပါသည်။

မောင်ပြုံးချိုသည် စာအုပ်ထဲတွင် လက်မှတ်ထိုးရင်း သူနှင့် စကားပြောနေလေသည်။

"မင်း ဘာလုပ်စားလဲ"

"ဗိုလ်ရုံစောင့်ပါ"

"အေး ဗိုလ်ရုံစောင့်မှန်းတော့ သိပါတယ်။ ဒီလခ နည်းနည်းကလေးပဲ၊ ဘယ်စားလောက်မလဲ။ သည့်ပြင် ဘာအလုပ် လုပ်သေးသလဲလို့"

"သည့်ပြင်တော့ ကူလီလေး ဘာလေး ထမ်းပါတယ်"

မောင်ပြုံးချိုသည် လက်မှတ်ထိုးပြီးလျှင် ငွေနှစ်ကျပ်ပေးလေသည်။



"မြို့အုပ်မင်း ကျွန်တော့ကို ငွေမပေးဘဲ ဟိုဟာပေးပါ" သူက ပြုံးဖြီးဖြီးနှင့် ပြောလေသည်။

"ဘာလဲဟ"

"အရက်မှုတုန်းက သက်သေခံတင်တဲ့ အရက်နှစ်လုံးလောက်" မောင်ပြုံးချိုသည် မျက်လုံးပြူးသွားလေသည်။

"ဘယ်က ရှိရမှာလဲ။ ဟော မင်း အရက်သမား။ ဒါကြောင့် မင်း မကြီးပွားတာ။ သွား သွား မပေးဘူး။ ရှိလည်း မရှိဘူး။ သွား သွား" မောင်ပြုံးချိုသည် ကြိမ်းမောင်းနေလေရာ ဗိုလ်ရုံစောင့်သည် ပေးထားသည့် ငွေကိုပင် မယူတော့ဘဲ ဆင်းပြေးတော့မည်အပြု မောင်ပြုံးချိုက ယူပေးလိုက်ရသည်။

ရေချိုးရဦးမည်။ တစ်နေ့လုံးထိုင်နေသဖြင့် ညောင်းနေသော မောင်ပြုံးချိုသည် လေ့ကျင့်ခန်းကလေးများယူပြီး အညောင်းဖြေရလျှင် ကောင်းမှာပဲဟု အောက်မေ့ကာ အင်္ကျီကိုချွတ်သည်။ အခန်းတံခါး ပိတ်ကာ ခါးတောင်းကို မြှောင်အောင်ကျိုက်လိုက်ပြီးလျှင် ထိုင်လိုက်၊ ထလိုက်၊ ကုန်းလိုက်၊ ကွလိုက်နှင့် ကိုယ်လက် လှုပ်ရှားနေလေသည်။ ဆယ်မိနစ်ခန့် လုပ်မိသော် အတော်ကလေး မောသွားသည်နှင့် တံခါးကို ဖွင့်လိုက်သည်။ လေကောင်း လေသန့် ရှူရှိုက်ရန် နောက်ဘက်ခန်းပြင်သို့ ခါးတောင်းကျိုက် မဖြုတ်သေးဘဲ ထွက်လာ ခဲ့လေသည်။

အလို ဘာပါလိမ့်။ နောက်ဖေးလှေကားမှ ကုန်းကုန်း ကုန်းကုန်းနှင့် လူတစ်ယောက် တက်လာပါသည်။ သူ့တွင် အပေါ်အင်္ကျီမပါပါ။ သူ့ကျောသည် မည်းပြောင်နေပါသည်။ သူ့ အင်္ဂလိပ်ဆံတောက်သည် နီကျင်သော အရောင်ကို ဆောင်နေပါသည်။ သူ့ခါးမှ လုံချည်ကလည်း အကွက်ပင်မပေါ်တော့ပါ။ မောင်ပြုံးချိုရပ်နေသည့်နေရာနှင့် သူရောက်နေသည့် နေရာသည် တစ်လံသာ သာလောက်သာ ကွာပါတော့သည်။

"ဟော့ လူ၊ ဟော့ လူ" သူသည် တိုးတိုးကလေး မောင်ပြုံးချိုကို လှမ်း၍ ခေါ်လိုက်လေသည်။

"ဘာလဲ" မောင်ပြုံးချိုကလည်း အသံအုပ်ကလေးနှင့် ပြန်ထူးသည်။

"တိုးတိုး တိုးတိုး မြို့အုပ်မင်း ကြားသွားမယ်။ ဟိုအရက်ပုလင်းတွေ ဘယ်ထားသလဲ"

"ဘာလုပ်မလို့လဲ" မောင်ပြုံးချို၏ အသံသည် တော်တော်ကလေး ကျယ်သွားပါသည်။

"ဟော့ လူ၊ တိုးတိုး ပြောပါဗျ။ မြို့အုပ် ကြားသွားပါမယ်။ သူကြီးက လွှတ်လိုက်လို့ဗျ။ အခန်းထဲက အရက်ပုလင်းတွေ သွားယူခိုင်းလို့။ အိမ်မယ်ကြက်သားဟင်းနဲ့ မြည်းကြမလို့တဲ့။ စာရေးကြီးတွေလည်း ရောက်နေတယ်။ မြို့အုပ်မသိအောင် နောက်ဖေးလှေကားက တက်ပြီး ယူခဲ့ဖို့ မှာတာကို မေးဆိုလို့"

ဟော ခက်ပြီ။ မောင်ပြုံးချိုတည်းဟူသော မြို့အုပ်ရင့်မကြီးကို မင်းစေထင်နေပါပြီ။ သည်အချိန်မှာပင် မောင်ခက်လည်း နောက်ဖေးချုံစပ်မှ အပြေးကလေးလာနေပြီးလျှင် "ဘာလဲ၊ ဘာလဲ"ဟု အော်မေးလေသည်။

သူသည် မောင်ခက်ကို လှည့်ကြည့်သည်။ ထို့နောက် မောင်ပြုံးချို မျက်နှာကို သေသေချာချာကြည့်သည်။ ပြီးလျှင် "ဟယ်"ဟု အော်ကာ လှေကားပေါ်မှ အတင်းခုန်ဆင်းပြေးလေသည်။ မောင်ပြုံးချိုလည်း ကြက်သေသေ၍ ကျန်ရစ်ပြီးနောက် သတိရလာသဖြင့် "ဟော့ ဟော့၊ နေပါဦး"ဟု လှမ်းအော်သည်။ ပြေးနေသူကား မရပ်။ "ဟော့ လာလေ။ အရက်ပုလင်း လာယူလှည့်" သည်လို ဟစ်၍ ခေါ်လည်း မနား။ ခြံစည်းတန်းကို ကျော်၊ ချုံကို လွှား၊ မြောင်းတွေကို ခုန်၍ တရကြမ်း ပြေးလေတော့သည်။

မောင်ပြုံးချိုသည် နံရံကို ကိုင်ရင်း မျက်စိတစ်ဆုံး ကြည့်နေမိပါသည်။ သည်အချိန်တွင် ဗိုလ်ရုံရှေ့ဆီမှ အသံတစ်ခုကို ကြားရပြန်သည်။

"ဟော့၊ ငါ့ပိုက်ဆံနဲ့ ငါသောက်တာ ဘာဖြစ်လဲ၊ ဘယ်သူလဲကွ၊ ငါနဲ့အတူ မတွဲချင်ဘူးဆိုတာ" ဟူသော အသံကို ကြားရ၍ မောင်ပြုံးချိုသည် ထွက်ကြည့်ရာ လဲလုမတတ် အမူးလွန်နေသည့် လူဒွန်းကို ပါးစပ်ပိတ်ကာ သူ့လူ သုံးလေးယောက်က တွဲယူသွားသည်ကို မြင်လိုက်ရလေသည်။

[ရှုမဝ ၁၉၅၀ ဩဂုတ်၌ မိုးဦးကျအမည်ဖြင့် ပါရှိခဲ့သည်။]

# ညီညွတ်ရေး

၁

"အစွမ်းကုန် ညီညွတ်ကြပါ"

ဤကဲ့သို့ တဖွဖွတိုက်တွန်းနေရကတည်းက အစွမ်းကုန် ကွဲပြဲနေသည်မှာ ထင်ရှားပါပြီ။ မောင်ပြုံးချို အမည်ရှိသော အညတရမြို့ပိုင်သည်လည်း နှယ်နှယ်ရရ ပုဂ္ဂိုလ်မဟုတ်ပါ။ သူလည်း ညီညွတ်ခြင်း၏ တန်ဖိုးကို သိပါသည်။ ညီညွတ်ခြင်းအင်အားကိုလည်း သိပါသည်။ ညီညာဖြဖြ ဆောင်ရွက်ကြသဖြင့် အောင်မြင်သည့် အကြောင်းအရာ သင်ခန်းစာများ ပါသည့် စာတန်ပါတ် ပုံပြင်များကို ဖတ်ဖူးကြားဖူးပါသည်။ ညီညွတ်ခြင်းတည်းဟူသော အင်အားဖြင့် မုဆိုး၏ ပိုက်ကွန်တွင်းမှ အတင်းတိုးထွက်ရှိသည့် ဘုရားလောင်း ငုံးမင်းအကြောင်း၊ မိမိသားများအား ထင်းချောင်းများကို အစည်းလိုက်တစ်မျိုး၊ တစ်ချောင်းစီတစ်ခါ ချိုးဖဲ့စေခဲ့သည့် အဘိုးအိုကြီးအကြောင်း၊ ညီညွတ်ခြင်း မသိ၍ ပျက်စီးရသည့် လိစ္ဆဝီမင်းတို့အဖြစ်အပျက်စသည်တို့ကို ဥပမာတင်စား၍ ပြောဟောတတ်ပါသည်။

ညီညာတော့ ပြည်သာသည်။

စည်းလုံးညီလျှင်၊ ပြုတိုင်းပင်၊ အားအင်ပြည့်စုံသည်။

မပေါင်းစည်းဘဲ၊ သီးသီးခွဲ၊ နွားကွဲ ကျားကိုက်မည်။

သည်လို ဆောင်ပုဒ်များကိုလည်း မောင်ပြုံးချိုသည် သံနေ သံထားနှင့် ရွတ်ဆိုတတ်ပါသည်။ သို့သော် မောင်ပြုံးချိုတို့တစ်တွေသည် ညီညွတ်ပါ၏လော။

မောင်ပြုံးချိုသည် တစ်တိုင်းပြည်လုံးကို မကြည့်ဘဲ သူအုပ်ချုပ်နေရသည့် မြို့နယ်ကလေးကိုသာ စိုက်၍ ကြည့်လိုက်လေသည်။ သည်လိုကြည့်လိုက်သည် ရှိသော် ကွဲချင်တိုင်းကွဲ၍ ပြဲချင်တိုင်း ပြဲနေကြသည်ကို တွေ့ရလေသည်။ ပထမမြို့ကိုကွင်း၍ ကြည့်သည်။ အစိုးရအရာရှိ အချင်းချင်းလည်း မညီညွတ်၊

နိုင်ငံရေးသမားအချင်းချင်းလည်း အကွဲကွဲ၊ မြို့သူ မြို့သားအချင်းချင်းလည်း စည်းလုံးခြင်းမရှိ၊ အစိုးရအမှုထမ်းနှင့် နိုင်ငံရေးသမား၊ သူတို့နှင့် မြို့သူ မြို့သားလည်း တစ်ယောက်တစ်မျိုး ခြေထိုးနေကြလေသည်။ မြို့ပေါ်တွင်သာ လော။ တောနယ်များတွင်လည်း သည်အတိုင်းပင် ဖြစ်ပါသည်။

မောင်ပြုံးချိုနယ်တွင် သူကြီးပေါင်း ငါးဆယ်ကျော်ရှိသည်။ ရွာငယ်ပေါင်း နှစ်ရာခန့်ရှိသည်။ ကျေးရွာခေါင်းဆောင်လုပ်နေသည့် နိုင်ငံရေးသမားနှင့် သူကြီးမတည့်။ ဆယ်အိမ်ခေါင်းနှင့် ရွာသူ ရွာသားလည်း ရန်သူ။ လက်ရှိသူကြီးနှင့် ရွေးကောက်ပွဲတုန်းက အရွေးမခံရသည့် ပြိုင်ဘက်နှင့်လည်း မသင့်မြတ်နိုင်။ နိုင်ငံရေး စည်းရုံးမှုကြောင့်လည်း မသင့်မမြတ် ဖြစ်တတ်သည်။ အရှေ့ကျောင်းနှင့် အနောက်ကျောင်း ဂုဏ်ပြိုင်ရာမှလည်း ကွဲတတ်ကြသည်။ စီးပွားရေးတွင် အကြိတ်ရ၍လည်း ရန်သူ ဖြစ်တတ်ကြသည်။

မောင်ပြုံးချိုသည် သူ့မြို့နယ် တစ်ခုလုံး ညီညီညွတ်ညွတ် ရှိစေချင်လှပါသည်။ မြို့နယ်ဆိုသည်မှာ ရွာတွေကို ပေါင်းစပ်ထားခြင်းပင် မဟုတ်ပါလော။ ထို့ကြောင့် ရွာတွေကို ညီညွတ်အောင် ပြုလုပ်ရမည်။ သူ့ရွာနှင့် သူ ညီညွတ်ရေး ရလာလျှင် မြို့နယ်အတွက် စည်းလုံးပြီးသား ဖြစ်နေပါလိမ့်မည်။

ယခု ကျေးရွာများတွင် ညီညွတ်မှု မရှိသဖြင့် မောင်ပြုံးချိုသည် အလွန်ခေါင်းရှုပ်ရပါသည်။ သူကြီး မကောင်းသည့် အကြောင်းကို ကျေးရွာခေါင်းဆောင်လုပ်သူက မကြာခဏလာတိုင်တတ်သည်။ ကျေးရွာ ခေါင်းဆောင် ညစ်ပတ်သည့်အကြောင်းများကို သူကြီးက လာပြောတတ်ပါသည်။ ကျေးရွာတွင် ဆောင်ရွက်ဖွယ်ကိစ္စရှိလျှင် သူတို့နှစ်ယောက် ရန်ဖြစ်နေရသည် နှင့် အချိန်ကုန်ပြီး အလုပ်မတွင်အောင်ဖြစ်နေတတ်ပါသည်။ ထို့ကြောင့် သူတို့ တစ်တွေ ညီညွတ်မှ ဖြစ်မည်။ သူတို့တစ်တွေ ညီညွတ်လျှင် တစ်ရွာလုံး ညီညွတ်လာလိမ့်မည်။

၂

မောင်ပြုံးချိုသည် သူ၏ညီညွတ်ရေး စီမံကိန်းကို ဆူးပုပ်ကုန်းရွာမှ ပထမဆုံး စ၍အကောင်အထည်ဖော်လေသည်။ သည်ရွာတွင်ရှိသော သူကြီး ဦးဖိုးတေနှင့် လယ်သမားခေါင်းဆောင် ကိုပန်းဖူးတို့သည် တစ်ဦးနှင့် တစ်ဦး ရာဇဝင်နှင့်ချီ၍ ရန်ဖြစ်လာသူများ ဖြစ်ကြလေသည်။



ဦးဖိုးတေသည် အသက် ငါးဆယ်ခန့် ရှိပါပြီ။ သူကြီးလုပ်လာသည်မှာလည်း နှစ်ပေါင်း နှစ်ဆယ်ကျော်ပြီ။ သူနှင့် ဆက်ဆံခဲ့ရသော မြို့အုပ်ပေါင်းလည်း မရေနိုင်တော့ပြီ။ နယ်ပိုင်များလည်း အများပင်။ အရေးပိုင်ပေါင်းလည်း အနန္တ။ မင်း အခေါ်ခံသူများနှင့် ဘယ်ကဲ့သို့ ဆက်ဆံရမည်။ ထိုမင်းဟူသော သတ္တဝါများသည် ဘာကိုကြိုက်တတ်သည်။ ဘာကို မကြိုက်တတ် အစရှိသော အချက်အလက်များကိုလည်း ကောင်းကောင်းကြီး သိထားလေသည်။

ကိုပန်းဖူးကား လေးဆယ်ကျော်ခန့်သာ ရှိပါသေးသည်။ သူသည် မြို့က သခင်သာဂိ၏ တပည့်ရင်း ဖြစ်သည်။ အင်္ဂလိပ်ခေတ်က သခင်ဟု ဆိုကာ သူကြီးသည် ကိုပန်းဖူးကို မကြာခဏ ဒုက္ခပေးခဲ့သည်။ အင်္ဂလိပ်များ ပြေးရခါနီးတွင် ပုလိပ်ဖမ်းအောင် တွန်းခဲ့သည်။ ကိုပန်းဖူး ထွက်ပြေးတိမ်းရှောင်နေခဲ့ရပါသည်။ သို့သော် သူ့အဖို့ နေသေးသပ ချုံထဲက။

ဗမာ့လွတ်လပ်ရေး တပ်မတော် (ဘီ၊ အိုင်၊ အေ) ခေတ်တွင် ကိုပန်းဖူး တန်ခိုးထွားလာလေသည်။ မြို့မှ သခင်သာဂိတို့အုပ်ချုပ်ရေးကို ကိုင်နေကြသောအခါ ကိုပန်းဖူးလည်း ခြောက်လုံးပူး ခါးထိုး၍ လမ်းသလားနိုင်သော အခြေသို့ ဆိုက်လာလေသည်။ သူကြီး ဦးဖိုးတေ ရှောင်တိမ်းနေရပြန်သည်။

ထို့နောက် ဘီ၊ အိုင်၊ အေ အုပ်ချုပ်ရေးမှ တစ်ဖန် ပြောင်းလဲ၍ အလျင်ကလို မြို့ပိုင် နယ်ပိုင်တွေ ပြန်ရောက်လာသောအခါ ဦးဖိုးတေ ခြေဖျား ထောက်လာပြန်လေသည်။ ရောက်လာသည့် မြို့ပိုင်ကလည်း သူ့ဆရာဟောင်းပေကိုး။ ပန်းဖူးတို့ လူသိုက်ကိုတော့ နှိပ်လိုက်မည်ဟု အံခဲထားလေသည်။ ကိုပန်းဖူးလည်း ခပ်လျှိုလျှို နေရပြန်သည်။

မကြာခင် ကိုပန်းဖူးကျေးရွာမှူး ဖြစ်လာပြန်သည်။ သူ့ဆရာ သခင်သာဂိလည်း မြို့နယ်မှူး ဖြစ်နေပေပြီ။ မြို့နယ်မှူးဆိုသည်မှာ မြို့ပိုင်နှင့်အတူတူ အာဏာရှိသည်ဟု ဆိုကြသည်။ ကျေးရွာမှူးလည်း သူကြီးနှင့် တန်းတူဟု ပြောကြသည်။ စင်စစ်အားဖြင့် သူကြီးကိုပင် ဖြုတ်ချနိုင်သည် ဆိုပါကလား။ သည်လို ဝါဒမျိုးလည်း ရွာထဲတွင် ပျံ့နှံ့လျက်ရှိလေသည်။

"သူတို့ပြောတာ တစ်ခုမှ မဟုတ်ဘူး။ သူတို့ကိုယ် သူတို့ အထင်ကြီးအောင် လုပ်ပေးထားတာ။ တကယ်ဆိုတော့ ဒီကျေးရွာခေါင်းဆောင်တို့ဆိုတာ ဘာတစ်ခုမှ တတ်နိုင်တာ မဟုတ်ပါဘူး။ ကျုပ်မှာသာ အာဏာတွေ ပါဝါတွေ ရှိတာပါဗျ။ ကဲ သူတို့တစ်တွေ လူတစ်ယောက် ဖမ်းနိုင်သလား။ ချုပ်နိုင်သလား။ ကျုပ်သာ ဖမ်းနိုင်၊ ချုပ်နိုင်တာပါ" သူကြီး ဦးဖိုးတေကလည်း ဤသို့ တန်ပြန်ဝါဒဖြန့်လေသည်။

သည်အတိုင်းပင် ကိုပန်းဖူးနှင့် ဦးဖိုးတေသည် ဂုဏ်ပြိုင်လျက် ရှိကြလေသည်။ ကျေးရွာမှူးနှင့် သူကြီးသည် အာဏာလုနေကြသည်။ မြို့တွင်လည်း မြို့ပိုင်နှင့် မြို့နယ်မှူးသည် တစ်ပွဲတစ်လမ်းအကဲစမ်းနေကြလေသည်။ ဒီအထဲ ဂျပန်မာစတာတို့သည် တဖြည်းဖြည်း ရမ်းကားစ ပြုလာကြလေသည်။ ချွေးတပ်များကိုလည်း မကြာခဏ ပေးကြရသည်။ လေယာဉ်ပျံကွင်းကိုလည်း ဆင်း၍ အလုပ်လုပ်ပေးကြရသည်။ ရွာသားတွေ အလှည့်ကျ ထင်းတိုက်ပေးကြရသည်။

သည်အချိန်တွင် ဦးဖိုးတေ တန်ခိုးကြီးသလောက် ကိုပန်းဖူး မှေးမှိန်စ ပြုလာလေသည်။ ရွာတွင်းသို့ ရောက်ရှိလာသော ဂျပန်တို့သည် သူကြီးအိမ်သို့သာ ဦးတည်၍ သွားကြကုန်သည်။ သူကြီးမင်းကလည်း ဦးခေါင်းတညွတ်ညွတ်နှင့် ခစားရရှာသည်။ ရွာသားတွေလည်း ဖတ်ဖတ်မောကြလေပြီ။ သည်အတောအတွင်း သူကြီးမင်း ချွေးတပ်နှင့်ပတ်သက်၍ လာဘ်စားသည်ဟု ကိုပန်းဖူးက စွပ်စွဲလာသည်။ သူကြီးမင်းက သူ့ကို မတရားစွပ်စွဲကာ စစ်အောင်နိုင်ရေးကို ဖျက်လိုဖျက်ဆီးလုပ်ပါသည်ဟု ပြန်လှန် လျှောက်ထားသည်။ နောက်တစ်နေ့တွင် ဂျပန်သုံးယောက် သူကြီးအိမ်မှ တစ်ဆင့်ကိုပန်းဖူးအိမ်သို့ ရောက်လာကြသည်။

"ကိုပန်းဖူး မရှိဘူးလား" ဟု စကားပြန်လုပ်သူက မေးသည်။ ကိုပန်းဖူး က ရှိပါသည်ဟုဆိုကာ အပြင်သို့ ထွက်လာသည်။ သူ့ကိုမြင်လျှင် ဒေါသအမျက်ခြောင်းခြောင်းထွက်နေသည့် ဂျပန်သည် 'ခူးရခါး'ဟု ကျူးရင့်တော်မူကာ ပါးကို ရိုက်လေတော့သည်။ ကိုပန်းဖူးသည် တောင်မသိမြောက်မသိနှင့် အခြောက်တိုက် ခံလိုက်ရပြီ။ သည်ဟာ သူကြီးဦးဖိုးတေ လက်ချက်ပဲဟု ကိုပန်းဖူး တစ်ထစ်ချ စွပ်စွဲလိုက်လေသည်။



နောက်တစ်လလောက် ကြာသောအခါ သူကြီးဦးဖိုးတေ ချွေးတပ်လာဘ်စားမှုနှင့် ပြုတ်လေတော့သည်။ ဦးဖိုးတေ ပြုတ်လျှင် သူကြီးမည်သူဖြစ်မည်နည်း။ ကိုပန်းဖူးသည် သူ့အရိုက်အရာကို ဆက်ခံလေသည်။ သူကြီးပြုတ် ဦးဖိုးတေသည် အိမ်ထဲက အိမ်ပြင်သို့ မထွက်ရဲအောင် ရှက်နေသည့်အချိန်တွင် ကိုပန်းဖူးသည် နှစ်လုံးပူးသေနတ်ကြီးကို ထမ်းကာ မျက်နှာကိုမော့လျက် ရွာထဲတွင် လမ်းသလားလျက် ရှိလေသည်။ ဦးဖိုးတေ၏ ဆွေမျိုးသားချင်းအပေါင်းလည်း ချွေးတပ်ဆွဲခံကြရပြန်လေသည်။ ကိုပန်းဖူးအဖို့ ပျော်တပြုံးပြုံးနှင့် မော်မဆုံး။

မကြာခင် ဂျပန်တွေကို တော်လှန်ပြီး မျက်နှာဖြူ သခင်ကြီးများ ရောက်လာကြပြန်သည်။ လွန်ခဲ့သော သုံးနှစ်လောက်က မဟာမိတ်ဂျပန်များသည် ယခု မိစ္ဆာဂျပန်များဖြစ်၍ လွန်ခဲ့သော သုံးနှစ်လောက်က မိစ္ဆာအင်္ဂလိပ်တို့သည် ယခု မဟာမိတ်အင်္ဂလိပ်များ ဖြစ်သွားကြပြန်လေ၏။ ထိုအခါ ဦးဖိုးတေ တစ်စခန်းထပြန်လေ၏။ သူ့ဆရာဟောင်း အရေးပိုင်ကြီးသည် ယခု ရောမစစ်ဗိုလ်ကြီး ဖြစ်လာသည်ဆိုပါကလား။ ဦးဖိုးတေသည် တပည့်တစ်ယောက်အား ငှက်ပျောခိုင်ကြီးကို ထမ်းစေလျက် ရှေ့တော်သို့ အမြန်ဆုံး အခစားဝင်လေသည်။

"အမယ်လေး၊ ကိုယ်တော်တို့ မရှိလို့ ကျွန်တော်မျိုးကြီး မျက်နှာငယ်ရတယ် ဘုရား" ဟု ခြေသလုံးကို ဖက်၍ မျက်ရည်ခံထိုးလိုက်လေသည်။

"ကိုယ်တော်တို့ မရှိတုန်း သခင်တွေ နှိပ်စက်သမျှကို ခံရတယ်ဘုရား" ဟုလည်း ရေရွတ် ကုန်းချောလိုက်လေသည်။ အရေးပိုင် ကိုယ်တော်မြတ်ကြီးသည်လည်း သူ့တပည့်ကြီး၏ကျောကိုသပ်၍ "ကိစ္စမရှိဘူး မောင်မင်း၊ ကျွန်ုပ် ပြန်လာပြီ"ဟု ဆိုကာ နှစ်သိမ့်စေ၏။ ဦးဖိုးတေအဖို့ ဖရဏာပီတိဝမ်းဆီထိသို့။

'ဂျပန်ခေတ်က ခန့်ထားသောသူကြီးများကို အသိအမှတ်မပြု။ ကျွန်ုပ်တို့ အိန္ဒိယသို့ အောင်မြင်စွာ ဆုတ်ခွာမသွားမီက ခန့်ထားသည့် သူကြီးများသာလျှင် ကျေးရွာများတွင် အုပ်ချုပ်ရန် ခန့်ထားသည်'

ထိုအမိန့်စာများသည် စစ်အုပ်ချုပ်ရေးရုံးတော်များမှ မြို့ပိုင် ရုံးအသီးသီးသို့ ရောက်ရှိလာလေသည်။ ထို့ကြောင့် ဦးဖိုးတေ သူကြီးဖြစ်ပြန်၍ ကိုပန်းဖူး

ရာထူးပြုတ်ပြန်လေ၏။ ဦးဖိုးတေသည် လွန်ခဲ့သော ဆယ်နှစ်လောက်က ဒါဘာပွဲတွင် ဆုအဖြစ် ရရှိခဲ့သော ငွေဓားကြီးကို လွယ်ကာ လမ်းသလားပြန်လေသည်။ သည်လိုနှင့် မပြီးသေးပါ။ ကိုပန်းဖူးသည် လက်နက်များကို သိုဝှက်ထားပါသည်ဟု သတင်းပေးသဖြင့် အချုပ်အနှောင် ခံရပြန်လေသည်။ ကိုပန်းဖူး အဘယ်မှာလျှင် ကျေနိုင်အံ့နည်း။

၃

မောင်ပြုံးချို ရောက်လာသည့်အချိန်တွင် ဆူးပုပ်ကုန်းရွာတွင် ဦးဖိုးတေက သူကြီး၊ ကိုပန်းဖူးက လယ်သမားခေါင်းဆောင် ဖြစ်လေသည်။ သူတို့ နှစ်ယောက်သည် ရေးတုန်းကလို စောင်လျက်ရှိကြတုန်းပင် ဖြစ်လေသည်။

"သည်ကိုပန်းဖူးဆိုတဲ့လူဟာ ဘယ်တုန်းကမှ ကောင်းတဲ့လူ မဟုတ်ဘူး ဘုရား" ဟု နိဒါန်းပျိုးကာ ဦးဖိုးတေသည် ကိုပန်းဖူး၏ အတင်းအဖျင်းများကို ရောက်ခါစ မြို့ပိုင်မောင်ပြုံးချိုအား ပြောကြားလေသည်။

"သူ့ကြည့်ရတော့ဖြင့် နိုင်ငံရေးသမားယောင်ယောင်နဲ့ မဟုတ်တာချည်း လုပ်တာပဲ။ သူတို့တော့ သတိထားပါနော်။ သူက စိတ်ကြီးကလည်း အဝင်သား ဘုရား။ မြို့ပိုင်လောက်၊ နယ်ပိုင်လောက်ကို အဖက်တန်တာ မဟုတ်ဘူး။ အရေးပိုင်လောက်မှ စကားပြောချင်တာ။ ပြီးတော့ ပြောလိုက်သေးတယ်၊ မြို့အုပ်တို့ နယ်ပိုင်တို့ဟာ ပြည်သူ့အစေခံတွေတဲ့၊ ဘယ့်ကလောက်သီးရင့်သလဲ။ ကျွန်တော်မျိုးတော့ သိပ်နားကလောတာပဲ။ ဒီရွာမယ် သူတစ်ယောက် ရှုပ်နေတာပဲ။ သူမရှိရင် အေးရော"

ဦးဖိုးတေသည် တစ်လုံးစ နှစ်လုံးစ ကိုပန်းဖူးကို အပြစ်ဖို့လျက်ရှိလေသည်။ မောင်ပြုံးချိုသည် ပြုံး၍သာ နားထောင်နေရပါသည်။

များမကြာမီ ကိုပန်းဖူးနှင့် မောင်ပြုံးချို တွေ့ကြသောအခါ သူကြီးဦးဖိုးတေအကြောင်းကို နားသောတ ပန်ဆင်ရပြန်လေသည်။

"ကမ္ဘာပေါ်မယ်၊ ဒီသူကြီးလောက် ယုတ်မာတဲ့လူ ဘယ်ရှိမလဲ။ မဟုတ်တာဆိုသမျှ အကုန်လုံး လုပ်တာပဲ"

ကိုပန်းဖူးက ဤသို့ နိဒါန်းပျိုးလိုက်လေသည်။

"ဘာတွေများ လုပ်လို့တုံး" မောင်ပြုံးချိုက မေးလိုက်ပါသည်။



"ဟာ မပြောပါနဲ့တော့"

တကယ်ပဲ အပြောရခက်သလို လက်ဝါးကာ၍ ဦးခေါင်းကို ယမ်းလိုက်သည်။ သို့သော် မောင်ပြုံးချိုက ပြောသာပြောပါဟု အတင်းအဓမ္မမတိုက်တွန်းရဘဲနှင့် ကရားရေလွှတ် တတွတ်တွတ် ပြောပါတော့သည်။

"အရက်ကလည်း သောက်သေးတယ်။ သောက်သမှ အလွန်အကျွံသောက်တာ။ ကျွန်တော်တို့က သောက်တယ်ဆိုပေမယ့် ထမင်းစားကောင်းရုံလောက် သောက်တာပါ။ ပြီးတော့ လာဘ်ကလည်း စားသေး။ ရွာထဲဘာလုပ်နေနေ သူ့ဝေစုပေးရင် ပြီးတာပဲ။ နွားသတ်မလား၊ အရက်ချက်မလား၊ လူသတ်မလား။ သူ့ကိုသာ ပိုက်ဆံပေးရင် ဖမ်းလည်း မဖမ်းဘူး၊ အရေးလည်း မယူဘူး။ ပြီးတော့ မိန်းမလည်း လိုက်စားသေးတယ်။ ဂျပန်ခေတ်တုန်းကလည်း ဖက်ဆစ်ဂျပန်နဲ့ ပေါင်းပြီး လူထုကြီးကို နှိပ်စက်ပါသေးတယ်။ သည်သူကြီးကိုသာ မြို့အုပ်မင်း ဖြုတ်ပေးနိုင်ရင် တစ်ရွာလုံး က မြို့အုပ်မင်းကို ကျေးဇူးတင်မှာပဲ။ ရွာဦးရွာထိပ်မယ် ရုပ်တုကြီးထုပြီး အမြဲ ကိုးကွယ်ထားချင်ကြမှာပဲ"

"သူ တကယ် အပြစ်လုပ်ရင် ပြုတ်မှာပေါ့ဗျ"

"သူ့အပြစ်ရှာဖို့က သိပ်မလွယ်လှဘူး။ သူက သိပ်လည်တာ" ကိုပန်းဖူး လက်မှိုင်ချ၍ ပြောလေသည်။

သည်လိုနှင့် သူကြီး ဦးဖိုးတေက လယ်သမားခေါင်းဆောင် ကိုပန်းဖူး၏ အပြစ်ကို ရှာသည်။ ကိုပန်းဖူးကလည်း ဦးဖိုးတေ၏ အပြစ်ကို ရှာသည်။ သူတို့နှစ်ဦးသည် တစ်ယောက်ကို တစ်ယောက် အလစ်မပေးကြ။ မပိတ်သော မျက်လုံးနှင့် တစ်ယောက်လှုပ်ရှားမှုကို တခြားတစ်ယောက်က အစဉ်ကြည့်နေကြသည်။

အမတော်ကြေးပေးရာတွင် သူကြီးလာဘ်စားသည်ဟု ကိုပန်းဖူးက လျှောက်ထားသဖြင့် မောင်ပြုံးချို အပြေးအလွှား သွားရောက်စစ်ဆေးရသည်။ သို့သော် အထင်အရှားမပေါ်ပေါက်၍ ပလပ်လိုက်ရသည်။ တော်တော်ကြာ ရွာထဲတွင် အရက်ချက်သူတွေကို မဖမ်းမဆီးဘဲနှင့် ခွင့်ပြုထားပါသည်ဟုဆိုကာ ကိုပန်းဖူး၏ တပည့်တစ်ဦးက လျှောက်လာပြန်သည်။ ထို့ကြောင့် သူကြီးကို ထုချေလွှာ တောင်းရပြန်သည်။ သူကြီးက သည်လိုဟာမျိုးတော့

လျင်ပြီးသား။ စိစိညက်ညက် ကြေသွားအောင် ထုချေလိုက်သည်။ မကြာခင် ကိုပန်းဖူး၏ဘက်တော်သား သာထူးသည် လျှောက်လွှာကြီး ကိုင် ၍ ရောက်လာပြန်သည်။ ဘယ်သို့သော အကြောင်းနည်း။ သူကြီး ဦးဖိုးတေသည် ကြက်ဝိုင်းတွေ ထောင်နေပါသည်ဟု တိုင်တန်းလာခြင်း ဖြစ်သည်။ သူကြီးကို ခေါ်ယူ၍ ကြိမ်းလား၊ မောင်းလား လုပ်ရပြန်သည်။ ဦးဖိုးတေက ထိုကြက်ဝိုင်းလုပ်သည့်နေ့က မိမိ ရွာမှာပင် မရှိ။ ရုံးသို့ အခွန်တော် ငွေတွေ သွင်းရန် လာနေပါသည်ဟု ဆိုကာ သက်သေအထောက်အထားပြ၍ အလွတ်ရုန်းသည်။ တောင်ပိုင်းက အီစမ်အင် နွားသတ်ရောင်းသည်ကို သူကြီး ဦးဖိုးတေသည် အသည်းနှလုံးနှင့် အစုံသည်းစုံရသောကြောင့် အရေးမယူ၊ မသိချင်ယောင် ဆောင်နေပါသည်ဟု ကိုပန်းဖူးကိုယ်တိုင် လာပြောပြန်သည်။ စစ်ဆေးကြည့်သောအခါ အီစမ်အင်က မိမိနွားကလေး ပိုးထိ၍ သေသည်ကို သူကြီးကိုတိုင်၍ အသားကို ရောင်းစားခြင်းဖြစ်ပါသည်ဟု ဆိုသည်။ သူကြီးကိုလည်း ဘာတစ်ခုမျှ မပေးမကမ်းရပါဟု ဆိုကာ ဘုရားစူးရပါစေရဲ့ဟု ကျိန်တွယ်အစစ်ခံလေသည်။

သည်အတိုင်းပင် ကိုပန်းဖူးကိုယ်တိုင်ဖြစ်စေ၊ သူ့အပေါင်းအဖော်ဘက်တော်သားများကို လွှတ်လိုက်၍ဖြစ်စေ သူကြီး၏အပြစ်များကို လာရောက်တိုင်တန်းလေ့ ရှိသည်။ မောင်ပြုံးချိုခမျာမှာလည်း လာတိုင်တိုင်း စစ်ရ၊ ဆေးရ စုံစမ်းရနှင့် မအားနိုင်အောင် အလုပ်ရှုပ်နေပါတော့သည်။

သူကြီးမင်း ဦးဖိုးတေကလည်း သူ့အပြစ်ကို အပတ်တကုတ် ရှာဖွေနေသော ကိုပန်းဖူးအား အေးအေး ကြည့်မနေပါ။ သူကလည်း အချက်ရတိုင်း အလဲထိုးနိုင်ရန် ကြိုးစားနေပါသည်။

"ကိုပန်းဖူးဆိုတဲ့လူဟာ အရှင်ဘုရားကြီးများ မြန်မာပြည်က ထွက်ကြွသွားတုန်းက တော်လှန်တဲ့ သူပုန်တစ်ဦးပါ ဘုရား"

ဂျပန်များပြေး၍ အင်္ဂလိပ် ပြန်ရောက်လာစက ဤသို့ သံတော်ဦးတင်ခဲ့သည်။ ထို့ကြောင့် ကိုပန်းဖူး သုံးလေးရက်လောက် အချုပ်အနှောင်ခံခဲ့ရသည်။

"အခုလည်း တော်လှန် ပုန်ကန်ဖို့ လက်နက်အင်အားတွေ စုနေပြန်ပါပြီ"



အတန်ကြာပြန်သောအခါ ဤသို့ လျှောက်ထားပြန်သည်။ ပုလိပ်က စစ်လား မေးလား လုပ်ခြင်းကို ကိုပန်းဖူးခံရပြန်လေသည်။

"ဒီလူက ဂျူန်နဲ့ အဆက်အသွယ် ရှိတယ်။ သူ့ကို ဒီလိုထားလို့ မဖြစ်ဘူး"

ဗိုလ်ချုပ် လုပ်ကြံခံရသည့်အချိန်တွင် တစ်မျိုး ခြေထိုးပြန်သောကြောင့် ကိုပန်းဖူး အချုပ်ခံရပြန်သည်။

"အခု ကွန်မြူနစ်ယောင်ယောင် ဖြစ်နေပြန်ပြီ။ လယ်ခတွေ ဘာတွေ မပေးရဘူးလို့ တရားဟောနေတယ်။ အတော်ကြောက်စရာ ကောင်းတဲ့လူ။ သူ ရွာထဲရှိနေရင် ကျွန်တော်မျိုးတောင် အိမ်မအိပ်ရဲတော့ဘူး"

ဦးဖိုးတေက သူ့အိမ်ရောက်လာသည့် အင်စပက်တော်မင်းနှင့် မြို့ပိုင်မောင်ပြုံးချိုကို တိုးတိုး တိုးတိုးနှင့် တိုင်ကြားပြန်သည်။ မောင်ပြုံးချိုတို့ ခေါင်းနပမ်းကြီး၍ ကြက်သီးမွေးညင်း ထကုန်ကြသည်။ အသေအချာစုံစမ်းကြည့်သောအခါ သူပြောသလောက် မဟုတ်သည်ကို တွေ့နေရသည်။

သူတို့နှစ်ယောက်မတည့်သည်နှင့် မောင်ပြုံးချို အလုပ်ပိုတွေ လုပ်နေရပါပြီ။ သူကြီးက လာပြောလျှင်လည်း ဟုတ်နိုးနိုး၊ ကျေးရွာ ခေါင်းဆောင်က လာတိုင်လျှင်လည်း မှန်နိုးနိုးနှင့် မေးရ၊ မြန်းရ၊ စုံစမ်းရ နှင့် မအားနိုင်။ လာတိုင်သည်ကို အရေးမယူဘဲနေပြန်လျှင် မြို့ပိုင် အတင်းအဖျင်းများကို ကွယ်ရာက ပြောနေလိမ့်မည်။ ကျေးရွာခေါင်းဆောင် လာပြောသည်ကို လျစ်လျူရှုထားပြန်လျှင်လည်း သည်ဗြူရိုကရက်မြို့ပိုင်သည် သူ့ တပည့်သူကြီးကို ကာကွယ်လျက် ရှိသည်ဟု ဆိုဦးမည်။ သည်ဒုက္ခအပေါင်းမှ ကင်းဝေးရန် သူတို့နှစ်ဦး သင့်တင့်မှ ဖြစ်မည်။ သူတို့နှစ်ယောက် ညီညွတ်မှ ဟန်ကျမည်။ သူတို့နှစ်ယောက် ကွဲပြားနေသည့်အတွက် ရွာသားတွေလည်း နှစ်ခြမ်းဖြစ်နေပြီ။ သူတို့တစ်တွေသာ သင့်သင့်မြတ်မြတ် ဖြစ်သွားလျှင် တစ်ရွာလုံးစည်းလုံးသွားမည် မဟုတ်ပါလော။

"အင်စပက်တော်ကြီးရဲ့၊ ဒီ လူနှစ်ယောက်ကိုတော့ ညီညွတ်အောင် လုပ်ပေးမှ တော်မယ်" မောင်ပြုံးချိုက ရဲ အင်စပက်တော်ကို တိုင်ပင်လိုက်သည်။

"သူ့ဟာသူ နေစမ်းပါစေဗျာ၊ ဒုက္ခမရှာစမ်းပါနဲ့" ရဲ့ အင်စပက်တော်က သဘောမတူပါ။

"အစ်ကိုကြီး၊ ဒီ ဆူးပုပ်ကုန်းမယ် သူကြီး ဦးဖိုးတေနဲ့ ကျေးရွာလယ်သမားခေါင်းဆောင်ကိုပန်းဖူးတို့ မတည့်တာ သိပ်ခွကျတာပဲ" မောင်ပြုံးချို က နယ်ပိုင်ဝန်ထောက်မင်းကို တိုင်တည်လေသည်။

"ဒါ ခင်ဗျာ့ အပူ တစ်ပြားသားမပါ ပါဘူး၊ အေးအေး နေစမ်းပါ" နယ်ပိုင်ဝန်ထောက်မင်းက အရေးမကြီးသလို ပြောလေသည်။

"မဟုတ်ဘူး ခင်ဗျ၊ ညီညွတ်ရေးဟာ အတော် အရေးကြီးတာပဲ။ ကျေးရွာတွေ ညီညွတ်မှ မြို့နယ်တစ်ခုလုံး ညီညွတ်မယ်။ မြို့နယ်တွေ ညီညွတ်မှ ခရိုင်တွေ ညီညွတ်မယ်။ ခရိုင်တွေ ညီညွတ်မှ တစ်နိုင်ငံလုံး"

"တယ် လျှာရှည်တဲ့ မိချောင်းပဲ"

"မဟုတ်ဘူး ခင်ဗျ၊ ဝန်ကြီးချုပ်ကတောင် တစ်နိုင်ငံလုံး အစွမ်းကုန် ညီညွတ်"

"ခင်ဗျား လုပ်ချင်တာ လုပ်ဗျာ။ ကျုပ်ပြောမနေစမ်းပါနဲ့" နယ်ပိုင်ကြီးက ဤသို့ ဆောင့်ကြီးအောင့်ကြီးနှင့် စကားဖြတ်လိုက်လေ၏။

နောက်တစ်နေ့ ဆူးပုပ်ကုန်းရွာမှ အသက်ခြောက်ဆယ်ကျော် ဦးသာဗျောနှင့် တွေ့ပြန်၍ မောင်ပြုံးချိုသည် သူ့ညီညွတ်ရေးတရားကို စ၍ ဟောပြန်သည်။ ဦးသာဗျောကား သီလသမာဓိနှင့် ပြည့်စုံသူဖြစ်သည်။ သူသည် သူကြီးကိုလည်း အားမပေး။ ကိုပန်းဖူးလူလည်း မဟုတ်။ ရွာထဲမှ အဖြစ်အပျက်များကို ဘယ်သူ့မှ အားမနာဘဲ မှန်ရာကို ပြောတတ်သူ ဖြစ်သည်။

"ဘကြီး ညီညွတ်ရေးဟာ အတော်အဖိုးတန်တယ်နော်"

မောင်ပြုံးချိုက ဤသို့ စကားစလိုက်သည်။

"ဟာ အဖိုးတန်တာပေါ့၊ ဘယ်ပြောကောင်းမလဲ။ ညီညာတော့ ပြည်သာသတဲ့" အဘိုးကြီးက ထောက်ခံလေသည်။

"ဘကြီး ရွာက နှစ်ခြမ်းကွဲနေတာ အတော်ဆိုးတာပဲ"

"အင်း ဆိုးတယ်"

"ဒီတော့ ဦးဖိုးတေနဲ့ ကိုပန်းဖူးကို သင့်မြတ်အောင် လုပ်ပေးရင် မကောင်းဘူးလား"



မောင်ပြုံးချို၏ စကား ကြားရသော ဦးသာဗျောသည် တွေ၍ စဉ်းစားနေလေသည်။

"ညီညွတ်ခြင်းဆိုတာဟာ အလွန်အဖိုးတန်တာပဲ ဘကြီးရဲ့။ ဒါကိုတော့ ဘကြီးလည်း သဘောတူသားပဲ။ အခု ရွာထဲမယ် သူ့လူ ငါ့လူနဲ့ နှစ်ခြမ်းကွဲနေတာ ဘယ်လောက်အရုပ်ဆိုးသလဲ။ ဦးဖိုးတေကလည်း သူ့အသိုက်အဝန်းနဲ့ သူ ရှိတာပဲ။ ကိုပန်းဖူးကလည်း သူ့နောက်လိုက်အခြွေအရံတွေ ရှိတာပဲ။ အခုဆို သူတို့နှစ်ယောက် မတည့်တာနဲ့ ဘုန်းကြီးကျောင်းတောင် နှစ်ကျောင်း ပြိုင် ဖြစ်နေပြီ။ ရုံးမလည်းတစ်ယောက် တစ်မျိုး အတိုင်အတော ထူလိုက်ကြတာ လွန်ရော။ သူတို့ကိစ္စတွေ လိုက်ရှင်းနေရတာနဲ့ တခြားအလုပ်ကို မလုပ်ရတော့ဘူး။ သူတို့သာ ညီညီညွတ်ညွတ်ရှိသွားရင် ဒီဒုက္ခတွေ ဘာမှရှိတော့မှာ မဟုတ်ဘူး။ ဆူးပုပ်ကုန်းရွာကလေးဟာလည်း ညီညီညွတ်ညွတ်နဲ့ ဘယ့်ကလောက် သာယာမလဲပဲ။ သာရေး၊ နာရေးတွေမလည်း ညီညီညာညာ ဆောင်ရွက်ကြလို့။ ဟာဗျာ သိပ်ပျော်စရာ ကောင်းမှာပဲ"

မောင်ပြုံးချိုသည် ညီညွတ်သော ဆူးပုပ်ကုန်းရွာကလေးကို မဒီဒေဝီ၏ ဟိမဝန္တာချီးမွမ်းခန်းလို စိတ်ကူးယဉ်၍ ချီးမွမ်းပြလိုက်လေသည်။

ဦးသာဗျောကား ကွမ်းသီးဖက်ဆေးလိပ်ကြီးကို ဖွာရင်း ငေး၍ နားထောင်နေလေသည်။ စကားပြန် မရသေး။

"ပြီးတော့လည်း အစွမ်းကုန်ညီညွတ်ကြပါ"လို့ မောင်ပြုံးချို စကား မဆုံးမီ "အင်း ညီညွတ်တာတော့ ကောင်းပါတယ်"ဟုပြောပြီး ဦးသာဗျောသည် ရပ်နေပြီးနောက် "သို့ပေမယ့် အင်း စမ်းကြည့်သေးတာပေါ့ မြို့အုပ်မင်းရာ"ဟု ပြောကာ နေရာမှ ထသွားလေသည်။

မောင်ပြုံးချို ဆူးပုပ်ကုန်းရွာ ညီညွတ်ရေးကို အစွမ်းကုန် ကြိုးစားနေပါပြီ။ သူကြီးမင်း ဦးဖိုးတေတို့အိမ်သို့ ဖိတ်ခေါ်၍ ထမင်းကျွေးပြီးနောက် လက်ဖက်ရည်ကြမ်းသောက်ရင်း ညီညွတ်ရေးတရားကို ဟောပြောရသည်။ ခေတ်ပြောင်းလာသည့် အကြောင်းကို အစချီ၍ တဖြည်းဖြည်း ဆွယ်နေလေသည်။

"သူကြီးမင်းရဲ့ ရှေးတုန်းကလို မဟုတ်တော့ဘူး။ အခု ခေတ်တွေ ပြောင်းလာကုန်ပြီ" မောင်ပြုံးချိုက စကားစလိုက်သည်။

"မှန်ပါ၊ ကျွန်တော်မျိုးလည်း ခေတ်ပြောင်းတာတော့ ကောင်းကောင်း သိပါတယ်။ ဟိုတုန်းက အင်္ဂလိပ်အစိုးရခေတ်၊ ကျွန်တော်မျိုး သူကြီးစ ဖြစ်တာပဲ။ ဒီတုန်းကပေါ့ ရွေးကောက်ပွဲ နိုင်ပေမယ့် သူကြီးမဖြစ်သေးဘူး ဆိုလို့ နယ်ပိုင်ဝန်ထောက်မင်းကိုတောင် မိန်းမနားကပ်လေးရောင်းပြီး ငွေ နှစ်ရာကန်တော့လိုက်ပါသေးတယ်။ နောက် အင်္ဂလိပ်အစိုးရ ထွက်ပြေးပြီး ဘီအိုင်အေ ခေတ်တဲ့။ ကြောက်စရာကောင်းလိုက်တဲ့ ဖြစ်ခြင်း။ ဒီငပန်းဖူး ခေါင်းထောင်တဲ့ ခေတ်၊ ပြီးတော့ ဒီကောင်တွေ ပြန်ဝပ်သွားတာပါပဲ။ နောက် အင်္ဂလိပ်အစိုးရကြွေ ပြန်လာ။ ငပန်းဖူးကိုတောင် ဖမ်းလားဆီးလား လုပ်သေးတယ်။ အခု လွတ်လပ်ရေးရတဲ့ သမ္မတခေတ်။ အင်း ခေတ်တွေတော့ အများကြီး ပြောင်းခဲ့သပေါ့ ဘုရား"

မောင်ပြုံးချိုပင် ငေးနေလောက်အောင် ဦးဖိုးတေသည် ခေတ်ပြောင်း တရားကို တတွတ်တွတ် ဟောသွားပါတော့သည်။

"သူကြီးမင်းရဲ့ ခေတ်ပြောင်းတယ်ဆိုတာ ဒီလို အုပ်ချုပ်တဲ့ လူတွေ ပြောင်းလဲတာကိုချည်း ခေါ်တာ မဟုတ်သေးဘူးဗျ။ လူတွေရဲ့ စိတ်နေ သဘောထား၊ အယူအဆ၊ အတွေးအခေါ်၊ အနေအထိုင်၊ အပြောအဆိုတွေပါ ပြောင်းလဲလာတာကို ဆိုတာ။ ဥပမာဗျာ ရှေးတုန်းကဆိုရင် သူကြီးက မြို့ပိုင် နယ်ပိုင် အရေးပိုင်တွေကို ရှိခိုးကြတယ်။ ရှိခိုးမှလည်း သူတို့တစ်တွေက သဘောကျတယ်။ ဘုရားထူးရတယ်။ ကျွန်တော်မျိုးလို့ ပြောရတယ်။ ဒီလိုပြောမှဆိုမှ လည်း သဘောကျတယ်။ ဒီခေတ်မယ် ဒီလိုမဟုတ်တော့ဘူး။ အရာရှိတွေကို သူကြီးက ဘုရားထူးဖို့ မလိုဘူး။ ကျွန်တော်မျိုးလို့လည်း ကိုယ့်ကိုယ်ကို နှိမ့်ချ ပြီး ခေါ်ဖို့မလိုဘူး။ အရာရှိတွေကလည်း ဒီလို ရှိခိုးခံ၊ ဘုရားထူးခံချင်တဲ့ စိတ်တွေလည်း မရှိကြတော့ဘူး။ ရှိလို့လည်း မဖြစ်တော့ဘူး။ ဘေးက ကြားရမြင်ရတဲ့ လူတွေကလည်း မကြည့်ချင် မကြားချင်ကြတော့ဘူး ဟုတ်လား"

"ဟုတ်ကဲ့၊ ကျွန်တော်မျိုး သိပါတယ်ဘုရား"

"ဟော ပြောရင်း ဆိုရင်း"

"နှုတ်ကျိုးနေလို့ပါ ကိုယ်တော်"



"ကိုယ်တော်လို့လည်း ခေါ်ဖို့ မလိုတော့ဘူး။ အဲဒီတော့ ဒီခေတ်မယ် လူတိုင်း လူတိုင်း စိတ်ထားပြောင်းကြရလိမ့်မယ်။ ရှေးတုန်းက စိတ်မျိုးတွေ ထားလို့ မဖြစ်တော့ဘူး။ သူကြီးဆိုတဲ့ ပုဂ္ဂိုလ်ကလည်း ရွာသူ၊ ရွာသားတွေရဲ့ အကျိုးကို ကြည့်ပြီး ဆောင်ရွက်သွားရလိမ့်မယ်။ ပြီးတော့ ရှေးတုန်းကလို ငါထင်တာကြိမယ်ဆိုပြီး တစ်ယောက်တည်း ထင်တိုင်း တွေ့ကရာတွေ လျှောက်လုပ်လို့လည်း မဖြစ်တော့ဘူး။ နေရာတိုင်းမယ် လူထုဆန္ဒယူပြီး ကျေးရွာမယ်ရှိတဲ့ ခေါင်းဆောင်များနဲ့ တိုင်တိုင်ပင်ပင် လုပ်ကြရမယ်ဗျ"

"ကျေးရွာ ခေါင်းဆောင်ဆိုတာ ပန်းဖူးလို ကောင်မျိုးလား ဘုရား။ ဟုတ်ပေါင် ယောင်လို့၊ ဟို ပန်းဖူးကို ပြောတာလား"

"အင်း သူလည်း ပါတာပေါ့"

"ဒီလိုကောင်မျိုးနဲ့ ဘယ်တော့မှ တိုင်တိုင်ပင်ပင် လုပ်လို့ မရပါဘူး ကိုယ်တော်၊ ဟုတ်ပေါင် ယောင်လို့"

"ဘာကြောင့်လဲဗျာ"

"ဟာ ဒီကောင်က ကောင်းမှ မကောင်းဘဲ"

"ဘယ်လို မကောင်းတာလဲ"

"ဟာ ကောင်းကို မကောင်းပါဘူး"

"မကောင်းတာလည်း ပြောဦးမှာပေါ့"

"မကောင်းဆို အလွန်မကောင်းတဲ့ လူပါ"

သူ့ကို မေးနေလို့ မဖြစ်ပြီ။ ကိုပန်းဖူး မကောင်းသည်ကို ဦးဖိုးတေ အကြောင်း မပြနိုင်ပါ။

"သူကြီးမင်းရေ၊ ခေတ်ကတော့ အဲဒီလို တိုင်တိုင်ပင်ပင် လုပ်ကြရမယ့် ခေတ်ရောက်နေတာပဲ။ တစ်ယောက်တည်း ထင်ရာကြိတဲ့ ခေတ်ကတော့ လွန်လာခဲ့ပြီဗျ"

"ဒီလိုဆို အတော်ခက်တာပဲ" ဦးဖိုးတေသည် ဖြူနေသော ဦးခေါင်းကို အားရပါးရ ကုတ်နေလေသည်။

"ညီညွတ်ကြစမ်းပါဗျာ၊ ညီညွတ်ကြစမ်းပါ။ တစ်ယောက်နဲ့ တစ်ယောက် သင့်သင့်မြတ်မြတ် ဆိုရင် ခင်ဗျားတို့ ဆူးပုပ်ကုန်းရွာကလေးဟာ ပျော်စရာကလေးပေါ့"

မောင်ပြုံးချိုသည် ဤသို့ နိဂုံးချုပ်၍ သူကြီး ဦးဖိုးတေကို ပြန်လွှတ်လိုက်လေ၏။ ဦးဖိုးတေလည်း ချွေးတွေကျလျက် ထွက်ခွာသွားလေ၏။

နောက်တစ်နေ့တွင် လယ်သမားခေါင်းဆောင်ကြီးကိုပန်းဖူးကို ဖိတ်ခေါ်ပြန်၍ ညီညွတ်ရေးတရားကိုဟောကြားရာ ခေတ်ပြောင်းပုံ စတင် ပြောကြားလေ၏။

"ဦးပန်းဖူးရေ ခေတ်တွေတော့ ပြောင်းကုန်ပြီဗျ။ အရင်လို မဟုတ်တော့ဘူး"

မောင်ပြုံးချိုက ဤသို့ စကားစလိုက်ရာ ကိုပန်းဖူးသည် လက်ဖက်ရည်ကြမ်းကို ရှိုခနဲ စုပ်သွင်းလိုက်ပြီးနောက် ပန်းကန်ကို စားပွဲပေါ် ပြန်ချလိုက်လေသည်။

"ဟာ ဟုတ်တာပေါ့၊ ခေတ်တွေ တကယ်ပြောင်းတာ၊ အဲဒီခေတ်ပြောင်း တော်လှန်ရေးတွေမယ် ကျွန်တော်တို့ တောင်သူလယ်သမား လူထုကြီး တစ်ရပ်လုံး အုံကြွပြီး တော်လှန်ခဲ့ကြတာပေါ့ဗျ။ ဒီနယ်မယ်ဆိုရင် တော်လှန်ရေးအပွဲပွဲမယ် ကျွန်တော် ခေါင်းဆောင်ပဲ။ အင်္ဂလိပ်ကိုလည်း ဆော်ခဲ့တယ်။ ဂျပန်ကိုလည်း နှိပ်ခဲ့တယ်။ ဒီခေတ်တွေ ပြောင်းလာရတာ ကျွန်တော်တို့ကြောင့်ပေါ့။ အဲဒါကို ဒီကိုဖိုးတေလို တစ်ပါးကျွန် ဖြူရိုကရက် သူကြီးတွေက ချိုးနှိမ်ချင်တယ်။ ဘယ်ရမလဲဗျာ၊ ဟင်း ဖိရင် ကြွမယ်ဆိုတာ တောင်သူလယ်သမား လူထုကြီးပေါ့"

ဦးပန်းဖူးသည် တော်လှန်ရေးများတွင် သူမည်ကဲ့သို့ ဆောင်ရွက်ခဲ့ပုံများကို ပြောပြနေလေသည်။

"ဟုတ်ကဲ့ ခေတ်ပြောင်းတာနဲ့အတူတူ ကျွန်တော်တို့ စိတ်ဓာတ်တွေလည်း ပြောင်းဖို့လိုလာပြီဗျ" မောင်ပြုံးချိုက ဆွယ်လိုက်ပြန်သည်။

"ဟုတ်ကဲ့၊ ဒီလိုပေါ့။ အခုဆိုရင် ကိုဖိုးတေတို့လို လူတွေဟာ နည်းနည်းကလေးမှ စိတ်ပြောင်းရမှန်း မသိခဲ့ဘူးခင်ဗျ။ သူတို့က အရင်တုန်းကလိုပဲ မြို့အုပ်တွေ ဘာတွေကို ကြက်ဥကလေးပေး၊ ဘာလေးပေးနဲ့ သူတို့ ထင်တာ လုပ်နိုင်တယ် ထင်နေတာ"

သူသည် မြို့အုပ်ရှေ့တွင် မြို့အုပ်အကြောင်း ပြောမိနေ၍ မျက်နှာပူသလို ဖြစ်သွားပြီးမှ ပြုံးယောင်သန်းကာ စကားဆက်ပြန်လေသည်။



"အင်း သူတို့က ထင်တာကို ဖက်ဆစ်စနစ်နဲ့ လုပ်နိုင်လိမ့်မယ် ထင်နေသေးတယ်။ လူထုက အရင်တုန်းကလို မခံတော့ဘူးဆိုတာ မသိဘူး။ လူထုလက်ထဲမယ် ဘယ်လောက်အာဏာတွေ ရှိတယ်ဆိုတာ သူတို့ မသိဘူး။ ကျွန်တော်တို့လို လူထုခေါင်းဆောင်တွေ ဘာတွေ လုပ်နိုင်တယ်ဆိုတာ သူတို့မရိပ်မိဘူး။ အဲဒါ မြို့အုပ်မင်းတို့က သူကြီးတွေ သဘောပေါက်အောင် ပြောဖို့ လိုတယ်ဗျ" ကိုပန်းဖူးသည် အားရပါးရကြီး ပြောနေလေသည်။

"ဟုတ်ကဲ့၊ ခင်ဗျားပြောသလို စိတ်ထားမပြောင်းတဲ့ လူတွေလည်း ရှိဦးမှာပေါ့ဗျာ"

"ရှိဦးမှာ မဟုတ်ပါဘူး။ အများကြီး ရှိပါတယ်"

"ရှိပါတယ်။ ကျွန်တော်ကလည်း မရှိဘူးလို့ မဆိုပါဘူး"

"ဒီလူတွေ ခေတ်အကြောင်း သိအောင် လုပ်ပေးဖို့ လိုပါတယ်"

"စင်စစ်တော့ စိတ်ဓာတ်ဆိုတာ နှစ်ဖက်စလုံး ပြောင်းဖို့ လိုတယ်ခင်ဗျ။ တစ်ဖက်တည်း ပြောင်းနေလို့တော့ မဖြစ်ဘူး။ ကျွန်တော်တို့ အစိုးရဘက်ကလူတွေကလည်း ပြောင်းမယ်။ ခင်ဗျားတို့ နိုင်ငံရေးဘက်က လူတွေကလည်း ပြောင်းကြမှ ဖြစ်မယ်"

မောင်ပြုံးချိုက ပြောလိုက်ရာ ကိုပန်းဖူးသည် မျက်လုံးပြူးလာလေ၏။

"ကျွန်တော်တို့ဘက်ကပြောင်းစရာ မရှိပါဘူးဗျာ။ အစတုန်းကတည်းက ခြောက်ပြစ်ကင်းတွေပါ။ ပြည်သူလူထုအတွက် အသေခံ လုပ်နေတဲ့ လူတွေပါ"

"ဒီလိုပြောလို့တော့ မရဘူးဗျ။ အစိုးရဘက်က လူတွေကလည်း လူထုကို လေးစားလာရမယ်။ ခင်ဗျားတို့ဘက်ကလည်း အစိုးရဘက်က လူတွေဟာ ရှေးတုန်းကလို အင်္ဂလိပ်ကျွန်တွေ မဟုတ်တော့ဘူး။ ငါတို့ ခေါင်းဆောင်တွေ ဖြစ်တဲ့ အစိုးရအဖွဲ့က ခိုင်းစေတာကို လုပ်နေရတဲ့ လူတွေဆိုရာ မြင်လာမှ ကောင်းမယ်"

"ဒါတော့ ကျွန်တော်တို့လည်း သိသားပဲ"

"သိရင် အဲဒီစိတ်ဓာတ်မျိုး ထားနိုင်ရမယ်ဗျ။ ဥပမာဆိုပါတော့ ဦးဖိုးတေဟာ ခင်ဗျားတို့ ရွာသူ ရွာသားတွေ မဲနဲ့ တင်ထားကြတဲ့ သူကြီး

ပဲ။ လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်လောက်က သူကြီးဖြစ်တယ်။ နောက် မကြာသေးခင်က ပြိုင်ရွေးတော့လည်း သူပဲ ရတယ်။ အဲဒါကြောင့် သူ့ကို ခင်ဗျားတို့ သူကြီးအဖြစ်နဲ့ ခန့်ထားရတော့ သူကြီးနဲ့တူအောင် ခင်ဗျားတို့က လေးစားရမယ်။ သူ့ကို မြန်မာအစိုးရကိုယ်စား ရှိသေရမယ်။ အင်္ဂလိပ်ကခန့်တဲ့ သူကြီးလို အထင်သေးလို့ မတော်ဘူး"

"သူကြီးကတော့ ဘယ်သူခန့်ခန့် ကောင်းတဲ့ သူကြီး မဟုတ်ပါဘူး ဗျာ"

"အဲ၊ အဲဒီစိတ်ဓာတ်တွေ ခက်နေတာပဲ။ ခေတ်ပြောင်းလာပြီဗျာ။ စိတ်ဓာတ်တွေပြောင်းပြီး ညီညွတ်ကြစမ်းပါ" မောင်ပြုံးချိုက တိုက်တွန်းလိုက်လေ၏။

"ဘယ်လို ခေတ်ပြောင်းပြောင်း ဒီသူကြီးက စိတ်မပြောင်းလို့ ခက်နေတာပေါ့။ သိပ်ညစ်ပတ်တဲ့ သူကြီး၊ သိပ်မကောင်းတဲ့ သူကြီး၊ အလွန်မကောင်းတဲ့ သူကြီး၊ သိပ်ဆိုးတဲ့ သူကြီး"

"ဘယ်လို ဆိုးတာပဲဗျ"

"ဟာ မပြောပါနဲ့တော့၊ သိပ်ဆိုးတဲ့သူကြီး"

"ဆိုးပုံလေးတွေ ပြောပါဦးဗျ"

"အတော်ဆိုးပါတယ်ဗျာ"

သူကြီးဆိုးပုံတွေကို ကိုပန်းဖူး အကြောင်း မပြလိုပါ။

"ညီညွတ်ရေးဟာ အလွန်အရေးကြီးပါတယ်ဗျာ။ ခင်ဗျားတို့ နှစ်ယောက်သာ ညီညွတ်ရင် ဆူးပုပ်ကုန်းရွာကလေးဟာ ဘယ်လောက် ပျော်စရာကောင်းမလဲ"

ကိုပန်းဖူးသည် မကြားယောင်ပြု၍ ငေးနေလေသည်။

"အခုတော့ သူကြီးကတစ်မျိုး။ ခင်ဗျားက တစ်မျိုးနဲ့ ရွာကလေး ဆီးရွက်လောက် နှစ်ခြမ်းကွဲနေတာပေါ့ဗျ။ စိတ်ညစ်စရာကြီးဗျာ။ ညီညီညွတ်ညွတ်သာ ဆိုရင် သိပ်ဟန်ကျမှာပဲ။ ညီညွတ်ရေးရအောင် ကြိုးစားကြစမ်းပါဗျာ။ သူကြီးကိုလည်း ကျွန်တော် ပြောပါဦးမယ်။ ခင်ဗျားကလည်း ကျောင်းတော်က ရန်စတွေ မေ့ပစ်လိုက်ပေါ့ဗျာ။ အာဃာတတွေ ဖျောက်လိုက်စမ်းပါ" မောင်ပြုံးချိုက ဤသို့အဆုံးသတ်လိုက်ရာ ကိုပန်းဖူး မျက်မှောင်ကုတ်၍ ပြန်သွားလေ၏။



၅

မောင်ပြုံးချိုသည် တစ်လခန့် မနေမနား ကြိုးစားလိုက်ရာ ဦးဖိုးတောနှင့် ကိုပန်းဖူးတို့ ညီညွတ်သွားကြလေသည်။ မောင်ပြုံးချိုသည် သူ့ကြိုးပမ်းချက် အောင်မြင်မှုကြီးကို အဖန်ဖန်သုံးသပ်ရင်း ပီတိဖြစ်နေလေသည်။ ရုံးတွင်လည်း ရှေးတုန်းကလို ဆူးပုပ်ကုန်းရွာမှုများ မရှုပ်ကြတော့ပါ။ မည်သည့် ကိစ္စတွင်မဆို ဦးဖိုးတောနှင့် ကိုပန်းဖူးအတူတကွ ဆောင်ရွက်နေကြသည်ကို တွေ့ရလေသည်။ သည်တွင်မကသေး။ ဦးဖိုးတောနှင့် ကိုပန်းဖူးတို့ ညီညွတ်ပုံများကတော့ ဆွေမျိုးချင်းဆက်ဖို့ကိုပင် စီမံနေကြပါပြီ။

တစ်နေ့သော် ကိုပန်းဖူးရော ဦးဖိုးတောပါ မောင်ပြုံးချိုအိမ်သို့ရောက်လာ၍ မင်္ဂလာဆောင်ဖိတ်စာတစ်ခုကို ကမ်းလေသည်။ ဖတ်ကြည့်လိုက်ရာ ဦးဖိုးတော၏ သားထွေး ပေါက်တူးနှင့် ကိုပန်းဖူး၏ သမီး လှရင် တို့၏ မင်္ဂလာဖိတ်စာ ဖြစ်လေသည်။ သူတို့နှစ်ဦးသည် မောင်ပြုံးချိုကို ကြည့်၍ ပြုံးနေကြသည်။ မောင်ပြုံးချိုကလည်း အသံကလေးများပင် ထွက်အောင် ရယ်မောလိုက်သည်။

"ခင်ဗျားတို့ဟာကလည်း ညီညွတ်ချင်တော့ အမျိုးတောင်တော်ကုန်ကြပါပကောလားဗျ" မောင်ပြုံးချိုက ပြောလိုက်ရာ

"မြို့အုပ်မင်း ကျေးဇူးပါပဲ"ဟု နှစ်ဦးစလုံးက ပြောကြလေသည်။

မောင်ပြုံးချိုအဖို့တော့ 'ဖေကြီးတာဗျ၊ ဖေကြီးတာ'ဟုသာ အော်လိုက်ချင်တော့သည်။

နောက် သုံးလလောက်ကြာသောအခါ နယ်ပိုင်ဝန်ထောက်၊ ရဲအင်စပိတ်တော်၊ ယစ်မျိုးအရာရှိများနှင့်အတူ မောင်ပြုံးချိုသည် နွားလှည်းကိုစီးကာ ဆူးပုပ်ကုန်းရွာဘက်သို့ တောလှည့် ထွက်လာကြသည်။ လမ်းခရီးတောစပ်တွင် ထိုရွာမှ ဦးသာချောကြီး တစ်ယောက်တည်း လမ်းလျှောက်နေသည်ကို တွေ့၍ မောင်ပြုံးချိုက စတင်နှုတ်ဆက်ကာ လှည်းပေါ်တက်၍ လိုက်ခဲ့ရန် ခေါ်ဆောင်လိုက်လေသည်။ အဘိုးကြီးလည်း တစ်ဖက်ရွာမှ ပြန်လာခဲ့ခြင်းဖြစ်ရာ အခန့်သင့်ပင် တက်၍ လိုက်လာလေသည်။ မောင်ပြုံးချိုအတွက် အခါအခွင့်ရလေပြီ။ ညီညွတ်ရေးကို စတင်ပြောဆိုစဉ်က အရေးမစိုက်

ခဲ့သူများလည်း လှည်းပေါ်တွင် စုံနေလေ၏။ သည်အခါမျိုးတွင် သူ၏ အောင်မြင်မှုကို ထုတ်ဖော်၍ ကြွားရပေမည်။

"အစ်ကိုကြီး ဒီဆူးပုပ်ကုန်းရွာသူကြီးနဲ့ ကျေးရွာခေါင်းဆောင် ကိုပန်းဖူးကို သိမှာပေါ့နော်"

"အင်း၊ သိသားပဲ" နယ်ပိုင်ကြီးက ဆိုသည်။

"သူတို့ နှစ်ယောက် အစက မတည့်ကြဘူး"

"အင်း"

"အခု ကျွန်တော် ဆောင်ရွက်ပေးလိုက်တာနဲ့ တည့်သွားကြပြီ"

"အင်း၊ အဲဒီတော့ ဘာဖြစ်တုံး"

"အဲဒီတော့ ညီညွတ်သွားကြတာပေါ့။ သူတို့ဟာ နှစ်ပေါင်း နှစ်ဆယ် လောက် ရန်သူဖြစ်နေကြတာ။ အခု ချစ်ချစ်ခင်ခင်ဖြစ်ပြီး ဟန်ကျသွားပြီ။ ဒါတွင်မကသေးဘူး။ ခမည်းခမက်တောင် တော်နေကြပြီ။ ညီညွတ်သွား လိုက်ကြတာလေ"

"ညီညွတ်တော့ ဘာဖြစ်တုံးဗျ"

"ဟာ အစ်ကိုကြီးကလည်း ညီညွတ်တော့ ကောင်းတာပေါ့။ အခု အစွမ်းကုန် ညီညွတ်ကြဖို့ အင်မတန် လိုနေတာပဲ"

မောင်ပြုံးချို စကားဆုံးသည်နှင့် ဦးသာဗျော၏ "ဟား ဟား ဟား" ဟူသော ရယ်သံသည် ထွက်ပေါ်လာလေသည်။ မောင်ပြုံးချိုသည် ဒေါသ ဖြစ်သွားလေသည်။

"ဘာရယ်တာလဲ ခင်ဗျ" မောင်ပြုံးချိုက လှည့်၍ မေးလိုက်သည်။

"ညီညွတ်တာကောင်းတယ် ဆိုလို့ပါ"

"နို့ ညီညွတ်တာ မကောင်းလို့လား။ ဟိုတုန်းက ဆိုရင် တစ်ယောက် တစ်မျိုးနဲ့ သိပ်စိတ်ညစ်စရာကောင်းတာပဲ။ အခု ညီညီညွတ်ညွတ် ဖြစ်သွား တော့ အေးသွားတာပဲပေါ့"

"မြို့အုပ်မင်းတို့ အေးတာတော့ ဟုတ်ပါရဲ့၊ ကျုပ်တို့ ရွာသားတွေတော့ ပူနေပြီဗျ" ဦးသာဗျောက ဝင်ပြောလိုက်ပြန်သည်။

"ဘကြီး ဘာတွေလျှောက်ပြောနေတာလဲဗျ။ ညီညွတ်တဲ့ရွာက ဘာပြု လို့ ပူနေရမှာလဲ"



မောင်ပြုံးချိုက ဟိန်းလိုက်ဟောက်လိုက်ပြန်သည်။

"တကယ်ပြောတာပါ မြို့အုပ်မင်းရာ။ သူတို့နှစ်ယောက် မညီညွတ် ခင်တုန်းကတော့ နှစ်ယောက်စလုံး တစ်ယောက်ကို တစ်ယောက် စောင့် ကြည့်နေတော့ မဟုတ်တာကို သိပ်မလုပ်ရဲဘူး။ တစ်ယောက်က အထက် သွားတိုင်မှာကိုး။ အခုတော့ နှစ်ယောက်ပေါင်းမိပြီး တစ်ယောက်နဲ့ တစ် ယောက်လည်း ကြောက်စရာမလိုတော့ ပေါင်းပြီး ညီညီညွတ်ညွတ်နဲ့ မဟုတ်တာတွေချည်းပဲ လုပ်နေကြတော့တာပဲ၊ အရက်တွေကို နှစ်ယောက် သဘောတူ ချက်နိုင်း၊ ရာဇဝတ်မှုတွေကို နှစ်ယောက်သဘောတူလာဘ်စား ထား၊ နွားသတ်ရင်လည်း တစ်အိမ်တစ်တွဲစီ ပို့လိုက် ပြီးရော၊ ကြက်ဝိုင်းတွေ နှစ်ယောက် သဘောတူ အကောက်ယူလုပ်"

ဦးသာဗျောသည် တတွတ်တွတ်ပြောသွားရာ မောင်ပြုံးချိုသည် မျက်လုံး ကြီးပြူးကာ နားထောင်နေလေသည်။

"အမယ်လေးဟဲ့ ညီညွတ်ရေးအရသာ တယ်ကောင်း" ရဲအင်စပိတ် တော်က နောက်ပြောင်လိုက်ရာ နယ်ပိုင်ဝန်ထောက်မင်းက တဟားဟားနှင့် ရယ်လိုက်လေသည်။

"တစ်နေ့က သူကြီးသားက မူးပြီး ရွာထဲ လျှောက်ဆဲနေတယ်။ ဟိုတုန်းကဆိုရင် ကိုပန်းဖူးကို တိုင်နိုင်တာပေါ့" ဦးသာဗျောက ဆက်ပြန်သည်။

"အခုတော့ကော" ယစ်မျိုးအရာရှိက မေးလိုက်သည်။

"အခုတော့ တိုင်ရင်လည်း အလကားပေါ့။ သူကြီးသားက သူ့သမက် ဖြစ်နေမှကိုး။ ယောက္ခမကြီးရော၊ အဖေရော ညီညီညွတ်ညွတ်နဲ့ တစ်ဝိုင်း တည်း သောက်နေကြတာပဲဟာ"

"ဒီလိုညီညွတ်ပုံမျိုးတော့ ကျုပ်တို့ မလိုလားဘူးဗျို့၊ မညီညွတ်တာက ခံသာသေးတယ်။ အခုတော့ ညီညီညွတ်ညွတ်နဲ့ နှိပ်စက်နေတာ ခံနေကြရပြီဗျ မြို့အုပ်မင်းရဲ့" ဦးသာဗျောသည် ခပ်ကျယ်ကျယ် ညည်းညူလိုက်လေသည်။

"ကဲ ညီညွတ်ရေးဆရာကြီး၊ ကြည့်လုပ်ဦးဗျ" နယ်ပိုင်ကြီးက မောင်ပြုံးချို၏ပခုံးကို ပုတ်ရင်း ပြောလေသည်။

မောင်ပြုံးချိုကား စကားမပြော တုဏှိဘော။ သူတို့မျက်နှာတွေကိုလည်း မောင်ပြုံးချို မကြည့်ရဲတော့ပါ။ လှည်းစာမရှိသော လှည်းဘီးနှစ်ဖက်မှ

ထပ်တလဲလဲ အစဉ်ပဲ တကျိုကျို အော်မြည်နေကြသည်။ မောင်ပြုံးချို၏ နားထဲမှာတော့ ထိုလှည်းဘီးအော်သံများသည် တစ်မျိုး ဖြစ်နေလေသည်။

"ဒီလိုညီညွတ်ရေးတော့ အလိုမရှိ။ ဒီလိုညီညွတ်ရေး အလိုမရှိ" ဟူ၍သာ ကြားယောင်နေပါတော့သတည်း။

[ရှုမဝ ၁၉၅၀ အောက်တိုဘာ၌
ညီညွတ်တော့ အမည်ဖြင့် ပါရှိခဲ့သည်။]

## အမဲသား။

၁

ယခုတလော အမဲသားကြိုက်သူတွေ အတော်များလာသည်။ နိုင်ငံတော် အစိုးရက နွား မသတ်ရဟု ပိတ်ပင်ထားသောကြောင့် အမဲသားသည် ပို၍ အရသာ ရှိလာဟန်တူသည်။ အနှစ်နှစ် အလလက အမဲသားမစားခဲ့သော မောင်ပြုံးချိုပင်လျှင် ယခု ကြိုက်စပြုလာပြီ။ အစိုးရက ပိတ်ထားသည်ဟုသာ ဆိုသည်။ အမဲသားကို လိုချင်လျှင် လွယ်လွယ်နှင့် ရနိုင်ပေသည်။

သို့သော် မောင်ပြုံးချိုသည် မြို့ပိုင်တစ်ယောက်ဖြစ်သည့်အလျောက် နိုင်ငံတော်အစိုးရက ဥပဒေနှင့် ပိတ်ပင်ထားလျှင် သူကလည်း သူ့နယ်တွင် အမဲသားမပေါ်ရအောင် အစွမ်းကုန်ကြိုးစား ပိတ်ပင်ရပေမည်။ ထို့ကြောင့် သူကြီးမင်းအပေါင်းမှအစ ဆယ်အိမ်ခေါင်းအထိ မိမိပိုင်နက်တွင် နွားသတ်သူများတွေ့က ချက်ချင်းအရေးယူဖမ်းဆီးရန် ပြင်းထန်သည့် အမိန့်များကို ထုတ်ဆင့်ရသည်။ သည်လိုနှင့်မပြီးသေး။ ဈေးထဲတွင် အမဲသား လာရောင်းသူများကိုလည်း ဖမ်းဆီးရသေးသည်။ သည်လောက်နှင့်လည်း မဖြစ်သေးတော့သွားရင်း အမဲသားတွေ့လျှင် ဘယ်ကရသလဲစသည်ဖြင့် စစ်ဆေးရသေးသည်။

"တောင်ပိုင်းက မမယ်ဟန် နွားမကလေး ပိုးထိသေလို့ပါ"ဟု ဖြေသည်။

"သူကြီးမတိုင်ဘူးလား"

"တိုင်ပါတယ်"

"ဘာဖြစ်လို့ မြေမြှုပ်မပစ်သလဲ"

"နွားတစ်ကောင် အဖိုးကလည်း နည်းတာမဟုတ်ဘူးဗျ။ ဒီတော့ နောက်ထပ် နွားဝယ်ဖို့ ငွေစလေးများ ရမလားလို့"

မှန်သည်။ ကျေးရွာကလူများအဖို့ နွားတစ်ကောင် သေဆုံးလျှင် ဆုံးရှုံးခြင်းကြီး တစ်ရပ်ပင် ဖြစ်သည်။ ထို့ကြောင့် ခွင့်လွှတ်လိုက်ရပြန်သည်။ သို့သော် သူပြောသမျှ မှန်ချင်မှ မှန်မည်။ ပိုးထိသေသည့် နွားသားလည်း ဟုတ်ချင်မှ ဟုတ်မည်။ ပိုးမထိဘဲ ပုဆိန်နှင့် ဦးခေါင်းကို ထုသတ်ထားသည် လည်း ဖြစ်နိုင်သည်။ သူကြီးကို ပိုးထိပါသည်ဟု မတိုင်ဘဲ အုစုံ သည်းစုံ တစ်တွဲနှင့်လည်း အစစကိစ္စပြီးနိုင်သည် မဟုတ်ပါလော။ သူသည် ဖမ်းဖူးသည့် နွားသတ်မှုတစ်ခုကို ပြန်ပြောင်းစဉ်းစားမိလေသည်။

၂

လွန်ခဲ့သော နှစ်နှစ်လောက်က ဖြစ်သည်။

မောင်ပြုံးချိုသည် ရွှေခဲရွာမှ အမတော်ကြေး တောင်းခံပြီး အပြန်တွင် မအူကုန်းရွာထဲသို့ ဝင်လာခဲ့သည်။ ရွာပေါက်ဝ ဝင်လိုက်လျှင် လှည်းပေါ်တွင် ထိုင်လာသော မောင်ပြုံးချို၏ မှေးနေသော မျက်လုံးအစုံတို့သည် ခပ်လှမ်းလှမ်းအိမ်တစ်ဆောင်၏ မီးဖိုတွင်းသို့ လှမ်းမြင်လေသည်။ ဘာကို မြင်ပါသနည်း။ အသက်လေးဆယ်ကျော်ခန့်ရှိ လူကြီးတစ်ယောက်သည် သွေးရဲရဲ သံရဲရဲဖြင့် အသားတစ် အသားတုံးများကို ဓားကြီးနှင့် ခုတ်ထစ်နေသည်ကို တွေ့ရလေသည်။ ဘာသားတွေပါလိမ့်။

"ဟေ့ မောင်ခင်ဆိုင်၊ ဘာသားလဲ သွားကြည့်စမ်း" လှည်းပေါ်တွင် ပါလာသည့် သူ့တပည့်ကို စေခိုင်းလိုက်သည်။ တပည့်လည်း လှည်းပေါ်မှ ခုန်ဆင်းကာ အပြေးကလေး သွားလေသည်။ သို့သော် သူသည် မောင်ပြုံးချို သွားစေလိုသည့် မီးဖိုတဲဆီသို့ မသွားဘဲ ထိုအိမ်ဘေးတွင် သစ်သားချောင်း တစ်ခုကို ရွှေပေါ်ထိုးနေသည့် လူကြီးတစ်ယောက်ဆီသို့ သွားနေလေသည်။ နောက်သွက်သွက်ပင် ပြန်ပြေးလာကာ သူ့ဆရာအား အကြောင်းပြန်လေသည်။

"ကျွန်းသား ခင်ဗျား"

မောင်ပြုံးချိုသည် ဒေါသထွက်သွားလေသည်။ သို့သော် ရယ်လည်း ရယ်ချင်လှပါသည်။ တယ်လည်း အတဲ့ တပည့်ပါတကား။

"အဲဒီ ရွှေပေါ်ထိုးနေတဲ့အသား မေးတာမဟုတ်ဘူးဟ။ ဟောဟို မီးဖိုထဲက ဟင်းချက်ဖို့ ခုတ်ထစ်နေတဲ့ သွေးရဲရဲသံရဲရဲနဲ့ အသားကိုပြောတာ"



သည်လိုပြောလိုက်မှ မောင်ပြုံးချို၏ တပည့်ကျော်သည် တစ်ခါ ပြေး သွားပြန်သည်။ မီးဖိုထဲမှ လူကြီးလည်း မောင်ပြုံးချိုတို့ လူစုကို ခုတ်ရာထစ်ရာ တုံးရာမှ မြင်သွားလေပြီ။ ပြောစကားများကိုလည်း ကြားသွားလေပြီ။ ထို့ကြောင့် သွေးတွေသံတွေနှင့် အသားတုံးများ အိုးတစ်လုံးထဲ သွက်သွက် ကြီးထည့်သည်။ အဖုံးပိတ်သည်။ အိုးတွေကို ထိုအဖုံးပေါ်မှ ဆင့်၍ ဆင့်၍ တင်ထားလိုက်ပြီးလျှင် ဣန္ဒြေမပျက် ပြုံးပြုံးကြီး ကြည့်နေလေသည်။

"မြို့အုပ်မင်း ဘယ်က ကြွလာတုံး"

သူက သည်လိုပင် ချေင်ဖွာ နှုတ်ဆက်လိုက်သေးသည်။ မောင်ပြုံးချို သည် သူမေးသည်ကို မကြား။ သူ့အရိပ်အခြည်ကိုသာ လှည်းပေါ်မှ စောင့်ကြည့်နေလေသည်။

သူ့တပည့်နှင့် ထိုလူကြီးသည် မေးကြ၊ ဖြေကြသည်။ ထို့နောက် သူ့တပည့်သည် မောင်ပြုံးချိုဆီသို့ ပြန်လာသည်။

"ဝက်သားတုံးတာပါတဲ့" ဟု သူ့ဆရာကို ပြန်ကြားသည်။ မောင်ပြုံးချို မကျေနပ်။ ဝက်သားဆိုလျှင် ဘာကြောင့် ဝှက်ရသနည်း။ ထို လူကြီးလည်း မောင်ပြုံးချိုအနီးသို့ ရောက်လာပါပြီ။

"ပဲကလေး ရောင်းရတာနဲ့ ဝက်သားလေး ဝယ်လာတာပါ မြို့ အုပ်မင်း"

သူက ဤသို့ကပ်၍ပြောပြန်သည်။ မောင်ပြုံးချိုအဖို့တော့ ဘယ်နည်း နှင့်မျှ သည်အကြောင်းပြချက်ကို လက်မခံနိုင်။ ကိုယ်တိုင်ကိုယ်ကျ မြင်ရမှ ကျေနပ်မည်။ ထို့ကြောင့် လှည်းပေါ်ကဆင်း၍ မီးဖိုဆောင်ဆီသို့ လျှောက် သွားလေသည်။

"ကဲ ခင်ဗျား ဝက်သား ပြစမ်းပါဦး"

အနီးသို့ရောက်သော် မောင်ပြုံးချိုက ဤသို့တောင်းဆိုသည်။

"တကယ်ပါ ဝက်သားပါ မြို့အုပ်မင်းရာ"

ဖွင့်၍တော့မပြဘဲ သည်လိုသာ ပြောနေသည်။

"ပြပါဦးဗျာ"

အထပ်ထပ် တိုက်တွန်းသော်လည်း အိုးကို မဖွင့်။ အခြားစကားတွေ ကိုသာ လျှောက်ပြောနေသည်။

"ခင်ဗျား ဖွင့်မပြရင် ကျုပ်ကိုယ်တိုင် ဖွင့်ကြည့်ရမလား"

ဤသို့ ထပ်ဆင့်၍ ခပ်တည်တည် ပြောလိုက်ရပြန်သည်။ မနေသာတော့ပြီ။ ဆင့်ထားသောအိုးများကို တစ်လုံးစီချ၍ အဖုံးကို ဖွင့်လိုက်လေသည်။ မောင်ပြုံးချိုသည် မျက်လုံးကို အစွမ်းကုန်ဖြဲ၍ အိုးထဲသို့ ငုံ့ကြည့်သည်။ ထို့နောက် လူကြီး၏ မျက်နှာကို မော့ကြည့်လိုက်သည်။ သူက အကြည့်မခံဘဲ မျက်နှာလွှဲလိုက်သည်။

"ခင်ဗျား ဝက်သားက တယ်ကောင်းပါကလား။ အဆီကို လုံးဝ မပါဘူး၊ အခေါက်လည်းမရှိဘူး၊ ဟဲ ဟဲ ဟဲ"

မောင်ပြုံးချိုက ရယ်သွမ်းသွေး၍ ပြောလိုက်သည်။

"ဝက်သား မဟုတ်ပါဘူး၊ မြင်းသားပါ"

ထိုလူကြီးက မောင်ပြုံးချိုကို မကြည့်ဘဲ ပြောလိုက်လေသည်။ ဝက်သားမှ ချက်ချင်း မြင်းသားဘဝသို့ ရောက်သွားပြန်ပြီ။

"ခုနင်က ဝက်သားဆို၊ အခု မြင်းသားဖြစ်ရပြန်ပလား"

"ယောင်သွားလို့ပါ"

"ခင်ဗျား မြင်းသား ဘယ်ကရသလဲ"

မောင်ပြုံးချိုက ဤသို့မေးပြန်ရာ အဖြေရကျပ်သွားပြန်သည်။

"ကျွန် ကျွန်တော် ဟိုဟို မင်းလှဈေးထဲက ဝယ်လာတာပါ"

မှုမမှန်သည့်အတွက် အထစ်ထစ်အငေါ့ငေါ့ ဖြစ်နေလေသည်။ မောင်ပြုံးချိုက သူ့ကို သေသေချာချာ ကြည့်သည်။ သူက မျက်စိချင်း အဆုံမခံဘဲ မျက်နှာလွှဲ၍ပစ်သည်။

"ဒီမယ်"

"ဗျာ"

သူသည် ဤသို့ထူး၍ မျက်နှာပျက်နေလေပြီ။

"ခင်ဗျားနာမည် ဘယ်သူလဲ"

"ဖိုးလှ"

"ဒီမယ် ကိုဖိုးလှ၊ မေးတာ မှန်မှန်ပြောစမ်း၊ ခင်ဗျာ ဒီအမဲသား ဘယ်က ရသလဲ"

မောင်ပြုံးချိုက အာဏာသံပါပါနှင့် မေးလေသည်။ သို့သော် သူက အဖြေ မပေး။



"ခင်ဗျားရတဲ့နေရာကို ပြောနိုင်ရင် ခင်ဗျားမယ် အပြစ်မရှိဘူး"

မောင်ပြုံးချိုက ချော့သလို ခြောက်သလိုနှင့် ပြောလိုက်လေသည်။ စင်စစ်အားဖြင့် မှန်သည်ကို ပြောသည်ဖြစ်စေ မပြောသည်ဖြစ်စေ သူ့တွင် အပြစ်မရှိပါ။ ဥပဒေက တောရွာတွင် နွားသားကို တွေ့ရုံနှင့် အရေးမယူနိုင်။ နွားသတ်နေသည်ကိုတွေ့မှသာ အရေးယူပိုင်ခွင့်ရှိသည်မဟုတ်ပါလော။ (ဥပဒေ မပြင်မီက ဖြစ်သည်။) သို့သော် ဦးဖိုးလှခမျာ ဘာမှမသိရှာ။ အမဲသား သူ့လက်ထဲ တွေ့နေရုံနှင့် ဘိန်းအမိခံရသလို အပြစ်ရှိနေပြီဟု ထင်နေလေသည်။ ထို့ကြောင့် သူ ဖော်ကောင် လုပ်တော့သည်။

"ဒီလိုဆိုရင် ကျွန်တော်ပြောပါမယ်ဗျာ။ ကျွန်တော့ကို မဖမ်းပါနဲ့နော်"

"ကဲ ပြောစမ်းပါဦး"

"ရွှေခဲရွာ မြောက်ပိုင်းက သာလှဆီကပါ"

မောင်ပြုံးချို နောက်ထပ် စကားမပြောတော့ပါ။ ရွှေခဲသူကြီးအိမ်သို့သာ အမြန်ပြန်ပြေးလေတော့သည်။ သူကြီးကိုခေါ်ကာ သာလှအိမ်သို့ လိုက်ပြခိုင်းရမည်ဖြစ်၍ အပြေးအလွှားလာခဲ့ကြသည်။ သူကြီးလည်း ဘာမှန်းမသိ မြို့အုပ်နောက်သို့ ကောက်ကောက်ပါအောင် လိုက်လာလေသည်။

"ဘာဖြစ်လို့လဲ မြို့အုပ်မင်းရဲ့၊ သာလှ ဖမ်းမလို့လား"

"အင်း"

"ဘာပြုလို့တုံး၊ သာလှကလေး ဘာလုပ်လို့တုံး"

"သာလှအိမ်ကိုသာ ပြပါ၊ စကား ရှည်မနေစမ်းပါနဲ့"

ထို့ကြောင့် သူကြီးလည်း နောက်ထပ် စကားမပြောဝံ့ပါ။ နောက်မှသာ အပြေးကလေး လိုက်ပါတော့သည်။ သာလှအိမ်သို့ ရောက်အောင် အတော်လာကြရသည်။ သူ့အိမ်က ရွာစွန်ရွာဖျားမှာရှိသဖြင့် တောင်ပိုင်းမှ မြောက်ပိုင်းထိအောင် လျှောက်သွားနေရသည်။ ရေးကြီးသုတ်ပျာနှင့် သွားနေကြသော မြို့ပိုင်နှင့် သူကြီးတို့ လူစုကိုမြင်သော ရွာသူရွာသားများတို့သည် တလန့်လန့် တထိတ်ထိတ် ဖြစ်ကုန်ကြလေသည်။ အချို့လည်း အော်ကျယ် ဟစ်ကျယ်နှင့် ကြွေးကြော်ခေါ်ငင်ကြလေသည်။

"ဟေ့ ပိန်ညော်ရေ၊ လာပါဟဲ့ မြန်မြန်"

"ဟဲ့ ကောင်လေး၊ သက်သေ ပါနေဦးမယ်နော်"

"ဘုမရေ၊ ညည့်ကလေး ငိုနေပြီအေ့"

သို့ကလို အသံများနှင့်တကွ ကလေးငိုသံများကိုလည်း ကြားရသည်။ လူသံတွင်မကသေး ခွေးသံများပါ ဆူညံလျက် ရှိလေသည်။ လမ်းကြီးအတိုင်း ဖုန်တထောင်းထောင်းနှင့် သုတ်ခြေတင်နေကြသည့် မြို့အုပ်မင်းတို့ လူစုကိုမြင်သော ရွာတွင်းရှိခွေးအပေါင်းတို့သည် အသံအမျိုးမျိုးနှင့် ဟောင်ကြလေသည်။ သတ္တိရှိသောခွေးတို့သည် အနားသို့တိုးကာ ဆွဲတော့၊ ဟပ်တော့မည်ကဲ့သို့ ရဲတင်းစွာ ဟောင်ကြသည်။ ဇရာဒုဗ္ဗလ အရွယ်ကျ ရောက်နေပြီဖြစ်သော ခွေးအိုကြီးများနှင့် သတ္တိကြောင်သော ခွေးပျို့တို့သည် ခပ်လှမ်းလှမ်းမှနေ၍ ခွေးမိုက်ရူးရဲများကို 'ဆွဲပါတော့လား။ ကိုက်ပါတော့လား'ဟု ဆိုသည့်အလား ဩသံပြု၍ အားပေးသောအားဖြင့် ဟောင်ကြလေသည်။ ခွေးလတ်တစ်ကောင်သည် သူ့နောက်မှ အပေါင်းအဖော်များကို အားကိုးကာ သူကြီးအနီးသို့ ခြေသလုံးကို ဟပ်တော့မည်ကဲ့သို့ ကပ်လာရာ သူကြီးကလက်တွင်ပါသော ဝါးရင်းတုတ်နှင့် ယမ်းလိုက်သောကြောင့် နှာနကို ထိသွားသဖြင့် 'ကိန် ကိန်'ဟု အော်ဟစ်ရင်း အမြီးကုပ်ကာ ပြန်ပြေးလေသည်။

ဟော ရွာစွန်သို့ ရောက်ပါပြီ။

"ဟောဟိုကဟာ သာလှအိမ်ပါပဲ"

သူကြီးက ပြောရင်း လက်ညှိုးညွှန်ပြသည်။

မောင်ပြုံးချိုက သေချာအောင် ထပ်မေးလိုက်သည်။

"ဟုတ်ပါတယ်"

မောင်ပြုံးချိုတို့ လူစုအနီးသို့ ကပ်သွားကြသည်။ ခပ်လှမ်းလှမ်းမှပင် သူတို့အသံတွေကို ကြားနေရပါသည်။

"တစ်ပိဿာလုံးယူတာပဲ လျှော့ဦးမှပေါ့အေ့"

"တစ်ဆင့်ရောင်းရမယ့် လူကိုတော့ စားသာအောင် ကြည့်ပေးနော်"

"အမယ် ဒါလောက်မြတ် တော်ရောပေါ့တော်၊ နွားတစ်ကောင်သတ်ရုံနဲ့တော့ ဘယ်သူဌေးဖြစ်နိုင်ပါ့မလဲ မောင်သာလှရဲ့"

"သူဌေးမဖြစ်ဘဲ အစိုးရတွေ လာဖမ်းလို့ ခွေးဖြစ်မှာ စိုးရသဗျ"



ထိုကဲ့သို့ အချီအချ ပြောဆိုနေကြသော အသံများနှင့်အတူ ရောယှက်ကာ ခုတ်သံ၊ ထစ်သံ၊ ချိန်ခွင်ထဲ အလေးထည့်သံ၊ အမဲသား အစိုင်အခဲကြီးများကို တောင်းထဲသို့ လောင်းထည့်လိုက်သည့် အသံများကို ကြားရလေသည်။

မောင်ပြုံးချိုတို့ အိမ်ရှေ့လှေကားထစ်အနီး ရောက်နေကြပြီ။ အနီးအနားအိမ်နားမှလူတွေလည်း မြင်ကုန်ပြီဖြစ်၍ ပြေးသူပြေး လွှားသူလွှား ဖြစ်ကုန်ပြီ။ ထိုနားတစ်ဝိုက်မှ ခွေးတွေကလည်း ဟောင်စပြုပြီ။ ဝါးကြမ်းပေါက်အကြားမှ ကျလာသည့် အရိုးအရင်းများကို ကိုက်နေသည့် ခွေးပိန်သုံးလေးကောင်လည်း မောင်ပြုံးချိုတို့အား ရန်သူဟု အသိအမှတ်ပြုကာ သွားကိုဖြဲ၍ ဟိန်းစဟောက်စပြုနေကြပါပြီ။ အိမ်ပေါ်မှ လူများကား ဘာမှ မသိကြသေး။ ဖွဲ့ကောင်းနေကြတုန်းပင်။

မောင်ပြုံးချိုတို့သည် ဝါးလုံးနှစ်ခုတွင် သစ်သားချောင်းများ လျှိုကာပြုလုပ်ထားသည့် မတ်စောက်သော လှေကားတွင် တက်ရအုံ့လော နေရအုံ့လောဟု စဉ်းစားနေကြသည်။ သည်အချိန်တွင် လှေကားရှိသည့် ကြမ်းပြင်ဘက်သို့ မိန်းမကြီးတစ်ယောက် တောင်းတစ်တောင်းကိုမကာ ထွက်လာလေသည်။ သူသည် လှေကားမှ ဆင်းမည်ရှိစဉ် မောင်ပြုံးချိုတို့ လူစုကို မြင်သွားလေသည်။ သူ့ခြေလှမ်းသည် တန့်သွားလေသည်။ သူ့မျက်လုံးသည် ပြူးသွားလေသည်။ သူ့ပါးစပ်သည် ဟသွားလေသည်။ သူသည် ကြမ်းပြင်ပေါ်သို့ တောင်းကြီးကို ဝုန်းခနဲ လွှတ်ချကာ အတွင်းသို့ ပြန်ဝင်သွားရင်း

"အမယ်လေး၊ အစိုးရတွေ၊ အစိုးရတွေ"ဟု အော်လေတော့သည်။ အိမ်ပေါ်တွင်လည်း ခြေချင်းရှုပ်ကာ ဝရုန်းသုန်းကား ဖြစ်ကုန်လေ၏။ မောင်ပြုံးချိုတို့လည်း အိမ်ပေါ်သို့ အတင်း တက်သွားကြလေသည်။

ဝါးကြမ်းပြင်တစ်ခုလုံး အမဲသားတွေ၊ အမဲသွေးတွေနှင့် ရွှဲရွှဲစိုနေလေသည်။ သွေးရဲရဲသံရဲရဲနှင့် အတုံးအတစ်များမှာ ပြန့်ကြဲလျက်ရှိသည်။ တောင်းကြီး၊ တောင်းငယ်ထဲတွင်လည်း အမဲသားတွေနှင့် ပြည့်လျက်။ အသည်းနှလုံးနှင့် ကျောက်ကပ်အတွဲမှာ နံရံတွင် ချိတ်ဆွဲထားလေသည်။ အူသိမ်၊ အူမ၊ ပုဆိုးကြမ်းများကိုလည်း သတ်သတ်စုပုံထားလေသည်။ အလေးချိန်ခွင်များလည်း ကျွမ်းထိုးမှောက်ခုန် ဖြစ်နေပါပြီ။

"သာလှဆိုတာ ဘယ်သူလဲ"

မောင်ပြုံးချိုက မေးလိုက်သည်။

"ကျွန် ကျွန်တော်ပါ"

အသွားလက်လက်နှင့် ဓားကြီးကို လက်ကမချသေးသည့် သာလှက ပြောသည်။ သူ့တွင် အင်္ကျီမပါ။ ဗလာကိုယ်တီးနှင့် လုံချည်ကို တိုတို ဝတ်ထားသည်။ တစ်ကိုယ်လုံးသွေးစက်တွေနှင့် ပက်ဖြန်းထားသလို ဖြစ်နေလေသည်။ ဦးခေါင်းကြီးကြီး၊ ခေါင်းတုံးပြောင်ပြောင်၊ ပါးစပ်ပြဲပြဲနှင့် အသားကလည်း မှောင်နေအောင် မည်းပါသည်။ ဓားကြီးကိုကိုင်လျက် အမဲသားပုံနားရပ်လျက် ရှိရာ မောင်ပြုံးချိုသည် သူ့ကိုကြည့်ရင်း ဘုရားစောင်းတန်းများရှိ အရုပ်ကားများတွင် မြင်ဖူးသည့်ငရဲသားကြီးရုပ်ပုံကို မြင်ယောင်နေလေသည်။

သူ့ကို ဘယ်လိုစစ်မည်နည်း။ တိုတိုနှင့် အမှန်ကိုရောက်အောင် မေးမှဖြစ်မည်။ သူက မသတ်ပါဘူး။ ပိုးထိတာပါဟု ဆိုနေလျှင် ပေါ်အောင်စစ်ဖို့ မလွယ်။ သည်အမဲသားများသည် သတ်ထားသည့်နွားများမှ ဖြစ်ရမည်ကို မောင်ပြုံးချို ရိပ်မိလေသည်။ သို့သော် သိရုံနှင့် မပြီးသေး။ သတ်ကြောင်းကို မည်ကဲ့သို့ သက်သေထူမည်နည်း။ သက်သေထူရန် မလွယ်။ သူကိုယ်တိုင် ဖွင့်ဟဝန်ခံမှ ဖြစ်ချေမည်။

မောင်ပြုံးချိုသည် ခဏမျှ စဉ်းစားလိုက်သည်။ နောက်မှ မေးခွန်းတစ်ခု ထုတ်လိုက်လေသည်။

"ကိုသာလှ၊ ခင်ဗျား ဒီနေ့ နွားနှစ်ကောင်သတ်တယ်ဆို"

"ဗျာ"

သာလှသည် ဓားကြီးကိုချကာ မျက်လုံးပြူးသွားသည်။

"ဒီနေ့ ရွှေခဲက ကိုသာလှဟာ နွားနှစ်ကောင်သတ်ပြီး ရောင်းတယ်ကြားလို့ ကျုပ်တို့ လာဖမ်းတာပဲ။ နွားနှစ်ကောင် အချိန် ဘယ်လောက်ထွက်သလဲ"

မောင်ပြုံးချိုက ခပ်တည်တည် မေးလိုက်သည်။

"မဟုတ်ရပါဘူးဗျာ၊ တစ်ကောင်တည်းပါ"

တုန်တုန်ရီရီနှင့် ပြောလေသည်။

"ကျုပ်တို့ကတော့ နှစ်ကောင်လို့ ကြားတာပဲ"



"တစ်ကောင်တည်းပါဗျာ၊ တစ်ကောင်တည်း သတ်တာပါ။ ဘုရားပေးပေး ကျမ်းပေးပေး"

"တစ်ကောင်တည်းဆိုလည်း ထားပေါ့ဗျာ၊ ပြီးတော့ အဲဒီ ခင်ဗျားသတ်တဲ့နွားဟာ မတော့ကုန်းက ခိုးလာတဲ့နွားဆို"

မောင်ပြုံးချိုက ထပ်ဆင့်တက်၍ မေးခွန်းထုတ်လိုက်သည်။

"မဟုတ်ရပါဘူးဗျာ၊ ဒါသက်သက်မဲ့ မနာလိုတဲ့လူတွေက တိုက်လို့ ခိုက်လို့ ဖြစ်လာတဲ့ သတင်းပါ"

ကိုသာလှသည် မျက်နှာပျက်နေလေပြီ။

"ကျုပ်တို့တော့ ဒီလိုပဲ သတင်းရတာပဲ"

"အင်း ထားတော့လေ၊ သတ်တော့လည်း ရွာထဲမယ် မြင်မကောင်း ရှု မကောင်း လည်ပင်းကို ခုတ်သတ်တယ်ဆို"

"ဟာ ဒါလည်း သက်သက်မဲ့ ကျွန်တော့ကို ချောက်တွန်းတာပါဗျာ။ ကျွန်တော် ကိုင်းတောထဲ သွားသတ်ပြီးမှ ဒီယူလာတာပါ"

"သူကြီးမင်း သူပြောတာတွေ မှတ်ထားနော်"

"ကဲ အဲဒီသတ်တဲ့နေရာ သွားကြည့်ရအောင်"

မောင်ပြုံးချိုတို့သည် တောင်းကြီးတစ်ခုထဲတွင် အမဲသားတွေကို ထည့်၍ ဆယ်အိမ်ခေါင်းကို အပ်ထားခဲ့ပြီးလျှင် နွားသတ်သောနေရာကို သွားကြည့်ကြလေသည်။ မှန်ပါသည်။ နွားသတ်သောနေရာရောက်အောင် တော်တော် ဝေးဝေး ခြေကျင်လျှောက်၍သွားကြရလေသည်။ မောင်ပြုံးချို တစ်ခု သတိရပြန်လေသည်။ နွားခေါင်းကြီးကို ကိုသာလှ ဘယ်မှာ ထားပစ်ခဲ့ပါသနည်း။

"ကိုသာလှ နွားခေါင်းကြီးကိုလည်း ဘုန်းကြီးကျောင်းနား ပစ်ထားသေးတယ် ဆိုပါကလား"ဟု မေးလိုက်ပြန်သည်။ ရှေ့မှ သွားနေသည့် ကိုသာလှသည် ခြေလှမ်းတန့်သွားလေသည်။

"သက်သက်မဲ့ ကျွန်တော့ကို မနာလိုတဲ့လူတွေက မဟုတ်တာတွေ ပြောနေတာပါဗျာ။ ဘယ်ဘုန်းကြီးကျောင်းနားမှာမှ မပစ်ပါဘူး။ နွားဦးနှောက်ကို အချဉ်တယ်စားမလို့ ချောင်းကမ်းဘေးက ရွှံ့ထဲ မြှုပ်ခဲ့ပါတယ်။ အပြန်ကျတော့ ကျွန်တော်ဖော်ပေးပါမယ်"

မောင်ပြုံးချိုတို့သည် ချောင်းကလေးတစ်ခုသို့ ရောက်လာကြလေသည်။ ထိုအနီးတွင် လှေကလေးတစ်စင်းကို တွေ့ရလေသည်။ လှေဝမ်းတစ်ခုလုံး သွေးတွေခြောက်လျက် ပေကျံနေသည်။

"ဟောဒီလှေနဲ့ အမဲသားတွေကို ဟိုဘက်က ဒီဘက်ကို သယ်ယူတယ် ဟုတ်စ"ဟု နုံထောက်မောင်စံရှား၏လေသံဖြင့် ကိုသာလှကို မောင်ပြုံးချိုက မေးလိုက်ရာ ကိုသာလှက "ဟုတ်ပါတယ်"ဟု ဝန်ခံရလေသည်။

ထိုလှေနှင့်ပင် တစ်ဖက်ကမ်းသို့ ကူးသွားလေသည်။ ကမ်းတက်ပြီးလျှင် ကိုင်းတောထဲသို့ တိုးကြရပြန်သည်။ တစ်ဖာလုံလောက်သွားမိသော် ဆယ်ပေပတ်လည်ခန့် ကိုင်းပင်များကို ရှင်းလင်းထားသည့် မြေကွက်လပ်ကလေးသို့ ရောက်သွားလေသည်။ ကိုသာလှသည် ရပ်နေလေသည်။ ထိုနေရာမှပင် အမွေးရောင်မည်းမည်းနွားရေကြီးကို ဖြန့်လှန်းထားသည်ကို တွေ့ရလေသည်။

"ဒီနေရာမယ် သတ်တာပါဗျာ။ ရွာထဲမယ် မသတ်ပါဘူး" ဟု ကိုသာလှက ဆိုသည်။ မောင်ပြုံးချိုသည် နွားသားရေကိုယူခဲ့စေ၍ ပြန်လာကြသည်။ ကမ်းပါးသို့ရောက်သော် ဖြတ်မကူးသေးဘဲ ကိုသာလှသွားသည့်နောက် ကမ်းပါးတစ်လျှောက် လိုက်သွားပြန်သည်။ အတန်သွားမိသော် ကိုသာလှသည် ရေစပ်သို့ ဆင်းလိုက်သည်။ ကမ်းနှင့်တစ်လံလောက် အကွာတွင် ကိုင်းရိုးတံကလေး စိုက်ထားသည့်နေရာသို့ ရောက်သောအခါ ကိုင်းညွှတ်၍ ရေအောက်တွင် လက်နှင့် စမ်းသည်။ လက်သန်းလုံးလောက် ကြိုးစကလေးကို တွေ့သောအခါ ဆွဲယူလိုက်သည်။ ရေထဲတွင် ရွှံ့အလိမ်းလိမ်းနှင့် ဘွားခနဲပေါ်လာပါပြီ။ လား လား မျက်လုံးကြီးတွေ အပြူးသားနှင့် နွားခေါင်းပြတ်ကြီးပါတကား။

"ကဲ ယူခဲ့၊ ရွာပြန်မယ်"ဟု မောင်ပြုံးချိုက နှာခေါင်းရှုံ့မဲ့၍ ပြောလိုက်လေသည်။ ကိုသာလှတို့ ညီအစ်ကိုသည် နွားခေါင်းကြီးကို ကြိုးနှင့်ဆိုင်း၍ ဝါးလုံးလျှိုပြီး ဦးပုံ့ထမ်းကာ ရွာသို့ ယူလာကြရလေသည်။ မောင်ပြုံးချိုသည် ထုံးစံအတိုင်းစစ်ဆေးမေးမြန်းပြီးနောက် နွားသတ်ရာတွင် ပါဝင်သည်ဆိုသော ကိုသာလှနှင့် သူ့ညီဖိုးထူးတို့ကို သက်သေခံပစ္စည်းများ ဖြစ်သည့် နွားသားရေ၊



နွားဦးခေါင်းများနှင့်တကွ အမဲသားများကိုပါ ရဲဌာနသို့ ဆက်လက်အရေးယူရန် ပို့လိုက်လေသည်။ ဂတ်ဝင်းတစ်ခုလုံးရှိ ရဲသားမှအစ အင်စပိတ်တော်များအထိ မောင်ပြုံးချိုကို အထူးကျေးဇူးတင်ကြလေသည်။ မောင်ပြုံးချို ပို့လိုက်သည့် သက်သေခံပစ္စည်း အမဲသားများကို ထိုနေ့ညနေတွင် ဖောဖောသီသီကြီး ချက်ပြုတ်စားလို့ပင် မကုန်နိုင်သောကြောင့် နေ့ဖို့ညစာ အခြောက်လှန်းထားကြသော ဟူ၏။

၃

မောင်ပြုံးချို ဘယ်လိုပဲ ကြိုးစားကြိုးစား အမဲသားတော့ ပျောက်မသွား။ ခိုးချောင်ခိုးဝှက် ရောင်းမြဲ ရောင်းနေကြလေသည်။ လူတွေကိုယ်တိုင်ကပင် ကြိုက်နေသောကြောင့် သူတို့ကိုက ရှာကြ ဝယ်ယူကြသည်။ စားသောက်ကြသည်။

အခု သာ၍ဆိုးလာပါသေးသည်။ အချို့က စစ်တပ်အဖို့ဟု ဆိုကာ သတ်သည်။ စစ်တပ်ကို ခွက်ဟစ်ဆယ်လောက်ပေးစရာရှိလျှင် သုံးကောင်လောက် သတ်၍ ကျန်အသားများကို ဈေးထဲ ထွက်ရောင်းသည်။ အချို့လည်း တောရွာများတွင် တိတ်တဆိတ် လည်ရောင်းသည်။ အချို့လည်း တောင်းထဲတွင် ထည့်ကာ အပေါ်က အခြားပစ္စည်းများကို ဖုံးထားပြီးလျှင် တိုးတိုးကလေးမေးမှ အသာကလေးဖွင့်ကာ အတွဲလိုက်ရောင်းသည်။ ထိုအသားကို တိုးတိုးမေး၊ တိုးတိုးရောင်း၊ တိုးတိုး ဝယ်ရသောကြောင့် 'တိုးတိုးသား'ဟု အချို့က ခေါ်ကြသည်။ တဖြည်းဖြည်း အတင့်ရဲလာသောအခါ တိုးတိုးသားသည် 'ကျယ်ကျယ်သား'ဘဝသို့ ရောက်လာလေသည်။

"အမဲသား"

သည်လိုပင် လမ်းလယ်ခေါင်မှ အားရပါးရ ဟစ်ကြွေး၍ ရောင်းနေကြပါပြီ။ ဈေးထဲတွင်လည်း အထင်ကရဖြစ်နေပြီ။ ဈေးခုံပေါ်တွင် သွေးရဲရဲ သံရဲရဲနှင့် အမဲသားတုံးကြီးများကို တည်ခင်းထားနိုင်ကြပြီ။ အူစုံ၊ သည်းစုံ၊ ပုဆိုးကြမ်း၊ ကလီစာများကိုလည်း တိုးလိုးတွဲလောင်း ဆွဲထားနိုင်ကြပေပြီ။ နိုင်ငံတော်အစိုးရ၏ နွားမသတ်ရဟူသော ဥပဒေသည် စာရွက်ပေါ်တွင်သာရှိ၍

သည်ဥပဒေကို မည်သူမှ အကောင်အထည် မဖော်ကြ။ နွားတွေကို နေ့စဉ် နေ့တိုင်း သတ်နေကြလေပြီ။

"ဦးမှတ်ကြီးအိမ်က ကျွေးတဲ့ ထမင်းစားပွဲတုန်းက အမဲနှပ် တယ်ကောင်းသဗျ"

ရဲမှူးဦးငွေတင်က ချီးကျူးသည်။ မှန်ပါသည်။ ကောင်းလည်းကောင်းပါသည်။ မောင်ပြုံးချိုကိုယ်တိုင် ထိုထမင်းစားပွဲတွင် ပါဝင်သုံးဆောင်ခဲ့ရ၍ သိရပါသည်။

"ကျုပ်တော့ အသားထဲမယ် အမဲသား အကြိုက်ဆုံးပဲ"

ဦးငွေတင်က ဆက်၍ ပြောပြန်သည်။ ဟုတ်ပါသည်။ မောင်ပြုံးချိုလည်း ကြိုက်သလောက်တော့ ကြိုက်ပါသည်။

"အမဲသားတွေ ဒီလိုပေါ်ရောင်းနေလို့ အခြားအသားတွေ ဈေးကျတာဗျ"

မီးသတ်ဥက္ကဋ္ဌကြီးက မိန့်ကြားပြန်သည်။

"ဟုတ်တာပေါ့ဗျ"ဟု ရဲမှူးက ထောက်ခံပြန်လေသည်။

"အမဲသားဟာ အတော် လူနဲ့ တည့်တယ်ဗျ"

အခြားတစ်ယောက်က ဝင်ပြောသည်။

"ဟာ သိပ်ကောင်းတာပေါ့၊ ကျုပ်တော့ တခြားဘာမှ မစားရချင်နေပစေ၊ အမဲသားကို နေ့တိုင်းစားရရင် ကျေနပ်တာပဲ"

ရဲမှူးသည် မိမိမည်မျှ အမဲသားကြိုက်သည့်အကြောင်းကို လေးလေးပင်ပင် ပြောကြားနေလေရာ ကြားရသူ မောင်ပြုံးချိုပင်လျှင် ရွှေဆိုင်၊ ငွေဆိုင် ဦးမှတ်ကြီးအိမ်က အမဲနှပ်ကို ပြန်ပြောင်းသတိရမိ၍ သွားရည်များ စို့လာလေ၏။

"အမှန်တော့ အမဲသားပေါ်ဖို့ နွားသတ်လိုင်စင်တွေ ပိတ်ထားတာ ဘာမှ အကြောင်းမထူးဘူး။ ပိတ်ထားပေမယ့် နွားတွေသတ်နေကြတာပဲဗျ။ ဟိုတုန်းကတော့ အစိုးရလိုင်စင်ဆွဲပြီး နွားသတ်ရတယ်။ အခုတော့ သက်ဆိုင်တဲ့ အရာရှိတွေ အနှောင့်အယှက်ပေးနိုင်တဲ့ လူတွေကို လာဘ်ထိုးပြီး သတ်ကြရတယ်။ ဒီတော့ ဘာမှ မထူးဘူး။ အစိုးရ အခွန်မရတာ တစ်ခုပဲ ထူးတာပဲ"ဟု တစ်ယောက်က ထင်မြင်ချက်ပေးပြန်သည်။



"အရေးယူချင်ပေမယ့် မလွယ်ဘူးဗျ။ ဥပဒေက နွားမသတ်ရဘူးသာဆိုတာ အမဲသား မရောင်းရဘူးလို့ဆိုတာ မဟုတ်ဘူး။ ဒီတော့ အမဲသား ရောင်းတာကိုတွေ့တာနဲ့ အဲဒီဥပဒေနဲ့ ဘယ်လိုမှ အရေးမယူနိုင်ဘူး။ နွားသတ်နေတုန်း မိဖို့ကလည်း အခက်သား"

ရဲအရာရှိတစ်ယောက်က ဆင်ခြေ့ရန်ရှောင် ပြောသည်။

"မြို့ထဲလာရောင်းရင် မြူနီစီပယ် ဥပဒေနဲ့ အရေးယူပေါ့"

"အဲဒါနဲ့ပဲ ယူနေရတာပဲ။ နွားသတ်ပြီး အမဲသားကို အကြီးအကျယ်ရောင်းနေတဲ့လူက ဒဏ်ငွေလောက်တော့ သိပ်မမှုဘူးဗျ"

"စင်စစ်တော့ဗျာ၊ ဥပဒေကြီးကိုက မဟန်ပါဘူး၊ ဘယ်နေရာမှာမှ မိမိရရ မရှိဘူး"

ဤကဲ့သို့ အပြစ်ပြောသံများကိုလည်း ကြားရသည်။

"ဒီဥပဒေကို ရေးဆွဲတဲ့လူတွေကိုက အမဲသား အလွန်ကြိုက်တဲ့ လူတွေနဲ့ တူတယ်ဗျ"ဟု အမှုလိုက် ရဲအရာရှိက ဆိုသည်။

"ကျုပ်တို့ ရဲမှူး ဦးငွေတင်လို လူတွေပေါ့ဗျာ"

"သူတို့ကိုယ်တိုင်က အမဲသား မစားရမှာစိုးလို့ ဥပဒေမယ် ယိုပေါက်တွေ ထည့်ထားတာပေါ့"

"အမဲသားနဲ့တွေ့ရင် သတ်တယ်လို့ ယူဆမယ်။ မသတ်ဘဲနဲ့ တရားသဖြင့် ရတဲ့ အသားပါဆိုတာကို အပြစ်လွှတ်စေချင်ရင် အမဲသားပိုင်ရှင်က သက်သေပြဖို့ ဥပဒေလုပ်ဖို့ကောင်းတယ်"

"ဘိန်း ဥပဒေလို လုပ်ရင် ကောင်းမယ်"

ဤကဲ့သို့ တစ်ယောက်တစ်မျိုး အမဲသားနှင့် ပတ်သက်သော ထင်မြင်ချက် အမျိုးမျိုးကိုလည်း ကြားသိရလေသည်။

သို့သော် အတင့်ရဲလွန်းအားကြီးသော အချို့ အရာရှိများ မနေနိုင်တော့။ အချို့မြို့များမှာ အမဲသားဆိုင်များကို တရကြမ်း ဖမ်းဆီးကြလေသည်။

တစ်ရက် နှစ်ရက်တော့ ပျောက်သွားပါသည်။ နောက်တော့ 'တိုးတိုးသား' အဖြစ် ပေါ်လာပြန်သည်။ အတန်ကြာသော် 'ကျယ်ကျယ်သား' ဘဝသို့ ကူးပြောင်းလာပြန်လေသည်။ ဖမ်းသူကိုပင် အပြစ်ဆိုကြသေးသည်။ "သူတို့ဖမ်းလို့ အမဲသားတွေ ပျောက်ပြီး ဈေးတက်ကုန်ပြီ"လို့ အတင်းပြောကြသည်။

၄

သည်ကိစ္စ သည်နှင့်မပြီး။

ခရိုင်ငြိမ်းချမ်းရေး ကောင်စီ[(၁၉၄၉–၅၀)ခုနှစ်က တစ်နှစ်အတွင်း ငြိမ်းချမ်းရေးစီမံကိန်းအရ ဖွဲ့စည်းထားသည့်ကောင်စီ] များသို့ပင် အမဲသားကိစ္စ ရောက်လာပါပြီ။ နွားတွေကို ထင်တိုင်းသတ်၍ ဈေးတိုင်းတွင် အကြီးအကျယ် ရောင်းချနေသည့်ကိစ္စကို မည်သည့်အတွက်ကြောင့် သည်အတိုင်းကြည့်နေကြပါသနည်းဟု မေးမြန်းလေသည်။ ရဲဘက်ဆိုင်ရာတို့က အရေးမယူခြင်းကြောင့်သာ ဤကဲ့သို့ နွားသတ်သူများ အတင့်ရဲလာခြင်းဖြစ်သည်ဟု နိုင်ငံရေးသမားတို့ အပြစ်ဆိုသည်။

ဈေးထဲတွင် ရောင်းချနေခြင်းဖြစ်၍ ဈေးခေါင်းတာဝန်သာ ဖြစ်သည်။ ဈေးခေါင်းကသာလျှင် သက်ဆိုင်ရာသို့ တိုင်တန်းလျှင် ချက်ချင်း အရေးယူနိုင်ပါသည်။ ယခုတော့ ဈေးခေါင်းကသဘောတူခွင့်ပြုထားပြီးလျှင် နှာစေးနေသောကြောင့် အရေးယူရန် ခက်ပါသည်ဟု ခရိုင်ရဲမှူးက သူ့ရဲဘက်မှ ကာကွယ်လေသည်။

"ဈေးခေါင်းကလည်း အစုံ၊ အသည်းစုံလေးများ ရ ထင်ပါရဲ့"

တစ်ယောက်က ထင်မြင်ချက် ပေးလိုက်လေသည်။

"ဒါကတော့ ခင်ဗျားတို့ လူတွေကိုက အားပေးနေကြတာကိုးဗျ။ လူတွေက ဝယ်မစားရင် ရောင်းတဲ့လူလည်း ဘယ်ရှိမလဲ"

ခရိုင်ဝန်မင်းက တစ်စခန်းထ ပြန်သည်။

"ဒီဟာနဲ့မဆိုင်ပါဘူး ထင်တယ်။ ဥပဒေတစ်ခု အစိုးရက အတည်ပြုထားရင် အကောင်အထည်ဖော်ဖို့ဟာက အရာရှိများရဲ့ တာဝန်ပါ" အရာရှိမဟုတ်သူက ထပြောသည်။

"ကဲ ဒီလိုဆိုရင် အမဲသားတွေ့တဲ့လူက တိုင်ကြဗျာ။ ချက်ချင်း အရေးယူမယ်" ခရိုင်ဝန်က မိန့်ကြားပြန်သည်။

"အထူးတိုင်နေဖို့ မလိုပါဘူး ခင်ဗျာ။ နေ့တိုင်းပဲ ဈေးလယ်ခေါင်မယ် ရောင်းနေပါတယ်"

"ဒီလိုဆိုရင် ကျုပ်အရေးယူရမှာပေါ့။ သိပ်ဆိုးတဲ့ လူတွေ။ ဈေးထဲမယ် အမဲသားရောင်းတာတွေ့ရင် နောက်ကို ဈေးခေါင်းပါ ဖြုတ်ပစ်မယ်။ ရဲ အရာရှိတွေနဲ့လည်း ကြပ်ကြပ်မတ်မတ်လုပ်မယ်"



ထိုစကားကိုကြားသော လူကြီးမင်းများသည် အတော်ပင် အားရသွားကြလေသည်။ ခရိုင်ဝန်မင်းကို တိုးတိုးတိတ်တိတ် ချီးကျူးကြလေသည်။

မောင်ပြုံးချိုလည်း သည်လောက်ကြိုဟ်မြွေသည့် အမဲသားကို ဘယ်တော့မှ မစားတော့ဘူးဟု ဘုရားရှိမခိုးဘဲ ဆုံးဖြတ်ချက်ချလိုက်လေသည်။ အိမ်သူ အိမ်သားများကိုလည်း နောင် ဘယ်တော့မှ အမဲသားမစားကြရန် တရားဓမ္မ ညွှန်ပြနေပါသည်။

"နွားတွေဟာ ဘယ်လောက် သနားစရာကောင်းသလဲ။ တို့အသက်သခင်တွေပဲဟ၊ သိလား"

မောင်ပြုံးချိုက နိဒါန်းဆွယ်လိုက်သည်။

"နွားက ကျွန်တော်တို့ အသက်သခင် ဟုတ်လား။ မေမေက ပြောတော့ ထမင်းစေ့တွေဟာ ကျွန်တော်တို့ အသက်သခင်ဆို"

သားတော်မောင်က ဓောဒက တက်နေပြန်ပါသည်။

"အေး ဟုတ်တာပေါ့၊ အဲဒီ ထမင်းတွေ ဖြစ်လာအောင် နွားတွေက လုပ်ပေးတော့ နွားတွေဟာလည်း အသက်သခင်ပေါ့ သားရဲ့"

"နွားတွေက ထမင်းဖြစ်အောင် လုပ်ပေးတယ် ဟုတ်လား၊ ဟုတ်ပါဘူး၊ ဖေဖေကလည်း ထမင်းချက်တာက ဖိုးစိန်ပဲဟ"

မောင်ပြုံးချိုအဖို့ အကျပ်တွေ့နေလေပြီ။ စပါးပင်စိုက်သည်မှအစ ဆန်ဖြစ်သည်အထိ နွားတွေက မည်သို့သယ်ပိုးဆောင်ရွက်ပုံများကို ပြန်ပြောနေရလေသည်။ သားငယ်တို့သည် မောင်ပြုံးချိုပြောသမျှကို နားစိုက်ထောင်ရင်း နွားများအပေါ်၌ ကရုဏာသက်လာကြလေသည်။

မောင်ပြုံးချိုသည် ခဏမျှ စဉ်းစားပြီးနောက် နွားများအပေါ်တွင် မေတ္တာတရား ထားရှိလာအောင် လယ်တီဆရာတော်ဘုရားကြီး ရေးသားတော်မူသည့် နွားမေတ္တာစာကို ရွတ်ဆိုပြပြန်လေသည်။

လူတို့လို တီတာတာ မပြောတတ်ရှာလို့ ငုတ်တုတ်သာ မပြန်လှန်ပြုသမျှ ခံရသည်ဟု အစချီပြီး "တို့လုပ်သည့် ထမင်းကို တို့ဟင်းလျာသားနှင့် စားကြသည့် ဖြစ်နဲကို အသည်းနာလိုက်ကဲ့"ဟု ရွတ်ဆိုပြရာ သားငယ်သမီးငယ်များသည် ငေးမော၍ နားထောင်နေကြလေသည်။ ထို့နောက် ဆက်လက်၍ အဓိပ္ပာယ်ကို ရှင်းပြသောအခါ မျက်ရည်စို့လာကြလေသည်။

"ဖေဖေ ကျွန်တော်တို့ အမဲသားမစားတော့ဘူး"သားကြီးက ငိုသံပါကြီးနှင့် ပြောလေသည်။

"သမီးလည်း မစားဘူး ဖေဖေ"

သမီးကြီးက ဆိုပြန်သည်။

သည်အချိန်တွင် တပည့် ဖိုးစိန်သည် ဈေးဝယ်သွားရန် ခြင်းတောင်းကိုကိုင်၍ ထွက်လာလေသည်။

"ကို ဘာစားမလဲ" တင်မကြီးက မေးလေသည်။

"ချက်ချင်တာ ချက်ပါကွယ်"

"သူ့ဖြင့် ဒီလိုချည်းပဲ၊ စိတ်ကူးလို့ မရလို့ သူ့မေးလိုက်ရင် ချက်ချင်တာချက်ဆိုတာချည်းပဲ"ဟု တင်မကြီးက အပြစ်တင်သည်။ ထို့နောက် သူသည် ဟင်းလျာများကို မှာကြားနေလေသည်။

"ဟေ့ ဖိုးစိန် ဈေးထဲမယ် အမဲသား ရောင်းသေးလား"ဟု မောင်ပြုံးချိုက ကြားဖြတ်၍ မေးလိုက်သည်။

"အခု မမြင်တာ သုံးရက်လောက်ရှိပြီ အစ်ကိုကြီး"

"ဘယ်ရှိတော့မလဲကိုရဲ့။ အခု နွားသတ်တားမြစ်ရေး ဥပဒေ ပြင်လိုက်မှကိုး။ နွားသတ်တဲ့လူကိုတောင် မကဘူး။ အမဲသားနဲ့ တွေ့တဲ့လူကိုလည်း အရေးယူနိုင်ပြီတဲ့"ဟု တင်မကြီးက ဆိုသည်။

"ဟေ ဟုတ်လား"

"ဟုတ်တယ်လေ၊ ကို သတင်းစာထဲ မတွေ့ဘူးလား။ အခု ကျင်းပနေတဲ့ ပါလီမန်က အဲဒီပြင်ဆင်ချက်ကို အတည်ပြုပေးလိုက်ပြီ"

"နိပ်ဟ၊ ဒါမှ ဟန်ကျတာ အရင်တုန်းကဆိုရင် အမဲသားတွေ့ပေမယ့် ရဲက ဘာမှ အရေးမယူနိုင်ဘူး။ အခုတော့ ကောင်းကောင်း တွယ်နိုင်နေပြီပေါ့။ ဒီလိုမှ ကောင်းတာ"

မောင်ပြုံးချိုသည်အားရပါးရ ရေရွတ်ရင်း ကျန်ရစ်လေသည်။ သူသည် အတော်ပင် ဝမ်းပန်းတသာ ဖြစ်နေလေသည်။ နွားတွေ အသေအပျောက် နည်းပေတော့မည်။ သည်ဥပဒေကို လက်ကိုင်ပြုပြီး ရဲတွေက ဖမ်းလိုက်ဆီးလိုက်၊ တရားသူကြီးတွေက အပြစ်ပေးလိုက်လျှင် မည်သူသည် နွားသတ်ရဲအံ့နည်း။ အဘယ်သူသည် အမဲသားရောင်းရဲတော့အံ့နည်း။ သူသည် ပါလီမန်



တွင် ထိုဥပဒေပြင်ဆင်ချက် တင်သွင်းသည့် သတင်းကို အခေါက်ခေါက်ပြန်ဖတ်နေသည်။ အမဲသားအကြောင်းကို ပြန်ပြောင်းစဉ်းစားသည်။ ထို့နောက် လယ်တီဆရာတော်ဘုရားကြီး၏ နွားမေတ္တာစာကို ရွတ်ဆိုမိပြန်သည်။ သောက်သောက်လဲ သေနေကြသည့် နွားတွေကိုလည်း တရေးရေး မြင်ယောင်နေမိသည်။ အမဲသားတော့ တစ်သက်လုံး မစားလိုတော့ပြီ။ သားစဉ်မြေးဆက် အမဲသားကို မစားအောင် မှာထားခဲ့မည်။

သည်အချိန်မှာပင် ဖိုးစိန် ဈေးက ပြန်လာသည်။ လှေကားမှ တက်လာလျှင်ပင် သူ့ဆီသို့ ဈေးခြင်းတောင်းကိုကိုင်၍ လာနေပါပြီ။

"ကံကောင်းလို့ ရခဲ့တယ် အစ်ကိုကြီး"

သူက အားရပါးရ ပြောလိုက်သည်။ မောင်ပြုံးချိုက သူပြောသည်ကို နားမလည်ပါ။

"ဘာလဲကွ" မောင်ပြုံးချိုက မျက်လုံးပြူး၍ မေးလိုက်သည်။

"အမဲသား အစ်ကိုကြီး၊ မမကတော့ ကြက်သားဝယ်ခဲ့ဖို့ မှာတာပဲ။ ကြက်သားက ဈေးကြီးလို့ အမဲသားပဲ သုံးကျပ်ဈေးနဲ့ တစ်ပိဿာ ဝယ်ခဲ့တယ်"

"ဟ မင်း ဘယ်သူက အမဲသား ဝယ်ခိုင်းလို့တုံး"

"အစ်ကိုကြီးက ဈေးထဲမယ် အမဲသား မရှိဘူးလားဆို"

"အဲဒါ ဝယ်ခိုင်းတာမှ မဟုတ်ပဲဟ"

"မသိပါဘူး အစ်ကိုကြီး၊ အစ်ကိုကြီး ကြိုက်တယ်ထင်လို့ဈေးထဲ မရှိတာကို မရမက လိုက်ဝယ်ခဲ့ရတာ"

သူသည် မျက်စိ မျက်နှာ ပျက်နေလေပြီ။

"ဘယ်ထိအောင်များ လိုက်ဝယ်ရသတုံးဟ"

"ဂတ်ဝင်းထဲပေါ့ အစ်ကိုကြီး"

"အိုး"

"မြို့ထဲမယ် ဖမ်းမှာစိုးလို့ ဂတ်ဝင်းထဲမယ် အိမ်ပေါက်စေ့ လိုက်ရောင်းနေတာ၊ ရဲအုပ်တစ်ယောက်ဆီက တစ်ပိဿာခွဲယူခဲ့ရတယ်"

"ဖြစ်မှ ဖြစ်ရပလေကွယ်"

"ဒါ ဘယ့်နှယ်လုပ်မလဲ အစ်ကိုကြီး၊ အသားတွေကလည်း ကောင်းကကောင်းသနဲ့"

သူသည် အမဲသားတုံးများကို ကိုင်ပြနေပါသည်။ မောင်ပြုံးချိုကတော့ ဘာမှ ပြန်မဖြေ။

"အစ်ကိုကြီးရယ်၊ ရဲတွေတောင် ဝယ်စားနေတာပဲ။ အစ်ကိုကြီးက မြို့အုပ်ဟာပဲ၊ အလကား လာဘ်စားတာမှ မဟုတ်ဘဲ၊ ဝယ်စားတာပဲဟာ"

သူသည် အကြောင်းပြချက်များစွာနှင့် လျှောက်လဲချက် ပေးနေပြန်သည်။ သူ့ဆရာကတော့ စဉ်းစားနေသည်။

"ဘယ့်နှယ်လုပ်ရမလဲ အစ်ကိုကြီး၊ ပြန်ပေးလိုက်ရမလား"

မောင်ပြုံးချိုသည် နေရာမှ ငေါက်ခနဲထလိုက်လေသည်။ သူ့ တပည့်သည် ဆရာ ဒေါသအမျက်ခြောင်းခြောင်းထွက်၍ ရိုက်တော့မှာလား ဟု ကြောက်လန့်ကာ လက်မှကိုင်ထားသော အမဲသားတုံးကြီးကို ခြင်းထဲသို့ ဖြုန်းခနဲချပြီး နောက်သို့ တစ်လှမ်းဆုတ်လိုက်လေသည်။

"သွား သွား သိပ်မိုက်တဲ့ကောင်"

ဤသို့ မောင်ပြုံးချိုက ကြိမ်းမောင်းလိုက်သည်။

"ပြန် ပြန်သွားပေးရမလား အစ်ကိုကြီး"

တပည့်သည် တုန်တုန်ရီရီ ဖြစ်နေပါပြီ။

"ဘာလို့ ပြန်ပေးရမလဲကွ"

"ဒါဖြင့် ချက်လိုက်ရမလား အစ်ကိုကြီး"

"အေး အတုံးကြီးကြီးတုံးပြီး မဆလာနိုင်နိုင်နဲ့ နူးနေအောင် နှပ်စမ်း၊ သိလား။ နောက်တော့ ငါ အမဲသား မစားတော့ဘူး။ ဒါ နောက်ဆုံးပဲဟေ့"

"ဟုတ်ကဲ့ အစ်ကိုကြီး"

ဖိုးစိန်သည် ဆွဲခြင်းကိုကိုင်ကာ သက်ပြင်းတစ်ချက်ချ၍ မီးဖိုဆီသို့ ဝင်သွားလေသည်။ မောင်ပြုံးချိုသည် ငေးရင်းတွေးရင်း ဦးမှတ်ကြီးအိမ်မှ အမဲသားနှပ် အတုံးကြီးများကို မြင်ယောင်၍ တံတွေးကို မျိုချလိုက်လေသည်။

[ရှုမဝ ၁၉၅၀ နိုဝင်ဘာ]



## သကြားလုံးနှင့် ကြိမ်လုံး

(၁)

တောမြို့ပိုင်ကလေး မောင်ပြုံးချိုသည် ရန်ကုန်သို့ ရောက်နေသည်မှာ လေးရက် ရှိပါပြီ။ ကိစ္စတစ်ခုကြောင့် ခွင့်ငါးရက်ယူ၍ လာခဲ့ရာ နောက်တစ်နေ့ ဆိုလျှင် ပြန်ရပေတော့မည်။ မပြန်လို့ မဖြစ်။ ခွင့်ငါးရက်ယူပြီး ခြောက်ရက်များ နေမိလျှင် ဘယ်အတွက်ကြောင့် အမိန့်မရဘဲ တစ်ရက်ပိုနေရသလဲဟု ပုနေအောင် ထုပါလိမ့်မည်။ နှက်ပါလိမ့်မည်။

ထို့ကြောင့် ဘယ်နည်းနှင့်မဆို ပြန်ဖို့အရေးကို တွေးရပေတော့သည်။ သည်အရေးကို တွေးမိတိုင်း ရင်လေးမိရှာသည်။ ရင်လေးရအောင်က မပြန်ချင်၍လော။ မဟုတ်ပါ။ လမ်းခရီးကို တွေးမိတိုင်း စိတ်မသက်သာလှသောကြောင့် ဖြစ်ပါသည်။ သူအုပ်ချုပ်ရသော တောမြို့ကလေးနှင့် ရန်ကုန်ရွှေမြို့တော်ကြီးကား ကွာခြင်းကြီးမက ကွာခြားလှပါပေသည်။ ဥပမာ ဆောင်ရမည် ဆိုသော် နတ်ပြည်နှင့် ငရဲပြည်ကဲ့သို့ ဟု ဆိုရပေမည်။ နတ်ပြည်သည် အလွန်ပျော်စရာကောင်းသည်။ ငရဲပြည်သည် အလွန်ကြောက်စရာ ကောင်းသည်ဟု 'စာပေဟောင်းများတွင်' တွေ့ဖူးပါသည်။ ထို့ကြောင့်သာလျှင် နှိုင်းယှဉ်လိုက်ရခြင်း ဖြစ်ပါသည်။ သူသည် ထိုငရဲပြည်ကို ရောက်ရမည်ထက် ငရဲပြည်သို့ သွားရာလမ်းကို ပို၍ ကြောက်နေသောကြောင့် ဖြစ်ပါသည်။

"ခရီးသွားချင်ရင် မီးရထားနဲ့ သွားဗျ။ စိတ်ချရတယ်။ မော်တော်ကားလမ်းက သိပ်ကြောက်စရာကောင်းတယ်"

မိတ်ဆွေများက ဤသို့သတိပေးကြသည်။ မောင်ပြုံးချိုလည်း ထိုမျက်စိကြီးနားကြီးများ၏ ဩဝါဒကို လိုက်နာလျက် ရန်ကုန်သို့ လာစဉ်က မီးရထားနှင့်ပင် လာရန်ပင် စီစဉ်ခဲ့ပါသည်။ သို့သော် သူလာမည့်နေ့ကျခါမှ

မိးရထားတံတားကို သူပုန်တွေ ချိုးထား၍ မီးရထားမထွက်နိုင်သည်နှင့် သွားတိုးနေလေတော့သည်။ ထို့ကြောင့် 'ငါသတ္တိခဲ'ဟူ၍ တိုးတိုးတိတ်တိတ် ကြိမ်းဝါးလျက် ခရီးသည်တင်ကားနှင့်ပင် ရန်ကုန်မင်းနေပြည် ရွှေမြို့တော်ကြီးသို့ လာရရှာသည်။

ယခု ပြန်ရမည့်အခါတွင် အလာတုန်းက ဒုက္ခများကို ပြန်ပြောင်းစဉ်းစားမိရာက ကျောစိမ့်လျက် ရှိလေသည်။ မည်သည့်အတွက် ကျောစိမ့်နေရသနည်း။ သေနတ်ပစ်ခံရ၍လော။ ဓားပြတိုက်ခံရ၍လော။ သည်လိုလည်း မဟုတ်ပါ။ သည်ဟာမျိုးကား ကံမကောင်း အကြောင်းမလှသောအခါများမှသာ တွေ့ရသည့် ကိစ္စမျိုးဖြစ်ပါသည်။ မတော်တဆသူတို့နှင့် တွေ့လျှင်တော့ မသက်သာလှပါ။ ပါသမျှငွေစများနှင့် ပစ္စည်းများကိုသာမက ဝတ်ထားသည့်အဝတ်များကိုပင် ချွတ်ယူသည်ဟု ကြားရဖူးပါသည်။ သည်ဟာက တော်သေးသည်။ တစ်ခါတစ်ရံ အပြေးမောင်းနေသည့် ကားကို ဝဲယာရှိ ချုံတောထဲမှနေ အရမ်းကာရော သေနတ်နှင့် တရစပ် ပစ်တတ်ပါသေးသည်။ သည်လိုဆိုလျှင် ဆွမ်းခံရင်းငှက်သင့်ဟူသော စကားပုံကဲ့သို့ ခရီးသွားရင်း အပေါက်ကလေးနှင့် ကိစ္စချောရလေတော့သည်။

မောင်ပြုံးချိုအဖို့တော့ သည်လို တစ်ခါတစ်ရံသာ တွေ့တတ်သည့် မိတ်ဆွေသင်္ဂဟများနှင့် ရေးဘဝက ချဖူးသော ရေစက် ပန္နက်ဖူးသောသစ္စာမရှိသည့်အတွက် မတွေ့ခဲ့ရှာဘဲ နေ့စဉ်နေ့တိုင်း တွေ့တတ်သည့် အဆွေတော်များကို တွေ့ခဲ့ပါသည်။ လမ်းတစ်လျှောက်လုံး အလှူခံတွေနှင့် တင်းကြမ်းပြည့်နေလေသည်။

ဝမ်းနည်းကြေကွဲဖွယ်ရာများကိုလည်း ကားလမ်းတစ်လျှောက်တွင် တွေ့ရပါသေးသည်။ ယခင်က စည်ကားလှသော ကားလမ်းဘေးရှိ အချို့ရွာကြီးများသည် မီးလောင်မြေ ဖြစ်နေလေပြီ။ အချို့ရွာနေရာများတွင် မီးလောင်ထားသည့် တိုင်ငုတ်များသာ ရှိတော့သည်။ အချို့ရွာများတွင်ကား ရေးကရွာသူရွာသားများ စိုက်ပျိုးထားခဲ့သည့် သရက်၊ ပိန္နဲ၊ မာလကာ အစရှိသည့် သစ်ပင်ကြီးများ ကျန်ရှိနေပါသေးသည်။ အချို့နေရာများတွင်ကား ခုတ်လှဲ၍ ထင်းလုပ်ကုန်ကြလေပြီ။ ထိုရွာဦး ရွာထိပ်များတွင် နေ့ညစောင့်ကြပ်လျက်ရှိသော လက်နက်ကိုင် ရဲဘော်များကိုလည်း တွေ့ရလေသည်။



သူတို့အဖို့ အနေအထိုင် အစားအသောက် ဆင်းရဲလှပါဘိသည်။ အချို့နေရာများ၌ သစ်ပင်ရိပ်အောက်များတွင် တဲကလေးများထိုးလျက် သစ်တုံးများနှင့် ကာရံထားသော ကျဉ်းမြောင်းသည့် နေရာများတွင် နေထိုင်ကြရသည်။ စားလည်း သည်နေရာ။ အိပ်လည်း သည်နေရာ၊ နေပူလျှင် ခြောက်ကပ်၍ မိုးရွာလျှင် ရွှဲရွှဲစိုနေရသည်။ စောင့်သည့် ရဲဘော်များက စောင့်နေစဉ် အနားယူနေသူများသည် သစ်ရိပ်အောက်ရှိ မြေကြီးပေါ်တွင် လှဲလျောင်းအိပ်စက် နေကြလေသည်။ သူတို့သည် အပြင်လောကကြီးနှင့် အဆက်ပြတ်သလို ဖြစ်နေလေရာ ရန်ကုန်ဘက်မှလာသည့် ခရီးသည်များထံမှ သတင်းစာများကို မေတ္တာရပ်၍ ဖတ်ရှုနေတတ်ကြလေသည်။

သူတို့ကို မြင်ရသော ခရီးသည်တို့သည် ကရုဏာသက်ကြလေသည်။ ကျေးဇူးတင်ကြလေသည်။ သားချင်း သမီးချင်း စာကြလေသည်။

"ဒီလို အေးအေးဆေးဆေးနဲ့ စည်းကမ်းရှိရှိ နေကြတော့လည်း သူတို့ မြင်ရတာ ကျေးဇူးတင်စရာပါပဲဗျာ။ ဒါပေမဲ့ တချို့ရဲဘော်တွေ အပြောအဆို အနေအထိုင်မတတ်တာနဲ့ ကောင်းတဲ့ရဲဘော်တွေပါ နာမည်ပျက်ရတာဗျ"ဟု ခရီးသည်တစ်ယောက်က ပြောလေသည်။

"အေးဗျာ၊ စစ်သားတွေဆိုတာ ဘယ်လူမျိုးပဲဖြစ်ဖြစ် ဒီလို အဆင်မပြေတဲ့လူတွေတော့ ပါတာပဲဗျ။ ဒါ့ကြောင့် စစ်တပ်မယ် စည်းကမ်းဟာ အရေးအကြီးဆုံးလို့ ပြောတာပဲ။ စည်းကမ်း မရှိသေတဲ့ လူတစ်ယောက်ပါရင် ငါးခုံးမတစ်ကောင်ကြောင့် တစ်လှေလုံးပုပ်ဆိုတာမျိုးလို ဖြစ်ရတာပေါ့။ ကျွန်တော်တို့ ဘီအိုင်အေလက်ထက်တုန်းက ကြည့်ပါလား။ လွတ်လပ်ရေးအတွက်ဆိုပြီး ကျွန်တော်တို့လူငယ်တွေ ဘယ်လောက် အသေခံပြီး တိုက်ခဲ့ကြသလဲ။ သေလိုက်တဲ့ လူငယ်တွေဟာ မနည်းပါဘူးဗျာ။ ဒါလောက်တောင် တိုင်းပြည်အတွက် အသက်နဲ့လဲပြီး လုပ်ခဲ့ကြပေမယ့် နောက်ဆုံးကျတော့ ခုနင်ကပြောသလို စည်းကမ်းမရှိသေဘဲ ထင်တာလုပ်တဲ့ လူတချို့ကြောင့် ဂျပန်ရဲ့ အနိပ်စက်ကို ခံရတယ်။ တချို့နေရာတွေမယ် တိုင်းပြည်ရဲ့အော့နှလုံးနာခြင်းကို ခံရတယ် မဟုတ်လား" လူရွယ်တစ်ယောက်က လေရှည်ကြီး လျှောက်ပြောနေစဉ် ဘတ်စကား ရုတ်တရက် ထိုးရပ်လိုက်ရာ ပါလာသူများ ခေါင်းချင်းရိုက်သွားလေသည်။

"ဒီနေ့ရာမယ် ဖြည်းဖြည်းမောင်းရမယ်ဆိုတာ မသိဘူးလားဟင်" ဟူသော ကျယ်လောင်သည့် ဟိန်းဟောက်သံကို ကြားရ၍ စောင်းငဲ့ကြည့်လိုက်ရာ စစ်ဝတ်စုံကို ဝတ်ဆင်ထားသည့် လူငယ်တစ်ဦးကို တွေ့ရသည်။ သူ့လက်ထဲမှ သေနတ်ကြီးကလည်း မောင်ပြုံးချိုတို့ဘက်သို့ လှည့်ထားရာ ခရီးသည်များ အသက်ရှုမှားကုန်ကြသည်။ အလိုလေး'ထိန်း'ဆို ထွက်များသွားလျှင်

"ကျွန်တော် သတိလစ်သွားလို့ပါ" ကားသမားက လေချိုသွေးသည်။

"ဘာ သတိလစ်ရမှာလဲ။ ဆင်း၊ ဆင်း၊ ဟိုသစ်ပင်ရောက်အောင် အသွားအပြန် ပြေးစမ်း။ အဲဒါ သတိလစ်လို့ ဒဏ်ခတ်တာပဲ"

ကားသမားလည်း ပြေးရလေတော့သည်။ ကိုက်နှစ်ရာလောက် ပြေးပြီး ပြန်ရောက်လာသောအခါ အတော်မောဟိုက်နေလေသည်။ "အဲဒါ နောက် သတိမလစ်အောင် သတိပေးတာပဲ"ဟု ရဲဘော်က ဆိုကာ သွားခွင့်ပြုလိုက်လေသည်။ ကားသမားလည်း ကုလားမနိုင် ရခိုင်မဲဆိုသလို ရဲဘော်ကို မလှန်ဝံ့တိုင်း လီဘာကိုချည်း တအားနင်းနေရာ မော်တော်ကားသည် အရှိန်ပြင်းစွာ ပြေးနေသောကြောင့် ခရီးသည်များသည် "ဘုရား၊ ဘုရား" နှင့် လိုက်ပါလာရသည်။

"ကားသမားတွေကလဲ အတော်ဆိုးတာ၊ ဒီလိုမှ ကိုက်တယ်" ခရီးသည်တစ်ဦးက မှတ်ချက်ချသည်။ ထိုအကြောင်းများကို ပြန်ပြောင်းသတိရမိသော မောင်ပြုံးချိုသည် မီးရထားနှင့်ပြန်ရန် ဆုံးဖြတ်လိုက်လေသည်။

၂

မီးရထားနှင့် ပြန်မည်ဆိုရုံနှင့်မပြီးသေး။ အစီအစဉ်တွေ ပြုလုပ်ရဦးမည်။ မောင်ပြုံးချို၏ တည်းအိမ်သည် ကြည့်မြင်တိုင်ဘူတာနှင့် နီးသောကြောင့် အေးအေးလူလူ ကြည့်မြင်တိုင်ဘူတာကပင် ရထားကို စောင့်စီးလျှင် အလာတုန်းကလိုပင် ဒုက္ခရောက်ရမည်။ ထို့ကြောင့် နံနက်အစောကြီးကတည်းက ရန်ကုန်ဘူတာကြီးမှ နေရာသွားယူလာရန် လူလွှတ်လိုက်ရသည်။

ရထားကြီးဝင်လာပါပြီ။ ရှာပါဦး။ လွှတ်လိုက်သည့်လူကို ရှာပါဦး။ ဟောဟိုက လက်ပြနေတာ အိမ်ကလူငယ် မဟုတ်ပါလား။ ဟုတ်ပါသည်။



မီးရထားမှ မရပ်သေးမီ အပြေးအလွှား လိုက်ကြသည်။ ပစ္စည်းများကို အပေါက်မှ လှမ်းယူသည်။

"တက်တက်၊ မြန်မြန်တက်" မီးရထားပေါ်မှ လူငယ်က ပြောလေသည်။ မောင်ပြုံးချိုသည် ရထားပေါ်သို့တက်ရန် အပေါက်ဆီသို့ ပြေးသွားသည်။ အပေါက်တွင် လူတွေနှင့် ပိတ်ဆို့နေပါပြီ။ သူတစ်ယောက်တည်းမဟုတ်။ သူ့နောက်မှ သူ့မိတ်ဆွေ စာရေးကြီး ဦးစုတို့ လင်မယားလည်း ပါသေးသည်။ သူတို့သုံးယောက်စလုံး ရောမခန္ဓာကိုယ်ကြီးတွေနှင့် မီးရထားပေါ်သို့ တက်ရန် အခက်ကြုံနေလေသည်။

"တက်ဗျ မြန်မြန်၊ တော်တော်ကြာ ရထားထွက်လို့ ကျန်နေရစ်ဦးမယ်" သည်လို အော်နေသည့်အသံကို ကြားရသည်။ ဘယ်လိုအော်နေနေ မောင်ပြုံးချိုတို့သုံးယောက်ကား အပေါ်မရောက်နိုင်ကြ။ အဝမှာပင် အကြိအိုက်နေကြလေသည်။

"ခက်တာပဲ၊ ခက်တာပဲ" မောင်ပြုံးချိုက တိုးတိုးကလေး ရေရွတ်လေသည်။ အပေါက်ဝတစ်ခုလုံး ပြွတ်သိပ်ကျပ်တည်းနေလေသည်။ မိန်းမယောကျ်ား၊ အဘိုးကြီး၊ အမယ်ကြီး၊ ဘုန်းကြီး၊ ကလေးသူငယ် အချို့ထိုင်လျက်၊ အချို့ရပ်လျက်၊ အချို့တွယ်ကပ်လျက်။ ဘယ်နည်းနှင့်မျှ သည်အပေါက်က ဝင်လို့ဖြစ်မည်မဟုတ်။ သည်လိုဆိုလျှင် အခြားချောင်သည့် အပေါက်ကို ရှာပါဦး။ အခြားအပေါက်လည်း မရှိပါ။ ရထားတစ်တွဲလုံး အပေါ်တက်ရန် သည်တစ်ပေါက်ပဲ ရှိပါသည်။

"ဟိုဘက်အပေါက်က လှည့်တက်ရအောင်"တစ်ယောက်က အကြံပေးသည်။

"ဟိုဘက်ကလည်း ဘာထူးလဲ။ ဒီလိုပဲ ပိတ်နေတာပဲ"

"တက်ကြဗျ မြန်မြန် ရထားထွက်တော့မယ်" အပေါ်ကလူက အော်ပြန်သည်။ ဘယ်လို အော်နေနေ တက်လို့တော့မရ။

"လာ လာ ဒီလို လုပ်နေလို့ မဖြစ်ဘူး။ ဒီပြတင်းပေါက်က ကျော်တက်ပေတော့"ရထားပေါ်မှ လူကြီးတစ်ယောက်က အကြံပေးသည်။ မတတ်သာတော့ပြီ။ သည်အကြံအတိုင်း လိုက်ရတော့မည်။ မောင်ပြုံးချိုက စာရေးကြီး ဦးစုကို လှမ်းကြည့်လိုက်သည်။ စာရေးကြီးက တက်သာတက်ပါ ဟူသော

သဘောနှင့် မေးထိုးပြလိုက်သည်။ မောင်ပြုံးချိုသည် အပေါ်က ကွတ်အင်္ကျီကြီးကို ချွတ်လိုက်ပြီး လုံချည်ကို ပြင်ဝတ်လိုက်သည်။ ထို့နောက် ပြတင်းပေါင်ကို ဆွဲကိုင်ကာ ခြေတစ်ဖက်ကိုမ၍ ကျော်ရန် ကြိုးစားသည်။ ခြေထောက်သည် အပေါ်သို့မရောက်ဘဲ ပြန်ကျလာသည်။ နောက်ဒုတိယမှို တက်ပြန်ရာ ဒုတိယမှိုပြန်ကျလာပြန်သည်။ တတိယမှိုတက်ပြန်ရာ တတိယမှို လျှောကျပြန်သည်။ မောင်ပြုံးချို ချွေးဒီးဒီးကျနေပါပြီ။ သို့သော် မလျှော့သော လုံ့လနှင့် နောက်တစ်ကြိမ်တက်ပြန်ရာ ခက်ခက်ခဲခဲနှင့် အပေါ်ကိုကျော်မိလေ၏။ ခြေတစ်ဖက်က တွဲထဲသို့ရောက်နေ၍ အခြားတစ်ဖက်က အပြင်တွင် တွဲလောင်းရှိနေပါသည်။ သူ့ခန္ဓာကိုယ်ကြီးသည် ပြတင်းပေါက်ကို ကားရားခွ ထိုင်မိနေပြီး ဖြစ်သော်လည်း တွဲတွင်းသို့ မရောက်သေးဘဲ အပေါက်တွင် တစ်နေပါသည်။ မနည်းကြီးပင် ကြိုးစား၍ အလိုက်သင့် အလျားသင့် လုပ်ယူမှ တွဲထဲသို့ ကိုယ်ခန္ဓာကြီးတစ်ခုလုံး ရောက်လာပါတော့သည်။ မောင်ပြုံးချိုသည် မျက်သွားသည့် သူ့ပေါင်တံကိုပင် ဂရုမစိုက်နိုင်တော့ဘဲ 'အောင်ပြီ'ဟု စိတ်ထဲမှ ရွတ်ဆိုကာ နေရာတွင် ထိုင်လိုက်လေသည်။

သည်လိုထိုင်နေလို့ မဖြစ်သေးပါ။ စာရေးကြီးဇနီးမောင်နှံတို့ အောက်တွင် ကျန်ပါသေးသည်။ ဟော စာရေးကတော်ဝဝကြီး အပေါက်မှကျော်တက်ပါတော့မည်။ ရထားပေါ်မှ ခရီးသည်တို့သည် ရုပ်ရှင်ထဲမှ စွန့်စားခန်းများကို ကြည့်ရသလို အသက်ပင် မရှူရဲဘဲ ပြူးသော မျက်လုံးများဖြင့် ကြည့်နေကြလေသည်။ စာရေးကြီးက အောက်မှနေ၍ သူ့ဇနီး၏တင်ပါးဆုံကြီးကို မကာ ထမ်းတင်ပေးလိုက်ရာ စာရေးကြီးကတော်သည် မခက်ခဲလှဘဲ အပေါက်ကို ကျော်ကာ အတွင်းဘက်သို့ ရောက်လာလေသည်။ စာရေးကြီးတစ်ဦးသာ ကျန်ပါတော့သည်။ မီးရထားလည်း ထွက်တော့မည်။ ဂတ်ဗိုလ်က ခရာမှုတ်ပြီး အလံစိမ်းကိုပြနေပါပြီ။ စာရေးကြီးကတော်မှာ စာရေးကြီးကျန်ရစ်မှာစိုး၍ ပျာယာခတ်နေလေတော့သည်။ သို့သော် စာရေးကြီးမှာ ပေါ့ပါးသူဖြစ်၍ မခက်ခဲလှဘဲ ကျော်လွှားတက်လာလေ၏။ သူလည်း အပေါ်ရောက် ရထားလည်း ထွက်လေတော့သည်။ မောင်ပြုံးချိုတို့လည်း သက်ပြင်းချကာ ကျပ်ကျပ်တည်းတည်းပင် ထိုင်လိုက်ကြလေသည်။ တွဲပေါ်တွင် ပါလာသူ ခရီးသည်အားလုံးက မောင်ပြုံးချိုတို့လူသိုက်ကို ထူးထူးဆန်းဆန်း ကြည့်ကာ



ပြုံးနေကြလေသည်။ သူတို့သုံးဦးကား မည်သူ့ကိုမျှ ဂရုမစိုက်နိုင်။ တိုက်မိ နိုက်မိ ညှပ်မိသော အပွန်းအပဲ့ဒဏ်ရာများကို စာရေးကြီးကတော် ထုတ်ပေးသည့် ဖင်းဘတ်နှင့် သုတ်လိမ်းရင်း မီးရထားကြီး ခေါ်ဆောင်ရာသို့ လိုက်လာကြလေ၏။

၃

အတော်ကလေးကြာမှ မောင်ပြုံးချိုသည် သူ့ပတ်ဝန်းကျင်ကို သုံးသပ်မိလေသည်။ သူစီးလာသည့် မီးရထားတွဲကလေးကား တွဲတိုကလေး ဖြစ်သည်။ လူသုံးဆယ်ကျော်သာ စီးရမည့်တွဲတွင် ယခုခြောက်ဆယ်ကျော်လောက် ပါလာသည်။ သူသည် အရေးကြီးသည့် နေရာတစ်ခု ရှာသည်။ တွေ့ပါပြီ။ အိမ်သာဖြစ်ပါသည်။ တစ်ခါတုန်းက အိမ်သာမပါသည့်တွဲကို စီးမိ၍ ဒုက္ခဖြစ်ပုံကို သတိရမိလေသည်။ သို့သော် အိမ်သာပင် ပါသော်လည်း အိမ်သာသို့ ရောက်အောင်သွားဖို့ မလွယ်ကူလှပါ။ အိမ်သာသွားရာလမ်းတွင် ပိတ်ဆို့နေကြသူများကို ကျော်လွှားတိုးဝှေ့၍သာ သွားရမည် ဖြစ်လေသည်။

လူအပေါင်းကလည်း စုံလှပါသည်။ ခပ်လှမ်းလှမ်းမှ ကုလားတစ်သိုက်မှာ ဆူဆူညံအောင် စကားပြောကြလေသည်။ မောင်ပြုံးချိုအနီးမှ လူရွယ်များကား မြန်မာပြည်၏အခြေအနေကို ဆွေးနွေးလာကြသည်။ သူနှင့် မနီးမဝေးမှ မိန်းမခပ်ရွယ်ရွယ်နှင့် အဒေါ်ကြီးတစ်ယောက်မှာကား သူတို့ အိမ်တွင်းရေးများကို ပြောဆိုလာလေသည်။ မိန်းမငယ်က သူ့ယောကျ်ား မယားငယ်ယူသည့် အကြောင်း အဒေါ်ကြီးအား ခရေစေ့တွင်းကျ တိုင်တောနေလေသည်။ တစ်နေရာမှ ဘုန်းတော်ကြီးတစ်ပါးကား သမထဝိပဿနာ တရားများကို ဟောကြားလျက်ရှိရာ အသက်ငါးဆယ်ခန့်ရှိ အဘိုးကြီးသည် စိပ်ပုတီးစိပ်ရင်း နာယူလျက်ရှိလေသည်။ ထိုင်ခုံပေါ်တွင် နေရာမရ၍ ရပ်နေရသူတွေလည်း ထိုင်ခုံနောက်မှီများကို လက်တစ်ဖက်နှင့် ကိုင်ရင်း လိုက်ပါလာကြသည်။ အချို့ကလည်း စကားပြောလျက်၊ အချို့ကလည်း ထိုင်နေသူများကို မကျေနပ်သောမျက်လုံးများဖြင့် ကြည့်လျက် မရပ်နိုင်တော့သည့်အဆုံး ကြမ်းပြင်ပေါ်တွင် ထိုင်ချကာ လိုက်လာရသည့် လူတွေလည်း ရှိပါသေးသည်။ သားသည်အမေများကလည်း ကလေးများကို နို့တိုက်လျက်၊ အမေအို အဘိုးအိုများသည် စိပ်ပုတီးကို စိပ်လျက်၊ အချို့ကလေးများသည် လေးဖက်

ထောက်လျက်။ အချို့ မတ်တတ်ပြေးလျက် လူကြားထဲတွင် တိုးဝင်သွားလာနေကြသည်။ အချို့ကလေးများသည် အားမနာ ပါးမနာ ကြမ်းပြင်ပေါ်တွင် ရှုရှုပေါက်ကြသည်။ အီအီးပါကြသည်။ ထို့ကြောင့် တစ်တွဲလုံး လေသင့်သောအခါ အနံ့တွေဖြာနေလေတော့သည်။ ကလေးများသာမက လူကြီးများကလည်း အားမနာ ပါးမနာ တံတွေးတွေကို တဖျစ်ဖျစ် ထွေးနေကြသည်။ ကြမ်းပြင်တစ်ခုလုံး ကွမ်းသွေးတွေ တံတွေးတွေ ပေကျံနေပါတော့သည်။

တွဲထဲတွင် စိတ်ညစ်စရာကောင်းသလောက် အပြင်လောကကြီးသည် သာတောင့်သာယာ ရှိလှပါသည်။ မီးရထားပေါ်မှ လှမ်းမျှော်ကြည့်လိုက်လျှင် အသီးအနှံတွေပြွမ်းနေသည့် စပါးလယ်ကွင်းကြီးများကို တွေ့ရသည်။ မိုးတွင်းတစ်တွင်းလုံး ကမ္ဘာလောကကြီးလွှမ်းသလို စိမ်းစိမ်းစိုနေခဲ့သော လယ်ကွင်းကြီးများသည် ယခုအခါတွင် ရွှေဝါရောင်ဆာမ်းလျက် ထိန်ထိန်ဝင်းနေကြလေပြီ။ အချို့လယ်များကို ရိတ်ပြီးပြီဖြစ်၍ ရိုးပြတ်များသာလျှင် ငေါက်ငေါက်ထောင်လျက် ရှိပါတော့သည်။ အချို့လယ်ကွင်းများသည်ကား ကောင်းကောင်းမမှည့်သေးဘဲ စိမ်းဖန့်ဖန့်အရောင်ကို ဆောင်နေသည်။ အချို့သောလယ်ကွင်းများတွင်ကား လယ်သမားကြီးများသည် တံစဉ်ကို ကိုင်စွဲကာ စပါးရိတ်သိမ်းနေကြသည်။ သူတို့သည် မီးရထားကြီး ခုတ်မောင်းသွားသည်ကို ငေးမောကြည့်နေရင်း ကျန်ရစ်ခဲ့ကြသည်။ လယ်ကွင်းကြီးများထဲမှ မြားမြောင်လှသော စာကလေး ငှက်အပေါင်းသည်လည်း တစ်ခါတစ်ခါ အအုပ်လိုက် အသင်းလိုက် ထ၍ထ၍ ပျံသွားသည်မှာ လယ်ကွင်းတစ်ခုလုံး မည်း၍မည်း၍ သွားလေသည်။ သူတို့တစ်တွေကို လှန့်သောအားဖြင့် စာခြောက်ရုပ်ကြီးများကို လယ်ကွင်းအလယ်တွင် မားမားကြီး ထောင်ထားသည်ကို တွေ့ရလေသည်။ စာကလေးများသည် ထိုစာခြောက်ရုပ်ကြီးများကိုပင် သူတို့အား ရန်မူမည့် တကယ့်လူများဟု ထင်ကာ စပါးများကို လာရောက်မစားရဲကြချေ။ အချို့အရုပ်ကြီးများမှာ တကယ်ပင် လူနှင့်တူလှပါပေသည်။

မီးရထားကြီးသည် အမြန်ခုတ်မောင်းလျက်ရှိသည်။ လယ်ကွင်းများ၊ ရွာများ၊ ဘုန်းကြီးကျောင်းများ၊ စေတီများ၊ ချောင်းငယ်မြောင်းငယ်များသည် နောက်တွင် ကျန်ရစ်ခဲ့ကြလေသည်။ ကောင်းကင်ကို မော်ကြည့်လိုက်လျှင် ပြာသော ကောင်းကင်ပြင်တွင် တိမ်တိုက်ကြီးများသည် ပုံသဏ္ဌာန်အမျိုးမျိုးကို



ဆောင်ကာ ပြေးလွှားနေကြလေသည်။ တစ်ခါတစ်ရံ ထိုတိမ်တိုက်များအကြားတွင် ပျံသန်းနေကြသည့် လေယာဉ်ပျံများကိုလည်း တွေ့မြင်ရလေသည်။ သရက်တောကလေးတစ်ခုအောက်တွင်ကား နွားတစ်အုပ် မြက်စားလျက် ရှိလေသည်။ ထိုနွားအုပ်ကို ကြည့်ရှုလျက်ရှိသော နွားကျောင်းသားငယ်သည် ဝဖီးလှသည့်နွားထီးကြီးတစ်ကောင်ကို ခွစီးကာ ပလွေမှုတ်ရင်း တလှုပ်လှုပ် သွားနေလေသည်။

မီးရထားသည် ဘူတာစဉ်ရပ်ကာ ခရီးစဉ်အတိုင်း ခုတ်မောင်းသွားလေသည်။ အချို့ဘူတာများသည်ကား မီးရထားရပ်၍သာ ဘူတာဟု ခေါ်ရသည်၊ ဘူတာအဆောက်အအုံဟူ၍ ဘာတစ်ခုမျှ မရှိ။ ရုံပိုင်ဆိုသူသည် သည်မီးရထားနှင့်ပင် လိုက်ပါလာပြီးလျှင် ရထားထိုဘူတာရောက်မှ ဆင်းကာ လက်မှတ်ရောင်းလေသည်။ သူသည် အစုန်ရထားလာလျှင် ပြန်လိုက်သွားမည် ဖြစ်လေသည်။

မီးရထားကိုမှီလျက် အသက်မွေးဝမ်းကျောင်းရှာမှီးကြသူများလည်း ပေါများလှပါဘိတော့သည်။ တစ်ဘူတာဆိုက်လျှင် တစ်မျိုးတွေ့ရသည်။ ရေခဲချောင်းရောင်းသူသည် သူ့ရေခဲချောင်းကို ချီးကျူး အမွှမ်းတင်ရင်း တကြော်ကြော် အော်ဟစ်ရောင်းချနေလေသည်။ သတင်းစာ၊ ဝတ္ထု၊ မဂ္ဂဇင်း ရောင်းသူများလည်း ဆူညံစွာအော်၍ ရောင်းကြသည်။ တစ်ဘူတာသို့ရောက်သောအခါ မြေပဲဆားလှော်နှင့် ကွာစိလှော်ရောင်းသည့် တရုတ်ကလေးတက်လာလေသည်။ သည်မီးရထားလမ်းတွင် သူ့ကို မသိသူမရှိ။ အရွယ်အားဖြင့် ဆယ်နှစ်နှစ်ခန့်သာ ရှိပေလိမ့်မည်။ သူ့ကို သီချင်းဆိုခိုင်းလျှင်လည်း ဆိုသည်။ ခရီးသည်တို့သည် ထိုတရုတ်ကလေးကို သီချင်းဆိုခိုင်းကာ အိပ်ချင်ဖြေနေကြလေသည်။

"ကဲ သီချင်းဆိုပြကွာ ဝယ်မယ်" ဟု လူရွယ်တစ်ယောက်က တိုက်တွန်းလိုက်သည်။

"တစ်မတ်ဖိုးဝယ်ရင် ဆိုပြမယ်လေ"

"အေး ဆို၊ ဝယ်မယ်"

သည်လိုသဘောတူညီချက်ရလျှင် တရုတ်ကလေးသည် လူကြိုက်များလှသော သီချင်းကို သီဆိုလေသည်။

"မိန်းမနဲ့ ယောကျ်ားဟာ၊
နှစ်ယောက်သား ဖဲမွေ့ယာဝယ်
...................."

သည်လိုနှင့်ပင် တရုတ်ကလေးသည် သူ၏မြေပဲဆားလှော်နှင့် ကွာစေ့လှော်များကို သီချင်းဆိုကာ အစွံထုတ်နေလေသည်။

တစ်ဖက်မှ လူရွယ်တစ်စုကား ပြဿနာတစ်ခုကို အငြင်းအခုံဖြစ်နေကြလေ၏။ စိတ်အားထက်သန်စွာ ပြောဆိုနေကြသည်။ တစ်တွဲလုံး သူတို့အသံသည် ဖုံးလွှမ်းနေလေသည်။

"အစွမ်းကုန် သန့်ရှင်းကြပါဆိုတာ ပြောတော့ လွယ်သားပေါ့။ တကယ်တော့ အခက်သား" သက္ကလပ်ဘောင်းဘီရှည်နှင့် လူငယ်က ဆိုလေသည်။

"တကယ်လုပ်ရင် ရပါတယ်ဗျာ" မန္တလေးပိုးလုံချည်နှင့် လူရွယ်က ပြန်ပြောသည်။

"ကျွန်တော်က လုပ်လို့မရဘူးလို့ မပြောပါဘူး။ လွယ်လွယ်နဲ့ မရဘူးလို့ ပြောတာပါ။ အားလုံးက ညစ်ပတ်နေကြတော့ သန့်ရှင်းပါဆိုတဲ့ လူဟာ အရူးဖြစ်တာပဲ"

"တစ်ခုလည်း ရှိသေးတယ်။ တစ်ကိုယ်လုံး ချေးရှစ်သစ်တက်နေတဲ့လူက သန့်ရှင်းပါလို့ သူများကို သွားပြောလို့မဖြစ်ဘူး" အနားက ဘောင်းဘီတိုနှင့်လူက ဝင်ထောက်လိုက်ပြန်သည်။

"ခက်တာက ပထမဆုံး ဌာနတိုင်းမယ် လာဘ်စားမှုတွေ ဟိုအထက်ကစပြီး အောက်အထိ ပျောက်အောင်လုပ်ရမှာဗျ။ သိပ်မလွယ်ဘူး။ ပြီးတော့ ကျုပ်တို့ မြန်မာတွေမယ် လာဘ်နဲ့ လက်ဆောင်ပဏ္ဏာတွေကို ခွဲခြားမရတဲ့နေရာတွေ အများကြီးရှိတယ်။ ဥပမာဗျာ မြို့အုပ်ကို သူကြီးတွေက ငှက်ပျောခိုင်တို့၊ ကြက်ဥတို့၊ ငါးပိငါးခြောက်တို့ ပေးကြတယ်။ အဲဒါ လာဘ်လို့ ဆိုမလား၊ လက်ဆောင်လို့ ဆိုမလား" ဘောင်းဘီရှည်နှင့်လူက ပြောပြန်၏။

သည်မေးခွန်းကို ဘယ်သူကမျှမဖြေဘဲ ငြိမ်နေကြလေသည်။ မီးရထားခုတ်သံကိုသာလျှင် ဆူညံစွာ ကြားနေရပါသည်။ ဘယ်သူကမျှ မဖြေသောအခါ မေးသူကပင် ပြန်ဖြေလေသည်။



"တချို့က အဲဒါကို လက်ဆောင်ပဏ္ဏာပေးတယ်လို့ ပြောကြတယ်"

"လာဘ်နဲ့ လက်ဆောင်ပဏ္ဏာ ခွဲခြားတာကတော့ တစ်ခုခု ကိုယ့်အကျိုးကိုမျှော်ပေးတဲ့ ပစ္စည်းဆိုရင် လာဘ်ပေးတယ်လို့ ဆိုရမှာပေါ့။ သက်သက်မိတ်ဖြစ်ဆွေဖြစ် ပေးတာကမ်းတာဆိုရင် လက်ဆောင်လို့ ဆိုရမှာပေါ့" ဘောင်းဘီတိုနှင့်လူက ဝင်ပြောလေသည်။

"ဒီနေရာမယ် တစ်ခုစဉ်းစားဖို့က ဘယ်သူမှ သက်သက်တော့မပေးဘူးဗျာ။ ကိုယ့်ကိုယ်ကျိုးတစ်ခုခုကို မျှော်ပြီး ပေးတာချည်းပဲ"

"ဟာ ဒီလိုချည်းယူဆလို့ ဘယ်ဖြစ်မလဲဗျ"

"ကဲ ပြောစမ်းပါဗျာ။ သက်သက်မဲ့ ကိုယ့်အကျိုးကို မမျှော်ဘဲ ပေးတာ ကမ်းတာများရှိရင်" ထိုသူသည် ဤပုစ္ဆာကိုမေး၍ ဆေးပေါ့လိပ်တစ်လိပ်ကို မီးညှိပြီး ရှူရှိုက်နေလေသည်။ မည်သူကမျှ အဖြေမပေးကြပါ။

"ကျွန်တော်တော့ ခင်ဗျားပြောသလို သက်သက်မဲ့ပေးတာ ကမ်းတာများ တစ်ခါမှ မတွေ့ဖူးပေါင်ဗျာ။ ခင်ဗျားတို့တွေ့ဖူးရင် ပြောစမ်းပါ"

သူက ထပ်ဆင့်မေးခွန်းထုတ်ပြီးလျှင် ဆေးလိပ်ကိုသာ ဖွာနေလေသည်။

"ကြောက်လို့ လန့်လို့ပေးရတာမျိုး မဟုတ်ရင် ကိုယ့်အကျိုးကို ကိုယ်မျှော်ပြီး ပေးတာချည်းပေါ့ဗျ။ မော်တော်ကားလမ်းမယ် အစမှ သဒ္ဓါကြေးတောင်းတာနဲ့ အလှူခံလို့ပေးရတာကလွဲရင် အလှူအတန်းပေးတာလဲ မျှော်လင့်ချက်နဲ့လှူကြတာချည်းပဲဗျ။ ဥပမာ ခင်ဗျား ကထိန်ခင်းတယ်။ အလှူအတန်းပေးတယ်။ ရှင်ပြုတယ်။ ကျောင်းဆောက်တယ် ဆိုပါတော့ဗျာ။ အဲဒါလဲ ခင်ဗျားအကျိုးအတွက် ခင်ဗျားစွန့်ကြဲတာပဲဗျ။ နိဗ္ဗာန်မဂ်ဖိုလ် ရလိုပါ၏ဆိုပြီး ဆုတောင်းတယ်။ အဲဒါ ခင်ဗျား ကိုယ်ကျိုးမဟုတ်လို့ ဘယ်သူ့အကျိုးလဲဗျ ဟင်။ နိဗ္ဗာန်မရမီ စပ်ကြား လူမင်းစည်းစိမ်၊ နတ်မင်း စည်းစိမ် ရလိုပါ၏ ဆိုတာတွေကော ဘာတွေလဲဗျ ဟင်။ ဘုရားဆွမ်းတော်ကပ်တာတောင် ဒီဆုတောင်းတွေ ပါသေးတာပဲဗျ။ ဒီတော့ ကိုယ့်ပစ္စည်းကို အလှူအဖြစ်နဲ့စွန့်စွန့်၊ လာဘ်အဖြစ်နဲ့ပဲစွန့်စွန့်၊ လက်ဆောင်အဖြစ်နဲ့ပဲ စွန့်စွန့် ကိုယ့်ကိုယ်ကျိုးကို မျှော်ပြီး စွန့်တာချည်းပဲဗျ။ ကျွန်တော်ပြောတာ မဟုတ်ဘူးလားဗျာ" သူသည် လေရှည်ကြီးပြော၍ ဆေးလိပ်ကို အားရပါးရ ရှူလိုက်လေ၏။ အနီးအနားမှ လူများသည် ပြုံးသူ ပြုံး၍ မဲ့သူမဲ့နေကြလေသည်။ မည်သူကမျှ ဝင်မပြောကြပါ။ သို့နှင့် ထိုသူကပင် ဆက်၍ပြောပြန်လေသည်။

"မြို့အုပ်တစ်ယောက်ကို သူကြီးတွေက ကြက်ဥတို့၊ ငါးပိ၊ ငါးခြောက်တို့ ငံပြာရည်ပုံး၊ ဆီပုံးတို့ ပေးတာတွေကော လက်ဆောင်ပဏ္ဏာပဲခေါ်ခေါ်၊ လာဘ်ပဲခေါ်ခေါ် သူ့အကျိုးကို သူမျှော်ကိုးပြီး ပေးတာပဲဗျ။ မြို့အုပ်က အရေးပိုင်ကို မုန့်သေတ္တာတွေ၊ ငှက်ပျောခိုင်တွေ။ လုံချည်စ အင်္ကျီစတွေ ဝယ်ပေးတာလည်း မြို့အုပ်က သူ့အကျိုးကို သူမျှော်ပေးတာပဲဗျ။ အရေးပိုင်မင်းကို ချစ်လွန်းခင်လွန်းလို့ သက်သက်ပေးတယ်ဆိုတာ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး" သူသည် အားရပါးရကြီးပြောနေပြန်ရာ မြို့ပိုင်မောင်ပြုံးချိုသည် နေမထိထိုင်မသာ ဖြစ်နေလေသည်။ စာရေးကြီးဇနီးမောင်နှံသည် မောင်ပြုံးချိုကို ပြုံး၍ ကြည့်နေကြလေသည်။

"ဒီလိုဆိုရင် အမေရိကန်က အခုပေးတဲ့ ချည်ထုပ်တွေ၊ ဆေးတွေ၊ စာအုပ်တွေ၊ သင်္ဘောတွေကောဗျာ" ဘောင်းဘီတိုနှင့်လူက ဝင်မေးလိုက်လေ၏။

"ဒါ အရှင်းကြီးပဲဗျ။ မြန်မာပြည်ကို သက်သက်မဲ့ပေးတာလို့တော့ ပြောတာပဲ။ သူတို့ကို အလွန်မွန်မြတ်တဲ့ ဒါနရှင်ကြီးတွေလို့ ခေါ်ရမှာပေါ့ ဟဲ ဟဲ ဟဲ"ဟု ရယ်သွမ်းသွေးလိုက်လေသည်။

သည်အချိန်မှာပင် ဘူတာကြီးတစ်ခုသို့ မီးရထားဝင်လာသောကြောင့် စကားပြတ်သွားကြလေသည်။ ထိုဘူတာကား အတော်စည်ကားလှပါသည်။ ဈေးသည်အမျိုးမျိုးနှင့်လည်း ပြည့်နှက်လျက်ရှိသည်။ သည်ဘူတာတွင် ခရီးသည်တို့သည် ထမင်းစားသူစားကြ၊ လက်ဖက်ရည်သောက်သူသောက်နှင့် ရှုပ်ယှက်ခတ်လျက် ရှိလေသည်။

၄

မီးရထားထွက်သောအခါ ခရီးသည်တို့သည် စကားကောင်းကောင်း မပြောကြတော့ဘဲ ငြိမ်လိုက်လာကြလေသည်။ မီးရထားသည်လည်း မြန်မြန်မခုတ်တော့ဘဲ ရှေ့မှ အစောင့်အရှောက်များ လိုက်ပါလာသည့် မီးရထားကဲ့သို့ပင် ဖြည်းဖြည်းမောင်းလျက်ရှိပါတော့သည်။ တွဲထဲရှိ လူအများသည် အချို့ငေးလျက်၊ အချို့သတင်းစာဖတ်လျက်၊ အချို့ ငိုက်မျဉ်းလျက် လိုက်ပါလာကြလေသည်။



ရှေ့ဘူတာသို့ရောက်လျှင် လျက်ဆားရောင်းသူ တက်လာလေသည်။ သူသည် ငိုက်မျဉ်းနေသူများကို နှိုးလိုက်လေသည်။

"လျက်ဆား"ဟု ခပ်ဆောင့်ဆောင့် ကျယ်ကျယ်အော်ရင်း တက်လာရာ ငိုက်နေသူများ ခေါင်းထောင်ထကြလေသည်။ မျက်လုံးကို ပွတ်ကြည့်ကြလေသည်။

"ဒီလျက်ဆားကို လျက်ရင် အကျိုးထူးအများနဲ့ တွေ့ရလိမ့်မဗျ။ သုံးခါလည်ကလေးများ လျက်မိရင် မတ်တတ်ပြေးပါလိမ့်မယ်"

ရုတ်တရက်ကြားလိုက်ရတော့ ဘာလိုလိုနှင့် သေသေချာချာတွေးမိမှ ရယ်ကြလေသည်။

"ကျွန်တော့လျက်ဆားက တော်တော်လေးများလျက်ရင် မော်တော်ကလေးများ ထွက်သလားလို့ အောက်မေ့ရသဗျ" ဆက်လိုက်ပြန်လေသည်။

ရှေ့ဘူတာသို့ ရောက်သောအခါ လျက်ဆားသည် ဆင်းသွား၍ ဘုရားရှိခိုးစာအုပ်ရောင်းသူ တက်လာပြန်သည်။ သူလည်း သမ္ဗုဒ္ဓေဂါထာတော်ကို သံနေသံထားနှင့် ရွတ်ဆိုပြီးလျှင် စာအုပ်ငယ်ကလေးများကို တစ်အုပ်တစ်မူးနှင့် ရောင်းနေလေသည်။

သူဆင်းသွားပြန်သောအခါ သူတောင်းစားမောင်နှံ တက်လာကြပြန်သည်။ သူတို့နှစ်ဦးသည် စည်းကလေးကို တချွင်ချွင်တီးကာ စုံတွဲသီချင်းဆိုကြရာ အားလုံးက နားစိုက်ထောင်နေကြလေသည်။ နှစ်ဦးစလုံးပင် သန်သန်မာမာနှင့် နုပျိုသူများ ဖြစ်ကြလေသည်။ ဝတ်စားထားသည့် အင်္ကျီလုံချည်များမှာ ညစ်ပတ်ပေကျံနေသော်လည်း ရုပ်ရည်သနားကမားရှိသူများ ဖြစ်သည်။ မောင်ပြုံးချိုသည် သူတောင်းစားမကလေးကို ကြည့်ရင်း သူ့စိတ်ထဲတွင် ပြင်ဆင်ကြည့်နေလေသည်။ အမောက်ထောင်ပေးလိုက်သည်။ ပေါင်ဒါရိုက်၍ နှုတ်ခမ်းဆိုးဆေး ဆိုးပေးကာ ပါးအို့နီကလေးများ ဆိုးပေးလိုက်သည်။ ခေတ်ဆန်ဆန် ဇာဘော်လီကို အတွင်းခံစေလျက် နိုင်လွန်အင်္ကျီကို ဝတ်ဆင်ပေးလိုက်သည်။ ပိုးတွန့်လုံချည် ဖက်ဖူးရောင်ကို ဝတ်စေလျက် ခုံမြင့်ဖိနပ်အဖြူကို စီးပေးလိုက်ရာ ရန်ကုန်မြို့က အချို့ အပျိုချောတွေထက် လှသွားလေသည်။

"ဒီသူတောင်းစားတွေ ဂျပန်ခေတ်တုန်းက မတွေ့ရဘူးဗျ" အနီးမှ ခရီးသွားက စကားစလိုက်မှ စိတ်ကူးပျက်သွားပြီးလျှင် သူ့မူရင်းအတိုင်း ပေါ်သွားလေ၏။

"အေးဗျ"ဟု မောင်ပြုံးချိုက ကတိုက်ကရိုက်ဖြေလေသည်။

"အခု ဘယ်က ရောက်လာကြပြန်မှန်း မသိဘူး။ ဒီဟာတွေ ပပျောက်အောင် လုပ်ပေးဖို့ ကောင်းတယ်ဗျ" ထိုသူက ဆက်ပြန်ပါသည်။

"ပြီးခဲ့တဲ့လွှတ်တော်ထဲတောင် ဒီအကြောင်း မေးသေးတာပဲ" မောင်ပြုံးချိုက ပြောလေသည်။

"မေးတာ မေးတာပဲ ရှိတာပေါ့ဗျာ။ ဖြေတော့လည်း ဝေ့လည်ကြောင်ပတ်နဲ့ပါပဲ"သက္ကလပ်အောင်းဘီရှည်နှင့် လူရွယ်က ဝင်ပြောလေသည်။

သူတောင်းစားမောင်နှံလည်း ခွက်ကလေးကို ထိုးကာထိုးကာ ပိုက်ဆံလိုက်တောင်းပြီး တစ်ဘူတာဆိုက်သည်နှင့် ဆင်းသွားကြလေသည်။

မကြာခင် ဓာတ်လုံးရောင်းသည့်ဆရာကြီး တက်လာပြန်လေသည်။ သူသည် သံဘူးကလေးထဲမှ ပေါင်းချောင်ပုံသဏ္ဌာန်ရှိသော ကွမ်းသီးလုံးခန့် ဓာတ်လုံးကလေးကို ထုတ်ကိုင်ရင်း ထိုဓာတ်လုံး၏ တန်ခိုးတော်ကို ချီးကျူးနေပြန်လေသည်။

ထိုဓာတ်လုံးရောင်းသူ၏အဆိုအားဖြင့် သူ့ဓာတ်လုံးများသည် ရောဂါအမျိုးမျိုး ပျောက်ကင်းနိုင်သည်။ မြွေကိုက်လျှင် သွေးလိမ်း၊ စုန်းပူးလျှင် ရေနှင့် စိမ်သောက်၊ အနာဝင်လျှင်လည်း လိမ်းနိုင်သည်။ သူခိုးသူဝှက်မလာနိုင်အောင်လည်း တတ်နိုင်သည်။ အဖျားတက်နေလျှင်လည်း ကျစေနိုင်သည်။ ယုတ်စွအဆုံး ခေါင်းကိုက်တာကိုပင် ပျောက်ကင်းနိုင်သတတ်။ သူပြောသည့်အတိုင်းဆိုလျှင်လည်း သူ့ဓာတ်လုံးသည် ကိုးဆယ့်ခြောက်ပါးသော ရောဂါတွင်မက ရောဂါပေါင်း ကိုးရာလောက် ပျောက်ကင်းနိုင်လေသည်။ တစ်လုံးလျှင် တစ်ကျပ်နှင့်ရောင်းသည်။ သူ့သံဘူးကလေးထဲတွင် အလုံးပေါင်း ငါးဆယ်ခန့် ပါလေသည်။ မောင်ပြုံးချိုတို့တွဲပေါ်တွင် ငါးလုံးခန့် စွံသွားလေသည်။

ထိုပုဂ္ဂိုလ်ကြီးနေ့တွက်စီ၍ ဆင်းသွားသောအခါ တစ်ယောက်ပေါက်လာပြန်ချေသည်။



"ငြိမ်းချမ်းရေး သကြားလုံးကလေးတွေ ခင်ဗျ"ဟု နီဒါန်းပျိုးကာ ရွတ်ဆိုလိုက်သည်။ သူ့လက်ထဲ မှန်ရောင် စက္ကူအိတ်ငယ်ကလေးများနှင့် ထည့်ထားသည့် သကြားလုံးကလေးတွေ အမြောက်အမြား ပါလာလေသည်။ သူသည် ထိုသကြားလုံးအိတ်ကလေးများကို မြှောက်ကာမြှောက်ကာနှင့် သကြားလုံး၏အကျိုးအာနိသင်များကို ရွတ်ဆိုပြနေလေသည်။

"ငြိမ်းချမ်းရေးသကြားလုံးကလေးတွေ ခင်ဗျ။ တစ်အိတ်ကို တစ်မူးထဲရယ်။ ခရီးသွားရာက အိမ်ပြန်ရောက်လို့ ကလေးတွေက အဘ ဘာပါလဲ။ အမေ ဘာပါလဲမေးလို့ ဘာမှမပါဘူးဆိုရင် ဆူပူမှုဖြစ်မှာပဲ။ အဲဒီအခါမယ် ငြိမ်းချမ်းရေး သကြားလုံးတစ်အိတ်ကို ပေးလိုက်ရင် ငြိမ်းချမ်းမှုရရှိသွားပါလိမ့်မယ်။ တစ်ထုပ်ပေးလို့မှ ငြိမ်းချမ်းမှုမရသေးရင် နှစ်ထုပ်ပေး။ နှစ်ထုပ်ပေးလို့မှ မရသေးရင် သုံးထုပ်ပေး။ သုံးထုပ်ပေးလို့မှ ငြိမ်းချမ်းမှုမရသေးရင် လေးထုပ်ပေး။ လေးထုပ်ပေးလို့မှ မရသေးရင်တော့ တုတ်သေးသေးနဲ့ စပ်စပ်နာနာ ရိုက်ပေးပေတော့"

သကြားလုံးရောင်းသူသည် မိုးမဆုံး မြေမဆုံးရွရွတ်နေလေသည်။ သူ့အပြောကောင်းသည်နှင့် အတော်ရောင်းရသည်။ မောင်ပြုံးချိုလည်း ယခုမှ သတိရပါတော့သည်။ သူ့အိမ်က ကလေးတွေအတွက် လက်ဆောင် တစ်ခုခုတော့ ပါမှကောင်းမည်။ သူ ပြောသည့်အတိုင်း မှန်ပါသည်။ ပြန်ရောက်သွားလျှင် "သားဖို့ ဘာပါလဲ၊ သမီးဖို့ ဘာပါလဲ"ဟု သားတွေ သမီးတွေက မေးကြတော့မည်။ ဘာမှ မပါဘူးဆိုလျှင် ဆူကြပူကြပေတော့မည်။ ထိုဆူပူမှုများကို ငြိမ်းချမ်းရေးသကြားလုံးနှင့် ငြိမ်းသတ်ရပေမည်။

"ကဲ ကျပ်တစ်ကျပ်ဖိုးရောင်းဗျာ" မောင်ပြုံးချိုက ငွေတစ်ကျပ်တန်တစ်ရွက်ကို ထုတ်ပေးလေရာ သကြားလုံးသည်က ရှစ်ထုပ်ပေးလေသည်။ ရှစ်ထုပ်ဆို အတော်များနေပါပြီ။ သို့သော် သည်ရှစ်ထုပ်နှင့် လောက်မည်မဟုတ်သေး။ သူ့အဆိုအတိုင်း တစ်ထုပ်ပေးလို့ မငြိမ်းချမ်းလျှင် နှစ်ထုပ်ပေးရပေမည်။ နှစ်ထုပ်ပေး၍ မငြိမ်းချမ်းလျှင် သုံးထုပ်ပေးရပေမည်။ သုံးထုပ်ပေး၍ မငြိမ်းချမ်းလျှင်

"ကဲ နောက်တစ်ကျပ်ဖိုး ပေးဦးဗျို့"

သကြားလုံးသည်က နောက်ထပ်ရှစ်ထုပ် ထပ်ပေးလေသည်။

ရထားကြီးသည် သူ့ခရီးစဉ်အတိုင်း ခုတ်မောင်းလျက် ရှိလေသည်။ ခရီးသည်တို့လည်း သတင်းစာဖတ်သူ ဖတ်၊ ငိုက်သူငိုက်နှင့် လိုက်ပါလာကြလေသည်။ ဘူတာဆိုက်တိုင်းဆိုက်တိုင်း ဆင်းသူ ဆင်း၊ တက်သူတက်နှင့် တွဲထဲတွင် အမြဲပြည့်လျက်ရှိသည်။ ချောင်သွားသည်ဟူ၍ကား မရှိ။ ခရီးသည်တို့သည် သည်တွဲထဲတွင် လာ၍ ဆုံကြသည်။ အတူခရီးသွားကြရသည်။ ခဏမျှတွေ့လိုက်ရသော ခရီးကြောင်းဝယ် တချို့လည်း တစ်ဦးနှင့်တစ်ဦး ခင်မင်သွားကြသည်။ အချို့လည်း တစ်ဦးနှင့်တစ်ဦး မျက်မုန်းကျိုးသွားကြသည်။ ခဏတာမျှသော ခရီးကြောင်းဝယ် ချစ်သူကိုလည်း တွေ့ရသည်။ မုန်းသူကိုလည်း တွေ့ရသည်။ သည်လို မုန်းရင်းချစ်ရင်းနှင့်ပင် ကိုယ့်ခရီးလမ်းဆုံးသို့ရောက်သောအခါ ကိုယ့်ဘာသာကိုယ်ဆင်းသွားကြသည်။ လမ်းခွဲသွားကြသည်။ သည်လောက်တိုတောင်းလသည့် ခရီးစဉ်ကို ကြုံကြိုက်၍ အတူသွားလာနေရသည့်အချိန်ကလေးတွင် မမုန်းကြဘဲ အားလုံးပင် တစ်ဦးနှင့်တစ်ဦး ချစ်ခင်နေကြလျှင် မကောင်းပါလော။ မေတ္တာတွေ ပိုနေကြလျှင် ခရီးသွားရသည်မှာ မည်မျှ ပျော်စရာကောင်းမည်နည်း။ ယခုကား သည်လို မဟုတ်။ ခရီးသွားရင်း နေရာလုရရာကအစ ရန်ခိုက်ဒေါသ ဖြစ်ကြရသည်။ တစ်ဦးနှင့်တစ်ဦး ဖေးမကူညီလိုသောစိတ်ဓာတ်သည် ခရီးသည်တို့တွင် ကင်းဝေးလှ၏တကား။ အို သည်ရထားထဲမှ ခရီးသည်များသည် လောကသားများသာ ဖြစ်ကြသည်။ တစ်လောကလုံး လောဘ၊ ဒေါသ၊ မောဟ မီးကြီးတွေ တဟုန်းဟုန်း တောက်လောင်နေသည့် အချိန်တွင် သည်လို ဆီမီးခွက်ထဲက မီးတောက်ကို စကားထဲ ထည့်ပြောရန်ပင် မလိုတော့ပြီ။

၅

မောင်ပြုံးချိုလည်း သူ့မြို့သို့ရောက်သောအခါ ခရီးသွားဖော်များကို နှုတ်ဆက်၍ ဆင်းလေသည်။ မီးရထားကြီးသည် ရှေ့သို့ ဆက်၍ ခုတ်မောင်းသွားပါသည်။ မောင်ပြုံးချိုလည်း ဘူတာမှ အိမ်သို့ ရှေ့ရှုလျှောက်လာခဲ့လေသည်။

မှန်လိုက်သည့်ဖြစ်ခြင်း။ အိမ်သို့ရောက်လျှင်ပင် သားသမီးတွေက "ဖေဖေ ဘာပါလဲ"ဟူသော စကားဖြင့် ဆီးကြိုကြလေသည်။ သူတို့ အသံ



တွေနှင့် တစ်အိမ်လုံး ဆူညံနေပါတော့သည်။ အချို့က ကုတ်အင်္ကျီအိတ်နှိုက်သူ နှိုက်၊ လွယ်အိတ်ကို ဆွဲသူဆွဲနှင့် ရှုပ်ယှက်ခတ်နေပါတော့သည်။

"အသာနေကြစမ်းဟ။ သားတို့ သမီးတို့ဖို့ ဖေဖေ လက်ဆောင်တွေ ပါလာပါတယ်ကွဲ့"ဟု လေချိုသွေးလိုက်မှ အတော်ကလေး ငြိမ်သွားသည်။ သို့သော် မောင်ပြုံးချိုခမျာမှာ ဇနီးသည်နှင့် ခရီးရောက်မဆိုက် စကားမှ ဝအောင် မပြောရသေးမီ သားတွေ၊ သမီးတွေ၏ ဆူသံသည် ညံလာပြန်ပါသည်။

"ဖေဖေ သားဖို့ ဘာပါလဲ၊ ပေးလေ"

"သမီးဖို့ကော ဖေဖေရဲ့"ဟူသော အသံများ ထွက်ပေါ်လာပြန်ပါသည်။

"အေး အေး ပေးမယ်၊ သားတို့ သမီးတို့ဖို့ ဖေဖေလက်ဆောင်တွေ ပါတယ်" မောင်ပြုံးချိုက ဤသို့ပြော၍ လွယ်အိတ်ကို နှိုက်နေလေသည်။

"ဘာ လက်ဆောင်တွေများလဲ ကိုရဲ့" တင်မကြီးက အားမလို အားမရ မေးလေသည်။

"ငြိမ်းချမ်းရေးသကြားလုံး"

"ဘာ"

"ငြိမ်းချမ်းရေး သကြားလုံးတွေပါကွယ်"ဟု ပြောပြောဆိုဆို မောင်ပြုံးချိုသည် သကြားလုံးထုပ်ကလေးများကို နှိုက်ယူလိုက်ပြီးနောက် ကလေးတွေကို တစ်ထုပ်စီပေးလိုက်ရာ ဆူနေရာမှ ချက်ချင်းငြိမ်သွားကြ၏။

မောင်ပြုံးချိုလည်း သူ့ငြိမ်းချမ်းရေးသကြားလုံးကို အတော်သဘောကျသွားလေသည်။ သို့သော် ကြာရှည်စွာ ငြိမ်မနေပါ။ တစ်နာရီလောက် ကြာလျှင် နောက်ဖေးဆောင်မှ ဆူသံညံသံများ ထွက်ပေါ်လာပြန်လေသည်။ မောင်ပြုံးချိုသည် နှစ်ထုပ်စီပေးလိုက်ရာ အသံတိတ်သွားကြပြန်လေသည်။

"ဟော့ ကိုယ့်သကြားလုံးတွေက တယ်ဟုတ်တာပဲ။ ဆူနေတဲ့ကလေးတွေ ချက်ချင်း ငြိမ် ငြိမ်သွားတာပဲ" မောင်ပြုံးချိုက သူ့ဇနီးကို လှမ်း၍ ပြောလိုက်လေသည်။ တင်မကြီးကတော့ စကားပြန်မပြော။ ပြုံးလို့သာ နေပါသည်။ စကားမှ မဆုံးသေးမီ ပွက်လောရိုက်လာပြန်လေသည်။

"ကဲ သကြာလုံးသည် မှာလိုက်တဲ့အတိုင်း နှစ်ထုပ်စီပေးလို့မှ မငြိမ်ကြသေးရင်လဲ သုံးထုပ်စီ ပေးလိုက်မယ်ကွာ"

မောင်ပြုံးချိုသည် သကြားလုံးသုံးထုပ်ကိုယူကာ ဆူဆူညံညံ နေသည့် သားနှင့် သမီးများကို သုံးထုပ်စီ ထပ်ပေးလိုက်လေသည်။ သူတို့ သည် ခဏတာမျှသာ ငြိမ်နေကြပြီး မောင်ပြုံးချို အိမ်ရှေ့ရောက်သည်နှင့် တစ်ပြိုင်နက် အသံကျယ်စွာဖြင့် ငိုသူငို၊ ဆူသူဆူ ချောင်းဆိုးသူဆိုးနှင့် ကျွက်ကျွက်စီနေကြ ပြန်ပါသည်။

"ဟော့ ဘယ့်နှယ်လဲ ဆူကြပြန်ပါလား။ နောက်ထပ် လေးထုပ်စီ ထပ်ပေးရဦးမလား" မောင်ပြုံးချိုက ရေရွတ်ရင်း လွယ်အိတ်ကို လက်သွင်းနှိုက် ပြန်သည်။

"ဟယ် သကြားလုံးတွေလည်းကုန်ပါပကောလား"

မောင်ပြုံးချိုသည် အလန့်တကြား အော်ဟစ်လိုက်လေသည်။ သည် အချိန်တွင် တင်မကြီးသည် နေရာမှထလေသည်။

"ဒီသကြားလုံးမျိုးတွေ နောက်ထပ်ဆယ်ထုပ်ပေးလည်း တိတ်ကြမှာ မဟုတ်ပါဘူး။ အထုပ်တစ်ရာပေးလည်း ဆူနေကြမှာပါပဲ"

"ဒါဖြင့် ဘယ်လိုလုပ်မလဲ"

"ရော့ ရော့ ဟောဒါကလေး ခပ်စပ်စပ် ကျွေးလိုက်စမ်းပါ"

တင်မကြီးသည် အနီးရှိ ကြိမ်လုံးကိုဆွဲယူကာ မောင်ပြုံးချိုလက်သို့ အပ်လိုက်လေသည်။

[ရှုမဝ ၁၉၅၁ ဖေဖော်ဝါရီ၌
သကြားလုံးနှင့် ဖြုတ်မောင်နံ့ အမည်ဖြင့် ပါရှိခဲ့သည်။]

## မန်းတင်
(၁၉၁၆–၁၉၉၇)

မန္တလေးမြို့ ကုန်သည်ကြီး ဦးကံကြီး၊ ဒေါ်ဖွားကြီးတို့မှ ၁၉၁၆ ခုနှစ် နိုဝင်ဘာလ ၁၁ ရက်နေ့တွင် မွေးဖွားသည်၊ အမည်ရင်း ဦးထွန်းတင် ဖြစ်သည်၊ ဘုန်းတော်ကြီး ကျောင်းများတွင် စတင်ပညာသင်ကြားခဲ့ရသည်၊ ၁၂ နှစ် အရွယ်တွင် မိဘများ ကွယ်လွန်၍ ဘခင်ဘက်မှ အမျိုးများ၏ စောင့်ရှောက်မှုနှင့် ပညာဆက်လက် သင်ကြားခဲ့သည်၊ ၁၉၃၇ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်သို့ရောက်ခဲ့သည်။ ၁၉၄၁ ခုနှစ်တွင် ပိဋကတ်ကို ရပြီး မော်လမြိုင်မြို့ နယ်ပိုင် ဦးဘသန်း၏သမီးဖြစ်သူ ဒေါ်သန်းတင်နှင့် အိမ်ထောင်ကျခဲ့သည်၊ အချိန်ပိုင်း နည်းပြဆရာလုပ်နေစဉ် ဒုတိယကမ္ဘာစစ်ဖြစ်ပွားသည်၊ ၁၉၄၂ ခုနှစ် မြောင်းမြမြို့ရှိ ဗမာ့လွတ်လပ်ရေး တပ်မတော်မှ ထုတ်ဝေသော မြစ်ဝကျွန်းပေါ်သတင်းစဉ်တွင် အယ်ဒီတာ အဖြစ် ဆောင်ရွက်ခဲ့သည်၊ ထိုနောက် ရန်ကုန်စစ်ရုံးချုပ်၌စစ်သားစုဆောင်းရေးနှင့်သတင်းဖြန့်ချိရေးတာဝန်ကိုထမ်းဆောင်သည်၊ ဗမာ့လွတ်လပ်ရေးတပ်မတော်ကိုဗမာ့ကာကွယ်ရေးတပ်မတော်အဖြစ် ပြောင်းလဲ ဖွဲ့စည်းသောအခါ အုပ်ချုပ်ရေးဘက်သို့ ဝင်ရောက်ခဲ့သည်၊ သာယာဝတီ ခရိုင်တွင် အလုပ်သင် မြို့ပိုင်အဖြစ်အမှုထမ်းရင်း ဖက်ဆစ်တော်လှန်ရေး၌ ပါဝင်ခဲ့သည်၊ ၁၉၄၅ ခုနှစ် ဗြိတိသျှအုပ်ချုပ်ရေးတွင် သာရဝေါ၊ စစ်ကွင်း၊ သာယာဝတီတို့၌ မြို့ပိုင်အဖြစ်အမှုထမ်းခဲ့သည်၊ သာယာဝတီမှ ထုတ်ဝေသော မြန်မာ့တက်လမ်း သတင်းစာကို တာဝန်ယူတည်းဖြတ်သည်။ ငြိမ်းချမ်းရေးဝန်ထမ်းမှူး(၁၉၅၀)၊ သမဝါယမမဂ္ဂဇင်းအယ်ဒီတာ(၁၉၅၁)၊ မင်္ဂလာရာနယ်ပိုင်(၁၉၅၁–၅၂)၊ ကျောက်ဆည် မြို့မဝန်ထောက်နှင့်ငွေတိုက်အရာရှိ(၁၉၅၂) ရာထူးများတွင် တာဝန်ထမ်းဆောင်ခဲ့ သည်၊ ထို့ပြင် လယ်ယာမြေ နိုင်ငံပိုင် ပြုလုပ်ရေး အမှုဆောင်အရာရှိ၊ ဒုတိယ အတွင်းဝန်၊ ခရိုင်ဝန်၊ တိုင်းမင်းကြီး၊ ဦးဆောင် ညွှန်ကြားရေးမှူး၊ ပါကစ္စတန်နှင့် အီရန်နိုင်ငံ သံအမတ်ကြီးတို့ အဖြစ်လည်း ဆောင်ရွက်ခဲ့သည်၊ အငြိမ်းစားယူပြီးနောက် စာပေလုပ်သားအဖွဲ့ ဥက္ကဋ္ဌအဖြစ် ၁၉၈၅ ခုနှစ် အထိဆောင်ရွက်ပြီး နိုင်ငံတော် ကောင်စီဝင်အဖြစ် ၁၉၈၈ ခုနှစ်အထိ တာဝန် ထမ်းဆောင်ခဲ့သည်၊ ၁၉၉၇ ခုနှစ် ဧပြီလ ၁၉ ရက်နေ့တွင် ကွယ်လွန်သည်။